
THE ACCIDENTAL FURTHER ADVENTURES
OF
THE HUNDRED-YEAR-OLD MAN
သက်တော် ရာကျော်
ထပ်ကာ
ရှည်စေသော်
သင့်လူ
WHISPER OF WORDS
JONAS JONASSON

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံး၀(လုံး၀)အသုံးမပြုပါ။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ပုံနှိပ်မှတ်တမ်း

Copyright © Jonas Jonasson

ဘာသာပြန်မူပိုင် © သင့်လူ

All rights reserved.

ဝါတို့စာပေမှပထမအကြိမ်အဖြစ်၂၀၁၉၊ ဖေဖော်ဝါရီလတွင်ထုတ်ဝေသည်။
ရန်ကုန်မြို့ရှိ ငါတို့စာပေ ပုံနှိပ်တိုက်(၀၀၇၀၇)တွင်အုပ်ရေ
၂၀၀၀ပုံနှိပ်ထုတ်ဝေသည်။ မျက်နှာဖုံးကို သိုးထိန်းကပြုလုပ်သည်။

ယခု စာအုပ်တွင် ဖော်ပြထားသည်များမှ တစ်စိတ်တစ်ပိုင်းကို သော်လည်းကောင်း၊
အခန်းလိုက် ကိုသော် လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ
တစ်ဆင့်ပြန်လည် ကူးယူ ဖော်ပြခြင်းကို ခွင့်မပြု။

မူပိုင်ခွင့် ရရှိထားသူ သို့မဟုတ် ထုတ်ဝေသူထံမှ ခွင့်ပြုချက် ရမှသာ
တစ်ဆင့်ဖော်ပြရန်အသိပေးအပ်သည်။

(စာအုပ်အညွှန်းရေးသားရန်အတွက် ခွင့်ပြုချက်တောင်းရန် မလိုပါ။)

တန်ဖိုး- ၆၀၀၀ ကျပ်

Ebook Creator - https://t.me/TheBookR

စ ရေးချာ စာ

ဒီစာအုပ်ဟာ ကျွန်တော့်ရဲ့ ၂၅ အုပ်မြောက် ငွေရတု အထိမ်းအမှတ်ဖြစ်လာမယ့် စာအုပ်ပါ။ ဆိုတော့ အမှတ်တရစကားများ ပြောကြားဖို့ တာဝန်ရှိတယ် ဘာညာသာရကာပေါ့။ အမှတ်တရ မဟုတ်လည်း အမှာစာ ခေါင်းစဉ်တပ်ပြီး ကိုယ်ရေးချင်တာ ရေးလွှတ် နေတာပဲကို။

ဒီစာအုပ်အပါအဝင် ကျွန်တော်ထွက်ခဲ့သမျှ စာအုပ်ပေါင်း ၂၅ အုပ်မှာ ပထမဆုံးစာအုပ်ကလွဲလို့ ကျန်တဲ့ ၂၄ အုပ်လုံးဟာ နိုင်ငံတကာ ဝတ္ထုစာပေကို ဘာသာပြန်ထားတဲ့ စာအုပ်တွေချည်းပါပဲ။ အဲသလို ဘာသာပြန်တဲ့အခါ အင်္ဂလိပ်ဘာသာနဲ့ ထုတ်ဝေတဲ့ စာအုပ်တွေကိုသာ အားပြုပြီး ဘာသာပြန်ဆိုရတာပါ။ တခြားဘာသာစကားကို ဘာသာပြန်ဆိုနိုင်တဲ့ အစွမ်းအစ မှ ကျွန်တော့်မှာ မရှိဘဲ။

မူရင်းလို့ ဒီမှာလူတွေပြောကြတဲ့ မူလစာရေးသူရေးခဲ့တဲ့ ဘာသာစကားဟာ အင်္ဂလိပ်လိုချည်း ရေးခဲ့တာ မဟုတ်ပါဘူး။ ကျွန်တော် အတော်များများ ဘာသာပြန်ခဲ့တဲ့ ကိုလံဘီယာဆရာကြီး ဂါစီယာမားရ်ကက်စ်ဆို ကိုလံဘီယာ ဒေသသုံးစကားတွေ ထုံမွှမ်းထားတဲ့ စပိန်ဘာသာစကားနဲ့ ရေးတယ်။ ဟာရူကီနဲ့ ရှူးမူရာကာမိက ဂျပန်လိုရေးတယ်၊ ဟန်ကန်က ကိုးရီးယားလိုရေးတယ်။ ဂျာမန်ကြီးတွေဖြစ်ကြတဲ့ ယန်းဖိုလစ်ဆန်ကာ (နားစွင့်ကြားဟန် ရင်ခုန်သံ၊ နူးညံ့စိတ်ထားနှလုံးသား) နဲ့ တီမာဗားမီးစ် (နှစ်ခေတ်တစ်ယောက်) တို့က ဂျာမန်လို၊ ခုအသုံးတော်ခံမယ့် ယိုနပ်စ်ယိုနက်ဆန်ကြီးက ဆွီဒင်လို အသီးသီး ရေးခဲ့ကြတာကို အင်္ဂလိပ်ဗားရှင်းအဖြစ် အသွင်ပြောင်းထားတဲ့ စာအုပ်တွေကတစ်ဆင့် မြန်မာလို ဘာသာပြန်ပြီး ရေးသားရတာပါ။

ကျွန်တော်တွေ့ဖူးသလောက် အဲသလို တခြားဘာသာစကားတွေကနေ အင်္ဂလိပ်ဘာသာကို ပြန်ဆိုကြတဲ့အခါ မူရင်းစာရေးသူရဲ့အမည်ကိုသာ ရှေ့မျက်နှာဖုံးမှာ တင်လေ့ရှိတယ်။ ဘယ်သူဘယ်ဝါ ဘာသာပြန်တယ်ဆိုတာ အတွင်းပုံနှိပ်မှတ်တမ်းမှာပဲ ဖော်ပြတယ်။

ဘာသာပြန်သူက အမှာစာ ရေးတယ်ဆိုတာ ဟန်ကန်ရဲ့ Human Act စာအုပ်မှာ အမှာစာရေးထားတဲ့ ဘာသာပြန်ဆရာမ ဒယ်ဘိုရာစမစ် တစ်ယောက်ပဲ တွေ့ဖူးတယ်။

အဲသလိုပြောလို့ နိုင်ငံတကာဘာသာပြန်ဆရာတွေဟာ မေးမှိန်လှချည်လားလို့ မထင်ပါနဲ့။

ဘာသာပြန်စာရေးဆရာတစ်ယောက်ဟာ မူရင်းစာရေးသူရဲ့ အနုပညာလက်ရာတစ်ရပ်ကို ဘာသာပြန်ဆိုရပြီဆိုရင် ဘာသာပြန်မူပိုင်ခွင့် (Translation copyright) ကို တစ်ပါတည်း ရလေ့ရှိတယ်။ အဲဒီကနေ

ရသမျှအကျိုးခံစားခွင့်အားလုံးကို ရလေ့ရှိတယ်။

ဂါစီယာမားရ်ကက်စ်နဲ့ တကွ လက်တင်အမေရိကန် စာရေးဆရာတွေရဲ့ မူလစပိန်နဲ့ ပေါ်တူဂီ ဘာသာနဲ့ရေးခဲ့တဲ့ လက်ရာတွေကို ဒိုင်ခံပြီး အင်္ဂလိပ်လို ပြန်ခဲ့တဲ့ အမေရိကန် အနုစာပေ ဘာသာပြန်ဆရာကြီး Gregory Rabassa ဆိုရင် အနောက်တိုင်းရဲ့ ဂါစီယာ မားရ်ကက်စ်လို့တောင် ခေါ်ဝေါ်သမုတ် ခဲ့ကြတာ။

ဒီနေရာမှာ ပြောစရာရှိတာကတော့ အခုအတော်များများသော ပုဂ္ဂိုလ်တွေ ပြောနေကြတဲ့ မူရင်းကို သစ္စာရှိခြင်းဆိုတဲ့ကိစ္စပါပဲ။ ကျွန်တော်တို့ဆီမှာ နားလည်နေကြတာက မူရင်းဘာသာတစ်ခုခုနဲ့ ရေးသားခဲ့တဲ့ ဝတ္ထုလက်ရာကို ဘာသာပြန်တဲ့အခါ ဘာသာပြန်လက်ရာဟာ မူရင်းနဲ့ တစ်သဝေမတိမ်း ကိုက်ညီရမယ်။ တစ်ကြောင်းချင်းစီ ကိုက်ညီရမယ်။ မူရင်းမှာ မပါတာတွေကို ဘာသာပြန်ဆရာက ထည့်ရေးခွင့်မရှိ။ မူလစာရေးသူရဲ့ အာဘော်ကို ဖမ်းမိရမယ် (ဒါကတော့ ဘာကိုဆိုလိုမှန်း ခုထိမသိပါ) ပေးချင်တဲ့ မက်ဆေ့ချ်ကို တိတိကျကျ ထည့်သွင်း ဘာသာပြန်ရမယ် (ဒီစကားကိုလည်း အလွန်အင်မတန် ရယ်ချင်ပက်ကျိ ဖြစ်ပါတယ်) စသဖြင့်ပေါ့။ အဲဒီပေတံတွေနဲ့ ကိုက်ညီမှ မူရင်းကနေ ဘာသာပြန်တယ်လို့ ခေါ်တယ်။ မဟုတ်ရင် မှီငြမ်းတာပဲဖြစ်တယ်လို့ နားလည်ထားကြတယ်။

အထက်ကဖော်ပြတဲ့ အချက်တွေအားလုံးကို တမင်ရည်ရွယ် ချိုးဖောက်ပြီး ဘာသာပြန်လက်ရာအဖြစ် တင်ဆက်ခဲ့တာကတော့ ဟန်ကန်ရဲ့ the vegetarian (သားသတ်လွတ်သမ)ကို အင်္ဂလိပ်လို ဘာသာပြန်ခဲ့တဲ့ ဒယ်ဘိုရာစမစ်ပါပဲ။ ကိုရီးယားစာပေပါရဂူ ဆိုသူတွေဟာ ဒယ်ဘိုရာစမစ်ရဲ့ ဘာသာပြန်လက်ရာ the vegetarian ထွက်လာတဲ့အခါ အရမ်း အံ့သြကြတယ်။ ဒယ်ဘိုရာစမစ်ရဲ့ ဘာသာပြန်ဟာ မူရင်းစာရေးသူ ဟန်ကန်ရေးထားတဲ့ မူလစာကြောင်းတွေ၊ စာပိုဒ်တွေ၊ စာပုဒ်တွေနဲ့ နည်းနည်းမှ မတူဘူးတဲ့။ တစ်ကြောင်းမှ တိုက်ရိုက်ဘာသာပြန်ထားတာ မဟုတ်ဘူးတဲ့။ သူ့ဘာသာသူ ပြန်လည်တည်ဆောက်ထားတဲ့ ဝါကျတွေနဲ့ ပြန်ရေးတာပဲ (Reconstruc-tive translation) တဲ့။ ဒါကြောင့် ဒယ်ဘိုရာစမစ်ဟာ မူရင်းအပေါ် သစ္စာဖောက်သူပါတဲ့။ အဲ-ပြဿနာက သူတို့ပြောတဲ့ မူရင်းအပေါ် သစ္စာဖောက်သူ ဘာသာပြန်ဆရာဟာ မူရင်းစာရေးဆရာနဲ့ အတူတကွ တိုင်ပင်ဆွေးနွေးပြီး မူရင်းစာရေးဆရာအကြိုက်၊ နှစ်ဦးသဘောတူ ဘာသာပြန်ဆိုခဲ့တာပဲ။ ဒါကြောင့်မို့ Man Booker ဆုရတဲ့အခါ ဆုကြေးငွေကို ဟန်ကန်က ဒယ်ဘိုရာစမစ်ကို တစ်ဝက်ခွဲပေးပြီး ဆုတူတူယူကြတာပေါ့၊ ဆိုလိုတာကတော့ ဒယ်ဘိုရာစမစ် ကြောင့်သာမဟုတ်ရင် ဟန်ကန့်စာအုပ်ဟာ နိုင်ငံတကာစာမျက်နှာမှာ လူသိများ ထင်ရှားလာစရာ အကြောင်းမရှိဘူးဆိုတာကို ဟန်ကန်ကိုယ်တိုင်က သဘောတူ ကြည်ဖြူတယ်ပေါ့လေ။

ပြောလိုတာကတော့ ရသစာပေ၊ အနုစာပေကို ဘာသာပြန်ခြင်းဟာ

ဘာသာပြန်ခြင်းဆိုင်ရာ စည်းကမ်းကလနားတွေအတိုင်း လှေကြီးထိုးရိုးရိုး လုပ်လို့ရတာမျိုး မဟုတ်ဘူးဆိုတာပါပဲ။

ပညာရပ်ဆိုင်ရာကျမ်းကို၊ တက်ကျမ်းကို၊ လမ်းညွှန်စာအုပ်ကို၊ တရားစာအုပ်ကို ဘာသာပြန်တဲ့အခါ သိထားတဲ့ နည်းလမ်းတွေအတိုင်း ရသစာပေ၊ အနုစာပေ ဘာသာပြန်ခြင်းကို ချဉ်းကပ်လို့ မရပါဘူး။ အနုပညာဆိုတာ အစတည်းက စည်းမျဉ်းစည်းကမ်းဘောင်ထဲက ဖန်တီးယူကြတာမှ မဟုတ်ဘဲ။

ယိုးနပ်စ်ယိုနက်ဆန်ဟာ အခုစာအုပ်အပါအဝင် ဝတ္ထုလို့သတ်မှတ်ကြတဲ့ စာအုပ်လေးအုပ် ထွက်ခဲ့ပြီးတဲ့ နိုင်ငံတကာထိပ်တန်း စာရင်းဝင် စာရေးဆရာပါ။ သူထွက်သမျှ စာအုပ်လေးအုပ်လုံးကို ကျွန်တော်ပဲ ဒိုင်ခံ ဘာသာပြန်ခဲ့ပါတယ်။ သူ့စာအုပ်တွေကို ဘာသာပြန်ရတဲ့ တစ်ခုတည်းသော အကြောင်းကတော့ ပျော်လို့၊ ကြိုက်လို့၊ နှစ်သက်ဝမ်းမြောက်လို့ပါပဲ။

ဒီစာအုပ်ဟာ မြန်မာစာဖတ်ပရိသတ်နဲ့ ကောင်းကောင်းရင်းနှီးခဲ့ပြီးသား အသက်တစ်ရာအဖိုးကြီး အယ်လန်ကားလ်ဆန်ရဲ့ ဒုတိယမြောက် စွန့်စားခန်းပါ။ ဒီစာအုပ်ထွက်ပြီဆိုတာကို ၂၀၁၈၊ ဇူလိုင်လကုန် လောက်မှာ အင်တာနက်မျက်နှာစာတွေပေါ် တွေ့ပါတယ်။ ဖတ်ချင်လှပြီ။ ပြန်ချင်လှပြီ။ လက်က ယားနေပြီ။ စာအုပ်ရဖို့ကြိုးစားတဲ့အခါ မြန်မာပြည်မှာ လက်လှမ်းကမမီ။ အင်တာနက် စာအုပ်သူခိုးဆိုက်ဒ် တွေမှာတောင် မတွေ့၊ ဒီလိုနဲ့ အလုပ်ကိစ္စနဲ့ ဘန်ကောက်သွားတုန်း စာအုပ်ဆိုင်တွေ မွှေတော့မှ ဒီစာအုပ်ကို Asia Books ကနေ ၉၊ ၈၊ ၂၀၁၈ မှာ ရပါတယ်။ တန်ဖိုးက ၃၇၅ ဘတ် (မြန်မာငွေ ၁၆၅၀၀ ကျပ်) ပါ။ Recycle စက္ကူဝါနဲ့ အဖုံးပျော့ paper back edition ပါ။ ကျွန်တော်တို့ဆီမှာ ၄၅၀၀-၅၀၀၀ ကျပ် ရောင်းနေတဲ့ စာအုပ် အရည်အသွေးမျိုးပါပဲ။ ဒါကို ဈေးကြီးတယ်လို့ ဘယ်သူမှမပြောပါ။ မြန်မာလိုရေးထားတဲ့ စာအုပ်တွေကတော့ ငါးထောင် ခြောက်ထောင် ရောင်းရင်ပဲ ဈေးကြီးလိုက်တာ၊ ထုတ်ဝေသူက အမြတ်ကြီးစား၊ ဘူဇွာ၊ အရင်းရှင်၊ သစ္စာဖောက်၊ လောက်ကောင် အစရှိသဖြင့် ပြောဆိုဝေဖန်ကြတာမြင်ရတော့ အတော် သံဝေဂ ရမိပါတယ်။

စာအုပ်အစမှာ ဤစာအုပ်သည် ဝတ္ထုဖြစ်ပြီး ပါဝင်သော ဇာတ်ကောင်များသည် စာရေးဆရာ၏ စိတ်ကူးဉာဏ်မှ မွေးဖွားလာခြင်းဖြစ်သဖြင့် နာမည်၊ ဒေသ တူညီမှုများသည် အကြောင်းတိုက်ဆိုင်မှု သက်သက်သာလို့ စကားပလ္လင်ခံပြီး ကင်ဂျုံအန်၊ ဒေါ်နယ်ထရမ့်၊ အိန်ဂျယ်လာမာကယ်လ်၊ မားရ်ဂေါ့ ဗော့စတွန်း စသဖြင့် သက်ရှိထင်ရှား နိုင်ငံ့ခေါင်းဆောင်တွေကို နာမည်ရင်းအတိုင်းရေး၊ အစွမ်းကုန် ကျီစယ်တာမြင်ရတော့ အရှေ့တောင်အာရှမှာသာ ယိုးနပ်စ်ယိုနက်ဆန် မွေးပြီး အရှေ့တောင်အာရှ နိုင်ငံရေးဇာတ်ကောင်တွေနဲ့ ဒီလိုစာအုပ်ရေးလို့ကတော့ တရားရုံးနဲ့ ထောင်ကို အိမ်ဦးနဲ့ ကြမ်းပြင်ဖြစ်မှာပဲ၊ တစ်သက်လုံး ထောင်ထဲကကို ထွက်ရမယ်မထင်လို့ တွေးမိသေးတယ်။ စာပေလွတ်လပ်ခွင့်ဆိုတာ နေရာဒေသ၊ ဒီမိုကရေစီစံနှုန်းနဲ့

လူ့ဘောင် အဖွဲ့အစည်းရဲ့ ရင့်ကျက်မှုပေါ် မူတည်တာကိုး။

တစ်ခု စိတ်ဝင်စားစရာကောင်းတာကတော့ ၂၀၁၈ အတွင်းမှာ မတူကွဲပြားတဲ့ ဆွီဒင်စာရေးဆရာ နှစ်ယောက်ရဲ့ စာပေလက်ရာနှစ်ခုကို ဘာသာပြန်ဖြစ်ပါတယ်။ ပထမတစ်အုပ်က ဟန်းစ်ရော့စ်လင်း (Hans Rosling) ရဲ့ Factfulness ပါ။ ဒုတိယတစ်အုပ်ကတော့ ယိုးနပ်စ်ယိုနက်ဆန် ရဲ့ အခုစာအုပ်ပါ။ ဟန်းစ်ရော့စ်လင်းဟာ ဝတ္ထုရေးဆရာ မဟုတ်ပါဘူး။ အင်မတန် ထင်ရှားတဲ့ Global Health Professor ပါ။ စာရင်းအင်းဗေဒနဲ့ ကိန်းဂဏန်း အချက်အလက်ဆိုင်ရာ ကမ္ဘာကျော်ပညာရှင်ပါ။ TED talks တွေမှာ အင်မတန်လူသိများထင်ရှားတဲ့ ဟောပြောသူပါ။ သူ့စာအုပ်ကို ပြည်တော်ဆယ်ပါး အာရုံသိအမှားများလို့ နာမည်ပေး၊ ဘာသာပြန်ပြီး ချင်းတွင်းမဂ္ဂဇင်းမှာ အခန်းဆက်ဖော်ပြဖို့ ပေးထားပါတယ်။ ဟန်းစ်ရော့စ်လင်း ကတော့ အဲဒီစာအုပ် အဆုံးမသတ်နိုင်ခင်မှာပဲ ပန်ကရိယကင်ဆာရောဂါနဲ့ ဆုံးပါးသွားခဲ့ ရှာပါတယ်။

ဆွီဒင်ဆရာနှစ်ယောက်ကို ယှဉ်ပြောရတာကတော့ သူတို့နှစ်ယောက်ရဲ့ ကမ္ဘာ့အမြင်ချဉ်းကပ်ပုံ တွေဟာ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လို့ပါပဲ။

ဟန်းစ်ရော့စ်လင်းက သတင်းမီဒီယာတွေရဲ့ သတင်းအချက်အလက် တစ်ဖက်စောင်းနင်းနိုင်မှုကို ကမ္ဘာ့သတင်းအချက်အလက် အမှန်တွေနဲ့ ချိန်ထိုး တိုက်ဖျက်ပြီး ကမ္ဘာကြီးဟာ လွန်ခဲ့တဲ့ နှစ်နှစ်ရာက ထက်စာရင် ပိုကောင်း၊ ပိုသာယာ၊ ပိုနေချင့်စဖွယ် ဖြစ်လာတယ်။ ကမ္ဘာကြီးပိုဆိုးလာတယ်လို့ မြင်ကြတာဟာ သတင်းမီဒီယာတွေကြောင့် ခင်ဗျားတို့ ခေါင်းကြီးတွေထဲ စွဲနေတဲ့ သဏ္ဍာယဒိဋ္ဌိ အယူမှားဆယ်ခုကြောင့်လို့ ပြောရင်း သူ့တစ်သက်တာအမြင်ကို စာအုပ်အဖြစ် ရေးခဲ့တယ်။

ယိုးနပ်စ်ကတော့ အစကတည်းက ဂျာနယ်လစ်၊ သတင်းသမား၊ နိုင်ငံရေး အားသန်သူပဲ။ သူကတော့ ကမ္ဘာကို သတင်းတွေကနေတစ်ဆင့် မြင်တာ။ မြင်သမျှအားလုံး မမှန်ဘူးဆိုတာတော့ သူလည်း လက်ခံပါတယ်။ ဒါပေမဲ့လို့ ယိုးနပ်စ်ရဲ့အမြင်ကတော့ ကမ္ဘာကြီးဟာ လွန်ခဲ့တဲ့ ရာစုနှစ်တွေကထက် ပိုကောင်းချင်ကောင်းလာမယ် ဒါပေမဲ့လို့ မျဉ်းဖြောင့်လို တစ်သမတ်တည်း ကောင်းပြီးရင်းကောင်း၊ ကောင်းသထက်ကောင်းလာတာမျိုး တော့မဟုတ်ဘူး၊ နိမ့်တုံ မြင့်တုံ အတက်အကျနဲ့ လည်ပတ်နေတာလို့ သူမြင်တယ်။ အခုအချိန်ကတော့ ကမ္ဘာရဲ့ ကျချိန်ပဲတဲ့။ ဒါကို သူက အချက်အလက်ကို အားမပြုဘဲ အယ်လန့်ကို အားပြုပြီး ပုံဖော်ခဲ့တယ်။

ဒီစာအုပ်ကို ၂၀၁၈ စက်တင်ဘာ ၁၈မှာ စကိုင်ဖြစ်ပါတယ်။ စကိုင်တယ်ဆိုတာ ကိုင်ရုံ ကိုင်ကြည့်လိုက်၊ တို့ပိုင်း တို့ပိုင်း ရေးလိုက် ပြန်ချထားလိုက်နဲ့ လုပ်တာကို ပြောတာပါ။ ဒါပေမဲ့ ၂၀၁၈ နှစ်မကုန်ခင် ဒီစာအုပ်ကို ပြီးအောင် ဘာသာပြန်ချင်တဲ့အခါမှာတော့ ဒီဇင်ဘာ ရုံးပိတ်ရက် ကာလကို အားပြုရပါတယ်။

ရုံးပိတ်ရက်ကာလအတွင်း စာရေးစားပွဲနဲ့ ထိုင်ခုံမှာ ကိုယ့်ကိုယ်ကိုယ် ကြိုးနဲ့ ချည်ထားသလို သဘောထားပြီး အင်တိုက်အားတိုက် လုပ်လိုက်တဲ့ အခါမှာတော့ နောက်ဆုံးစာကြောင်းကို ၂၀၁၈ ဒီဇင်ဘာ ၃၁၊ နှစ်သစ်မကူးခင် တစ်နာရီအလိုမှာ အဆုံးသတ်နိုင်ခဲ့လို့ အင်မတီအင်မတန် ကျေနပ်ဝမ်းမြောက် မိပါကြောင်း။

သင့်လူ။

စကားဦး

ကျွန်တော် ယိုးနပ်စ်ယိုနက်ဆန်ပါ။ ကိုယ့်ကိုယ်ကိုယ် ရှင်းပြချင်တာလေး တစ်ခုရှိပါတယ်။ သက်တော်ရာကျော် ရှည်စေသောဝတ္ထုကို နောက်ဆက်တွဲရေးမယ်လို့ တစ်ခါမှ မရည်ရွယ်ခဲ့ပါဘူး။ စာဖတ်ပရိသတ် အများစုကတော့ ရေးစေချင်ကြတယ်။ ဒါပေမဲ့ ကျွန်တော့်ခေါင်းထဲက ဟိုငနဲကြီး အယ်လန်ကားလ်ဆန်ဟာ သူ့အလိုရှိမှ ကိုယ်ထင်ပြတော်မူတဲ့ ဟာကြီး မဟုတ်လား။

ကျွန်တော် အတွေးတွေနဲ့ လုံးချာလည်နေတဲ့ တစ်နေ့မှာ သူ့အသံကို ရုတ်တရက် ကြားလိုက်ရတယ်။

"အို မစ္စတာယိုနက်ဆန်၊ ကျုပ် သိပ်ပြီးအိုမလာခင် ခင်ဗျား ကျုပ်အကြောင်း ဖောက်သည်ထပ်ချဖို့ အစီအစဉ် မရှိတော့ဘူးလားဗျ"

ဟင့်အင်း၊ မရှိပါဘူး၊ ဗရုတ်သုတ်ခအနိုင်ဆုံး ရာစုနှစ်အကြောင်း ကျွန်တော်ပြောချင်သမျှ အားလုံး ပြောခဲ့ ပြီးပြီပဲကို။

ကျွန်တော်တွေးတာက ပြီးခဲ့တဲ့ နှစ်ဆယ်ရာစုရဲ့ လိုအပ်ချက်တွေ၊ အမှားတွေကို သတိရပြီး အနည်းဆုံးတော့ ဒီလိုအမှားမျိုးတွေ ထပ်မလုပ်မိကြဖို့ပဲ။ ဒါကို မက်ဆေ့ချ်လို့ပြောပြော၊ ဘာပြောပြောပေါ့၊ အဲသလို ကျွန်တော် ပြောချင်တာတွေကို နွေးနွေးထွေးထွေး၊ ဟာသကလေးတွေနဲ့ သိမ်းထုပ်ပြီး ဝတ္ထုလုပ် ရေးခဲ့ရာက တစ်ကမ္ဘာလုံးကို ပြန့်နှံ့သွားခဲ့တယ်။

ငရဲက ကမ္ဘာကို ပိုကောင်းအောင် မလုပ်နိုင်တာ သေချာတယ် မဟုတ်လား။

အချိန်တွေကုန်သွားခဲ့တယ်။

ခေါင်းထဲက မစ္စတာအယ်လန် ပေါ်မလာတော့ဘူး။

လူသားမျိုးနွယ်ကတော့ သူတို့သွားချင်တဲ့ လမ်းကြောင်းအတိုင်း ရှေ့ကို ဆက်လက် ချီတက်နေကြတယ်။ ဒီလိုချီတက်နေကြတာကို ဘေးကထိုင်ကြည့်ရင်း ကမ္ဘာကြီးဟာ ပိုပိုဆိုးလာတယ်လို့ ခံစားမိလာတယ်။

ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ဒါမှမဟုတ် အယ်လန့်နည်း အယ်လန့်ဟန်နဲ့ တစ်ခုခုတော့ ပြောဦးမှပဲဆိုတဲ့ အတွေးဟာ ပိုပိုပြီး အားကောင်းလာတယ်။ တစ်နေ့တော့ ကျွန်တော် အယ်လန့်ကို ခေါ်လိုက်မိတယ်။ အလို သူရှိနေသေးတယ်ဗျ။

"ပြောပါ မစ္စတာယိုနက်ဆန်၊ ကျုပ်ရှိပါတယ်၊ ခု ဘာတွေများ စဉ်းစားနေတုံး"

"ကျွန်တော် ခင်ဗျားကို လိုနေပြီဗျ"

"အော ဘာအတွက်တုံး"

"ဖြစ်သင့်တာတွေကို ပြောဖို့ပေါ့၊ ဟိုလိုလို ဒီလိုလိုနည်းနဲ့လေ"

"အကြောင်းအရာအားလုံးကိုလား"

"အင်းပေါ့.. အနည်းနဲ့ အများပေါ့"

"အဲလိုလုပ်လည်း အကျိုးမထူးလှဘူးဆိုတာ ခင်ဗျားသိတယ် မဟုတ်လား မစ္စတာယိုနက်ဆန်"

"သိပါတယ်"

"ကောင်းတယ်၊ ဒါဆိုလည်း ပြောကြတာပေါ့"

အဲသလိုနဲ့ ဒီလိုဖြစ်သွားတယ်။

ဩြော်-တစ်ခုကျန်သေးတယ်။

ဒါဟာ အခုလတ်တလော ပစ္စက္ခအခြေအနေတွေနဲ့ ဖန်တီးထားတဲ့ဝတ္ထုပါ၊ ဒါကြောင့် လူသိများတဲ့ နိုင်ငံရေးဇာတ်ခုံပေါ်က လူတွေအကြောင်း ပါတာပေါ့။ နာမည်ရင်းနဲ့ပဲ အများစုကို ရေးထည့်ထားတယ်။ တချို့ကိုတော့ ချန်ရတာ ပေါ့လေ။

အဲဒီ နိုင်ငံရေးခေါင်းဆောင်ကြီး ဆိုသူတွေဟာ သာမန်ပြည်သူလူထုကို မော့မကြည့်ဘဲ ငုံ့ကြည့်လေ့ ရှိကြတဲ့အတွက် သူတို့ကို နည်းနည်း ကလူ၏သို့ မြူ၏သို့ လုပ်ရတာပဲ။ ဒါပေမဲ့ အဲသလိုလုပ်လို့ သူတို့ဟာ အထင်သေးစရာလူတွေလို့ ဆိုလိုတာမဟုတ်ပါဘူး။ သူ့နေရာနဲ့သူ အလေးစားခံထိုက်သူတွေပါ။ ရာဇသံပြင်းတဲ့ အာဏာရှင်ဆိုတဲ့ ဟာကြီးတွေကိုတော့ ပြောချင်တာက လွန်တာရှိက ဝန္ဒာမိပါလို့။ သူတို့နဲ့ပတ်သက်လို့ ရေးလိုက်တာ လွန်များ သွားသလားတော့ မသိ။ တတ်နိုင်ပါဘူး။ ဖတ်ကြည့်ကြလေ။

ယိုးနပ်စ် ယိုနက်ဆန်

(၁) အင်ဒိုနီးရှား

ကောင်းကင်ဘုံက ကျွန်းကလေး တစ်ကျွန်းပေါ် ဇိမ်ကျကျနေရတဲ့ဘဝဟာ အားလုံးအတွက် ကျေနပ်စရာလို့ ထင်ကြလိမ့်မယ်။ နို့ပေသိ အယ်လန်ကားလ်ဆန် ဆိုတဲ့လူက အားလုံးထဲမှ မပါဘဲ။ မပါဆို အသက်က ၁၀၁နှစ် ပြည့်လုပြည့်ခင်၊ သက်တော်ရာကျော်ဘဝက စတောင် မစရသေးဘူးလေ။

ထီးကလေးအောက်က ပက်လက်ကုလားထိုင်မှာထိုင်၊ ရောင်စုံ အဖျော်ယမကာတွေကို သောက်သုံးရင်း အနားမှာ တစ်ဦးတည်းသော မိတ်ဆွေ၊ အတိုအထွာခိုးတဲ့ သူခိုးကြီး ဂျူးလီးယပ်စ်ဂျွန်ဆင် ရှိနေတာဟာ အချိန် အတိုင်းအတာတစ်ခုထိတော့ ကျေနပ်စရာ ကောင်းပါတယ်။

ဒါပေမဲ့ မကြာပါဘူး။ အဘိုးကြီး ဂျူးလီးယပ်စ်နဲ့ အဘိုးတကာ့အဘိုးကြီး အယ်လန်တို့ဟာ ခု ဘယ်လောက်ကျန်မှန်း သေချာမသိတဲ့၊ ဆွီဒင်ကနေ ဘုန်းလာတဲ့ ငွေသန်းပေါင်းများစွာကို ထိုင်သုံးတဲ့ အလုပ်ကလွဲလို့ ဘာဆိုဘာမှ လုပ်စရာ မရှိတဲ့အခါ နေရထိုင်ရတာ ခြေကုန်လက်ပန်း ကျလာကြတယ်။

ငွေပုံကြီး ဖင်ခုထိုင်ပြီး သုံးစွဲရခြင်းမှာ ဘာအမှားမှ မရှိပါဘူး။ ဒါကလွဲလို့ ကျန်တာ လုပ်စရာမရှိတဲ့အတွက် ငြီးငွေ့တာပါ။ ဂျူးလီးယပ်စ်ဟာ ပစ္စည်းပစ္စယ အစုံအလင်ပါတဲ့၊ ပေ ၁၅၀ ရှည်တဲ့၊ ရွက်လှေကလေးကိုငှားပြီး အယ်လန်နဲ့ နှစ်ယောက်သား ငါးမျှားထွက်ဖို့ ကြိုးစားတယ်။ ငါးမျှား၊ မိတဲ့ငါးတွေကို ကင်စား၊ ချက်စားရင် ပျော်များပျော်ရမလား။ ဒါပေမဲ့ ရွက်လှေပေါ်မှာ လုပ်ရတဲ့ကိစ္စအားလုံး ကမ်းခြေမှာထိုင်ပြီး လုပ်လို့ရသားပဲ။ ဘာထူးမတုံး။

ငွေကိစ္စ ငွေစကားကလွဲလို့ ဘာမှလုပ်စရာမရှိတဲ့ အယ်လန်ကလည်း ဂျူးလီးယပ်စ်မွေးနေ့မှာ သီချင်းသုံးပိုဒ်နဲ့ ဖျော်ဖြေဖို့ ဂျမေကန် အမေရိကန် ပေါ့ပ်အဆိုကျော်ကြီး ဟယ်ရီဘယ်လာဖွန်တေ (အသက် ကိုးဆယ့်တစ်နှစ်) ကို အမေရိကန်ကနေ ဘာလီထိရောက်အောင် လှမ်းခေါ်တယ်။ အဆိုကျော်ကြီး ဟယ်ရီဟာ အပိုကြေးမရပေမယ့် ညစာစားပွဲထိနေသွားတယ်။ အဲဒီမှာ ဇာတ်လမ်းက စတော့တာပဲ။

ဘယ့်နှာကြောင့် ဘယ်လာဖွန်တေကို ရွေးရသလဲဆိုတဲ့အခါ အယ်လန်ရဲ့ အကြောင်းပြချက်က ဂျူးလီးယပ်စ်ဟာ အဲဒီလို ငယ်ရွယ်နုပျိုသူတွေ ဖန်တီးတဲ့ အသစ်အဆန်း ဂီတအမျိုးအစားကို ကြိုက်တတ်လို့တဲ့။ ဂျူးလီးယပ်စ်ကတော့ အယ်လန်ရဲ့ ရက်ရောမှုကို ကျေးဇူးတင်မိတဲ့အတွက် ခုဖိတ်လိုက်တဲ့ အဆိုကျော်ဟာ ဒုတိယကမ္ဘာစစ်ပြီးချိန်ကစလို့ ငယ်ရွယ်နုပျိုခြင်း အလျှဉ်း မရှိတော့ဘူးဆိုတာ မပြောလိုက်တော့ဘူး။ နို့ပေသိ အယ်လန်နဲ့ ယှဉ်ရင်တော့ ဒင်းဟာ ကလေးပဲရှိသေးတာ မဟုတ်လား။

ဘာပဲပြောပြော စူပါစတား အဆိုကျော်ကြီး ဘာလီ ရောက်လာတဲ့အတွက်

အယ်လန်နဲ့ ဂျူးလီးယပ်တို့ရဲ့ ပျင်းရိငြီးငွေ့ဖွယ် အရောင်မှိုင်းမှိုင်း ဘဝကြီးတွေဟာ နည်းနည်း အရောင်စိုလာခဲ့တယ်။ သူတို့ဘဝအပေါ် သက်ရောက်မှုရှိလာတယ်ဆိုပါတော့။ သူ့သီချင်းတွေကြောင့်တော့ ဘယ်ဟုတ်ပါ့မလဲ။ အထူးသဖြင့် အယ်လန့်ဘဝပေါ်ပေါ့။

သူပြန်ခါနီး မနက်စာစားတုန်း ထုတ်သုံးလိုက်တဲ့ ပစ္စည်းလေးတစ်ခုကြောင့်ပါ။ ဘာလဲတော့မသိဘူး။ ပစ္စည်းတော့ ပစ္စည်းပဲ။ မည်းမည်းပြားပြားလေး၊ မျက်နှာပြင်တစ်ဖက်က စားထားတဲ့ ပန်းသီးအပွဲ့တစ်ခုပုံနဲ့၊ နောက်တစ်ဖက်က မျက်နှာပြင်ကတော့ တို့လိုက်ရင် လင်းလင်း လာတယ်။ ဟယ်ရီဟာ အဲဒီပစ္စည်းကို တို့ပြီးရင်း တို့နေတယ်။ ပါးစပ်ကလည်း တအီအီ အသံထွက်လိုက်၊ တဟိဟိရယ်လိုက် လုပ်နေတယ်။ လုပ်ပြီးရင်း လုပ်ရင်းပဲ။ အယ်လန်ဟာ ပစိပစပ်များတတ်တဲ့လူ မဟုတ်ပါဘူး။ ဒါပေမဲ့ သည်းခံတယ်ဆိုတာ အတိုင်းအတာရှိတယ် မဟုတ်လား။

"အွန်း-အွန်း မစ္စတာဘယ်လာဖွန်တေက ငယ်ငယ်ရှိသေးတာကိုး၊ ခင်ဗျားရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စကို ဝင်စွက်ဖို့တော့ မရည်ရွယ်ပေမယ့် ခင်ဗျား ဘာတွေလုပ်နေတယ် ဆိုတာတော့ သိချင်မိတယ်၊ အဲဒီပစ္စည်းက ဘာဖြစ်နေတာတုံး"

ဩော် ဖြစ်ရလေ။ အယ်လန်ဟာ သူ့ဘဝ တစ်သက်တာမှာ တက်ပလက်ဆိုတဲ့ပစ္စည်းကို တစ်ခါဖူးမှ မမြင်ဖူးဘူး ဆိုတာ သေချာသိသွားတဲ့ ဟယ်ရီဘယ်လာဖွန်တေဟာ ဒီအဘိုးကြီးကို တက်ပလက်သင်ခန်းစာ ပို့ချဖို့ အားတက်သရော ကြိုးစားအားထုတ်တယ်။ လတ်တလော ကမ္ဘာကြီးမှာ ဘာတွေဖြစ်နေတယ်၊ ဘယ်လိုဖြစ်နေတယ်ဆိုတာကို အချိန်နဲ့တစ်ပြေးညီ ခင်ဗျားကို ပြပေးနိုင်တဲ့ ပစ္စည်းပဲတဲ့။ စာတွေချည်း မဟုတ်ဘူးနော်၊ ပုံတွေ၊ ဗီဒီယိုတွေ အကုန်ကြည့်လို့ရတယ်။ ဟောဒီ တခြားခလုတ်ကလေးကို တို့ကြည့်စမ်း၊ ကြားလား ဂီတသံ ထွက်လာတာ။ ဒါလေး တို့ကြည့်၊ ဟော-တက်ပလက်က စကားပြောပြီ တွေ့လား၊ အသံထွက်လာတယ်။ သာယာတဲ့ မိန်းမသံလေးနော်၊ သူ့နာမည်က ဆီရီတဲ့။ တစ်ခြမ်းပွဲ့ ပန်းသီးက တီထွင်ထားတဲ့ ပုံရိပ်ယောင် အကူအညီစနစ်ပေါ့ဗျ။

မနက်စာစား၊ တက်ပလက်သင်ခန်းစာ ပို့ချပြီးတဲ့အခါ ဟယ်ရီဘယ်လာဖွန်တေဟာ လက်ဆွဲအိတ်ကလေး တစ်လုံးရယ်၊ တက်ပလက် မည်းမည်းပြားပြားရယ်၊ သူရယ် အတူတကွ အိမ်ပြန်ဖို့ လေဆိပ်ကို ချီတက်သွားကြတယ်။ အယ်လန်ရယ်၊ ဂျူးလီးယပ်စ်ရယ် ဟိုတယ်မန်နေဂျာရယ်က လက်ကလေး တပြပြနဲ့ ကျန်ခဲ့ကြတယ်။ အဆိုကျော်ကြီးရဲ့ တက်စီ မြင်ကွင်းထဲက မပျောက်သေးခင် အယ်လန်ဟာ မန်နေဂျာဘက်လှည့်ပြီး ခုနကဟယ်ရီဘယ်လာဖွန်တေ ကိုင်တဲ့ တက်ပလက်မျိုး သူ့ကို ဝယ်ပေးဖို့ ပြောလိုက်တယ်။ နှစ်တစ်ရာ သက်တမ်းအတွင်း ဒီလိုပစ္စည်းမျိုး တစ်ခါဖူးမှကို မမြင်ဖူးပါဘူး။ ကောင်းလိုက်တာဆိုတာ။

မန်နေဂျာဟာ မကြာခင်ကမှ ဂျာကာတာမှာကျင်းပတဲ့ ယဉ်ကျေးပျူငှာ ချိုပြုံးကြည်သာ ကွန်ဖရန့်စ်က ပြန်လာတာ။ အဲဒီမှာ သူ သင်ကြားတတ်မြောက်လာတာက ဟိုတယ်ဝန်ထမ်းရဲ့ အဓိကတာဝန်ဟာ ဝန်ဆောင်မှု ပေးဖို့သက်သက် မဟုတ်ဘူး။ ဝန်ဆောင်မှုတွေကို ဖြေ့သည့် ကျေနပ်လွှန်းလို့ ကွေးညွတ်ကျသွားတဲ့အထိ ဖောဖောသီသီ မဟားတရားပေးဖို့ ဆိုတာပဲ။ ဒါ့အပြင် မစ္စတာကားလ်ဆန်နဲ့ မစ္စတာဂျွန်ဆင်ဆိုတာကလည်း ဘာလီ ခရီးသွားသမိုင်းမှာ ကမ္ဘည်းမော်ကွန်းတင်ရမယ့် အကောင်းဆုံး ဧည့်သည်ကြီးတွေ မဟုတ်လား။ ဒါကြောင့် နောက်တစ်နေ့မှာ မစ္စတာကားလ်ဆန် ညွှန်ကြားတဲ့ တက်ပလက် အသစ်စက်စက်တစ်ခုအပြင် ဘောနပ်စ်အဖြစ် ဆဲလ်ဖုန်းတစ်လုံးပါ ဝယ်လာပေးလိုက်တယ်။

အယ်လန်ကတော့ သူ့မှာဘဲ ဆဲလ်ဖုန်းတစ်လုံး အပိုရတဲ့အတွက် ဝမ်းမြောက်ပုံ မပေါ်ပါဘူး။ သူ့ဆီ တယ်လီဖုန်းနဲ့ ဆက်သွယ်နိုင်ချေရှိသူ မှန်သမျှ လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်တည်းက သေကုန်ပြီမို့ တယ်လီဖုန်း သုံးစရာ အကြောင်းမရှိဘူးဆိုတာတော့ မပြောလိုက်ပါဘူး။ နို့ ဂျူးလီးယပ် ကရော၊ သူ့မလည်း ဘယ်သူ့ဆီကလာတဲ့ဖုန်းကိုမှ ဖြေစရာအကြောင်း မမြင်ပေါင်၊ ဒါပေမဲ့ ဘာပဲပြောပြော အင်း သူနဲ့သာဆိုရင်...

"ရော့-ဗျား၊ ဒါ မန်နေဂျာ ကျုပ်ကိုပေးတဲ့လက်ဆောင်၊ ကျုပ်ကတော့ သုံးစရာအကြောင်းမရှိဘူး၊ အဲ-လောလောဆယ် ခင်ဗျားဆီ ဘယ်သူမှ ဖုန်းမဆက်ပေမယ့် ခင်ဗျားယူထား"

ဂျူးလီးယပ်ဟာ အယ်လန့်ရဲ့ ကြင်နာမှုအတွက် ကျေးဇူးတင်စကား ပြောလိုက်တယ်။ သူ့ကို ဖုန်းပေးလိုက်တဲ့အတွက် အယ်လန်လည်း သူ့ဆီ ဖုန်းခေါ်လို့မရဘူးဆိုတာ မပြောဘူး။ အယ်လန်ကတော့ ပြောတယ်။

"ဖျောက်မပစ်နဲ့ဗျ၊ ဒါကြည့်ရတာ ဈေးကြီးမယ့်ပုံ။ ပြီးတော့ ပျောက်လွယ်မယ့်ပုံ၊ ဟိုးအရင်ခေတ်တုန်းကဆို တယ်လီဖုန်းဆိုတာ ကြိုးနဲ့ဘာနဲ့ နံရံမှာ အသေအချာ ချိတ်ထားတာ၊ တော်တော်နဲ့ ပျောက်စရာအကြောင်း မရှိဘူးလေ"

ဒီလိုနဲ့ အမည်းရောင် တက်ပလက်ဟာ အယ်လန် တန်ဖိုးအထားဆုံးသော ပိုင်ဆိုင်မှု ဖြစ်လာခဲ့တယ်။ သုံးသာသုံး၊ ကြိုက်သလောက်သုံး။ မန်နေဂျာက ဒန်ပါဆာ ကွန်ပျူတာစတိုးက ဝန်ထမ်းတွေကို တက်ပလက်နဲ့ ဖုန်းကို အသံမျိုးစုံ ထည့်ခိုင်းထားတယ်။ ပြီးတော့ တက်ပလက်နဲ့ ဖုန်းရဲ့ ဆင်းကဒ်တွေ သုံးသမျှ ကုန်ကျစရိတ် ဟိုတယ်ငွေစာရင်းထဲ ထည့်ပေးထားလို့ ဟိုတယ်ကရှင်းရတဲ့ တယ်လီဖုန်းဘေလ်ဟာ အရင်ကထက် နှစ်ဆလောက် တိုးလာတယ်။ နှစ်ဆတိုးရတဲ့အကြောင်းရင်းကိုတော့ ဘယ်သူမှ သေချာမသိ။

ဒီ တက်ပလက်ဆိုတဲ့ဟာကလေးနဲ့ ဘာလုပ်လို့ရတယ်ဆိုတာကို နားလည်တတ်မြောက်သွားတဲ့ ရာကျော်ဘိုးဘိုးဟာ အိပ်ရာနိုးနိုးခြင်း ညက

ဘာဖြစ်သွားသလဲ၊ ဘာသတင်းများထူးသလဲဆိုတာကို သိရဖို့ တက်ပလက် ဖွင့်-ဖွင့် ကြည့်တဲ့အကျင့် စွဲလာတယ်။ ကမ္ဘာ့အရပ်ရပ်ရဲ့ နေရာအနှံ့မှာ ကိစ္စတွေက အချိန်မရွေး ဖြစ်နေတာကိုး။ အဲဒီထဲက သူ့ဟာဒယနှလုံးကို ရွှင်ပြုံးစေတဲ့ သတင်းကလေးတွေက ဒီလိုတဲ့။

အီတလီနိုင်ငံ နေပယ်မြို့တွင် ဆရာဝန်နှင့် သူနာပြု အယောက် တစ်ရာခန့်သည် အချင်းချင်း အလုပ်တက် အလုပ်ဆင်း လက်မှတ်များကို အလှည့်ကျ ထိုးပေးခြင်းအားဖြင့် ဘယ်သူမှ အမှန်တကယ် အလုပ်လုပ်စရာ မလိုဘဲ လစာရနေကြခြင်း။

ရိုမေနီးယားနိုင်ငံတွင် လာဘ်စားသော အစိုးရအရာရှိများကို ဖမ်းဆီး ထောင်ချရင်း နိုင်ငံတွင်းရှိ ထောင်များပြည့်သွားသော်လည်း ထပ်မံဖမ်းဆီးရမည့် အရာရှိများ အများအပြား ရှိနေသေးသည့်အတွက် အကျဉ်းထောင် အသစ်များ ထပ်မံဆောက်လုပ်ရမည့် ကုန်ကျစရိတ်ကို ရှောင်လွှဲသည့်အနေဖြင့် လာဘ်စားခြင်းကို တရားဝင်ခွင့်ပြုရန် မူဝါဒ ချမှတ်လိုက်ခြင်း။

ဒီလိုနဲ့ အယ်လန်နဲ့ ဂျူးလီးယပ် နှစ်ယောက်ဟာ မနက်တိုင်း လုပ်ရိုးလုပ်စဉ် ကိစ္စအသစ်တွေ ရလာခဲ့တယ်။ အရင်တုန်းက လုပ်ရိုးလုပ်စဉ်ကတော့ အယ်လန်က ဂျူးလီးယပ်ရဲ့ ဟောက်သံဟာ ကျယ်လွန်းလှသမို့ နံရံခြားနေတာတောင် ကောင်းကောင်းကြားရကြောင်း၊ သူ့ရဲ့ အိပ်စက်ခြင်းကို ကြီးစွာ အနှောင့်အယှက်ဖြစ်ကြောင်း မြည်တွန်တောက်တီးတာပဲ။ လုပ်ရိုးလုပ်စဉ် အသစ်မှာတော့ တက်ပလက်တဲ့၊ တွေ့ရတဲ့ သတင်းဆန်းတွေကို ဖောက်သည်ချတဲ့အလုပ် တိုးလာတယ်။ ပထမတော့ ဂျူးလီးယပ်ဟာ သူ့ဟောက်သံနဲ့ ပတ်သက်လို့ အပြောခံရတာ နည်းသွားတဲ့အတွက် ပျော်တာပေါ့။ ရိုမေးနီးယားမှာ တရားမဝင် လာဘ်စားမှု တရားဝင်သွားပြီဆိုတဲ့ သတင်းကို ကြားရချိန်မှာတော့ စိတ် အတော်ချမ်းသာသွားတယ်။ အတိုအထွာ သူခိုးတစ်ယောက်အဖို့ အဲသလို လူ့အဖွဲ့အစည်းမျိုးမှာ နေလိုက်ရရင် အင်း-

ဟဲ့ အတိုအထွာ သူခိုးတွေအားလုံး တရားဝင် ဖြစ်ကုန်မှတော့ အဲဒီသွားနေလို့ ဘာထူးမတုန်းလို့ အယ်လန်က ထောက်ပြလိုက်တဲ့အတွက် ဂျူးလီးယပ်ဟာ ဘာလီကနေ ဘူခါရက် ပြောင်းကြစို့လို့ တိုက်တွန်းလုဆဲဆဲ ပါးစပ် ပိတ်သွားတယ်။ အင်း သူများပိုက်ဆံ ကိုယ့်ပိုက်ဆံ ဖြစ်ရေးအတွက် အတတ်ပညာနဲ့ မာယာသာဋ္ဌေယျ သုံးပြီး ယူစရာမလို၊ ဖြောင်ယူလို့ ရနေမှတော့ ဘာလုပ်ဖို့တုန်း။ ဟုတ်သားပဲ။

အယ်လန်က ဆက်ပြောတယ်။ အဲသလို အာဏာပိုင်တွေက စီမံတာကို ရိုမေးနီးယန်းပြည်သူတွေက ဆန္ဒပြဖို့ ကြံစည်နေသတဲ့။ အာဏာပါဝါ ရှိသူတွေရဲ့ အတွေးအခေါ် ဒဿနကို သာမန်ပြည်သူတွေဟာ မလိုက်နိုင်ဘူးပဲ။ သူခိုးမှန်ရင် လာဘ်စားတဲ့ အကောင်မှန်ရင် ဘာကောင်ကြီးဖြစ်နေနေ ထောင်ထဲထည့်ထားရမတဲ့။ ဒီလိုနဲ့ နှစ်ဦး နှစ်ဖလှယ် မနက်စာ စကားဝိုင်းတွေဟာ

သတင်းတွေနဲ့ ထုံမွမ်းလာတယ်။ တစ်မနက်မှာ အယ်လန်က ပြောလာတယ်။ မြောက်ဝင်ရိုးစွန်းမှာ ဖြစ်နေကြထက် နှစ်ဆယ်ဒီဂရီလောက် ပိုပူလာပြီတဲ့။

ဂျူးလီးယပ်ဟာ မဆန့်မပြဲ ပါးစပ်ထဲ ထည့်ထားတဲ့ ခေါက်ဆွဲကြော်တွေကို ကုန်အောင် ဝါးစားမျိုချလိုက်ပြီးမှ ပြန်ပြောတယ်။ မြောက်ဝင်ရိုးစွန်းဆိုတာ သူနဲ့ အယ်လန်ဘက် ပဝတိ ဒေသတော့ မဟုတ်ပေဘူးတဲ့။

ရေခဲတွေ အရည်ပျော်နေပြီဆို ပိုတောင် မသင့်တော်သေးတယ်တဲ့။ ခြေထောက်ကို ရေစိုတာနဲ့ သူဟာ အအေးမိတော့တာပဲတဲ့။ ပြီးတော့ အဲဒီမှာ ပိုလာဝက်ဝံ တွေလည်း ရှိတယ်၊ ပိုလာဝက်ဝံဆိုတာ အင်မတန်ဆိုးတဲ့အကောင်တွေ၊ ဘာလီက မြွေတွေက သူတို့ထက်စာရင် နားလည်သိတတ်မှု ရှိသေးတယ်၊ အလိုက်ကန်းဆိုး သိသေးတယ်၊ ရက်တတ်ကြသေးတယ်။

အယ်လန်က ပြန်ပြောတယ်။

အင်း ရေခဲတွေအရည်ပျော်ကုန်ရင် ပိုလာဝက်ဝံတွေ စိတ်ဆိုးကြမှာနော်။ အချိန်ရှိတုန်း သူတို့ နေရာပြောင်းသင့်တာပေါ့။ ကနေဒါကို ပြောင်းကြမလားမသိ။ ဒါမှမဟုတ်-အမေရိကန်လား။ အို-အမေရိကန်က သမ္မတအသစ် တက်လာပြန်ပြီ မဟုတ်လား။ ဒီအကြောင်း ဂျူးလီးယပ်ကို ပြောပြပြီးပြီ မဟုတ်လား။ အဲ-အဲ-အဲဒီ သမ္မတအသစ်ဆိုတဲ့ ကောင်လေးဟာ ဘယ်သူ့ကိုမှ နယ်စပ်ဖြတ်ပြီး သူ့နိုင်ငံထဲ အဝင်မခံဘူးဆိုပဲ။

အင်း-ထရမ့်အကြောင်း ဂျူးလီးယပ်လည်း ကြားဖူးပါတယ်။ သမ္မတအသစ်ဆိုတာ အဲလို နာမည်ထင်ပါရဲ့။ နို့-ပိုလာဝက်ဝံက ဖြူတယ် မဟုတ်ဘူးလား။ အို ဖြူဖြူ မဖြူဖြူ။ ပိုလာဝက်ဝံဆိုတာ နိုင်ငံခြားသားပဲလေ။ ဒါကို သေချာသိထားရင် ပိုလာ့ မျှော်လင့်ချက်တွေ ပင်လယ်မဝေတော့ဘူးပေါ့။ မဟုတ်ဘူးလား။

အယ်လန့် တက်ပလက် မည်းမည်းလေးထဲက သတင်းတွေဟာ ကြီးတာလည်းပါ၊ သေးတာလည်းပါတယ်။ များသောအားဖြင့်တော့ စိတ်မချမ်းသာစရာ သတင်းကြီးတွေပဲ။ အယ်လန်ကတော့ နှစ်လို့ဖွယ် သတင်းသေးလေးတွေကို ပိုနှစ်ခြိုက်ပေမယ့် တောင်တန်းကြီးတွေကြားမှာ ပွေးတောင်ပို့လေး တွေကို မြင်ရဖို့က မဖြစ်နိုင်ဘူး မဟုတ်လား။

သူ့သက်တမ်းရဲ့ ပထမနှစ်တစ်ရာအတွင်းမှာ အယ်လန်ဟာ ရောမသတင်းကြီးတွေ၊ အလွန်ကြီးတဲ့ နိုင်ငံရေးအဖြစ်အပျက်တွေကို ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဖူးဘူး။ ခုတော့ လက်ရှိအခြေအနေအရ ကြောက်ဖွယ့်ကမ္ဘာ ဖြစ်နေတယ်ဆိုတာကို သူ့ကစားစရာသစ်ကလေးက သူ့ကို ပြောပြနေပြီ။ တစ်ချိန်တုန်းက ဒီလိုအဖြစ်အပျက်တွေကို တုံဏှိဘာဝေနေ၊ ကျော်ခိုင်းပြီး သူ့အတွက် သူပဲ စဉ်းစားခဲ့မိတာကို အယ်လန် သတိတွေရနေမိတယ်။

ကောင်ကလေးဘဝတုန်းက ဖလန်မှာရှိတဲ့ ယမ်းမှုန့်နဲ့ ဒိုင်းနမိုက် ကုမ္ပဏီမှာ အလုပ်ဝင်ခဲ့တာကို သူသတိရနေတယ်။ အဲဒီကုမ္ပဏီက အလုပ်သမားတွေဟာ

ကမ္ဘာ့နိုင်ငံရေးအခြေအနေကို သိပ်သိကြတာပဲ။ အားယားနေကြရင် အလုပ်သမား တစ်ဝက်လောက်က တရုတ်ပြည်က ကြယ်နီဆိုတာကို မျှော်မှန်းတမ်းတ၊ ကျန်တဲ့တစ်ဝက်က တရုတ်နဲ့ ဂျပန်ရဲ့ ခြိမ်းခြောက်မှုတွေကို ကြောက်ရွံ့တုန်လှုပ်ရင်း အာချောင် လေပန်းနေတတ်ကြတယ်။ သူတို့နားလည်နေတဲ့ လူ့ဝါမျိုးနွယ် အန္တရာယ်ဆိုတာ တကယ်တော့ လူဖြူကမ္ဘာကို ရန်သတ္တရု စစ်မက်ပြုကြသော လူ့ဝါတပ်ကြီး ဘာညာ သာရကာ လျှောက်ရေးထားတဲ့ ဝတ္ထုဘုတ်အုပ်တွေကနေလာတာ။

တကယ်တော့ အဲဒါတွေကို အယ်လန် ဂရုမစိုက်မိပါဘူး။ ဒါကြောင့် အညိုရောင်ကို တစ်လောကလုံးမှာ စောက်ရုပ်အဆိုးဆုံး အရောင်ဖြစ်စေခဲ့တဲ့ ရုပ်ညိုတွေရဲ့ ငါနဲ့မတူ ငါ့ရန်သူ-ဒုတိယကမ္ဘာစစ်ကြီးကို ဒီအတိုင်း မသိလိုက် မသိဘာသာ ဖြတ်သန်းလာခဲ့မိတယ်။ နောက်တော့ နိုင်ငံရေး အိုက်ဒီယိုလော်ဂျီ တူရာတူရာ စုကြတဲ့ ခေတ်ရောက်လာတယ်။ ဒါလည်း အယ်လန် သေချာ သတိမထားမိပါဘူး။ မသိပါဘူး။ နောက်တော့ တစ်စုံတစ်ရာကို ငံ့လင့်ပြီး ပေါ်လာနိုးနဲ့ လည်ပင်းရှည်ကြရတဲ့ ကာလကို ရောက်လာတယ်။ ကမ္ဘာကြီးဟာ အဲဒီတုန်းက အထိုက်အလျောက် ငြိမ်းချမ်းခဲ့သား။ ဖောက်စ်ဝက်ဂွန် ဘတ်စ်ကားတွေလည်း ဖောဖောသီသီ ပြေးလို့လွှား။ အားလုံးက တစ်ဦးနဲ့ တစ်ဦး အချစ်ပွားနေကြတဲ့ကာလ။ အယ်လန်ကလွဲလို့ပေါ့။ အယ်လန်ကတော့ သူ့ကြောင်ကလွဲလို့ ဘယ်သူ့ကိုမှ မချစ်။ ဒါဟာ လူ့ဘဝကို ခါးသီးလို့၊ မုန်းလို့ မဟုတ်ဘူး။ သူ့ပင်ကိုသဘာဝပဲ။

ပန်းခင်းသောလမ်းရဲ့ သက်တမ်းဟာ မာဂရက်သက်ချာနဲ့ ရော်နယ်ရေဂင်တို့ အသီးသီး အာဏာရလာချိန်ထိ ကြာမြင့်ခဲ့တယ်။ အဲဒီ နှစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုယ်သာ ချစ်ကြပါ၊ အောင်မြင်မှုကို ပြည်တွင်းမှာရှာ ဆိုတဲ့ အနေအထားဟာ ပိုလက်တွေ့ကျတယ်လို့ သဘောမျှကြသူတွေ။ ဒါပေမဲ့ တစ်ယောက်ယောက်ကိုတော့ မုန်းမှရမယ်ဆိုရင် အဲဒါဟာ ရုရှတွေပဲ ဖြစ်သင့်တယ် ဆိုတာကိုလည်း သဘောတူကြတယ်။ အဲ-အာကာသထဲကနေ ဒုံးကျည်တွေ ပစ်ချမယ်ဆို ဂဲရေဂင်ရဲ့ နှုတ်ထွက် ကြယ်တာယာစစ်ပွဲ ဆိုတာကြီးနဲ့ ဆိုဗီယက် ကွန်မြူနစ်ဝါဒကို သတ်ပစ်လိုက်နိုင်ချိန်မတော့ တခြားခြိမ်းခြောက်မှုတွေ မရှိတော့ဘဲ အားလုံးအတွက် ငြိမ်းချမ်းသာယာ ပျော်ရွှင်ခြင်း ဖြစ်လာခဲ့တယ်။ လူသားမျိုးနွယ်တစ်ဝက်လောက် နေ့စဉ် စားစရာ ပျောက်ခြင်းနဲ့ သောင်းပေါင်းများစွာသော ဗြိတိသျှ မိုင်းတွင်းလုပ်သားတွေ သွားစရာ မိုင်းတွင်းမရှိတော့တာပဲ ပြောစရာရှိတာပေါ့။ ကမ္ဘာ့အမြင်သစ်ဟာ သင့်အိမ်နီးနားချင်းအတွက် ဂရုတစိုက် ပူပင်နေစရာအကြောင်း ဘာမှမရှိ။ သည်းခံနေတယ်ဆိုတာတောင် လွန်လှပြီ။ အဲဒီအမြင်ကြီးကို နောက်တစ်ကြိမ် အပြောင်းအလဲ လေရူးမနေခင်အထိ ကျင့်သုံးခဲ့ကြတယ်။

ပြဿနာက မထင်မှတ်ထားဘဲ ရုပ်ညို အိုက်ဒီယိုလော်ဂျီဟာ

ခြသေ့်လည်ပြန် လှည့်လာခဲ့တယ်။ ဒီတစ်ခါတော့ ဂျာမနီမှာ မဟုတ်ဘူး။ တခြားတိုင်းပြည်တွေမှာ။ အမေရိကန် ပြည်ထောင်စုဟာ အဲဒီတိုင်းပြည်တွေထဲ နံပါတ်ဝမ်းတစ်၊ ဂဏန်းတစ် မဟုတ်ပေမယ့်လို့ ရွေးကောက်တင်မြှောက်ခံလိုက်ရတဲ့ ပူပူနွေးနွေး သမ္မတကလေး ကျေးဇူးနဲ့ ဂရုစိုက်အခံရဆုံး တိုင်းပြည် ဖြစ်လာခဲ့တယ်။ ရှပ်ညိုဝါဒကို သူတကယ် ယုံကြည်သက်ဝင်သလား မဝင်ဘူးလားဆိုတာကို အကဲဖြတ်ဖို့ မဖြစ်နိုင်သလောက်ပဲ။ သူက ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ တစ်နေ့တစ်ခါ ပြောင်းနေတာကိုး။ ဒါပေမဲ့ ကိစ္စတွေကို မှန်မှန်ကန်ကန် ဖြစ်စေချင်ရင် ကိုယ့်ဘာသာ ကိုယ်လုပ်ရမယ်ဆိုတဲ့ ဆိုရိုးရှိသမို့လား။ အနောက်တိုင်း လူဖြူကမ္ဘာကို ခြိမ်းခြောက်ရန်သတ္တရု ပြုနေတဲ့ ပြင်ပရန်စွယ်တွေကို လက်ညှိုးထိုးရမယ့်ကာလပေပဲ။

အယ်လန်ဟာ သူ့တက်ပလက်မည်းလေးကို ဖျော်ဖြေရေးကိရိယာ တစ်ခုလိုပဲ သဘောထားချင်ပေမယ့် တွေ့နေ မြင်နေရတဲ့ ကိစ္စတွေကို မတွေ့ချင်ယောင်ဆောင်နေဖို့ ခက်ခဲလွန်းလှတယ်။ တက်ပလက်ကို လျစ်လျူ ရှုထားလိုက်ဖို့ စဉ်းစားပေမယ့် မရဘူး။ ကြည့်ပြီးရင်း ကြည့်ချင်ရင်း ဖြစ်လာတယ်။ ဘာကိုမှ ဂရုမစိုက်တဲ့လူကြီး ခုတော့ ကိစ္စဝိစ္စအများကြီးကို ဂရုစိုက်မိစပြုလာခဲ့ပြီ။

"အင်း ဒုက္ခ ဒုက္ခ"

အယ်လန်ဟာ ပါးစပ်ကနေ အသံထွက်သွားတယ်။

"ဟင် ဘာလဲ"

ဂျူးလီးယပ်စ်က မေးလိုက်တယ်။

"ဘာမှမဟုတ်ပါဘူး ကျုပ်ပြောတဲ့ဟာကလွဲလို့ပေါ့"

"ဒုက္ခလား"

"ဟုတ်ပ"

※※※

(၂) အင်ဒိုနီးရှား

ဒီလိုနဲ့ တက်ပလက်မည်း ကျေးဇူးကြောင့် အယ်လန်ဟာ ကျန်တဲ့ လူသားမျိုးနွယ်တွေအပေါ် စိတ်ဝင်စားမှု ဖြစ်ထွန်းလာခဲ့တယ်။ သတင်းတွေကို ကြည့်လေ … ရေကန်ကြီးတစ်ကန် အပိုင်ရှိတဲ့ နော်ဝေသား တစ်ယောက်ဟာ နီဝါရောင် ကယ်ရီတင်းဓာတ် အပြည့်ပါတဲ့ ပိုးဟပ်နဲ့ ရေချိုငါးသေးသေးလေးတွေကို ကန်ထဲက ငါးတံခွန်တွေကို ကျွေးသတဲ့။ ငါးတံခွန်ကြီးတွေဟာ အဲဒါတွေစားပြီး အသားတွေ ပန်းရောင်သန်း၊ နီရဲလာတဲ့အခါ ကန်ပိုင်ရှင် နော်ဝေသားက ငါးတွေဖမ်း၊ ခုတ်ထစ်ပြီး ဆယ်လမွန်ငါးအဖြစ် နာမည်တပ်ရောင်းသတဲ့။ ဒါပေမဲ့ နော်ဝေမှာရောင်းရင် အန္တရာယ်ကြီးတဲ့အတွက် သူဟာ သူ့ဆယ်လမွန် အတုတွေကို နမီးဘီးယားပို့သတဲ့။ ကံဆိုးချင်တော့ အငြိမ်းစားယူပြီး အော်စလိုက လာနေတဲ့ ကျန်းမာရေး အင်စပက်တော် တစ်ယောက်ဟာ နမီးဘီးယားမှာ ရှိနေတယ်။

သူက မီးရှို့လို့ ဆယ်လမွန်ငါးအတုလုပ်တဲ့ နော်ဝေသားဟာ အဖမ်းခံလိုက်ရပြီး အနောက်တောင်အာဖရိကရဲ့ ဆယ်လမွန်ငါးဈေးကွက်ဟာ ပုံမှန်အတိုင်း ပြန်ဖြစ်သွားခဲ့တယ်လို့ ဖတ်ရတယ်။

ဒီလိုနဲ့ အယ်လန့်ဘဝ နေပျော်ရေးအတွက် တက်ပလက်က အားဖြည့်ကူညီနေချိန်မှာ ကူကယ်ရာမဲ့ ဂျူးလီးယပ်စ်အတွက်ကတော့ ဘဝဟာ လဒလောက်တောင် မလှဘူး ဖြစ်လာတယ်။ သူ့ခမျာ အထီးကျန်အဖော်မဲ့ ဘဝနဲ့ ခုဆို လ တော်တော်ကြာ နေနေခဲ့ရပြီးပြီ။ အထက်ကဖော်ပြခဲ့တဲ့ နော်ဝေ ငါးတံခွန်-ဆော်လမွန် ငါးလုပ်ငန်းလို ချစ်စရာ စီးပွားရေးလုပ်ငန်းကြီးတွေကို သူမစီမံ မခန့်ခွဲရတာ ကြာတောင်းကြာလှပေါ့။ ဆွီဒင်မှာနေတုန်းကတော့ နိုင်ငံခြားက ဟင်းသီးဟင်းရွက်တွေကို ပေါပေါပဲပဲ တင်သွင်း၊ စီမံထုပ်ပိုးပြီး ဆွီဒင်ဖြစ် အာဟာရပြည့်ဝ ကျန်းမာသန့်ရှင်းသော အစား အသောက်များဆိုပြီး ရောင်းသလေ။ ငွေတွေဝင်မှဝင်ပဲ။ အေးခဲပြီး ဘယ်တော့မှ နေကောင်းကောင်းမပွင့်တဲ့ ကမ္ဘာ့မြောက်ခြမ်းရာသီဥတုမှာ ဖွံ့ဖြိုးပြီးကမ္ဘာရဲ့ အရည်အသွေးမြင့် အနံ့အရသာ ဆောင်ကျဉ်းတဲ့ ခရမ်းချဉ်သီးနဲ့ သခွားသီးတွေဟာ ဖြည်းဖြည်းချင်း ကြီးထွားရင်း ရောမကြီးတွေဖြစ်လာသမို့ တခြားကနေ တင်သွင်း လိမ်ညာလို့မရဘူး။ ဒါမှမဟုတ် ၁၉ ရာစု ကဗျာစာဆိုကြီး ကားလ်ယိုးနပ်စ် လပ်ဗ်အလ်းကွစ် စပ်ဆိုခဲ့သလို ဆွီဒင် ဆီးဖြူသီးဟာ ဆွီဒင်မှာပဲ ရှိလို့နေမှာဆိုတဲ့ စာချိုးအတိုင်း ဆီးဖြူသီး တင်သွင်းရမလား။

ဒါပေမဲ့ ဂျူးလီးယပ်စ်ဟာ ဆီးဖြူသီးကို စိတ်မဝင်စားဘူး။ ဈေးကွက်လည်း သိပ်မရှိဘူး။ ဒါပေမဲ့ ကညွတ်ကတော့ တစ်မျိုးပေါ့။ နွေဦးရောက်ပြီဆိုတာနဲ့ လူတွေဟာ ကညွတ် တစ်စည်းကို ပုံမှန်ဈေးထက် လေးငါးဆ ပိုပေးပြီး ဝယ်ဖို့ ဝန်မလေးကြဘူး။ ဆွီဒင် ကညွတ်သာဖြစ်ပါစေ။

ဂျူးလီးယပ်စ်ဂျွန်ဆင်ရဲ့ ဆိဗ္ဗဒင်ကညွတ် အားလုံးကတော့ ပီရူးက တင်သွင်းလာခဲ့တာတွေပါ။ သူ့လုပ်ငန်းဟာ အတော်ကြာကြာ အခြေအနေကောင်းခဲ့ဖူးတယ်။ ဒါပေမဲ့ ဂျူးလီးယပ်စ်ရဲ့ အလယ်လူ ပွဲစားအုပ်စုထဲက တစ်ယောက်ဟာ လောဘတွေ နင်းကန်ကြီးလာပြီးတော့ စတော့ဟုမ်းဈေးကွက်ထဲကို ဂေါ့လန်မှာ ကညွတ်မပေါ်ခင် ငါးပတ်လောက်စောပြီး ဂေါ့လန်ကညွတ် အမည်တပ် တင်သွင်းလိုက်တဲ့အခါမှာတော့ တီးတိုးကောလာဟလတွေ ပြန့်သွားပြီး ဆိဗ္ဗဒင် အစားအသောက် စစ်ဆေးရေး အာဏာပိုင်တွေ နားထဲ ရောက်သွားခဲ့တယ်။

ဒီလိုနဲ့ မရှိသင့်တဲ့ ရှောင်တခင် ဝင်ရောက် စစ်ဆေးမှုတွေပေါ်လာပြီး ပီရူးကညွတ်အားလုံး သိမ်းခံရ၊ ဥပဒေနဲ့အညီ ဖျက်ဆီးခံလိုက်ရတယ်။ သူ့အဆက်အသွယ်တွေအားလုံး ထောင်ထဲရောက်သွားတယ်။ သူတော့ မပါဘူးပေါ့။

ဥပဒေလက်တံဆိုတာ ဘယ်လောက်ရှည်ရှည်၊ နောက်ကွယ်ကလူဆီ ရောက်လောက်အောင် မရှည်ဘူးဆိုပေမယ့် ဂျူးလီးယပ်စ်ဟာ ဒီလုပ်ငန်းကို စိတ်ကုန်သွားခဲ့တယ်။ အလကား ဆိဗ္ဗဒင်၊ ဖင်ခေါင်းကျယ်တဲ့ ဆိဗ္ဗဒင်၊ ပီရူး ကညွတ်စားပြီး သေတဲ့မသာ ရှိလို့လား၊ ထွီ။

မရဘူး၊ အတိုအထွာသူခိုးတို့ရဲ့ ဂုဏ်ကျက်သရေကို ထိန်းသိမ်းစိမ့်သောငှာ သိက္ခာရှိစွာ အနားယူဖို့ သူ ရွေးချယ်လိုက်တယ်။ ဒါနဲ့ပဲ ဘိုင်းရင့်ချ်ဘူတာဟောင်းကိုငှား၊ နေဖို့ ပြင်ဆင်၊ အိမ်နီးနားချင်းတွေဆီက လျှပ်စစ်မီးကို ခိုးရင်း အေးအေးသက်သာနေတယ်။ အသက်တစ်ရာအဖိုးကြီး သူ့အိမ်တံခါးကို လာမခေါက်ခင် အချိန်အထိပေါ့။ အဖိုးကြီးနာမည်က အယ်လန်၊ သူ့မှာ ခိုးရာပါ ရောမခရီးဆောင်အိတ်ကြီးတစ်လုံး ပါလာတယ်။ နှစ်ယောက်သား အေးအေးချမ်းချမ်း ဖော်ဒကာလေးနဲ့ ညစာအတူစားပြီးတော့ ဒီအိတ်ကြီးကို တူတူဖွင့်တယ်။ အမယ်လေး၊ ပိုက်ဆံတွေ၊ ပိုက်ဆံတွေ၊ သန်းပေါင်းများစွာ။

ဒီလိုနဲ့ ဖြစ်ရပ်တွေဟာ ဆက်ကာဆက်ကာ ဖြစ်ပျက်သွားလိုက်တာ၊ သူတို့ ပိုက်ဆံပြန်ရလိုမှုနဲ့ အတင်းအဓမ္မ လိုက်လာကြတဲ့ ခေါင်းမာတဲ့အကောင် တွေကို တစ်ယောက်ပြီးတစ်ယောက် ခါချ၊ ခွာချရင်း သူတို့တွေ ဘာလီ ရောက်လာကြ။ ဘာလီမှာ ငြိမ့်နေကြ၊ ဟင်း။

ဂျူးလီးယပ်စ် ခေါင်းတယမ်းယမ်းဖြစ်နေတာကို အယ်လန်မြင်တယ်။ ငြီးငွေ့စိတ်ကုန်နေပုံရတဲ့ သူ့ရောင်းရင်းကြီး တစ်ဖန် ပြန်လည်တက်ကြွလာစေဖို့ ကမ္ဘာတစ်ဝန်းက သတင်းဆန်းတွေကို သူ့တက်ပလက်ထဲကနေ ခပ်ကျယ်ကျယ် ဖတ်ပြတယ်။ ရိုမေးနီးယား၊ အီတလီ၊ နော်ဝေ သတင်းတွေပြီးပြီ။ ဟောဒီမယ် တောင်အာဖရိကရဲ့သမ္မတကြီး ဇူးမား၊ မနက်စာ တစ်ခါ စားချိန်ကလေးအတွင်းမှာ ပြည်သူ့အခွန်ငွေထဲကနေ သူ့ပိုင် ကိုယ်ပိုင်ရေကူးကန်နဲ့ ကိုယ်ပိုင်ရုပ်ရှင်ရုံအဖြစ် အသွင်ပြောင်းထားကြောင်း ပေါ်ပေါက်။ ပွဲတစ်ပွဲမှာ အဝတ်အစားခုနှစ်စုံနဲ့ ဖိနပ်ဆယ့်ရှစ်ရန် လဲဝတ်တဲ့ ဆိဗ္ဗဒင်အကအဖွဲ့ ခေါင်းဆောင်မ နေရပ်ပြန်လာတော့

အမှတ်သည်းခြေကြီးတဲ့ အခွန်ဌာနက စောင့်ကြို အခွန်စည်းကြပ်ခံရ။

နို့ပေသိ ဒီသတင်းတွေဟာ ဂျူးလီးယပ်စ်ရဲ့ ယမ်းနေတဲ့ခေါင်းကို မတားနိုင်၊ ရပ်အောင်မလုပ်နိုင်။ တကယ့်စိတ်ကျရောဂါကြီး ဝင်မလာခင် ဂျူးလီးယပ်စ် တစ်ခုခုလုပ်ဖို့ လိုနေပြီ။ အယ်လန်ကတော့ သူ့အနှစ်တစ်ရာ သက်တမ်းအတွင်း ဒါမျိုး တစ်ခါမှ မဖြစ်ဘူးပေါင်။ ဂျူးလီးယပ်စ်ကတော့ တစ်ခုခုလုပ်ဖို့လိုနေတာ အမှန်။

တစ်ညမှာတော့ အယ်လန် အိပ်ရာဝင်သွားပြီးချိန်မှာ ဂျူးလီးယပ်စ်ဟာ စိတ်ညစ်ညစ်နဲ့ ဟိုတယ်ဘားခန်းထဲ ဆင်းချလာတယ်။ ဒေသထွက် အရက်တစ်ခွက် မှာတယ်၊ ဆန်နဲ့ကြံကနေလုပ်ထားတဲ့ အရက်တဲ့၊ ရမ်လိုပဲ၊ အမယ်လေး၊ ပြင်းလွန်းလို့ မျက်ရည်တောင် လည်တယ်၊ ကောင်းတယ်၊ တစ်ခွက်သောက်လိုက်တာ ပြဿနာတွေ သေးသွားတယ်၊ နှစ်ခွက်မြောက်မှာ ပြဿနာတွေ ရှင်းသွားတယ်၊ စိတ်ချရအောင် မအိပ်ခင် သုံးခွက်မြောက်ကို နှံမယ်လို့ စိတ်ကူးထားတယ်။

ပထမခွက်အကုန် ဒုတိယခွက်အကူး ဘားမှာ သူတစ်ယောက်တည်း မဟုတ်ဘူးဆိုတာ ဂျူးလီးယပ်စ် သတိထားမိလာတယ်။ သူနဲ့ ကုလားထိုင် သုံးလုံးအကျော်မှာ လူလတ်ပိုင်းအရွယ် အာရှသားတစ်ယောက် ဒေသထွက် အရက်ခွက်ကိုင်ပြီး ထိုင်နေတယ်။

"ချီးယားစ်"

ဂျူးလီးယပ်စ်က ခွက်မြှောက်ပြရင်း ပြောလိုက်တယ်။

ဟိုလူက ပြန်ပြုံးပြတယ်။ ခွက်မြှောက်ရင်း နှစ်ယောက်သား မော့ချလိုက်ကြတယ်။ မျက်နှာကြီးတွေ ရှုံ့တွသွားကြတယ်။

"ဟား ခုမှပဲ အခြေအနေတွေ ကောင်းသွားတော့တယ်"

အာရှသားဟာ ဂျူးလီးယပ်စ်လိုပဲ မျက်ရည်အဝိုင်းသားနဲ့ ပြောလိုက်တယ်။

"ဒါ ပထမဆုံးခွက်လား"

"မဟုတ်ဘူး နှစ်ခွက်မြောက်ဗျ"

"အော ကျုပ်လည်း တူတူပဲ"

ဂျူးလီးယပ်စ်နဲ့ အာရှသားဟာ တဖြည်းဖြည်း နီးကပ်လို့လာတယ်။ တတိယမြောက်ခွက်ကို စိတ်တူကိုယ်တူ ဆော်ကြဖို့ ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်ခဲ့ပြီးကြပြီ။

ပဋိသန္ထာရ စကားစမြည် အတော်ပြောပြီးမှ ဟိုလူက သူ့ကိုယ်သူ မိတ်ဆက်တယ်။

"ဆင်မရမ် အာယာဘတ် ချက်ကရာပါတီ ဂိုလ်ပါဒက်စ်ပါ တွေ့ရတာ ဝမ်းသာပါတယ်"

နာမည်ပြောပြီး မိတ်ဆက်လိုက်တဲ့လူကို ဂျူးလီးယပ်စ် သေချာ ကြည့်မိတယ်။ သူ့ခန္ဓာကိုယ်ထဲမှာ ဘာလီကြံအရက် အလုံအလောက် ဝင်နေပြီမို့ သူစဉ်းစားနေတာတွေဟာ စကားလုံးအဖြစ် ပါးစပ်က ထွက်ကျလာတယ်။

"ဟင် လောကမှာ အဲသလို နာမည်မျိုး မရှိလောက်ပါဘူး"

အို သိပ်ရှိတာပေါ့၊ မဇ္ဈိမဖွား အိန္ဒိယသားများဟာ ဒီလိုနာမည် မျိုးချည်းပဲ။ အဲဒီ အိန္ဒိယသားကလေးခမျာ သူ့တိုင်းပြည်က သဘောဆိုးတဲ့ လူတစ်ယောက်ရဲ့ သမီးနဲ့ ငြိခဲ့ပေမယ့် ကံအကြောင်းက မလှရှာဘူးတဲ့။ ဟုတ်တာပ ဟုတ်တာပ၊ သမီးရှင်အဖေတွေက အဲသလိုချည်းပဲ။ ဒါပေမဲ့ တစ်မနက်ခင်းလုံး ထိုင်ခေါ်နေတာတောင် မပြီးနိုင်လောက်အောင် ရှည်တဲ့ နာမည်ပိုင်ရှင်ကို သမက်တော်ထားရရင်တော့ တစ်မျိုးပ။ မှည့်စရာရှိတဲ့အလျောက် မှည့်ထားတဲ့ နာမည်ပိုင်ရှင် အာရှသားကတော့ သူ့တည်ရှိမှုနဲ့ ပတ်သက်လို့ တစ်ယူသန်ဝါဒ မစွဲပါဘူး၊ ဒါမှမဟုတ် ဟာသဉာဏ်ရွှင်တာလားတော့မသိ။

"ဒါဆို ကျုပ်နာမည်ကို ဘယ်လိုခေါ်ချင်တုံး ပြော" တဲ့။

ပြည်ပြေး အိန္ဒိယသားကို ဂျူးလီးယပ်စ် သဘောကျသွားတယ်။ ဒါပေမဲ့ မိတ်ဆွေအရင်းအချာ ဖြစ်လာပြီဆိုရင် ဒီနာမည်ကြီးနဲ့တော့ မဖြစ်ချေဘူး။ အခွင့်အရေးကို ရတုန်းယူထားမှ။ ခေါ်စရာအမည်နာမတစ်ခု သူ့ပါးစပ်က ထွက်ကျလာတယ်။

ဂူစတေ့ဗ် ဆဗန်ဆန်၊ နာမည်ဆိုတာ ဒါမျိုးဖြစ်နေရမှာဗျ၊ လျှာကလေးကိုလိပ်ပြီး ခေါ်လို့လည်းကောင်း၊ မှတ်မိဖို့လည်းလွယ်

ဟိုလူက ပြန်ပြောတယ်။ ဆင်မရမ် အာယာဘတ် ချက်ကရာပါတီ ဂိုလ်ပါဒက်စ် ဆိုတဲ့ နာမည်နဲ့ပတ်သက်လို့ ဘယ်တုန်းကမှ အခက်အခဲ မရှိခဲ့ပေမယ့် ဂူစတေ့ဗ် ဆဗန်ဆန် ဆိုမှ ဖြစ်မယ်ဆိုလည်း ဆန်ကြတာပေါ့တဲ့။ ဆွီဒင်နာမည် မဟုတ်လားတဲ့။

ဟုတ်ပ ဟုတ်ပ၊ ဂျူးလီးယပ်စ်က ခေါင်းတဆတ်ဆတ် ညိတ်ပြတယ်။ ဒီထက် ဆွီဒင်တာတောင် ဒီလောက်မဆွီဒင်ဘူး။

အဲဒီအဖြစ်အပျက်ကစလို့ စီးပွားရေးလုပ်ငန်းသစ် တစ်ခုလုပ်ဖို့ အကြံကောင်း ဉာဏ်ကောင်းတွေ သူ့ခေါင်းထဲ အမြစ်တွယ်လာတော့တယ်။

ဂျူးလီးယပ်စ် ဂွန်ဆင်နဲ့ ဆင်မရမ်တို့ဟာ တတိယမြောက် အရက်ခွက် ကုန်ချိန်မှာ ရင်ဘတ်မိတ်ဆွေတွေ ဖြစ်သွားကြတယ်။ နောက်တစ်နေ့ည ထပ်တွေ့ကြဖို့ ဆုံးဖြတ်ချက်ချတယ်။ ဒီနေရာ ဒီအချိန်မှာပဲ။ ရှေ့လျှောက် ဂူစတေ့ဗ်ဆဗန်ဆန် လို့ပဲ ခေါ်မယ်လို့ တစ်ခါတည်း ပြောတယ်။ ဆင်မရမ် အာယာဘတ် ချက်ကရာပါတီ ဂိုလ်ပါဒက်စ်ကလည်း ကောင်းပါတယ်တဲ့။ နာမည်ဟောင်းက သူ့အတွက် ကံသိပ်မကောင်းစေခဲ့ဘူးတဲ့။

ဒီလိုနဲ့ အဘိုးကြီးလေး နှစ်ယောက်ဟာ ညပေါင်းများစွာ ဆုံကြ၊ သောက်ကြ၊ အိန္ဒိယသားဟာ တဖြည်းဖြည်းနဲ့ နာမည်အသစ်ကို ကြိုက်လာတယ်။ တကယ်တော့ သူတို့နှစ်ယောက် စတွေ့တဲ့ညကမှ သူဟာ နာမည် အဟောင်းနဲ့ ဟိုတယ်မှာ ချက်အင်လုပ်ထားတာ။

သူနဲ့ ဂျူးလီးယပ်စ်ဟာ လက်တွဲဆောင်ရွက်လတ္တံ့သော

အနာဂတ်စီမံကိန်းကြီးများအတွက် အစီအမံတွေ လုပ်နေရတဲ့အတွက် ဟိုတယ်မှာ ဆက်နေတယ်။ ဟိုတယ်မန်နေဂျာက ဟိုတယ်ခပေးဖို့ မကြာခဏ ကျယ်ကျယ်လောင်လောင် တိုက်တွန်းလာချိန်မှာ တော့ ဒီနေရာကနေ သူ ထာဝရ ထွက်ခွာတော့မယ်လို့ ဂူစတေ့ဗ်ဟာ ဂျူးလီးယပ်စ်ကို ပြောတယ်။ ငွေမချေဘူး၊ ဘာမှမပြောဘူး။ ဆင်မရမ့်အတွက် ဟိုတယ်ခကို ဘဇာကြောင့် ဂူစတေ့ဗ်က ချေရမလဲလေ။ ဟိုတယ်မန်နေဂျာ ကတော့ ဒါကို ဘယ်နားလည်ရှာလိမ့်မလဲ။

ဒါပေမဲ့ ဂျူးလီးယပ်စ်က နားလည်တယ်၊ အပြည့်အဝကို နားလည်တာ။ ကဲ ဘယ်အချိန်ထွက်ခွာမယ် မှန်းထားတုံး။

"နောက်ဆယ့်ငါးမိနစ်အတွင်းပေါ့"

ဒါကိုလည်း ဂျူးလီးယပ်စ် အပြည့်အဝ နားလည်တာပဲ။ ဒါပေမဲ့ မိတ်ဆွေသစ်နဲ့ သူ မခွဲချင်သေးဘူး။ ဒါကြောင့် အယ်လန် သူ့ကို ပေးထားတဲ့ ဖုန်းကို ဂူစတေ့ဗ်ကို ပေးလိုက်တယ်။

"ကဲ ရော့၊ ကျုပ်က အခန်းထဲက ဖုန်းနဲ့ ခင်ဗျားဆီ ခေါ်လို့ရတယ်၊ ကဲ သွားတော့၊ မီးဖိုချောင်ထဲကနေ သွား၊ ကျုပ်ဆို အဲသလိုသွားမှာပဲ"

ဂူစတေ့ဗ်က ဂျူးလီးယပ်စ်ရဲ့ အကြံအတိုင်း လိုက်နာပြီး မြင်ကွင်းထဲက ပျောက်သွားတယ်။ အဲဒီညနေမှာ ဟိုတယ်မန်နေဂျာဟာ အငွေ့ပျံသလို ပျောက်သွားတဲ့ အိန္ဒိယဧည့်သည်ကြောင့် တစ်နာရီလောက် ဆွေ့ဆွေ့ခုန်ရင်း ဆောက်တည်ရာမရ ဖြစ်နေလေရဲ့။

ဂျူးလီးယပ်စ်နဲ့ အယ်လန် နှစ်ယောက်သား ကမ်းခြေမှာ နေဝင်တာကို ပက်လက်ကုလားထိုင်ကိုယ်စီ သောက်စရာခွက်ကိုယ်စီနဲ့ ထိုင်ရှုစားနေတုန်း ဟိုတယ်မန်နေဂျာဟာ နှောင့်ယှက်မိတဲ့အတွက် လွန်တာရှိက ဝန္ဒာမိ မျက်နှာ ပေးမျိုးနဲ့ ရောက်လာတယ်။ သူက မေးတယ်။

"မစ္စတာဂျွန်ဆင် ခင်ဗျား၊ ကျွန်တော်တို့ရဲ့ ဧည့်သည် ဆင်မရမ်အာယာဘတ် ချက်ကရာပါတီ ဂိုလ်ပါဒက်စ် တစ်ယောက်များ တွေ့မိသေးသလား ဆိုတာမေးပါရစေ၊ ဒီရက်ပိုင်းအတွင်း လူကြီးမင်းတို့နှစ်ယောက်ကို တတွဲတွဲ တွေ့မိသလားလို့"

"ဘာ-ဆင် ဘယ်သူ-ဘာပြောတာတုံး"

ဒီလိုနဲ့ ဂူစတေ့ဗ်ဆဗန်ဆန်နဲ့ ဂျူးလီးယပ်စ်ဂျွန်ဆင်တို့ဟာ အလုပ်ကိစ္စ ပြောစရာကြုံလေတိုင်း အပြင်မှာ တွေ့ကြရတယ်။ အိန္ဒိယဧည့်သည် ပျောက်ဆုံးသွားရခြင်းကိစ္စမှာ မန်နေဂျာအနေနဲ့ ဂျူးလီးယပ်စ်ကို အပြစ် ပုံမချနိုင်ပေမယ့် သံသယကတော့ မကင်းခဲ့ဘူး။ ဒါပေမဲ့ ဒီအဘိုးကြီးနှစ်ယောက်က ငွေမှန်မှန်ရှင်းတဲ့လူတွေပဲ၊ ကြာ-ကြာလှပြီ။ ဒါပေမဲ့ ခု သူတို့ပေးရမယ့် ငွေပမာဏက များလာပြီ။ သတိနဲ့ဆက်ဆံမှ ဖြစ်မယ်။

ဘာလီကျွန်းမြို့တော် ဒန်ပါဆာမြို့လယ်ကောင်က ဘားစုတ်ဘားပြတ် တစ်ခုမှာ သူတို့ ချိန်းပြီးတွေ့ကြတယ်။ တကယ်တော့ ဂူစတေ့ဗ်ဟာ ဂျူးလီးယပ်စ်နဲ့

သွေးတူမွေးတူပဲ။ တစ်ယောက်ယောက်ကို တစ်ခုခု လုပ်လွှတ်လိုက်ရမှ ကျေနပ်တဲ့လူ၊ မာယာသာဒွေယျသမား။ ဌာနေအိန္ဒိယမှာတုန်းက ကားအမျိုးမျိုးငှားစီးပြီး ရောမသူဌေးကြီးလို ဟန်ခါတ် ခုတ်နေခဲ့ဖူးတယ်။ ငှားထားတဲ့ ကားသစ်က အင်ဂျင်အသစ်ကိုဖြုတ်၊ အင်ဂျင်ဟောင်းနဲ့လဲပြီး ပြန်ပေးတယ်။ ငှားလိုက်တဲ့ကားဟာ အလိုလိုနေရင်း သက်တမ်း ခုနစ်နှစ်လောက် အိုသွားတာကို လပေါင်းများစွာကြာမှ ကားအငှား အေဂျင်စီ ခမျာ သိရှာတယ်။ ငှားသူ ရာပေါင်းများစွာထဲက ဘယ်သူ့ကို ယိုးစွပ်ရမတုန်း၊ အို-ဝန်ထမ်းတွေထဲကလည်း ဖြစ်နိုင်တာပဲလေ။

အဲဒီကာလတွေတုန်းက ကားလှလှလေးတွေဟာ ဂူစတေ့ဗ်ရဲ့ နေ့စဉ်ဘဝ အစိတ်အပိုင်းတစ်ခု ဖြစ်ခဲ့ဖူးတာပ။ ကားက ကောင်းလေလေ၊ မိန်းမလှလှတွေကို ဆွဲဆောင်နိုင်စွမ်း အားကြီးလေလေ ဆိုတာကို သူ သတိပြုမိတယ်။ ဒီ ညီမျှခြင်းကြောင့်ပဲ တစ်ခါမက ပြဿနာတွေနဲ့ ရင်ဆိုင်ရဖူးတယ်။ ခုတော့ ကားတွေ၊ မိန်းမတွေနဲ့ အမိမြေ အိန္ဒိယကို စွန့်ခွာတာ အကောင်းဆုံးပဲ ဆိုတာကို သူသိခဲ့ပြီ။ ပါလီမန်အမတ်မင်းလည်းဖြစ်၊ တပ်မတော်အကြီးအကဲ တစ်ဦးလည်းဖြစ်တဲ့ လူကြီးမင်းတစ်ယောက်ရဲ့ သမီးကညာကို သူကားနဲ့ ဖျားယောင်းရင်း ယီးတီးယားတားလုပ်ရာက ပဋိသန္ဓေ စွဲကပ်လာတဲ့အခါ ဂူစတေ့ဗ်ဟာ မဟာဇာ့ပြုဟာကျကျ သမီးတော်ကို လက်ထပ်ခွင့်တောင်းနေတုန်း ဖခင်စစ်မင်း၊ အမတ်မင်းက သမီးတော့ မရဘူး၊ ခုနစ်နံပါတ်တပ်မတော်ပဲ ရမယ်လို့ တုံ့ပြန်ပြီးကတည်းက ဒီလိုစွန့်ခွာဖို့ သူ ဆုံးဖြတ်လိုက်ရတော့တာ ပါပဲ။

“ဟာ တကယ့် ဦးစိတ်တိုပါလား၊

သူ့သမီးအတွက် ဘာက အကောင်းဆုံးဖြစ်မယ်ဆိုတာကို မစဉ်းစားတတ်တော့ဘူးလား”

ဂူစတေ့ဗ်ရဲ့ ဘဝဇာတ်လမ်းကို နားထောင်ရင်း ဂျူးလီးယပ်စ်က မှတ်ချက်ချတယ်။

ဒီမှတ်ချက်ကို ဂူစတေ့ဗ်ကလည်း သဘောတူတယ်။ အခြေအနေကို ပိုဆိုးစေတာကတော့ အဲဒီအမတ်မင်း အလုပ်ကိစ္စနဲ့ စင်ကာပူသွားပြီး ပြန်လာတော့ သူအင်မတန်နှစ်သက်တဲ့ ဆလင်ဒါ ခြောက်လုံးထိုး ဘီအမ်ဒဘလျူ ကားကြီးဟာ ဆလင်ဒါ လေးလုံး ထိုးဖြစ်သွားတာကြောင့်ပဲတဲ့။

“ဒါနဲ့ သူက ခင်ဗျားကို အပြစ်ပုံချရောလား”

“ဟုတ်ပဗျာ၊ အထောက်အထားလည်း မရှိဘဲနဲ့”

“ခင်ဗျားကရော တကယ်အပြစ်ကင်းလို့လား”

“ဒါကတော့ မေးစရာမလိုဘူးလေ”

နောက်ဆုံး နိဂုံးချုပ်လိုက်တော့ ဆင်မရမ် အာယာဘတ် ချက်ကရာ ပါတီ ဂိုလ်ပါဒက်စ် ဆိုတဲ့လူ ဒီကမ္ဘာလောကမှာ မရှိသင့်တော့ဘူးဆိုတာကို ဂူစတေ့ဗ်က လက်ခံလိုက်တယ်။

"အေးဗျာတစ်ခုပဲ ဆင်မရမ်ခမျာ ဟိုတယ်မှာတောင် ဖင်နွေးအောင် မနေလိုက်ရရှာဘူး၊ တွေ့ဦးမယ် သူငယ်ချင်းကြီးရေ"

ဘားမှာ တွေ့ခဲ့ကြပြီးတဲ့နောက် ဂျူးလီးယပ်စ်ဂျွန်ဆင်နဲ့ သူ့ပါတနာသစ် ဂူစတေ့ဗ်ဆဗန်ဆန်တို့ဟာ ခရီးဆောင်အိတ်ကြီးထဲက ငွေလက်ကျန်တွေရဲ့ အကူအညီနဲ့ ဘာလီတောင်တန်းတွေပေါ်က ကညွတ်စိုက်ခင်းတစ်ခုကို အရဝယ်လိုက်ကြတော့တယ်။ ဂျူးလီးယပ်စ်က ငွေရှင်၊ ဂူစတေ့ဗ်က စိုက်ခင်းမန်နေဂျာ၊ ဘာလီကျွန်းသား အမွဲများကတော့ စိုက်ခင်းထဲ ခါးချိုးရင်း စိုက်ကြ ပျိုးကြပေါ့။

ဆွီဒင်မှာကျန်ရစ်တဲ့ အဆက်အသွယ်ဟောင်းတွေရဲ့ ကျေးဇူးနဲ့ ခုတော့ "ဂူစတေ့ဗ် ဆဗန်ဆန်၏ ကိုယ်ပိုင်စိုက်ခင်းထွက် ကညွတ်များ" ဆိုသော အပြာနဲ့ အဝါ ဖဲကြိုးလေးတွေစည်းထားတဲ့ ကညွတ်စည်းတွေဟာ ဆွီဒင်ကို တင်ပို့ဖို့ အဆင်သင့် ဖြစ်နေခဲ့ပြီ။ ဒါ ဆွီဒင်ပြည်ဖြစ် ကညွတ်စစ်စစ်ပါလို့ ဂျူးလီးယပ်စ်ရော၊ ခုမှ ဆွီဒင်နာမည် ကောက်ပေးထားတဲ့လူရော တစ်ခါမှ မကြွေးကြော်ဖူးဘူး။ ဆွီဒင်ပြည်ဖြစ်လို့ ပြောစရာကတော့ အဆမတန် ကြီးတဲ့ဈေးရယ်၊ ဆွီဒင်နာမည်နဲ့ အိန္ဒိယသားရဲ့ ကညွတ်စည်းတွေ ဖြစ်နေ တာရယ်ပါပဲ။ ဒါ ပီရူးကိစ္စတုန်းကလို တရားမဝင်တာ မဟုတ်ဘူးလို့ ဂျူးလီးယပ်စ်က ယူဆတယ်။ လုပ်ငန်းကလည်း ထင်ထားသလို ကောင်းပါတယ်။ ဆွီဒင်ကညွတ်ဟာ ကမ္ဘာတစ်ဝန်းမှာ ကောင်းသတင်းနဲ့ ကျော်စော လေတော့ ဂူစတေ့ဗ်ရဲ့ ဘာလီကျွန်းထွက်ကညွတ်ဟာ ဆွီဒင်ကို ပို့နိုင်ရုံတင် မကဘဲ တစ်ကမ္ဘာလုံးက ဇိမ်ခံဟိုတယ်အားလုံးကို ပို့နိုင်သလေ။ ဘာလီက အင်တာနေရှင်နယ် ဟိုတယ်ကြီးတွေကလည်း အလုအယက် မှာကြတာပေါ့။ ဒါမှ ကမ္ဘာ့အဆင့်မီမှာလေ။ ဒါမှ ဧည့်သည်တွေကို ဒေသထွက် အတုအပ ပစ္စည်းတွေ တည်ခင်းမိတဲ့ အန္တရာယ်က လွတ်မှာလေ။ ငွေတော့ ပိုကုန်တာ ပေါ့။ အို-ကုန်ပေ့စေ)၊

ဂျူးလီးယပ်စ်တစ်ယောက် ပုံမှန်အတိုင်း တက်တက်ကြွကြွ ပြန်ဖြစ် လာတဲ့အတွက် အယ်လန်ကလည်း ကျေနပ်ပါတယ်။ သူတို့နှစ်ယောက် အတွက် ဘဝဟာ ကျေနပ်စရာပေါ့။ အဲ-မျှော်လင့်မထားတာ တစ်ခုတော့ ဖြစ်လာခဲ့တယ်။ ဘယ်တော့မှ မကုန်တော့ဘူးလို့ ထင်ခဲ့တဲ့ ခရီးဆောင် အိတ်ကြီးထဲက ငွေတွေ ကုန်ခမ်းစပြုလာတာပဲ။ ကညွတ်စိုက်ခင်းတွေက ဝင်ငွေဟာ မနည်းပေမယ့် ခုထိတော့ မကာမိသေးဘူးလေ။ အယ်လန်ကြီးက ခေါင်ခိုက်အောင် ဈေးကြီးလှတဲ့ ဆွီဒင် ကညွတ်ဟင်းတွေချည်း မှာမှာစားနေ တာကိုး။

သူတို့ရဲ့ ငွေရေးကြေးရေး အခြေအနေကို အခါအခွင့်သင့်ရင် အယ်လန်နဲ့ ဆွေးနွေးဖို့ ဂျူးလီးယပ်စ်က အားခဲထားတယ်။ တစ်မနက်တော့ မနက်စာစားချိန်မှာ အခါအခွင့်က သင့်လာတယ်။ အယ်လန်ဟာ ထုံးစံအတိုင်း သူ့တက်ပလက်မည်းလေးကို တကြည့်ကြည့်နဲ့။ ဒီမနက်ရဲ့ သတင်းဦးသတင်းထူးကတော့ ညီအစ်ကိုသားချင်းကြားက ချစ်ခြင်းတရားဆိုင်ရာ

ဇာတ်လမ်းတစ်ပုဒ်ပဲ။ မြောက်ကိုရီးယားခေါင်းဆောင်ကြီး ကင်ဂျုံအန်ဟာ မလေးရှားလေဆိပ်တစ်ခုမှာ သူ့အစ်ကိုကို အောင်မြင်စွာ အဆိပ်နဲ့ လုပ်ကြံ သတ်ဖြတ်ခိုင်းလိုက်နိုင်သတဲ့။ အယ်လန်ကတော့ မအံ့သြပေါင်။ မစ္စတာ ကင်ဂျုံအန်လေးရဲ့ အဖေတို့၊ အဘိုးတို့နဲ့ သူ ဆက်ဆံဖူးခဲ့လေသကိုး။ သူက ဂျူးလီးယပ်စ်ကို ခုလို စားမြုံ့ပြန်နေတယ်။

"အင်း သူ့အဖေရော သူ့အဘိုးရော ကျုပ်ကို သတ်ပစ်ဖို့ ရည်ရွယ်ရင်း ရှိကြသဗျ၊ ခု သူတို့နှစ်ယောက်လုံး သေကြပြီ။ ကျုပ်က ဒီမှာ ထိုင်နေတုန်းပဲ၊ ဩော်-ဘဝ ဘဝ"

အယ်လန့်အတိတ်အကြောင်းနဲ့ ပတ်သက်လို့ နားရည်ဝနေတဲ့ ဂျူးလီးယပ်စ်ဟာ ဒီစကားတွေကို မအံ့သြတော့ပါဘူး။ အရင်ကလည်း ကြားဖူးပြီးသားလို့ ထင်တာပဲ။ ဒါပေမဲ့ မနေနိုင်ဘူး။ မေးမိပြန်တယ်။

"ဟင် ခင်ဗျားက မြောက်ကိုရီးယားခေါင်းဆောင်ရဲ့ အဖေနဲ့ရော အဘိုးနဲ့ပါ တွေ့ဖူးတယ်လား၊ ခင်ဗျားအသက် ဘယ်နှနှစ်ရှိပြီတုံး"

"အသက်က တစ်ရာလေ၊ တစ်ရာ့တစ်နှစ်ထဲ ဝင်ပြီပေါ့။ ဟုတ်ပ တွေ့ဖူးတယ်လေ၊ သူ့အဘိုးက ကင်အီဆွန်း၊ သူ့အဖေက ကင်ဂျုံအီးတဲ့ဗျ၊ ကင်ဂျုံအီးက ကင်အီဆွန်းရဲ့ တစ်ဦးတည်းသော သားမှတ်တယ်၊ စောက်ကျိုးနည်း ဒေါသကြီးတဲ့ကောင်"

ဒီအကြောင်း ထပ်မေးချင်စိတ်ကို ဂျူးလီးယပ်စ်က အတင်းကြိတ်မှိတ် မျိုချလိုက်တယ်။ သူ ဆွေးနွေးဖို့ ကြံစည်ထားတဲ့ အကြောင်းအရာဆီ ရောက်အောင်ခေါ်သွားရမယ်လေ။

ကဲ ငွေအပြည့်နဲ့ ခရီးဆောင်အိတ်ကြီးဟာ ခုတော့ ငွေမဲ့ ဟောင်းလောင်းအိတ်ကြီးအဖြစ် အသွင်ပြောင်းလာပြီ။ လွန်ခဲ့တဲ့ နှစ်လခွဲ လောက်ကစပြီး ဟိုတယ်ကို သူတို့ အကြွေးတွေ တင်နေပြီ။ အကြွေး ဘယ်လောက်များနေပြီဆိုတာတော့ မစဉ်းစားချင်ပေါင်။

"အေးလေ ဒါဆိုလည်း မစဉ်းစားနဲ့ပေါ့"

အယ်လန်က ပလုပ်ပလောင်းနဲ့ ပြောလိုက်တယ်။

မစဉ်းစားချင်ပေမယ့်လို့ ငှားထားတဲ့ လှေဖိုးကို တစ်ပတ်အတွင်းပေးဖို့ လှေရှင်က ရာဇသံပေးနေပြီလို့ ဂျူးလီးယပ်စ်က ပြောလိုက်တယ်။

"ဟေ-လှေ၊ ဟုတ်စ၊ ကျုပ်တို့ လှေငှားဖူးလို့လား"

"ငါးမျှားဖို့ ငှားမိတဲ့ ဇိမ်ခံရွက်လှေလေ"

"အိုး ဟုတ်တာပေါ့၊ ဒါက လှေပေါ့လေ၊ အွန်း အွန်း"

အယ်လန့်ရဲ့ တစ်ရာ့တစ်နှစ်ပြည့်မွေးနေ့မှာ အံ့ချီးဖွယ်ရာအစီအစဉ်တွေ လုပ်ပေးဖို့ စီမံထားပေမယ့် ခုတော့ ငွေရေးကြေးရေးအရ ဘယ်လာဖွန်တေတွေ ဘာတွေ မငှားနိုင်လောက်တော့ဘူးလို့ ဂျူးလီးယပ်စ်က ဝန်ခံရှာတယ်။

"ဩော်... သူ့ကို တစ်ခါတွေ့ဖူးပြီးသားပဲ၊ ကျုပ်က မွေးနေ့မင်္ဂလာ

တွေဘာတွေ မလိုချင်ပါဘူး မပူစမ်းနဲ့"

အယ်လန်က မပူနဲ့ဆိုပေမယ့် ဂျူးလီးယပ်စ်က ပူတယ်။ သူ့မွေးနေ့ တုန်းက ဘယ်လာဖွန်တေကို ငှားပေးတာကို အင်မတန် တန်ဖိုးထားကြောင်း ပြန်သက်သေပြချင်နေတယ်။ သူ့အပေါ် အယ်လန့်ထက်ပိုပြီး ဘယ်သူမှ မကောင်းခဲ့ဖူးဘူးလေ။

"ခင်ဗျားမွေးနေ့မှာ သီချင်းက ကျုပ်ဆိုတာမှ မဟုတ်ဘဲ"

အယ်လန်က ခုလိုပြန်ပြောပေမယ့် ဂျူးလီးယပ်စ်က မရဘူး။ မွေးနေ့ပါတီ လုပ်ကိုလုပ်မှ ဖြစ်မတဲ့။ မွေးနေ့ကိတ်လည်း အကြွေးနဲ့ မှာပြီးပြီ တဲ့။ ရှန်ပိန်နှစ်ပုလင်းနဲ့အတူ ဘာလီကျွန်း တစ်ပတ်ပတ်ဖို့ အပျော်စီး မိုးပျံဘောလုံးလည်း မှာထားပြီးပြီတဲ့။

မိုးပျံပူဖောင်းစီးရတာကိုတော့ အယ်လန်က သဘောကျပါတယ်။ ငွေချေတာချင်ရင် ကိတ်မုန့် မမှာနဲ့ပေါ့၊ ဖယောင်းတိုင် တစ်ရာ့တစ်တိုင် ဆိုရင်ကို မနည်းဘူးမဟုတ်လား။

ဖယောင်းတိုင် တစ်ရာ့တစ်တိုင်နဲ့တော့ ပိုပြီး ထူးမယ်မထင်၊ မနေ့ည က ခရီးဆောင်အိတ်ဖွင့်ပြီး ငွေလက်ကျန်ကို စစ်ပြီးပြီ။ ဟိုတယ်ကိုပေးဖို့၊ ရွက်လှေငှားခ ပေးဖို့နဲ့ဆိုရင် အင်း.....။

"ကျွန်တော်တို့ ဒေါ်လာတစ်သိန်းလောက် အကြွေးတင်နေပြီဗျ"

ဂျူးလီးယပ်စ်က ပြောလိုက်တယ်။

"ဖယောင်းတိုင်တွေ ပါပြီးသားလား၊ မပါသေးဘူးလား"

အယ်လန်က ပြန်မေးလိုက်တယ်။

※※※

(၃) အင်ဒိုနီးရှား

အသက်တစ်ရာကျော်လာတဲ့ အဘိုးကြီးဟာ သူ့ဘဝမှာ ကြုံတွေ့ခဲ့ရတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ အမြဲ တည်တည်ငြိမ်ငြိမ်ရှိခဲ့တာပဲ။ ရာဇဝင်မှာ စာတင်ရလောက်အောင် မွှေခဲ့တဲ့ အချိန်ကာလတချို့က လွဲလို့ပေါ့။ ပမာ အားဖြင့် ၁၉၄၈ မှာ ရဲဘော်ကြီး စတာလင်ကို ယီးတီး ယားတား သွားလုပ်လို့ ဂူလက်မှာ ငါးနှစ် အကျဉ်းစံရ တာမျိုးပေါ့။ ဂူလက်က လွတ်လာချိန်မှာ သူ ထပ်မံ တွေ့ရှိခဲ့ရတာကတော့ မြောက်ကိုရီးယားတွေဟာ သူ့ကို ဝန်းရံသူကောင်းတွေ မဟုတ်ကြဘူးဆိုတာ သူ တွေ့ရှိခဲ့ရ ပြန်တယ်။

ထားပါတော့၊ အတိတ်ကို အတိတ်မှာပဲထားခဲ့တာ ကောင်းပါတယ်လေ။ ခု ဂျူးလီးယပ်စ် အလွန်အင်မတန် လုပ်ပေးချင်နေတဲ့ သူ့တစ်ရာ့တစ်နှစ်ပြည့် မွေးနေ့မင်္ဂလာကို လုပ်ဖို့သဘောတူကြပြီ။ ပြီးတော့ ဘဏ္ဍာရေးကိစ္စ ဆွေးနွေးတိုင်ပင်ကြတယ်။

အင်းလေ ကံကောင်းထောက်မရင် ငွေအပြည့်နဲ့ အိတ်အသစ်ကြီး ဘွားကနဲ ပေါ်ချင်ပေါ်လာဦးမှာပေါ့။ ဂျူးလီးယပ်စ်ကတော့ အဲလိုပေါ်လာမယ်လို့ နည်းနည်းမှ မထင်ပါဘူး။ ဒါပေမဲ့ အယ်လန့်နားမှာနေရင် ဘယ်အချိန် ဘာဖြစ်မယ်ဆိုတာ ဘယ်သူမှ သေချာမသိနိုင်ဘူးမဟုတ်လား။ ကြည့်ပါလား၊ ခုလို ကျပ်တည်း နေချိန်မှာတောင် အဘိုးကြီး အယ်လန်ဟာ မိုးပျံပူဖောင်းခရီးစဉ်အတွက် ရှန်ပိန် နှစ်လုံးက နည်းတယ်၊ လေးလုံးတော့ လုပ်လိုက်လို့ ဈေးဆစ်နေတယ်။ လေထဲမှာ ကိုယ့်ကိုယ်ကိုယ် ပျော်မြူးစေဖို့ ရှန်ပိန်ဆိုတာ လိုတယ်ကိုး‌တဲ့။

"ဆန်းဒဝှစ်ချ် နည်းနည်းလည်း လိုမှာပေါ့"

ဂျူးလီးယပ်စ်က ပြောလိုက်တယ်။

"ဟင် ဆန်းဒဝှစ်ချ်က ဘာလုပ်ဖို့တုံး"

ဒီရက်ပိုင်းတွေမှာ ဟိုတယ်မန်နေဂျာဟာ အဘိုးကြီးနဲ့ ပိုပြီးအိုတဲ့ အဘိုးတကာ့အဘိုးကြီး နှစ်ယောက်ကို မျက်စိဒေါက်ထောက် ကြည့်နေရတယ်။ ကြည့်ဆို သူတို့ပေးချေရမယ့် ငွေပမာဏက ဒေါ်လာတစ်သိန်းခွဲ ကျော်လာပြီ မဟုတ်လား။ အစကတော့ ဒီ စကင်ဒီနေဗီးယန်း ဘိုးတော် ကြီးနှစ်ယောက်အတွက် ဒီငွေလောက်က ဒါလေးများဆိုတဲ့ ပမာဏပဲ၊ ဒါဆို ပေးလေ၊ ဘာလို့ အကြာကြီးမပေးဘဲ နေကြတာတုန်း။ ဒါကြောင့် ဟိုတယ် မန်နေဂျာဟာ အဘိုးကြီး နှစ်ယောက်ရဲ့ ဇိမ်ခံဘန်ဂလိုလေးနားမှာ မသိမသာ ညစောင့်ထားလိုက်တယ်။ တော်ကြာ ပြတင်းပေါက်ကနေ ကျော်မပြေးဘူးလို့ မပြောနိုင်ဘူး မဟုတ်လား။

ဒါပေမဲ့လို့ မစ္စတာဂျွန်ဆင်နဲ့ မစ္စတာကားလ်ဆန်ကို ပုံမှန်အတိုင်း ရိုရိုကျိုးကျိုး ဆက်ဆံဖို့တော့လိုတယ်။ မစ္စတာဂျွန်ဆင်က သီတင်းပတ် မကုန်ခင် ငွေတွေ အများကြီး ရစရာရှိတယ်ဆိုတာကိုး။ ဒါပေမဲ့ ဂျွန်ဆင်က အဲသလို ခဏခဏ

ပြောတာပဲ။ သူ့ငွေတွေကို ချစ်လွန်းလို့များ မပေးချင်တာ လားမသိ။ နို့ ဘယ်သူကများ ပေးချင်လို့လဲ။

ကဲလေ-ဘိုးတော်ကြီး အယ်လန့်မွေးနေ့ထိ စောင့်မယ်၊ အဲဒီကျမှာ ကိတ်မုန့်စားရင်း စကားစကြည့်တာပေါ့။ စောင့်လိုက်ဦးမယ်။

မွေးနေ့ရှင်ကလေး မောင်မောင် အယ်လန်၊ ဂျူးလီးယပ်စ်၊ ဟိုတယ် မန်နေဂျာနဲ့ မိုးပျံပူဖောင်းမောင်းတဲ့လူတွေအပြင် ဂူစတေ့ဗ်ဆဗန်ဆန်ဟာလည်း အယ်လန့်ရဲ့ မွေးနေ့ပါတီကို တက်ချင်တာပေါ့။ ဒါပေမဲ့ မဖြစ်ချေဘူး။

ပူဖောင်းကြီးကတော့ လေဖြည့်ပြီး ပျံသန်းဖို့ အဆင်သင့်ဖြစ်နေပြီ။ အုန်းပင်မှာချည်ထားတဲ့ ကြိုးကို ဖြုတ်လိုက်ရင် မိုးပေါ် ထိုးတက်သွားတော့မှာ။ ပူဖောင်းကို လေသွင်းပြီး အချိန်အဆလုပ်နေတဲ့ မိုးပျံပူဖောင်းမောင်းတဲ့လူရဲ့ ကိုးနှစ်သား သားကလေးကတော့ မနီးမဝေးမှာရှိနေတဲ့ ကိတ်မုန့်ကြီးကို စောင်းငန်းစောင်းငန်းလုပ်ရင်း မစားလိုက်ရမှာစိုးလို့ စိတ်တွေ ဖိစီးနေရှာတယ်။

ကိတ်မုန့်ကြီးပေါ်က မလိုဘဲထွန်းထားတဲ့ ဖယောင်းတိုင် တစ်ရာ့ တစ်တိုင်ကို အယ်လန်ဟာ ငေးနေမိတယ်။ အလကား ငွေဖြုန်းတာသက်သက်ပဲ။ အချိန်လည်း ဖြုန်းတာပဲ။ ဒါတွေအားလုံး မီးညှိဖို့ ဂျူးလီးယပ်စ်ဟာ အချိန်အတော်ပေးရတယ်။ ဟိုတယ်မန်နေဂျာရဲ့ ရွှေရောင်မီးခြစ်ကို ငှားပြီး ညှိတာပေါ့ (နောက်တော့ ဒီမီးခြစ်ဟာ ဂျူးလီးယပ်စ်ရဲ့ အိတ်ကပ်ထဲ ပါလာခဲ့ တယ်)။

အနည်းဆုံးတော့ ကိတ်ကလေးက အရသာရှိလို့ တော်သေးတယ်။ ရှန်ပိန်ကတော့ ရှန်ပိန်လိုပဲ အရသာထွက်တာပေါ့။ ဟိုတယ်မန်နေဂျာက ရှန်ပိန်ဖန်ခွက်ကို မြှောက်ရင်း မိန့်ခွန်းပြောဖို့ ကြိုးစားနေတယ်။

"ချစ်လှစွာသော မစ္စတာကားလ်ဆန် ခင်ဗျား"

စပြောရုံရှိသေး အယ်လန်က ကြားဖြတ် ပိတ်ပြောလိုက်တယ်။

"မိန့်ခွန်းက သိပ်ကောင်းတယ် မစ္စတာမန်နေဂျာ၊ ချစ်ခင်နှစ်လို့ဖွယ်ပဲ ခင်ဗျား၊ ကျုပ်ရဲ့ နောက်တစ်ကြိမ် မွေးနေ့ရောက်တဲ့ထိ ကျုပ်တို့အားလုံး ဒီသဲသောင်ပြင်ပေါ် ရပ်မစောင့်နိုင်ဘူးမဟုတ်လား၊ မိုးပျံပူဖောင်းပေါ် တက်ချင် ပြီဗျ"

မန်နေဂျာဟာ အိုးတိုးအမ်းတမ်းနဲ့ ဘာပြောရမှန်းမသိဖြစ်နေချိန်မှာ ဂျူးလီးယပ်စ်က မိုးပျံပူဖောင်းပိုင်းလော့ကို ခေါင်းညိတ်ပြလိုက်တယ်။ ပိုင်းလော့က စားလက်စကိတ်ကို ပါးစပ်ထဲ အတင်းထိုးထည့် လက်စသတ် လိုက်တယ်။ ဒီကိုရောက်နေရခြင်း အဓိကအကြောင်းရင်းက အလုပ်လုပ်ဖို့လေ။

"အိုကေလေ-ခဏလေးပါ၊ လေဆိပ်က မိုးလေဝသဌာနကို ဖုန်းဆက်မေးလိုက်ဦးမယ်၊ လေကြောင်းမပြောင်းတာ သေချာအောင်လို့ဗျို့၊ တစ်မိနစ်အတွင်း ပြန်လာမယ်ခင်ဗျ"

ဒီလိုနဲ့ မန်နေဂျာ ကြံစည်ထားတဲ့ မိန့်ခွန်းတော်ကြီး အစပျောက်သွားတယ်။ ကဲ ယာဉ်ပေါ်တက်ကြစို့၊ ပူဖောင်းအောက်က ခြင်းတောင်းကြီးထဲ တက်ရတာ အယ်လန့်လို တစ်ရာ့တစ်နှစ်အဖိုးကြီးအတွက်တောင် အလွယ် လေးပါ။

အပြင်ဘက်မှာ လှေကားထစ်လေး ခြောက်ထစ်၊ အတွင်းကိုဆင်းတဲ့ လှေကားထစ်လေး သုံးထစ်နဲ့ ခေါက်ယူလို့ရတဲ့ လှေကားအရှင်လေး တပ်ထား တာ ချစ်စရာ။

"ဟယ်လို မစ္စတာလူကလေး"

အယ်လန်က ပိုင်းလော့ရဲ့သား ကိုးနှစ်ကလေးလေးရဲ့ ဆံပင်ကို ပွတ်သပ်ရင်း နှုတ်ဆက်လိုက်တယ်။

"ကောင်းသောနေ့ပါ ခင်ဗျာ"

ကောင်ကလေးက ရှက်ကိုးရှက်ကန်းနဲ့ ပြန်နှုတ်ဆက်တယ်။ သူဟာ သူ့အလုပ်သူ အင်မတန်သိတဲ့ ကောင်ကလေးပဲ။ ခု နိုင်ငံခြားသား လူကြီး နှစ်ယောက် ခြင်းတောင်းထဲ ရောက်ပြီ။ သူတို့အလေးချိန်ကြောင့် ထိန်းကြိုး မလိုတော့ဘူး။

ဂျူးလီးယပ်စ်ဟာ ကောင်ကလေးဆီက ဂက်စ်လွှတ်နည်း၊ ပူဖောင်း အပေါ်တက်အောင် လုပ်နည်းတွေကို မေးနေတယ်။ ဂက်စ်ပိုက်လိုင်းကို ထိန်းထားတဲ့ အနီရောင်ခလုတ်ဟာ အခရာပဲတဲ့။

"ပထမ ညာဘက်ကိုလှည့် ပြီးတော့ ဘယ်ဘက်ကို လှည့် အဲသလိုလား"

"ဟုတ်တယ်ခင်ဗျ"

ဒီလိုနဲ့ စက္ကန့်အနည်းငယ်ဆိုတဲ့ အချိန်အတွင်း အဖြစ်အပျက် သုံးခုဟာ ဇယ်ဆက်သလို ဆက်တိုက် ဖြစ်ခဲ့ရတယ်။

တစ်။ ကိုးနှစ်သားကလေးဟာ ကိတ်မုန့်ကို တမျှော်မျှော် လုပ်နေတာကို သတိထားမိတဲ့ အယ်လန်ဟာ ကောင်ကလေး ကို ကိတ်မုန့်ပြေးယူဖို့ တိုက်တွန်းမိတယ်။ စားပွဲပေါ်မှာ ပန်းကန်တွေ၊ ဇွန်းတွေ အဆင်သင့် ရှိတာကိုး။ ကောင်ကလေးဟာ ဟန်တောင်မဆောင်နိုင်ရှာဘူး။ အယ်လန့်စကားမဆုံးခင် ခြင်းတောင်းထဲကနေ လျစ်ခနဲ ပြေးထွက်သွား။

နှစ်။ ဂျူးလီးယပ်စ်ဟာ ခလုတ်အနီကို ဘယ်ဘက်တစ်ခါ၊ ညာဘက်တစ်ခါ လှည့်ကစားနေရင်း ခလုတ်ဟာ ဖြုတ်ခနဲ ပြုတ်ထွက်ပြီး သူ့လက်ထဲ ပါလာ။

သုံး။ မြောက်လေထန်လာလို့ ခရီးစဉ်ကို ခဏရွှေ့ဆိုင်းမှ ဖြစ်မယ်ဆိုတဲ့ သတင်းစကားနဲ့အတူ ပြန်လာတဲ့ မိုးပျံ ပူဖောင်းပိုင်းလော့အတွက် မြောက်လေဟာ မိုးပျံပူဖောင်း ကို ထိန်းမနိုင်သိမ်းမရ ဖြစ်စေမယ်ဆိုတာ သိပ်သိပ် သေချာ။

အဲဒီနောက်မှာတော့ နောက်ထပ် အဖြစ်အပျက် သုံးခုဟာ ဆက်တိုက်ဆိုသလို ဖြစ်လာပြန်တယ်။

တစ်။ မိုးပျံပူဖောင်းပိုင်းလော့ဟာ ကိတ်မုန့်ထဲ နှာခေါင်းမြုပ်ပြီး အားရပါးရတွယ်နေတဲ့ သူ့သားကို ခြင်းတောင်းရှိရာ အမြန်ပြန်သွားဖို့ ဟစ်အော်။

နှစ်။ အနီရောင် လီဗာခလုတ်ကို ညာဘက်လှည့်နေတုန်း ပြုတ်ထွက်သွားအောင် လုပ်မိတဲ့အတွက် မိုးပျံပူဖောင်းကို ပျံတက်စေမယ့် ဂက်စ်လေပူတွေ ဒလဟော စီးဝင်။

သုံး။ နှောင်ကြိုးဖြုတ်ထားပြီးသား မိုးပျံပူဖောင်းဟာ မြေပေါ် ကနေ ကြွတက်။

"ဟေး ရပ် ရပ် ခင်ဗျားတို့ ဘာလုပ်ကြတာလဲ" ပိုင်းလော့။

"ကျုပ်မလုပ်ဘူး၊ ခင်ဗျားရဲ့ စောက်လီဗာခလုတ်က ပြုတ်ထွက် သွားတာ"

ပူဖောင်းဟာ လေပေါ်ကို သုံးမီတာ ကြွတက်၊ ဟော လေးမီတာ၊ ဟော ငါးမီတာ။

"သွားပြီဟေ့-ခုမှ ပါတီ တကယ်စတာ" အယ်လန်။

https://t.me/TheBookR

(၄) အိန္ဒိယသမုဒ္ဒရာ

အောက်ကနေ အရှူးမီးဝိုင်းသလို အသံပြဲနဲ့ အော်ဟစ်နေတဲ့ ပိုင်းလော့ရဲ့အသံတွေ ပျောက်သွားပြီး သမုဒ္ဒရာကြီးထဲ လွတ်လွတ်လပ်လပ် ပျံသန်းနိုင်ဖို့အတွက် ကားလ်ဆန်၊ ဂွန်ဆင်နဲ့ ပူဖောင်းဟာ အချိန်ခဏ ယူလိုက်ကြရတယ်။ ခုတော့လည်း လေပေါ် ပျံ့ဝဲလို့ပေါ့။ လေက နောက်က ပင့်တိုက်လို့ပေါ့။ အသံမကြားတော့ ပေမယ့် လက်တွေဝှေ့ယမ်းပြနေတဲ့ ပိုင်းလော့ကို သူတို့ မြင်နေကြရသေးတယ်။ ဟော-ဟိုတယ်မန်နေဂျာပါ ပိုင်းလော့ဘေးမှာ ရပ်နေတယ်။ မန်နေဂျာကတော့ ပျာယာခတ်မနေဘူး။ ဝမ်းနည်းနေပုံပဲ။ နည်းမှာပေါ့။ သူ့မျက်စိရှေ့တင် ဒေါ်လာတစ်သိန်းခွဲဟာ လေနဲ့အတူ လွင့်ပါသွားပြီမဟုတ်လား။ အားလုံး ကိုယ်စီကိုယ်ငှ အလုပ်ရှုပ်နေတာ သေချာချိန်မတော့ ကိုးနှစ်သား ကောင်လေးဟာ ကိတ်မုန့်ဆီ ခြေဦး ပြန်လှည့်လိုက်တယ်။

နောက်ထပ် မိနစ်နည်းနည်းကြာတဲ့အခါ ဘယ်နေရာကြည့်ကြည့် ကုန်းမြေကို မမြင်ရတော့ဘူး။ ဂျူးလီးယပ်စ်ဟာ ပြုတ်ထွက်လာတဲ့ လီဗာ ခလုတ်အနီကို အမျိုးမျိုးကျိန်ဆဲပြီး ခြင်းတောင်းထဲ ပစ်ထည့်လိုက်တယ်။ ပြန်လည်း မတပ်တတ်ဖူးကိုး။ ဂက်စ်နဲ့ မီးတောက်တွေဟာ အမြဲထာဝရ ထွက်ရင်း ပူဖောင်းကို မြင့်သထက် မြင့်အောင် ပင့်တင်နေတယ်။ ဒါလည်း တစ်မျိုးတော့ ကောင်းတာပဲ။ မဟုတ်ရင် ပူဖောင်းရော၊ ခြင်းတောင်းရော သူတို့နှစ်ယောက် ရော သမုဒ္ဒရာထဲ ကျမှာ။

ဘာမှလုပ်စရာမရှိတဲ့အတွက် ဂျူးလီးယပ်စ်ဟာ ဟိုဟိုဒီဒီ လျှောက်ကြည့်တယ်။ ဂက်စ်အိုးရဲ့ တခြားတစ်ဖက်မှာ ဂျီပီအက်စ် လမ်းပြ မြေပုံစက်တပ်ထားတာ တွေ့လိုက်တယ်။ဟာ-သတင်းကောင်းပဲ။ အနည်းဆုံးတော့ ဘယ်နေရာ ရောက်နေပြီဆိုတာ သိရတာပေါ့။ ပထဝီ မြေမျက်နှာသွင်ပြင်ကို ကြည့်ဖို့၊ နားလည်ဖို့ ဂျူးလီးယပ်စ် အလုပ်များနေချိန်မှာ အယ်လန်က ရှန်ပိန်ပုလင်းကို ဖွင့်နေတယ်။ ဖောင်းခနဲ ပွင့်ပြီး အမြှုပ်တွေဝေလာလို့ဟား ဟေး နဲ့တောင် အော်နေလိုက်သေး။ အင်း- အယ်လန်ဟာ အခြေအနေကို တကယ်မသိတာပဲ။ ခု သူတို့ ဘယ်ကို ဦးတည်နေမှန်း မသိဘူးပဲ။

ဘာလို့ မသိရမှာတုန်း။ အယ်လန်က ပြန်ပြောလိုက်တယ်။

"ဒီမယ် ကျုပ်က အကြိမ်ပေါင်းများစွာ ကမ္ဘာပတ်လာတာဗျ။ ကမ္ဘာဟာ ဘယ်လိုအသွင်အပြင်ရှိလဲဆိုတာ သိတယ်။ ခုလို လေတိုက်နေပုံ မျိုးနဲ့ဆို ကျုပ်တို့ဟာ နောက်ရက်သတ္တပတ် အနည်းငယ်အချိန်အတွင်း ဩစတြေးလျကို ရောက်မယ်၊ လေကြောင်းပြောင်းသွားရင်တော့ နည်းနည်း လမ်းချော်မယ်ပေါ့"

"ဒါဖြင့် လေကြောင်းပြောင်းသွားရင် ကျုပ်တို့ ဘယ်ရောက်သွား မလဲ"

“မြောက်ဝင်ရိုးစွန်း မရောက်တာတော့ သေချာတယ်ဗျ. . . ၊ တောင်ဝင်ရိုးစွန်းဘက်များ ရောက်သွားမလား မဆိုနိုင်ဘူး”

"ဟာ စောက်ကျိုးနည်းမှပဲ”

"မနည်းပါဘူး… ရော့ ခင်ဗျားခွက်၊ ကျုပ်မွေးနေ့မင်္ဂလာမှာ ချီးယားစ် လုပ်စမ်းပါ၊ ပြီးတော့ ပူမနေစမ်းနဲ့၊ ဒီဂက်စ်အိုးဟာ တောင်ဝင်ရိုးစွန်း မရောက်ခင် ကုန်မှာ၊ ဟောဟိုမှာ အေးအေးဆေးဆေး ထိုင်နေ”

ဂျူးလီးယပ်စ်ဟာ အယ်လန် ညွှန်ကြားတဲ့အတိုင်း သူ့မိတ်ဆွေကြီးရဲ့ အနားမှာ လိမ်လိမ်မာမာ ဝင်ထိုင်ရင်း အဝေးတစ်နေရာကို ငေးနေမိတယ်။ အင်း- ဂျူးလီးယပ်စ်ကလေးခမျာ နှစ်သိမ့်ပေးဖို့ လိုအပ်နေပါပကော။

"ပူမနေနဲ့ဗျ၊ ခုတော့ ကိစ္စတွေဟာ အခြေအနေမကောင်းဘူး ပေါ့လေ၊ အရင်လည်း ကျုပ်ဘဝမှာ ဒီထက် မှောင်မိုက်၊ ဒီထက်ဆိုးတာတွေ အများကြီး ကြုံဖူးသားပဲ၊ ခုထိ အသက်ရှင်နေတုန်း မဟုတ်လား၊ ကြည့်နေ၊ လေကြောင်းပြောင်းချင်ပြောင်း၊ ဒါမှမဟုတ် တစ်ခုခုဖြစ်လိမ့်မယ်”

အယ်လန့်ရဲ့ တုန်နိုင်းမဗီ တည်ငြိမ်မှုကြောင့် ဂျူးလီးယပ်စ်ကလေးဟာ အားနည်းနည်းရှိလာတယ်။ ပုလင်းလေး ကမ်းလိုက်စမ်းပါဗျာလို့ တိုးတိုးလေး ပြောနိုင်လာတယ်။ ပုလင်းလည်း လက်ထဲရောက်ရော ဖန်ခွက်ထဲထည့်မနေတော့ဘဲ ပုလင်းလိုက် လေးကျိုက် မော့ပစ်လိုက်တယ်။ အယ်လန်ဟာ မှန်သားပဲ။ တောင်ဝင်ရိုးစွန်းမရောက်ခင် ဂက်စ် ကုန်မယ်ဆိုတာလေ။ ခု ဘာကုန်းမြေမှ မမြင်ရသေးခင် ဂက်စ်က ကုန်တော့ မယ်။ မီးတောက်က မထွက်တစ်ချက် ထွက်တစ်ချက် ဖြစ်လာပြီ။ ရှန်ပိန် ပုလင်း နံပါတ်တစ်လည်းကုန်ရော မီးတောက်လည်း လုံးဝငြိမ်းသွားတော့ တာပဲ။

အိန္ဒိယသမုဒ္ဒရာရေပြင်ပေါ်ကို မိုးပျံပူဖောင်းဟာ တအိအိ တငြိမ့်ငြိမ့် သက်ဆင်းလာတယ်။

မျက်စိထဲမှာ ရေပြင်ကြီးဟာ တစ်စတစ်စ နီးလာချိန်မတော့ ဂျူးလီးယပ်စ်က မေးလိုက်တယ်။

“ခြင်းတောင်းဟာ ရေပေါ် ပေါ်မယ်ထင်လားဗျ”

အယ်လန်က ချက်ချင်းပြန်ဖြေတယ်။

“ဒါကို ကျုပ်တို့ မကြာခင် တွေ့ရမှာပါလေ။ ဒီမှာကြည့်စမ်း”

အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများဆိုတဲ့ သေတ္တာထဲကနေ အယ်လန် ရှာဖွေတွေ့ရှိလိုက်တာ ကတော့ အသစ်စက်စက် အနီရောင် လီဗာ ခလုတ်တစ်ခုပါပဲ။

“အချိန်ရှိတုန်း ဒါတွေကို မတွေ့တာနာသဗျာ၊ ဟော ဒီမှာ ကြည့်လိုက်ဦး”

ကယ်ဆယ်ရေး အချက်ပြ မီးရှူးဒုံးကျည် နှစ်ခု။

အဆင်းခရီးဟာ ဂျူးလီးယပ်စ် ထင်ထားတာထက် ညင်သာသိမ်မွေ့ ပါတယ်။ ခြင်းတောင်းဟာ ရေပြင်နဲ့ထိပြီး မီတာဝက်လောက် ပြန်မြောက် တက်သွားတယ်။ ပြီးတော့ ပြန်ကျတယ်။ လေးဆယ့်ငါးဒီဂရီ စောင်းသွားတယ်။

ပြီးတော့ ပြန်တည့်သွားတယ်။ ခုတော့ ရေပေါ်မှာ ငါးဖမ်းလှေ ကလေးတစ်စင်းလို ကြွကြွရွရွ။

ခြင်းတောင်းစောင်းသွားတုန်း အဘိုးကြီးနှစ်ယောက်ဟာ ခြင်းတောင်း တစ်ဖက်ကို ဝေါခနဲ ကပ်သွားကြတယ်။ ဂျူးလီးယပ်စ်ဟာ ကပျာကယာ ကုန်းထတယ်။ သေတ္တာထဲက အသင့်ယူထားတဲ့ ဓားနဲ့ ပူဖောင်းကြိုးတွေကို လိုက်ဖြတ်တယ်။ ပူဖောင်းကြိုး ပုံကျလာရင် ခြင်းတောင်းကိုပါ ရေထဲ ဆွဲနှစ်သွားမှာကိုး။ ခုတော့ လက်မတင်ကလေး။

"ကောင်းတယ်၊ ကောင်းတယ်ဗျာ"

အယ်လန်ကတော့ လဲနေရာက ဂျူးလီးယပ်စ်ရဲ့ လုပ်ဆောင်ချက်တွေအတွက် ကောင်းချီး ပေးနေတယ်။

"ကျေးဇူးပါပဲ"

ဂျူးလီးယပ်စ်က လဲနေတဲ့ အယ်လန့်ကို ခုံပေါ် ပြန်ဆွဲတင်ရင်း ပြောလိုက်တယ်။

ဂျူးလီးယပ်စ်ဟာ ဂက်စ်အိုးကို အမြန်ဖြုတ်၊ သဲအိတ်တွေကို ဖြုတ်ရင်း လွှင့်ပစ်လိုက်တယ်။ ခုတော့ ကီလိုငါးဆယ်လောက် ပေါ့သွားပြီ။ နဖူးမှာ မျက်ခုံးမှာ သီးနေတဲ့ ချွေးတွေကို သုတ်ပစ်၊ သူ့မိတ်ဆွေကြီးနား ဝင်ထိုင်ရင်း မေးလိုက်တယ်။

"ကဲ ... ခု ဘာဆက်လုပ်ကြမတုံး"

'အွန်း ကျုပ်အထင်တော့ ခြင်းတောင်းမမြုပ်ခင် နောက်ထပ် ရှန်ပိန် တစ်ပုလင်း ဖွင့်ပြီး နှက်လိုက်ကြရင် ကောင်းမယ်ထင်တယ်၊ မီးကျည်တွေ လည်း အသင့်ပစ်နိုင်အောင် လုပ်ထားပေါ့၊ ကျုပ်တော့ မလုပ်တတ်ဘူး'

ရေက နံရံတွေကနေ စိမ့်စပြုနေပြီ။ ဒါပေမဲ့ ချက်ချင်းတော့ မြုပ်ဦးမယ်မထင်ဘူး။

"နောက်နှစ်နာရီလောက်အတွင်း ကိစ္စတွေ အများကြီး ဖြစ်သွားနိုင် တာပဲနော်" လို့ ပြောလိုက်တယ်။

"ဘယ်လိုကိစ္စမျိုးတွေလဲ" ဂျူးလီးယပ်စ်က မေးတယ်။

"အင်း- ကိစ္စ အနည်းအကျဉ်းလောက်ပဲ ဖြစ်ချင်လည်း ဖြစ်မှာပေါ့ ဘာမှမဖြစ်သွားဘဲ နေချင်လည်း နေမှာပေါ့"

ဂျူးလီးယပ်စ်ဟာ ပထမ မီးကျည်တောင့် ကို အုပ်ထားတဲ့ ပလတ်စတစ်ကို ခွာလိုက်တယ်။ သုံးပုံသုံးနည်းလမ်းညွှန်ကို ဖတ်တယ်။ ခုတော့ ခြေကုန်လက်ပန်းကျဖို့ အားအင်တောင် မရှိတော့ပါဘူး။ မကြာခင် သေမယ်ဆိုတာ သိနေတာကိုး။ အနို့ပေမဲ့ သူဟာ သေနိုင်ခဲ့တဲ့၊ မသေမျိုးလား ထင်ရတဲ့ လူတစ်ယောက်နဲ့ အတူရှိနေတာမဟုတ်လား။ ဗိုလ်ချုပ်ကြီး ဖရန်ကိုနဲ့ ပက်ပင်းတိုးတာတောင် သေမိန့်ချမခံရတဲ့၊ အမေရိကန် လူဝင်မှုကြီးကြပ်ရေးက ရာသက်ပန် အကျဉ်းဒဏ်ကို လွတ်ဖြစ်အောင် လွတ်လာခဲ့တဲ့၊ ရဲဘော်ကြီး စတာလင် လည်ပင်းညှစ်သတ်တာကို မခံခဲ့ရတဲ့၊ ကင်အီဆွန်းနဲ့ မော်စီတုန်း တို့ရဲ့

တစ်ချက်လွှတ် သေမိန့်ကို မဆောင်ယူခဲ့ရတဲ့၊ အီရန် နယ်ခြားစောင့်တပ် က ပစ်သတ်တာကို မခံရတဲ့၊ စစ်အေးကာလအတွင်း နှစ်ဖက်ခွ သူလျှိုလုပ်နေ တဲ့ နှစ်အစိတ်အတွင်း မွေးညှင်းတစ်ပင် လေဟပ်တာတောင် မခံရဘူးတဲ့၊ စောက်နံ့ဆိုးတဲ့ ဘရက်စညက်ရဲ့ အနံ့ကြောင့် မသေခဲ့တဲ့၊ သမ္မတ နစ်ဆင် ခွေးကျ အကျမှာ ရောမကျခဲ့တဲ့ အာဂလူ မဟုတ်ဘူးလား။

ခုတော့ အဲဒီလူဟာ သူနဲ့အတူ အင်ဒိုနီးရှား၊ ဩစတြေးလျနဲ့ အန္တာတိကကြား တစ်နေရာရာက သမုဒ္ဒရာ ရေပြင်ကျယ်ကြီး အလယ်မှာ ရေတဖြည်းဖြည်း စိမ့်ဝင်လာတဲ့ ခြင်းတောင်းထဲ ဝင်နေခဲ့ပြီမဟုတ်လား။

ဒီအဖြစ်သနစ်ကနေ လွတ်မြောက်ခဲ့မယ်ဆိုရင်တော့ တကယ့်ကို မသေမျိုး ဆိုတာ လက်ခံရမှာပဲ။ ကဲ မီးကျည်ကို သေနတ်ထဲ ထည့်ပြီးပြီ။

“ဒီခလုတ်လေး ဆွဲလိုက်ရုံပဲ မဟုတ်လား”

ပြောပြောဆိုဆို ရေပြင်ကြီးဆီချိန်ထားတဲ့ သေနတ်မောင်းကို ဂျူးလီးယပ်စ်ဟာ ဆွဲမိတယ်။ အချက်ပြ မီးကျည်ဟာ ရေအောက်ကို မီတာ ရာပေါင်းများစွာ ငုတ်လျှိုးပြီး ရေထဲမှာ ရဲခနဲ ပေါက်ကွဲရှာတယ်။

ဂျူးလီးယပ်စ်အဖို့တော့ လက်မြောက်အရှုံးပေးဖို့သာ ရှိတော့တယ် မဟုတ်လား။ ဒါပေမဲ့ အယ်လန်ကတော့ ရှန်ပိန်ပုလင်းကို ဖွင့်လိုက်ပြီး သူ့မိတ်ဆွေကြီးဆီ ကမ်းပေးလိုက်တယ်။ ဖန်ခွက် ရှိရှိ၊ မရှိရှိ ခု သူ့မိတ်ဆွေ ကြီးဟာ ဒါကို လိုနေပြီလေ။

“မီးကျည်ကို သေနတ်ထဲထည့်ပြီး လက်ကို လေထဲမြှောက်ပြီး ပစ်ဖို့၊ နောက်တစ်လုံး ကျန်သေးတာပဲ၊ ဒီတစ်ခါက်ဆို ပိုအဆင်ပြေမှာလေ-နော်။

※※※

(၅) အိန္ဒိယသမုဒ္ဒရာ

ဂုဏ်သိက္ခာနဲ့ ခွန်အားလို့ အမည်ရတဲ့ မြောက်ကိုရီးယား ကုန်တင်သင်္ဘော။ သူ့ရဲ့ တရားဝင် တာဝန်ကတော့ဟာဗားနားက စားနပ်ရိက္ခာ တန်ချိန် သုံးသောင်းကို ပြုံယမ်းထိ သယ်ပို့ ပေးဖို့ပဲ။ တရားမဝင်ပေမယ့် မလုပ်မဖြစ် ပိုအရေးကြီးတဲ့ တာဝန်ကတော့ မဒါဂါစကာ အရှေ့တောင်ဘက်မှာ သင်္ဘောသွားနှုန်းကို လျှော့ချ၊ အမှောင်ထုကို အကာ အကွယ်ယူပြီး မှောင်ခိုဝယ်ထားတဲ့ သန့်စင်ပြီးသား ယူရေနီယံ လေးကီလိုဂရမ်ကို သင်္ဘောပေါ် အရောက် တင်နိုင်ဖို့ပဲ။ ကွန်ဂို၊ ဘူရွန်ဒီ၊ တန်ဇန်းနီးယား၊ မိုဇမ်းဘစ်၊ အာဖရိကတိုက် အရှေ့ဖျားကျွန်း စတဲ့ ဆိပ်ကမ်းတွေကို အဆင့်ဆင့် ဝင်ရမှာမို့ ဂုဏ်သိက္ခာနဲ့ ခွန်အား သင်္ဘောအဖို့ မဒါဂါစကာကို တရားဝင် ဖြတ်သန်းခွင့် ရှိတာပေါ့။

သူတို့ကို အမြဲ မျက်စိဒေါက်ထောက်ကြည့်နေတဲ့လူတွေ အများကြီး ရှိတယ်ဆိုတာကို မြောက်ကိုရီးယားတွေ သဘောပေါက်ပါတယ်။ ပြီးခဲ့တဲ့ သုံးလေးနှစ်လောက်က ဂုဏ်သိက္ခာနဲ့ ခွန်အားရဲ့ ညီအစ်မ သင်္ဘောလို့ ဆိုလို့ရတဲ့ မြောက်ကိုရီးယား ကုန်တင်သင်္ဘောဟာ သူပုန်တွေ ထိန်းချုပ်ထား တဲ့ လစ်ဗျားက ဆိပ်ကမ်းတစ်ခုမှာ ထိန်းချုပ်ခံရတယ်။ အဲဒီတုန်းက သင်္ဘော တစ်စီးလုံး လောင်စာဆီတွေ အပြည့်တင်လာတာ။ သင်္ဘောကပ္ပတိန်က လာဘ်ပေးပြီး ထွက်ဖို့ အတော်ကြိုးစားခဲ့ရတယ်။ ခုလည်း ကျူးဘားကနေ အိမ်အပြန်လမ်းမှာ ဆိုမားလီးယား၊ အီရန်တို့မှာ ဒီလိုကြမ္မာမျိုးနဲ့ ကြုံချင်ကြုံ၊ ဒါမှမဟုတ် ပင်လယ် ဟင်းလင်းပြင်မှာ ယူအန်တပ်တွေ ဝင်စီးတာမျိုး ခံချင် ခံရနိုင်တယ်။ မကြာသေးခင်က ပနားမားနားမှာ ကြုံခဲ့ရပြီးပြီ။ လေယာဉ် အင်ဂျင်တွေနဲ့ အီလက်ထရောနစ် ပစ္စည်းတွေ ကောက်ပဲသီးနှံတွေအောက် ထည့်ဖွက်လာတာ မိသွားပြီး ကုလသမဂ္ဂရဲ့ ပိတ်ဆို့အရေးယူမှုကို ဆန့်ကျင် တာလားဆိုတဲ့ ရာဇသံအပေးခံရတယ်။ အတော်အထိနာတယ်။ ဒါပေမဲ့ ဒါ ကိုးရီးယန်းတွေ လုပ်တာမဟုတ်၊ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော် ကြီးရဲ့ ဂုဏ်ရှိန်ပြောင်ဝင်း တင့်တယ်ခြင်းကို မနာလို မရှုစိမ့်ကြတဲ့ တစ်ကမ္ဘာ လုံးက ပုဆိန်ရိုးတွေ လုပ်တာလို့ ဗွတ်ငြင်းပစ်တာပေါ့။ ဘာရမလဲ။

ဒါကြောင့် ဒီတစ်ကြိမ် ကျူးဘားကနေ အိမ်အပြန်ခရီးအတွက် လမ်းကြောင်းကို သေချာ ရွေးချယ်ရတယ်။ ပနားမားလို အဖြစ်မခံနိုင်ဘူး။

ဒါကြောင့်မို့လည်း ခုတစ်ကြိမ် ခရီးဟာ မမှားဘဲ အားလုံး မှန်နေခဲ့တယ်။ ကပ္ပတိန် ပတ်ချောင်အန်ဟာ မြင့်မြတ်လှစွာသော ခေါင်းဆောင်ကြီး အရေးမထားသော ကောက်ပဲသီးနှံ ရိက္ခာတွေ အပြည့်တင်လာနိုင်တယ်။ ခေါင်းဆောင်ကြီးက ဘယ်အရေးထားမတုံး။ သူက အမြဲ စားနေရတာကိုး။ သူ အရေးထားတာကတော့ ခဲနဲ့အုပ်ထားတဲ့ သန့်စင်ပြီးသား ယူရေနီယံ

လေးကီလိုဂရမ်ပဲ။ ဒါကို မြောက်ကိုရီးယားလုပ် လက်ဆွဲသေတ္တာထဲမှာ လုံလုံခြုံခြုံ ထည့်ထားတယ်။ အမေရိကန် ခွေးတွေနဲ့ အဲဒီခွေးတွေရဲ့ နောက်လိုက်ခွေး၊ သုံးဆယ့်ရှစ်မျဉ်းပြိုင်ရဲ့ တောင်ဘက်က အကောင်တွေနဲ့ သူတို့ကြားက စစ်ပွဲအတွက် ဒီ ယူရေနီယံတွေဟာ အသက်တမျှ အရေးပါတယ်။ လေးကီလိုဂရမ်လောက်နဲ့တော့ တိုင်းပြည်အနာဂတ် ပြောင်းလဲမသွားနိုင်ဘူးဆိုတာ သိတာပေါ့။ ဒါပေမဲ့ ဒါ အစပဲရှိသေးတယ်။ ဒါအောင်မြင်သွား ရင် ရုရှားတွေ ကတိပေးထားတဲ့ကိစ္စ ဖြစ်ဖြစ်၊ မဖြစ်ဖြစ် ဂရုစိုက်စရာမလို။

ပြို့ယမ်းအပြန်လမ်းတစ်လျှောက်လုံး သူ့ရဲ့ ဂုဏ်သိက္ခာနဲ့ ခွန်အား သဘော်ကို အရင်းရှင် ဂြိုဟ်တုစလောင်းတွေဟာ မျက်ခြေမပြတ် ကြည့်နေ တယ်ဆိုတာ ကပ္ပတိန်ပတ် သိတယ်။ ဒီအတွက်လည်း အမြဲတမ်း ပြင်ဆင် ထားတယ်။ စိတ်ထဲကလည်း ဂုဏ်သိက္ခာကို အထိခိုက် အစော်ကားခံရတဲ့ အတွက် ဒေါသမီး တငွေ့ငွေ့ တောက်လောင်နေတယ်”။

လက်ဆွဲသေတ္တာကို ကပ္ပတိန့်အခန်းထဲက မီးခံသေတ္တာထဲမှာ အသေအချာ သိမ်းဆည်းထားတယ်။ လူပေါ့ လူသွမ်း လူသရမ်းတွေဟာ တကယ်လို့များ သဘော်ပေါ် တက်လာနိုင်ခဲ့ရင် ဒါကို ကျိန်းသေပေါက် ရှာမှာပဲ။ အင်း ခုထိတော့ သူတို့ အရိပ်အယောင် မမြင်ရသေးဘူး။ ဒါပေမဲ့ အမှားလုပ်လို့တော့ မရဘူး။

ပတ်ချောင်အမ်ရဲ့ အတွေးစတွေဟာ သူ့အခန်းထဲကို တံခါးမခေါက် ဘာမခေါက်နဲ့ ဒရောသောပါး ဝင်လာတဲ့ ပထမအရာရှိကြောင့် ပျောက်သွားရတယ်။

“ကပ္ပတိန် ကပ္ပတိန်၊ မြောက်ဘက် ရေမိုင်လေးမိုင်အကွာမှာ အရေးပေါ် ကယ်ဆယ်ရေး အချက်ပြမီးကျည်လွှတ်နေတာ တွေ့တယ်၊ ကျွန်တော်တို့ ဘာလုပ်ရမလဲ၊ ဒီအတိုင်း လျှစ်လျူရှုထားလိုက်ရမလား”

စောက်ကျိုးနည်းမှကွာ၊ အစစ အဆင်ပြေချောမွေ့နေတုန်း လုပ်ပြီ ကွာ။ ကပ္ပတိန်ပတ်ရဲ့ ခေါင်းထဲမှာ အတွေးတွေ ပလုံစီသွားတယ်။ နေဦး ဒါ ထောင်ချောက်လား၊ တစ်ဖွဲ့ဖွဲ့က တစ်ယောက်ယောက်က ယူရေနီယံကို အပိုင်စီးချင်လို့ လုပ်တာလား။ ပထမအရာရှိ အကြံပေးသလို အသာလေး မသိချင်ယောင်ဆောင်နေရမလား။

ဒါပေမဲ့လို့ ဟိုအမေရိကန် ခွေးကောင်တွေလည်း ဒါကို မြင်မှာပဲ။ သူတို့က အာကာသထဲကနေ တစ်ချိန်လုံး ဓာတ်ပုံရိုက်နေမှာလေ။ ပင်လယ်ထဲမှာ ကယ်ဆယ်ရေးအချက်ပြ မီးကျည်ကို မြောက်ကိုရီးယားသဘော်က လျစ်လျူရှုသွားတယ်ဆိုရင် ဒါ ပင်လယ်ပြင်ဥပဒေအရ ပြစ်မှုမြောက်တယ်။ ကြီးမြတ်လှစွာသော မဟာခေါင်းဆောင်ကြီးရဲ့ လူထုဆက်ဆံရေးမှာ ရောမဆူးညှော်င့်ခလုတ်ကြီး ဖြစ်လာနိုင်တယ်။ (ကပ္ပတိန်ပတ် ကိုယ်တိုင်ကတော့ သေနတ်ပစ်တပ်ဖွဲ့ရဲ့ ပစ်ခတ်သတ်ဖြတ်ခြင်းကို ခံရလိမ့်မယ်)

မဖြစ်ဘူး။ ပြဿနာနည်းမယ့် နည်းလမ်းကတော့ မီးကျည်ပစ်ရတဲ့ အကြောင်းကို ရှာခိုင်းရမယ်။

"ဟေ့ သင်္ဘောသား၊ ရှက်စရာကောင်းလှပါလား၊ ကိုရီးယား ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံကို ကိုယ်စားပြုနေသူတွေဟာ ကူကယ်ရာမဲ့ သူတွေကို ဘယ်တော့မှ လျစ်လျူရှုလေ့မရှိဘူး။ ချက်ချင်း လမ်းကြောင်းသစ် ရှာ၊ ကယ်ဆယ်ရေးကိုစ၊ ဒါ အမိန့်ပဲ"

ပထမအရာရှိဟာ ကြောက်ကြောက်နဲ့ အလေးပြုပြီး ပြန်ထွက်သွားတယ်။ လျှာရှည်မိတဲ့ ကိုယ့်ကိုယ်ကိုယ်လည်း ကျိန်ဆဲလို့ မဆုံးဘူး။ တကယ် လို့သာ ကပ္ပတိန်က ဒီအကြောင်း သတင်းပို့လိုက်ရင် သူ့ဘဝတော့ သွားပြီ။

ခုတော့ ခြေမျက်စိမြုပ်တဲ့ထိ ခြင်းတောင်းထဲ ရေရောက်နေပြီ။ သမုဒ္ဒရာအလယ်ကောင်ရောက်တဲ့ထိ အလုပ်လုပ်နေသေးတဲ့ သူ့ တက်ပလက် ကလေးကို ကြည့်ရင်း အယ်လန်က ထိုင်နေတယ်။ ဟော ဂျူးလီးယပ်စ်ရေ ဒီမှာ နားထောင်စမ်း။

သူပြောပြတဲ့သတင်းက ကမ္ဘာပေါ်မှာ ကိုယ့်ကိုယ်ကိုယ် အရူးဖြစ်အောင် လုပ်တတ်တာ သမ္မတဆိုတဲ့ အကောင်တွေတင် မကဘူးတဲ့။ ဥပမာ ဇင်ဘာဘွေက ရောဘတ်မူဂါဘီ ဆိုတဲ့ ကောင်လေးပေါ့၊ ဒီကောင်လေးဟာ လိင်တူဆက်ဆံတယ်ဆိုတာ အာဖရိကန်မဆန်တဲ့အတွက် လိင်တူချစ်သူ များ ဆယ်နှစ် ထောင်သွင်းအကျဉ်းစံစေလို့ ဆုံးဖြတ်သတဲ့။ ဟော ခု လောလောလတ်လတ် မစ္စစ်မူဂါဘီဟာ သူတို့ရဲ့သားနဲ့ ဟိုတယ်အခန်း တစ်ခုထဲမှာ ချစ်စခန်းဖွင့်တဲ့ ကောင်မလေးတစ်ယောက်ကို မီးသွယ်တဲ့ ဝါယာကြိုးနဲ့ အပြင်းအထန် ရိုက်နှက်သတဲ့။ အင်း ဒီအတိုင်းဆို ဒီမိသားစုဟာ လိင်တူဆက်ဆံတာတင်မက လိင်ကွဲဆက်ဆံတာမှာပါ ပြဿနာရှိနေပုံပဲ။

စောက်ရေးထဲမှာပဲ သေခါနီးဖြစ်နေတာကို ဒီအဘိုးကြီးက စောက်သတင်းတွေ လာဖတ်ပြနေသေးတယ်။ဂျူးလီးယပ်စ်တစ်ယောက် အင်မတန် စိတ်အနှောင့်အယှက်ဖြစ်နေတုန်းမှာပဲ ဘူ-ဘော် ဆိုတဲ့ ဥသြသံကြီးကို နှစ်ယောက်လုံး ကြားလိုက်ရတယ်။ အဝေးတစ်နေရာကနေ သူတို့ဆီ ဦးတည်ခုတ်မောင်းလာတဲ့ သင်္ဘောတစ်စီး။

"ဟင် တကယ်လား၊ ခင်ဗျားကြီးကတော့ ဒီတစ်ခါလည်း အသက်ဘေးက လွတ်ဦးမှာပဲ အယ်လန်"

"အင်း ခင်ဗျားလည်း လွတ်မယ့်ပုံပါပဲ"

သင်္ဘောပေါ်ရောက်လာတဲ့ အဘိုးကြီးနှစ်ယောက်မှာ ပါလာတဲ့ ပစ္စည်းတွေကတော့ အယ်လန်ရဲ့ တက်ပလက်မည်း တစ်၊ ရှန်ပိန်ပုလင်း တစ်၊ ပေါင်း နှစ်မျိုးပေါ့။ သင်္ဘောဦးမှာ သူနဲ့ ဂျူးလီးယပ်စ် ကပ္ပတိန်ပတ်နဲ့ တွေ့ကြတဲ့အခါ အယ်လန်ဟာ လက်တစ်ဖက်က တက်ပလက်၊ ကျန်တစ်ဖက် က ရှန်ပိန်ပုလင်းကို ကိုင်လို့ပေါ့။

"ကောင်းသောနေ့ပါ ကပ္ပတိန်"

အယ်လန်ဟာ ဒီစကားကို အင်္ဂလိပ်၊ ရုရှား၊ မန်ဒရင်း၊ စပိန် လေးဘာသာနဲ့

တစ်လှည့်စီပြောတယ်။

“ကောင်းသောနေ့ပါ”

အံ့အားသင့်နေတဲ့ ကပ္ပတိန်က အင်္ဂလိပ်လို ပြန်နှုတ်ဆက်တယ်။

ကပ္ပတိန်ဟာ ရုရှားလိုနဲ့ မန်ဒရင်းလို ကောင်းကောင်းပြောတတ်တယ်။ ကျူးဘားကို ခဏခဏသွားရလို့ စပိန်လိုလည်း တတ်တယ်။ ဒါပေမဲ့ သင်္ဘောတစ်စီးလုံးမှာ သူတစ်ယောက်ပဲ အင်္ဂလိပ်လိုတတ်တာ သေချာတဲ့ အတွက် နားထောင်မယ့်နားတွေ နည်းလေ ကောင်းလေဆိုတဲ့ မူအရ အင်္ဂလိပ် လို ပြန်နှုတ်ဆက်တာဖြစ်တယ်။ သမုဒ္ဒရာအလယ်ကောင်မှာ ခြင်းတောင်းထဲ မျောနေတဲ့ ဒီသပွတ်အူကိစ္စကြီး မရှင်းရသေးခင်တော့ လူသိနည်းလေ ကောင်းလေပဲ။

ရေမျောကမ်းတင် နှစ်ယောက်ကို ကပ္ပတိန်က ရှင်းပြတယ်။ သူတို့ရဲ့ အသက်ကို ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံနဲ့ ကြီးမြတ်လှစွာ သော ခေါင်းဆောင်ကြီးရဲ့ ဂုဏ်ရှိန်သတင်းအရ ကယ်ဆယ်ခြင်း ဖြစ်ပါသတဲ့။ “အဲ-ဒါဆိုလည်း ခင်ဗျားတို့ရဲ့ ကြီးမြတ်လှစွာသော နံပါတ်တစ် ခေါင်းဆောင်ကြီးကို နှုတ်ဆက်ကြောင်းနဲ့ ကျေးဇူးတင်ကြောင်း ပြောပေးပါ၊ ဒါနဲ့ ကျုပ်တို့ အင်ဒိုနီးရှားမှာ ဆင်းလို့ရမလား၊ ကျုပ်တို့မှာ မှတ်ပုံတင်တွေ ဘာတွေလည်းမပါတော့ နိုင်ငံရပ်ခြားကို ရောက်သွားရင် နည်းနည်းရှုပ်မယ် မဟုတ်လား”

ဟုတ်ပ- နည်းနည်းမဟုတ်ဘူး။ အများကြီး ရှုပ်မှာ။ ဒါပေမဲ့ ဒီသင်္ဘောပေါ်က ဆင်းချင်တိုင်း ဆင်းရရိုးလား။ ခြင်းတောင်းစုတ်ထဲက ကယ်ခဲ့တယ်ဆိုတာ သူတို့သွားချင်တဲ့နေရာကို ပို့ပေးဖို့ မဟုတ်ရေးချ မဟုတ်။

“အင်း တာဝန်ရှိသူအနေနဲ့ပြောရမယ်ဆိုရင်တော့ ကျွန်တော်ဟာ ဒီသင်္ဘောကို ဘေးမသီ ရန်မခ လိုရာခရီးကို အရောက်နှင်ဖို့ တာဝန်ရှိသလို သင်္ဘောပေါ်က ပစ္စည်းတွေကိုလည်း ဘာတစ်ခုမှ မကျန်ရစ်ခဲ့စေဖို့ တာဝန် ရှိတယ်”

“ဟင် အဲဒါ ဘာ-ဘာကို ဆိုလိုတာလဲဟင်” ဂျူးလီးယပ်စ်က ကြောက်ကြောက်နဲ့ မေးလိုက်တယ်။ “ကျွန်တော် အခုပြောခဲ့ပြီးတာကို ဆိုလိုတာပေါ့” ကပ္ပတိန်ပတ်က ပြန်ဖြေလိုက်တယ်။

“ဘာကိုဆိုလိုတာလဲဆိုတော့ ပြုံယမ်း မရောက်မချင်း သူ ကျုပ်တို့ ကို ဘယ်မှာမှ ဆင်းခွင့်မပေးဘူးလို့ ဆိုလိုတာပဲ”

အယ်လန်က ကပ္ပတိန်ရဲ့စကားကို ဂျူးလီးယပ်စ် နားလည်အောင် ဘာသာပြန်ပေးလိုက်တယ်။

ဂျူးလီးယပ်စ်ခမျာ မြောက်ကိုရီးယားကို အလည်အပတ်သွားဖို့ အိပ်မက်ထဲတောင် ထည့်မမက်ခဲ့ဖူးဘူး။ ဒါကြောင့်မို့ သူက တောင်းပန်တယ်။ “အို-ကပ္ပတိန်ကြီးရယ်၊ ကျွန်တော်တို့မှာ ရှန်ပိန်ကလေး တစ်ပုလင်း ပါလာပါတယ် ခင်ဗျာ၊ ဒါလေးကို မျှသောက်ကြရင်း ဒီကိစ္စကို ဘယ်လို ဖြေရှင်းရမလဲဆိုတာ အချိန်ယူ ဆွေးနွေးကြရအောင်လား ခင်ဗျာ”

“ကောင်းသဟေ့' လို့ အယ်လန်က တွေးလိုက်တယ်။ ရှန်ပိန်ပုလင်း

ကိုလည်း တပြပြနဲ့ လုပ်နေလိုက်တယ်။

ကပ္ပတိန်က သူ့လက်ထဲက ရှန်ပိန်ပုလင်းကို လှမ်းယူလိုက်ရင်း သင်္ဘောပေါ် အရက်သေစာ တင်ဆောင်ခွင့်မပြုကြောင်း သူတို့ကို သတင်းပေး လိုက်တယ်။

"ဘယ်လို အရက်သေစာ တင်ဆောင်ခွင့်မပြုဘူး ဟုတ်လား" ဂျူးလီးယပ်စ်ရဲ့ အပြော။

အရက်သေစာ တင်ဆောင်ခွင့်မပြုဘူးတဲ့လား၊ အင်း-ခြင်းတောင်းထဲ ပြန်ချပေးဖို့ ပြောမှထင်တယ်- အယ်လန်ရဲ့အတွေး။

"နောက်နှစ်နာရီအတွင်း လူကြီးမင်းတို့နှစ်ယောက်ကို စစ်ဆေး မေးမြန်းခြင်း လုပ်ရပါလိမ့်မယ်။ ခုလောလောဆယ်တော့ လူကြီးမင်းတို့ကို ပြစ်မှုတစ်စုံတစ်ရာအတွက် သံသယ မရှိသေးပေမယ့် ဒါဟာ အချိန်မရွေး ပြောင်းလဲသွားနိုင်ပါတယ်၊ စစ်ဆေးမေးမြန်းတာကိုတော့ ကျွန်တော်ကိုယ်တိုင် ပြုလုပ်မှာဖြစ်ပါတယ်။ ပထမဆုံး မေးခွန်းနှစ်ခုကတော့ လူကြီးမင်းတို့ နှစ်ယောက်ဟာ ဘယ်သူတွေလဲ ဆိုတာရယ်၊ ဘာကြောင့် ပင်လယ်ထဲမှာ ခြင်းတောင်းတစ်လုံးနဲ့ မျောနေတာလဲ ဆိုတာရယ်ပါပဲ၊ ရှန်ပိန် တစ်ပုလင်းနဲ့ အတူပေါ့၊ ခဏနေ ဒါတွေကို အသေးစိတ် မေးပါ့မယ်"

ကပ္ပတိန်ပတ်ဟာ ပထမအရာရှိကို သူ့အခန်းထဲက ပစ္စည်းတွေသိမ်း၊ သင်္ဘောသားတွေနဲ့ သွားနေပြီး ပထမအရာရှိအခန်းကို လူကြီးမင်းနှစ်ယောက် အတွက်ပေးဖို့ ပြောလိုက်တယ်။ အခန်းရှေ့မှာ သင်္ဘောသားတစ်ယောက်ကို အမြဲ အစောင့်ချထားဖို့၊ လူကြီးမင်းနှစ်ယောက် တစ်စုံတစ်ရာ ထိခိုက်နစ်နာတာမျိုး မဖြစ်စေဖို့၊ ဒါမှမဟုတ် မလုပ်မိစေဖို့ ညွှန်ကြားလိုက်တယ်။

ပထမအရာရှိက အလေးပြုလိုက်တယ်။ ဒီကိစ္စတွေအတွက် သူ ပျော်တော့ ဘယ်ပျော်ပါ့မလဲ။ ခေါင်းဖြူစွယ်ကျိုး အဖြူအိုကြီး နှစ်ယောက် အတွက် အခန်းဖယ်ပေးပြီး သူ့ကျ သင်္ဘောသားတွေနဲ့ သွားနေရမတဲ့။ ဒီလူတွေကို ထားခဲ့လိုက်ရမှာ။ စကတည်းက ပြဿနာအိုးတွေပဲ။

ကပ္ပတိန် ပတ်ချောင်အန်ဟာလည်း ပြဿနာရဲ့အနံ့ကို ရနေတယ်။ သူ့အခန်းထဲဝင်ပြီး မီးခံသေတ္တာထဲက ပစ္စည်းကို စစ်တယ်။ သော့ကို သူ့လည်ပင်းမှာ အသေအချာ ဆွဲထားလိုက်တယ်။

မီးခံသေတ္တာထဲမှာတော့ သင်္ဘောမှတ်တမ်းရယ်၊ ပင်လယ်ဥပဒေ စာအုပ်ရယ်၊ သန့်စင်ပြီး ယူရေနီယံ လေးကီလိုဂရမ်ပါတဲ့ မြောက်ကိုရီးယား လုပ် လက်ဆွဲသေတ္တာရယ် အတူတကွ ရှိနေကြတယ်။

အင်း ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးကိုယ်တိုင် သူ့ကို ပေးအပ်ထားတဲ့တာဝန်ဟာ နောက်သုံးရက်ဆိုရင် အောင်မြင်စွာ ပြီးမြောက် တော့မယ်။ ဒီတာဝန် မိုးကုပ်စက်ဝိုင်းမှာ တိမ်သားတွေ ကင်းရှင်းပြီး ကြည်စင် ဝင်းပလို့ပဲ။ ဒါပေမဲ့ အမေရိကန် ဂြိုဟ်တုတွေကတော့ အမြဲစောင့်ကြည့်နေတာ။ နောက်တစ်ခုကတော့ သူ့အခန်းနဲ့ ကပ်ရပ်က၊ ပထမအရာရှိအခန်းမှာ စံမြန်း

နေကြတဲ့ နိုင်ငံခြားသား အဘိုးကြီး နှစ်ယောက်ပေါ့။

ကပ္ပတိန်ပတ်ဟာ အခြေအနေတွေကို အနုလုံ ပဋိလုံ သုံးသပ်ရင်း ပထမအရာရှိအခန်းကို လျှောက်လာတယ်။ အခန်း၀က အစောင့်သဘော်သား ကို အခန်းတံခါး မဖွင့်ပေးမချင်း ပါးစပ်က အား-ယား လို့ အသံပြုရင်း စူးစူးရဲရဲ ကြည့်တယ်။ သူ အခန်းထဲ၀င်ပြီးချိန် အစောင့် သဘော်သားက အခန်းတံခါး ပြန်ပိတ်လိုက်တာကို စိုက်ကြည့်ပြန်တယ်။

"ကဲ စစ်ဆေးမေးမြန်းချိန်ရောက်ပြီ လူကြီးမင်းတို့"

ကပ္ပတိန် ပတ်ချောင်အန်က စပြောတယ်။

"အိုး ကောင်းလိုက်တာ" အယ်လန်က ပြန်ပြောလိုက်တယ်။

※※※

(၆) ကွန်ဂို

ကွန်ဂိုဆိုတာ နယ်မြေအားဖြင့် အာဖရိကတိုက်ရဲ့ ဒုတိယအကျယ်ဆုံး တိုင်းပြည်။ သူ့ အမြဲကြွယ်ဝတာ နှစ်မျိုးရှိတယ်။ ပထမတစ်ခုက သဘာဝ သယံဇာတ၊ ဒုတိယတစ်ခုက ဝမ်းနည်းကြေကွဲစရာ စိတ်နှလုံးထိခိုက် စရာ အဖြစ်သနစ်တွေ။

စိတ်ထိခိုက်စရာ အကောင်းဆုံးကာလကတော့ ဘယ်လ်ဂျီယမ်ဘုရင် ဒုတိယမြောက် လီယိုပိုဟာ ကွန်ဂို ကို သူ့ကိုယ်ပိုင် ရာဘာတောအဖြစ် အသုံးပြုခဲ့စဉ်ကပေါ့။ တွေ့သမျှလူအကုန် မညှာမတာ ကျွန်ပြုရင်း လူ ဆယ်သန်းလောက်ကို သတ်ပစ်ခဲ့တယ်။ အဲဒီ လူဦးရေ ပမာဏဟာ ဆွီဒင် တစ်ပြည်လုံး၊ ဒါမှမဟုတ် (ဒါကို ပိုသဘောကျမယ်ဆိုရင်) ဘယ်လ်ဂျီယမ် တစ်ပြည်လုံးစာ လောက် ရှိတယ်။

ခက်ခဲပင်ပန်းလှတဲ့ နှစ်ကာလရှည်ကြာကို ဖြတ် သန်းပြီး လွတ်လပ်ရေးဆိုတာကြီး ရချိန်မှာတော့ ကွန်ဂိုသမ္မတထိုင်ခုံမှာ ဂျိုးဆက် မိုဘူတူ ဆိုသူ တက်ထိုင်ခဲ့တယ်။ အဲဒီလူဟာ တိုင်းပြည်ရဲ့ သယံဇာတကို အမြင့်ဆုံးပေးနိုင်တဲ့ သူခိုးဈေးနဲ့ ရောင်းပြီး ရသမျှပိုက်ဆံကို မောင်ပိုင်စီးခြင်းအားဖြင့် အင်မတန် ထင်ရှားကျော်ကြား ခဲ့တယ်။ သူ့နာမည်ရှေ့ကနေ အောင်ပွဲဆီသို့ မဆုတ်မနစ်သော ဖွဲလုံ့လဖြင့် လှမ်းမျှော်၊ တိုက်ပွဲတိုင်း အနိုင်ယူကာ၊ ခြေတစ်ချက်ဆောင့်လိုက်တိုင်း မီးဟုန်းဟုန်း တောက်စေသည့် အစွမ်းတကာ့ အစွမ်းဆုံး သူရဲကောင်းတို့၏ သူရဲကောင်းမဟာ ဆိုတဲ့ ဂုဏ်ပုဒ်ကို ပြောင်းတပ်တယ်။

အဲဒီအကောင်က အာဖရိကနဲ့ ကွန်ဂိုရဲ့ အနာဂတ်ဟာ အမေရိကန် ပြည်ထောင်စုလို့ တထစ်ချမှတ်ယူ၊ စီအိုင်အေရဲ့ အကြင်နာကြီးတဲ့ အထောက် အပံ့တွေကို ရယူရင်း သူရဲကောင်းတို့ရဲ့ သူရဲကောင်းမဟာကြီးဟာ ဆယ်စု နှစ်ပေါင်းများစွာ အာဏာယစ်ပလ္လင်မှာ မြဲနေခဲ့တယ်။ ကွန်ဂိုရဲ့ သဘာဝ သယံဇာတတွေနေရာမှာ ယူရေနီယံဟာ ရာဘာကို ကျော်တက်ပြီး ထိပ်ရောက် လာခဲ့တယ်။ ဟီရိုရှီးမားနဲ့ နာဂါဆာကီကို ကြဲချခဲ့တဲ့ အမေရိကန် အနုမြူဗုံး တွေမှာ သုံးထားတဲ့ ယူရေနီယံဟာ ကွန်ဂိုပြည်ဖြစ်ပေါ့။ ဒါကို ကျေးဇူး တုံ့ပြန်တဲ့အနေနဲ့ ကွန်ဂို အနုမြူသုတေသနဌာနဆိုတာကို ခြေတစ်ချက် ဆောင့်တိုင်း မီးဟုန်းဟုန်းတောက်စေမယ့်သူကြီးရဲ့ လက်အောက်မှာ တည်ပေးခဲ့တယ်။ ဒါဟာ သမိုင်းတစ်လျှောက် အမေရိကန်ရဲ့ အပြောင်မြောက်ဆုံးသော နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်မဟုတ်ဖို့ များတယ်။

အရာရာ ခြစားနေတဲ့ တိုင်းပြည်မှာ သန့်စင်ပြီး ယူရေနီယံတွေ အများကြီး ပျောက်သွားတယ်ဆိုတာလည်း ခြွင်းချက်တော့ မဟုတ်ဘူးပေါ့။ ဟိုနားဒီနားမှာ နည်းနည်းပါးပါး ပြန်တွေ့ပေမယ့် အများစုကတော့ ပျောက် ပျောက်နေတတ်တယ်။

အချိန်တွေ ကုန်လာခဲ့ပေမယ့် အနောက်ကမ္ဘာက အရေးအပါဆုံးသော ထောက်လှမ်းရေးအဖွဲ့တွေဟာ ဘယ်တော့မှ မတွေ့မယ့် ယူရေနီယံကို ရှာဖို့ အားအင်မရှိကြတော့ဘူး။ သူတို့လုပ်နိုင်တာကတော့ နောက်ထပ် ယူရေနီယံတွေ မှောင်ခိုဈေးကွက်ထဲ ထပ်ဝင်မလာဖို့ပဲ။ အချိန်ကြာလာလေ ပျောက်သွားတဲ့ ယူရေနီယံတွေ အာနိသင် ပြယ်လာစေဖို့ပဲ သူတို့ မျှော်လင့်ရင်း ကျေနပ်နေကြရတယ်။

ဒါပေမဲ့လို့ ဒီကိစ္စကို ဂျာမန် အဓိပတိ အိန်ဂျယ်လာ မာကယ်က တော့ ဒီလိုမမြင်ဘူး။ ဖရူမာကယ်ဟာ အာဏာထိုင်ခုံမှာ ကမ္ဘာ့ခေါင်းဆောင် အများစုထက် အချိန်ကြာအောင် ထိုင်ခဲ့ပြီးပြီ၊ လာမယ့်ဆောင်းဦးမှာ သူပဲပြန်ရွေးကောက်ခံရဖို့ ရှိနေတယ်။ ဓာတုဗေဒပညာရှင်တစ်ယောက်ဖြစ်ခဲ့တဲ့ မာကယ်ဟာ ပျောက်သွားတဲ့ ယူရေနီယံတွေရဲ့ အာနိသင်ပျက်ပြယ်သွားတဲ့နေ့ သူ အဓိပတိအဖြစ် ရှိမနေတော့ဘူးဆိုတာ ကောင်းကောင်းသိတယ်။ အသက် ခြောက်ဆယ့်သုံးနှစ်၊ နိုင်ငံရေးသက်တမ်း နှစ်ဆယ့်ရှစ်နှစ်ရှိပြီဖြစ်တဲ့ မာကယ်ရဲ့ သက်တမ်းဟာ ယူရေနီယံ အာနိသင်ရဲ့ သက်တမ်းဝက်ပမာဏ လေးဒသမငါး ဘီလီယံ နှစ် ဆိုတာထက် အများကြီး တိုနေတာကိုး။

※※※

(၇) မြောက်ကိုရီးယား

ခုလို အခြေအနေမျိုးရောက်လာဖို့ ကင်ဂျုံအန်ဟာ ဘယ်တုန်းကမှ မတောင်းဆိုခဲ့ဖူးဘူး။ နန်းဆက်အရ သူ့အရှေ့မှာ အစ်ကိုနှစ်ယောက် ရှိနေခဲ့တာကိုး။ ဒါပေမဲ့ အကြီးဆုံးတစ်ယောက်က တိုင်းပြည်ထဲကနေ နာမည်တုနဲ့ ထွက်ပြီး တိုကျိုဒစ်စနေလန်းကို သွားလည်ရင်း မင်းလောင်း စာရင်းက သူ့ကိုယ်သူ ဖျက်ခဲ့တယ်။ နောက်တစ်ယောက် ကိုတော့ သူတို့အဖေ ကင်ဂျုံအီးက အားနည်းလွန်းတယ်လို့ မြင်တယ်။ အဓိပ္ပာယ်ကတော့ သူဟာ မိန်းမလျာလို့ သံသယဖြစ်ဖွယ် ဖြစ်နေသတဲ့။ မချစ်သင့် မချစ်ထိုက်သူ တွေကို ချစ်တတ်လေသလားတော့ မသိ။

ဖေဖေကင်ဟာ ထာဝရ သမ္မတကြီးကင်အီဆွန်းဆီ ကနေ အာဏာကို လက်ခံရရှိချိန်မှာ အသက်အတော်ကြီး နေခဲ့ပြီ။ သူ့သားအငယ်ဆုံးလေးအတွက် တခြား အစီအစဉ်တွေ ရှိချင်လည်း ရှိခဲ့မှာပေါ့။

ဒါပေမဲ့လို့ ပြဿနာက အကောင်ကြီးကြီးသေးသေးလူဆိုတာ သေပြီဆိုရင် သေတာပဲ။ ဒီလိုနဲ့ လောလောလတ်လတ် မသာပေါ်တော်မူ သွားတဲ့ ဖခင်ကြီးရဲ့အမွေကို အသက်နှစ်ဆယ့်ငါးနှစ်သား အငယ်ဆုံးလေးက လက်ခံရရှာတယ်။ ချစ်ဖေဖေ ကင်ဂျုံအီးဟာ သမိုင်းမော်ကွန်းရေးထိုးသွားခဲ့တဲ့ လူတစ်ယောက်။ ဘယ်လိုရေးထိုးသွားသလဲဆိုတော့ ဆာလောင်နေတဲ့ တိုင်းသူပြည်သားတွေကို ငတ်မွတ်ခေါင်းပါးနေတဲ့ တိုင်းသူပြည်သားတွေ အဖြစ် အသွင်ပြောင်းလဲပေးခဲ့တယ်လို့ပေါ့ ။

လအနည်းငယ်အတွင်း ဗီဒီယိုဂိမ်းကို စွမ်းစွမ်းတမံ ကစားတတ်တဲ့ လူငယ်လေးကင်ဟာ ကြယ်သုံးပွင့် ဗိုလ်ချုပ်ကြီး ဖြစ်လာခဲ့တယ်။ သူဟာ နိုင်ငံတကာလေ့လာသူတွေကို ဘာအခွင့်အရေးမှ မပေးခဲ့ဘူး။ ခွေးပေါက် ကလေးဟာ သူ့ဦးလေးအပါအဝင် ရောမအရာရှိကြီးတွေ ဦးစီးသော တိုက်ပွဲကြောက် တပ်မတော်ကြီးရဲ့ ဦးစီးချုပ် ဖြစ်လာခဲ့တယ်။

ဦးလေးနဲ့ ဗိုလ်ချုပ်ကြီးများ ဘာမှမလုပ်ရသေးခင်ကို လူငယ်လေး ကင်ဟာ သူ အချဉ်မဟုတ်ကြောင်းကို တရစပ် ပြသခဲ့တယ်။ ဦးလေးဟာ မိန်းမအပေါ် သစ္စာမရှိမှုနဲ့ စွဲချက်တင်ခံရပြီး သေဒဏ်ကျခံစေတဲ့။ ဆယ့်နှစ် မျက်နှာရှိတဲ့ စွဲချက်ထဲမှာတော့ လူငယ်လေးကင်ရဲ့ သွားလေသူ ဖေဖေကင်ဟာ မိန်းမသုံးယောက်နဲ့ ကလေးငါးယောက် ရခဲ့ကြောင်း တစ်လုံးတစ်ပါဒမှ မပါဝင်စေရ။

ဒါမတိုင်ခင် အစောပိုင်းကာလများတုန်းကတော့ လူငယ်လေး ကင်ဟာ ဆွစ်ဇာလန်မှာ နာမည်တုနဲ့ ကျောင်းတက်နေခဲ့တယ်။ သူ့မေမေက ဥရောပတစ်ခွင်. ပြဲပြဲစင်အောင် ဈေးဝယ်ထွက်နေခဲ့တယ်။ သာမန် မြောက်ကိုရီးယား ပြည်သူတွေ ခေတ်ပုံတောင် မမြင်ဘူးတဲ့ ပစ္စည်းမျိုးတွေ ဝယ်ဖို့ပေါ့။ ကင်ဟာ

ကောင်မလေးတွေထက် ဘက်စကက်ဘောနဲ့ ဗီဒီယိုဂိမ်း ကို ပိုစွဲတယ်။ ကျောင်းရမှတ်တွေကတော့ လွမ်းလောက်စရာမရှိ။ ဒါပေမဲ့လို့ သူ့အဘိုး ဖန်တီးတည်ထောင်ခဲ့ပြီး သူ့အဖေ တစ်ဝက်တစ်ပျက် ဖျက်ဆီးခဲ့တဲ့ တိုင်းပြည်ကို အမွေရချိန်မှာတော့ သူ စိတ်အားတက်ကြွနေခဲ့တယ်။ တကယ် တော့ ကင်ဟာ ပွင့်ပွင့်လင်းလင်းသမား၊ စိတ်ရွှင်နေရင် သာမန်ပြည်သူ ပြည်သားကလေးတွေကို ကျောပိုးချင်ပိုး၊ စကားပြောချင်ပြောတတ်တဲ့လူ၊ အစားအသောက်တွေ စားပွဲပေါ်ရောက်အောင် စွမ်းဆောင်ဖို့ အင်မတန် နှေးကွေးတဲ့ ပြည်တွင်းဖြစ် ကွန်မြူနစ်စနစ်ရဲ့ နေရာအထားအသိုကို ပြန်လည် ပြုပြင်ဖို့လည်း စိတ်ကူးရှိသလို တကယ်လည်း လုပ်ခဲ့တယ်။

သူ့ထက်ကြီးတဲ့ဟာကြီးတွေကို နှိပ်ကွပ်ပြလိုက်လို့ တစ်ကမ္ဘာလုံးက ခွေးပေါက်လေးကို ကြောက်ရွံ့ခန့်ညားလာချိန်မှာတော့ သူ့ရဲ့ တိုင်းသူပြည်သား တွေဟာ ဝတ်မွတ်ခေါင်းပါးတဲ့ အခြေအနေ မဟုတ်တော့ဘူး။ ဝတ်လွန်း ဆာလွန်းလို့ ခွေအိပ်ပြီး အသေခံမလား၊ တစ်ကမ္ဘာလုံးကို ခံချမလားဆိုတဲ့ တိုင်းပြည်တစ်ပြည်ကို သူ ဆက်ခံရရှိခဲ့တာဆိုတာကို အသေအချာ မြင်လာခဲ့တယ်။

သူကတော့ ခံချမဲ့လမ်းကို ရွေးခဲ့တယ်။

ဒါပေမဲ့ မြောက်ကိုရီးယားရဲ့ ငွေရေးကြေးရေး ချူချာမှုမှာ ပြဿနာလေး ရှိနေတယ်။ တစ်ကမ္ဘာလုံးကို ခံချဖို့အတွက် လက်ရှိ တပ်မှာ သုံးနေတဲ့ ဆိုဗီယက် တင့်ကား အအိုအဟောင်းတွေ၊ သမားရိုးကျ လက်နက် အစုတ်အပြတ်တွေကို ခေတ်မီအောင်လုပ်ဖို့ ငွေမရှိဘူး။ ဒါကြောင့် ဖေဖေ လုပ်ခဲ့တဲ့ ပရောဂျက်ကိုပဲ အမြန်လုပ်မှဖြစ်မယ်။

ဗုံးတွေ ရာထောင်ချီ မလိုဘူး။ နည်းနည်းပဲ။ အင်မတန် စွမ်းပကား ကြီးပြီး အင်မတန် ဝရဇိန်လက်နက်ဆန်တဲ့ဗုံး။

တိုတိုပြောရရင် နျူကလီးယား လက်နက်တွေပေါ့။

နျူကလီးယား လက်နက်စီမံချက်ကို ဖွံ့ဖြိုးတိုးတက်စေပြီး ဒုံးကျည် စမ်းသပ်မှုတွေ ခဏခဏလုပ်ပြရင်းကနေ မခိုးမခန့် ပြုံးကြည့်နေတဲ့ ကမ္ဘာကို မြောက်ကိုရီးယားကို ပေါ့သေးသေးမမှတ်နဲ့လို့ ပြလိုက်တယ်။ ကမ္ဘာက အကြောက်တရား၊ ပိတ်ဆို့ ဒဏ်ခတ်မှု၊ ပြစ်တင်ရှုံ့ချမှုတွေနဲ့ တရကြမ်း တုံ့ပြန်တဲ့အခါ သူ ကျေနပ်သွားတယ်။ သူက ခု လူငယ်လေး ကင်မဟုတ် တော့ဘူး၊ ကြီးမြတ်လှသော ခေါင်းဆောင်ကြီး ဖြစ်နေပြီလေ။

ဘုရားကလည်း သူ့ဘက်ပါပုံပဲ။ အမေရိကန်ပြည်ထောင်စုဟာ နိုဗယ်ငြိမ်းချမ်းရေးဆုရှင် သမ္မတ သက်တမ်းကုန်တဲ့အခါ ကင်ဂျုံအန် ထောင်ချောက်ထဲ အမြဲကျတတ်တဲ့တစ်ယောက်ကို သမ္မတအဖြစ် ရွေးကောက် တင်မြှောက်လိုက်ကြတယ်။ သမ္မတ ဒေါ်နယ်ထရမ့်ဟာ မြောက်ကိုရီးယားနဲ့ ပတ်သက်ရင် အမြဲတမ်း ချမယ်၊ ဆော်မယ်၊ တွယ်မယ်၊ တီးမယ် ချည်းပြော နေတဲ့အခါ ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးကို သိဒ္ဓိတင်ပေးသလို

ဖြစ်နေတော့တာပေါ့။

အာဏာရပြီး နှစ်အနည်းငယ်အတွင်း ကင်ဂျုံအန်ဟာ သူ့အဖေ တစ်သက်လုံးလုပ်ခဲ့တာထက် ပိုစွမ်းဆောင်ပြနိုင်ခဲ့တယ်။ တစ်ခုပဲ သူ့ကို ဒုက္ခပေးနေတာက ပြည်တွင်းဖြစ် ပလူတိုနီယံစက်ရုံပဲ။ နျူလက်နက်တွေမှာ တပ်ဆင်ဖို့ ပလူတိုနီယံကို ပြုပြင် သန့်စင်ခြင်းဆိုတာ လွယ်တဲ့ကိစ္စ မဟုတ် ပေဘူး။

သန့်စင်ထားတဲ့ အသင့်အသုံးပြုလို့ရတဲ့ ပလူတိုနီယံ ငါးဂရမ် လောက် ရဖို့ဆိုတာတောင် အတော်ခက်တယ်။ ရပြီပဲ ဆိုပါစို့၊ ဒါကို တည်ငြိမ်အောင်လုပ်ဖို့ ဂေလီယမ်ဓာတ်စင်နဲ့ ဓာတ်ပြုဖို့အဆင့်တွေ ကျန်သေတယ်။ ဂေလီယမ်ဆိုတာက နေရောင်အောက်မှာ ချောကလက်ပြားထားမိတာ ထက်တောင် ပိုပြီး အရည်ပျော်လွယ်သေးတာ။

ဒါတွေ အားလုံးလုပ်နိုင်ဖို့က ပလူတိုနီယံကို အနည်ကျအောင် မွှေတဲ့ မွှေစက်လိုတယ်။ မွှေစက်နည်းပညာက ကိုယ်တိုင်လုပ်ဖို့ မဖြစ်နိုင် လောက်အောင် ရှုပ်ထွေးနက်နဲတယ်။

ဒါတွေဟာ လက်နက်အဆင့် ပလူတိုနီယံ ၂၃၉ ကို ငါးဂရမ် လောက်ရဖို့ လုပ်နည်းအဆင့်ဆင့်ပဲ။ တကယ့် နျူကလီးယား ထိပ်ဖူးတစ်ခု အတွက် ပလူတိုနီယံ ငါးကီလိုဂရမ်လောက်လိုတာ။

အဲဒီကိစ္စအတွက် အရေးအကြီးဆုံး ပလူတိုနီယံ မွှေစက်ကို ပေးပါ မယ်လို့ အာမခံခွေ့ခံ ကတိကဝတ်ပြုထားတဲ့ ရုရှားတွေဟာ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ မွှေစက်ကို လုံးဝမပေးဘူး။ ကင်ဂျုံအန်ဆိုတဲ့လူကလည်း ဆင့်ဟိုဒင်း ခွေးမျှော်ဘဝကို အမုန်းဆုံး။

ရုရှားဆိုတာကလည်း နှစ်ဖက်ချွန်လုပ်ငန်းမှာ မာစတာကိုး။ တနင်္လာ နေ့မှာ မြောက်ကိုရီးယားကို စီးပွားရေးအရ အရေးယူ ဒဏ်ခတ်ပိတ်ဆို့ဖို့ ထောက်ခံမယ်၊ အင်္ဂါနေ့မှာ ပလူတိုနီယံ မွှေစက်ပေးဖို့ မထိတထိ ကတိပေး မယ်၊ သီတင်းပတ်ကုန်ဆုံးချိန်မှာ ယူရေနီယံဘက် လှည့်ကြည့်ပါလား အဆက် အသွယ်တွေ ပေးမယ်လေလို့ လုပ်ချင် လုပ်တတ်တာ။

ပလူတိုနီယံ နေရာမှာ အစားထိုးနိုင်တဲ့ပစ္စည်းကတော့ ယူရေနီယံပဲ။ အာဖရိက အမှောင်ခြမ်းက မှောင်ခိုဈေးကွက်မှာ ရနိုင်တယ်လို့ သတင်း ထွက်နေတဲ့ပစ္စည်း။ သို့သော်လည်း အာဖရိကဆိုတာက ဂုဏ်ရှိန်ပြောင်ဝင်း သော ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံရဲ့ ရန်သူတွေ အများသား။ ယူရေနီယံ တန်ဝက်လောက် ဒီအိတ်ချ်အယ်လ်နဲ့ ပို့လိုက်စမ်းပါလို့ ပြောလို့မှ မရတာကို။

ခု မော်စကိုက စကီဇိုဖရီးနီးယား ရောဂါသည်တွေဟာ ကွန်ဂိုက သန့်စင်ပြီး ယူရေနီယံရဲ့ သဲလွန်စကို ပေးထားပြန်ပြီ။

တကယ်ပဲ စိတ်ချရရဲ့လား၊

တင်သွင်းလာမယ့်နည်းလမ်းကရော အလုပ်ဖြစ်မှာလား။

စောင့်ကြည့်ကာ နေရဦးမည်ပေါ့လေ။

※※※

(၈) အမေရိကန်ပြည်ထောင်စု မြောက်ကိုရီးယား

အမေရိကန် ပြည်ထောင်စုရဲ့ သမ္မတသစ်အဖို့ သူ့ရဲ့ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဟာ လုံခြုံရေးနဲ့ ပတ်သက်လို့ အင်မတန် အန္တရာယ်ရှိတယ်ဆိုတာ တွေ့ရှိရပြီးတဲ့နောက် အလုပ်ဖြုတ်ပစ်ရုံမှတစ်ပါး အခြားမရှိ။ ဒါ့အပြင် ခု သမ္မတသက်တမ်းရဲ့ ပထမဆုံး ကာလများမှာ မီဒီယာ စိတ်ဝင်စားမှုရအောာ င်လုပ်ဖို့လည်း လိုသေးတယ်။ စသဖြင့်ပေါ့။

အကျိုးဆက်အနေနဲ့ ပြုယမ်းက ကြီးမြတ်လှသော ခေါင်းဆောင်ကြီးဟာ ကီလိုမီတာ ငါးရာဝေးတဲ့ ဂျပန် ပင်လယ်ပြင်ထဲကို တာလတ်ပစ်ပတ်ဂက်ဆောင်-၂ ဒုံးကျည်လေးစင်း ပစ်လွှတ်စမ်းသပ်ခွင့် ပြုလိုက်တဲ့အခါ အမေရိကန် သမ္မတထရမ့်ဟာ ထင်ထားတဲ့အတိုင်း ထွန့်ထွန့်လူး တုံ့ပြန်ခဲ့တယ်။

အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့ တောင်ကိုရီးယားက ကမကထ ပြုပြီး ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အရေးပေါ် အစည်းအဝေးခေါ်၊ အဲဒီကနေ မြောက်ကိုရီးယားရဲ့ ဒုံးကျည်စမ်းသပ်မှုကို ပြစ်တင်ရှုံ့ချ၊ ကုလသမဂ္ဂ ဆိုင်ရာ အမေရိကန်သံအမတ်ကြီးက ခုလို ပြောခဲ့တယ်။ မြောက်ကိုရီးယားကို မိမိတာဝန် မိမိယူနိုင်ဖို့ ဝိုင်းဝန်းတုံ့ပြန်ကြရမယ့်အချိန် ရောက်ပါပြီ၊ စကားနဲ့ မဟုတ်၊ အလုပ်နဲ့ သက်သေပြကြစို့တဲ့။ ဘာအလုပ်နဲ့တုန်း၊ မပူလေနဲ့၊ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်ကြီးက သူ့သမ္မတဆီ လုပ်ရမယ့် အလုပ်တွေ လက်လွှဲပို့လိမ့်မယ်။ သူ့သမ္မတက အကြံပြုချက် ဝေဝေဆာဆာနဲ့ တွစ်တာပေါ် တင်လိမ့်မယ်။

ဖြစ်ချင်တော့ အဲဒီကုလသမဂ္ဂ လုံခြုံရေးကောင်စီအဖွဲ့ဝင်အဖြစ် နိုင်ငံသေးကလေး ဆွီဒင်က ပါနေခဲ့တယ်။ ဆွီဒင်ကို ကိုယ်စားပြုတာကတော့ အပြောအဆို ပက်စက်ပွင့်လင်းတဲ့ ဆွီဒင် နိုင်ငံခြားရေးဝန်ကြီး မာရ်ဂေါ့ ဗော့စတွန်း။ သေချာ၊ မသေချာ မသိပေမယ့် ကြားရတာကတော့ ဘန်ဂျမင် နေတန်ယာဟုဟာ ဂျေရုစလင်က သူ့ရုံးခန်းထဲမှာ မာရ်ဂေါ့ ဗော့စတွန်းရဲ့ ဓာတ်ပုံကြီးကို နံရံမှာကပ်ထားပြီး ဒေါသထွက်တိုင်း၊ စိတ်ဖြေဖို့လိုတဲ့အခါတိုင်း ဗော့စတွန်းရဲ့ မျက်ခွက်ကြီးကို မြှားချွန်နဲ့ ပေါက်သတဲ့။ အကြောင်းရင်းကတော့ ဆွီဒင်နဲ့ မာရ်ဂေါ့ဗော့စတွန်းဟာ ပါလက်စတိုင်းနိုင်ငံ ဖြစ်တည်မှု တည်ရှိမှုကို အသိအမှတ်ပြုလို့တဲ့။ ဘယ်နဲ့-နယ်နိမိတ်မရှိ-အလုပ်လုပ်နိုင်တဲ့ အစိုးရမရှိ-နေတန်ယာဟု အလိုအရ အကြမ်းဖက်သမားတွေချည်း စုနေတဲ့နေရာကိုများ နိုင်ငံတဲ့။

ခုလည်း မာရ်ဂေါ့ဗော့စတွန်းဟာ တစ်စခန်း ထပြန်ပြီ။ လုံခြုံရေး ကောင်စီ အဖွဲ့ဝင်တွေကြားမှာ အိုင်ဒီယာတစ်ခုကို သူ ရောင်းနေတယ်။ အိုက်ဒီယာက သူ ပြုယမ်းကို သွားမယ်။ မြောက်ကိုရီးယားကို သွားမယ်။ မြောက်ကိုရီးယား

ခေါင်းဆောင်နဲ့ တိုက်ရိုက်ဆက်သွယ်မယ်။ ပြီးရင် လုံခြုံရေးကောင်စီနဲ့ ဆွီဒင်ကို ကိုယ်စားပြုပြီး ဆွေးနွေးမယ်ဆိုပဲ။ တစ်ချိန်လုံး သူ့ကို ပိတ်ဆို့ဖို့ ဒဏ်ခတ်ဖို့ အရေးယူဖို့ ထုဖို့ ထောင်းဖို့ တွယ်ဖို့ တီးဖို့ချည်း ပြောနေတဲ့ စောက်လုံခြုံရေးကောင်စီကို မြောက်ကိုရီးယားက တရားဝင် ဘယ်အလာခံလိမ့်မလဲ။ ဒါကြောင့် လူပုဂ္ဂိုလ်အနေနဲ့ သွားမယ်။ ဒါဟာအဆင့်မြင့် သံတမန် ကစားပွဲတစ်ခု။ နှစ်ဖက်လုံး ရေချိန်မြင့်လာတဲ့ စစ်ပွဲဆိုတဲ့ လေသံတွေကို လျှော့ချပစ်ဖို့ ကြိုးပမ်းချက်တစ်ခု။ တကယ်တော့ အနောက် ကမ္ဘာမှာ ဆွီဒင်ထက်ပိုပြီး မြောက်ကိုရီးယားနဲ့ သံတမန်ဆက်ဆံရေးရှိတဲ့နိုင်ငံ တစ်ခုမှ မရှိဘူး။ ဒါကြောင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မာရ်ဂေါ့ ဗော့စတွန်း ဆိုတဲ့ မိန်းမကြီးကို မီးစိမ်းပြလိုက်တယ်။ ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးကို အပျော့ဆွဲဆွဲပြီး လိုအင်ဆန္ဒပြည့်ဝစေဖို့ပဲ ကျန်တော့တယ်။

တကယ်လို့သာ တော်စတန် လိုဗန်စတီယားနားဟာ အားကစားသမား တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ကမ္ဘာကျော် သန်းကြွယ်သူဌေးကလေး ဖြစ်နေ မှာ၊ ခုတော့ သံခင်း တမန်ခင်းသမားဖြစ်နေတဲ့အတွက် သူ့ကို ဘယ်သူမှ မသိဘူး။ ဘယ်သူမှ မကြားဖူးဘူး။

ဆွီဒင် နိုင်ငံခြားရေးဌာနမှာ တာဝန်ထမ်းခဲ့တဲ့ အနှစ်သုံးဆယ်အချိန် အတွင်း အီဂျစ်၊ အီရတ်၊ တူရကီ၊ အာဖဂန်နစ္စတန်နိုင်ငံတွေမှာ တာဝန် ထမ်းဆောင်တယ်။ နယူးယောက် ကုလသမဂ္ဂရုံးချုပ်မှာ အီရတ်အရေး အထူးအကြံပေးပုဂ္ဂိုလ်အဖြစ်လည်း တာဝန်ထမ်းဖူးတယ်။

အဆင့်မြင့် သံခင်းတမန်ခင်းဗေဒမှာ သိဖို့ လိုအပ်တာမှန်သမျှသိတဲ့ တော်စတန် လိုဗန်စတီယားနားဟာ ခုတော့ ပြုံယမ်းရဲ့ ဆွီဒင်နိုင်ငံဆိုင်ရာ သံအမတ်ကြီး ဖြစ်နေခဲ့ပြီ။ ဆွီဒင်နိုင်ငံခြားရေးဌာန သံရုံးတွေထဲမှာ အရှုပ်ထွေး ဆုံး သံရုံးဆိုပါစို့ရဲ့။

တချို့ကတော့ သူ့ကို ပါရမီရှင်လို့ ဆိုကြတယ်။ ဘာပဲဖြစ်ဖြစ် မြောက်ကိုရီးယားတွေကို စေ့စပ်ညှိနှိုင်းရေးလမ်းကြောင်းပေါ် ရောက်အောင် ခေါ်ရမယ့် တာဝန်ကိုတော့ သူ ယူထားရတာအမှန်ပဲ။

ကမ္ဘာ့ငြိမ်းချမ်းရေးက ဦးစားပေးကိစ္စပေပဲ။ ဒါကြောင့် တော်စတန်လို ဗန်စတီယားနားဟာ အမြဲတမ်း အဆင်သင့်ဖြစ်နေအောင် ပြင်ဆင်ထားတတ်တယ်။ ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးနဲ့ အချိန်မရွေး တွေ့ဆုံနိုင်ဖို့ပေါ့။ မြောက်ကိုရီးယားဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီးဟာ မကြောက်တတ်ပါဘူး။ ဒီလို သံခင်းတမန်ခင်းအရေးတွေမှာ ကျင်လည်လာတာ ကြာ- ကြာလှ မင့်ကို။ ဒါပေမဲ့ သံအမတ်ကြီးဟာ တိကျတယ်၊ အာရုံစူးစိုက်မှု သိပ်ကောင်းတယ်။

အဲသလို တိကျတဲ့အတွက် လူမှန်၊ နေရာမှန်၊ အချိန်မှန်မှာ မှန်ကန်တဲ့ စကားလုံးကို ပြောနိုင်တယ်။ ခုလည်း သူ ခေါင်းဆောင်ကြီးကို တတွတ်တွတ် ပြောနေတယ်။ ပြုံယမ်းကို လာလတ္တံ့သော ကုလသမဂ္ဂရဲ့ အထူးလျှို့ဝှက် ညှိနှိုင်းရေး

လမ်းစဉ်ဟာ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အလွန့်အလွန် အရေးပါ ကြောင်းပေါ့။ သူ့အလုပ်သူ ကျွမ်းကျင်လွန်းတဲ့ တော်စတန်ဟာ ခေါင်းဆောင် ကြီး ဘာမှ ကြားဖြတ်မပြောနိုင်ခင်ပြောရမယ့် ကိစ္စအားလုံး ပြီးအောင် ပြောနိုင်တယ်။ ပြောပြီးတာနဲ့ ခုလို မဟာခေါင်းဆောင်ကြီးရဲ့ တန်ကြေးကြီး လှတဲ့ မဟာအချိန်တွေကို ခေတ္တခဏ ယူငင်သုံးစွဲခွင့်ပြုတဲ့အတွက် အထူး တလည် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း ပြောကြားရင်း ခေါင်းဆောင် ကြီးရဲ့ နှုတ်မြွက်စကားကို စောင့်နေလိုက်တယ်။

ခေါင်းဆောင်ကြီးက ထိပ်တန်းသံအမတ်ကြီးကို စိုက်ကြည့်ရင်း ပြောတယ်။

"အထူးလျှို့ဝှက် ငြိမ်းချမ်းရေး ထိပ်သီးအစည်းအဝေးကို ဒီမှာ လုပ်မယ် ဟုတ်လား ဒါ ကျုပ်တစ်ဘဝလုံး ကြားခဲ့သမျှထဲမှာ အတုံးဆုံး စကားပဲ"

"ဟုတ်ကဲ့ပါခင်ဗျ-ဒါဆိုလည်း သွားခွင့်ပြုပါဦး ခင်ဗျာ"

သံအမတ်ကြီး လိုဗန်စတီယားနားဟာ ခေါင်းဆောင်ကြီးရဲ့ အလွန် အင်မတန် ကြီးလှ ကျယ်လှသော ရောမရုံးခန်းမဟာကြီးကို ကျောခိုင်း ထွက်လာခဲ့တော့တယ်။

ဒါ ဒီကိစ္စတစ်ခုလုံးအတွက် နိဂုံးပေါ့။ အဲ-အယ်လန် ကားလ်ဆန် ဆိုတဲ့ဟာကြီးသာ ပေါ်မလာခဲ့ရင်ပေါ့လေ။

※※※

(၉) အိန္ဒိယသမုဒ္ဒရာ

ပထမအရာရှိအခန်းထဲက စားပွဲတစ်ဖက်မှာ လွှတ်နေတဲ့ ကုလားထိုင်ကို ကပ္ပတိန် ပတ်ချောင်အန်က ဝင်ထိုင်လိုက်တယ်။ စားပွဲရဲ့ တခြားတစ်ဖက်မှာတော့ အယ်လန်နဲ့ ဂျူးလီးယပ်စ်က ကုလားထိုင်ကိုယ်စီနဲ့ ထိုင်နေ ကြတယ်။

ကပ္ပတိန်ဟာ စာရွက်နဲ့ ဘောလ်ပင်ကို ယူတယ်။ လူကြီးမင်းတို့ရဲ့နာမည်၊ ဘယ်ကလာ၊ ဘာကိစ္စ ကုန်းမြေ နဲ့ ရေမိုင် ငါးဆယ်လောက်ဝေးတဲ့ ပင်လယ်ပြင်ထဲ၊ ခြင်းတောင်းထဲ ပေါလောမျောနေရသလဲ။

ဒါ အယ်လန် ကိုင်တွယ်ရမယ့်ကိစ္စပဲလို့ တွေးရင်း ဂျူးလီးယပ်စ်က နှုတ်ပိတ်နေလိုက်တယ်။ အယ်လန်က လည်း ထွေထွေထူးထူး စဉ်းစားမနေပါဘူး။ ခရား ရေလွှတ် တတွတ်တွတ် ပြောတာပေါ့။

"ကျုပ် နာမည်က အယ်လန်ပါ၊ ဒါကတော့ ကျုပ်ရဲ့ အကောင်းဆုံး မိတ်ဆွေ ဂျူးလီးယပ်စ်၊ သူက ကညွတ်တောင်သူဗျ၊ ကျုပ်ကတော့ လူအိုကြီး သက်သက်ပါလေ၊ ကနေ့က ကျုပ်ရဲ့ တစ်ရာ့တစ်နှစ်ပြည့် မွေးနေ့ဗျ၊ ကပ္ပတိန် စဉ်းစားမိရဲ့လား"

ကပ္ပတိန်ပတ်ဟာ အများကြီး စဉ်းစားပါတယ်။

အစကတည်းက ယဉ်သကိုဆိုသလို စစ်ဆေး မေးမြန်းခြင်းကိစ္စဟာ ခက်နေပါ့လား။ ကြည့်စမ်း ရှိရင်းစွဲ အသက်ထက် ပိုပြောနေတဲ့ အဘိုးကြီး၊ ဒါ ဘာသဘောလဲ၊ သတိထားမှပဲ။

"အင်း မစ္စတာအယ်လန်ဟာ သဘောရှိ အိုနိုင်ပါတယ်လေ၊ ဒါနဲ့ ခင်ဗျားတို့ ဘယ်ကလာကြတာလဲ၊ ဒီမှာ ဘာလာလုပ်နေကြတာလဲ"

"ဒီမှာဘာလာလုပ်နေတာလဲ ဟုတ်စ အို ......ကပ္ပတိန်ရယ် ခင်ဗျားပဲ ကျုပ်တို့ကို သင်္ဘောပေါ်က ပေးမဆင်းတာလေ"

"ဒီလိုလည်း မဟုတ်ပါဘူး။ ခင်ဗျားတို့တောင် မသိလိုက်ဘဲ ကျွန်တော် ခင်ဗျားတို့ကို ဆင်းခိုင်းလိုက်လို့ရပါတယ်၊ ဒီကနေ အရှေ့တီမောကို ရေကူးသွားမယ်ဆိုရင် ဆယ်ရက်- အလွန်ဆုံး ဆယ့်နှစ်ရက်ပေါ့၊ အဲဒီလို ကြိုက်တယ်လား"

ဟင့်အင်း- အယ်လန်ရော ဂျူးလီးယပ်စ်ပါ ဒါကို လုံးဝမကြိုက်။ ဒါနဲ့ အယ်လန်က ရှင်းပြတယ်။ ဘာလီကျွန်းမှာ မွေးနေ့ပွဲလုပ်ပြီး ကျွန်း တစ်ပတ်ကြည့်ဖို့ မိုးပျံပူဖောင်း ငှားတယ်။ လေကြောင်းက ပြောင်းသွားတော့ မိုးပျံပူဖောင်းဟာ သမုဒ္ဒရာဘက် လွင့်လာတယ်။ အကြင်နာကြီးတဲ့ ကပ္ပတိန်တို့ အဖွဲ့နဲ့ တွေ့တဲ့အချိန် ခြင်းတောင်းပဲ ကျန်တော့တယ်။ ဒီကိစ္စတစ်ခုလုံးဟာက မောက်ကမနိုင်တယ် ထင်ရပေမယ့် အားလုံးကို ရှင်းပြနိုင်တယ်လေ။

"မဟုတ်ဘူးလား ကပ္ပတိန်"

"ဘာကို မဟုတ်ရမှာတုံး"

"ဪ ....

အားလုံးကို ရှင်းပြနိုင်တယ်ဆိုတာလေ- တကယ်ပဲလေ- မဟုတ်ဘူးလား- အဲဒီလိုမထင်ဘူးလား ကပ္ပတိန်"

ဂျူးလီးယပ်စ်ဟာ အယ်လန့်ကို ပြုံးကြည့်နေတယ်။

အဘိုးကြီးနော်-သိပ်လျှာမရှည်နဲ့၊ ကပ္ပတိန်ဆိုတဲ့ကောင်ဟာ တို့နှစ်ယောက်ကို အချိန်မရွေး ရေထဲပစ်ချနိုင်တယ်လို့ အသံတိတ် ဆက်သွယ်ပြောဆိုနေတာ။

"ဆိုတော့ ခင်ဗျားတို့က အင်ဒိုနီးရှားကြီးတွေလား"ကပ္ပတိန်က ခပ်ထေ့ထေ့မေးလိုက်တယ်။

"ဘယ်ဟုတ်မတုန်း၊ ကျုပ်တို့က ဆွီဒင်က၊ ချစ်ဖို့ကောင်းတယ် တိုင်းပြည်ပါပဲ၊ ခင်ဗျားရောက်ဖူးလား ကပ္ပတိန် မရောက်ဖူးဘူးလား-အော် အင်းလေ- သွားလည်ဖို့ စဉ်းစားသင့်တယ်နော်၊ ဆောင်းတွင်းဆို နှင်းချည်းပဲ၊ နွေဆို အင်မတန် နွေ့တာရှည်တယ်၊ လူတွေကလည်း ကောင်းကြပါတယ် ယေဘုယျအားဖြင့်ပေါ့၊ ဒါပေမဲ့ ကျုပ်တို့တိုင်းပြည်မှာတောင် မကောင်းတဲ့လူ လည်း ရှိတာပဲ၊ ကျုပ်နေခဲ့တဲ့ လူအိုရုံညွှန်မှူးမဆို သဘောလွတ်ဆိုးတာ ကလား။ ဘာလီမှာနေတုန်းက တစ်ခါတစ်ခါ သူ့အကြောင်း တွေးမိသေး တယ်၊ ကျုပ်ပြောတာ နားလည်ရဲ့လား ကပ္ပတိန်"

အဘိုးကြီးဟာ ပြန်လှန်မေးခွန်းတွေ ထုတ်နေတာကို ကပ္ပတိန် နည်းနည်းမှ သဘောမကျဘူး။ သေချာ မကိုင်တွယ်ရင်ဖြင့် မထိန်းချုပ်နိုင်) ဖြစ်ကုန်တော့မယ်။

"ကဲ ... အစက ပြန်စကြစို့"

အယ်လန်နဲ့ ဂျူးလီးယပ်စ်တို့ရဲ့ နာမည်အပြည့်အစုံ၊ နိုင်ငံနဲ့ အလုပ်အကိုင်တွေကို ကပ္ပတိန်က ချရေးတယ်။ အလုပ်အကိုင်က အင်း-ဘာမှ မလုပ်ပေါ့။ ပင်လယ်ထဲ ပေါလောမျောနေတဲ့ ဘာအလုပ်မှ မလုပ်တဲ့ အဘိုး ကြီး နှစ်ယောက်။ ဒါဆိုရင် --- ။

ဒီလိုနဲ့ ကပ္ပတိန်ပတ်ဟာ သူတို့ဇာတ်လမ်းကို ယုံဖို့ ဆုံးဖြတ်လိုက်တယ်။ တကယ်လည်း စိတ်ထဲက တဖြည်းဖြည်း ယုံ ယုံ လာတယ်လေ။

တံခါးခေါက်သံကြားလို့ စစ်ဆေးမေးမြန်းတဲ့အလုပ် ခဏနားတယ်။ ကြောက်လန့်နေတဲ့ သင်္ဘောသားတစ်ယောက်က ဉ္စေ့သည်တွေကို ညစာ ကျွေးရမလား မေးတယ်။ အင်း... ကျွေး-ဆယ့်ငါးမိနစ် မိနစ် နှစ်ဆယ် လောက် နားတာပေါ့။

"နေပါဦး-ခုထိ သင်္ဘောပေါ်မှာ အရက်သေစာ မတင်ရ ဆိုတာ ရှိတုန်းပဲလား"

သင်္ဘောသားလေး ထွက်သွားတဲ့အခါ အယ်လန်က ကပ္ပတိန့်ကို မေးလိုက်တယ်။

ရှိတယ်၊ ရှိတုန်းပဲ၊ နောက်လည်း ရှိဦးမှာ၊ ခု ညစာနဲ့အတူ ရေနဲ့ လက်ဖက်ရည် ရမယ်။

"လက်ဖက်ရည် ဟုတ်လား၊ ကပ္ပတိန် ခရီးလမ်းတစ်လျှောက် သင့်တော်တဲ့နေရာမှာ ကျုပ်တို့ကို ဆင်းခွင့်မပြုတာ သေချာလား"

"ဆင်းခွင့် ပြုလိုက်ရင် သင်္ဘောပေါ်ပါလာတဲ့ ပစ္စည်းတွေရော ကျွန်တော့်ဘဝပါ ဒုက္ခတွင်းထဲ ကျသွားလိမ့်မယ်၊ ခင်ဗျားတို့ ကောင်းကောင်း မွန်မွန်နေရင် ကျွန်တော်တို့နဲ့အတူ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော် ကြီးထိ လိုက်ခဲ့နိုင်တယ်"

"ဟင် ကောင်းကောင်းမွန်မွန် နေရမယ်လား"

"ဟုတ်တယ်...ဟိုရောက်ရင် ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးက ခင်ဗျားတို့ကို အကောင်းဆုံး စောင့်ရှောက်ထားမှာ အသေအချာပဲ"

"ဩ-သိပ်မကြာခင်တုန်းက သူ့အစ်ကိုကို စောင့်ရှောက်သလိုမျိုးလား ဂျူးလီးယပ်စ်တစ်ယောက် သိမ့်ခနဲ တုန်သွားတယ်။ဟာ-ဒီအဘိုး ကြီး ရူးသွားပြီလား။ ငါးမန်းစာ ဖြစ်ချင်နေပြီလား။

ကပ္ပတိန်ပတ်မှာ အယ်လန့်လို တက်ပလက်မည်းတော့ မရှိဘူး။ ဒါပေမဲ့ ကမ္ဘာအနှံ့သွားနေတဲ့ သင်္ဘောသားမဟုတ်လား၊ နေရာအနှံ့က သတင်းစုံ ကြားတာပေါ့။ မစ္စတာကားလ်ဆန် ဘာပြောနေလဲဆိုတာသိတယ်။ စောက်အဘိုးကြီးဟာ စောက်အရင်းရှင်မီဒီယာတွေ ဝါဒဖြန့်တာကို အဟုတ် မှတ်ပြီး လိုက်ပြောနေတာပဲ။ ဒေါသတွေ အလိပ်လိုက် ထွက်လာတယ်။

"ဘယ်ကိုရီးယားခေါင်းဆောင်မှ ဆွေမျိုးသားချင်းကိုရော၊ တခြား တိုင်းပြည်ကလာတဲ့ ဧည့်သည်တွေကိုပါ မသတ်ဘူးဗျ"

ဒီစကားကြားလိုက်ရတော့ ဂျူးလီးယပ်စ်ဟာ တစ်ရာ့တစ်နှစ် အဘိုးကြီးတော့ နောက်ဆုတ်သွားမှာပဲ လို့ တစ်စက္ကန့်လောက် ထင်မိလိုက်သေးတယ်။ အဲဒီစက္ကန့်ကို လွန်မြောက်သွားတဲ့အခါ အယ်လန်က ပြောလာတယ်။

"အမယ် ဘယ်ဟုတ်လိမ့်မလဲ သတ်တာပေါ့၊ ကျုပ် ဒီနေ့ ဒီနေရာမှာ ခုလို ထိုင်နေနိုင်တယ်ဆိုတာ လွန်ခဲ့တဲ့ နှစ်အနည်းငယ်တုန်းက ကင်အီဆွန်း ဆိုတဲ့လူက ကျုပ်ကို နေရာတင် ပစ်သတ်ဖို့ ရည်ရွယ်ချက် ရှိနေတာကို မော်စီတုန်းဆိုတဲ့လူက တားထားလို့ဗျ၊ အဲဒီ မော်စီတုန်းကလည်း နောက်ဆုံးအချိန်ကျမှ စိတ်ပြောင်းသွားတာပါ"

အမယ်လေး - သူကြားလိုက်ရတဲ့စကားက ဘာစကားတုံး။

ကြည့်စမ်း၊ ဒီကော့ကေးရှန်းကောင်ကြီးဟာ သမ္မတနိုင်ငံတော်ရဲ့ ထာဝရသမ္မတကြီးနဲ့ နာမည်ကို သုံးပြီး စော်ကားနေတယ်။ ၂၃ နှစ်တိတိ ထာဝရအုပ်စိုးသွားတဲ့ ထာဝရ သမ္မတကြီးကိုများ ဒင်းက-ဒင်းက- ရာရာစစ။

"လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဟုတ်လား"

သူ့အတွေးတွေကို အစီအစဉ်တကျဖြစ်အောင် ထိန်းသိမ်းချုပ်တည်းရင်း ကပ္ပတိန်ပတ်က မေးလိုက်တယ်။

အိုး - အိုး - အချိန်တွေကုန်တာ တယ်မြန်သကိုးဗျ၊ တကယ်တော့ ၁၉၅၄ ခုနှစ်က ထင်ပါရဲ့၊ စတာလင်ကြီး မာလကီးယားတဲ့ နှစ်လေ-၅၃ များလား-

"မစ္စတာကားလ်ဆန် - ခင်ဗျား - ခင်ဗျား တကယ်ပဲ ထာဝရ သမ္မတကြီးနဲ့ တွေ့ခဲ့တာလား"

"ဒါပေါ့ဗျ - သူရော၊ ဒေါသကြီးတဲ့ သူ့သား ဘုတ်၊အီးရော နှစ်ယောက်လုံးနဲ့ တွေ့တာ၊ ခုတော့ သူတို့နှစ်ယောက်စလုံး မရှိရှာကြ တော့ဘူးကိုး - အင်းလေ လူတိုင်းဟာ ကျုပ်လို အသက်ကြီးလေ ပိုကျန်းမာလေ တော့ ဘယ်ဟုတ်လိမ့်မလဲနော်၊ ကျုပ်လည်း မေ့တဲ့ဟာမေ့၊ နားလည်းလေး၊ ဒူးလည်း သိပ်တော့မကောင်းချင်ဘူးခင်ဗျ၊ သိတယ်မဟုတ်လား"

ကပ္ပတိန်ပတ်ဟာ အကြီးအကျယ် ဝေခွဲမရ ဖြစ်နေရှာတယ်။ ဒီအဘိုးကြီးဟာ ထာဝရသမ္မတကြီးနဲ့ တွေ့ခဲ့ဖူးတယ်ဆိုရင် ထာဝရ သမ္မတကြီး ရဲ့မြေး ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးနဲ့ မတွေ့ဘဲ အစဖျောက်ပစ်လိုက် လို့ ဖြစ်ပါ့မလား။ သူပြောနေတာဟာ တကယ်လား ဖြီးနေတာလား၊ ကပ္ပတိန် ပတ်ဟာ ချိန်ဆ ကြည့်နေတယ်။

ဂျူးလီးယပ်စ်ဟာ ဖွတ်မေ့ ပဒတ်မေ့ ဖြစ်ချင်နေပေမယ့် သတိရှိသေးတယ်။ အယ်လန်ဟာ အခြေအနေကို နားလည်လို့ တမင်ပြောနေတာလား၊ သိုလွန်းအားကြီးလို့ တောင်စဉ်ရေမရ လျှောက်ပြောနေတာလား။ ဘာပဲဖြစ်ဖြစ် သဘော်ပေါ်က ကန်မချ ခံရဖို့ဆိုရင် တစ်ခုခုတော့ ဝင်ပြောမှာပဲ။

"အယ်လန်ဟာ ခင်ဗျားတို့ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံကြီး လွတ်လပ်ရေးအတွက် အင်မတန် ကြီးကျယ်တဲ့ကဏ္ဍက ပါဝင်လှုပ်ရှားခဲ့တာပေါ့၊ ပြီးတော့ အယ်လန်က ချူလက်နက် ပါရဂူကြီးလေ၊ ဟုတ်တယ် မဟုတ်လား အယ်လန်"

ကပ္ပတိန်ပတ်ဟာ ခဏလောက် အသက်ရှူရပ်သွားတယ်။ လည်ပင်းမှာဆွဲထားတဲ့ မီးခံသေတ္တာသော့ ကို ယောင်ယမ်းပြီး စမ်းမိသွားတယ်။

ချူလက်နက်ပါရဂူကြီးဆိုပဲ။ ဟင်- ဘယ့်နှာတုံး။

အယ်လန်ကလည်း ဒါကိုပဲ စဉ်းစားနေမိတယ်။ ခုနကပြောလိုက်တာ နည်းနည်းလေး တိုက်စစ်ဖွင့်တာ များသွားလားမသိ။ ခု မိတ်ဆွေကြီး ဂျူးလီးယပ်စ် စလိုက်တဲ့ဇာတ်ကို နိုင်အောင် ကမှ ဖြစ်လိမ့်မယ် ထင်တယ်။

"အင်း ခုလိုပြောတာ ကျေးဇူးပါ ဂျူးလီးယပ်စ်ရေ၊ ဟုတ်ပါတယ်၊ ပညာရပ်ဆိုင်ရာ ပါရဂူဆိုတာ ကျက်စားရာ နယ်မြေတွေ အမျိုးမျိုး ကွဲပြားတာ ကိုးဗျ၊ ကျုပ်ကျွမ်းကျင်တာက ဟိုးအရင် အက်တမ်ဗုံးလို့ ခေါ်ခဲ့ကြတဲ့ ခုခေတ် ချူလက်နက် ဆိုတာပေါ့၊ ဒီကိစ္စမှာတော့ ကျုပ်ဟာ ဆိတ်နို့ကနေ ဗော့ဒကာ ချက်သလောက်ကို ကျွမ်းကျင်တယ်၊ ခု ကျုပ်နားလည်သလောက်တော့

ဒီသင်္ဘောပေါ်မှာ ဗော့ဒကာကို ခွင့်မပြုသလို ဆိတ်မလည်း တစ်ကောင်မှ မပါဘူးမှတ်တယ်”

ဈုလက်နက်အကြောင်း ပြောလိုက်တဲ့အခါ ကပ္ပတိန်ပတ်ဟာ လည်ပင်းကို လက်နဲ့စမ်းနေတာ အယ်လန် သတိပြုမိတယ်။ ဒါ တစ်ခုခုတော့ တစ်ခုခုပဲနေမှာ။ တစ်ရာ့တစ်နှစ် အဘိုးကြီးဟာ ဝါသနာအလျောက် မြောက်ကိုရီးယားရဲ့ အက်တမ်လက်နက် စီမံကိန်းအကြောင်း ဖတ်ဖူးပါရဲ့။ ဘာကြာသေးလို့တုံး။ ပြီးခဲ့တဲ့ ရက်ပိုင်းလောက်ကပဲ ကင်ဂျုံအန်ဟာ ဂျပန်ပင်လယ်ထဲ ဒုံးကျည်စမ်းသပ်မှု လုပ်လို့ တစ်ကမ္ဘာလုံး ဆွေ့ဆွေ့ခုန်ကြတာ မဟုတ်လား။ ဒိုင်းနမိုက်သမား အဘိုးကြီးဟာ ဒီအကြောင်းတွေ အားလုံးကို တက်ပလက်မည်းကနေ ရတာ။ ဘယ်နေရာကြည့်ရမယ်ဆိုတာ သိဖို့ပဲ လိုတယ်။ အားလုံး တက်ပလက်မည်းထဲမှာ အကုန်ရှိတယ်။

အက်တမ်ဗုံးနည်းပညာဟာ ၁၉၇၀ နှစ်ကာလများနဲ့ ယှဉ်ရင် အပြောင်းအလဲတွေ အများကြီး ကြုံခဲ့ရပြီးပြီ။ ဒါပေမဲ့ မြောက်ကိုရီးusers ဒီနည်းပညာမှာ ဦးဆောင်ဦးရွက်နေရာမှာ မပါတာ အလွန်အင်မတန် သေချာတယ်။ လက်သင်ကလေးလို့ခေါ်ရင် ပိုမှန်တဲ့ဝေါဟာရ ဖြစ်လိမ့်မယ် ထင်တယ်။ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူတွေ အဆိုအရတော့ ဈုလက်နက် အတွက် လိုအပ်တဲ့ ပလူတိုနီယံကို သူတို့ မလုပ်တတ်ဘူးတဲ့။

ဒါ ကပ္ပတိန့်ကို ပြောလိုက်ရင် ဘယ်လိုတုံ့ပြန်မယ် မဆိုနိုင်ဘူး၊ သူနဲ့ ဂျူးလီးယပ်စ်ကတော့ အင်ဒိုနီးရှားမှာ မဆင်းရရင် လမ်းခုလတ်မှာတော့ သမုဒ္ဒရာထဲ မဆင်းချင်ပါဘူး။ မြောက်ကိုရီးယားရောက်မှ သင်္ဘောပေါ် ဆင်းရတာ ပိုပြီး သာသာယာယာ ဖြစ်လိမ့်မယ်။

“အဲ ခုနကပြောခဲ့သလိုပဲ ကျုပ်ရဲ့ အကောင်းဆုံးမိတ်ဆွေဟာ ဈုလက်နက် ဆိုကြပါစို့ရဲ့၊ ခင်ဗျားတို့တိုင်းပြည်ရဲ့ ဈုလက်နက် လုပ်ငန်း ကတော့ ပြဿနာတွေ သိပ်များပုံပဲ”

အယ်လန့်စကားမဆုံးသေးခင် ကပ္ပတိန်ပတ်ရဲ့လက်ဟာ လည်ပင်းက သော့ကို စမ်းပြန်တယ်။

အယ်လန်က ဆက်ပြောတယ်။

“ခင်ဗျားတို့ရဲ့ ကနဦး ဈုလက်နက် စမ်းသပ်မှုတွေကိုကြည့်ရင် ခင်ဗျားတို့မှာ ပလူတိုနီယံကို လုံလုံလောက်လောက် မထုတ်လုပ်နိုင်ဘူး၊ ဒါမှမဟုတ် ယူရေနီယံမရှိဘူးလို့ ကောက်ချက်ချရမယ်၊ နှစ်မျိုးလုံးဖြစ်ဖို့ များတယ်၊ တစ်ခုရှိတာက ယူရေနီယံ ရလာပြီဆိုဦးတော့ ဒါကို ဘယ်လို အဆင်မြှင့်ရမယ်ဆိုတာ သိလို့လား၊ များသောအားဖြင့် မသိကြဘူးဗျ၊ ဒါဆို ယူရေနီယံ ရလာလည်း လူရယ်စရာပဲ ဖြစ်လိမ့်မယ်”

“ဘယ်- ဘယ်သူက ရယ်မှာတုန်းဗျ”

ကပ္ပတိန်ပတ်က ခပ်ကန်ကန် ပြောတယ်။

"အို ဘယ်သူက မရယ်ဘဲနေမှာလဲ"

ဂျူးလီးယပ်စ်ကတော့ အယ်လန်ပြောတာ ရပ်ပါစေလို့ ကြိတ်ဆုတောင်းနေပြီ။ အယ်လန်ကတော့ ပြောကောင်းတုန်း။

ဒါပေမဲ့ ကပ္ပတိန့်ရဲ့ ချက်ကောင်းကို အယ်လန် မိသွားပြီ။ ကပ္ပတိန်ဟာ အယ်လန်ပြောတဲ့ နျူလက်နက်အကြောင်းကို ဘာမှ မှတ်ချက်မပေးဘူး။ ယူရေနီယံရလာရင် လူရယ်လိမ့်မယ်ဆိုတာကို သဲသဲမဲမဲ ကာကွယ်နေတာကိုး။ မှန်းစမ်း- ဒါ ယူရေနီယံနဲ့ ပတ်ကို ပတ်သက်ရမယ်။

"အား ... ဟုတ်တာပေါ့ ယူရေနီယံမှ ယူရေနီယံ အစစ်ပဲ"

သေ့ကို ဆုပ်ထားတဲ့ ကပ္ပတိန့်ရဲ့လက်ဟာ သွေးမရှိသလို ဖြူဆုပ် လာခဲ့ပြီ။

"ဘာတုံးဗျ၊ ဘာလို့ ယူရေနီယံအကြောင်းချည်း လိမ့်ပြောနေတာ လဲ"

ကပ္ပတိန်ပတ်ဟာ ဒေါသတကြီးနဲ့ တစ်ချိန်တည်းမှာပဲ မလုံမလဲနဲ့ ပြောလိုက်တယ်။

"ဘာဖြစ်လို့လဲ ဟုတ်လား၊ ပလူတိုနီယံ စက်ရုံနှစ်ရုံပိုင်ပြီး ခုထိကလေးကစားစရာလောက် ဗုံးလေးတွေ ခွဲပြနေတာဟာ ပြဿနာရှိနေလို့ပေါ့၊ ဘယ်နျူလက်နက်ပါရဂူမဆို ပလူတိုနီယံနဲ့ အလုပ်မဖြစ်ရင် ယူရေနီယံကို မရရအောင် ရှာရမယ်ဆိုတာ အတတ်သိသဗျ"

ကပ္ပတိန်ဟာ သေ့ကို ဆုပ်ထားရင်း စမ်းကြည့်တယ်။ သေ့ဟာ သူ့နေရာမှာပဲ သူရှိပါကလား။ အယ်လန်က ကပ္ပတိန့်ကို ဒီလောက် အကြောက်ကြီးမနေဖို့ ဖျောင်းဖျတယ်။ ကမ္ဘာ့ရှေ့ဆောင် နျူလက်နက်ပါရဂူကြီးဖြစ်တဲ့ သူ့လိုလူဟာ ဒီအခြေအနေကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း နားလည်နိုင်ကြောင်း၊ ဘာမှအံ့သြစရာမရှိကြောင်း ပြောလိုက်တယ်။

မအံ့သြတဲ့လူကတော့ ဂျူးလီးယပ်စ်ပဲ။ အယ်လန်ဟာ သူတစ်ပါး စိတ်ကိုများ ဖတ်နိုင်လေသလား။

"ဟင်-ဘာ-ဘာကို နားလည်တာလဲ"

မေးမယ့်သာ မေးလိုက်ရတယ်၊ ကပ္ပတိန်ပတ်ဟာ အဖြေကို ကြားရမှာ ကြောက်နေရှာပြန်တယ်။

အဲဒီအချိန်မှာ အယ်လန်ဟာ ဒီသင်္ဘောပေါ်မှာ မှောင်ခိုဝယ်လာတဲ့ ယူရေနီယံတွေ ပါ၊ မပါ ချိန်ဆနေတာ။ တကယ်လို့ သူမှားသွားခဲ့ရင် စောက်ကျိုးအကြီးကြီးနည်းမှာ။

"ကဲဗျာ... အင်မတန် ထင်ရှားနေတဲ့ ကိစ္စတွေကို အချိန်ကုန်မခံပ နဲ့တော့ ဒါမျိုးက သံခင်းတမန်ခင်း ဆန်ဆန် ဖြေရှင်းရမှာကိုး၊ ကပ္ပတိန်လည်း ဆုံးဖြတ်ချက်ချတော့၊ ကျုပ်နဲ့ ဂျူးလီးယပ်စ် ပြုယမ်းကို လိုက်လာပြီး ခင်ဗျား တို့ရဲ့ နျူလက်နက်ကိစ္စကို ဖြေရှင်းပေးရမလား၊ ခု ကျုပ်တို့ကို သင်္ဘောပေါ်က ကန်ချပြီး ဒီအကြောင်းကို ပြန်ရောက်မှ ခင်ဗျားတို့ရဲ့ ကြီးမြတ်လှတဲ့ ခေါင်းဆောင်ကြီးဆီ

သတင်းပို့မလား ဆုံးဖြတ်။

သူ့သဘောအတိုင်းဆိုရင်တော့ ကပ္ပတိန်ပတ်ဟာ ဒီ ခွေးမသားကြီး နှစ်ယောက်ကို ပင်လယ်ရေအောက် မီတာ ထောင်ပေါင်းများစွာအနက်မှာ သင်္ဂြိုလ်လိုက်ချင်တာ။ ဒါပေမဲ့ ဟိုအသက်ပိုကြီးတဲ့ ငနာကြီးဟာ သိသိလွန်းလှတယ်။ သမ္မတနိုင်ငံတော်က ပါရဂူဆိုသူတွေထက် အဆပေါင်းများစွာကို ပိုသိတာ။ ဒီလောက်သိတဲ့ဟာကြီးကို အလကားနေရင်း ငါးစာ ကျွေးပစ်ရမယ်ဆိုတာ မျိုးချစ်ပုဂ္ဂိုလ်တစ်ယောက်အဖို့ ဖြစ်နိုင်ပါ့မလားလေ။ ကပ္ပတိန် ချီတုံချတုံ ဖြစ်နေတယ်ဆိုတာ အယ်လန် သိတယ်၊ ဘောနပ်စ်ကလေး ပေးဦးမှပဲ။

"ဒါ ခင်ဗျားအတွက် ကံကောင်းတဲ့နေ့ပဲ မစ္စတာ၊ သေ့ဆွဲ ကပ္ပတိန်ရေ၊ အားလုံးကောင်းဖို့ လုပ်လိုက်ကြစို့ဗျာ"

ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံရဲ့ ကြီးမြတ်လှသော မဟာခေါင်းဆောင်ကြီးကို သူသိထားတဲ့ ဟက်အိုင်ဆိုစတက် ဖိအား နည်းပညာသစ် အကြောင်း အားလုံးပြောပြပေးမယ်လို့ အယ်လန်က ကတိပေးလိုက်တယ်။

"ဟင် - ဟက်အိုင်ဆိုစတက်"

"ဟုတ်တယ်၊ တိုတိုပြောရရင်တော့ ယူရေနီယံ တကွာတားအတွက် စွမ်းအားနှစ်ဆ နည်းပညာ ဆိုကြပါစို့ရဲ့၊ ဒီထက်ရှင်းအောင်ပြောရရင် ယူရေနီယံပမာဏ တူတူပေမယ့် ဒီနည်းပညာသစ်က စွမ်းအား ရှစ်ဆထိတိုးစေတယ်၊ ကျုပ်ကူညီရင် ခင်ဗျားတို့ ယူရေနီယံ ကီလိုနည်းနည်းနဲ့ ဂျပန်ပြည် တစ်ဝက်လောက် ပြုတ်ပြုတ်ပြုန်းသွားအောင် ဖောက်ခွဲပစ်နိုင်တယ်၊ ဒါပေမဲ့ ဒီလိုလုပ်ဖို့တော့ အကြံမပေးလိုဘူး။ အဲဒီလိုလုပ်ရင် ဂျပန်တွေ ဒေါသ ထွက်မှာပေါ့၊ အမေရိကန်တွေလည်း ဒေါသထွက်မှာပဲ။ သူတို့ကလည်း အလားတူ ပြန်လုပ်ကြမှာပဲ။ အဲဒီလိုလုပ်ရင် သူတို့လည်း အောင်မြင်မှုတော့ ရကြမှာပဲ"

"ဟက်အိုင်ဆိုစတက်တဲ့လား"

ကပ္ပတိန်က ထပ်ပြောတယ်။ အယ်လန်က သတိပေးတယ်။ "ဒါကျယ်ကျယ်လောင်လောင် ပြောသင့်တဲ့ စကားလုံး မဟုတ်ဘူး ကပ္ပတိန်၊ ခင်ဗျား အသံထွက်မှန်မှန် ပြောနိုင်ပေမယ့် မပြောသင့်ဘူး"

ကပ္ပတိန်ဟာ ဘာမှ ထပ်မပြောဘဲ ငြိမ်ငြိမ်လေး ထိုင်နေရှာတယ်။ အယ်လန် ဘာညွှန်ကြားမလဲဆိုတာကို စောင့်နေတယ်။

"ပထမဆုံး ကပ္ပတိန့်အနေနဲ့ သင်္ဘောပေါ် အရက်သေစာ မတင်ရ ဆိုတဲ့ အညှံ့စား စည်းမျဉ်းကို ပြန်သုံးသပ်သင့်တယ်၊ ဆန္ဒရှိမယ်ဆိုရင် အယ်လန်၊ ဂျူးလီးယပ်စ်တို့နဲ့အတူ ကပ္ပတိန်ပါ ပါဝင်ဆင်နွှဲပေါ့ ၊ ကပ္ပတိန့် အခန်းထဲမှာ တိတ်တိတ်ဆိတ်ဆိတ် ရှန်ပိန်ပွဲ ကျင်းပကြတာပေါ့"

"ဟင် အရက်သေစာ မတင်ရဆိုတာကို ဖျက်ရမတဲ့လား"

"ငြိမ်ငြိမ်နေ ကျုပ်ပြောလို့မပြီးသေးဘူး"

ဂျူးလီးယပ်စ်ကတော့ မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။

သူတို့နှစ်ယောက်ရဲ့ အသက်နှစ်ချောင်းကို လက်ထဲကိုင်ထားသူကို အယ်လန် ဗျင်းနေတာ မကြည့်ရက်ပါဘူးလေ။

အယ်လန်က ဆက်ပြောတယ်။ ဂျူးလီးယပ်စ်ဟာ အိပ်တဲ့အခါ အင်မတန် ဆူညံသမို့ သူနဲ့ တူတူမအိပ်နိုင်ဘူး၊ တစ်ခန်းစီ အိပ်မယ်၊ ဒါမှ သူ အားပြည့်မယ်၊ ကျန်းမာမယ်၊ ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးဆီ သတင်းပို့ရင် အရက်နဲ့ပတ်သက်တာ ထည့်မပြောနဲ့ပေါ့တဲ့။

"ခင်ဗျား ဘာပြောရမလဲဆိုတော့ သူ့ပြဿနာတွေအားလုံးကို ဖြေရှင်းဖို့ နည်းလမ်းရှိပြီ၊ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော်ကြီးဟာ ဘယ်တုန်းကနဲ့မှ မတူအောင် အကြီးအကျယ် အောင်ပန်းပန်တော့မယ်၊ ဟက်အိုင်ဆိုစတက် ဖိအား နည်းပညာကြောင့် ကိုရီးယားနျူလက်နက် စီမံကိန်းဟာ သူမတူအောင် အောင်မြင်လာတော့မယ်၊ ဒီလိုမျိုးပေါ့"

ကပ္ပတိန်ပတ်ဟာ အယ်လန်ပြောတာကို လိုက်ရေးမှတ်နေပြီ။

"ဟက်-အိုင်ဆို-စတက် ဖိအားဗျနော်၊ ဟက်အိုင်ဆိုစတက် ဖိအား ၁၂၀၀ဟာ ဂျီဒီအမ် ၆၀ နဲ့ ၈၀ ကြား ရှိတယ်၊ ဒါဟာ အမေရိကန် ထုတ်လုပ်နိုင်စွမ်းအားထက် များတယ်။ ရုရှားထုတ်လုပ်နိုင်စွမ်းထက် နှစ်ဆ ရှိတယ်"

"ဟုတ်ကဲ့ ခင်ဗျ၊ ဂျီဒီအမ်နော်"

ခေါင်းမဖော်တမ်းလိုက်ရေးရင်း ကပ္ပတိန်ပတ်က ပြောတယ်။

"နှစ်ဆနော် မစ္စတာကပ္ပတိန်၊ ခင်ဗျား ဒီနည်းပညာတွေကို လိုက်မီ ရဲ့လား၊ နားလည်ရဲ့လား"

ဘယ်နားလည်ပါ့မလဲ၊ ကပ္ပတိန်လည်း နားမလည်၊ ဂျူးလီးယပ်လည်း နားမလည်၊ ပြောနေတဲ့ အယ်လန်ကိုယ်တိုင်လည်း နားမလည်ဘူး၊ ဒါပေမဲ့ ပြောလိုက်မိပြီ။

"အင်း ကျုပ်တော့ လိုတာထက်ပိုပြီး လုပ်ကြံပြောမိသွားပြီ ထင်တယ်"

နှစ်ယောက်ထဲ ကျန်ရစ်တဲ့အခါ ဂျူးလီးယပ်စ်ကို အယ်လန်က တိုးတိုးလေးပြောတယ်။

"ဟင် ဘယ်လောက်တောင် လုပ်ကြံပြောမိတာလဲ"

"အကုန်လုံးပဲဗျ"

မိတ်ဆွေကြီးများရဲ့အခန်းထဲက ထွက်လာချိန်မှာ ကပ္ပတိန်ပတ်ဟာ ဘာကတိကဝတ်မှ မပေးခဲ့ဘူး။ သူ သတင်းအချက် အလက်တွေကို စိစစ်ဖို့ လိုသေးတယ်လေ။

ဒါပေမဲ့လို့ အတိုင်းအတာတခုအထိတော့ သူ ဆုံးဖြတ်ချက်ချ ပြီးပါပြီ။ အခြေအနေက သူ့အတွက် သေလမ်းဖြစ်ဖို့ အခွင့်အရေးရှိသေးပေမယ့် ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော်ကြီးနဲ့ သူ့အတွက် အခြေအနေကောင်းတွေ ဖန်တီးနိုင်ဖို့ အလားအလာ သိပ်ကောင်းတယ်။ ခုနေခါ ဟက်အိုင်ဆိုစတက် ဘာဆိုလား ဖိအား နည်းပညာရှင်ကြီးကို ဆံပင်တစ်မွေး ကျွတ်အောင်လုပ်မိရင်ပဲ

အင်မတန် မိုက်မဲတဲ့ကောင် ဖြစ်မှာ။ ကဲ ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးဆီ ဒီသတင်းစကားကို ဝှက်စာနဲ့ ပို့ရမယ်။ လောလောဆယ် သတိကြီးကြီးထားပြီး လုပ်ရမယ့်အလုပ် က ဒါပဲ။ ကပ္ပတိန်ထွက်သွားပြီး ဆယ်မိနစ်လောက်ကြာတော့ တံခါးခေါက်သံ ကြားရတယ်။ အစောင့်သဘော်သားလေး။ ကပ္ပတိန်က ပေးခိုင်းလိုက်လို့တဲ့။

သူတို့ရဲ့ ရှန်ပိန်ပုလင်းရယ် ကျူးဘား ရမ်တစ်ပုလင်းရယ်။ သဘော်သားလေးက ရှရှားလိုမေးတယ်။ လူကြီးမင်းတို့ ညစာစားတုန်း ဘာများသောက်ချင် သေးသလဲတဲ့။

"ကျုပ်တို့ လုံလောက်ပါပြီ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားကြိုက်မယ် ဆိုရင် ကျုပ်တို့အတွက် လက်ဖက်ရည်ကို ယူလဗျာ"

သဘော်သားလေးက ဦးညွှတ်ရင်း ထွက်သွားတယ်။ ခဏနေတော့ အမဲသားစတူးဟင်းနဲ့ ထမင်းပွဲတွေ ယူလာတယ်။

ကဲ စားကြစို့ရယ်။ နေဦး-အစားအသောက်ကို ဘာနဲ့ မျှောချကြ မလဲ။ အယ်လန်က ခုလိုပြောတယ်။

"ကျုပ်တို့ ရမ်နဲ့ စကြစို့၊ ရှန်ပိန်ကို အချိုပွဲအဖြစ်ထားလိုက်၊ လက်ဖက်ရည်ကတော့ သွားတိုက်ဆေးလို့ သဘောထားပြီး သုံးတာပေါ့၊ သွားပွတ်တံတွေ ယူမလာမိတာ နာတာပဲ၊ ပြီးရင် နက်ဖြန်အတွက် ဟက်အိုင်ဆိုစတက် ဖိအားနဲ့ ဂျီဒီအမ်တွေအကြောင်း ကျုပ်တို့ စဉ်းစားရ ဦးမယ်"

"ဘယ်လို ကျုပ်တို့ ဟုတ်လား"

※※※

(၁၀) အိန္ဒိယသမုဒ္ဒရာ

ဂုဏ်သိက္ခာနဲ့ ခွန်အား သဘော်ကပ္ပတိန်ဆီက ရတဲ့စာဟာ တကယ့်စာပဲ။ တကယ့်စာပဲ။ ကင်ဂျူအန်ဟာ စာကို ဖတ်ပြီး သူ့ကိုယ်ပိုင် ကောက်ချက်ကို ချလိုက်တယ်။ သူ့ရဲ့ အုပ်ချုပ်ရေးအဖွဲ့ကို လုပ်ငန်းတာဝန်တွေ ဘာမှခွဲဝေမပေးဘဲ တစ်ဦးတည်း ထင်သလို ဆုံးဖြတ်တဲ့နေရာမှာတော့ ကင်ဂျူအန်ဟာ ဝါရှင်တန်က ထရမ့်နဲ့ အတော်လေးတူတယ်။ ခြားနားချက်ကတော့ ထရမ့်ဟာ ဘာစာကိုမှ တကယ်မဖတ်ဘဲ ကောက်ချက်အရင်ချတတ်တာပဲ။

ကပ္ပတိန်ပတ်ဟာ လောကမှာမရှိတဲ့ နျူနည်းပညာ ဟက်အိုင် ဆိုစတက် ဖိအားဆိုတာကို စာလုံးပေါင်း မှန်မှန်နဲ့ ရေးထားတယ်။ ဘာအဓိပ္ပာယ်မှမရှိတဲ့ ဂျိဒီအမ် ဆိုတဲ့ အတိုကောက်စာလုံးကိုလည်း နေရာ အထားအသို မှန်မှန် ရေးထားတယ်။

ဒါပေမဲ့လို့ နိုင်ငံတကာ နျူလက်နက်ပါရဂူ အယ်လန်ကားလ်ဆန် ကိုတော့ ဆွီဒင်အစား ဆွစ်လူမျိုးလို့ ရေးထားမိတယ်။

ရှေ့ဆက်ဖြစ်လာတော့မယ့်ကိစ္စတွေနဲ့ ချိန်ထိုးကြည့်မယ်ဆိုရင် တကယ်တော့ ဒါဟာ ကံကောင်းတာ။ နျူလက်နက် လျှော့ချဖျက်သိမ်းရေးနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် လာဆွေးနွေးမယ့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင် ဆွီဒင်နိုင်ငံ ခြားရေးဝန်ကြီးနဲ့ ဆွီဒင်သား နျူလက်နက် ပါရဂူကြီး နှစ်ယောက် ပြုံယမ်းကို ရှေ့ဆင့်နောက်ဆင့် ရောက်လာမယ်ဆိုရင် နိုင်ငံရေး ပါရဂူ နိုင်ငံရေးသိဝရီသမားတွေ ရှူးပြီး သေသွားလိမ့်မယ်။

မကြာခင် တကယ့်အခြေအနေအစစ်အမှန်ကို သိရလိမ့်မယ် ဆိုပေမယ့်လို့ ကင်ဂျူအန်ကတော့ အလားအလာကောင်းတွေကို အများကြီး အများကြီး ကြိုမြင်နေခဲ့ပြီ။

နောက်ရက်အနည်းငယ်အတွင်း ဂုဏ်သိက္ခာနဲ့ ခွန်အားဟာ ပြုံယမ်း ဆိပ်ကမ်းကို ဆိုက်လိမ့်မယ်။ တကယ်လို့များ- -။

ကင်ဂျူအန်ဟာ သူ့ဟာသူပြောပြီး သူ့ဟာသူ သဘောတူလိုက်တယ် မီဒီယာစစ်ပွဲဆိုတာ တကယ်တော့ စစ်ပွဲပဲ။ ကုလသမဂ္ဂနဲ့ ဒီ ဆွစ်လူမျိုး ပါရဂူကြီးဆီကသာ အကူအညီရလို့ကတော့ လာမယ့်ရက်အနည်းငယ်အတွင်း နိုင်ငံတော်ဟာ ဒီဒေသတွင်းမှာတော့ တုနှိုင်းမမီပေါ့လေကွယ်။

ရုံးခန်းအပြင်ဘက်က အတွင်းရေးမှူးကို လှမ်းပြောလိုက်တယ်။

"ဆွီဒင်သံအမတ်ကြီးကို ခေါ်စမ်း"

"ဟုတ်ကဲ့ပါ ကြီးမြတ်လှသော ခေါင်းဆောင်ကြီးခင်ဗျ၊ ဘယ်တော့လဲ ကြီးမြတ်လှသော ခေါင်းဆောင်ကြီးခင်ဗျာ"

"ခုပဲ"

"ကြီးမြတ်လှသော ခေါင်းဆောင်ကြီးက ကျွန်တော်နဲ့ စကားပြောဖို့ ဆန္ဒရှိတယ်လို့ သိရပါတယ် ခင်ဗျ"

အချိန် တစ်နာရီ မပြည့်ခင်မှာ သံအမတ်ကြီး လိုဗန်စတီယားနားဟာ ခေါင်းဆောင်ကြီးရဲ့ အလွန်အင်မတန် ကြီးလှ ကျယ်လှသော ရောမရုံးခန်း မဟာကြီးထဲ ရောက်နေတာကို သူ့ကိုယ်သူ သိလိုက်ရတယ်။

ခင်ဗျားနဲ့ စကားပြောချင်တယ်လို့ ကျုပ်မပြောပါဘူး၊ ဒီမယ်၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီနဲ့ ဆွေးနွေးပွဲအတွက် ဒီကို ဖိတ်ကြားဖို့ ကျုပ်ဆုံးဖြတ်တယ်၊ လာမယ့်လူက နာမည်ဘယ်သူ-

"ဆွီဒင် နိုင်ငံခြားရေးဝန်ကြီး မစ္စစ်မာရ်ဂေါ့ဗော့စတွန်းပါခင်ဗျ"

"ဟုတ်ပြီ ... သူ့ကို ခေါ်ခဲ့၊ ချက်ချင်းနော်"

"ဟုတ်ကဲ့ပါခင်ဗျ-ဒါဆိုလည်း သွားခွင့်ပြုပါဦး ခင်ဗျာ"

ဆွီဒင်သံအမတ်ကြီးဟာ နှစ်ဆယ့်လေးနာရီအတွင်း ဒုတိယအကြိမ် သွားခွင့်ပြုဖို့ ခွင့်တောင်းရင်း ပြန်လာခဲ့တယ်။

ခေါင်းဆောင်ကြီးရဲ့ ရုံးခန်းထဲက ထွက်ခွာလာတဲ့အခါ စိတ်ထဲ ဘာကိုပဲ စဉ်းစားနေနေ စိတ်ထဲမှာပဲထားဖို့ သူ တွေးလာခဲ့တယ်။

※※※

(၁၁) တန်ဇန်းနီးယား

အမေရိကန်မိတ်ဆွေတွေနဲ့ မတူတာက ဂျာမန်တွေဟာ အာကာသဗေဒမှာ ညံ့ကြတယ်။ ဒါပေမဲ့ သူတို့ဟာ မြေပြင်မှာတော့ တော်တယ်၊ အထူးသဖြင့် အာဖရိက မြေပြင်မှာဆိုရင်ပေါ့။ စီအိုင်အေနဲ့ အလကားသဏ္ဍာန်တူတဲ့ ဂျာမန်ထောက်လှမ်းရေးအဖွဲ့ ဘီအန်ဒီ (ဘန်ဒစ်နက် ခရီတန်းဒစ်)ဟာ တစ်ကမ္ဘာလုံးမှာ သူတို့ လုပ်ထား သလိုမျိုး တန်ဇန်းနီးယားမြို့တော် ဒါရက်စ်ဆလန်မ် မြို့လယ်က ဆံသဆိုင်တစ်ခုမှာ အသွင်ယူ ရုံးခန်းတစ်ခန်း တည်ထားခဲ့တယ်။ အဲဒီမှာ မနှစ်မြို့ဖွယ်ကောင်းလောက် အောင် ကိုယ့်အတွက်ချည်း ကိုယ်ကြည့်တတ်ပေမယ့် အလုပ်မှာတော်တဲ့ ခေါင်းဆောင် ယောကျ်ားအေးဂျင့် တစ်ယောက်၊ စိတ်ကျရောဂါသမားရုပ်မျိုးရှိပေမယ့် အလုပ်မှာပိုတော်တဲ့ နောက်လိုက် မိန်းမအေးဂျင့် တစ်ယောက် နှစ်ယောက်သော အေးဂျင့်ရှိတယ်။

သူတို့နှစ်ယောက်ဟာ ကွန်ဂိုခါတ်ခွဲခန်းတစ်ခုက ခါတ်ခွဲခန်း လက်ထောက် တစ်ယောက်နဲ့ လပေါင်းများစွာ အဆက်အသွယ်လုပ် သတင်း နှိုက်ပြီးတဲ့အခါ သိလာခဲ့ကြတာကတော့ ကွန်ဂိုက သန့်စင်ပြီး ယူရေနီယံတွေ ကို တန်ဇန်းနီးယားကဖြတ်ပြီး တောင်ပိုင်းကို ပို့ဆောင်ခဲ့ကြတယ် ဆိုတာ ကိုပဲ။

ဒါပေမဲ့ ကံမကောင်းချင်တော့ ဒီသတင်းရပြီးချိန်မှာ ရုံးပိတ်ရက်ရှည် ဖြစ်နေတယ်။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးပြီး ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တဲ့ အေးဂျင့်(က)အဖို့ ကမ္ဘာကို ကယ်တင်ဖို့ထက် ခရစ်စမတ်နဲ့ နှစ်သစ်ကူး ရုံးပိတ်ရက်မှာ ဂျာမနီပြန်ဖို့က ပိုအရေးကြီးတာပေါ့။

ခပ်အေးအေး အေးဂျင့်(ခ)ကတော့ အလုပ်နားရက်မှာ ဘယ်မှမသွားဘဲ ဆိုင်ထဲမှာပဲ ခွေနေလိုက်တယ်။ သူ့မှာ ပြန်စရာ မိသားစုမရှိ၊ ချစ်သူကလည်း သွားတွေပိုလှပြီး ပိုငယ်တဲ့ ကောင်မလေးတစ်ယောက် ကို ရွေးသွားခဲ့ပြီ။

ရုံးပိတ်ရက်ရှည်ပြီးတော့ သူတို့ သတင်းအနံ့နောက် လိုက်ကြတယ်။ ပစ္စည်းဟာ ကွန်ဂိုမှာ မရှိတော့ဘူး၊ မိုဇမ်ဘစ်ကတစ်ဆင့် သယ်ထုတ်သွား တယ်လို့ ယုံကြည်ရတယ်။ မိုဇမ်ဘစ်မှာ အုပ်ချုပ်နေတာက မာ့က်ျဝါဒ လီနင်ဝါဒသမား ဘော်လှန်ရေးခေါင်းဆောင်၊ ပြုံယမ်းက ကင်ဂျူအန်ရဲ ဘော်ဒါ။

ဒီသတင်းနောက်ကို နှစ်ယောက်သား လိုက်ကြပြန်တယ်။ ယူရေနီယံ တွေကို ဒေါ်ဂါစကာ ငါးဖမ်းလှေတစ်စီးနဲ့ တင်သွားပြီး အာဖရိက အရှေ့ဘက် ကမ်းထိ သယ်သွားသတဲ့။ အဲဒီမှာ အရင် ဆိုဗီယက်ပြည်ထောင်စုနဲ့ အင်မတန် ချစ်စရှည်ခဲ့တဲ့ တိုင်းပြည်တစ်ပြည် ရှိနေတယ်။

သတင်းအစအနဟာ မဒါဂါစကာမှာ ပျောက်သွားတယ်။ ဘာသံမှ ထပ်မကြားတော့ဘူး။

ခေါင်းဆောင် အေးဂျင့်(က)က ဆုံးဖြတ်ချက်ချတယ်။ နောက်လိုက်

အေးဂျင့်(ခ)အနေနဲ့ ဒီသတင်းကို ဆက်လိုက်စေ။ အေးဂျင့်(ခ)ကလည်း ပြောတဲ့အတိုင်းလုပ်တယ်။ ရတဲ့ သတင်းအချက်အလက်တွေကို စိစစ် စစ်တမ်း ထုတ်ပြီးတဲ့အခါ အေးဂျင့်(ခ)က အေးဂျင့်(က)ကို သတင်းပို့တယ်။ ယူရေနီယံဟာ မဒါဂါစကာမှာ ဆက်ရှိနေဖို့ အခွင့်အလမ်း အလွန်နည်းကြောင်း၊ လေယာဉ်နဲ့ဖြစ်စေ၊ သင်္ဘောနဲ့ဖြစ်စေ နိုင်ငံတကာကို ထွက်သွားပြီလို့ ယူဆရကြောင်း၊ လေယာဉ်နဲ့ဖြစ်ဖို့ အခွင့်အလမ်း မရှိသလောက်ဖြစ်ကြောင်း၊ သင်္ဘောနဲ့ တင်ပေးလိုက်တာပိုဖြစ်နိုင်ကြောင်း၊ ငါးဖမ်းသင်္ဘောလောက်နဲ့ သမုဒ္ဒရာကို ဖြတ်လို့မရတဲ့အတွက် ပိုကြီးတဲ့ သင်္ဘောဖြစ်ရမှာဖြစ်ကြောင်း၊ အိန္ဒိယသမုဒ္ဒရာ ဘက်လား အတ္တလန်တစ်သမုဒ္ဒရာဘက်လား တစ်ဖက်ဖက် ဖြစ်နိုင်ကြောင်း။

အေးဂျင့်(က)က ခေါင်းညိတ်တယ်၊ သဘောတူတယ်၊ ဘာလင်ကို ဒီအတိုင်း သတင်းပို့လိုက်တယ်။

နောက်တစ်ဆင့်ကတော့ တွာမဆီနာ ဆိပ်ကမ်းမှာ ကပ်သမျှ ကုန်တင်သင်္ဘောတွေကို စာရင်းလုပ်ကြတယ်။ အားလုံးကို သံသယစာရင်းထဲ ထည့်ထားတယ်။ ဒီမှာပဲဟာဗားနားကနေ ပြုံယမ်းကိုသွားမယ့် ဂုဏ်သိက္ခာနဲ့ ခွန်အားဆိုတဲ့ ကုန်တင်သင်္ဘောနာမည်ကို တွေ့လိုက်ရတယ်။

လွန်ခဲ့တဲ့ ဆယ့်ငါးရက်က မဒါဂါစကာ တောင်ဘက်ပိုင်းကို အပြင်း ဖြတ်သွားလေသတဲ့။

တကယ်တော့ အဓိပတိ အိန်ဂျယ်လာ မာကယ်ရဲ့ ဆဲလ်ဖုန်းကို အမေရိကန်တွေ ကြားဖြတ်နားထောင်ကိရိယာ ထည့်တာမိသွားကတည်းက ဂျာမန်နဲ့ အမေရိကန်ရဲ့ ဆက်ဆံရေးက ကောင်းလှတယ်မဟုတ်ဘူး။ မာကယ် ကလည်း သိရက်နဲ့ အဲဒီဖုန်းနဲ့ သမ္မတ အိုဘာမားဆီ ဆက်တယ်၊ ပြီးတော့ ခုပြောတာတွေကို သမ္မတကြီးအပြင် စီအိုင်အေကလည်း နားထောင်နေလိမ့် မယ်လို့ မျှော်လင့်ပါတယ်ဆိုပြီး ပြောပစ်ခဲ့တာကိုး။

အဲသလိုမျိုး အမေရိကန် - ဂျာမန် ဆက်ဆံရေးမပြေပြစ်မှုအပြင် သူ့ ပုဂ္ဂလိက ကိုယ်ရေးကိုယ်သွေးပါ ထည့်ပေါင်းရင်း ဘီအန်ဒီရဲ့ ဗဟိုအာဖရိက တာဝန်ခံဟာ အမေရိကန် စီအိုင်အေနဲ့ တွေ့ဆုံတဲ့အခါ မြောက်ကိုရီးယား ကုန်တင်သင်္ဘော ဂုဏ်သိက္ခာနဲ့ ခွန်အားရဲ့ သွားရာလမ်းကြောင်း၊ အမြန်နှုန်းတို့နဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါ တကယ့်အကြောင်းရင်းမှန်ကို ထိန်ချန်ထားဖို့ ပြောနေစရာကို မလိုဘူး။

ဘရာဇီးလ်က ဗောက်စ်ဝက်ဂွန် စက်ရုံကို သဲကြီးမဲကြီး ထောက်လှမ်းနေတဲ့ စီအိုင်အေကလည်း သူတို့သိထားသမျှဘီအန် ဒီကို ဖောက်သည် ချတယ်။ အဓိပတိကြီးရဲ့ဖုန်းကို ခြေရာခံစက်တပ်မိလို့ လျှော်ကြေးပေးတဲ့ သဘောလားတော့မသိ။

မြောက်ကိုရီးယားသင်္ဘောဟာ မဒါဂါစကာ တောင်ဘက်ကမ်းရိုး တန်းကနေ ကပ်ပြီး ဖြတ်သွားတုန်းက အမေရိကန်ဂြိုဟ်တု အစီရင်ခံစာအရ သွားနှုန်းကို

သိသိသာသာ လျှော့ချပစ်ခဲ့သတဲ့။

ဒီသတင်းအချက်အလက်တွေအရ ဂျာမန်အေးဂျင့်တွေဟာ ယူရေနီယံ တွေ မြောက်ကိုရီးယားကို ပါသွားပြီ။ ဂျာမနီနဲ့တစ်ကွ တစ်ကမ္ဘာလုံး ခေါင်းခဲစေမယ့် နျူလက်နက် စီမံကိန်းအတွက်ပေါ့ဆိုတာ အလွန်အင်မတန် သေချာသွားခဲ့တယ်။

ကဲ မြန်မြန်လှုပ်ရှားမှပဲ။

ဒါမှမဟုတ် ဘာမှမလှုပ်ရှားဘဲ နေပေတော့။

လွန်ခဲ့တဲ့ နှစ်နာရီလောက်တုန်းကပဲ ဂုဏ်သိက္ခာနဲ့ ခွန်အားဟာ မြောက်ကိုးရီးယားရေပိုင်နက်ထဲ ဝင်သွားပြီ။ မကြာခင် နမ်ပိုဆိပ်ကမ်းကို ကမ်းကပ်တော့မယ်လေ။

※※※

(၁၂) မြောက်ကိုရီးယား

ယူရေနီယံလား ပလူတိုနီယံလား။ ပလူတိုနီယံလား ယူရေနီယံလား။ ကင်ဂျုံအန်အလိုအရတော့ အဖြေဟာ ပလူတိုနီယံ ဖြစ်စေချင်တယ်။ တကယ်လို့သာ မွေ့စက်ရစေ့မယ်ဆိုတဲ့ ရှရှားကောင်တွေ ကတိတည်ခဲ့ရင်ပေါ့။ ပလူတိုနီယံကိစ္စ မအောင်မြင်ရင် အန္တရာခံရမယ့် ပြုယမ်း နျူကလီးယားစွမ်းအင် အင်စတီကျု ဒါရိုက်တာဟာ သူ့သူငယ်ချင်းအရင်းကြီး ဖြစ်နေတာလည်း ပါတာပေါ့။ အောင်မြင်လို့ကတော့ အမေရိကန်မိစ္ဆာနဲ့ ဒေသတွင်းက သူ့ရုပ်သေးရုပ်တွေ အားလုံး တုန်သွားစေရမယ်။ ဖြုံသွားစေရမယ်။ ဒါပေမဲ့ အောင်မြင်ဖို့ အလှမ်းဝေးနေ တာက ခက်တာ။ ဟင်း---

ဒါကြောင့်မို့ ကြီးမြတ်လှစွာသော ခေါင်းဆောင် ကြီးဟာ ပလူတိုနီယံ ဒါရိုက်တာကို အရည်အချင်း မပြည့်မီမှုနဲ့ ဖယ်ရှားလိုက်ရတယ်။ အရည်အချင်း မပြည့်မီဘူးဆိုတာ နိုင်ငံတော် သစ္စာဖောက်မှုပဲလေ။

ဆုံးဖြတ်ချက်အားလုံးကို ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီး တယောက်ပဲ ချမှတ်တဲ့အတွက် ဒါ မှန်ကန်တဲ့ဆုံးဖြတ်ချက်ပဲ။ သို့သော် အစားထိုးခန့်အပ်လိုက်တဲ့ ဒါရိုက်တာကလည်း ထူးမခြားနားမို့ သူ့ကိုလည်း အရည်အချင်းမပြည့်မီမှုနဲ့ ဖယ်ရှားပြီး နိုင်ငံတော်သစ္စာဖောက်မှုအတွက် ဖယ်ရှားသုတ်သင်စေ။

ကဲ လွတ်လပ်တဲ့ဈေးကွက်ထဲက သန့်စင်ပြီး ယူရေနီယံကို ဝယ်စမ်းကွာ။ စစချင်းတော့ သုံး-လေး ကီလိုလောက် စမ်းဝယ်ရမယ်။ ရှရှားတွေကို အကြောင်းပြရမယ်။ ကြည့်နေ။

ကြည့်နေသာ ဆိုတယ်၊ တကယ်တော့ ယူရေနီယံ သုံးလေးကီလို မကလို့ တန်ဝက်လောက် ရှိတာတောင် တကယ့်နျူကလီးယားစစ်ပွဲကို ဆင်နွှဲနိုင်ဖို့ အဝေးကြီးရယ်။ ဒါပေမဲ့ နျူကလီးယားစစ်ပွဲဆိုတာက ခေါင်းဆောင် ကြီးရဲ့ ရည်ရွယ်ရင်း မဟုတ်ပေဘူး။ တောင်ကိုရီးယားတို့၊ ဂျပန်တို့၊ ဂူအမ်ကျွန်းတို့ ထားပါတော့ အမေရိကန်ပြည်ထောင်စုထိ လက်လှမ်းမီတဲ့ နျူလက်နက်ရှိလို့ တိုက်လိုက်ရုံနဲ့ ကိစ္စပြီးတာမဟုတ်ဘူး။ စတိုက်ပြီဆိုတာနဲ့ ကမ္ဘာပျက်မှာတော့ သေချာတယ်။

ယူရေနီယံ လေးကီလိုဆိုတာ နျူလက်နက် ဖြစ်ဖြစ်မြောက်မြောက် ရဖို့အဝေးကြီး၊ အီရတ်တို့ အာဖဂန်နစ္စတန်တို့ လစ်ဗျားတို့ကို ထင်တိုင်း ဆော်ခဲ့တဲ့ ဝါရှင်တန်က ခွေးတွေ အလားတူကိစ္စမျိုး မြောက်ကိုရီးယားကို လာလုပ်မယ့်အကြံတွေ ပြန်ဆုတ်သွားအောင်လုပ်ဖို့လည်း မဖြစ်နိုင်သေးဘူး။ ဒါပေမဲ့ ပြန်မတိုက်နိုင်၊ ပြန်မကိုက်နိုင်တဲ့ တိုင်းပြည်တွေဟာ အားလုံး အမျိုးခံရတာပဲဆိုတာ သမိုင်းက သက်သေပြခဲ့ပြီးပြီ။ မိမိကိုယ်မိမိ ကာကွယ်ခြင်း ဆိုတဲ့အရာရဲ့ ပျော်စရာ

ဘောထွက်ဆိုးကျိုးကတော့ ဘာဖြစ်ဖြစ်ချမယ်၊ ဘယ်ကောင့်ဖြစ်ဖြစ် တွယ်မယ်ဆိုတဲ့ မျိုးချစ်စိတ် ငယ်ထိပ်တက်တဲ့ ကိစ္စတွေ တစ်ပြည်လုံး ပျံ့နှံ့ပြီး ကြီးမြတ်တဲ့ခေါင်းဆောင်ကြီးကို ပိုရှိပိုရှိ ကြီးမြတ်စေ နိုင်တယ်။

တကယ်တော့ ဘိုးဘိုးကြီးရယ်၊ သွားလေသူ ချစ်ဖေဖေရယ်၊ သူ့ကိုယ် သူရယ်ကလွဲလို့ ကင်ဂျုံအန်ဟာ ဘယ်သူ့ကိုမှ မယုံ၊ ဘာကိုမှမယုံ။ မြောက်ကိုရီးယားဟာ တစ်ပြည်လုံး ဘယ်ဘာသာတရားကိုမှ မကိုးကွယ်ရလို့ အမိန့်ထုတ်ထားတဲ့ တိုင်းပြည်ဖြစ်ပေမယ့် ခု သူ့လိုအင်တွေကို ဖြည့်ဆည်းဖို့ ပင်လယ်ထဲကနေ ခြင်းတောင်းနဲ့ မျောလာသူကို ရလာခဲ့ပြီဆိုတော့ ဒါ ဘုရား မ,တာလားလို့ ခေါင်းဆောင်ကြီးခမျာ တွေးမိနေရှာတယ်။ ပြီးတော့ ရှေ့ပြေး ယူရေနီယံတင်လာတဲ့ သင်္ဘောပေါ် တည့်တည့် တက်လာသတဲ့။ အင်း အသေးစိတ်ကိုတော့ စစ်ဆေးမေးမြန်းပြီးမှ သိရတော့မှာပဲ။ အင်း-သတင်းထူးကို သယ်လာတဲ့ သင်္ဘောကပ္ပတိန်ကိုတော့ ဆုချီးမြှင့်ရမယ်။

ပြင်ပကမ္ဘာမှာ ယူရေနီယံဆိုတာ ပေါမှပေါ၊ အဆက်အသွယ်ကောင်း ရှိဖို့ပဲလိုတယ်။ ခု ရလာတဲ့ ယူရေနီယံဟာ အမေရိကန် ခွေးတွေ ပြုစုပျိုးထောင် ထားတဲ့ ကွန်ဂို ယူရေနီယံမိုင်းတွင်းဟောင်းကတစ်ဆင့် ထွက်လာတာဆိုတဲ့ အချက်ကိုတော့ ကင်ဂျုံအန်ဟာ သိပ်သဘောကျနေတယ်။

သူ့အိပ်မက်ကတော့ ဟိုက်ဒရိုဂျင်ဗုံးတစ်လုံး အောင်အောင်မြင်မြင် ဖန်တီးဖို့ပဲ။ အဲဒီအတွက် ပလူတိုနီယံဟာ အလုပ်ဖြစ်အောင် ထုတ်လုပ်နိုင်ဖို့ လိုတယ်။ (ခုထိတော့ ခွေးမသားတွေ အလုပ်မဖြစ်ကြသေးဘူး)၊ ဒါမှ ဒီယူတားရီးယန်းရယ်၊ ထရီတိုင်တီယန်ရယ်ဟာ ဟန်ချက်ညီ ပေါင်းမိပြီး ဟီလီယမ် အက်တမ်တွေထဲကို တစ်ပြိုင်နက် ကူးပြောင်း- အင်း ကင်ဂျုံအန်ရဲ့ ဦးနှောက်ဟာ သိပ်တန်ဖိုးမြင့်လွန်းတယ်။ အဖိုးထိုက်တန်လွန်းတယ်။ ဒါတွေ စဉ်းစားနေဖို့ မထိုက်တန်သေးဘူး။ သုတေသနပညာရှင်ဆိုတဲ့အကောင်တွေ လုပ်ကြပလေ့စေ။

ဟိုက်ဒရိုဂျင်ဗုံးတစ်လုံးသာရှိလို့ကတော့ ဝုန်းခနဲ တစ်ချက်ပဲပေါက်၊ ဂျပန်နဲ့ တောင်ကိုရီးယားဟာ မြေကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားစေရမယ်။ မကောင်းတဲ့အချက်ကတော့ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံဟာ လည်း နောက်စက္ကန့်သုံးဆယ်နေရင် မြေကမ္ဘာပေါ်က ပျောက်ကွယ်သွားမှာ။ ဒါပေမဲ့လို့ ကင်ဂျုံအန် ဒါကိုသိတယ်ဆိုတာကို အမေရိကန် - ဂျပန် -တောင်ကိုရီးယား ညစ်တွေ မသိသ၍ အလုပ်ဖြစ်နေမှာပဲ။

ကဲ ဟိုက်ဒရိုဂျင်ဗုံးလုပ်ဖို့က စောင့်လို့ရပါတယ်၊ ပလူတိုနီယံတွေ အဆင်မပြေသေးလည်း ထားလိုက်၊ ခု ကင်ဂျုံအန့်မှာ ယူရေနီယံ ရှိပြီ။ ဒါကို အကောင်းဆုံး ဘယ်လိုအသုံးချရမလဲဆိုတာသိတဲ့လူလည်း ရပြီ။

ဒါကို ကမ္ဘာကသိအောင် လုပ်ဖို့ဘဲ ကျန်တော့တယ် မဟုတ်လား။

※※※

(၁၃) မြောက်ကိုရီးယား

ကင်ဂျုံအန်ဟာ ဘယ်တော့မှမမှားတဲ့ အမှားမဲ့ ခေါင်းဆောင်ကြီးဖြစ်တဲ့အားလျော်စွာ၊ ကပ္ပတိန် ပတ်ချောင်အန်ရဲ့ လျှို့ဝှက်အစီရင်ခံစာရပြီး လျှပ်စီးလက်သလို ပျာယာခတ်နေတာမျိုး မဖြစ်ခဲ့ဘူး။ နျူလက်နက်ပြဿနာကို ဖြေရှင်းပေးမယ့် ပုဂ္ဂိုလ်ကြီးရဲ့ အသက်က တစ်ရာ့တစ်နှစ်တဲ့။ ခဏနေ နမ်ပိုဆိပ်ကမ်း ကို ဆိုက်တော့မယ်။ နမ်ပိုက ပြုယမ်းတောင်ဘက် ကီလိုမီတာ ခြောက်ဆယ်အကွာက ရေနက်ဆိပ်ကမ်းပေါ့။

ညနေခင်း လက်ဖက်ရည်သောက်ရင်း ကင်ဂျုံအန်ဟာ စဉ်းစားခန်းဝင်နေတယ်။ ဆွစ်လူမျိုး ကားလ်ဆန်ဟာ ဘယ်သူလဲ၊ ဘာလုပ်တာလဲ၊ တကယ်ကျွမ်းကျင်တာက ဘာလဲဆိုတာကို အမှန်သိရဖို့ လိုတယ်။ ခုက သူ့အပြောပဲ ရှိသေးတာလေ။

ကပ္ပတန်ပတ်ရဲ့ ပိုပြီးပြည့်စုံတဲ့ အသေးစိတ် အချက်အလက်တွေ ပါဝင်တဲ့ ဒုတိယမြောက်အစီရင်ခံစာအရဆိုရင် ကားလ်ဆန်ဟာ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော် ကြုံတွေ့နေရတဲ့ ပလူတိုနီယံ ပြဿနာကို အံ့ဩစရာ ကောင်းလောက်အောင် အသေးစိတ် သိတယ်ဆိုပဲ။ ဒါက တစ်ချက်ပေါ့။ နောက်တစ်ချက်က သူဟာ ဆွစ်လူမျိုး ဖြစ်နေတာပဲ။ ကြီးမြတ်လှသော ခေါင်းဆောင်ကြီးဟာ ငယ်နုစဉ်က ဆွစ်မှာ ပညာသင်ခဲ့၊ နေထိုင်ခဲ့ဖူးပါတယ်။ ဆွစ်တွေနဲ့ပတ်သက်လို့ အတော်လေး ပြောနိုင်တယ်လို့ ဆိုရမယ်။ သူတို့ဟာ ဘယ်ဘက်ကစမ်းစမ်း ရေမရောတဲ့ အရင်းရှင်စစ်စစ်ကောင်တွေ၊ သူများထက် ကို ပိုပြီး အရင်းရှင်စိတ်ဓာတ် ရှိတယ်။ သူတို့အတွက် ကိုးကွယ်ရာက ဆွစ်ဖရန့်မှတစ်ပါး အခြားမရှိ။ မြောက်ကိုရီးယားသုံးငွေ ဝမ်ကိုတော့ ကိုးကွယ် လိမ့်မယ် မထင်ဘူး။

နောက်တစ်ချက်ကတော့ အင်မတန် တိကျတယ်။ မွေးကတည်းက ခေါင်းထဲမှာ ဆွစ်နာရီတွေ ထည့်ပေးလိုက်သလား မှတ်ရတယ်။ ပြီးတော့ လုပ်သမျှအောင်မြင်တတ်တယ်။ ဒါကြောင့်မို့ ဒီအချက်တွေအရ ချိန်ထိုး စဉ်းစားကြည့်မယ်ဆိုရင် ဆွစ်လူမျိုး နျူလက်နက်ပါရဂူဆိုတာ အဖြီးအဖြန်း မဟုတ်လောက်ဘူး။

သို့သော် ဘာပဲပြောပြော ရှေ့တော်မှောက် အခစားမဝင်ခင်တော့ သေချာအောင် ဘယ်ပြန်ညာပြန် စစ်ဆေးခိုင်းလိုက်ဦးမယ်။

ကင်ဂျုံအန်ဟာ ယုံဖြွန်း ပလူတိုနီယံစက်ရုံ ဓာတ်ခွဲခန်း ဒါရိုက်တာကို အခေါ်တော်ဆင့်လိုက်တယ်။ မကြာသေးခင်ကမှ ပျောက်ကွယ်သွားတဲ့ ဒါရိုက်တာဟောင်းနေရာမှာ အစားထိုးထားတဲ့ ဒါရိုက်တာသစ်ပေါ့။ ဘာတစ်ခု မှ အမှားမရှိစေရပါဘူးလို့ အာမဘန္ဒခံထားခဲ့ပေမယ့် ဒါရိုက်တာသစ်အနေနဲ့ ဒါရိုက်တာဟောင်း သွားရာလမ်းကို လိုက်ဖို့အတွက် အချိန်ပဲလိုတာလေ။ ခု သူ့ကို

တာဝန်တစ်ခုပေးတယ်။ ဆွစ်ပါရဂူဆိုတဲ့ငနဲကြီး မြောက်ကိုရီးယား မြေကို ခြေချတာနဲ့ ဒါရိုက်တာက အရင်တွေ့ရမယ်။ ကိစ္စရပ်တွေအားလုံး စိတ်တိုင်းမကျမချင်း ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးနဲ့ တွေ့ခွင့်မပြုရ ဘူး။ ဒါပဲ။ ကိုင်း- တာဝန်ကို သွားထမ်းဆောင်ပေရော့။

နမ်ပိုဆိပ်ကမ်းကိုဆင်းသက်လာတဲ့ အယ်လန်နဲ့ ဂျူးလီးယပ်စ်ကို ကြောက်ရွံ့ရွံ့ မျက်နှာပေးနဲ့ စစ်သားငယ်လေး ခြောက်ယောက်ဝိုင်းရံထားတဲ့ အရပ်ဝတ်အရပ်စားနဲ့ လူလတ်ပိုင်းအရွယ် ပုဂ္ဂိုလ်တစ်ယောက်က အသင့် စောင့်ကြိုနေတယ်။

"မစ္စတာကားလ်ဆန်နဲ့ မစ္စတာဂျွန်ဆင် ထင်ပါရဲ့ ခင်ဗျား"

အဲဒီလူက အင်္ဂလိပ်လို နှုတ်ဆက်လိုက်တယ်။

"အိုး- ထင်တာမှန်သားပဲ၊ ကျုပ်က ကားလ်ဆန်ပါ ခင်ဗျားကရော၊ ကျုပ်တို့ရဲ့ ဝန်ဆောင်မှုတွေကို ကမ်းလှမ်းနိုင်ဖို့အတွက် ခင်ဗျားတို့ရဲ့ ကြီးမြတ် လှသော ခေါင်းဆောင်ကြီးနဲ့ တွေ့ရလိမ့်မယ်လို့ ကျုပ်က ယူဆထားပါရဲ့၊ ခင်ဗျားက ခေါင်းဆောင်ကြီး ဟုတ်ပုံမရဘူး၊ ခေါင်းဆောင်ကြီးကလည်း ခင်ဗျား ဟုတ်ပုံမရဘူး မှတ်ရဲ့"

နဂိုထဲက တာဝန်ကျေပွန်ဖို့အရေး အလွန့်အလွန် ဝါယမ စိုက်ထုတ်နေရတဲ့ အဲဒီလူဟာ အယ်လန့်အပြောကြောင့် မပြုံးထူးနိုင်ရှာဘူး။

"ကျွန်တော်က ခေါင်းဆောင်ကြီးမဟုတ်ပါဘူး ခင်ဗျာ၊ ခတ်ခွဲခန်း ဒါရိုက်တာပါ။ နာမည်ကတော့ ထားလိုက်ပါတော့ခင်ဗျာ၊ အရေးမပါပါဘူး။ အရင်ဆုံး အနှောင့်အယှက်ကင်းတဲ့ တစ်နေရာမှာ ထိုင်ပြီး စကားပြောကြဦးစို့၊ ကျွန်တော် ဒါ့အတွက် စီစဉ်ထားပါတယ်၊ အဲသလိုပြောလို့ ဖြစ်သင့်တဲ့အတိုင်း ဖြစ်လာခဲ့မယ်ဆိုရင် ခေါင်းဆောင်ကြီးဟာ ခင်ဗျားတို့ကို အသင့်စောင့်ကြို နေမှာပါ၊ အချိန်က အရေးကြီးတယ်ခင်ဗျ၊ ကဲ ကျွန်တော့်နောက်ကို လိုက်ခဲ့ကြ"။

ခတ်ခွဲခန်း ဒါရိုက်တာဟာ သူတို့အဖြေကို မစောင့်ဘဲ ဆိပ်ကမ်းရိုး တွေဘက်ကို သုတ်သုတ်လျှောက်သွားတယ်။ စစ်သားငယ်လေး ခြောက်ယောက် က အယ်လန်နဲ့ ဂျူးလီးယပ်စ်ကို ဝိုင်းရံပြီး ဒါရိုက်တာနောက်က မလိုက် လိုက်အောင် တွန်းအားပေးကြတယ်။ ကွန့်ဖရန့်စ်ခန်းမထဲမှာ သုံးယောက်သား ထိုင်မိတဲ့အခါ စစ်သားခြောက်ယောက်က အခန်းပြင်မှာ စောင့်နေကြတယ်။

"ကဲ စလိုက်ကြစို့၊ မစ္စတာကားလ်ဆန်ကိုပဲ တည်မေးရမှာပဲဗျနော်၊ ခင်ဗျားက နျူလက်နက်ပါရဂူ ဆိုပေတာကိုး၊ ဒီမိုကရက်တစ် ပြည်သူ့သမ္မတ နိုင်ငံအတွက် အလုပ်လုပ်ပေးချင်တယ်လို့လည်း ဆိုထားတယ်။ ခင်ဗျားရဲ့ သန္နိဋ္ဌာန်နဲ့ ပတ်သက်လို့ ခင်ဗျားဟာ တိတိကျကျ ပူးပေါင်းပါဝင်ဖို့ ယုံကြည် ချက်များ ရှိပါသလားလို့ မေးချင်ပါတယ်။ တိုတိုပြောရင်တော့ဗျာ၊ နျူလက်နက် ပါရဂူဆိုတာ တကယ်လား ညာတာလားပေါ့"

အို လူညာတဲ့လား။ လိုအပ်သလောက် တီထွင်တဲ့လူကို လူညာ ခေါ်လို့

ရမတဲ့လား။

“ဘယ်နဲ့ ကျုပ်က အညာအလိုင်း ဘယ်ဟုတ်လိမ့်မလဲဗျ၊အသက်ကြီးတယ်၊ နေရာအနှံ့ရောက်ဖူးတယ်၊ ဆာတတ်တယ်၊ ရေငတ်တတ်တယ်၊ အဲ ရေမဟုတ်တဲ့ တခြားသောက်စရာကိုလည်း အများကြီးငတ်တယ်၊ ဒါလောက်ပါပဲ၊ ဟောဟိုက ဂျူးလီးယပ်စ်ကတော့ ကညွတ်တောင်သူကြီး ခင်ဗျ၊ ကညွတ်စိမ်းလေ၊ သိတယ်မဟုတ်လား”

ခုချိန်ထိ ဂျူးလီးယပ်စ်ဟာ စကားတစ်လုံးမှ မပြောဘူး။ ဘာများ ပြောနိုင်မှာတုန်း။ ခေါင်းပဲ တဆတ်ဆတ် ညိတ်ပြနေရတယ်။

“ဟုတ်တယ်၊ ကညွတ်၊ အစိမ်း” လို့ သံယောင်လိုက်နေတယ်။ ခတ်ခွဲခန်းဒါရိုက်တာဟာ ဂျူးလီးယပ်စ်ကိုရော ကညွတ်ကိုရော စိတ်မဝင်စားဘူး။ သူက အယ်လန့်ကို မျက်လုံးချင်းဆိုင်ပြီး စိုက်ကြည့်ရင်း”

“အမှန်ကိုပဲပြောတယ်ကြားလို့ ဝမ်းသာပါတယ်၊ ခင်ဗျားက နျူလက်နက်ပါရဂူဆိုလို့ သတိပေးရဦးမယ် ကျုပ်ကလည်း ပါရဂူပဲခင်ဗျ၊ ကညွတ်တွေ ကညက်တွေ လျှောက်မပြောပါနဲ့၊ မေးတာကိုဖြေပါ၊ ပထမဆုံး မေးခွန်းက ဘာကြောင့် ဒီမိုကရက်တစ် ပြည်သူ့သမ္မာနိုင်ငံတော်ကို ကူညီ ချင်တာလဲ”

ခုရောက်နေတဲ့ တိုင်းပြည်မှာ ရှိလည်းမရှိနိုင်၊ သူကိုယ်တိုင်လည်း မယုံကြည်တဲ့ ဘုရားသခင်ကို ဂျူးလီးယပ်စ် တ,မိတယ်။ ဘုရားသိကြားမလို့ အယ်လန်ကြီး လျှောက်မပြောပါစေနဲ့ ဘုရား။

“အင်း ကျုပ်တို့ ရိုးသားကြဖို့တော့ လိုတာပေါ့ မစ္စတာ ခတ်ခွဲခန်း ဒါရိုက်တာရယ်၊ ခင်ဗျားက ပါရဂူဆိုပေမယ့် သိပ်ကြီး ကျွမ်းကျင်လှတာ မဟုတ်ဘူးဆိုတာ ထည့်ပြောစမ်းပါ၊ ခင်ဗျားသာ တကယ်ပါရဂူမြောက်ရင် ကျုပ် ဘယ်လိုလိမ့်မတုန်းဗျ၊ ပြီးတော့ ခင်ဗျားပြောတဲ့ စက်ရုံဆိုတာလည်း ပလူတိုနီယံစက်ရုံလို့ တိတိကျကျ ပြောစမ်းပါ၊ မြို့တော်ရဲ့ မြောက်ဘက်မှာရှိတဲ့ ပလူတိုနီယံစက်ရုံလို့ပြောဗျ၊ ဒါက သိပ်တော့ အရေးမကြီးပါဘူးလေ၊ ခင်ဗျားတို့စက်ရုံက နျူလက်နက်အဆင့်ရှိတဲ့ ပလူတိုနီယံကို ထုတ်လုပ်နိုင် တာမှ မဟုတ်ဘဲ”

စက္ကန့်ပိုင်းအတွင်းမှာပဲ သူတို့စကားဝိုင်းမှာ ခတ်ခွဲခန်းဒါရိုက်တာဟာ အောက်စည်း ရောက်သွား ရှာတယ်။ အယ်လန်ကတော့ အရှိန်နဲ့ ဆက်လိမ့်ပြီ။

“အင်း...ဒါကို စိတ်အနှောင့်အယှက် သိပ်ဖြစ်မနေပါနဲ့လေ၊ ပလူတိုနီယံဆိုတာ သိပ်ကို လုပ်ရကိုင်ရခက်တဲ့အမျိုးပဲ။ ခင်ဗျားတို့ ယူရေနီယံနဲ့ ပြောင်းလုပ်သင့်တယ်၊ ဒါကိုလည်း သိပြီးသား ဖြစ်မှာပါလေ”

လူလိမ်လူညာက ဒီလောက် တိတိကျကျ ဘယ်ပြောနိုင်လိမ့်မလဲ။ ခတ်ခွဲခန်းဒါရိုက်တာဟာ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှု အတော်နည်းသွားပြီ။ မေးခွန်းကိုသာ ဖြေပါဗျာလို့ ပြောမိတယ်။

"ဝမ်းမြောက်ဝမ်းသာ ဖြေပါ့မယ်၊ ဒါပေမဲ့ အသက်အရွယ်က ရလာပြီခင်ဗျ၊ ခင်ဗျားမေးခွန်းက ဘာပါလိမ့်"

ခေတ်ခွဲခန်း ဒါရိုက်တာက သူ့မေးခွန်းကို ပြန်ပြောလိုက်တယ်။

ဘာရယ် ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော်ကို ကူညီဖို့ ဘာကြောင့်များ ဒီလောက် စိတ်အားထက်သန်နေတာလဲတဲ့လား၊ ဘယ်နဲ့ ထက်သန်ရမတုန်း၊ နည်းနည်းမှ ကူညီချင်စိတ် မရှိပေါင်။ ဒါပေမဲ့ ခု မြောက်ကိုရီးယား တစ်ကျော့ပြန်ခရီးမှာ အသက်ရှင်နေနိုင်ဖို့ အဲသလို ဖြေလို့ ဘယ်ရလိမ့်မလဲ။

"အပြင်ဘက်ကို ကြည့်လိုက်စမ်း မစ္စတာ ခေတ်ခွဲခန်းဒါရိုက်တာ" ပြတင်းပေါက်ကို လက်ညှိုးထိုးရင်း အယ်လန်က ပြောလိုက်တယ်။ အပြင်ဘက်မှာ ချုံးချုံးကျနေတဲ့ စက်မှုဇုန်မြင်ကွင်းကြီး ရှိနေတယ်။ စိမ်းစိမ်းစိုစို ဆိုလို့ ဘယ်ဘက်က သံချေးအလိမ်းလိမ်းနဲ့ ဂိုဒေါင်တစ်ခုနားက သေခါနီး မေပယ်ပင် တစ်ပင်ပဲ ရှိတာ။

"ဘယ်လောက်လှတဲ့ မြင်ကွင်းလဲ မစ္စတာ ခေတ်ခွဲခန်း ဒါရိုက်တာ၊ ဒီအလှကို ယှဉ်နိုင်တာ ရှားလိမ့်မယ်၊ ကြွယ်ဝတဲ့ သဘာဝအလှ၊ သန္နိဋ္ဌာန်ခိုင်ကျည်ကြတဲ့ ပြည်သူတွေ၊ ရက်စက်အနိုင်ကျင့်တတ်တဲ့ တစ်ကမ္ဘာလုံးကို အံခဲတွန်းလှန်နေကြတာ၊ ငြိမ်းချမ်းရေးနဲ့ ချစ်ခြင်းမေတ္တာ အစွန့်ရှည်တည်တံ့ရေး အတွက် တစ်ယောက်ယောက်က တာဝန်ယူသင့်တာပေါ့၊ မဟုတ်ဘူးလား၊ ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းက ကျုပ်နဲ့ ကျုပ်မိတ်ဆွေရဲ့အသက်ကို ခင်ဗျားတို့ တိုင်းပြည်က ကယ်တင်ခဲ့တယ်၊ ဒါကို ကျေးဇူးပြန်ဆပ်ဖို့အတွက် ကျုပ်တို့ လုပ်နိုင်တာကို လုပ်ပေးရုံရှိတာပဲ မဟုတ်လား၊ ဒါကြောင့်မို့ ကျုပ်တို့ဟာ တာဝန်ထမ်းဆောင်ဖို့ အသင့်ပဲဗျ၊ ခင်ဗျားတို့ ကညွတ်စိုက်ချင်တယ်ဆိုရင် ဂျူးလီးယပ်စ်ထက် သင့်တော်တဲ့လူ မရှိ၊ သန့်စင်ပြီး ယူရေနီယံကို ရှိရင်းထက် ပိုပြီး အင်အားပြင်းချင်တယ်ဆိုရင်တော့ ကျုပ်က လူမှန် နေရာမှန်လေ"

များသောအားဖြင့် တော့ လူတွေဟာ သူတို့ကြားချင်တာကို ကွက်ကြားပြီး ယုံချင်တာကို ကွက်ယုံတတ်ကြတဲ့ သဘာဝရှိတယ်။ သူ့တိုင်းပြည်ရဲ့ သာယာလှပပုံကို အမှန်အတိုင်း ကြားလိုက်ရတဲ့ ခေတ်ခွဲခန်း ဒါရိုက်တာဟာ ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်လိုက်တယ်။ ကားလ်ဆန်ရဲ့ ဝန်ဆောင်မှုကို နိုင်ငံတော်က အလိုရှိတယ်၊ ဂွန်ဆင့်ဟာတော့ မလိုချင်ဘူး။ ဒါပေမဲ့လို့ အစီရင်ခံစာအရ ကားလ်ဆန်ဟာ ဟက်အိုင်ဆိုစတက် ဖိအား ပါရဂူလို့ ဆိုတယ်၊ ဘယ်နေရာမှာ ဘယ်လိုရှာရှာ အဲဒီနည်းပညာအကြောင်း တစ်လုံး တစ်ပါဒမှ မသိဘူး။ အဲဒါကို ရှင်းပြစမ်းပါ။

ဂျူးလီးယပ်စ်ဟာ ဘုရားဆီမှာ နောက်တစ်ခါ ဆုထပ်တောင်းရ ပြန်တယ်။

အယ်လန်ကတော့ အေးအေးပဲ။

"အင်း...အမေရိကန် လော့စ်အလာမို့စ်က အဖြစ်အပျက်ကလေး သတိရမိသေးတယ်၊ အဲဒီတုန်းက ကျုပ် ခပ်ငယ်ငယ်ပေါ့၊ အမေရိကန်တွေဟာ

အက်တမ်ဗုံးရဖို့အရေး နေ့ရောညပါ အပြင်းအထန်လုပ်နေကြတာ၊ နောက်ဆုံး သူတို့ဘာလုပ်ရမယ်ဆိုတာကို ကျုပ်ဝင်ပြောမှပဲ အဆင်ပြေသွားတော့တယ်၊ ကဲ..မေးပါရစေဦး၊ အဲဒီအကြောင်း အင်တာနက်ထဲမှာ မြင်ဖူးသလား၊ တွေ့ခဲ့ဖူးသလား”

ဟင့်အင်း .... မတွေ့ခဲ့ဖူးပါဘူး။ အင်တာနက်ဆိုတာ လွန်ခဲ့တဲ့ နှစ်လေးဆယ်ကျော်လောက်တုန်းက မပေါ်သေးတာလဲ ပါမလားမသိ။ ဒီမယ်ဗျ၊ ဟက်အိုင်ဆိုစတက်ဖိအားက ကျုပ်တီထွင်ခဲ့တာ၊ ဂျီနီဗာ မြို့ပြင်က လျှို့ဝှက်တဲ့ ဓာတ်ခွဲခန်းလေး တစ်ခုမှာပေါ့၊ ခုတော့ ခင်ဗျားတို့ကို ပြောပြလိုက်ပြီမို့ ဒါ လျှို့ဝှက်ချက်တစ်ခု မဟုတ်တော့ပါဘူး။ ခင်ဗျားသိတဲ့ အတိုင်းပဲ မစ္စတာ ဓာတ်ခွဲခန်း ဒါရိုက်တာရယ်၊ ချူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တစ်စင်းအတွက် သန့်စင်ပြီးယူရေနီယံ ၂၅ ကီလို လောက်သုံးရတယ်၊ အဲ အတိအကျဆိုရရင် ၂၅.၂ ကီလိုဗျ၊ ကျုပ်ရဲ့ ဟက်အိုင်ဆိုစတက်ဖိအားနဲ့ ဆိုရင် ချူထရွန် ကွဲပြားမှုဟာ ပိုအားကောင်းတယ်၊ ပိုပြီး ကြာရှည်ခံတယ်၊ ဆင့်ကဲဖြစ်စဉ်အရ ဆက်ကာဆက်ကာ ပေါက်ကွဲအားကောင်းလာတဲ့အတွက် ပမာဏနည်းနည်းနဲ့တင် စွမ်းအားပြည့်ချူလက်နက်လုပ်လို့ရတယ်၊ ဒုံးကျည် မကြိုက်ဘဲ သုံးလေးတန်လေးတဲ့ ဗုံးကိုမှ ပိုနှစ်သက်တယ်ဆိုတဲ့ လူမျိုးတွေ အတွက်ဆို အသင့်တော်ဆုံးပေါ့ဗျ”

၂၅.၂ ကီလိုဆိုတာ အယ်လန်တက်ပလက်မဲထဲ ဖတ်ထားဖူးလို့ သေသေချာချာကို သိတယ်။ ဓာတ်ခွဲခန်း ဒါရိုက်တာလည်း ဒီလောက်တော့ သိပါတယ်။

“ဒီထက်ပိုပြီး အသေးစိတ် ပြောပါဦး”

ဓာတ်ခွဲခန်းဒါရိုက်တာက ရလိုရငြား ကြိုးစားလိုက်တယ်။

“အသေးစိတ်ပြောရမယ်လား၊ ကဲ-ကျုပ်တို့မယ် အချိန် ဘယ်နှပတ် ရှိလဲ၊ ပြောကြတာပေါ့၊ ခင်ဗျားတို့ရဲ့ မဟာခေါင်းဆောင်ကြီးလည်း စောင့်နိုင် မယ်ထင်ပါရဲ့၊ ဒါပေမဲ့လို့ ကျုပ်နဲ့ ကျုပ်မိတ်ဆွေ ကညွတ်တောင်သူကြီးဟာ ဒီတိုင်းထိုင်ပြီး ပြောချည်းနေလို့တော့ မဖြစ်ဘူးဗျ၊ စားရဦးမယ်၊ သောက်ရဦး မယ်၊ လဲလျောင်းအနားယူရဦးမယ်၊ အဲ-ခုတင်က သီးခြားနှစ်လုံး၊ အခန်းက နှစ်ခန်းမှ ဖြစ်မယ်နော်၊ မိတ်ဆွေတွေဆိုပေမယ့် အိပ်တာကတော့ သတ်သတ် စီပဲ ကောင်းပါတယ်၊ ကျုပ်တို့ ဗိုက်ပြည့် အနားရပြီဆိုရင် ပြောကြတာပေါ့ မစ္စတာ ဓာတ်ခွဲခန်းဒါရိုက်တာ”

တစ်ရာ့တစ်နှစ်ဘိုးတော်ကြီးဟာ တကယ့်ကို ပါရမီရှင် အပြော သမားပဲ၊ အယ်လန် သံသယရှိနေတဲ့အရာကို ဓာတ်ခွဲခန်း ဒါ ရိုက်တာကလည်း သိနေတယ်၊ နောက်တစ်ပတ် နှစ်ပတ်လောက်ထိ ခေါင်းဆောင်ကြီး ကင်ဂျုံအန်က စောင့်ဖို့ဝေးစွ၊ နောက် တစ်နာရီတောင် စောင့်မယ်မထင်ဘူး။

ဆုံးဖြတ်ချက်ကတော့ အနေးနဲ့အမြန် ချကိုချရမှာပဲ။ စားဖို့၊ သောက်ဖို့၊ အိပ်ဖို့ စတာတွေ ဖြည့်ဆည်းပေးရမယ့်အစား ဒီငနာကြီးနှစ်ယောက်ကို

နောက်စေ့ထဲ ကျည်ဆန်သာ ထည့်ပေးလိုက်ချင်တာပဲ။ ဒါပေမဲ့ လုပ်ချင်တိုင်း လုပ်လို့ရရိုးလား၊ နိုင်ငံတော်အတွက် ပထမ မဟုတ်လား။

ခု သူဘာလုပ်ရမလဲ၊ ကြည့်ရတာ အဘိုးကြီးဟာ တကယ့်ပညာရှင် ထင်တယ်။ ယူရေနီယံကိစ္စကို ရေရေလည်လည် သိတယ်၊ ဒဿမ အစွန်း ထွက်လေးတွေကအစ သိတယ်၊

ခေတ်ခွဲခန်းဒါရိုက်တာဟာ စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးခြစ်ကို ရှာတယ်။ ဟိုတယ်မန်နေဂျာရဲ့ ရွှေရောင်မီးခြစ်ကို အသာလေး အိတ်ထောင်ထဲ ထည့်လာတဲ့ ဂျူးလီးယပ်စ်ဟာ ဒါရိုက်တာကို မီးခြစ်ထုတ်ပေးလိုက်တယ်။ ဒါရိုက်တာက ကျေးဇူးတင်စကားဆို၊ စီးကရက်ကို မီးညှိပြီး ခပ်ပြင်းပြင်း ရှိုက်လိုက်တယ်။

ဒါရိုက်တာဟာ ဆုံးဖြတ်ချက်တစ်ခုကို ခပ်သွက်သွက် ချရတော့မယ်။ ခပ်သွက်သွက်ဆိုတာ ချက်ချင်းချရမှာကိုပြောတာ။ ခေါင်းဆောင်ကြီးဟာ ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင် ဆိုဗီဒင်သံအမတ်ကြီးကို ဖိတ်ခေါ်ထားတယ်။ ဆိုဗီဒင်သံအမတ်ကြီးနဲ့ ဒီဆွစ်ပါရဂူကြီးကို တစ်ပြိုင်နက်တွေ့ချင်နေတာ။ ကုလသမဂ္ဂအဖွဲ့ဝင်တွေဟာ အချိန်မရွေးရောက်လာတော့မှာ၊ တခြားဘာမှ လုပ်ဖို့အချိန်မရှိတော့ဘူး။ ကဲ-ဆုံးဖြတ်ချက် ချ၊ ချတော့။

"ကောင်းပါပြီ အမှားအယွင်း တစ်စုံတစ်ရာ မရှိစေဖို့အတွက် ခင်ဗျားရဲ့ ဖိအားစနစ်ကို ကျွန်တော်တို့ ထောင့်စေ့အောင် စစ်ဆေးမှာပါ၊ ခုတော့ ခေါင်းဆောင်ကြီးနဲ့တွေ့ဖို့ ခွင့်ပြုလိုက်မယ်"

မီးခြစ် ဘယ်နားထားမိမှန်းမသိလို့ စိတ်မကျေနပ်တဲ့ ဒါရိုက်တာဟာ အယ်လန်တို့ကို ယုံကြည်ချက်ရှိရှိ မြန့်မြန့်ကြီး ပြောလိုက်နိုင်တဲ့အတွက်တော့ ကျေနပ်သွားတယ်။ တကယ့်ဘဝထက်တောင် လေသံက ယုံကြည်ချက် ပိုရှိနေသေးတယ်။ အင်း- အသက်ရှည်ရှည်နေရရင်တော့ ပိုပြီး ယုံကြည်ချက်တွေ အားကောင်းလာမှာ အမှန်ပဲလေ။

နိုင်ငံခြားသားဧည့်သည်တွေကို အသင့်စောင့်နေတဲ့ ကားဆီ လိုက်ပါပို့ဆောင်ဖို့ ကြောက်နေတဲ့ စစ်သားငယ်လေး ခြောက်ယောက်ကို သူ အမိန့်ပေး လိုက်တယ်။

ကဲ-ခုတော့ ကိုရီးယားမြေမှာ အန္တရာယ်အရှိဆုံး နံပါတ်ဝမ်းတစ်၊ ဂဏန်းတစ်နဲ့ တွေ့ကြရတော့မယ်။ ၂၀၀၄ ခုနှစ်ထုတ် ရုရှားလုပ် ဂျီအောက်-၃၁၁၁ ကားနောက်ခန်းမှာ စစ်သားလေးတွေ ခြံရံပြီး သူတို့ ထိုင်ကြတယ်။ အဲဒီ ၂၀၀၄ ခုနှစ်မှာ ကမ္ဘာမှာ ထင်ရှားကျော်ကြားတဲ့ ကားဖြစ်စေရမယ်ဆိုတဲ့ အကြံနဲ့ ရုရှားက ထုတ်လုပ်လိုက်တဲ့ ကားကိုးစီးထဲက နမူနာတစ်စီးပေါ့။ မြောက်ကိုးရီးယားကို နမူနာတစ်စီးပို့ပြီး နောက်ပိုင်း ပြည်တွင်းဖြစ်ကား ထုတ်မယ့်အကြံကို လက်လျှော့ပြီး ခရိုင်စလာကုမ္ပဏီနဲ့ စာချုပ် ချုပ်လိုက် တယ်လေ။

"ကောင်းသောနေ့ပါခင်ဗျ၊ ကျုပ်က အယ်လန်ပါ"

သူ့နားက စစ်သားလေးကို အယ်လန်က ရှုရှားလို နှုတ်ဆက်တယ်။ စစ်သားက ဘာမှပြန်မပြောဘူး။ သူ့အရှေ့က စစ်သားနှစ်ယောက်ကို နှုတ်ဆက်တော့လည်း ဒီတိုင်းပဲ၊ ဘာမှ ပြန်မပြောကြဘူး။

ဒါနဲ့ပဲ ဂျူးလီးယပ်စ်ဘက်လှည့်ပြီး ခေါင်းဆောင်ကြီးဆိုသူကတော့ စကားပြောလိမ့်မယ်လို့ ယူဆကြောင်း၊ မဟုတ်ရင်တော့ ဒီနေ့လယ်ဟာ ပျင်းရိငြီးငွေ့ဖွယ်အတိ ဖြစ်နေမှာဖြစ်ကြောင်း သူပြောလိုက်တယ်။

ဂျူးလီးယပ်စ်ကလည်း ပြန်မပြောဘူး။ ဒါပေမဲ့ ခုချိန်မှာ ပျင်းရိငြီးငွေ့ဖွယ်ဆိုတဲ့ စကားလုံးကို သုံးသူဟာ ဆင်ခြင်တုံတရားမဲ့လို့ပဲလို့ တွေးနေတယ် ဘာပဲပြောပြော ခုတော ဂျူးလီးယပ်စ်ဟာ သူ့အသက်ကို တစ်ရာ့တစ်နှစ် အဘိုးကြီးလက်ထဲ ဝကွက်အပ်ထားရပြီလေ။ အသက်ကို ပြင်းပြင်းရှူပြီး စိတ်ထဲမှာ ၉၉၉ ကနေ နောက်ပြန်ရေတွက်နေလိုက်တယ်။ စိတ်ဖိစီးနေရင် ဒီနည်းက တစ်ခါတလေ အလုပ်ဖြစ်တတ်တယ်။

ဂျူးလီးယပ်စ်တစ်ယောက် စိတ်ထဲ သရိုးသရီဖြစ်နေရှာတာ အယ်လန်သိပါတယ်။ စိတ်ထဲက နောက်ပြန် ဂဏန်းရေတွက်မှု ၂၀၀ ကျော်လာချိန်မှာ တက်ပလက်မည်းထဲက တစ်ခုခု ဖတ်ပြရမလားလို့ အယ်လန်က မေးလိုက်တယ်။

၁၈၇-၁၈၆

လွန်ပြီ၊ သိပ်လွန်ပြီ။

ဂျူးလီးယပ်စ်ရဲ့ မှိတ်ထားတဲ့ မျက်လုံးတွေ ပွင့်လာတယ်။

“ဒီမယ် အယ်လန်၊ ကျုပ်တို့ဟာ ကမ္ဘာ့ခေါင်းကြီးသတင်း ဖြစ်တော့ မှာဗျ သိရဲ့လား၊ သတင်းတွေ ဖတ်နေစရာမလိုဘူး၊ ကိုယ့်ဇာတ်ကို နိုင်အောင် ကဖို့ စောက်ဟက်အိုင်ဆိုစတက်ဖိအားအကြောင်းသာ စဉ်းစားနေစမ်းပါ၊ ဆယ်မိနစ်အတွင်း ကျုပ်တို့ သေမလား ရှင်မလား ဆုံးဖြတ်ပေးမယ့်လှုန် ဒီအကြောင်း ပြောရဦးမယ်မဟုတ်လား၊ ဒီ စောက်တက်ပလက်ကို ခဏလောက် ချထားစမ်းပါ၊ အသုံးကျမယ့်ကိစ္စကို စဉ်းစားစမ်းပါ-ဟူး”

အယ်လန်က ဂျူးလီးယပ်စ်ကို ကြည့်တယ်၊ အပြင်ဘက် ဘေးဘီကို ကြည့်တယ်။

“ဆယ်မိနစ်အတွင်းဆိုတာ မှားသဗျာ၊ ကျုပ်တို့ ရောက်ပြီနဲ့ တူတယ်”

မြင့်မြတ်ခြင်းတကာတို့အနက် အမြင့်မြတ်ဆုံး ဖြစ်ပေတော်မူထသော မဟာခေါင်းဆောင်တော်ကြီးရဲ့ ရုံးခန်းတော်ကြီးထဲကို အယ်လန်နဲ့ ဂျူးလီးယပ်စ် ရောက်လာခဲ့ရပြီ။ စတုရန်းမီတာ သုံးရာအကျယ်၊ ဆယ့်ခြောက်မီတာမြင့်တဲ့ မျက်နှာကြက်ကြီး၊ ဝက်သစ်ချသားစားပွဲကြီး၊ စားပွဲပေါ်က လက်ဆွဲသေတ္တာ တစ်ခု၊ စကားပြောစက်တစ်လုံး၊ ငှက်မွေးကလောင်တံ တစ်ချောင်း၊ စာရွက် စာတမ်းတစ်ထပ်၊ နံရံလေးဖက်ပတ်လည်ရှိနေတဲ့ ထာဝရသမ္မတကြီး ကင်အီဆွန်းရဲ့ ပုံတူပန်းချီကားကြီးတွေ၊ ဒါပဲ။ ခေါင်းဆောင်ကြီးကတော့ မရောက်သေးဘူး။

ဒါကြောင့်မို့ တံခါးနှစ်ထပ်ကို ပိတ်ပြီး အစောင့်တွေ အပြင်ပြန်ထွက်သွားချိန် ရုံးခန်းကြီးထဲမှာ အဘိုးကြီးနှစ်ယောက်တည်း ကျန်ရစ် ခဲ့တယ်။

"ကြည့်စမ်း ... ဂျူးလီးယပ်စ် ပြတင်းပေါက်တွေကနေ လေဝင်လာမယ်ဆိုရင် ဒီထဲမှာ စွန်လွှတ်လို့တောင် ရလောက်တယ်၊ မိုးပျံပူဖောင်း စီးရင်ရော ရမလားမသိဘူး"

"အယ်လန်ရာ ဟက်အိုင်ဆိုစတက် ဖိအားအကြောင်းသာ တွေးနေစမ်းပါ။ ကြားရဲ့လား၊ ဟက်အိုင်ဆိုစတက်ဖိအားနော်"

အော်-ဂျူးလီးယပ်စ်နှယ်၊ လောကမယ် မရှိတဲ့ အရာအကြောင်းကို တွေးနေရတာ ဘယ်လောက်ခက်မှန်း သိရဲ့လား။ ထားပါတော့လေ၊ ပြောမနေတော့ပါဘူး။

စားပွဲကြီးနားက တံခါးသေးသေးလေးတစ်ချပ် ပွင့်လာတယ်။ ပစ္စတိုတစ်လက် အသင့်ချိတ်ဆွဲထားတဲ့ အစောင့်တစ်ယောက် ဝင်လာတယ်။ မတ်မတ်ရပ်လိုက်တယ်။ သူ့နောက်မှာတော့ ကြီးမြတ်လှစွာသော မဟာခေါင်းဆောင်ကြီး။ အော်-မဟာခေါင်းဆောင်ကြီးဟာ အင်မတန် အရုပ်ပုသူ ပေတကားလို့ အယ်လန် တွေးနေတယ်။

"ထိုင်ကြပါ"

စားပွဲရှေ့က ကုလားထိုင်နှစ်လုံးကို လက်ညှိုးထိုးပြပြီး ကင်ဂျုံအန်က ပြောတယ်။ သူကိုယ်တိုင်လည်း စားပွဲတစ်ဖက်က ကုလားထိုင်ကြီးမှာ ဝင်ထိုင်တယ်

"ကျေးဇူးတင်ပါတယ် ... ခေါင်းဆောင်ကြီးခင်ဗျား" ဂျူးလီးယပ်စ်က ကြောက်ကြောက်လန့်လန့် တုန်တုန်ယင်ယင်နဲ့ ပြောလိုက်တယ်။

"ကောင်းပါပြီ ဒါနဲ့ ပဋိသန္ထာရ စကားလေးများမဆိုခင် အရသာရှိတဲ့ သောက်စရာ တစ်ခုခုများ မရဘူးလား၊ အစားအသောက်နဲ့ တည်ခင်းဧည့်ခံဖို့ ခက်မယ်ဆိုရင် ကျုပ်တို့ သည်းခံနိုင်ပါတယ်"

ကင်ဂျုံအန်အဖို့ ဘာပဋိသန္ထာရစကားမှ ဆိုစရာမလိုဘူး။ ဒါပေမဲ့လို့ ဧည့်ဝတ်ကျေပွန်တဲ့အနေနဲ့ လက်ဖက်ရည်တစ်အိုး ယူလာခဲ့ဖို့ ၁၉၇၀ နှစ်များဆီက ဆိုဗီယက်လုပ် စကားပြောစက်ကနေတစ်ဆင့် လှမ်းမှာလိုက်တယ်။ တစ်မိနစ်အတွင်း မှာတာရောက်လာတယ်။ မြောက်ကိုရီးယားစစ်သားလေး တစ်ယောက်က ခါးကို ဖြောင့်ဖြောင့်ထားရင်း လက်ဖက်ရည်အိုးကို စားပွဲပေါ်ချဖို့ ကြိုးစား၊ တစ်ချိန်တည်းမှာပဲ နောက်ကျသွားလို့ တောင်းပန်ပါကြောင်း ပါးစပ်က ကိုရီးယားလို တတွတ်တွတ် ပြောနေရှာတယ်။

ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးကတော့ စစ်သားလေးကို နှင်လွှတ်လိုက်ပြီး ဧည့်သည်တွေဆီ လက်ဖက်ရည်ကြမ်းခွက် မြှောက်ပြရင်း . .

"ကဲ အခွန့်ရှည်တည်တံ့သော ပူးပေါင်းဆောင်ရွက်မှုအတွက် ဒါမှမဟုတ် သူ့ရဲ့ ဆန့်ကျင်ဘက် ဖြစ်ရပ်အတွက် သောက်ကြစို့" လို့ ပြောလိုက်တယ်။

အယ်လန်က သူ့လက်ဖက်ရည်ခွက်ကို သောက်ချင်ယောင်ဆောင်တယ်။

ဂျူးလီးယပ်စ်ကတော့ ခေါင်းဆောင်ကြီးရဲ့စကားကို တွေးတောဆင်ခြင်ရင်း သောက်လိုက်တယ်။ အရသာဆိုးလှတဲ့ လက်ဖက်ရည်ဆိုတာကြီး သူ့စိတ်နှလုံးထဲ နစ်ဝင်သွားတဲ့အခါမတော့ အယ်လန်တစ်ယောက် သူ့နည်းသူ့ဟန်နဲ့ လုပ်နေတာကို တိုင်ကြည့်နေဖို့ ဆုံးဖြတ်ချက်ချလိုက်တယ်။ တစ်ရာ့တစ်နှစ် အဘိုးကြီးမှာ သူ့အကြံနဲ့သူ ရှိပေမပေါ့။ ရှင်သန်အောင် နေနည်းမှာတော့ သူဟာ ဆရာတစ်ဆူပဲ။ ဗဲရီးဆောရီး မဖြစ်အောင် သူ လုပ်နိုင်တယ်။ ဒါကြောင့်မို့ လုပ်ပေလေ့စေ။ နည်းနည်းတော့ လမ်းခင်း ပေးဦးမှ။ ဂျူးလီးယပ်စ်က စကားစလိုက်တယ်။

"ကြီးမြတ်လှသော ခေါင်းဆောင်ကြီးခင်ဗျား၊ ကျွန်တော့်နာမည် ဂျူးလီးယပ်စ် ဝွန်ဆင်ပါ၊ ကျွန်တော်က ကမ္ဘာကျော် ချူလက်နက် ပါရဂူကြီး မစ္စတာအယ်လန်ကားလ်ဆန်ရဲ့ အနီးကပ် ကိုယ်ရေးလက်ထောက်ပါ ခင်ဗျ။ ခု ပါရဂူကြီးက ဆက်ပြောဖို့ တိုက်တွန်းပါရစေ"

ကင်ဂျုံအန်က ပြုံးတယ်။

"ဟင့်အင်း … ခင်ဗျား တိုက်တွန်းလို့မရဘူး။ ဒါ ကျုပ်ခေါ်တဲ့ အစည်းအဝေး၊ ဘယ်သူက စကားပြော ဘယ်သူက စကားမပြောပဲနေ ဆိုတာကို ကျုပ်ပဲ ဆုံးဖြတ်မယ်၊ ခင်ဗျားက အနီးကပ်ကိုယ်ရေးလက်ထောက် ဆိုတော့ တခြားလက်ထောက်တွေ ရှိသေးတယ်လား၊ သူတို့က ဘယ်မှာလဲ"

ဂျူးလီးယပ်စ်ဟာ အာစေးထည့်ခံလိုက်ရသလို ဖြစ်သွားတယ်။

အယ်လန်က ဒါကို ရိပ်မိတဲ့အတွက် သူ့ကိုယ်ရေးလက်ထောက်ကို ကူမှ ဖြစ်မယ်ဆိုတာ သိတယ်။

"ခေါင်းဆောင်ကြီးခင်ဗျား၊ ကျွန်တော့်ကိုယ်ရေးလက်ထောက် သူ့အတွေးတွေကို နေသားတကျ စုစည်းနေချိန်မှာ ကျွန်တော့်ကို စကား ပြောခွင့် ပြုစေလိုပါတယ်။ အရေးကြီးတဲ့ကိစ္စပါ၊ ခေါင်းဆောင်ကြီးရဲ့ တိုင်းပြည်အနာဂတ်နဲ့ ပတ်သက်လို့ စိတ်ရှိမယ်ဆိုရင်ပေါ့"

ကင်ဂျုံအန်ဟာ သူ့တိုင်းပြည်အနာဂတ်နဲ့ ပတ်သက်လို့ အကြီး အကျယ် စိတ်ရှိတာပေါ့။ ဒါက သူ့အနာဂတ်နဲ့လည်း ကျိန်းသေပေါက် ပတ်သက်နေတာကိုး။

"ကောင်းပြီ ပြောပါ"

ခေါင်းဆောင်ကြီးဟာ အယ်လန့်ဘက် လှည့်လာတယ်။ ဂျူးလီးယပ်စ်ကို ညှစ်ထားတဲ့ အခြေအနေကို ဖြေလျှော့ပေးလိုက်တယ်။

"ကောင်းပ ကောင်းပ၊ ခေါင်းဆောင်ကြီးဟာ ပတ်လည်ဝိုင်းနေတဲ့ မိစ္ဆာရန်သူတွေကို မကြောက်မရွံ့ နောက်မတွန့်ဘဲ ရဲရဲရင့်ရင့် တိုက်ပွဲဝင်နေ တာကို အရင်ဆုံး ချီးကျူးချင်ပါတယ်၊ ခေါင်းဆောင်ကြီးဟာ ဖခင်ကြီးနဲ့ ဘိုးအေကြီးရဲ့ ခြေရာကို နင်းနိုင်သူပါပဲ"

ဂျူးလီးယပ်စ် ခမျာတော့ စကားတစ်လုံးတောင် မဟရဲ။ ဒါပေမဲ့ အသက်ရှင်ဖို့ မျှော်လင့်ချက်ရောင်ခြည်ကလေးတော့ သန်းလာ။ အယ်လန်ဟာ လမ်းကြောင်းမှန်ပေါ် ရောက်နေပြီလို့ ထင်ရ။

“ခင်ဗျားက ဘယ်လိုသိတာတုံး”

ကင်ဂျုံအန်က ခပ်ကန်ကန် ပြောလိုက်တယ်။

အမှန်ကတော့ ဘယ်လိုမှ မသိပါဘူး။ ကင်ဂျုံအန်အကြောင်း တက်ပလက်မည်းက ပြောသလောက်ပဲ အယ်လန် သိတာပါ။ ဒါကလည်း ကောင်းတာသိပ်မပါဘူး။ ဒါပေမဲ့ လေကိုတော့ လျှော့လို့မဖြစ်ဘူး မဟုတ်လား။

“ကျုပ်က ခေါင်းဆောင်ကြီးအကြောင်း အကုန်သိပါတယ်၊ ဒါပေမဲ့ ခေါင်းဆောင်ကြီးရဲ့ ဆောင်ရွက်ချက်တွေကို ထိုင်ချီးကျူးရင်း အချိန်ဖြုန်းနေလို့ မဖြစ်ဘူး မဟုတ်လား၊ ခေါင်းဆောင်ကြီးရဲ့ တန်ဖိုးရှိတဲ့အချိန်တွေကို ဖြုန်းတီးရာရောက်မယ်လေ”

ဟုတ်ပ၊ တန်ဖိုးရှိတဲ့အချိန်တွေဆိုတာ အမှန်ပဲ။ တန်ဖိုးရှိရုံမက အချိန်က နည်းနေတာ။ ကုလသမဂ္ဂကိုယ်စားလှယ် ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးနဲ့ အဖွဲ့ဟာ ဆူနန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို လေယာဉ်ဆိုက်လာတော့မှာ။ ကြီးမြတ်လှသော ခေါင်းဆောင်ကြီးရဲ့ လူထုဆက်ဆံရေး နည်းလမ်းဟာ သူရောက်တာနဲ့ အရေးတကြီး လုပ်စရာတွေ အများကြီး။

"ကဲ ဒါဆိုလည်း အရေးကြီးတာပြောလေ၊ ဟက်အိုင်ဆိုစတက် ဖိအားအကြောင်း ပြောမယ်လား”

"မှန်တယ် ခေါင်းဆောင်ကြီး၊ ကျုပ် ရိုကျိုးနှိမ့်ချစွာ အကြံပေးချင် တာကတော့ ကျုပ်နဲ့ ကျုပ်ရဲ့ ကိုယ်ရေးလက်ထောက်ဟာ ဟက်အိုင်ဆိုစတက် ဖိအားရဲ့ လျှို့ဝှက်ချက်အားလုံးကို မြောက်ကိုရီးယားကို သင်ပေးမယ်ဆိုရင် အပြန်အလှန်အနေနဲ့ ကျုပ်တို့ တာဝန်ပြီးဆုံးတဲ့အခါ ဥရောပကိုပြန်ဖို့ ကူညီပေးပါ။ ခေါင်းဆောင်ကြီးရဲ့ တိုင်းပြည်ဟာ အင်မတန် ခမ်းနားလှပပေ မယ့် အင်း-အိမ်ထက်ကောင်းတဲ့နေရာ မရှိဘူးရယ်လို့ ပြောကြတာပဲလေ”

ကင်ဂျုံအန်က ခေါင်းတဆတ်ဆတ် ညိတ်နေတယ်။ သူလည်း ဒီလိုပဲ ခံစားနေရတယ်လို့ ဆိုလိုတာနေမယ်။ ဒီလိုသဘောတူ ညီချက်မျိုးက ပြဿနာသိပ်မရှိနိုင်ဘူးမဟုတ်လား။ ဒီအဘိုးအိုကြီးဟာ သူပြောသလို တကယ့်ပါရဂူကြီးအမှန်ဖြစ်လို့ကတော့ သူ့ပညာတွေကိုပိုက်ပြီး ဥရောပပြန်လို့ ဘယ်ဖြစ်လိမ့်မလဲ၊ သူ့ကို ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတော်က ပိုင်တာပေါ့ မဟုတ်ဘူးလား။ “ကောင်းပြီ သဘောတူတယ်” လို့ ခေါင်းဆောင်ကြီးနှုတ်က ထွက်လာတယ်။

ပြီးတာနဲ့ ကားလ်ဆန်နဲ့ သူ့ကိုယ်ရေးလက်ထောက်တို့ဟာ သန့်စင်ပြီး ယူရေနီယံ လေးကီလိုဂရမ်နဲ့ အလုပ်လုပ်ဖို့၊ နောက်ထပ် လာလတ္တံ့သော ကီလိုဂရမ် ငါးရာနဲ့ ဆက်လုပ်ဖို့ ပြောတယ်။ တိုက်တိုက်ဆိုင်ဆိုင် ယူရေနီယံ လေးကီလိုဟာ လူကြီးမင်းတို့ သင်္ဘောနဲ့ အတူပါလာတာပဲ။

“သေချာစီမံထားတဲ့ ခဲဘူးသေတ္တာနဲ့ ထည့်လာတာပေါ့”

ကင်ဂျုံအန်က စားပွဲပေါ်က လက်ဆွဲသေတ္တာပေါ် လက်တင်ပြီး

ပြောလိုက်တယ်။ ခက်တာက ဒီလက်ဆွဲသေတ္တာထဲက အရာဝတ္ထုတွေ အတွက် ဟက်အိုင်ဆိုစတက်ဖိအားကို ဘယ်လိုအသုံးချမယ်ဆိုတာ နားထောင်ဖို့ အချိန်မရှိတော့တာပဲ။ အတွင်းရေးမှူးတစ်ယောက်ဟာ အခန်းထဲဝင်လာပြီး ခေါင်းဆောင်ကြီးကို တီးတိုးပြောနေတယ်။

"ကျေးဇူးတင်ပါတယ်၊ ခင်ဗျားရဲ့ ဖိအားအကြောင်းကို နားထောင်ချင်သေးပေမယ့် ခုတော့ သွားကြဦးစို့၊ ကျုပ်တို့ ကေစီအန်အေကို သွားရမယ်၊ သုံးယောက်လုံး၊ ဪ... နေဦး ကိုယ်ရေးလက်ထောက်မလိုဘူး၊ သူ့ကို ဟိုတယ်ပို့လိုက်"

ကင်ဂျုံအန်က ထရပ်လိုက်တယ်၊ လူကြီးမင်းများ သူ့နောက်က လိုက်ခဲ့ကြဖို့ အချက်ပြလိုက်တယ်။

ဂျူးလီးယပ်စ်ဟာ ဝေခွဲမရ ဖြစ်နေရှာတယ်။ ကင်ဂျုံအန်နောက် လိုက်ရတာကောင်းမလား၊ မလိုက်ဘဲ နေခဲ့ခိုင်းတာသာ ကောင်းသလား။ သူ အယ်လန့်လို တိုးတိုးလေး မေးလိုက်တယ်။

"ဗျို့.. အယ်လန် ကေစီအန်အေ ဆိုတာ ဘာကြီးတုန်းဗျ" အယ်လန်က မဆိုင်းမတွ ဖြေတယ်။

"ဘာပဲဖြစ်ဖြစ် အဲဒီမှာ လက်ဖက်ရည်မဟုတ်တဲ့ သောက်စရာ သို့မဟုတ် စားစရာရမယ်လို့ ကျုပ် မျှော်လင့်သဗျာ"

※※※

(၁၄) မြောက်ကိုရီးယား

ကိုရီးယားဟာ စည်းစည်းလုံးလုံးနဲ့ တစ်ခုတည်းသော အင်ပါယာအဖြစ် ၁၂၇၄ နှစ်တိုင်တိုင် ရပ်တည်ခဲ့တယ်။ အဲဒီနောက်မှာတော့ တိုင်းပြည်ဟာ အလျင်အမြန်ပဲ ချောက်ထဲ ကျခဲ့တယ်။ ဒုတိယကမ္ဘာစစ်အပြီး ကိုရီးယားတွေ လိုချင်တာကိုပေးဖို့ အမေရိကန်နဲ့ ရုရှားတွေက သဘောမတူကြဘူး။ ကိုးရီးယားတွေ ဘာလိုချင်တယ် ဆိုတာကို ကိုရီးယားတွေကို မေးသင့်တယ်လို့ကို မထင်တာ။ ဒါကြောင့် ကိုရီးယားမြောက်ဘက်ပိုင်းမှာ ရုရှားတွေက ကွန်မြူနစ်တစ်ယောက်ကို အာဏာရစေတယ်။ အမေရိကန်တွေက တောင်ပိုင်းမှာ ကွန်မြူနစ်ဆန့်ကျင်ရေး သမားတစ်ယောက်ကို အာဏာပေးတယ်။ မြောက်ပိုင်းက အကောင်ဟာ ကိုရီးယားတစ်ပြည်လုံး သူနဲ့ ဆိုင်တယ်လို့ ထင်တယ်။ တောင်ပိုင်းက အကောင်ကလည်း ဒီလိုပဲ ထင်တယ်။ နည်းနည်းမှ မလျှော့ဘူး။

ဒီလိုနဲ့ပဲ သမိုင်းစာအုပ်တွေက ကိုရီးယားစစ်ပွဲလို့ ကမ္ပည်းတင်တဲ့ အကြမ်းဖက်သတ်ဖြတ်မှုကြီး ပေါ်ပေါက်လာတယ်။ တကယ်တော့ ဒီ ကျွန်းဆွယ်ကလေးမှာ အရင်ကလည်း စစ်ပွဲပေါင်း အသံချေအနန္တ ဖြစ်ခဲ့ဖူး တာပါ။ ဒါပေမဲ့ လူတွေက မေ့လွယ်ကြတယ်ကိုး။

ကိုရီးယားစစ်ပွဲမှာ ကိုရီးယားလူမျိုး နှစ်သန်းနဲ့ နိုင်ငံခြားသားတချို့ သေပြီးတဲ့နောက် (စစ်မဖြစ်ခင်ရှေးပဝေသဏီထဲက ရှိနေတဲ့) မြေကြီးပေါ်က မျဉ်းတစ်ကြောင်းကို လက်ညှိုးထိုးပြကြပြီး အဲဒီမျဉ်းဟာ နယ်ခြားမျဉ်းပဲ၊ နောက်ကိစ္စတစ်ခုခု မပေါ်မချင်း သူ့ဘက်သူနေ ကိုယ့်ဘက်ကိုယ်နေ စည်း မကျော်ကြေးလို့ လုပ်ကြပြန်တယ်။

မြောက်ပိုင်းက ကွန်မြူနစ်က ကိုယ့်အားကိုယ်ကိုးဆိုတဲ့ ဝါဒကို နိုင်ငံရေးလမ်းညွှန်အဖြစ် တီထွင်တယ်။ တောင်ပိုင်းကအကောင်ကတော့ အာဏာရှင်ဆိုတဲ့ နာမည်အတပ်မခံရရေးအတွက် နာမည်မျိုးစုံ ဖန်တီးတယ်။

ဒီလိုနဲ့ နှစ်တွေ ကြာလာတယ်။ နှစ်ဖက်စလုံးမှာ ခေါင်းဆောင်တွေ တစ်ဗိုလ်ကျ တစ်ဗိုလ်တက် သွားနေကြတယ်။ တောင်ပိုင်းက အာဏာရှင် စနစ်ဟာ တဖြည်းဖြည်း ခေတ်ကုန်လာတယ်။ ကိုယ့်အားကိုယ်ကိုးတဲ့ မြောက်ပိုင်းက ပြည်သူတွေကတော့ ငတ်မွတ်ခေါင်းပါးလာကြတယ်။

ကိုယ်ကကျူး ကိုယ့်ဒူးတောင်မယုံ ဆိုတဲ့ လူမျိုးတွေအဖို့ သူတစ်ပါး ကို သံသယဖြစ်ဖို့ဆိုတာ အလွယ်လေးပဲ။ တောင်ပိုင်းက နယ်စပ် တစ်လျှောက် အမေရိကန် ချူလက်နက်တွေ နေရာချထားခွင့်ပြုလိုက်တဲ့အခါ မြောက်ပိုင်းအနေနဲ့ တောင်ပိုင်းကအကောင်တွေ အမှားကြီးမှားပြီလို့ တထစ်ချ မှတ်လိုက်တယ်။

ဒီလိုနဲ့ ပြုယမ်းကို မော်တော်ကား အသစ်စက်စက် အစီးတစ်ထောင် တင်ပို့ရလို့ အပျော်ကြီးပျော်နေတဲ့ ဂိုသင်ဘတ်က ဆွီဒင်ကားကုမ္ပဏီ ဗော်လ်ဗို ဟာ

အပျော်စောသွားပြီဆိုတာကို သိလိုက်ရတယ်။ မြောက်ကိုရီးယားတွေဟာ သူတို့ပေးရမယ့် အကြွေးတွေကို မပေးဘဲ နျူလက်နက်စမ်းသပ်ဖို့ ပုံအောသုံးဖို့ ဆုံးဖြတ်လိုက်တဲ့အတွက် ကနေ့အချိန်အထိ ဗော်လ်ဗိုဟာ အဲဒီ ကားအစီး တစ်ထောင်အတွက် ဝမ်တစ်စေ့တောင် မရခဲ့ဘူး။

အဲသလိုဆိုပေမယ့် တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးမှုတွေတော့ ရှိကြပါတယ်။ တစ်ချိန်ချိန်မှာတော့ အဖြေရှာတွေ့ရမှာပဲ။ နော်။ ရှာတွေ့ကောင်း တွေ့မယ်ပေါ့။ ရာစုနှစ်သစ်မှာတော့ တောက်ပတဲ့ အနာဂတ်ဖြစ်လာကောင်း တယ်ပေါ့လေ။

သွားသူသွား၊ လာသူလာကြတဲ့ အုပ်ချုပ်သူတွေဟာ အရင်အတိုင်း ပဲ။ ဒါပေမဲ့လို့ ၂၀၁၇ ခုနှစ်မှာ တင်းမာမှုတွေက အမြင့်ဆုံးအခြေအနေကို ရောက်လာတယ်။ ခါတိုင်းလို တောင်နဲ့ မြောက် တင်းမာတာမျိုးမဟုတ်ဘဲ မြောက်ကတစ်ဖက်၊ တစ်ကမ္ဘာလုံးကတစ်ဖက် ဖြစ်လာတယ်။ ခု နောက်ဆုံး လာကြသူတွေ အဲ မသွားကြသေးသူ ခေါင်းဆောင်တွေကတော့ ကင်ဂျုံအန်နဲ့ ဒေါနယ်ဂျေထရမ့်ပါတဲ့။ သူတို့နှစ်ယောက်အလယ်မှာ ကြားညပ်နေတာကတော့ ကုလသမဂ္ဂကိုယ်စားလှယ် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး ဆိုတဲ့ မိန်းမကြီးပေါ့။

သူကလည်း သူ့တာဝန်ဟာ လွယ်လိုက်တာဆိုတဲ့ ထင်ယောင် ထင်မှားစိတ်မျိုး လုံးဝ မရှိပါဘူးလေ။

ကိုယ်စားလှယ်တော်ကြီးနဲ့အဖွဲ့ရဲ့ လေယာဉ်ဟာ ခန့်မှန်းဆိုက်ရောက် ချိန်ထက် ဆယ်မိနစ်စောပြီး ဆူနန် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို ဆင်းသက် လာတယ်။ ဒီသတင်းကြားကြားချင်းပဲ ခေါင်းဆောင်ကြီးဟာ မစ္စတာ ကားလ်ဆန်၊ မစ္စတာဂျွန်ဆင်တို့နဲ့ ဆွေးနွေးနေတာကို ရပ်ပြီး အပြေးအလွှား လာခဲ့တယ်။

မစ္စစ် မာရ်ဂေါ့ဗော့စတွန်းဟာ အသင့်စောင့်ကြိုနေတဲ့ ဇိမ်ခံကားပေါ် တက်ထိုင်ပြီးပြီးချင်း ခေါင်းဆောင်ကြီး စောင့်နေပြီလို့ သတင်းပေးခံရတယ်။ သူ့ ဝန်စည်စလယ်တွေကိုတော့ ဆွီဒင်သံရုံးက တာဝန်ယူပြီး ဟိုတယ်ကို ပို့ပေးမတဲ့။

ပြုံယမ်းမြို့လယ်ကောင်ရောက်ဖို့ တောင်ဘက်ကို မိနစ်လေးဆယ် လောက် မောင်းပြီးချိန်မှာ ဇိမ်ခံကားဟာ ခေါင်းဆောင်ကြီးရဲ့ နန်းတော်ကို ဖြတ်ကျော်ပြီး မြို့ထဲကို ဆက်မောင်းသွားတယ်။

"ခုက ခေါင်းဆောင်ကြီးနဲ့ တွေ့ရမှာ မဟုတ်လား"

နိုင်ငံခြားရေးဝန်ကြီး မာရ်ဂေါ့ဗော့စတွန်းဟာ စိတ်ရှုပ်ထွေးပြီး ဒရိုက်ဘာကို မေးလိုက်တယ်။

"ဟုတ်ပါတယ်"

ဒရိုက်ဘာက တစ်ခွန်းတည်း ဖြေတယ်။ ဘာမှဆက်မပြောဘူး။ နောက်ထပ် ဆယ်မိနစ်လောက် ဆက်မောင်းပြီးတဲ့အခါ ကားက ရုစ်ထပ်အဆောက်အဦတစ်ခုရှေ့မှာ ရပ်သွားတယ်။ ဆင်းပေတော့တဲ့။

"ခု တို့ ဘယ်ရောက်နေတာလဲ"

သူ့နားက အမြဲပြုံးနေတဲ့ မိန်းမကိုယ်ရံတော် ကိုရီးယားမကို

ကြောက်ကြောက်နဲ့ မေးလိုက်တယ်။

"ကေစီအန်အေ အမျိုးသား သတင်းဗျူရို ဌာနချုပ်ရုံးပါရှင့်၊ ခေါင်းဆောင်ကြီး စောင့်နေပါတယ်"

ဟင် သတင်းဗျူရိုတဲ့လား။ မာရ်ဂေါ့ဇော့စတွန်း တစ်ယောက် မအီမသာ ဖြစ်သွားတယ်။ တခြားသိတဲ့သူမရှိအောင် သိုသိုသိပ်သိပ် လျှို့လျှို့ဝှက်ဝှက် လာရတဲ့ခရီး။ ဘယ်နဲ့ သတင်းဗျူရိုတုံး။ ဒုက္ခပဲ။

သုံးထပ်ကိုတက်၊ စင်္ကြံရှည်ကြီးအတိုင်းလျှောက်၊ ဘယ်ဘက်ချိုး၊ ညာဘက်ထပ်ချိုး၊ ဘယ်ဘက်ပြန်ချိုး။

"ရောက်ပါပြီရှင့်၊ ဝင်သွားလိုက်ပါနော်"

ရောင်စုံ ခရစ်စတယ် မီးပန်းဆိုင်းကြီးတွေ၊ ကတ္တီပါ ထိုင်ခုံကြီးတွေ ကို မျှော်လင့်ထားတဲ့ မာရ်ဂေါ့ ဇော့စတွန်းဟာ တီဗီ၊ စတူရီယိုလိုမျိုး ဝါယာကြိုးတွေ၊ မီးမောင်းကြီးတွေဆင်ထားတဲ့ အခန်းကို တွေ့လိုက်ရချိန်မှာ စိတ်ရှုပ်သွားတယ်။ အဲ-ဟောဟိုမှာ သူ။

"ကြွပါ....ကြွပါ နိုင်ငံခြားရေးဝန်ကြီး မဒမ်ခင်ဗျား၊ ခရီးစဉ် အဆင်ပြေချောမွေ့ပါရဲ့လား"

ခေါင်းဆောင်ကြီးက သူ့ကို နှုတ်ဆက်နေပါပေါ့လား။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင့်၊ တွေ့ရတာဝမ်းသာပါတယ်၊ ဒါပေမဲ့ ခု ကျွန်မတို့ ဒီမှာဘာလုပ်နေကြတာလဲလို့ မေးလို့ရမလားရှင့်"

အို ကျုပ်တို့ဟာ ကမ္ဘာကြီးကို အတူတကွ ကယ်တင်ဖို့ လုပ်နေကြတာမင့်ကို-ဒါပေမဲ့ ခု လူတစ်ယောက်နဲ့ တွေ့လိုက်ဦး၊ ကျုပ်လည်း သူနဲ့ တွေ့တာတယ်မကြာလှသေးဘူး၊ နှုတ်ဆက်စကားတောင် ကောင်းကောင်း မဆိုရသေးဘူး"

ခန်းဆီးလိုက်ကာနောက်ကနေ အယ်လန်ကားလ်ဆန် ထွက်လာတယ်။

ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးဆီ လျှောက်လာတယ်။

"ဒါက ကမ္ဘာကျော် နျူလက်နက် ပါရဂူကြီးပါ၊ ဆွစ်လူမျိုး မစ္စတာကားလ်ဆန်ပါ၊ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော်အပေါ် ချစ်မြတ်နိုးစိတ်အပြည့်နဲ့ သူ ကျုပ်တို့ဆီ ရောက်လာခဲ့တယ်"

အခြေအနေဟာ သူ့ထိန်းချုပ်မှုအောက်က ကင်းလွတ်နေပြီဆိုတာ မားရ်ဂေါ့ဇော့စတွန်း သိလိုက်တယ်။ ဆွစ်လူမျိုးဆိုတဲ့ အဘိုးကြီးကို လက်ဆွဲနှုတ်ဆက်ရင်း ကောင်းသောနေ့ပါလို့ အင်္ဂလိပ်လို ပြောလိုက်တယ်။ အဘိုးကြီး က ခင်ဗျားအတွက်လည်း ကောင်းသောနေ့ဖြစ်ပါစေလို့ ဆွမ်းမ်လန်လေသံ စွက်ထားတဲ့ ရေမရောတဲ့ ဆွီဒင်စကားနဲ့ ပြန်နှုတ်ဆက်တယ်။

အဘိုးကြီး ဘာပြောလိုက်မှန်း သေချာမသိတဲ့ ခေါင်းဆောင်ကြီးက တော့ ဘာမှမဖြစ်ပေမယ့် ဆွစ်လူမျိုးလို့ပြောထားတဲ့ ဒီအအိုအမင်းကြီးဟာ ဆွီဒင်စင်စစ် ကေန်ဖြစ်တယ်ဆိုတာကို မားရ်ဂေါ့ဇော့စတွန်း ကတော့ သေချာသိလိုက်တယ်။ အလို-ဘာတွေဖြစ်နေတာပါလိမ့်။

သူ့နာမည် ဘာတဲ့။ ကားလ်ဆန် ဆိုလား။ ဒါနဲ့ ဘာဖြစ်လို့ ဆွစ်လူမျိုးလို့ မိတ်ဆက်ပေးရတာလဲ။ အင်း အခြေအနေကို စောင့်ကြည့်ဦးမှပဲ။

ခေါင်းဆောင်ကြီးဟာ ကုလသံတမန်နဲ့ ဆွစ် ချူလက်နက်ပါရဂူ နှုတ်ဆက်နေတာကို ကြည့်ပြီး ကျေနပ်နေရင်းက နှစ်ယောက်လုံးကို လက်ခုပ် တီးပြီး ခေါ်လိုက်တယ်။ ဒီညနေ နန်းတော်မှာ ညစာ အတူစားကြစို့တဲ့။ ချူလက်နက် ပါရဂူရဲ့ ကိုယ်ရေးလက်ထောက် ဂျွန်ဆင်လည်း ပါမယ်တဲ့။

ဂျွန်ဆင်တဲ့လား၊ နာမည်ကလည်း ဆွစ်မဆန်လိုက်တာ။

"ဒါပေမဲ့ ခုတော့ သတင်းစာရှင်းလင်းပွဲ လုပ်လိုက်ကြဦးစို့ရဲ့"

ခေါင်းဆောင်ကြီးက အချက်ပြလိုက်တယ်။ ဟော သူ အချက်ပြလိုက်တာနဲ့ နားကြပ်ကြီး အသင့်တပ်ထားတဲ့ လူတစ်ယောက်ဟာ မိုက်ခရိုဖုန်း ထဲကနေ တစ်ခုခုပြောလိုက်တယ်။

အလိုလေးလေ့- လက်ခုပ်သံတွေ ထွက်လာပါလား။ လက်စသတ် တော့ သူတို့ဟာ ကန့်လန့်ကာနောက်ကွယ်မှာ ရှိနေကြတာကိုး။ သတင်းစာ ရှင်းလင်းပွဲတဲ့လား။ မားရ်ဂေါ့ ဗော့စတွန်းဟာ ဒရောသောပါးလေသံနဲ့ ပြောတယ်။

"ဒါပေမဲ့ ခေါင်းဆောင်ကြီးရှင့် မီဒီယာကိုလည်းပြော၊ လျှို့ဝှက် အစည်းအဝေးကိုလည်း တစ်ပြိုင်နက်လုပ်လို့မရဘူး မဟုတ်လားရှင့်၊ ကျွန်မတို့ သဘောတူထားတာက ဒီလိုမဟုတ်ဘူးမှတ်တယ်"

ကုလသံတမန် ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးရဲ့စကားကြောင့် ကင်ဂျုံအန် ဟာ ရယ်လိုက်တယ်။

"ခုရော ဘာများ ဆွေးနွေးရသေးလို့တုန်းဗျ၊ ပြောပါဦး၊ လျှို့ဝှက်အစည်းအဝေးဆိုတာ စမှ မစသေးဘဲကို၊ မဟုတ်ဘူးလား...။

ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော်ရဲ့ ခေါင်းဆောင်ကြီးအနေနဲ့ ပြည်သူတွေကို အသိပေးဖို့တာဝန် ကင်ဂျုံအန်မှာ ရှိတယ်။ ဒါတွေကို မဒမ် နိုင်ငံခြားရေးဝန်ကြီး နားမလည်ပါဘူး။ ဒါကို ပွင့်လင်းမြင်သာမှုလို့ခေါ်တယ် မဒမ်"

"ကောင်းပါလေ့ ကောင်းပါလေ့" အယ်လန်က ဆွီဒင်လို ဝင်ပြောတယ်။

ဒါနဲ့ ဒီဟာကြီးက ဘယ်သူတုန်း။ အသက်က တောင်လောက် ရှိနေပြီ။ ဆွီဒင်လူမျိုးဆိုတာ သေချာတယ်။ ဘယ်နဲ့ကြောင့် ဆွစ်ယောင်ဆောင်ပြီး မြောက်ကိုရီးယားရဲ့ ချူလက်နက် အနာဂတ်မှာ ဝင်ပါနေတယ် မဆိုနိုင် ဘူး။ အလုပ်ရှင်အပေါ် တလေးတစားလည်း သိပ်မရှိလှပါဘူး။

စင်မြင့်ပေါ်က အခမ်းအနားမှူးလိုလို မိန်းမဟာ ကိုရီးယားလို့ တရစပ်ပြောနေတယ်။ လက်ခုပ်တီးကြပြန်တယ်။ လက်ခုပ်သံစဲသွားချိန်မှာ အင်္ဂလိပ်လိုပြောလာတယ်။

"ခု ကြိုဆိုချင်တာကတော့ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၊ ဆွီဒင်ဘုရင့်နိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး မဒမ်မားရ်ဂေါ့ ဗော့စတွန်းနဲ့ ကမ္ဘာ့ရှေ့ဆောင် ချူလက်နက်ပါရဂူ၊ ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတော်ရဲ့

မိတ်ဆွေ ဆွစ်ဇာလန်က မစ္စတာအယ်လန်ကားလ်ဆန်တို့ပါပဲရှင့်”

ကင်ဂျုံအန်ဟာ ဖော့စတွန်းနဲ့ ကားလ်ဆန်ကို ဦးဆောင်ပြီး စင်ပေါ် တက်လာခဲ့တယ်။ ဧည့်သည်နှစ်ယောက်ကို မီးမောင်းအောက် စင်ရှေ့ တိုးစေတယ်။ သူတို့မှာ ရွေးချယ်စရာမှ မရှိဘဲလေ။ လေးဖက်လေးတန်က ထွန်းထားတဲ့ မီးမောင်းတွေ အောက်က စားပွဲတစ်ဖက်တစ်ချက်က ထိုင်ခုံတွေ မှာ ထိုင်လိုက်ကြရတယ်။ ပရိသတ်ကတော့ စည်းချက်ညီ လက်ခုပ်တွေ တီးနေကြတယ်။ မားရ်ဂေါ့ ဖော့စတွန်းကတော့ ဖြစ်နေတဲ့အခြေအနေကို သဘောမကျရေးချမကျ။

အယ်လန်ကတော့ ဘေးဘီဝဲယာ လှည့်ကြည့်နေတယ်။ အနည်းဆုံး ကင်မရာသုံးလုံးလောက် သူတို့ကို ချိန်ထားတာတွေ့တော့...

“ဒါ ကျုပ်ဘဝမှာ ပထမဆုံးအကြိမ် တီဗီထဲပါဘူးတာဗျ” လို့ သူ့ နိုင်ငံခြားရေးဝန်ကြီးကို ဆွီဒင်လို ပြောနေတယ်။ အဲ ခဏနေတော့ မိုက်ခရိုဖုန်းတွေ လာတပ်တော့တာပဲ။

ဟော အစီအစဉ်တင်ဆက်သူ သို့မဟုတ် အင်တာဗျူးသူ အမျိုးသမီး ဟာ ကုလသံတမန်ဘက် လှည့်လာပြီ။

“မဒမ် ဖော့စတွန်းရှင့်၊ ကုလသမဂ္ဂနဲ့ ဒီမိုကရက်တစ် ပြည်သူ့ သမ္မတနိုင်ငံတော်တို့ဟာ ကမ္ဘာဖျက် နျူကလီးယားလက်နက်တွေ တိုးပွားလာ တာနဲ့ပတ်သက်လို့ ဘုံအမြင်ရှိကြသလို တစ်ဖက်နဲ့တစ်ဖက် တင်းတင်းမာမာ လည်း ဆွေးနွေးခဲ့ဖူးတယ်နော်”

ဟုတ်တယ်၊ ဒါကို သဘောတူတယ်။

“အင်း...ဒါက နှစ်ဖက်လုံးအတွက် ပြဿနာပါ”

“မဒမ်ဖော့စတွန်းအနေနဲ့ ကျွန်မတို့ တိုင်းပြည်အပေါ် အမြင်ကလေး ကို သိချင်ပါတယ်ရှင့်”

ဘယ့်နှယ့်၊ ခုမှ လေယာဉ်ပေါ်ကဆင်းလာပြီး ပြုံယမ်းကိုလာတဲ့ လမ်းတစ်လျှောက်က မြင်ကွင်းလောက် မြင်ခဲ့ရတာကို အမြင်သိချင်သတဲ့။

မြင်ရသလောက်တော့ ဆင်းတောင့်ဆင်းရဲပုံပဲ။ ဒါပေမဲ့ စုတ်ပြတ်သတ်နေတာ မျိုးတော့ မဟုတ်ဘူး။ ပြုံယမ်းမြို့တော်ကတော့ လမ်းတွေ အကျယ်ကြီး၊ ကားက မရှိသလောက်၊ ရောမရုပ်တုကြီးတွေကတော့ နေရာတကာ။ လူပုဂ္ဂိုလ် ကိုးကွယ်မှုကတော့ အရှင်းကြီး မြင်နေရတယ်။

ဒါပေမဲ့ ဖော့စတွန်းဟာ သံကြီးတမန်ကြီးပဲ။ မပြန်ခင် ဒီတိုင်းပြည်ကို လည်ပတ်ကြည့်ရှုဖို့ အခွင့်အရေးရလိမ့်မယ်လို့ မျှော်လင့်ကြောင်း၊ မြင်ရ သလောက် စိမ်းစိုလှပကြောင်း၊ ရာသီဥတုကလည်း ကြည်နူးဖွယ်ကောင်း ကြောင်း ပြောတာပေါ့။

ရာသီဥတုက ကြည်နူးဖွယ်ဆိုတာ ဆွီဒင်တစ်ယောက်အနေနဲ့ ပြောရရင် အမြဲရေခဲနေတာ မဟုတ်ဘူးလို့ ဆိုလိုတာလေ။

အင်တာဗျူး မကတော့ ခေါင်းကို ဆတ်ခနဲ ဆတ်ခနဲ ညိတ်တယ်။

“ဟုတ်တယ်ရှင့်၊ ကျွန်မတို့ရဲ့ ဆောင်ပုဒ်က အင်အားကြီး၍ သာယာဝပြောသော နိုင်ငံတော်ဖြစ်ရေး တို့အရေးလေ၊ ခု ဒါ ဘာကိုဆိုလိုတယ် ဆိုတာ မဒမ် နိုင်ငံခြားရေးဝန်ကြီး ကောင်းကောင်းသဘောပေါက်ပုံပဲနော်” ဗေ့စတွန်း ပြန်ဖြေတာကို အင်တာဗျူးမက မစောင့်ဘူး။ အယ်လန့်ဘက် လှည့်သွားတယ်။

“ဟက်အိုင်ဆိုစတက် ဖိအား ၁၂၀၀ မှာ ကမ္ဘာ့ရှေ့ဆောင် ပညာရှင်ကြီး မစ္စတာအယ်လန်ကားလ်ဆန်၊ ဆရာကြီးရဲ့ အသိပညာနဲ့ ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတော်ကြီးကို ငြိမ်းချမ်းရေးအကျိုးဆောင်ပေး မှာ သေချာပါတယ်။ ခု ဆရာကြီးဟာ ကျွန်မတို့ရဲ့ လှပတဲ့ တိုင်းပြည်ကို ဘယ်လိုမြင်ပါသလဲရှင်”

“ဒါကျုပ်အတွက် ပထမဆုံးအကြိမ် မဟုတ်ပါဘူး။ ကျုပ်ဟာ ထာဝရသမ္မတကြီး လက်ထက်တုန်းက ဒီကို ရောက်ဖူးပါတယ်၊ အဲဒီတုန်းက တော့ လမ်းပိတ်ဆို့ထားတာတွေဟာ ခုလောက် မများသေးဘူး ထင်တာပဲဗျ”

ကင်ဂျုံအန်က အချက်ပြလိုက်တယ်။ သူ့ကို ခေါ်တော့ဆိုတဲ့ သဘောပေါ့။ အင်တာဗျူးမဟာ ဆွစ်ပညာရှင်ကြီးကို နောက်မေးခွန်းတစ်ခု ထပ်မေးဖို့ ပြင်ထားတာ။ ဒါပေမဲ့ ခုနက ဒင်းဖြေသွားတာကို ကင်ဂျုံအန်က မကျေနပ်လှဘူး။ ဘာလမ်းပိတ်ဆို့မှုတွေတုန်း။ ဘာအဖြေတုန်း ဒါက။ တော်လောက်ပြီ။

ကြီးမြတ်လှစွာသော မဟာခေါင်းဆောင်ကြီးရဲ့ ထွက်တော်မူခန်းဟာ ရင်သပ်ရှုမောဖွယ်ပဲ။ ခေါင်းဆောင်ကြီးအကြောင်း ဘာတွေအမွှမ်းတင်နေတယ် ဆိုတာတော့ ကိုရီးယားလို မပြောတတ်သူတွေအဖို့ သိစရာအကြောင်းမမြင်။ ဒါပေမဲ့လို့ ခုနက မတီးချင့်တီးချင် တာဝန်ကျေ လက်ခုပ်တီးနေကြတဲ့ ပရိသတ်ဟာ ခုတော့ မတ်တတ်တွေထရပ်ပြီး အပြင်းအထန်ကို အရိုးကြေကြေ အရေခန်းခန်း လက်ခုပ်တွေ တီးလိုက်ကြတာများ။

ကင်ဂျုံအန်ဟာ နိုင်ငံခြားရေးဝန်ကြီးမကို၊ ပြီးတော့ ဆွစ်ဟာကြီးကို ခေါင်းညိတ်ပြရင်း စားပွဲမှာ ဝင်ထိုင်လိုက်တယ်။

ကင်ဂျုံအန်ဟာ ပထမဆုံး ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးကို ခေါင်းတဆတ်ဆတ် ညိတ်ပြတယ်။ ပြီးတော့ ဆွစ်လူမျိုးဆိုသူကြီးဘက်လှည့် အသိအမှတ်ပြု ခေါင်းညိတ်။ ပြီးမှ စားပွဲမှာ ဝင်ထိုင်တယ်။ ပရိသတ်ကြီးဟာ လက်ခုပ်နာနာတီးနေတုန်းပဲ။

တီးတုန်း၊ တီးနေတုန်း၊ တီးလျက်သာ၊ တီးတုန်း တီးဆဲ၊ ခေါင်းဆောင်ကြီးက မြင့်မြတ်လှတော်မူသော လက်ဖဝါးတော်ကြီး ကာပြပြီး ရပ်လို့ မပြောမချင်း တဖြောင်းဖြောင်းမြည်အောင် လက်ခုပ်မိုး ရွာချကြ။ လက်ကာပြလိုက်ချိန်မတော့ လက်ခုပ်သံ တိခနဲရပ်။ ခုမှပဲ အခန်းအနားမှူးမ ဟာ သူ့အသံသူ ပြန်ကြားရတော့တယ်။

“ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးရှင့်၊ ခေါင်းဆောင်ကြီးဟာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ရင် ကမ္ဘာ့ရှေ့ဆောင် ချန်ပီယံတစ်ဦး ဖြစ်ပါတယ်။

ခေါင်းဆောင်ကြီးရဲ့ ကြီးမြတ်လှသော ခေါင်းဆောင်မှုအောက်မှာ ကမ္ဘာဟာ ပိုပြီး နေချင့်စဖွယ်ပိုကောင်းတဲ့ အရပ်ဒေသတစ်ခု ဖြစ်လာနိုင်တဲ့ ဖြစ်တန်စွမ်းကို ခေါင်းဆောင်ကြီးအနေနဲ့ ဘယ်လိုများ မြင်ပါသလဲရှင့်” ကင်ဂျုံအန်ဟာ အကြီးအကျယ် စဉ်းစားရင်း ခေါင်းတဆတ်ဆတ် ညိတ်နေတယ်။ အလွန်တစ်ရာ ကောင်းမွန်လှတဲ့ မေးခွန်းပေပဲ။ အင်မတိအင်မတန်ကို သင့်မြတ်လှပေတယ်။ ခေါင်းဆောင်ကြီးဟာ နှုတ်ထွက်စကားကို စတင် မိန့်ကြားတော်မူတယ်။

“နှစ်ဦးနှစ်ဖက်ကြား ငြိမ်းချမ်းရေးဆိုတာဟာ ပူးပေါင်းပါဝင် ဆောင်ရွက်မှုကို ဆိုလိုပေတယ်။ ကျွန်ုပ်တစ်ဦးတစ်ယောက်တည်းရဲ့ အင်အားနဲ့ ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းပေးနိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်ုပ်အတွက် ကူညီပံ့ပိုးမှုတွေ လိုပေတယ်။ အားလုံးက အမှန်တကယ် လိုလားတပ်မက်မှ ငြိမ်းချမ်းရေးဆိုတာ အကောင်အထည်ပေါ်နိုင်မှာဖြစ်တယ်။ ငြိမ်းချမ်းရေး ဖြစ်စဉ်ကို ရှေးရှုရမယ့်အစား အမေရိကန်ပြည်ထောင်စုနဲ့ သူ့မဟာမိတ်တွေဟာ ကျွန်ုပ်တို့အားလုံး အလုံးစုံပျက်သုဉ်းရေးဆီကို တွန်းပို့နေတဲ့ကိစ္စဟာ အလွန် အင်မတန် ဝမ်းနည်းဖွယ်ကောင်းတဲ့ ဖြစ်ရပ်ဆိုတာကို ပြောပါရစေ။ ဒါပေမဲ့လို့ ကျွန်ုပ်ကတော့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ ငြိမ်းချမ်းရေးကို ဆောင်ရွက်သွားမှာပါပဲ။ ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတော်သူ နိုင်ငံတော်သား တစ်ယောက်ချင်းစီအတွက် မျှော်လင့်ချက် ဆိုတာဟာ နောက်ဆုံးမှ စွန့်လွှတ်သင့်တဲ့အရာပါပဲ။

ကျွန်ုပ်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိတာကတော့ ကြားနေ နိုင်ငံဖြစ်တဲ့ ဆွီဒင်ရဲ့ နိုင်ငံခြားရေးဝန်ကြီးလည်းဖြစ်၊ ကုလသမဂ္ဂရဲ့ သံတမန် လည်းဖြစ်တဲ့ မဒမ် ဗော့စတွန်းဟာ ကျွန်ုပ်တို့နဲ့အတူ ရပ်တည်နေတာကိုပါပဲ။ နောက်ထပ် ကြားနေနိုင်ငံတစ်ခုဖြစ်တဲ့ ဆွစ်ဇာလန်က မစ္စတာကားလ်ဆန် ကလည်း ဝါရှင်တန်၊ တိုကျိုနဲ့ ဆိုးလ်က စစ်ဘီလူးတွေရဲ့ အားကိုးရာ လက်နက်ဖြစ်တဲ့ နျူကလီးယားအင်အားကို ငြိမ်းချမ်းရေးနဲ့ ချစ်ခြင်းမေတ္တာ တို့ရဲ့ ဗဟိုချက် ဒီနေရာ ဒီဒေသကို ရွှေ့ပြောင်းအခြေချဖို့ တစ်တပ်တစ်အား ကူညီနေတာကိုလည်း အင်မတန်မှ နှစ်ထောင်းအားရ ဖြစ်မိပါတယ်”

ဝန်ကြီး ဗော့စတွန်းဟာ ဖွတ်မေ့ပဒတ်မေ့ ဖြစ်သွားတယ်။

ဒီမသာ ဘာတွေပြောနေပါလိမ့်။ နျူလက်နက် အားပြိုင်ပွဲမှာ ဆွီဒင်နဲ့ ဆွစ်ဇာလန်က သူ့ဘက်ကဆိုပဲ။

ဒါကို တိုက်ရိုက် ထုတ်လွှင့်နေသေးတယ်ဆိုတော့ တစ်ကမ္ဘာလုံး အကုန်သိကုန်ရောပေါ့။ ကောင်းကြပါလေရော။ မဖြစ်သေးဘူး။

“ကျွန်မ တစ်ခုလောက် ပြောခွင့်ရှိမလားရှင့်”

“ဟာ ပြောပါ ပြောပါ၊ ပြောဖို့ရန် ရည်ရွယ်ပြီး ခုလို စီစဉ်ထားတာ ပဲလေ။ အချိန်ကမရှိလေတော့ ခုညနေမှာပဲ ကျွန်ုပ်တို့ အလုပ်စမှ တော်ရော့ မယ်။ ဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံတော်ရယ်၊ ကုလသမဂ္ဂရယ်၊ ဆွီဒင်ရယ်

ဆွစ်ဇာလန်ရယ်ပူးပေါင်းပြီး မြောက်အမေရိကန် သိမ်းငှက်တွေရဲ့ အကြံဆိုးကို ဂုဏ်ယူစွာ တွန်းလှန်ကြပါစို့ရဲ့"

ဒီကိစ္စ ဒီမှာတင်ရပ်မှဖြစ်မယ်ဆိုတာကို အစီအစဉ်တင်ဆက်သူက သိလိုက်တယ်။ သူ့ရဲ့ ကြီးမြတ်လှစွာသော မဟာခေါင်းဆောင်ကြီးကို ခါးကျိုးမတတ် ဦးညွှတ်လိုက်တယ်။ ခေါင်းဆောင်ကြီးရဲ့ မြင့်မြတ်လှတဲ့ မဟာလုပ်ငန်းစဉ်ကြီးကို အကောင်အထည်ဖော်ရာမှာ သူ့အနေနဲ့ ခေါင်းဆောင်ကြီးရဲ့ တန်ဖိုးရှိလှတဲ့အချိန်တွေကို ခုထက်ပိုပြီး မဖြုန်းတီးလိုတော့တဲ့အကြောင်း မြန်မြန်ထက်ထက် ပြောလိုက်တယ်။

"သွားပါ ခေါင်းဆောင်ကြီးရှင့်၊ ခေါင်းဆောင်ကြီးရဲ့ သားသမီး ပြည်သူလူထုရဲ့ အနှိုင်းမဲ့ ချစ်ခြင်းမေတ္တာကို ခံယူရင်း ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးအတွက် မိတ်ဆွေများကို ခေါ်ဆောင်ရင်း အလုပ်လုပ်လှည့်ပါတော့။ ကျွန်မတို့ ပြည်သူတွေရဲ့ မေတ္တာတရားဟာ မိတ်ဆွေကြီးများအပေါ်လည်း လွှမ်းခြုံကျရောက်ပါစေ"

စင်နောက်ရောက်တဲ့အခါ ဖရဏပီတိ ဂွမ်းဆီထိနေတဲ့ ကင်ဂျုံအန်ဟာ အားလုံးအဆင်ပြေ ချောမွေ့လှတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လှကြောင်း၊ ဝန်ကြီး ဗော့စတွန်းအနေနဲ့လည်း သဘောတူမယ် ထင်ကြောင်း အားရပါးရ ပြောတယ်။

ဟင့်အင်း၊ ဘယ်သဘောတူလိမ့်မလဲ၊ ကြံကြီးစည်ရာ။

"ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးရှင့်၊ ခု ကြုံတွေ့ခဲ့ရတဲ့ ကိစ္စဟာ ကျွန်မတို့ သဘောတူညီချက်ထဲမှာ မပါဘူး ထင်ပါတယ်၊ ဒီကိစ္စ ကြောင့် ရှေ့ဆက်ဆွေးနွေးမယ့်အရာတွေဟာ ပိုရှုပ်ထွေးလာနိုင်ပါတယ်"

ကင်ဂျုံအန်က ပြုံးလိုက်တယ်။

"အိုး ဟုတ်တာပေါ့၊ ရှေ့ဆက်ဆွေးနွေးရဦးမှာပေါ့၊ ဒါပေမဲ့လို့ တစ်ခုလောက်ဆွေးနွေးရင် လုံလောက်ပြီ ထင်ပါတယ်၊ ဒီညနေ ညစာစားဖို့ နန်းတော်ကို ဖိတ်ခေါ်ပါတယ်၊ ခုတော့ ခင်ဗျားတို့ ဟိုတယ်ကို ပြန်ကြဦး၊ ၁၇ နာရီတိတိမှာ အကြိုလွှတ်လိုက်မယ်။ ဒီမတိုင်ခင်တော့ ဟိုတယ်ရဲ့ အံ့မခန်းဝန်ဆောင်မှုတွေကို ခံစားကြည့်ကြပါဦး၊ အားလုံးကတော့ ကမ္ဘာ့အကောင်းဆုံး ဟိုတယ်လို့ တညီတညွတ်တည်း ပြောကြတာပဲဗျ"

နိုင်ငံခြားရေးဝန်ကြီးဟာ ဆွစ်လား၊ ဆွီဒင်လား မကွဲပြားတဲ့ အယ်လန်ကားလ်ဆန်ဆိုတဲ့လူနဲ့ အတူယှဉ်တွဲ လျှောက်လာရင်း စိတ်ညစ်၊စိတ်ဆိုး၊ စိတ်အနှောင့်အယှက် အကြီးအကျယ်ဖြစ်နေတယ်။ နောက်ဆုံးတော့ သူတို့နှစ်ယောက် မဒမ်ဗော့စတွန်းရဲ့ ဇိမ်ခံကားနောက်ခန်းမှာ အတူယှဉ်တွဲ ထိုင်နေကြရပြီ။ ရှေ့ခန်းနဲ့ နောက်ခန်းကို အကာခြားထားတဲ့အတွက် ဒရိုက်ဘာ အနေနဲ့ သူတို့ဘာပြောနေမှန်း ဘယ်လိုမှ မကြားနိုင်၊ မသိနိုင်။ ဒါကြောင့်မို့ ကားထွက်ပြီး နည်းနည်းကြာတဲ့အခါ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးမဟာ စကားပြောဖို့

အချိန်ကောင်းရောက်ပြီလို့ တွက်လိုက်တယ်။

တချို့ကိစ္စတွေကို စပ်စုချင်စိတ်တွေပေါ်နေတယ်လို့ ကျွန်မ ပြောရလိမ့်မယ်။

သူ အယ်လန့်ကို ဆွီဒင်လို ပြောတယ်။

“အား ဟုတ်တာပေါ့၊ ဘယ်ကိစ္စကို စပ်စုချင်တာလဲ၊ အဲဒီကိစ္စက စပြီး ပြောမယ်လေ၊ ဘာပဲဖြစ်ဖြစ်ပေါ့ ရပါတယ်”

တကယ်တော့ မားရ်ဂေါ့ ဗော့စတွန်းဟာ ဆွီဒင်သံရုံးမှာ တည်းဖို့ စီစဉ်ထားတာ။ သို့သော်လည်း ဒီ ဘာမှန်းမသိတဲ့ အဘိုးကြီးနဲ့ တူတူရှိနေဖို့ အရေးကြီးတယ်လို့ သူတွက်လိုက်တယ်။

“ဆွီဒင်တစ်ယောက်ဟာ ဘယ်လိုလုပ် ဆွစ်လူမျိုးဖြစ်သွားသလဲ ဆိုတာကနေ စကြရအောင်၊ ပြီးတော့ သူ ပြုယမ်းကို ဘာကိစ္စနဲ့ ရောက်လာသလဲပေါ့၊ ကျွန်မ ရောက်လာရတဲ့ကိစ္စနဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတဲ့ ကိစ္စများလား”

“မေးခွန်းကောင်းပဲခင်ဗျ၊ အသေအချာ စဉ်းစားထားတဲ့ မေးခွန်းပဲ၊ အင်းလေ- အစကနေ စပြောလို့ကတော့ ဘယ်တော့မှ ပြီးတော့မယ် မဟုတ်ဘူး၊ ကဲ ကျုပ်ရဲ့ ၁၀၁ နှစ်မြောက် မွေးနေ့မင်္ဂလာကို ဘာလီက သဲသောင်ဖြူ ကမ်းခြေမှာ ကျင်းပခဲ့တာကနေ စပြောမယ်လေ”

ပြောရင်းနဲ့ မိုးပျံဘောလုံးအကြောင်းရောက်၊ ပင်လယ်ထဲ ပြုတ်ကြတဲ့အကြောင်း၊ ကယ်တင်ခြင်းခံရတဲ့အကြောင်း၊ ယာယီအားဖြင့် ဆက်လက် ရှင်သန်နိုင်ရေးအတွက် ဟက်အိုင်ဆိုစတက် ဖိအားစနစ် လုပ်ဇာတ်ခင်းခဲ့ရကြောင်း၊ မဒမ် သံအမတ်ကြီးမရောက်ခင် နာရီပိုင်းအလိုကမှ ပြုယမ်းကို ရောက်ခဲ့ကြောင်း ဘယ်လိုက ဘယ်လို ဆွစ်လူမျိုးဖြစ်သွားမှန်း သူလည်း မသိကြောင်း၊ သူမှတ်မိသလောက် ဆွစ်ဇာလန်ကို တစ်ခါဖူးမှ မရောက်ဖူး ကြောင်း။

“ဒါပေမဲ့လို့ ပျော်စရာကောင်းတယ် ကြားတယ်၊ ဆွစ်တွေဟာ မဟုတ်တာလုပ်တဲ့နေရာမှာ အင်မတန် စည်းစနစ်ကျသတဲ့”

“ဟုတ်တယ်”

နိုင်ငံခြားရေးဝန်ကြီးက ထောက်ခံတယ်။

“သူတို့ထဲမှာ သစ္စာဖောက်တစ်ယောက် ရှိနေတယ်ဆိုတာသိရင် ဆွစ်တွေ ပျော်နိုင်ပါ့မလား သိချင်လိုက်တာ”

“ဩော် - - ဟုတ်လား သူတို့ထဲမှာ သစ္စာဖောက်ရှိတယ်တဲ့လား”

“ရှင်လေ မစ္စတာကားလ်ဆန်ရဲ့”

"ဩော် … ခင်ဗျားပြောတာ အဲဒါလား”

ရိုင်းဂျီယွန်း ဟိုတယ်…

အင်မတန် ခမ်းနားကြီးကျယ်လှတဲ့ ဖန်တီးတည်ဆောက်မှုကြီး။

အထပ်ပေါင်း ၁၀၅ ထပ်၊ အမြင့် ၃၃၀ မီတာ ရရှိရမယ့် နိုင်ငံတော်ပိုင်

ဒီဟိုတယ်ကြီးကို မြောက်ကိုရီးယားဟာ ၁၉၈၇ တည်းက တည်ဆောက်ခဲ့တာ ဘယ်တော့မှ အပြီးမသတ်ခဲ့ဘူး။

အပြီးမသတ်ဆို အသုံးစရိတ်အားလုံး နျူလက်နက်နဲ့ စစ်ရေးပြထဲ ချည်း ရောက်သွားတာကိုး။ အနှစ်သုံးဆယ်ကျော် အားကြိုးမာန်တက် တည်ဆောက်ပြီးတဲ့အခါမှာတော့ ပထမထပ်နဲ့ ညှော်ခန်းကနေ ထပ်မတက်တဲ့ ဟိုတယ်ကြီးကို ကြည့်ရင်း ကျွမ်းကျင်သူတွေကတော့ ဒီနှုန်းနဲ့ ဆက်ဆောက် ရင် အလုံးစုံပြီးဖို့ အနှစ်ငါးရာကြာမယ်လို့ ခန့်မှန်းကြတယ်။

တည်ဆောက်ပြီးသလောက် မြေညီထပ်ကတော့ စတိုင်ကျကျပါပဲ။ ညာဘက်ခြမ်းမှာ ရွှေရောင် ညှော်ကြိုကောင်တာကြီးက ဟီးထနေတယ်။ ချက်အင်-ချက်အောက် ၁၂ နေရာ တစ်ပြိုင်နက်လုပ်လို့ရတဲ့ ကောင်တာကြီး။ ဘယ်ဘက်မှာ အသေအချာ အလှဆင်ထားတဲ့ စန္ဒရားခုံကြီးတွေနဲ့ ဘား။ သုံးယောက်တစ်ပြိုင်နက်တီးလို့ရတဲ့ စန္ဒရားတွေ ရှိသင့်တာပေါ့။ ဒါပေမဲ့ ဘတ်ဂျက်က ခွင့်မပြုလို့ ဘာမှမရှိဘူး။ ဦးစားပေးစာရင်းထဲတော့ ပါတယ် ပြောတာပဲ။

ဂျူးလီးယပ်စ်ဟာ အခန်းနံပါတ် ၁၀၄ ရဲ့ ခုတင်စွန်းမှာထိုင်ရင်း အယ်လန် ပြန်လာတာကို စောင့်နေရှာတယ်။ ဒါ ဘယ်နေရာလဲဆိုတာ ဘယ်လိုမှ မခန့်မှန်းတတ်ပေမယ့်လို့ ဘာပဲပြောပြော အခြေအနေကို ထိန်းချုပ် ထားနိုင်ပြီလို့ ယူဆရတယ်။ ဒါကြောင့်မို့ ဘာလီမှာ ကျန်ရစ်တဲ့ သူ့ရဲ့ ကညွှတ်စိုက်ခင်း လုပ်ဖော်ကိုင်ဖက်ကြီးကို သတိရလာတယ်။ အဆင်ပြေပါ့ မလား၊ ဂူစတေ့ဗ်က အားလုံးကို နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်ပါ့မလား။ ဟော အခန်းထောင့်မယ် တယ်လီဖုန်း၊ အလုပ်ရော လုပ်ရဲ့လား၊ ဟိုတယ်မှာရှိတဲ့ ဓာတ်လှေကား ရှစ်စင်းလို အခွံကြီးများလား၊ ကြိုးစား ကြည့်စမ်းမလေ။

သူ့ရဲ့ လုပ်ဖော်ကိုင်ဖက် အိန္ဒိယသား ဆီွဒင်နာမည်နဲ့ ဂူစတေ့ဗ် ဆဗာန်ဆန်ကို ဖုန်းခေါ်လိုက်တယ်။ ဖုန်းက ဝင်သွားတယ်။ ဒါပေမဲ့ ဂူစတေ့ဗ် က မကိုင်ဘူး။ ဗွိုက်စ်မေးလ်ထဲ ရောက်သွားတယ်။

စစချင်း လျှောက်ပြောနေတဲ့ ပဋိသန္ဓာရ စကားတွေကို သည်းခံပြီး ပြန်ပြောတဲ့အခါ သူ အသက်ရှင်နေသေးတယ်ဆိုတာ ထည့်ပြောဖို့ မေ့သွားတယ်။ ဒါပေမဲ့လို့ ဂူစတေ့ဗ်က နားလည်မှာပါ။

ပြောစရာရှိတာ ပြောပြီးတဲ့အခါ ဂျူးလီးယပ်စ်ဟာ ဖိနပ်တွေချွတ်ပြီး အိပ်ရာပေါ် ပစ်လှဲလိုက်တယ်။ ဝါးခနဲ သမ်းရင်း မျက်လုံးတွေ မှိတ်ထား လိုက်တယ်။ သူ့အတွေးတွေကို ကညွှတ်ဆီ တိမ်းညွှတ်ထားလိုက်တယ်။ ခုလက်ရှိအခြေအနေကို မေ့သွားအောင်လို့ပေါ့။

ဒါပေမဲ့လို့ အလုပ်မဖြစ်ပါဘူး။

※※※

(၁၅) တောင်ကိုရီးယား

ကညွတ်အခြေအနေ ဘယ်လိုလဲ။
ဒီလ သုံးခါလောက် ပို့ရရဲ့လား။
အမှာစာထပ်ရသေးလား။
ဒီနှစ်ဝက်မှာ သန်းငါးရာဖိုးလောက် ပို့နိုင်ပါ့မလား။

တောင်ကိုရီးယားမြို့တော် ဆိုးလ်ရဲ့ အနောက် မြောက်ဘက် ဂိုရန်းစီးတီးရဲ့ ၁၄ ထပ် အဆောက်အဦ အပေါ်ဆုံးထပ်မှာ ယောက်ျားတစ်ယောက်နဲ့ မိန်းမ တစ်ယောက်ဟာ ခေါင်းဆောင်း နားကြပ်ကိုယ်စီစွပ်၊ လေးလုံးတွဲ ကွန်ပျူတာ စခရင်ကြီးတွေ ရှေ့ချ၊ စုံစီနဖာ ကိရိယာမျိုးစုံ ပတ်လည်ဝိုင်းရင်း အလုပ်တွေ ရှုပ်နေကြတယ်။ သူတို့နှစ်ယောက်လုံးက အစိုးရဝန်ထမ်းတွေ၊ ဒါပေမဲ့ တောင်ကိုရီးယားအစိုးရရဲ့ ဝန်ထမ်းမဟုတ်ဘဲ ဂျာမနီအစိုးရရဲ့ ဝန်ထမ်းဖြစ်နေတာပဲ ပြောစရာရှိတယ်။

အမျိုးသမီးက အဆင့်နိမ့် သံတမန်တစ်ယောက်၊ အမျိုးသားက လည်း တူတူပဲ၊ နည်းနည်းလေး အဆင့်ပိုနိမ့်တာပဲ ပြောစရာ ရှိတယ်။ တရားဝင်သဘောအရဆိုရင်တော့ သူတို့ဟာ ဂျာမန်-ကိုရီးယား အိမ်ရာ စီမံကိန်းမှာ တာဝန်ရှိသူတွေပေါ့။ ဒါပေမဲ့ တကယ်က အဲဒါကို လုပ်တာ မဟုတ်ဘူး။ သူတို့က ဘီအန်ဒီတွေ။ ဒါယက်ဆလမ်က ဘီအန်ဒီ ထောက်လှမ်းရေးတွေနဲ့ တစ်ဂိုဏ်းတည်းသားတွေ။

သံတမန်တု နှစ်ယောက်ရဲ့ အဓိကတာဝန်ကတော့ မြောက်ကိုရီးယားကို အမေရိကန် ထောက်လှမ်းရေးကိရိယာတွေက တစ်ဆင့်ထောက်လှမ်းထား တဲ့ အသံတွေကို ဖမ်းဖို့ပဲ။

အဲလိုလုပ်ဖို့ အလွယ်ဆုံးကတော့ ဆောက်လက်စတန်းလန်း ရိုင်းဂျီယွန်း ဟိုတယ်ပေါ့။ ဒါပေမဲ့လို့ ဘယ်လောက် ကြိုးစားကြိုးစား ဘာဆိုဘာမှ မဘာပါဘူး။

အဲ ကနေ့ကတော့ ခွင်းချက်ပေါ့။

အခန်းနံပါတ် ၁၀၄က အမည်မသိ ညွှန့်သည်တစ်ယောက်ဟာ အင်ဒိုနီးရှား ဘာလီကျွန်းက ဘယ်သူပိုင်မှန်းမသိတဲ့ ဆဲလ်ဖုန်းတစ်လုံးဆီ အသံမက်ဆေ့ချ်ပို့တာကို ဖမ်းမိတယ်။ မက်ဆေ့ချ်က အင်္ဂလိပ်လိုပို့တာ။ ဒါပေမဲ့ စကားဝှက်နဲ့ ပို့တာ။ မေးခွန်း လေးခုပါတယ်။

ကညွတ်အခြေအနေ ဘယ်လိုလဲ။
ဒီလ သုံးခါလောက် ပို့ရရဲ့လား။
အမှာစာထပ်ရသေးလား။
ဒီနှစ်ဝက်မှာ သန်းငါးရာဖိုးလောက် ပို့နိုင်ပါ့မလား။

ကညွတ်ဆိုတဲ့ စကားဝှက်ဟာ ဘာကိုဆိုလိုသလဲဆိုတာ သံတုတမန်တု

အယောင်ဆောင် ထောက်လှမ်းရေးတွေ မပြောနိုင်ရှာ။ ဒါပေမဲ့ သန်းငါးရာဆိုပဲ။ မူးယစ်ဆေးဝါးလား၊ သူ့ထက်ဆိုးတာတွေလား။ ခု ပြုံးယမ်း ကို ယူရေနီယံပမာဏ အနည်းငယ်ရောက်နေပြီဆိုတာ သူတို့သိတယ်။ ဒါလေးနဲ့တင် ဘီလီယမ်ဝက်လောက် ကုန်မယ်ဆိုတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ တစ်လ သုံးခါ ပို့ရလားတဲ့။ အမှာစာ ထပ်ရသလားတဲ့။

ကင်ဂျုံအန်ဆိုတဲ့အကောင် ဘာတွေများ လုပ်နေသလဲကွာ။ တစ်ကမ္ဘာလုံးနဲ့ စစ်ခင်းဖို့များ ပြင်ဆင်နေသလား။ ဒါနဲ့ ဒေါ်လာ သန်းငါးရာ ဆိုတဲ့ ပိုက်ဆံပမာ နည်းနည်းနောနောမှ မဟုတ်တာ။ သူ ဒါကို ဘယ်ကရသလဲ။ တစ်တိုင်းပြည်လုံးမှာ တစ်ခုတည်းရှိတဲ့ ဇိမ်ခံဟိုတယ်ဆိုတဲ့နေရာရဲ့ အခန်းနံပါတ် ၁၀၄ ကနေ ပြောသတဲ့လား။

အဖြေမရှိတဲ့ မေးခွန်းတွေ လှိုင်းထလာတယ်။ အမှာစာ ထပ်ရသေး လားတဲ့။ မြောက်ကိုရီးယားကနေ ဘာအမှာစာ ထပ်ရစရာ ရှိလို့လဲ၊ ဘာတင်ပို့စရာရှိလို့လဲ၊ ကဲ ပို့ပြီပဲထားဦး၊ ဘာပို့မှာလဲ၊ ဘယ်ကိုပို့မှာလဲ၊ ဘယ်ကိုပို့မှာလဲ၊ အင်ဒိုနီးရှားလား၊ ဟား-လဖွတ်ပဲ။

※※※

(၁၆) မြောက်ကိုရီးယား

မြောက်ကိုရီးယား မြို့တော်ကြီးမှာ အကျဉ်းကျ သလို ဖြစ်နေတဲ့ ဂျူးလီးယပ်စ်ဟာ ဘာလီမှာနေခဲ့ရတဲ့ ငြိမ်းချမ်းတဲ့ အတိုအထွာ သူခိုးဘဝကို အင်မတန် လွမ်းနေရှာတယ်။ ရှုးပီးယား သန်းငါးရာ သို့မဟုတ် ဒေါ်လာ လေးသောင်းဖိုးလောက် ကညွတ် ပို့ရတယ် ဆိုတာ ဖြစ်နိုင်ချေရှိတဲ့ကိစ္စပဲလေနော်။ ဒါပေမဲ့လို့ သူ ဒါကို မကြီးကြပ်နိုင်ဘူးလေ။

တစ်ဖက်မှာတော့ သူနဲ့ အယ်လန်ရဲ့ ဟိုတယ်ကြွေးတွေ၊ သဘော်ဌားခတွေဟာ ဒေါ်လာလေးသောင်းထက် အများကြီး များတယ်။ ဒါကြောင့် ဘာလီနဲ့ ဝေးလေကောင်းလေ ဆိုတာတော့ မှန်တယ်။ သို့သော် မြောက်ကိုရီးယားထိကတော့ ဝေးလွန်းအားကြီးတယ် မဟုတ်လား။

ဒီကိစ္စတွေအားလုံး ပြီးသွားရင်တော့ ဘာအကြွေးမှ မရှိတဲ့နေရာမှာ ကညွတ်စိုက်တဲ့လုပ်ငန်းကို အကြီးအကျယ် လုပ်ဦးမှပါပဲ။

"ထိုင်းမှာဆို ကောင်းမလားမသိ"

အခန်းတံခါး ပွင့်လာချိန်မှာ ဂျူးလီးယပ်စ်ရဲ့ စိတ်ကူးဟာ အသံ အဖြစ် ပါးစပ်က ထွက်လာခဲ့တယ်။

အယ်လန်က တံခါးကို ဖွင့်လိုက်ပြီး မဒမ် မားရ်ဂေါ့ ဇော့စတွန်းကို အရင် ဝင်ခိုင်းလိုက်တယ်။

"ကျုပ် မိတ်ဆွေ ဂျူးလီးယပ်စ် ဂွန်ဆင်နဲ့ မိတ်ဆက်ပေးပါရစေ၊ သူကလည်း တစ်ကိုယ်တည်းသမားပါ၊ မဒမ် စိတ်ဝင်စားမယ်ဆိုရင်ပေါ့"

မားရ်ဂေါ့ဇော့စတွန်းဟာ အယ်လန့်ကို စောက်မြင်ကတ်ကတ်နဲ့ မျက်စောင်းလှည့်ထိုးလိုက်တယ်။

"ကျေးဇူးပါပဲ၊ အဲ ကျေးဇူးမတင်ပါဘူး၊ ကျွန်မက အိမ်ထောင် ကျတာ နှစ်သုံးဆယ်ကျော်ပြီ"

ဂျူးလီးယပ်စ်က မဒမ် နိုင်ငံခြားရေးဝန်ကြီးကို နှုတ်ဆက်ရင်း ပြောချင်ရာ လျှောက်ပြောတတ်တဲ့ အဘိုးကြီး အယ်လန်ကို ခွင့်လွှတ်ဖို့ပါ တစ်ဆက်တည်း တောင်းပန်လိုက်တယ်။ အသက်ကြီးလေ ပါးစပ်က ထွက်ချင်ရာထွက်လေ တကယ်ပါပဲ။

မဒမ် နိုင်ငံခြားရေးဝန်ကြီးက ဒါကို သူ အင်မတန် သတိထားမိတယ်လို့ ပြောရင်း ခေါင်းတဆတ်ဆတ်ညိတ် အပြတ်ထောက်ခံတယ်။

ကားလ်ဆန်နဲ့ ဂွန်ဆင် အဘိုးကြီး နှစ်ယောက်ကို ကြည့်ရင်း မဒမ် ဇော့စတွန်းဟာ အကြံတစ်ခု ရလာတယ်။

၁၀၁ နှစ် အဘိုးကြီးဟာ အရင်တုန်းကတော့ တကယ်ပဲ ချူကလီးယား ကျွမ်းကျင်သူ ဖြစ်ခဲ့မယ်ထင်တယ်။ သတင်းကောင်းကတော့ သူ ကင်ဂျုံအန် ကို

ကူညီဖို့ စိတ်အားမထက်သန်တာကို သိလိုက်ရတာပဲ။ သတင်းဆိုးကတော့ ဒီကိစ္စကို ရှောင်လွှဲဖို့ သူ့မှာ ဘာအစီအမံမှ မရှိဘူးဆိုတာ အင်မတန် သေချာနေတာပဲ။

ကုလသမဂ္ဂမှာ နားလည်ထားတာက မြောက်ကိုရီးယားမှာ နျူလက်နက် ရှိပေမယ့် ရှိတယ်ဆိုရုံ ရှိတယ်ဆိုတာကိုပဲ။ ဒါကို ဘယ်သူမှ မသိရလေအောင် ကြီးမြတ်လှသော ခေါင်းဆောင်ကြီးက အညာအလှိုင်းတွေနဲ့ ဖုံးကွယ်ထားတယ်။ ဒါပေမဲ့လို့ နျူလက်နက်ဟာ ရှိတယ်ဆိုရင် ရှိတာပဲ။ ဘယ်လောက်ပဲနည်းနည်း တစ်မြို့လုံး ပြုတ်အောင်တော့ ဆော်နိုင်သေးတာပဲ။ ဥပမာ ဆိုးလ်ပေါ့၊ ဥပမာ တိုကျိုပေါ့၊ ဥပမာ ဂူအန်ကျွန်းပေါ့။

အတွေးနက်နေရင်းနဲ့ မဒမ် ဇော့စတွန်းဟာ ပခုံးတွန့်လိုက်မိတယ်။ မြောက်ကိုရီးယားရဲ့ နျူပြဿနာကို ဖြေရှင်းပေးမယ့် ပုဂ္ဂိုလ်က ခုဘာမှမရှိတဲ့ ရေခဲသေတ္တာလေးထဲမှာ အရက်ပုလင်း ရှိလိုရှိငြား လျှောက်မွှေနေတဲ့ အဘိုးကြီးတဲ့။ ပြီးတော့ ဒီအဘိုးကြီးက ဆွီဒင်တဲ့။ ကမ္ဘာ့နိုင်ငံရေးပါဝါ ချိန်ခွင်လျှာကို ဆွီဒင်တစ်ယောက်က ပြောင်းလဲစေမတဲ့လား။

ဟင့်အင်း- ဒါမျိုး ဘယ်တော့မှ မဖြစ်စေရဘူး။ ခေါင်းဆောင်ကြီး ဆိုတဲ့လူ အိပ်မက်တွေ ဘယ်တော့မှ ဖြစ်မလာစေချင်ဘူး။

တစ်ချိန်တည်းမှာပဲ ဒီတိုင်းပြည်မှာ အနှစ်သုံးဆယ်လောက်လည်း ထောင်ကျမနေချင်ဘူး။

"ရှင်တို့ ကျွန်မလေယာဉ်နဲ့ လိုက်ခဲ့ကြမလား ထိုင်ခုံ သုံးဆယ်မှာ နှစ်ဆယ့်ကိုးခုံ လွတ်နေတယ်"

ဂျူးလီးယပ်စ်က ဖျတ်ခနဲ လှည့်ကြည့်၊ အယ်လန်က အရက်ရှာပုံတော် အဆုံးသတ်။

"အင်း အခန်းထဲတင်မကဘူး ဟိုတယ်တစ်ခုလုံးမှာ ရှိပုံမပေါ်ပါ ဘူး"

နိုင်ငံခြားရေးဝန်ကြီးက သူ့ကမ်းလှမ်းချက်ကို ဆက်ပြောတယ်။

"ရှင်တို့အတွက် သံတမန် နိုင်ငံကူးလက်မှတ်တွေရဖို့ ကျွန်မ ကူညီနိုင်ပါတယ်၊ ကျန်တာကတော့ ရှင်တို့ဘာသာ လုပ်ရလိမ့်မယ်"

"ကျန်တာ ဟုတ်လား"

ဂျူးလီးယပ်စ်က မေးလိုက်တယ်။

"လေယာဉ်မထွက်ခင် အချိန်မီ လေယာဉ်ပေါ် ရောက်ဖို့ပေါ့"

အယ်လန်ကတော့ ရှေ့ဆက်ပြောနေတာတွေကို နားမထောင်ပါဘူး။ သူ ကြားချင်တာပဲ ကြားတယ်။

"သံတမန် နိုင်ငံကူး လက်မှတ်တဲ့လား၊ ၁၉၄၈ ကစပြီး သံတမန် နိုင်ငံကူးလက်မှတ်ကို မမြင်ရတော့တာပဲ၊ တီဟီရန်ကနေ ချာချီနဲ့ ကျုပ် အတူပြန်လာကြတုန်းကပေါ့၊ နေဦး ၁၉၄၇ များလား၊ မဟုတ်သေးဘူး၊ ၄၈ ခုနှစ်ပါပဲ"

"ဟင် ချာချီဆိုတာ ဝင်စတန် ချာချီလား"

"အင်း ဟုတ်တယ် အဲဒါ သူ့နာမည်ပေါ့၊ သူသေတာ ကြာပြီထင်တာပဲ"

နိုင်ငံခြားရေးဝန်ကြီးဟာ ရုတ်တရက်ချက်ချင်း ရုပ်ရှင်ထဲရောက်သွားသလို ခံစားလိုက်ရတယ်။ ရှေ့ဆက်လုပ်ရမယ့်ကိစ္စတွေ စဉ်းစားရင်း ဗိုက်ထဲကတောင် အောင့်လာသလိုပဲ။ ဒါပေမဲ့ အယ်လန်နဲ့ ဂျူးလီးယပ်စ်ကို ဖုန်းကင်မရာနဲ့ သူ ဓာတ်ပုံရိုက်တယ်။ မကြာခင် ရက်ပိုင်းအတွင်း နိုင်ငံကူး လက်မှတ် ရစေ့မယ်လို့ အာမခံလိုက်တယ်။

"ကျွန်မလိပ်စာကတ် နောက်ကျောမှာ လက်မှတ်ထိုးကြ၊ လက်မှတ်လိုတယ်"

အင်း ဒီအမျိုးသမီးဟာ တကယ်လက်တွေ့ကျတာပဲလို့ ဂျူးလီးယပ်စ် က တွေးရင်း ကျေနပ်နေတယ်။ ခုဖြစ်ပုံကတော့ သနားစရာပါပဲ။

ဆွီဒင်ဆိုင်ရာ ကုလ သံတမန်ကြီးဟာ အယ်လန်နဲ့ ဂျူးလီးယပ်စ်နဲ့ ဘေးခန်း အခန်းနံပါတ် (၁၀၅) မှာ နေရာရတယ်။ အခန်းထဲ ရောက်ရောက် ချင်းပဲ ဆွီဒင်အဘိုးကြီးနှစ်ယောက် ကင်ဂျုံအန်ကို မကူညီနိုင်အောင်၊ ကင်ဂျုံအန် တစ်ယောက် သူ မရသင့်တဲ့ ဗဟုသုတတွေ မရအောင် သူ ချက်ချင်း လှုပ်ရှားတယ်။ ကြည့်ရတာ မြင့်မြတ်လှစွာသော မဟာခေါင်းဆောင်ကြီး ဆိုသူဟာ သူ့ကို မလိုအပ်တော့ဘူးထင်တယ်။ ဒါပေမဲ့ ကားလ်ဆန်နဲ့ ဂျွန်ဆင် လွတ်မြောက်ရေးအတွက် သူ အချိန်ဆွဲထားဖို့ လိုတယ်။ သံရုံး မရောက်မချင်း သူတို့အတွက် သံတမန် နိုင်ငံကူးလက်မှတ်လုပ်ပေးဖို့ မလွယ်ဘူး။ အချိန်- အချိန် ခုတော့ အချိန်ဟာ သူ့ရဲ့ အကြီးဆုံးရန်သူ ဖြစ်နေပြီ။ အားလုံးနဲ့ ယှဉ်ရင်ပေါ့။

သူ ရေအမြန်ချိုးတယ်၊ အဝတ်လဲတယ်။ အမွှေးနံ့သာ ဖြန်းတယ်။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့ရပ်ပြီး သူ့ကိုယ်သူ မေးမိတယ်။

"ငါ ဒီမှာ ဘာလာလုပ်နေမိတာလဲ"

သူ့ပုံရိပ်က သူ့ကို ပြန်ပြူးကြည့်နေတယ်။ ဘာမှတော့ ပြန်မဖြေဘူး။

ထမင်းစား စားပွဲမှာ သူ့ဧည့်သည်တွေအားလုံးကို ထိုင်ကြပါလို့ ပြောပေမယ့် ကင်ဂျုံအန်ကတော့ စားပွဲထိပ်မှာ ကုလားထိုင်ကို လက်ထောက် ရင်း မားမားကြီး ရပ်နေတုန်း။ တစ်ခုခုပြောစရာရှိပုံပဲ။

လက်ထဲမှာ စားသောက်စရာ ပန်းကန်အပြည့်နဲ့ စားပွဲထိုးနှစ်ယောက် ဟာ တံခါးဝမှာ ပေါ်လာတယ်။ တတိယတစ်ယောက်ကတော့ ဝိုင်နှစ်လုံးကို ကိုင်ပြီး ရောက်လာတယ်။ မဟာခေါင်းဆောင်ကြီးရဲ့ နဂါးမျက်စောင်းအကြည့် တစ်ချက်ကြောင့် စားပွဲထိုးတွေ နောက်ပြန်လှည့်သွားကြတယ်။

စက္ကန့်ပိုင်းအတွင်း ပေါ်တုံပျောက်တုံ ဖြစ်သွားတဲ့ အစားနဲ့အသောက် တွေကို ငေးရင်း အယ်လန့်ခမျာ မချိတင်ကဲ ဖြစ်နေရှာတယ်။

"မိတ်ဆွေများ ခင်ဗျား"

ကင်ဂျုံအန်က စကားစလိုက်တယ်။

"စားပြီးမှ စကားစမြည်ပြောကြရင် မကောင်းဘူးလား ခေါင်းဆောင်ကြီး"

အယ်လန်က အကြံပြုလိုက်တယ်။

ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးဟာ အယ်လန့်စကားကို မကြားချင်ယောင်ဆောင်ရင်း လျစ်လျူရှုလိုက်တယ်။ ဟော ငြိမ်းချမ်းရေးနဲ့ လွတ်လပ်ခြင်းအကြောင်းကို သူ စတင် မိန့်ခွန်းခြွေပြီ။

ဟုတ်တာပေါ့၊ ဘယ်နားကြည့်ကြည့် သေလောက်တဲ့ လက်နက်တွေနဲ့ပြည့်နေတဲ့ သူ့နိုင်ငံအတွက် ငြိမ်းချမ်းရေးဟာ ကျိန်းသေပေါက် လိုတာ ပေါ့။ လွတ်လပ်ခြင်းဆိုတာကတော့ သိပ်မကွဲပြားဘူး။ တိုင်းသူပြည်သား တွေဟာ မဟာခေါင်းဆောင်ကြီးကို အပြည့်အဝ ချစ်ခင်မြတ်နိုးလေးစား အားကိုးပိုင်ခွင့်ရှိပြီး ဆန့်ကျင်ဘက်ကို မလုပ်သင့်ဘူးဆိုတာကို လွတ်လပ်ခြင်းလို့ ဝိဂြိုဟ်ပြုလေသလား။

အမေရိကန် အရင်းရှင်စနစ်ကို ခုခံတွန်းလှန်ဖို့အတွက် ဆွစ်ဇာလန် ကနေ ရောက်လာတဲ့ မစ္စတာကားလ်ဆန်နဲ့ တွေ့ရတာဟာ ကောင်းကင်ဘုံရဲ့ အလိုအတိုင်းလို့ ခေါင်းဆောင်ကြီးက မြွက်ကြားတယ်။ ကုလသံတမန် ဗော့စတွန်းလည်း ထိုနည်းတူပဲတဲ့။

ဟော မဒမ် ဗော့စတွန်း ပြောပြီ။

“အင်း ... မစ္စတာကင် သိတဲ့အတိုင်း ကျွန်မရဲ့တာဝန်က မတူကွဲပြားတဲ့လူတွေကြားမှာ ဆွေးနွေးမှုပြုနိုင်ဖို့ အစပြုပေးရတာပါ၊ တီဗီမှာ တိုက်ရိုက်လွှင့်တဲ့ အင်တာဗျူးတွေ ဖြေဖို့ မဟုတ်ပါဘူး၊ ဒါနဲ့ ပတ်သက်လို့ ဘဝင်မကျဘူးဆိုတာကို ကျွန်မ ပြောခဲ့ပြီးပါပြီ”

ဒီအမျိုးသမီးဟာ ကျက်သရေရှိရုံတင်မက၊ သတ္တိလည်း အင်မတန် ရှိတာပဲလို့ ဂျူးလီးယပ်စ်က တွေးနေတယ်။ အယ်လန်သာ ရုတ်ရုတ်ရုတ်ရုတ် မလုပ်ဖို့လိုတာ။

ခေါင်းဆောင်ကြီးဟာ ကုလသံတမန်ကြီးကို ကြည့်တယ်။ သူပြော တာကိုတော့ နားမထောင်ဘူး။ ခေါင်းဆောင်ကြီးပဲ ဆက်ပြောတယ်။

ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော်သူ နိုင်ငံတော်သားအားလုံး ဘယ်လောက် လွတ်လပ်ပျော်ရွှင်ကြောင်း၊ သီးနှံတွေ ဘယ်လောက်ဖြစ်ထွန်း ကြောင်း၊ မြောက်ပိုင်းရဲ့ ရာသီဥတုဟာ အယုတ်တမာမြေ တောင်ပိုင်းနဲ့ယှဉ်ရင် ဘယ်လောက်ကောင်းမွန်ကြောင်း စသဖြင့်ပြော။ ဒါကြောင့်မို့လို့ ပျော်ရွှင် လွတ်လပ် သာယာချမ်းမြေ့ခြင်းရဲ့ လူ့လောက နိဗ္ဗာန်အရသာကို ရလိုသော တောင်ကိုရီးယားသား သောင်းပေါင်း သိန်းပေါင်းများစွာဟာ မြောက်ပိုင်းကို လာပြီး ခိုလှုံကြကြောင်း၊

အစားနဲ့ အသောက်တွေ တံခါးဝမှာ ပြူတစ်ပြူတစ် လုပ်နေကြပြန်ပြီ။ အယ်လန်ဟာ သည်းခံနိုင်စွမ်းတွေ ကုန်ခမ်းလာတယ်။ နှုတ် လျှာကို ထိန်းသိမ်းခြင်းဟာ တစ်ခါတလေမှာ ဉာဏ်ကြီးတဲ့ ဗျူဟာဆိုပေမယ့် အားလုံး ငတ်ပြီး မသာမပေါ်ခင် တစ်ခုခုတော့ ပြောမှ ဖြစ်တော့မယ်။

အတူနေတာကြာလှပြီမို့ အယ်လန် ဘာလုပ်တော့မယ်ဆိုတာ ဂျူးလီးယပ်စ်က သိတယ်။ မျက်နှာအမူအယာ၊ ကိုယ်ဟန် အနေအထား၊

လက်ဟန်နဲ့ရော မလုပ်နဲ့ အယ်လန်… မလုပ်နဲ့နော် လို့ တိုးတိုးတစ်မျိုး ပြောပါသေးတယ်။

ဒါပေမဲ့ ရရိုးလား။

"ခွင့်လွှတ်ပါ ခေါင်းဆောင်ကြီး ခင်ဗျား၊ ခုနက ခေါင်းဆောင်ကြီး ပြောတဲ့စကားထဲမှာ ကျွန်တော့်နာမည် ကြားလိုက်ပါတယ်၊ ကျွန်တော့်မှာ အိုကလည်းအို၊ အားကလည်းနည်းဆိုတာ ခုနေများ ဆာလောင်မွတ်သိပ် လွန်းလို့ သေများသွားမယ်ဆိုရင် ခေါင်းဆောင်ကြီးကို ဝန်ဆောင်မှုမပေးနိုင်မှာ စိုးရိမ်လှပါတယ် ခင်ဗျ၊ ဒါကြောင့်မို့ မြန်မြန်လေးပြောပြီးရင် စားသောက်ဖို့ စကြစို့လားခင်ဗျ"

ကင်ဂျုံအန်က ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလိုက်တယ်။

"ခင်ဗျား မကြာခင် စားခွင့်ရမှာပါ မစ္စတာ ကားလ်ဆန်၊ ဒါ ပေမဲ့ တစ်ခု သတိထားဖို့ကတော့ ချူုလက်နက် ပညာရှင်ဖြစ်တယ်ဆိုရုံနဲ့ ခုလို ပြည်သူ့နန်းတော်မှာ ကိုယ့်ဆန္ဒကိုယ် ဖော်ထုတ်ချင်တိုင်း ဖော်ထုတ်ခွင့်မရှိဘူး ဆိုတာပဲဗျ"

အလို-သူက ဒီလိုတဲ့လား။

"အို ချစ်လှစွာသော ခေါင်းဆောင်ကြီးခင်ဗျား၊ ကျွန်တော့်မှာ ခေါင်းဆောင်ကြီးကို သရော်မော်ကား လုပ်ချင်စိတ် အနည်းငယ်မှ မရှိဘူး ဆိုတာ အစီရင်ခံပါရစေ၊ ကျွန်တော် ကောင်းကောင်းမအိပ်ရသေးလို့လည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော့်မိတ်ဆွေ ကညွတ်တောင်သူကြီးဟာ ညညဆို အလွန် ဆူညံတာကိုးဗျ"

အယ်လန့်စကားကို ကင်ဂျုံအန်ခမျာ နားမလည်နိုင်ရှာ။

"ဘာကိုဆိုလိုတာပါ လိမ့်"

"ဘာ--ဘာမှမဟုတ်ပါဘူး ခေါင်းဆောင်ကြီး ခင်ဗျ"

ဂျူးလီးယပ်စ် က ရလိုရငြား ကြိုးစားကြည့်ပေမယ့် မရလေတော့။

"ညညဆို သူဟောက်တာကို ဆိုလိုတာခင်ဗျ၊ ဟောက်တယ်ဆိုတာ တကယ့်ကို ဟောက်တာခင်ဗျာ၊ သဘော်ကလည်း သိပ်မကြီးတော့ သူ့ဟောက်သံကို ရှောင်စရာနေရာလည်း မရှိဘူးခင်ဗျ၊ ဆိုတော့ အိပ်ရေးမဝ ဘူးပေါ့ ခင်ဗျာ၊ အဲ-ခု ကျွန်တော်တို့ ဘာအကြောင်းပြောနေပါလိမ့်၊ သြော် အစားအသောက်အကြောင်း၊ ခု စားလို့ သောက်လို့ ရပြီလားဟင်"

ကင်ဂျုံအန့်မိန့်ခွန်းဟာ အယ်လန် ကိုးရိုးကားယားစကားတွေကြောင့် အတွေးမျှင် ပြတ်သွားပြီ။ ဒါကြောင့် အစားအသောက် ချပေးဖို့ မီးစိမ်းပြလိုက်တယ်။

အမဲသားစတိတ်ပြားကြီးကို မှိုဆော့စ်နဲ့ တွဲချတယ်။ အာရှ အစားအသောက်တော့ မဟုတ်ပေဘူး၊ ဝိုင်ကလည်း ဩစတြီးယားက ဘားနက် ဆိုဗီနွှမ်ဝိုင်ပဲ။ အားလားလား။

အစားအသောက်က အလွန်ကောင်းပဲ။ ဒါကြောင့် ခေါင်းဆောင်ကြီး လေရှည်တာကို သည်းခံဖို့ အယ်လန်က ဆုံးဖြတ်လိုက်တယ်။ ဒါပေမဲ့လို့ မနှစ်က

ဟိုက်ဒရိုဂျင်ဗုံး စမ်းသပ်ဖောက်ခွဲခဲ့တယ်လို့ ပြောလာတဲ့အခါ အယ်လန်ဟာ မနေနိုင်တော့ဘူး။ ဒီအကြောင်း သူ့တက်ပလက်ထဲမှာ တွေ့လိုက်ဖူးတယ်။ ဟိုက်ဒရိုဂျင်ဗုံးဆိုတာ ဘုရားစူး မိုးကြိုးပစ် ဟိုက်ဒရိုဂျင် ဗုံးပါ။ အလကား ဂျင်းဗုံးကြီး။

“သုံးချက်ပြောစရာရှိတယ် ခေါင်းဆောင်ကြီး၊ တစ်အချက်က ခုမှ ယူရေနီယမ် လေးကီလိုလောက်ကို ဖျစ်ဖျစ်မည် တင်သွင်းလာခဲ့တာရယ်၊ နှစ်က ခုထိ ခေါင်းဆောင်ကြီးတို့မှာ ပလူတိုနီယမ်ကို သန့်စင်အောင် မလုပ်နိုင် တာရယ်၊ သုံးက ယူရေနီယမ် စုစုပေါင်း လက်ဆွဲသေတ္တာ တစ်လုံးစာပဲ ရှိတာရယ် ဒီသုံးချက်ပေါင်းလိုက်ရင် ခေါင်းဆောင်ကြီးမှာ ယူရေနီယမ် လေးကီလိုကလွဲလို့ ဘာဟိုက်ဒရိုဂျင်ဗုံးမှ မရှိဘူးဆိုတာကို ပြနေတယ်ဗျ၊ ကဲ ကျွန်တော့်ခွက်ထဲမှာ ကုန်နေပြီ”

ကင်ဂျုံအန်က စားပွဲထိုးကို လက်ယမ်းပြလိုက်တယ်။ ဒီဆွစ်အဘိုး ကြီးဟာ မာနကြီးချက် ထောင်လွှားချက်ကတော့ လွန်လွန်းတယ်။ ဆိုတော့ သူနဲ့ပတ်သက်လို့ နှစ်မျိုးပဲ ရှိတာပေါ့။

တစ်က သူဟာ အမှန်တကယ်အသုံးကျခဲ့ရင် သူ့ကို ဥရောပက အိမ်ကို ပြန်ပို့ဖို့ အကြောင်းမရှိ။

နှစ်က သူဟာ အတုအယောင်ဖြစ်တယ်ဆိုရင် ထာဝရအိပ်စက် အနားယူဖို့ကလွဲလို့ ဘယ်ကိုမှ ပို့စရာအကြောင်းမရှိ။

“ဘယ်အမျိုးအစားပဲဖြစ်ဖြစ် သူ့မာနအတွက် သူပြန်ပေးဆပ်ရမှာ ကတော့ မလွဲသေချာ။

ဒီလိုအတွေးကြောင့် ခေါင်းဆောင်ကြီးဟာ အူမြူးပြီး ရက်ရောလာတယ်။

“အင်း.... မစ္စတာကားလ်ဆန်က ပြောရဲဆိုရဲတဲ့လူပဲ၊ အင်းလေ ခင်ဗျားအသက်အရွယ်အရ ဆိုရရင်တော့ ပြောခွင့်ဆိုခွင့်ရှိပါပေတယ်၊ ဒီကို ရောက်လာရတဲ့ အကြောင်းရင်းဟာ အလုပ်လုပ်ဖို့ဆိုပေမယ့်လို့ လှပတဲ့ ဒီမြို့တော်ကြီးကို လှည့်ပတ်ကြည့်ရှုချင်တယ်ဆို ဝမ်းသာအားရ ပို့ပေးပါ့မယ်။ မနက်ဖြန်ကို မြို့တော်ရဲ့ အစုံလင်ဆုံး ဈေးဝယ်စင်တာကြီးဆီသွားဖို့ စီစဉ် ပေးပါ့မယ်၊ ကျွန်တော်ကတော့ မအားလို့ မလိုက်နိုင်တာကို ခွင့်လွှတ်ကြပါ၊ အားလုံးပြည့်စုံအောင် စီစဉ်ပေးပါ့မယ်”

အစုံလင်ဆုံး ဈေးဝယ်စင်တာကြီးဆိုတာက ပြုံယမ်းမှာ တစ်ခုတည်း ရှိတဲ့ ဈေးဝယ်စင်တာကို ဆိုလိုတာပါ။

ဘာပဲပြောပြော ဈေးဝယ်စင်တာဆိုတာ အယ်လန် လိုအပ်တာထက် ပိုနေသေး။ ဂျူးလီးယပ်စ်လည်း စိတ်ပြေလက်ပျောက် ဖြစ်တာပေါ့။

“ခေါင်းဆောင်ကြီးဟာ အင်မတန် ကြင်နာတတ်ပါပေတယ်၊ ဓာတ်ခွဲခန်းထဲ တစ်နေကုန် အလုပ်လုပ်ပြီးချိန်မှာ ဈေးဝယ်ထွက်ရရင် ကောင်းတာပေါ့ခင်ဗျ၊ ဒါပေမဲ့ ငွေစကြေးစလေးတော့ လိုတယ်ပေါ့ ခင်ဗျာ၊ ကျွန်တော်တို့မှာ ရှန်ပိန်ပုလင်းပဲ

ပါခဲ့တာခင်ဗျ၊ အဲဒါတွေကလည်း သောက်ပစ် လို့ကုန်ပြီ ခင်ဗျ”

ကုန်ကျစရိတ်အတွက် အယ်လန်နဲ့ သူ့မိတ်ဆွေအနေနဲ့ ပူပင်သောက ရောက်စရာအကြောင်း မရှိကြောင်း။ လိုချင်တာမှန်သမျှ လက်ဆောင်အနေနဲ့ ယူသွားနိုင်ကြောင်း ခေါင်းဆောင်ကြီးက ကြေညာလိုက်တယ်။

ခေါင်းဆောင်ကြီးရဲ့ ငြိမ်းချမ်းရေး သံလွင်ခက် စီမံချက်အတွက် အယ်လန်ဟာ ခြောက်ရက်အချိန်ရမယ်။ အချိန်နည်းလေ တီထွင်ကြံဆမှု ထက်မြက်လေ မဟုတ်လား၊ ပြီးရင် ရလဒ်ပေါ်မူတည်ပြီး သူရဲကောင်းတံဆိပ် ရယ်၊ ဆွစ်ဇာလန်အပြန် ပထမတန်း လေယာဉ်လက်မှတ်ရယ် စီစဉ်ပေးဖို့ ခေါင်းဆောင်ကြီးက ကတိပြုလိုက်တယ်။ တကယ်ပေးရတာမှ မဟုတ်တာ ကို။

ဂျူးလီးယပ်စ်ကတော့ စကားတစ်ခွန်းမှ မပြောရဲပါဘူး။ ကြောက်တယ် လေ။ အစမှ မကောင်းဘဲကိုး။

အယ်လန်ကတော့ သတ္တိရှိတာထက်ကို ပိုနေတယ်။

“ခြောက်ရက်ဆိုတာ ပိုတောင်နေသေးဗျား၊ ကျွန်တော်သာ ကျန်းကျန်းမာမာ ရှိနေမယ်ဆိုရင်ပေါ့၊ တကယ်တော့ လွန်ခဲ့တဲ့ အနှစ် သုံးလေး ဆယ်လောက်ကစလို့ အားက သိပ်ရှိလှတာမဟုတ်ဘူး၊ ခုလည်း မီးစာကုန် ဆီခမ်းနေပေါ့၊ ဒါပေမဲ့ နော့ဇေတောင် အနှစ် ကိုးရာ့ငါးဆယ် .. အသက် ရှည်သွားသကိုး၊ ကွာခြားတာကတော့ ကျွန်တော်က တကယ်ရှိတဲ့လူလေ”

“ဟင် ဘယ်သူ”

“နော့ဇေလေ၊ သမ္မာကျမ်းထဲကလူလေ၊ ဖတ်ကောင်းတဲ့စာအုပ်ပဲနော့၊ အို- ခဏလေး၊ ဘာတွေပြောနေမိပါလိမ့်၊ ခေါင်းဆောင်ကြီး မဖတ်ဖူးဘူးနဲ့ တူတယ်၊ ခင်ဗျားတို့နိုင်ငံဥပဒေအကြောင်းကို ကျွန်တော်သိတာ မှန်မယ် ဆိုရင်ပေါ့၊ ကိုယ့်ကိုယ်ကိုယ် သေဒဏ်ချမှတ်လို့မှ မရတာနော့ ခေါင်းဆောင် ကြီးရယ်”

ဘာကွ။

ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံတော်ရဲ့ ပြည်သူ့နန်းတော်ကြီးမှာ တားမြစ်ထားတဲ့စာအုပ် သမ္မာကျမ်း ဆိုတဲ့အကြောင်းကို ပြောဝံ့သတဲ့လား၊ စည်းကတော့ အတော့်ကို ကျော်သွားပြီ။

ခု ကယ်တင်ရှင်ဟာ မားရ်ဂေါ့ဗော့စတွန်းပဲ။ မားရ်ဂေါ့ဗော့စတွန်း က ခေါင်းဆောင်ကြီးနဲ့ နှစ်ဦးချင်း တွေ့ဆုံခွင့် တောင်းလိုက်တယ်။ ဒီအတွက် ကျေးဇူးအထူးတင်ရှိပါကြောင်းလည်း ပြောလိုက်တယ်။

ဘာကတိမှမပေးနိုင်ပေမယ့် ကင်ဂျုံအန်က ခေါင်းတော့ ညိတ်ပြ လိုက်တယ်။

“မနက်ဖြန်တော့ ကျွန်တော် မအားဘူး၊ သဘက်ခါဆို ဖြစ်နိုင်တယ်၊ ပြီးရင်တော့ သံအမတ်ကြီး ပြန်လို့ရပါပြီ။ ပြန်ပြီးတော့ ကမ္ဘာ့ရှေ့ဆောင် နျူကလီးယား ပါရဂူကြီးဟာ ကျုပ်လက်ထဲမှာရှိတယ်ဆိုတာ သူတို့သိအောင် ပြောပြပါ။ သူတို့ ဘာပြန်ပြောမလဲ ကြည့်ကြတာပေါ့၊

မဒမ် ဖော့စတွန်းဟာ စိတ်ငြိမ်အောင် ဝိုင်အတော်များများ သောက်ချလိုက်တယ်။ အင်း ကင်ဂျုံအန်နဲ့ ဘန်ဂျမင်နာတန်ယာဟုကို တံခါးပိတ် ဆွေးနွေးပွဲ လုပ်ခိုင်းရင် ဘယ်လိုများနေမလဲမသိ။ ဟာသဉာဏ်မရှိ ကိုယ့်တစ်ဖို့တည်း သိတဲ့လူနဲ့ ဟာသနတ္ထိ ငါတကောကောတဲ့လူနှစ်ယောက် တွေ့ရင်ပေါ့လေ။ အဲ ကြားခံဆွေးနွေးသူကို ဒေါ်နယ်ထရမ့် ထားမှပဲ။

နန်းတော်ကအပြန် တစ်လမ်းလုံး ဂျူးလီးယပ်စ်ဟာ အယ်လန်ကို နားဒုက္ခပေးလာတယ်။ ဘာဖြစ်လို့များ ခေါင်းဆောင်ကြီးနဲ့ အခြေအတင် ငြင်းလာခဲ့သလဲတဲ့။

“အခြေအတင်ငြင်းသတဲ့လား၊ ရိုးရိုးသားသားပြောလို့ သေတဲ့မသာ ရှိလိုလား”

“အိုး ရှိတာပေါ့ ရိုးသားတဲ့ ဖိုးသခွားတွေပဲ ယင်ကောင်တွေလို တဖြုတ်ဖြုတ် သေနေကြတာပဲ၊ ခုလည်း အဲလိုဖြစ်တော့မှာ”

“ကဲပါ ဂျူးလီးယပ်စ်ရယ်၊ စိတ်သိပ်မပူနေစမ်းပါနဲ့၊ ပူနေလို့ ဘာများကောင်းမှာမို့လို့တုန်း”

“ကဲ မပူဘဲနဲ့ ဘာလုပ်မှာတုန်း ပြောစမ်းပါဦး၊ ဒီညလွန်သွားရင် .. သူ ကျုပ်တို့ကို ဘယ်တော့မှ ပြန်လွှတ်မှာမဟုတ်ဘူးဆိုတာ သိရဲ့သားနဲ့”

“ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူကတော့ ပြန်လွှတ်မှာမဟုတ်ပါဘူး၊ သူ့ကို ကူညီဖို့လည်း ကျုပ်မှာ စိတ်ကူးမရှိပါဘူး၊ ကျုပ်တို့ ဒီတိုင်းပြည်ထဲက အမြန်ဆုံး ထွက်သွားရမှာပဲ၊ သူအင်မတန်ချစ်တဲ့ လက်ဆွဲသေတ္တာလေးနဲ့ အတူပေါ့”

“ဒါနဲ့ ခင်ဗျားက ဘယ်လိုများလုပ်မှာတုန်း”

“အင်မတန်ခင်စရာကောင်းတဲ့ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီးရဲ့ အကူအညီနဲ့ပေါ့ဗျ၊ မေ့သွားပလား”

“အသေးစိတ်လေး ပြောပြစမ်းပါ အယ်လန်ရာ”

“အသေးစိတ်ကတော့ မသိဘူးလေ”

မားရ်ဂေါ့ ဖော့စတွန်းဟာ ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ တစ်ဝက်တစ်ပျက် အိပ်မက်ဆိုးဆန်လှတဲ့ ညစာစားပွဲကနေ ဆွီဒင်သံရုံးကို တန်းလာခဲ့တယ်။ ဟိုဟာကြီးနှစ်ယောက်အတွက် နိုင်ငံကူးလက်မှတ်တွေ လုပ်ပေးရမယ်လေ။ သံရုံးမှာ သံတမန်အဆင့်နိုင်ငံကူးလက်မှတ်လုပ်ရတယ် ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ဘူး။ ဆွီဒင်က ဆွီဒင်ပဲ။ စည်းကမ်းက စည်းကမ်းပဲ။

နိုင်ငံကူးလက်မှတ်ဆိုင်ရာ ပြည်ထဲရေး အကြီးအကဲဟာ ပြုံယမ်းက လာတဲ့ဖုန်းကြောင့် ဝမ်းမသာနိုင်ရှာဘူး။ နိုင်ငံခြားရေးဝန်ကြီးနဲ့ အကြိတ်အနယ် အခြေအတင် ပြောင်ပြောင်မြောက်မြောက် ကျားကျားလျားလျား ငြင်းခုံပြီးတဲ့ အခါမှာတော့ သံတမန် အဆင့်အတန်းနဲ့ နိုင်ငံကူးလက်မှတ်နှစ်ခုကို စိတ်စက် မပျော်တပျော် လိပ်ခဲတည်းလည်းနဲ့ ထုတ်ပေးလိုက်ရရှာတယ်။ ဝန်ကြီးဟာ ဘာဖြစ်လို့များ သူ့ကို ဒီအခြေအနေရောက်အောင် တွန်းပို့ရသလဲဆိုတာ သူ

နားမလည်နိုင်ကြောင်း ပြောရှာတယ်။

ဟုတ်တယ် သူ ဘယ်တော့မှ နားလည်မှာမဟုတ်ဘူး။ တတိယ ကမ္ဘာစစ်ကို ရှောင်လွဲဖို့အတွက် နိုင်ငံခြားရေးဝန်ကြီး မားရ်ဂေါ့ ဗော့စတွန်း အနေနဲ့ ဆွီဒင်နှစ်ယောက်ကို မြောက်ကိုရီးယားက ခိုးထုတ်ဖို့မှတစ်ပါး အခြားမရှိတာ သူ ဘယ်နားလည်နိုင်ပါ့မလဲ။ ဒါကြောင့် နားလည်စရာ မလိုဘူးလို့ ပိတ်ပြောလိုက်တယ်။ အရေးကြီးတာက ပြောတဲ့အတိုင်းလုပ်ဖို့ပဲ။

ဟင်...ရုံးမှာ ဘယ်သူမှမရှိတော့မှ ကိုယ်တိုင်လက်မှတ်ထိုးပြီး နိုင်ငံကူး လက်မှတ်နှစ်ခုလုပ်ပြီး ပို့ပေးရမတဲ့လား။

နိုင်ငံခြားရေးဝန်ကြီးကတော့ ရှင်းရှင်းပဲ ပြန်ဖြေတယ်။

“ဟုတ်တယ် သံတမန် အဆင့်နော်”

“အင်း သံတမန်အဆင့်ပဲ ထားပါတော့ ခင်ဗျာ။ ဒါပေမဲ့-“ဒါပေမဲ့ မနေနဲ့ ရှင်ပြောတဲ့အတိုင်း ကျွန်မ လုပ်ရမှာလား၊ ကျွန်မ ပြောတဲ့အတိုင်း ရှင်လုပ်မှာလား ပြော။ လိုအပ်ရင် ဝန်ကြီးချုပ်ဆီ ဖုန်းဆက်ပြီး ပြောမယ်။ ဒါမှမရသေးရင် တော်ဝင်ခုံရုံးတော်ထိ တက်မယ်။ ဘုရင်က သူကောင်းပြုတာ ရှင်မခံချင်ဘူးလား၊ ဘယ်သူ့ဆီက အသံကြားချင်သေးတာလဲ။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်ဆီကလား”

နိုင်ငံကူးလက်မှတ်ဆိုင်ရာ ပြည်ထဲရေးအကြီးအကဲဟာ ငြိမ်ငြိမ်လေး နေရတယ်။

နိုင်ငံကူးလက်မှတ်နှစ်ခု တရားမဝင် လုပ်ပေးတာကို ဘာကိစ္စ ဘုရင်က သူကောင်းပြုရမှာတုန်း။

“ကဲ မစ္စတာ နိုင်ငံကူးလက်မှတ်ဆိုင်ရာ ပြည်ထဲရေး အကြီးအကဲ အချိန်မရှိဘူးရှင့်၊ ဆွီဒင်နိုင်ငံသားတွေရဲ့ အသက်အန္တရာယ်နဲ့ဆိုင်တဲ့ကိစ္စ၊ တခြားအသက်တွေ သန်းပေါင်းများစွာလည်း ပါကောင်းပါမယ်” ဒီအတွက် ဓာတ်ပုံနဲ့ ထိုးမြဲလက်မှတ်ကို အီလက်ထရောနစ်နည်းနဲ့ ပို့ပေးဖို့လိုကြောင်း သူပြောလိုက်တယ်။

"အင်း .. ပို့ပေးမယ်။ ဒါပေမဲ့ သံတမန်အဆင့် နိုင်ငံကူးလက်မှတ် တွေကို ခုချက်ချင်းလုပ်၊ ပြီးရင် သံတမန် ချောစာအိတ်နဲ့ ပြုံယမ်းကို တစ်နာရီအတွင်းပို့-ဒါပဲ"

“တစ်နာရီအတွင်း ဟုတ်လား။ နေ့လယ်စာစားချိန်လေ”

“မဟုတ်သေးဘူး ... မပြီးမချင်း မစားနဲ့ ဒါပဲ”

※※※

(၁၇) အမေရိကန် ပြည်ထောင်စု

"သေစမ်း၊ သေစမ်းကွာ၊ လဲသေ"

အမေရိကန်သမ္မတ ထရမ့်ဟာ လုံခြုံရေးအတွက် အန္တရာယ်ရှိတယ်ဆိုတာ တွေ့ရတဲ့အတွက် ဖယ်ရှားလိုက် တဲ့ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မိုက်ကယ် တီဖလင်း နေရာမှာ လောလောလတ်လတ် အစားထိုး ထားတဲ့ အမျိုးသားလုံခြုံရေးအကြံပေး အိတ်ချ်အာ မက်မက်စတာကို ပြောလိုက်တယ်။

ခုပဲ ဖောက်စ်သတင်းဌာနကနေ မြောက်ကိုရီးယား က သတင်းစာရှင်းလင်းပွဲဆိုတဲ့ ဗီဒီယိုကလစ်တစ်ခုကို ပြသွားတယ်။ ဘရိတ်ဘတ် သတင်းဌာနကလည်း ဒီအကြောင်းကိုပဲ အတော်လေး ဖောင်းပေးရေးထားတယ်။ သမ္မတထရမ့်ဟာ အခြေအနေတစ်ခုလုံးကို ခြုံငုံသိရမယ့် အစား သတင်းတွေက မီးမောင်းထိုးပြတဲ့ အခြေအနေ လေးကို သိနေတာ။

ဟာကွာ- ဒီစောက်ကောင်မ ဗော့စတွန်းဆိုတဲ့ စောက်ဆို့ဒင်မဟာ ကင်ဂျုံအန်နဲ့ ဟို-ဟို-ဟို ဟာ ...

ထားလိုက်ပါတော့...

မြောက်ကိုရီးယားရဲ့ မြို့တော်ကွာ နာမည်ဘာဖြစ်ဖြစ် အဲဒီမှာ လျှို့ဝှက်အစည်းအဝေးလုပ်မယ် ဘာညာ ဖြီးချပြီး ခဏနေတော့ ဟိုစောက်ကောင်နဲ့တူတူ မြောက်ကိုရီးယား တီဗီမှာ ဘွားခနဲ ပေါ်လာပါပေါ့လား။ ဒါနဲ့တင်အားမရသေးလို့ မြောက်ကိုရီးယား ချူကလီးယား အစီအစဉ်ကို အဆင့်မြှင့်တင်ပေးဖို့ဆိုလား အဲဒီမှာရောက်နေတဲ့ ဆွစ် ကွန်မြူနစ်အကောင်ကြီးကို ဖက်လားရမ်းလား လုပ်ပြနေသေးတယ်။

"အင်း ဆွစ်ကွန်မြူနစ်ကို သူ မဖက်ပါဘူး၊ ဘရိတ်ဘတ်က မှားရေးတာနေမှာပါ"

ဒုတိယဗိုလ်ချုပ်ကြီးဟောင်း မက်မက်စတာက ပြောလိုက်တယ်။

လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ရဲ့စကားကို အမေရိကန်သမ္မတ ဟာ ဖင်ကြားတောင် မညှပ်ဘူး။ ပြန်လာရင် ဗော့စတွန်းဟာမကြီးရဲ့ နှာခေါင်းရှည်ကြီးကို လိမ်ဆွဲချင်စိတ်တွေ တဖွားဖွား ပေါ်နေတယ်။ ဒါနဲ့ သူဖက်နေတဲ့ ကွန်မြူနစ်ကြီးက ဘာတုန်း။

"သူ မဖက်ပါဘူးလို့ စောစောကပဲ ပြောပြီးပြီကို"

ဆွစ်ကွန်မြူနစ်တဲ့။ စောက်ရေးမပါတာ။ သမ္မတ ထရမ့်ဟာ စောက်ဖင်ခေါင်းကျယ်တဲ့ ဆွစ်တွေကို တနှံ့နှံ့ ဒေါသထွက်ရင်း ဖုန်းခေါ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဖုန်းကို ကောက်ကိုင်ပြီး အတွင်းရေးမှူးကို ဆွစ်ဇာလန် သမ္မတဆီ ဖုန်းခေါ်ခိုင်းလိုက်တယ်။

"အဲဒီသမ္မတအကောင်နာမည် ဘာတုန်း ရှာစမ်း"

အတွင်းရေးမှူးက ဆွစ်သမ္မ တဟာ ဒေါရစ် လူသပ်ဒ် လို့ ပြောတဲ့ အခါ အကောင်မဟုတ်ဘဲ အကောင်မ ဖြစ်ရမယ်လို့ သူ တွေးတယ်။

"နောက်ထပ် စောက်ကောင်မတစ်ကောင် ဖြစ်မယ်၊ လောင်းတောင် လောင်းလိုက်ချင်သေး၊ အို ဘာဖြစ်ဖြစ် ခေါ်သာခေါ်"

"ခုက ဥရောပမှာ မနက် နှစ်နာရီပါ သမ္မတကြီးရှင့်"

"ကောင်းတာပေါ့ ခေါ်"

※※※

(၁၈) ဆွစ်ဇလန် အမေရိကန်ပြည်ထောင်စု

ဆွစ်ဇာလန်သမ္မတ ဒေါရစ်လူသပ်ဒ် အတွက် တော့ ဒီနေ့ဟာ အင်မတန် ပင်ပန်းတဲ့နေ့ပဲ။ ညနေက လည်း ပင်ပန်း၊ ညကျတော့လည်း ပင်ပန်း။ သန်းခေါင် ကျော် တစ်နာရီထိုးမှ အိပ်ရာပေါ် မနည်း ကုတ်ကပ် တက်ရတယ်။ နောက်တစ်နေ့မနက် ခြောက်နာရီထိအိပ်ပစ်လိုက်မယ်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့ ။

အိပ်လို့မှ လေးဆယ့် ငါးမိနစ်ရှိသေးတယ် သူ့ လက်ထောက်က လာနှိုးရော။ ဝါရှင်တန် အိမ်ဖြူတော်က ဖုန်းလာနေတယ်တဲ့။

ဒေါရစ် လူသပ်ဒ်ဟာ အိပ်ချင်မူးတူးနဲ့ လူးလဲထ၊ ပြင်ဆင်ရတယ်။ မပြင်ဆင်လို့ အမေရိကန်သမ္မတ ဖုန်းခေါ်တာကို ဖွတ်ပေပြီး မှောက်အိပ်နေလို့မှ မရဘဲ။

"မင်္ဂလာမနက်ပါ သမ္မတကြီးရှင့်၊ ကျွန်မကို အိပ်ရာက နှိုးတယ် နော်၊ အို ဒါပေမဲ့ ကိစ္စမရှိပါဘူးရှင့်"

"အွန်း... ခုက ဖူးရစ်မှာ ညမဟုတ်ဘူးလား"

ဟုတ်သလေ။ ဖူးရစ်မှာလည်း ည၊ ဘန်းမှာလည်း ည၊ ဂျီနီဗာမှာ လည်း ည၊ ဒါနဲ့ သူက ဘာကိစ္စ ဖုန်းခေါ်ရတာတုန်း။ ဘာများပြောချင်လို့ တုန်း။

ဒေါရစ်လူသပ်ဒ်ဟာ အမေးနဲ့အတူ အဖြေကို တစ်ခါတည်း သိလိုက် ပါတယ်။ မနေ့ နေ့လယ်ထဲက ဘယ်သူမှန်းမသိတဲ့ ဆွစ်လူမျိုး ဆိုတာကြီး ပြုံယမ်းမှာတွေ့ကတည်းက ဆွစ် ဖက်ဒရယ်ကောင်စီတစ်ခုလုံး ကြိမ်မီးအုံး သလိုဖြစ်ပြီး ဒင်းကြီးဟာ ဘယ်သူတုန်းဆိုတာကို အပြင်းအထန် စုံစမ်းနေ ကြတာ မဟုတ်လား။

သမ္မတထရမ့်ဟာ ဆွစ်သမ္မတကို စကားပြောဖို့ထက် အော်ဟစ် ကြိမ်းမောင်းဖို့ပိုပြီး စိတ်အားထက်သန်တယ်။ ဘာတွေလုပ်နေတာလဲ။ အမေရိကန်ကို အာခံတာလား။ စိန်ခေါ်တာလား။ ခြောက်ကိုရီးယားကို နှူလက်နက်လုပ်ပေးတာ ဘာသဘောလဲ။ အီးယူကနေ ထုတ်ပစ်လိုက်မယ် ဘာမှတ်နေလဲ။

ဒေါရစ်လူသပ်ဒ် ဘာမှပြန်မပြောနိုင်သေးခင် ဒေါ်နယ်ထရမ့်က စက်သေနတ်ပစ်သလို တရစပ် ပြောတယ်။ ဆွစ်သမ္မတခင်ဗျာ ဘယ်ကစလို့ စရမှန်းတောင် မသိဖြစ်နေရှာတယ်။ သမ္မတဆိုတဲ့လူက အဲသလောက် အသိဉာဏ်ပညာနည်းပါးတာကို အံ့သြဘနန်း ဖြစ်နေတာလည်း ပါတာပေါ့။

"အင်း ... ပြောရရင် ဆွစ်ဇာလန်က အီးယူအဖွဲ့ဝင် မဟုတ်ဘူးရှင့်၊ ဒါကြောင့် အီးယူက ထုတ်ပစ်ဖို့ခက်လိမ့်မယ် သမ္မတကြီးရှင့်၊ ပြီးတော့ ရှင့်သမ္မတ လုပ်ပိုင်ခွင့်ထဲမှာ အီးယူအဖွဲ့ဝင်နိုင်ငံတွေကို လိုတိုးပိုလျှော့ လုပ်လို့ရတဲ့အာဏာ ရှိတယ်လို့ ကျွန်မတော့ မထင်ပါဘူး၊ နောက်တစ်ခုက ခြောက်ကိုရီးယားကို

ပိတ်ဆို့အရေးယူတာက ကုလသမဂ္ဂရှင့်၊ ဒါကို ပြောင်းလဲချင်ရင် အထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကို ဖုန်းဆက် နှိုးရမယ်လို့ ကျွန်မ အကြံပေးချင်တယ်”

"ခင်ဗျားပြောတော့ မအိပ်သေးဘူးဆို”

သန်းခေါင်ကျော် မနက်နှစ်နာရီကြီးကို မအိပ်သေးဘဲ ဘာလုပ်နေသလဲဆိုတာကို အမေရိကန်သမ္မတနဲ့ ဆွေးနွေးဖို့ ဒေါရစ်လူသပ်ဒ်မှာ စိတ်ကူးမရှိပါဘူး။ ဒါပေမဲ့လို့ သမ္မတကြီး ပူပန်နေတာကို သူ နားလည်စာနာနိုင်ပါ တယ်လို့ ပြန်ပြောလိုက်တယ်။

“ကျွန်မတို့လည်း အဲဒီ ဆွစ်လူမျိုးဆိုတာ ဘာမှန်းမသိကြသေး ပါဘူးရှင့်၊ အကြောင်းရင်းကိုသိဖို့ အပြင်းအထန် ရှာနေပါတယ်၊ စိတ်ချ လက်ချနေပါ”

“ရှာရမယ် ခုထက်ပိုပြီး အလုပ်လုပ်ရမယ်၊ တစ်ခုခုသိတာနဲ့ ချက်ချင်းဖုန်းဆက်ပါ နားလည်ရဲ့လား”

နဂိုတည်းက ပင်ပန်းနေတဲ့ သမ္မတလူသပ်ဒ်ဟာ အမေရိကန်သမ္မတနဲ့ နှစ်မိနစ်ဖုန်းပြောပြီးတဲ့အခါ ခြေကုန်လက်ပန်း ကျသွားတယ်။

“အကြောင်းရင်းကိုသိရတဲ့အခါ သင့်တော်တဲ့အစီအစဉ်တွေကို လုပ်မှာပါ၊ သမ္မတကြီးကို ပုဂ္ဂိုလ်ရေးအရ အကြောင်းကြားပါ့မယ်၊ ဒါပေမဲ့လို့ အမျိုးသားလုံခြုံရေးနဲ့ ပတ်သက်လာရင် ဆွစ်ဇာလန်ဟာ ကိုယ်ပိုင်ဆုံးဖြတ်ချက် နဲ့ပဲ အလုပ် လုပ်ပါတယ်”

သမ္မတထရမ့်က နှုတ်မဆက်ဘဲ ဖုန်းချသွားတယ်။ ဘာရိတ်ဘိတ် ဒေါ့ကွန်းကို ဝင်ကြည့်တယ်။ အဲဒီဆွစ်လူမျိုးအကြောင်းကို သူတို့ သမ္မတ ထက်များ ပိုသိရမလားလို့ပေါ့။ ဒါပေမဲ့ မသိရပါဘူး။

ဆွစ်ဇာလန်က သမ္မတဆိုတဲ့ဟာမနဲ့ သမ္မတထရမ့် စကားပြောနေ ချိန်မှာ ကိစ္စနှစ်ခု ဖြစ်ပေါ်နေခဲ့တယ်။ အငြိမ်းစား စီအိုင်အေ အေးဂျင့်ဟောင်း ရိုင်ယန် ဟက်တန်ဟာ အိမ်ဖြူတော်ကို ဖုန်းဆက်တယ်။ သူ့ဖုန်းကို အမျိုးသား လုံခြုံရေး အကြံပေးပုဂ္ဂိုလ်ဆီ လွှဲပေးလိုက်တယ်။ အေးဂျင့် ဟက်တန်ဟာ အသက်ရှစ်ဆယ်ပြည့်ခါနီးပြီ။ ဒါပေမဲ့ ကျန်းမာတုန်း၊ သန်စွမ်းတုန်း၊ အမြင်အာရုံ ကောင်းတုန်း၊ ဉာဏ်ရည်ထက်မြက်တုန်းပဲ။ တကယ်လို့သာ လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အနေနဲ့ ဆန္ဒရှိမယ်ဆိုရင် ခု ပြဿနာ ယမ်းက ဆွစ်ချူလက်နက်ပညာရှင်ဆိုတာ ဘယ်သူလဲဆိုတာကို သူပြောပြနိုင်ပါသတဲ့။

"ဟာ ပြောပါ ပြောပါ ခင်ဗျာ"

“အင်း ပထမဆုံးအနေနဲ့ အဲဒီ လူဟာ ဆွစ်လူမျိုးမဟုတ်ဘူး။ ဆွီဒင်၊ သူ့နာမည်က အယ်လန်ကားလ်ဆန်။ ခုဆို အသက်က တစ်ရာလောက်ရှိပြီ။ ၁၉၇၀ နဲ့ ၈၀ ကျော်ကာလတွေတုန်းက အယ်လန်ကားလ်ဆန်ဟာ မော်စကို အခြေစိုက် စီအိုင်အေ အေးဂျင့်တစ်ယောက်ပဲ။ ၁၉၅၀ ကျော်လောက်မှာ စတာလင်ကို စိန်ခေါ်မှုနဲ့ ဆိုက်ဘေးရီးယားက ဂူလက် အကျဉ်းစခန်းမှာ အကျဉ်းသား

ဖြစ်ခဲ့ဖူးတယ်။ အဲဒီမတိုင်ခင်တုန်းက ကမ္ဘာ့ပထမဆုံး အနုမြူဗုံး တီထွင်ရာမှာ ပြောင်ပြောင်မြောက်မြောက် စွမ်းဆောင်နိုင်လို့ အမေရိကန် သမ္မတရဲ့ လွတ်လပ်ခြင်း ဆုတံဆိပ် ချီးမြှင့်ခံရဖူးတယ်။

"ဘယ်လို... နောက်ထပ် ဆွီဒင်တစ်ယောက် ဟုတ်လား၊

မြောက်ကိုရီးယားမှာ ဆွီဒင်ဘယ်နှစ်ယောက်တောင် ရောက်နေတာလဲ ဒီ ဆွီဒင်ဆိုတဲ့တိုင်းပြည်ဟာ ဘာဖြစ်နေတာလဲ"

အဲဒီအကြောင်းကြားပြီးပြီးချင်း သမ္မတ ထရမ့်ရဲ့ ပထမဆုံး မှတ်ချက်က အဲသလိုတဲ့။

"ဒါပေမဲ့ အမေရိကန်ရဲ့ လွတ်လပ်ခြင်းဆုတံဆိပ် ပိုင်ရှင်နော် သမ္မတကြီး"

"လွန်ခဲ့တဲ့ နှစ်ပေါင်း ခြောက်ဆယ်ကလေ၊ ခု လွတ်လပ်ခြင်းဆိုတာ ဘာလဲဆိုတာကို မေ့သွားဖို့အတွက် သူ အချိန်အများကြီး ရခဲ့တာပဲ၊ ဒါနဲ့ ဒီဟာကြီးက ဟို ပီယုံ---ပြုံ----ဘာတဲ့ ပလုံယွမ်းလား အဲဒီမှာ ဘာသွား လုပ်နေတာတုန်း"

"ပြုံယမ်းပါ သမ္မတကြီး၊ ဘာသွားလုပ်တယ်ဆိုတာတော့ မသိပါဘူးခင်ဗျ၊ ခုသိတာဆိုလို့ သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတာရယ်၊ အေးဂျင့် ဟက်တန်ဆီက သတင်းရယ်ပဲ ရှိပါတယ်"

"ဆွီဒင် နှစ်ယောက်နဲ့ မြောက်ကိုရီးယားတစ်ယောက်ဆိုတော့ ကွန်မြူနစ်သုံးကောင် တန်းစီနေတာပေါ့၊ ဆွီဒင်တွေ ကမ္ဘာကြီးကို မသိမ်းခင် ဟိုစောက်ကောင်မ ဗော့စတွန်းဆိုတာကို မြန်မြန်ခေါ်၊ ကဲ ခဏနားဦးမယ် စိတ်ရှုပ်တယ်"

ကောင်းပါပြီ။ ဒါပေမဲ့ တစ်ခုကျန်သေးတယ်။

ပြုံယမ်းက ဟိုတယ်တစ်ခုမှာ အသံဖမ်းစက် တပ်ထားတယ်။ ဧည့်သည်က မရှိသလောက်ဆိုတော့ ဘာမှလည်း သိပ်ခိုးနားထောင်စရာ မရှိဘူး။ ဒါပေမဲ့လို့ ခုတော့ သတင်းထူးတယ်။ ကညွတ်ဆိုတဲ့ စကားဝှက်နဲ့ သတင်းတစ်ခု ဝင်လာတယ်။ ဒေါ်လာ သန်းငါးရာဆိုတာလည်း ပါတယ်။

ကညွတ်တဲ့လား။ သမ္မတ ထရမ့်က ကညွတ်ဆို သိပ်ကြိုက်။ အထူးသဖြင့် ဂူစတော့ဗ် ဆဗန်ဆန် အမှတ်တံဆိပ် ဆွီဒင်ကညွတ်ကို အကြိုက်ဆုံးပဲ။

"ကညွတ်အတွက် ဒေါ်လာ သန်းငါးရာ ဟုတ်လား၊ ဒါတော့ မဟုတ်သေးဘူး။ စကားဝှက်က ဘာကိုရည်ညွှန်းတယ်ဆိုတာရှာ၊ ခုချက်ချင်း ရှာ"

※※※

(၁၉) မြောက်ကိုရီးယား

ပြုံယမ်းမြောက်ဘက် ပလူတိုနီယမ် စက်ရုံမှာ ပထမနေ့ လုပ်ငန်းခွင် မဝင်ခင် အလန်နဲ့ ဂျူးလီယပ်စ် နှစ်ယောက်ဟာ မဒမ် ဇော့စတွန်းနဲ့ ဟိုတယ် မနက်စာ စားခန်းထဲမှာ တွေ့ကြတယ်။

ထိုင်ပြီးပြီးချင်းပဲ မဒမ်ဇော့စတွန်းက အယ်လန်နဲ့ ဂျူးလီးယပ်စ်အတွက် သံတမန် နိုင်ငံကူးလက်မှတ် နှစ်ခုဟာ ဘေဂျင်းကတစ်ဆင့် သံတမန် ချောစာအိတ်နဲ့ လာနေပြီလို့ ပြောလိုက်တယ်။ အားလုံးအဆင်ပြေမယ် ဆိုရင် မနက်ဖြန်မနက်မှာ နိုင်ငံကူးလက်မှတ်တွေ ရမတဲ့။

"ကျွန်မအများကြီးစဉ်းစားပါတယ်၊ ဒါပေမဲ့ ဒီထက်ပိုပြီး ကျွန်မ လုပ်ပေးနိုင်တာ မရှိတော့ဘူးလို့ ထင်တယ်"

"အို ဒီလောက်ဆိုရင်ပဲ ကျွန်တော်တို့ အခြေအနေ ဟာ အစကထက် ပိုကောင်းလာပြီ မဟုတ်လား"

အယ်လန်က ပြောလိုက်တယ်။

ဂျူးလီးယပ်စ်ကတော့ ခေါင်းပဲ ညိတ်ပြရှာတယ်။

နိုင်ငံခြားရေး ဝန်ကြီးဟာ အင်မတန်ကောင်းရှာတာပဲ။ ရင်သပ်ရှုမောဖွယ်ပဲ။

ဒါပေမဲ့လို့ အသက်နဲ့ ခန္ဓာ တွဲလျက်နဲ့ သူ့ရဲ့ ချစ်လှစွာသော ကညွတ်တွေနဲ့ ပြန်လည်ဆုံဆည်း ရစေ့မယ်လို့ ဘယ်သူကမှ အာမ မခံ။ အဲသလို ပြန်လည်ဆုံဆည်းခွင့်ရမယ်ဆိုရင်တော့ သူ့လောက်ပျော်တဲ့လူ ဒီကမ္ဘာမှာ ရှိတော့မယ်မထင်။

မဒမ် ဇော့စတွန်းက ဆက်ပြောတယ်။

"မနက်ဖြန်မှာ ကျွန်မ ကင်နဲ့ တွေ့ရမယ်၊ ဒီအစည်းအဝေးပြီးတာနဲ့ ပြန်ဖို့ ကင်က လိုလားနေတယ်၊ ဒါကြောင့် မနက်ဖြန်၊ သဘက်ခါ ကျွန်မ ပြန်မှရမယ်၊ အချိန်မီလိုက်နိုင်ဖို့ ရှင်တို့မှာနည်းလမ်းရှိသလား၊ အချိန်ရော ရပါ့မလား"

"ဟုတ်တယ် ... ဘယ်နဲ့လဲ အယ်လန်"

၁၀၁ နှစ် အဘိုးကြီးကတော့ သူတို့ပြောနေတာတွေ စိတ်မဝင်စား ပါဘူး။ သူ့တက်ပလက်ကိုပဲ သဲသဲမဲမဲ ကြည့်နေတယ်။ သတင်းထူးတွေမှ အများကြီးပဲ။ ကြည့်စမ်း။ ပိုလန် ပါလီမန်အမတ်တစ်ယောက်က မိန်းမတွေ ဟာ ယောကျ်ားတွေထက် ဉာဏ်နည်းတဲ့အတွက် လုပ်ခလစာလည်း နည်းသင့်တယ်လို့ အဆိုပြုနေသတဲ့။ ယောကျ်ားဉာဏ်ရည်နဲ့ ပတ်သက်လို့ လောလောလတ်လတ် အမေရိကန်သမ္မတ ထရမ့်က တွစ်တာမှာ တို့ထား တာကို ကြည့်ဦး။ ကမ္ဘာ့အကောင်းဆုံးလို့ဆိုရမယ့် ရုပ်ရှင်မင်းသမီးတွေ အားလုံးဟာ ဖွတ်ကျားမတွေချည်းဆိုပဲ။ ဟော ဘရာဇီးသတင်း တက်လာပြီ။ ကြည့်ပါဦး။ လာဘ်စားမှုနဲ့ ထောင်ကျနေတဲ့ ဘရာဇီး သမ္မတဟောင်း လူလာရဲ့နေရာကို

ဆက်ခံတဲ့ သမ္မတ ရှူးဆက်ဟာ လာဘ်ပေး လာဘ်ဝေ တို့မိတ်ဆွေသမားဆိုတာ သိရတဲ့အတွက် သူ့ကို ဖြုတ်ချလိုက်ပြီး သမ္မတအဖြစ် ခန့်အပ်ထားတဲ့ သမ္မတ တီမာဟာ လာဘ်စားမှုနဲ့ စွပ်စွဲခံနေရသတဲ့။

"လူသားတွေကို သနားသင့်တယ်လို့ ရေးတဲ့လူများ မရှိဘူးလား မသိပါဘူး"

အယ်လန်က သတင်းတွေဖတ်ပြီး မှတ်ချက်ပြုတယ်။ သမ္မတ ထရမ့်နဲ့ ပတ်သက်လို့ကတော့ တွိတယ်ဆိုတာ ဘာမှန်း သူ မသိပါဘူးတဲ့။

ပြောချင်ရာပြောနေတဲ့ မိတ်ဆွေကြီးကို ငေးနေရုံပဲ ဂျူးလီးယပ်စ်ခမျာ တတ်နိုင်ရှာတယ်လေ။

မဒမ် ဇော့စတွန်းကတော့ ခု အခွင့်အရေးရတုန်း အယ်လန့်ကို တွစ်တာဆိုတာ ဘာလဲဆိုဟာ ရှင်းပြချင်ပါသတဲ့။ ဒါပေမဲ့လို့ အရေးကြီးတာ က လွတ်မြောက်ဖို့ ဘာအစီအစဉ်ရှိလဲဆိုတာ အရင်ဆုံး သိချင်ပါတယ်။

အို-မဒမ် နိုင်ငံခြားရေးဝန်ကြီးက အကြောင်းအရာ ပြောင်းဆွေးနွေးဖို့ ဆုံးဖြတ်ချက် ခိုင်မာလှပါကလား။ အစီအစဉ်တို့ စီမံကိန်းတို့ဆိုတာ ကြီးကျယ်လွန်းအားမကြီးဘူးလား ဟင်။

"အစီအစဉ်တို့၊ စီမံကိန်းတို့ မခေါ်ချင်ရင် ရှင်က ဘယ်လိုခေါ်ချင် သလဲ မစ္စတာကားလ်ဆန်"

"ဘယ်လိုမှ မခေါ်ချင်ပါဘူး၊ ပြဿနာလို့ ခေါ်ချင်ခေါ်ပေါ့၊ ယုံကြည်ချက်တော့ ရှိရမယ်လေ၊ အခြေအနေအရပေါ့ဗျ"

ပြဿနာကတော့ သေချာတယ်။ ယုံကြည်ချက်ကတော့ ရှိရင် ကောင်းတာပေါ့။ ဂျူးလီးယပ်စ်ကတော့ အယ်လန် ပြောနေပုံကိုကြည့်ပြီး မျှော်လင့်ချက်မဲ့သလောက် ဖြစ်သွားတယ်။

ကဲ ခုတော့ လုပ်ငန်းခွင် ပထမနေ့ကို ရင်ဆိုင်ကျော်ဖြတ်ရတော့မယ်။ ဒါပေမဲ့ မပူလေနဲ့။ မထင်ထားတဲ့အချိန်မှာ ကံကောင်းမှုတွေဟာ ဆိုက်ဆိုက် မြိုက်မြိုက်ရောက်လာတတ်သကွဲ့။ သမုဒ္ဒရာထဲ ကျတုန်းက ကြည့်ပါလား။

"ကယ်မယ့်သင်္ဘောက အဆင်သင့်ရောက်လာတာပဲ မဟုတ်လား၊ ဒါ ကံကောင်းမှုပေါ့ဗျ"

"ဟုတ်လား ကံကောင်းတာတဲ့လား၊ အင်းလေ တခြားနိုင်ငံက သင်္ဘောဆိုရင်တော့ အဲသလို ခေါ်နိုင်တာပေါ့"

စားစရာ ရှိတာစားစမ်းပါ ဂျူးလီးယပ်စ်ရာ၊ ဒီထက်ပိုဆိုးတဲ့ တိုင်းပြည်တွေ ရှိပါသေးတယ်။ အဲ- ရှိချင်မှလည်း ရှိမယ်ပေါ့လေ။ ဒါပေမဲ့လို့ ကျုပ်တို့က ခု ဒီမှာရောက်နေတာကိုးဗျ၊ အစားအသောက်က ထူးဆန်းနေပေမယ့် စားရတာ အရသာရှိတာပဲ၊ စားသာစား"

စားပွဲပေါ်မှာ ထမင်းရယ်။ ငါးရယ်၊ ကင်ချီလို့ အမည်ရသော ဘာမှန်းမသိတဲ့ စားသောက်ဖွယ်ရာတွေ ထည့်ချက်ထားတဲ့ ဟင်းရည်ဝါဝါ ရယ် ရှိနေတယ်။ ဒါတွေကို အနောက်တိုင်း ကော်ဖီ၊ ပြင်သစ် ခရိုးဆန့် ပေါင်မုန့်တို့နဲ့အတူ မအပ်မရာ

တည်ခင်းထားတယ်။

"အင်း . . . စစ်ပွဲကာလတုန်းက တံတားတွေ ဖောက်ခွဲဖို့ တရုတ်ကို သွားခဲ့ရတာ အမှတ်ရတယ်၊ အဲဒီတုန်းက ကော်ဖီဆိုတာ စိတ်ကူးလို့တောင် မရဘူး။ ဒါပေမဲ့လို့ သူတို့မှာ ဆန်နဲ့ချက်တဲ့ ဖော်ဒကာရှိတယ်၊ အဲဒီတုန်းက ဒီထက်အများကြီး ပိုဆိုးတာပေါ့"

နိုင်ငံခြားရေးဝန်ကြီးခမျာ ကားလ်ဆန်ရဲ့ မပူပင်တတ်တဲ့ သဘာဝကို အားကျရမလား၊ ဂျူးလီးယပ်စ်နဲ့အတူ ပူပင်သောက ရောက်ရမလား မခွဲခြား တတ်လောက်အောင်ပါပဲ။

အို ဘယ်ဟာမှမကောင်းဘူး။ ဒီတိုင်းသာ ထားလိုက်။

"ကျွန်မ ဘယ်အချိန်ထွက်မယ်ဆိုတာကို နာရီအတိအကျပြောမယ်၊ ရှင်တို့ ရောက်အောင် လာနိုင်မယ်ဆိုရင်တော့ လိုက်ခဲ့ပေါ့၊ တကယ်လို့ ဖြစ်အောင်လုပ်နိုင်ရင်တော့ တကယ့်ကို သံခင်း တမန်ခင်းဆိုင်ရာ စွန့်စားခန်းကြီး ဖြစ်မှာပဲ။ နန်းတော်ထဲက ကျွန်မတို့မိတ်ဆွေကြီးသာ သိသွားရင်တော့ ကျွန်မကို ဖမ်းထားမှာပဲ၊ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ကိုယ်စားလှယ်ကြီး မြောက်ကိုရီးယားမှာ အဖမ်းခံရတယ်ဆိုရင် အတော်ပြဿနာကြီးမှာ၊ ကဲ ရှင်တို့ ကျွန်မ ဘယ်လောက်စွန့်စားရသလဲဆိုတာ သိကြပြီလား"

နိုင်ငံခြားရေးဝန်ကြီးဟာ မနက်စာစားတာကို အဆုံးသတ်ပြီး ထရပ်မလို့လုပ်နေတာကို အယ်လန်က သတိထားမိတယ်။

"အဲဒီနားက ခရိုးဆန့်လေး ကမ်းလိုက်စမ်းပါ၊ အဲ.. ခင်ဗျားလည်း သွားတော့မှာဆိုတော့လေ"

"ဟာ အယ်လန်ရာ ဒုက္ခပါပဲဗျာ"

ဒမ် ဗော့စတွန်းက အယ်လန့်ကို ခရိုးဆန့် ကိုယ့်ဘာသာကိုယ် လှမ်းယူဖို့ပြောတယ်။ သူကတော့ ကင်ဂျုံအန်နဲ့ အစည်းအဝေးအတွက် ပြင်ဆင်ရမှာမို့ ခွင့်ပြုပါဦးတဲ့။

ညှော်ခန်းထဲမှာ ကားစောင့်နေတုန်း အယ်လန့်အသံကို သူကြားနေရတယ်။ သူ့မိတ်ဆွေ ဂျွန်ဆင်ကို တူရကီသမ္မတ အာဒိုဂန်အကြောင်း ပြောပြ နေတာတဲ့။ အာဒိုဂန်က နယ်သာလန်တစ်နိုင်ငံလုံးဟာ ဖက်ဆစ်တွေတဲ့။ ဂျာမန်အဓိပတိ မာကယ်က နာဇီမကြီးတဲ့။ အစ္စရေးကတော့ ကလေးသတ် သမား၊ အကြမ်းဖက်သမားတွေလို့ပြောတဲ့အကြောင်းကိုပေါ့ ။

"သူက ဘယ်သူလဲ မကြားဖူးပါဘူး"

ဂျူးလီးယပ်စ်က စိတ်မချမ်းမသာနဲ့ ပြောလိုက်တယ်။

"ကျုပ်လည်း သေချာတော့ မကြားဖူးပါဘူး။ ဒါပေမဲ့ ဒီတူရကီ ဟာ နည်းနည်းတော့ ပိုလွန်းတယ်လို့ မထင်ဘူးလား ဂျူးလီးယပ်စ်"

ကားရောက်လာတဲ့အတွက် မဒမ်ဗော့စတွန်းဟာ ကားထဲ ဝင်ထိုင် လိုက်ရတယ်။ ကားထဲမှာထိုင်ရင်း ကမ္ဘာကြီးက အယ်လန့်ကို ရှူးအောင်

လုပ်နေတာလား၊ အယ်လန်က ကမ္ဘာကြီးကို ရှုးအောင် လုပ်နေတာလားဆိုတာ ထိုင်စဉ်းစားနေမိတယ်။

※

အယ်လန်တစ်ယောက် သူ့တက်ပလက်အမည်းကလွဲလို့ ဘာမှ စိတ်မဝင်စားဘဲ ဖြစ်နေချိန်မှာ ဂျူးလီးယပ်စ်ကတော့ ရှင်သန်ဖို့ အခွင့်အလမ်း ကို ပိုများအောင်လုပ်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဗဟုသုတလည်းရ၊ အညောင်းလည်းဆန့်တဲ့အနေနဲ့ ဟိုဟိုဒီဒီ လျှောက်ကြည့်ဦးမှ။

ရိုင်းဂျီယွန်း ဟိုတယ်မှာ တရားဝင် ဝင်ပေါက်၊ ထွက်ပေါက် လေးခုရှိတယ်။ တစ်ပေါက်ချင်းစီမှာ အစောင့်နှစ်ယောက်စီ ရပ်စောင့်နေတယ်။ တရားဝင်အသုံးအနှုန်းကတော့ လမ်းပြတွေတဲ့။ ဆွစ်အဘိုးကြီးနဲ့ သူ့လက်ထောက် တစ်ခုခု မဟုတ်တရုတ်လုပ်ရင် အခန်းထဲပြန်ပို့ဖို့ အဆင်သင့်စောင့်နေကြတာ။ ဒါကြောင့်မို့ မိုးပျံဘောလုံး ရှိရှိ၊ မရှိရှိ ဒီဟိုတယ်ကနေ ထွက်ပြေး လွတ်မြောက်ဖို့ဆိုတာကတော့ မလွယ်။ ဒါဆို ပြုယမ်းမြို့လယ်ကောင်ကနေ လေဆိပ်ကို ဘယ်လိုရောက်အောင်သွားကြမလဲ။ တက္ကစီငှားပြီးသွားမှာလား။ ဘယ်ဖုန်းနံပါတ်ကို ခေါ်ရမှာလဲ။ ကားခေါ်ဖို့ ဘယ်လိုဘာသာစကားကို သုံးရမှာလဲ။ ပိုက်ဆံကရော ဘယ်လိုပေးမှာလား။ အဲလိုလုပ်တိုင်း သူတို့က ငြိမ်ခံနေကြမတဲ့လား။

ဒါမှမဟုတ် ဒရိုက်ဘာခေါ်မလား။ သူတို့ကို ဟိုတယ်ကနေ ပလူတိုနီယမ်စက်ရုံကို ကားမောင်းပို့မယ့် ဒရိုင်ဘာရှိတယ်လေ။ သူ့ကို မြူဆွယ်ပြီး လေဆိပ်ပို့ခိုင်းရမလား။ ဘယ်လို မြူဆွယ်မတုန်း။ အယ်လန် လုပ်နိုင်မလား။

ထမင်းစားခန်းထဲ ပြန်ရောက်လာတဲ့အခါ မနက်ကိုးနာရီ ထိုးလုပြီ။ အယ်လန်က ကင်ချီတွေနဲ့ ခရိုးဆန့်တွေကို လက်စသတ်နေတယ်။ နောက်ဆုံး ကျန်တဲ့ ခရိုးဆန့်တစ်လုံးကိုတော့ နေ့ဖို့ညစာအဖြစ် ကုတ်အင်္ကျီအိတ်ထဲ ထည့်လိုက်တယ်။ ဂျူးလီးယပ်စ် ပြန်ရောက်လာတာကို နှုတ်ဆက်ပြီး တက်ပလက်ထဲကနေ နောက်ဆုံးရတဲ့သတင်းကို ပြောပြတယ်။ မပြောဖို့ တားမယ်ကြံနေတုန်းကို ပြောပြီးနေပြီ။ မက္ကစီကိုနဲ့ အမေရိကန်ပြည်ထောင်စု ကြားမှာ ခြားထားမယ့် တံတိုင်းကြီးဆောက်ဖို့ ကုန်ကျစရိတ်ဟာ အရှေ့ အာဖရိကမှာ ငတ်မွတ်ခြင်းဘေးကြီး ပပျောက်သွားစေဖို့ လိုအပ်တဲ့ ကုန်ကျစရိတ်ထက် လေးဆ ပိုများသတဲ့။

"အရှေ့အာဖရိက က အငတ်ဘေး ဟုတ်လား"

အယ်လန့်ရဲ့ တက်ပလက်ကို ခုတော့ ဂျူးလီးယပ်စ် တူးတူးခါးခါး မုန်းမိပြီ။ ဘာကမ္ဘာ့ရေးရာကိုမှ အရေးအရာလုပ် မစဉ်းစားတဲ့ အဘိုးကြီးကို လွမ်းမိသေးတော့။

ဟော ဒီသတင်း နားထောင်စမ်းပါဦး။

စတော့ဟုမ်းမှာဆောက်နေတဲ့ ဆေးရုံသစ်ကြီးမှာ ရေချိုးခန်းပေါင်း ၁၆၅ ခန်း ပါသတဲ့။ ရေပိုက်တွေမှားပြီး သွယ်မိလို့ အသစ်ပြန်ဆောက်ရမတဲ့။ အဲဒီအတွက်ကုန်ကျစရိတ်က အရှေ့အာဖရိက အငတ်ဘေးပပျောက်ဖို့

ကုန်ကျစရိတ်ရဲ့ တစ်ဝက်လောက် ရှိပြန်သတဲ့။

တော်ပြီ။ လွန်လွန်းပြီ။ ဂျူးလီးယပ်စ် ပေါက်ကွဲပြီ။

"အယ်လန် တော်ဗျာ၊ ငတ်နေတဲ့ကလေးတွေနဲ့ ရေပိုက်မှားသွယ်မိတာတွေအတွက် စာနာနိုင်ပေမယ့် နောက် သုံး လေးရက်နေရင် ကျွန်တော်တို့ ပစ်သတ်ခံရမယ့်အကြောင်းကို ခင်ဗျားခေါင်းကြီးက စဉ်းစားနေသင့်တာပေါ့ဗျ။ မဟုတ်တာတွေ လျှောက်ဖတ်မနေနဲ့"

အယ်လန်က အပြောခံရလို့ နာကျင်ခံစားသွားချင်ယောင်ဆောင်လိုက်တယ်။ ပြီးတော့ သူပြောတယ်။

"ကျုပ်ဘဝအတွက် လေ့လာမှုတွေပြုနေချိန်မှာ အဲဒါတွေကို ခင်ဗျား စဉ်းစားပါလားဗျ။ ဘာလို့ တစ်ချိန်လုံး တညည်းညည်း တညုညု လုပ်နေတာလဲ"

ဝင်ပေါက်ထွက်ပေါက်တိုင်းမှာ အစောင့်တွေရှိကြောင်း၊ နောက် တစ်မိနစ်အတွင်း သူတို့ကို လာခေါ်တဲ့ကားနဲ့ လိုက်သွားရတော့မှာဖြစ်ကြောင်း၊ အဲဒီကားနဲ့ ကားမောင်းတဲ့လူဟာ သယ်ယူပို့ဆောင်ရေးအတွက် ထွက်ပေါက် ဖြစ်လာနိုင်ကြောင်း ဂျူးလီးယပ်စ်က ပြောလိုက်တယ်။

"အား... ဒါဆို သွားမယ်လေ၊ ကားဆရာကို ဟယ်လို လုပ်ကြ တာပေါ့၊ မိတ်ဆွေသစ်တွေနဲ့ တွေ့ရမှာ စိတ်လှုပ်ရှားစရာ၊ ကဲ သွားကြစို့ မိတ်ဆွေကြီး၊ ခေါင်းမော့ ရင်ကော့ထားလိုက်စမ်းပါ"

ဒရိုက်ဘာဟာ နိုင်ငံခြားက မိတ်ဆွေကြီးနှစ်ယောက်ကို အလေးပြုပြီး ကြိုဆိုနှုတ်ဆက်တယ်။ လူကြီးမင်းတို့ နောက်ခန်းမှာ ထိုင်ကြပါ။ ဖိနပ်မှာ ရွံ့တွေကပ်မနေအောင် ဂရုစိုက်ကြပါ။

"အို ကျုပ် ရှေ့မှာထိုင်မယ်၊ စကားလေးဘာလေး ပြောကြစို့ရဲ့၊ ကျုပ်က အင်္ဂလိပ်လို ကျွမ်းတယ်လေ"

ဂျူးလီးယပ်စ်က ကားနောက်ခန်းထဲ ဝင်ထိုင်တယ်။ ဒရိုက်ဘာ ဘာမှမပြောနိုင်ခင် အယ်လန်က ရှေ့ခန်းမှာ ဝင်ထိုင်နေပြီ။

"အဲလိုလုပ်ဖို့ မသင့်တော်ပါဘူးခင်ဗျာ""

ဒရိုက်ဘာက သူ့ထိုင်ခုံမှာ ဝင်ထိုင်ရင်း ပြောလိုက်တယ်။

"ကျွန်တော်က အယ်လန်ပါ၊ ခင်ဗျားနာမည် ဘယ်သူပါလိမ့်၊ နာမည်ကို ကင် လို့ မှည့်တာများတယ် ထင်ပါရဲ့"

သူ့နာမည်က ဘာမှ အရေးမပါပါဘူးလို့ ဒရိုက်ဘာက ပြန်ပြောတယ်။ နာမည်က အရေးမပါပေမယ့် အလုပ်ကတော့ အင်မတန် အရေးပါ သလေ။ လူကြီးမင်းနှစ်ယောက် မနက် ကိုးနာရီတိတိမှာ ဟိုတယ်ရှေ့ ရောက်ရမယ်။ အဲဒီကနေ ဓာတ်ခွဲခန်း ကို ကားနဲ့ပို့မယ်။ ၁၆း၀၀ နာရီတိတိမှာ ဟိုတယ်ပြန်ပို့မယ်။ နေ့စဉ်နေ့တိုင်း အရေးပေါ်ကိစ္စများအတွက် အမည်မဲ့ ဒရိုက်ဘာဟာ ဓာတ်ခွဲခန်းရှေ့မှာ အမြဲရှိနေမယ်။

"လေဆိပ်က တယ်လှတယ်လို့ ကြားဖူးတယ်၊ မနက်ဖြန်လောက် များ

ကျွန်တော်တို့ ပတ်ကြည့်လို့ရမလား မစ္စတာအမည်မဲ့ ခင်ဗျ"

"မရဘူး... ဟိုတယ်နဲ့ ခေတ်ခွဲခန်းကြား သွားလာခွင့်ရှိတဲ့ တစ်ခုတည်းသောနေရာကတော့ အပြန်မှာ လူကြီးမင်းတွေ ဈေးဝယ်ဖို့ ပြုံယမ်း ရဲ့ အထင်ကရ ဈေးဝယ်စင်တာကြီးကို လိုက်ပို့ရန် ညွှန်ကြားထားခြင်းပဲ ဖြစ်တယ်"

"နည်းနည်းလေး ပိုသွားတာက ပြဿနာမရှိ---------"

"ပြဿနာကျိန်းသေပေါက်ရှိတာပေါ့"

ဒရိုက်ဘာဟာ အတော်မဖော်ရွေတဲ့ငနဲပဲ။ အယ်လန်ဟာ ကုတ်အင်္ကျီ အိတ်ကပ်ထဲကနေ ဟိုတယ်ကနှိုက်လာတဲ့ ခရိုးဆန့်ပေါင်မုန့်ကို ထုတ်လိုက်တယ်။ ဒရိုက်ဘာဟာ ဖုတ်ပြိတ္တာ တစ္ဆေကို မြင်လိုက်ရသလို ထွန့်ထွန့် လူးသွားပြီး ကားကို ချက်ချင်း ရပ်လိုက်တယ်။ ကားပေါ်မှာ အစားအသောက် စားခြင်းကို တင်းတင်းကြပ်ကြပ် တားမြစ်ထားတယ်လို့ ပြောတယ်။

"ခုချက်ချင်း ဒါကို အမှိုက်ပုံးထဲ ပစ်လိုက်ပါ

"ဘယ်လို၊ အစားအသောက်ကို ပစ်ရမယ် ဟုတ်စ၊ ဒါ အကြံ ကောင်းလို့များ ထင်နေသလား။ အယ်လန် သိတာ မမှားဘူးဆိုရင် ဒီတိုင်းပြည် မှာ အစားအသောက်ဟာ စစ်ရေးပြပွဲတွေလောက် ပေါပေါများများ မရှိဘူးဆို"

"ကြီးမြတ်လှစွာသော ခေါင်းဆောင်ကြီးရဲ့ ရင်နှစ်သည်းချာ တိုင်းသူပြည်သားတွေဟာ ငတ်ပြတ်နေသူ တစ်ယောက်မှ မရှိဘူး၊ ခုချက်ချင်း ပစ်လိုက်ပါ"

အယ်လန်ခမျာ အမည်မဲ့ ဒရိုက်ဘာရဲ့အမိန့်ကို နာခံရရှာ။

"အဲသလိုပြောလို့ မဆာရဘူးလို့တော့ မဆိုလိုဘူးခင်ဗျ" လို့ ဒရိုက်ဘာက ဆက်ပြောတယ်။

အဲဒီနောက် ဒရိုက်ဘာ့ပါးစပ်က နောက်ထပ်စကားတစ်ခွန်း ထွက်မလာမချင်း ဘယ်သူမှ ဘာမှမပြောကြတော့ဘူး။

"ကျွန်တော်တို့ ရောက်ပါပြီ ခင်ဗျ"

"ဪ... သာယာလှပတဲ့ ခရီးစဉ်အတွက် ကျေးဇူးတင်ပါတယ်ခင်ဗျ"

အယ်လန်က ဒရိုက်ဘာကို ပြန်ပြောလိုက်တယ်။

※

ဟိုတယ်မှာလိုပါပဲ။ ပလူတိုနီယမ်စက်ရုံမှာလည်း ကိုယ်ဆန္ဒရှိသလို ဝင်လို့ ထွက်လို့ ဘယ်ရလိမ့်မလဲ။ ဒါပေမဲ့ အဝင်ဂိတ်မှာသာ လုံခြုံရေးက တင်းကြပ်တာ။ ဖြတ်သွားတဲ့လူမှန်သမျှ စေ့စေ့စပ်စပ်ကို ရှာတော့တာပဲ။ "ကောင်းသောနေ့ပါ ခင်ဗျာ၊ ကျွန်တော်က အယ်လန်ကားလ်ဆန် ပါ၊ ခင်ဗျားက ကျွန်တော်တို့ဒရိုက်ဘာလို အမည်မဲ့တော့ မဟုတ်တန်ရာပါဘူးနော်"

အစောင့်က အယ်လန့်ကို သူ့မှာ နာမည်ကျိန်းသေပေါက်ရှိကြောင်း၊ သို့သော်လည်း သူ့ရဲ့ အဓိကရည်ရွယ်ချက်က မစ္စတာကားလ်ဆန်ရဲ့ အိတ်ကပ် တွေထဲ နှိုက်စမ်းစစ်ဆေးဖို့ဖြစ်ကြောင်း၊ စက်ရုံထဲကို မသင့်တော်တာတွေ

ယူသွားလို့မရကြောင်း ပြောတယ်။

သူနဲ့ သူ့မိတ်ဆွေ ဂျူးလီးယပ်စ်ဟာ မသင့်တော်တဲ့ အမျိုးအစားထဲ မပါဖို့ မျှော်လင့်ကြောင်း အယ်လန်က ပြန်ပြောလိုက်တယ်။ သူတို့သာ မသင့်တော်တဲ့စာရင်းသွင်းခံရမယ်ဆိုရင် အားလုံး ပြဿနာတက်ကုန်မှာ ဖြစ်ကြောင်း၊ ခုထိ အစောင့်မိတ်ဆွေရဲ့နာမည် မသိရသေးကြောင်း အယ်လန်က ပြန်ပြောတယ်။

"ကောင်းတယ် ကောင်းတယ်"

အစောင့်က အဲသလိုပြောရင်း စစ်ဆေးပြီးတဲ့ ဆွစ်လူကြီးကို ဝင်ခွင့်ပြု လိုက်တယ်။

မကြာခင်ကမှ အစီရင်ခံရလို့ မာလကီးယားသွားတဲ့ ညွှန်ကြားရေးမှူး နေရာမှာ အစားထိုးခံထားရသူ ပလူတိုနီယံစက်ရုံညွှန်မှူးကို တစ်နေကုန် အရည်မရ အဖတ်မရ အဓိပ္ပာယ်မရှိတာတွေပြောရင်း နှပ်ချဖို့ အယ်လန် စီမံထားတယ်။ စက်ရုံညွှန်မှူးဟာ မနေ့တစ်နေ့က သူတို့ကို နမ်ပိုဆိပ်ကမ်းမှာ လာတွေ့သွားတဲ့ မိတ်ဟောင်းဆွေဟောင်းပဲလေ။

ညွှန်မှူးနာမည် ဘယ်လိုခေါ်သလဲဆိုတာကို မေးလို့ကိုမရဘူး။ မြောက်ကိုရီးယားတွေဟာ နာမည်ပြောဖို့ အလွန်တရာ ဝန်လေးကြသူတွေ ထင်ပါရဲ့။

"ကျွန်တော့်ကို မစ္စတာအင်ဂျင်နီယာလို့ ခေါ်ပေါ့ဗျာ" "အိုး အဲသလိုလား။ ဒါဆို ကျွန်တော့်ကိုလည်း မစ္စတာ ကားလ်ဆန်လို့ ခေါ်ပေါ့ဗျာ

"အဲသလိုပဲ ခေါ်တာပဲလေ၊ မစ္စတာ ကားလ်ဆန်"

အမည်သညာ ခေါ်စရာကိစ္စ ပြေလည်ကြတဲ့အခါ အယ်လန်ဟာ တစ်နေ့တာ အချိန်ဖြုန်းဖို့ အားထုတ်ရတော့တယ်။ ဓာတ်ခွဲခန်းလို့ခေါ်နေတဲ့ ပလူတိုနီယမ်စက်ရုံကို သန့်ရှင်းအောင်ထားဖို့ အလွန်အင်မတန် အရေးကြီး ကြောင်း၊ နျူလက်နက်ထုတ်လုပ်ရေးဆိုတာ အင်မတန် အင်မတန် အရေးကြီးတဲ့ လုပ်ငန်းဖြစ်ကြောင်း၊ လာမယ့် နွေဦးပေါက်ဟာ အံ့မခန်း ကြည့်ချင်စဖွယ် သာယာလှပမယ်လို့ထင်ကြောင်း အကြာကြီးပြောနေတယ်။

အင်ဂျင်နီယာဟာ စိတ်မရှည် ဖြစ်လာတယ်။ ခု အလုပ်လုပ်ဖို့ အချိန်ရောက်ပြီ မဟုတ်ဘူးလားလို့ မေးတယ်။

"အလုပ်-ဟုတ်လား၊ ဒါ ကျွန်တော် စဉ်းစားနေတဲ့ကိစ္စပဲ၊ ကဲ ခုပဲ အလုပ်စကြစို့"

အယ်လန့်ရဲ့ ဘာမှ မရေရာတဲ့ လက်ပူတိုက် စီမံကိန်းကတော့ သူတို့နဲ့ အတူပါလာတဲ့ သန့်စင်ပြီး ယူရေနီယံတွေနဲ့အတူ သူနဲ့ ဂျူးလီးယပ်စ် ဒီတိုင်းပြည်က ထွက်သွားဖို့ပဲ။ ကောင်းတဲ့အချက်ကတော့ ယူရေနီယံ ထည့်ထားတဲ့ မြောက်ကိုရီးယားလုပ် လက်ဆွဲသေတ္တာဟာ ခေါင်းဆောင်ကြီး ရဲ့ နန်းတော်မှာ မဟုတ်တော့ဘဲ လိုရင်အသင့်သုံးရအောင် ဓာတ်ခွဲခန်း နံရံတစ်ဖက်မှာ အဆင်သင့်ရှိနေတာ မြင်နေရတာပဲ။

“ပထမဆုံးအနေနဲ့ သန့်စင်ရမယ့် ယူရေနီယံတွေကို ကြည့်ဖို့ အခွင့်တောင်းချင်တယ်”

“ဟင်.. ခု မြင်နေရတာပဲ ဘာကို ခွင့်တောင်းမှာလဲ” ဘာကိုခွင့်တောင်းမှန်း ကာယကံရှင် အယ်လန်လည်း သေချာမသိပါဘူး။ သူ ခိုးသွားရမယ့်ပစ္စည်းဟာ အစစ်အမှန်ဆိုတာ သေချာအောင် လုပ်ဖို့လိုသလေ။

“အညာမမိအောင်လို့ပေါ့ဗျ။ ဈေးကွက်ထဲမှာ ယူရေနီယံ အတုတွေ ဘယ်လောက်ပေါတယ်ဆိုတာ သိရဲ့လား မစ္စတာ အင်ဂျင်နီယာ”

အင်ဂျင်နီယာက ခေါင်းတယမ်းယမ်းနဲ့ ယူရေနီယံသေတ္တာကို ဖွင့်ပြလိုက်တယ်။

ယူရေနီယံက သိပ်သည်းဆသိပ်များတဲ့ သတ္တုပဲ။ ရေဒီယို ဓာတ်ရောင်ခြည်သင့်မှာ မပူရတဲ့ အမျိုးအစားပဲ။ အယ်လန် မြင်ရတာကတော့ ခဲနဲ့ပတ်ထားတဲ့ အုတ်နီခဲအရွယ် ယူရေနီယံတုံးလေးပဲ၊ သူက ယူရေနီယံရဲ့ အလျားနဲ့ အနံကို တိုင်းလိုက်တယ်။

“၂၈×၁၂ စင်တီမီတာ၊ ဒါဆို ခဲပတ်အတွင်းမှာ ယူရေနီယံသား ၂၇×၁၁ စင်တီမီတာ ရှိမယ်။ ဟုတ်ပြီ၊ ဂုဏ်ယူပါတယ် မစ္စတာ အင်ဂျင်နီယာ”

အင်ဂျင်နီယာဟာ ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ စစ်ဆေး တယ်ဆိုတာ ဒါပဲလား၊ ပြီးသွားပလား။

“ဖွင့်မကြည့်တော့ဘူးလား ခင်ဗျ၊ ပြီးသွားပလား”

“ဘာဖွင့်ကြည့်စရာလိုလဲ၊ အတိုင်းအထွာတွေ မှန်နေမင့်ဟာကို၊ နေဦး စိတ်ချရအောင် ချိန်ကြည့်လိုက်ဦးမယ်”

အယ်လန်က ယူရေနီယံတုံးကို ချိန်ကြည့်နေတယ်။

“မှန်ကန်တဲ့အလေးချိန်က ဘယ်လောက်တဲ့လဲ”

စက်မှာ နံပါတ်တွေ ပေါ်လာတဲ့အထိ အယ်လန်က ဘာမှ ပြန်မပြောဘူး။

“၅.၂၀ ကီလိုဂရမ်၊ ဟုတ်တယ် အမှန်ပဲ၊ ၈ မီလီမီတာ ခဲလွှာ အပါအဝင်ဆို မှန်ကန်တဲ့ အလေးချိန်ပဲ၊ နှစ်ခါပြန် ဂုဏ်ယူပါတယ် မစ္စတာ အင်ဂျင်နီယာ၊ ခင်ဗျားဟာ ကိုယ်ဘာလုပ်နေတယ်ဆိုတာကို ကျိန်းသေပေါက် သိတဲ့လူပါပဲ”

အင်ဂျင်နီယာခမျာ နားမလည်ရှာ။

“အဲဒီတော့ ဘာဖြစ်သလဲ ခင်ဗျ”

“ကဲလေ.. စကားများနေဖို့အချိန် မဟုတ်ပေဘူး၊ လက်ဆွဲသေတ္တာ ကို နေရာတကျ ပြန်ထားချေ၊ ရှေ့ဆက်လုပ်ရမှာတွေ အများကြီး၊ အချိန်က သိပ်ရတာမဟုတ်ဘူး”

ဟင်- သူချည်း စကားတွေ လိမ့်ပြောနေပြီးတော့ ဘယ်နဲ့ ငါ့အပြစ် ဖြစ်ရပြန်တာလဲလို့ အင်ဂျင်နီယာဟာ မတွေးဝံ့ တွေးဝံ့ တွေးနေမိရှာတယ်။ “ကဲ အခု ဘယ်နေရာရောက်နေပြီလဲ၊ ဓာတ်ခွဲခန်းကို သန့်ရှင်းအောင် ထားဖို့ အရေးကြီးကြောင်း ဆွေးနွေးပြီးပလား”

“ဟုတ်ကဲ့ … ခုတစ်ခါနဲ့ဆို နှစ်ခါပြန် ဆွေးနွေးပြီးပါပြီ”

“ယူရေနီယံဟာ အလေးချိန်မှန်ကန်ဖို့လိုကြောင်း ဆွေးနွေးပြီး ပလား”

“ခုလေးတင်ပဲ ခင်ဗျားလုပ်တာလေ မစ္စတာ ကားလ်ဆန်” ဂျူးလီးယပ်စ်ကတော့ အသံတစ်စက်မှ မထွက်ဘူး။ အယ်လန့်ထက် ပိုပြီး ကျွမ်းကျင်တဲ့လူတစ်ယောက် ရောက်လာပါစေလို့ ဆုတောင်းလို့လည်း ပြည့်မှာမှ မဟုတ်ဘဲလေ။

အသစ်ခန့်ထားတဲ့ စက်ရုံညွှန်မှူး ခေတ်ခွဲခန်းအင်ဂျင်နီယာဟာ ပျားတင်မက နကျယ်ရော ကမျဉ်းနီကောင်ပါ အုံလိုက်ကျင်းလိုက် တုပ်ခံနေ ရပြီ။ သူ့အနာဂတ်ဟာ အယ်လန်ကားလ်ဆန်ရဲ့ အလုပ်ပေါ် လုံးလုံးလျားလျား မှီခိုနေတယ်ကိုး။ ဆိပ်ကမ်းမှာတွေ့ပြီး ခေါင်းဆောင်ကြီးဆီ အစီရင်ခံတော့ ဒီအဘိုးကြီးဟာ တကယ့်ပါရဂူကြီးလို့ သူပြောထားမိတယ်လေ။

ပလူတိုနီယံစက်ရုံဟာ ထုတ်လုပ်သင့်တဲ့ပစ္စည်းကို မထုတ်လုပ်နိုင် ဘူး။ မထုတ်လုပ်နိုင်ဆို ပေးပါ့မယ်လို့ အာမခံထားတဲ့ မွေစက်ကို ရုရှားတွေက ပေးမှမပေးဘဲ။ ဒါကြောင့် နောက်ဆုံး ကောက်ရိုးမျှင်အနေနဲ့ ယူရေနီယံဘက် ဦးလှည့်ရတာ။

အဲဒီ ရုရှားတွေ ဆက်သွယ်ပေးမှုနဲ့ပဲ အာဖရိက က ယူရေနီယံ နမူနာကလေး ခုရလာပြီ။ ပြီးတော့ ရှေးခေတ်က နျူလက်နက်ပါရဂူ ဆိုတာကြီးလည်း ခုရောက်နေပြီ။ လက်ရှိယူရေနီယံကို ငါးဆကနေ ဆယ်ဆ ထိ အားပိုပြင်းစေနိုင်တဲ့ ဟက်အိုင်ဆို စတက်ဖိအား ၁၂၀၀ နည်းပညာတဲ့။ အင်ဂျင်နီယာဟာ နလပိန်းတုံးတော့ မဟုတ်ဘူး။ ဒါပေမဲ့ သူ ဘယ်လိုကြိုးစား လေ့လာလေ့လာ အဲဒီနည်းပညာဆိုတာကြီးကို တစ်စက်ကလေးမှတောင် မသိဘူးဖြစ်နေတယ်။ အင်းလေ နောက်ငါးရက်ကြီးများတောင် ကျန်သေးတာ ပဲ။ မနက်ဖြန်တော့ ဒင်းကြီးဘာလုပ်မလဲ ကြည့်ကြသေးတာပေါ့။

※

ဈေးဝယ်ထွက်ဖို့ရန် ဂျူးလီးယပ်စ်က နောက်ခန်း၊ အယ်လန်က ရှေ့ခန်း အသီးသီး ကားပေါ် နေရာယူကြပြီးတဲ့တစ်ကာလ ဘယ်သူမှ စကားမပြောဖြစ်ဘဲ ထွက်လာခဲ့ကြတယ်။ အယ်လန်ဟာ စဉ်းစားခန်းဝင်နေတယ်။ ခဏနေတော့ ဂျူးလီးယပ်စ်ကို ဆွဲဒင်လို လှည့်ပြောတယ်။

“ဒီမယ် ကျုပ် ဘာရထားလဲ ခင်ဗျားသိလား”

ဂျူးလီးယပ်စ်က မျက်လုံးတစ်ဖက် ဖွင့်ကြည့်တယ်။

“မသိဘူး ဘာရထားသလဲ”

“အစီအစဉ်တစ်ခု”

မေးနေတဲ့ ဂျူးလီးယပ်စ်ဟာ ဝုန်းခနဲ ထထိုင်လိုက်တယ်။

“ဒီတိုင်းပြည်ထဲက ထွက်ဖို့လား”

“ဟုတ်တယ်လေ၊ ခင်ဗျားပဲ အဲသလို ဖြစ်ချင်လှချည်ရဲ့ဆို၊ နေပါဦး ခု

စိတ်ပြောင်းသွားပြီလား”

နောက်ခန်းမှာထိုင်နေတဲ့ အယ်လန့်မိတ်ဆွေဟာ သူစိတ်မပြောင်းရပါကြောင်း အသေအချာပြောတယ်။ ဘာအစီအစဉ်လဲ။ ဘာများလဲ။ ပြောပါဦး။

အယ်လန့်အကြံက အင်ဂျင်နီယာကို လှည့်ဖျားပြီး သူတို့ချည်းရှိအောင်လုပ်မယ်။ ပြီးရင် ယူရေနီယံသေတ္တာကို ယူမယ်၊ လုံခြုံရေးဂိတ်ကို ဖြတ်မယ်။ ဒရိုက်ဘာကို သူ လိုက်ပို့ဖို့ ဘယ်တုန်းကမှ သဘောမတူတဲ့ လေဆိပ်ကို မောင်းပို့ခိုင်းမယ်။

“အလို... ဒါ ခင်ဗျားအစီအစဉ်လား” “အင်း.. တိုတိုပြောရရင် ဟုတ်တယ်” “ကဲ ဟုတ်ရင်ပြောပါဦး၊ ယူရေနီယံကို ဘယ်လိုယူမလဲ၊ အဲဒါကြီးနဲ့ လုံခြုံရေးဂိတ်ကို ဘယ်လိုဖြတ်မလဲ၊ ဒရိုက်ဘာကို လေဆိပ်ကို ဘယ်လိုမောင်းပို့ ခိုင်းမလဲ၊ လေဆိပ်ကလူတွေမသိအောင် နိုင်ငံခြားရေးဝန်ကြီးရဲ့ လေယာဉ်ပေါ် ဘယ်လိုတက်မလဲ”

အို-အသက်က ကြီးလှပြီ။ ဦးနှောက်က အိုလှပြီ။ မေးခွန်းအများကြီး တစ်ပြိုင်နက်မေးလို့ ဘယ်ဖြစ်မလဲလို့ အယ်လန်က ပြောလိုက်တယ်။

ပြုံယမ်းရဲ့ အကြီးဆုံး ဈေးဝယ်စင်တာကြီးဆိုတာ တကယ့်အကြီးဆုံး ကနာမည်ကိုး။

လေးထပ်အဆောက်အဦဖြစ်တဲ့ ဈေးဝယ်စင်တာဟာ ဈေးဝယ်သူက မရှိသလောက်ပဲ။ ခြောက်ကပ်လို့ပဲ။

အထပ်တိုင်း အထပ်တိုင်း အယ်လန်နဲ့ ဂျူးလီးယပ်စ်နောက်ကို အမည်မဲ့ဒရိုက်ဘာက ထပ်ချပ်ကွာ လိုက်လို့လာတယ်။

မြေညီထပ်က ယောကျ်ားဝတ်နဲ့ မိန်းမဝတ် အဝတ်အစားတွေ၊ ယောကျ်ားဝတ်က ရှိပြီးသား၊ မိန်းမဝတ်က မလိုအပ်ဘူး။

ဒုတိယထပ်က ရှူးတွေ၊ ကုတ်တွေ၊ လက်အိတ်တွေ၊ အိတ်တွေ ရောင်းတယ်။ ခေါင်းဆောင်ကြီးက ဘောလ်ရှင်းမယ်လို့ပြောထားတဲ့အတွက် ဂရိတ်ကုတ်ကြီး တစ်ယောက် တစ်ထည်တော့ တွယ်မှဖြစ်မယ်။ အပြင်မှာက စိမ့်တိမ့်တိမ့်နဲ့ကိုး။

ကုတ်တွေနားက စင်ပေါ်မှာတော့ လက်ဆွဲသေတ္တာ အလုံးလေးဆယ်လောက် တင်ထားတယ်။ တစ်ပုံစံတည်းပဲ။ ဟို ယူရေနီယံထည့်တဲ့ သေတ္တာ နဲ့လည်း ချွတ်စွပ်။ ကြည့်ရတာ မြောက်ကိုရီးယားမှာ လက်ဆွဲသေတ္တာဆိုရင် ဒီပုံစံပဲ ရှိတယ်နေမယ်။

“တွေ့လား ဂျူးလီးယပ်စ် ကွန်မြူနစ်စနစ်မှာလည်း ကောင်းကွက်ကလေးတွေ ရှိသားဗျ”

အယ်လန်က လက်ဆွဲသေတ္တာတစ်လုံးကို လှမ်းယူရင်း ပြောလိုက်တယ်။

ဂျူးလီးယပ်စ် သိလိုက်ပြီ။ အယ်လန်ဟာ သေတ္တာချင်းလဲမယ့် အကွက်အတွက် ကြိုတင်ကြံစည်နေပြီကိုး။ တတိယထပ်က ဘာမှ စိတ်ဝင်စားစရာ

မရှိဘူး။ ကစားစရာတွေ၊ စာရေးကိရိယာတွေ၊ ပန်းချီဆွဲတဲ့ပစ္စည်းတွေ။ အယ်လန်က ရှေ့က၊ ဂျူးလီးယပ်စ်က သူ့နောက်က၊ ဂျူးလီးယပ်စ်ရဲ့ အနောက်မှာတော့ ပျင်းနေပုံရတဲ့ အမည်မဲ့ဒရိုက်ဘာ။ စတုတ္ထထပ်မှာတော့ ဂျူးလီးယပ်စ်ဟာ ခဲပလာစတာတိပ်ခွေကြီး တစ်ခွေကို ကောက်ကိုင်လိုက်တယ်။

“ဒါယူမယ်မဟုတ်လား အယ်လန်”

“တော်တယ် တော်တယ်၊ ကဲ ဈေးဝယ်လို့ပြီးပါပြီ”

※

မြေညီထပ် ငွေရှင်းကောင်တာမှာ အမျိုးသမီးငယ်ကလေးတစ်ယောက်ရှိတယ်။ အယ်လန်နဲ့ ဂျူးလီးယပ်စ်က ကုတ်ကြီးတွေ၊ လက်ဆွဲသေတ္တာ၊ ခဲပလာစတာခွေတွေကို ကောင်တာပေါ်တင်တယ်။ ဒရိုင်ဘာက ကျသင့်ငွေကို ခေါင်းဆောင်ကြီးဆီပို့ဖို့ ပြောလိုက်တဲ့အခါမတော့ ကောင်မလေးဟာ တစ်ခါတည်း မေ့လဲသွားတော့တယ်။ ဒရိုက်ဘာက လဲကျနေတဲ့ ကောင်မလေး ကို ထူပေးရင်း ဆွစ်လူကြီးမင်းများကို ဒီလိုပြောရင် ဒီလိုဖြစ်မယ်ဆိုတာ သူ အစတည်းက သိသင့်ကြောင်း တောင်းပန်နေတယ်။

ဟိုတယ်အပြန်ခရီးမှာ ဒရိုက်ဘာက . . နောက်ခန်းက ဂျူးလီးယပ်စ်နဲ့ ရှေ့ခန်းက အယ်လန့်ကို ဖိဖိစီးစီးပြောတာကတော့ မနက်စာတွေကို ကားထဲ ယူမလာခဲ့ဖို့ပဲ။

“ဟင် ကင်ချီလေးတောင် ယူလာလို့မရဘူးလား”

“အဲဒီ ကင်ချီက အဆိုးဆုံး”

“ကောင်းပါပြီ မစ္စတာ အမည်မဲ့။ ကျုပ်တို့ စောစောထပြီး ဗိုက်ဝ အောင်စားပါ့မယ်၊ နောက်တစ်ခါထပ်တွေ့ချိန်မှာ ကျန်းမာနေကောင်းအောင် ပေါ့”

အယ်လန်ဟာ တစ်ညနေလုံး တက်ပလက်နဲ့ အလုပ်ရှုပ်နေတယ်။ ဒီတစ်ခါတော့ စာရွက်နဲ့ ဘောလ်ပင်လည်းပါတယ်။ ခေတု ဖော်မြူလာတွေ ကို သူ ချရေးနေပုံပဲ။ ဟင် ဟမ် နဲ့ အသံက ထွက်နေသေးတယ်။ ဂျူးလီးယပ်စ်ကတော့ ခဲပလာစတာနဲ့ပတ်ဖို့ ပစ္စည်းလိုက်ရှာနေတယ်။ နောက်ဆုံးတော့ မျက်နှာသစ်ရေအင်တုံအနားမှာ ချထားတဲ့ ရေချိုးခန်းသုံး ပစ္စည်း စုံစီနဖာပါတဲ့ ဘူးမည်းကလေးကို တွေ့သွားတယ်။

“ဟာ ကောင်းတယ်၊ အလေးချိန်ရော အတိုင်းအထွာရော ကွက်တိပဲဗျ” လို့ အယ်လန်က သူ့မိတ်ဆွေကို မြှောက်ပေးလိုက်တယ်။

တကယ်ပဲ အဲဒီ ဘူးမည်းဟာ ယူရေနီယံတုံးနဲ့ ကွက်တိတူတယ်။ အလေးချိန်ကတော့ နည်းနည်းလျော့မယ်။ ဒါပေမဲ့ လုံခြုံရေးအစောင့်ဟာ ဒီလောက်တော့ သိမယ်မထင်။

သန်းခေါင်နားနီးမှ အယ်လန် လေ့လာနေတာတွေ ရေးချွတ်နေ တာတွေ ပြီးသွားတယ်။

“ကဲ မနက်ဖြန်တော့ အင်ဂျင်နီယာနဲ့ ကျုပ် တွေ့ကြပြီပေါ့ကွာ”

※※※

(၂၀) မြောက်ကိုရီးယား

အယ်လန့်မှာ အစီအစဉ်တစ်ခု ရှိနေတာတော့ သေချာပါတယ်။

အဲဒီအစီအစဉ်မှာ ဂျူးလီးယပ်စ်ကလည်း တစ်တပ်တစ်အား ပါဝင်အားဖြည့်တာ အမှန်ပါပဲ။ ဒါပေမဲ့ အိမ်ဖြည့်လောက် ပါတယ်ဆိုရုံ ပါတာပါ။ အယ်လန့်အစီအစဉ်က ဘာမှန်းမှ သူ သေချာမသိဘဲကိုး။

နောက်တစ်နေ့မနက် ထမင်းစားခန်းထဲရောက်တော့ အယ်လန်ဟာ လက်ဖက်ရည်ဇွန်းကလေးတွေ အပြည့် ထည့်ထားတဲ့ အဖုံးပိတ်လို့ရတဲ့ ပလတ်စတစ်ဘူးကို မြင်တယ်။ အဲဒီဘူးကို ယူမှဖြစ်မယ်။ ဒါကြောင့် အထဲက ဇွန်းတွေကို စားပွဲပေါ် မှောက်ချလိုက်တယ်။ အယ်လန် လုပ်နေတာကိုမြင်တဲ့ စားပွဲထိုးမလေးတစ်ယောက်ဟာ အပြေးအလွှားရောက်လာပြီး ဘာလုပ်နေတာလဲလို့ မေးတယ်။

"ဟာ-ဒီဘူးရဖို့အရေးကြီးတယ်။"

"ဂျူးလီးယပ်စ်ရေ ဘာလီမှာတုန်းက အင်ဒိုနီးရှား ဟိုတယ်မန်နေဂျာဆီကနေ ခင်ဗျား ခိုးထားတဲ့ ရွှေရောင် မီးခြစ်ကလေး သူ့ကို ပေးလိုက်စမ်းပါ။ လာဘ်ထိုးရမယ်"

ဂျူးလီးယပ်စ်က ပြောတဲ့အတိုင်းလုပ်တယ်။ စားပွဲထိုးမကို မီးခြစ် လာဘ်ထိုးနေရင်းနဲ့ . . .

"ကျွန်တော် မခိုးပါဘူး၊ ကျွန်တော့်အိတ်ကပ်ထဲ ပါလာတာပါ" လို့ ခိုင်ခိုင်မာမာ ပြောတယ်။

စောရနက္ခတ်ဆိုတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဒုက္ခခံ ဆွေးနွေးဖို့ ဇာတ်လမ်းစမနေတော့ပါဘူး။ ရွှေရောင်မီးခြစ်ရလို့ အပျော်လွန်နေတဲ့ စားပွဲထိုးမလေးကိုပဲ သူပြောနေတယ်။

"ဒီဘူးထဲကို နို့နဲ့ မူစလီ မုန့်ကြွပ်လေးတွေ ထည့်ပေးပါ။ အဖုံး သေချာပိတ်ပြီး ခုနက မီးခြစ်ပေးတဲ့လူကို ဘူးပေးလိုက်ပါ"

စားပွဲထိုးမလေးဟာ ခုနကရထားတဲ့ ရွှေရောင်မီးခြစ်ကြောင့် အယ်လန့်စကားကို တစ်သဝေမတိမ်း နားထောင်တယ်။

"နို့နဲ့ မူစလီမုန့်ကြွပ်တဲ့လား... ကျွန်တော်တို့ ဒရိုက်ဘာတော့ ဘယ်လိုနေမယ်မသိဘူး"

"ကျုပ်လည်း ဒါကိုပဲ ရည်ရွယ်တာ"

နို့နဲ့ မူစလီဘူးက ဒရိုက်ဘာကို ကားထဲက ထွက်စေဖို့ ရည်ရွယ်ပြီး လုပ်ခိုင်းထားတာ။ အယ်လန်ရော ဂျူးလီးယပ်စ်ရော အအို အရွဲ့တွေ မဟုတ်လား၊ အားကောင်းမောင်းသန် ဒရိုက်ဘာကို ကားထဲက ဆွဲထုတ်ဖို့ မဖြစ်နိုင်ဘူးလေ။ အချက် နှစ်ချက်ဟာ အင်မတန် သေချာနေတာကိုး။

(၁) ဒရိုက်ဘာဟာ သူ့သဘောနဲ့သူ ကျွန်တော် ရှောင်ပေးပါ့မယ် ခင်ည ဆိုပြီး ကားထဲက ထွက်သွားမှာမဟုတ်ဘူး။

(၂) သူတို့ ဘယ်လောက်ပဲ ကြိုးစားကြိုးစား ဒရိုက်ဘာဟာ လေဆိပ်ကို လိုက်ပို့ရန်လမ်းမမြင်။

ထမင်းစားခန်းထဲကို မဒမ် ဗော့စတွန်း ရောက်လာတယ်။ ကော်ဖီနဲ့ ပြင်သစ် - ကိုရီးယား စပ်ကြား ခရိုးဆန့် ပေါင်မုန့်ကိုစားရင်း ဒီနေ့ အချိန်မရဘူးလို့ ပြောတယ်။ ပဝါလေးတစ်ခုနဲ့ထုပ်ထားတဲ့ သံတမန်နိုင်ငံကူး လက်မှတ်တွေကို ပေးတယ်။

"မဒမ်နိုင်ငံခြားရေးဝန်ကြီးခင်ဗျ၊ ထွက်ခွာဖို့က ဘယ်အချိန်များ ပါလိမ့်၊ ကျွန်တော်တို့ ဒီနေ့ လုပ်စရာလေးတွေ အများသားပဲ၊ ထွက်ခွာချိန်ကို သိထားတာ ကောင်းမယ်ခင်ဗျ"

ကင်ဂျုံအန်က ဆွေးနွေးပွဲပြီးပြီးချင်း ချက်ချင်းထွက်ခွာဖို့ အမိန့်တော် ချမှတ်ထားတယ်လို့ မဒမ်နိုင်ငံခြားရေးဝန်ကြီးက အယ်လန်တို့ကို ပြောပြတယ်။

"တိုတိုပြောရရင်တော့ သူက ကျွန်မကို ဘာမှဆက်လုပ်ခွင့် မပေး တော့ဘူး။ သမ္မတ ထရမ့်ကတော့ ပြန်ရောက်ရောက်ချင်း သူ့ကို လာပြီး ရှင်းပြဖို့ ကျွန်မကို အမိန့်ပေးထားတယ်။ လေဆိပ်ကသတင်းအရတော့ ကျွန်မရဲ့ လေယာဉ်ဟာ ၁၅:၃၀ နာရီတိတိမှာ ထွက်ရလိမ့်မယ်"

"ဟင် ဒီနေ့လား"

ဂျူးလီးယပ်စ်က စိတ်လှုပ်ရှားစွာနဲ့ မေးလိုက်တယ်။

"အမေရိကန်သမ္မတလေးက ဘာကို ရှင်းပြစေချင်တာလဲ"

အယ်လန်ကလည်း မေးလိုက်တယ်။

"ရှင်းပြရမယ့်အထဲမှာ ရှင့်နာမည်မပါဘူးလို့ ကျွန်မ မပြောနိုင်ဘူး မစ္စတာကားလ်ဆန်"

နိုင်ငံခြားရေးဝန်ကြီးဟာ နွမ်းလျ ဝမ်းနည်းနေပုံပဲ။ သူ့ကိုကြည့်ပြီး ဂျူးလီးယပ်စ်က သနားမိတယ်။ ဒါပေမဲ့ သူမလည်း သူ့ကိုယ်သူ သနားနေ ရသေးတယ်လေ။

"၁၅း၃၀ နာရီနော်၊ အချိန်မီရောက်မယ်လို့ မျှော်လင့်ပါတယ်ရှင်" တကယ်တော့ မစ္စတာကားလ်ခ တာကားလ်ဆန်နဲ့ မစ္စတာဂျွန်ဆင်ကို နောက်တစ်ခါ ထပ်တွေ့ရပါ့မလားဆိုတာ သူ့ကိုယ်သူလည်း သိပ်မသေချာ။

ဂျူးလီးယပ်စ်ကလည်း မသေချာပါဘူး။

"ဒီနေ့နော်- ကျွန်တော်တို့ ဘယ်လိုများ-

"ဂျူလီ၊ တော်တော့၊ အလုပ်ဖြစ်ရင် ဖြစ်တယ်လို့မှတ်၊ မဖြစ်ရင် မဖြစ်ဘူးလို့မှတ်၊ တခြားလုပ်စရာတွေရှိသေးတယ်၊ သွားမယ်၊ ကိုးနာရီထိုးပြီ၊ မုစလီဘူးယူခဲ့"

"ဒီမယ် ကျွန်တော့်နာမည် ဂျူလီမဟုတ်ဘူး"

※

ပလူတိုနီယံစက်ရုံ လုံခြုံရေးဂိတ်ဟာ အင်မတန် တင်းကျပ်တယ် ဆိုတာ သိခဲ့ပြီးပြီ။ ဂိတ်ဝက ဖြတ်ဝင် ဖြတ်ထွက်တဲ့ ဘယ်သူ့ကိုမဆို စစ်မှာဆေးမှာပဲ။

ဒုတိယနေ့မှာ ဂိတ်ဝကို ကုတ်ကြီးကိုယ်စီဝတ်ပြီး အယ်လန်နဲ့ ဂျူးလီးယပ်စ် နှစ်ယောက်သား ရောက်လာကြတယ်။ ထုံးစံအတိုင်းပဲ အစောင့် က နှိုက်နှိုက်ချွတ်ချွတ် ရှာတယ်။

ကားလ်ဆန်က လက်ဆွဲသေတ္တာတစ်လုံး ဆွဲလာသေးတယ်။ အထဲ မှာ အထုတ်တစ်ထုတ်ရယ်၊ လက်ရေးနဲ့ရေးထားတဲ့ စာရွက်တစ်ထပ်ကြီးရယ် ပါတယ်။

"ဒါတွေက ဘာတွေလဲ"

"ဒါတွေက ဂုဏ်ယူထိုက်တဲ့ ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ ရဲ့ ချူကလီးယားအနာဂတ်တွေလေ"

အစောင့်ဟာ စာရွက်ထပ်ကြီးကို ကြောက်ကြောက်လန့်လန့်နဲ့ ပြန်ချထားလိုက်တယ်။ လက်ဆွဲသေတ္တာထဲက အထုပ်ကို လက်ညှိုးထိုးပြီး . . .

"ဒါကရော ဘာလဲ"

မေးပြီးတာနဲ့ အထုတ်ကို ဖြေတယ်။

"ရေချိုးခန်းသုံးပစ္စည်းတွေခင်ဗျ၊ မစ္စတာအင်ဂျင်နီယာအတွက် လက်ဆောင်ပေါ့၊ ဒါပေမဲ့ သူမသိစေနဲ့၊ အံ့ဩဝမ်းသာသွားစေချင်လို့ပါ"

ဟင် ဘာလဲ၊ ဘာတွေပြောနေတာလဲ၊ ဘာများလဲ၊ ဘာအဓိပ္ပာယ် လဲ။

လုံခြုံရေးအစောင့်ကို အမြဲသံသယရှိနေစေဖို့ လေ့ကျင့်ပေးထားတာ။ ဒါကြောင့် အထုပ်ကို သတိဝီရိယကြီးစွာနဲ့ ဖြေလိုက်တယ်။ အထဲက ဘူးမည်းထဲမှာ မုတ်ဆိပ်ရိပ်တံရယ်၊ မုတ်ဆိပ်ရိပ်ခရင်မ်ရယ်၊ ဆပ်ပြာရယ်၊ ရှန်ပူရယ်၊ ကွန်ဒီရှင်နာရယ်၊ ဘီးရယ်၊ သွားပွတ်တံရယ်၊ သွားတိုက်ဆေးရယ် ပါတယ်။ ဘာရမလဲ။ ဖောက်ပြီး စစ်ဆေးမယ်။

"ဘယ်နှယ့်လဲ သူကြိုက်ပါ့မလား"

သွားတိုက်ဆေးဟာ သွားတိုက်ဆေးနံ့ ရတယ်၊ ရှန်ပူဟာ ရှန်ပူနံ့ ရတယ်၊ မုတ်ဆိပ်ရိပ်တံဟာလည်း မုတ်ဆိပ်ရိပ်တံလိုပဲ။

"မသိဘူး-ဒါတွေ အထဲယူသွားလို့ဖြစ်ပါ့မလား"

အစောင့်က ဝေခွဲမရဘဲ ပြောလိုက်တယ်။

"ပြန်ပြီးထုပ်ပိုးပေးပါနော်၊ မစ္စတာအင်ဂျင်နီယာက အချိန်မရွေး ရောက်လာတော့မှာ၊ ပစ္စည်းတွေ ပြန့်ကြဲနေရင် ဘယ်ကောင်းမလဲ"

ပြောတုန်းဆိုတုန်းပဲ မစ္စတာအင်ဂျင်နီယာဟာ အမောတကော ရောက်လာတယ်။

"ဘာတွေဖြစ်နေတာလဲ၊ လွန်ခဲ့တဲ့ ဆယ်မိနစ်ထဲက အလုပ်စရမှာလေ၊ အစောင့်ဟာ ပျာယာခတ်သွားတယ်။ လက်ဆောင်ထုပ်ကို အမြန် ပြန်ပိတ်ပေးနေတယ်။

အယ်လန်ကတော့ အင်ဂျင်နီယာကို လုံခြုံရေးအစောင့်ဟာ အင်မတန်

တာဝန်သိတတ်ကြောင်း၊ သူ့ကို ရာထူးတိုးပေးသင့်ကြောင်း၊ လုံခြုံရေးမှူးလောက်တော့ အနည်းဆုံးဖြစ်သင့်ကြောင်း၊ ခုလောလောဆယ် သူ့တစ်ယောက်တည်းရှိနေပြီး ဘယ်သူ့ကိုမှ ခေါင်းမဆောင်ရသေးပေမယ့် လုံခြုံရေးခေါင်းဆောင်ဆိုတဲ့ ရာထူးဟာ သူနဲ့လိုက်ဖက်ကြောင်း ပြောနေတယ်။

ဒီကားလ်ဆန်ဟာ မနေ့ကလိုပဲ အရည်မရ အဖတ်မရတွေ ပြောဦးမှာလား၊ ဒီနေ့တော့ ဒီလိုလုပ်ခွင့်ပြုလို့မဖြစ်ဘူး။

"လာ သွားကြမယ်"

အယ်လန် စကားရှည်နေတဲ့အတွက် အစောင့်ဟာ လက်ဆောင်ထုပ် ကို ခဲပလာစတာနဲ့ ပါကင်ပြန်ထုတ်လိုက်နိုင်တယ်။ အချိန်မီပဲ လက်ဆွဲ သေတ္တာထဲ ပြန်ထည့်ပေးလိုက်တယ်။ တခြားမသင်္ကာစရာ ဘာမှမတွေ့၊ နို့နဲ့ မူစလီဘူးက ကားနောက်ခန်းမှာ၊ တက်ပလက်က အယ်လန်ထိုင်တဲ့ ရှေ့ခုံပေါ်မှာ ချန်ထားခဲ့တာကိုး။ အယ်လန်ရယ်၊ ဂျူးလီးယပ်စ်ရယ်၊ အင်ဂျင်နီယာရယ် ဝင်သွားတာကို အစောင့်ဟာ ငေးငေးရီရီ ကြည့်နေရှာတယ်။ လုံခြုံရေးခေါင်းဆောင်တဲ့လား၊ အင်း- တစ်ခုခုတော့ တစ်ခုခုပဲလို့ သူ တွေးနေမိတယ်။

※

အင်ဂျင်နီယာဟာ သူတို့နှစ်ယောက်ကို ဧတ်ခွဲခန်းထဲ တန်းပို့တယ်။ ပထမနေ့အပြီးမှာ ကြီးမြတ်လှစွာသော မဟာခေါင်းဆောင်ကြီးကို သတင်း ပို့တဲ့အခါ ဆွစ်ပါရဂူကြီးရဲ့ အသိဉာဏ်ပညာ ဗဟုသုတတွေဟာ ဖြည်းဖြည်း ချင်း စိမ့်ထွက်နေကြောင်း၊ ဒါပေမဲ့ လမ်းကြောင်းမှန်ပေါ်မှာရှိနေကြောင်း၊ သူဟာ အသက်တစ်ရာကျော်နေပြီမို့ သူ့အရှိန်နဲ့သူ အလုပ်လုပ်နေတာကို ခွင့်ပြုသင့်ကြောင်း တင်ပြတာကို ခေါင်းဆောင်ကြီးက သဘောတူခဲ့တယ်။ ဒါကြောင့် နောက်ထပ် ငါးရက်ထပ်ရတယ်။ ဒါကြောင့် အချိန်တွေအများကြီး ရှိသေးတာပဲ။

အယ်လန်ဟာ မနေ့ညကမှ ပူပူနွေးနွေး ဒရောသောပါး ရေးလာတဲ့ မှတ်စုစာရွက်အထပ်လိုက်ကြီးကို အင်ဂျင်နီယာ့စားပွဲပေါ် တင်လိုက်တယ်။ "ကဲ ကြည့်ကြစို့၊ ကျုပ်တို့တုန်းကတော့ ကွဲပွားခြင်းဟာ အားလုံးရဲ့ အဖြေဖြစ်ခဲ့တာပဲဗျ၊ ခုတော့ ကွဲပွားခြင်းနဲ့ ပေါင်းစပ်ခြင်းကို အချိုးညီ ကျင့်သုံးနေကြပြီပဲ၊ မစ္စတာအင်ဂျင်နီယာ ဒါတွေသိပြီးသားနေမှာပါ"

အင်ဂျင်နီယာဟာ နည်းနည်းဖြူသွားတယ်။ ဟုတ်တယ်။ တကယ်ပဲ အဘိုးကြီး လုပ်ချလာပြီ။ အနည်းဆုံးတော့ သူ့မှတ်စုတွေကို လေ့လာလို့ရပြီ။ ဟုတ်ပြီ။ ဟုတ်ပြီ။

"ချောင်းကြည့်မနေနဲ့ မစ္စတာ အင်ဂျင်နီယာ၊ ဖြည်းဖြည်းသွားမှ၊ သိပ်မြန်ရင် မှားကုန်လိမ့်မယ်"

မြန်မြန်လုပ်ရင် မှားကုန်မယ်ဆိုပဲ၊ မကြားဖူးပါဘူး၊ ထားပါတော့ လေ၊ စိတ်ရှည်ရှည်ထားမှရမယ်။

အယ်လန်က ဆက်ပြောတယ်။

“”ခု ခင်ဗျားလက်ထဲက ယူရေနီယံကို ဘယ်လို ဖိအားမျိုးပေးမယ်ဆိုတာ ဘယ်လောက်ဖိအား ပေးမယ်ဆိုတာ ဒီကိစ္စလုပ်ရမယ်”

“ဟုတ်ကဲ့ ကျွန်တော်သိပါတယ်၊ ပါရဂူကြီးက အဖြေသိပြီးသား ဖြစ်မှာပါ၊ အဲဒီအကြောင်း မှတ်စုတွေထဲမှာ ပါတယ်မဟုတ်လား ခင်ဗျ” အယ်လန်က အင်ဂျင်နီယာ့ကို မေးတေးတေး ကြည့်လိုက်တယ် ။ သူပြောနေတာကို တပည့်ဖြစ်သူ မစ္စတာအင်ဂျင်နီယာ လိုက်မမီမှာ စိုးထိတ် လှကြောင်း ပြောလိုက်တယ်။

အင်ဂျင်နီယာကလည်း ပါရဂူကြီးအနေနဲ့ ဒီအတွက် စိတ်မပူသင့် ကြောင်း၊ ပါရဂူကြီး မစ္စတာကားလ်ဆန်ရဲ့ သင်ကြားပြသမှု နှုန်းထားကို ကလေးတောင် လိုက်မီကြောင်း၊ ဒီပညာရပ်ကို ဆယ်စုနှစ်တစ်ခုစာ ဆည်းပူး ခဲ့ပြီးကြောင်း ပြန်ပြောတယ်။

“ဒါပေမဲ့ ရလဒ်က အကန့်အသတ်ရှိတယ် မဟုတ်လား” အယ်လန်က ပြောပြောဆိုဆိုနဲ့ သူ့ကို ခွင့်ပြုပါဦးလို့ လုပ်လာတယ်။ အပြင်က ဒရိုက်ဘာကို ပြောစရာရှိလို့တဲ့။ ချက်ချင်း ပြန်လာခဲ့မယ်လို့ပြောရင်း ပြန်ထွက်သွားတယ်။

ဘတ်သီးအော်ပရေးရှင်းတော့ စပြီဆိုတာကို ဂျူးလီးယပ်စ် သိလိုက်တယ်။ အယ်လန့်ကို ငေးကြည့်နေတဲ့ အင်ဂျင်နီယာကို သူက ပခုံးတွန့်ပြ လိုက်တယ်။

“ပါရဂူကြီးဟာ အမြဲ သူ့နည်းလမ်းနဲ့သူ အလုပ်လုပ်တာပါ ဒါပေမဲ့ အမြဲအလုပ်ဖြစ်ခဲ့တာပဲဗျ” လို့ သူဝင်ပြောလိုက်တယ်။

“ကံကောင်းခဲ့ရင်ပေါ့” လို့ စိတ်ထဲက ဆက်ပြောနေမိတယ်။

၁၀၁ နှစ်အဘိုးကြီးဟာ ကုတ်အင်္ကျီဝတ်၊ လက်ဆွဲအိတ်ဆွဲပြီး ဂိတ်ဝကို ဖြတ်မလို့လုပ်တဲ့အခါ အစောင့်ဟာ ကုလားထိုင်ကနေ ဝုန်းခနဲ ထရပ်ပြီး အော်တယ်။

“ရပ်-ခုချက်ခြင်းရပ်၊ ဘယ်သွားမလို့လဲ မစ္စတာကားလ်ဆန်” “ဩော်... ကျုပ် ဒရိုက်ဘာကို အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောစရာရှိလို့ပါ”

ကားလ်ဆန်က သူ့ကို ရာထူးတိုးပေးဖို့အကြံပြုတာကို အစောင့်ဟာ တန်ဖိုးထားပေမယ့် တာဝန်က တာဝန်ပဲလေ။ ဒါကြောင့် ကုတ်အကျီနဲ့ လက်ဆွဲအိတ်ကို ရှာရိုးရှာစဉ် ရှာတယ်။ နျူလက်နက်ဆိုင်ရာ စာရွက်စာတမ်း တွေ ပါမလာတော့တာ တွေ့ရတယ်။ ကောင်းတယ်။ ဒီဖော်မြူလာတွေဟာ အဝင်ပဲရှိရမယ်၊ အထွက်မရှိစေရဘူး။ လက်ဆောင်ထုပ်ကိုတော့ ဖောက်မနေ တော့ဘူ

ဒရိုက်ဘာဟာ ကားထဲမှာထိုင်ရင်း ကားကို သနေတယ်။ အယ်လန် က မှန်တံခါးခေါက်လိုက်တယ်။

“ဟိုတယ်ပြန်တော့မလို့လား လူကြီးမင်း”

“မဟုတ်ဘူး၊ အထဲက ပစ္စည်းတွေကို လာစစ်ဆေးတာ၊ ကားထဲမှာ ဆို အပူချိန်သိပ်များနေမလားလို့၊ ပြတင်းပေါက်လေးဘာလေး ဖွင့်ထားပါ လား”

ဒရိုက်ဘာက အယ်လန့်ကို ကြည့်တယ်။

“အပြင်မှာ အပူချိန်က ၃ ဒီဂရီ ခင်ဗျ”

“ဩော-သိပ်မပူဘူးပေါ့”

“မပူဘူးခင်ဗျ”

အယ်လန်က ရှေ့ခုံပေါ်က သူ့တက်ပလက်မည်းကို ကြည့်တယ်။

“မစ္စတာအမည်မဲ့ခင်ဗျ၊ ခင်ဗျား သဘောကျရင် ကျုပ်တက်ပလက် ကို ကြည့်လို့ရတယ်၊ အထဲမှာ တဏှာပေမ ထိတိုင်းကြွစေမယ့်ဟာတွေ အများကြီးပါတယ်”

ထိတ်လန့်တကြားဖြစ်သွားတဲ့ ဒရိုက်ဘာဟာ သူ ကြည့်ဖို့ အစီအစဉ် မရှိပါဘူးလို့ ပျာပျာသလဲ ပြောတယ် ။

“ဟုတ်ပြီလေ ဒါဆိုပြီးရော”

အယ်လန်က အထဲပြန်ဝင်သွားတယ်။

လုံခြုံရေးဂိတ်ကို ဒီအတိုင်း ဖြတ်ဝင်လုလုအခြေအနေထိ သူ လုပ်နိုင်တယ်။ ဒါပေမဲ့...

“ကုတ်အင်္ကျီရယ် . . လက်ဆွဲအိတ်ရယ် ပေးပါ”

အယ်လန်က သူ ကားပေါ်ကနေ ဘာမှ မယူခဲ့ပါဘူးလို့ ပြောလိုက်တယ်။ သို့သော်လည်း စကားတော့ ပြောဦးမှ။

“အင်း... ကျုပ်အသက်အရွယ်အရ အမှားကို အမှန်ထင်၊ အမှန်ကို အမှားထင်တတ်တာလည်း ဟုတ်သဗျ၊ စစ်စရာရှိတာ စစ်ပါ ကြီးမြတ်လှစွာသော မဟာခေါင်းဆောင်ကြီးကလည်း ဒီလိုပဲ သဘောထားမှာပါ” ခေါင်းဆောင်ကြီးလို့ ကြားလိုက်တဲ့အခါ အစောင့်ဟာ ကြောက်သွေးတွေ ရင်ဝ ဆောင့်တက်သွားတယ်။

ပြန်ရောက်လာတော့ အယ်လန်က ရောက်ရောက်ချင်း ပြောတယ်။

“ဒီမယ် ကျုပ်စဉ်းစားနေတယ်”

“ဟုတ်ကဲ့ပါ ပါရဂူကြီး ဘာများလဲ ခင်ဗျ”

အယ်လန်ဟာ ခဏစဉ်းစားပြီး ရုတ်တရက် အမြန် ပြောချလိုက်တယ်။

MgSO4-7H2O CaCO3Na2B4O7-10H2O

“ခင်ဗျာ.. ခင်ဗျာ ပြန်ပြောပါဦး”

“ဒါပဲဗျ ဒါပဲ၊ ပေါက်ကွဲအားကို နှစ်ဆမြှင့်တင်ချင်ရင် ဒါလိုတာပဲ၊ ဆယ်ဆမြှင့်မယ်ဆိုရင် ဖော်မြူလာကို ထပ်တိုးရမယ်”

“ပါရဂူကြီးခင်ဗျ.. ခုနက ဖော်မြူလာလေး ပြန်ပြောပြပါခင်ဗျ”

“ဒါပေါ့ ဒါပေါ့၊ ဒါပေမဲ့လို့ မှန်ကန်အောင်လုပ်မှ ဖြစ်မယ်ဗျ၊ တစ်ခုမှားသွားရင် တောက်လျှောက်မှားပြီး အမှားသံသရာ လည်သွားလိမ့်မယ်၊ မဟုတ်ဘူးလား”

မှားပြီဆိုရင် မှားတာပဲဆိုတာ သူလက်ခံကြောင်း အင်ဂျင်နီယာက တိုးတိုးလေးပြောတယ်။ ဂျူးလီးယပ်စ်ကတော့ အသံတစ်စက်မှ မထွက်ဘဲ ငြိမ်ပြီးစောင့်နေတယ်။ အရေးကြီးတဲ့အချိန် ရောက်လာပြီလေ။

ခုနကဖော်မြူလာဟာ တကယ်တော့ တက်ပလက်မည်းထဲက ရထားတာ။ အလေ့အကျင့်မရှိတဲ့ ဂျူးလီးယပ်စ်နဲ့ ပြင်ဆင်မထားတဲ့ အင်ဂျင်နီယာ့နားထဲမှာ အင်မတန် အစွမ်းထက်တဲ့ နျူလက်နက် ဖော်မြူလာလို့ ထင်သွားကြမှာပဲ။

တကယ်တော့မဟုတ်ဘူး၊ အဲဒါ ရေချိုးဆပ်ပြာ၊ သွားတိုက်ဆေးနဲ့ အစွန်းချွတ်ဆေးလုပ်တဲ့ ဖော်မြူလာကြီး။ တကယ်တော့ အယ်လန်ဟာ နျူကလီးယားနဲ့ပတ်သက်တာ ရှာတာပါ။ ကနေ့ဒါက ဓာတုဗေဒပညာရှင်ရဲ့ ဒီဖော်မြူလာကြီးပဲ ထပ်ကာတလဲလဲ ထွက်ကြလာတယ်။ ဒါကို နည်းနည်း ပြင်လိုက်ရင် အကိုက်အခဲပျောက်ဆေးလည်း ထုတ်လို့ရကောင်းရမယ်။ တကယ်လို့ အင်ဂျင်နီယာ လိုအပ်မယ်ဆိုရင်ပေါ့။ အင်ဂျင်နီယာဟာ စိတ်မရှည် ဖြစ်လာခဲ့ပြီ။

"ကဲ ရှေ့ဆက်လုပ်ရအောင်"

"အင်း..အင်း ခဏလေး"

အယ်လန်ဟာ အိမ်သာထဲမှာ ဆယ့်ငါးမိနစ်ကျော်ကျော် နေလိုက်တယ်။

ပြန်ထွက်လာတော့ ဒရိုက်ဘာဆီ ထပ်သွားတယ်။ အပြင်မှာ သုံးဒီဂရီပဲရှိတော့ အေးများနေမလားဆိုပြီး သွားမေးတာ။ ဂျူးလီးယပ်စ်ကို ညွှန်ကြားထားဖို့ သူမေ့နေတယ်။ အင်ဂျင်နီယာကို အာရုံလွှဲထားဖို့ပေါ့။ ဒါမှ လက်ဆွဲသေတ္တာကို လဲလို့ရမှာကိုး၊ သူပြန်ရောက်လာတော့ အင်ဂျင်နီယာ ကို ဟိုဘက်က အအေးခန်းကို ခဏသွားကြည့်ဖို့ ပြောလိုက်ပြီး အင်ဂျင်နီယာ ထွက်သွားချိန်မှာ သူ့ရဲဘော်ကြီးကို သူ အပြင်းအထန် ညွှန်ကြားနေတယ်။

"သူ ပြန်ရောက်လာရင် သူ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် အာရုံပြောင်းအောင်လုပ်"

"ဟင် ဘယ်လိုလုပ်ရမှာလဲ"

"ဘယ်လိုလုပ်လုပ် လုပ်ချင်သလိုလုပ်၊ ဒါမှ ကျုပ်က လက်ဆွဲအိတ် ကို လဲလို့ရမယ်"

"ဟင် ခု အင်ဂျင်နီယာမရှိတုန်း ဘာလို့မလဲတာလဲ" အယ်လန်က သူ့မိတ်ဆွေကို စိုက်ကြည့်လိုက်တယ်။

"ဘာလို့တုန်းဆိုတော့ ကျုပ် အဲသလို မစဉ်းစားထားလို့ပေါ့ဗျ၊ ကျုပ်က ကျုပ်စဉ်းစားထားတဲ့အတိုင်းပဲ လုပ်လေ့ရှိတာ၊ အင်း တကယ်ဆို..........."

ပြောတုန်းဆိုတုန်း အင်ဂျင်နီယာ ပြန်ရောက်လာ။

"အအေးခန်းထဲမှာ ဂေလီယမ် ၈ ဟက်တိုဂရမ် ရှိပါတယ်၊ ခု ယူရေနီယံနဲ့ ပေါင်းစပ်ခြင်းကို စတော့မလား၊ ကျွန်တော့်ကို တန်းတူရည်တူ သဘောထားပြီး ပြောပြပါ ပါရဂူကြီး၊ သူငယ်နှပ်စားလို သဘောမထားပါနဲ့"

"ဟင် ၈ ဟက်တိုဂရမ်ပဲ ရှိတာလား"

အယ်လန်က စိုးရိမ်တဲ့ မျက်နှာပေးနဲ့ ပြောလိုက်တယ်။

အင်ဂျင်နီယာဟာ ကြောက်ဒူးတုန်သွားတယ်။ ဘာများမှားနေသလဲ မသိ။

အဲဒီအချိန်မှာ ဂျူးလီးယပ်က အသံကျယ်ကြီးနဲ့ အား-အား နဲ့ အော်ရင်း

လဲကျသွားတယ်။

အင်ဂျင်နီယာဟာ ကြောက်နေတဲ့ကြားက လန့်သွားတယ်။

ဂျူးလီးယပ်စ်အနားမှာ ဒူးထောက်ထိုင်ချရင်း...

"ဘာဖြစ်တာလဲ မစ္စတာဂျွန်ဆင် နေမကောင်းတာလား ပြောပါ ခင်ဗျ" လို့ မေးနေတယ်။

အဲဒီအချိန်မှာ အယ်လန်ဟာ လက်ဆွဲသေတ္တာ လဲလှယ်ခြင်းလုပ်ငန်း ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ပြီဆိုတာကို လဲနေတဲ့ ဂျူးလီးယပ်စ်က သိတယ် ။

"ဟုတ်တယ်ခင်ဗျ၊ နည်းနည်း နေလို့ထိုင်လို့မကောင်း ဖြစ်သွားတာ ပါ၊ သိတယ်မဟုတ်လား အိမ်လွမ်းဝေဒနာလေ"

"ခင်ဗျာ အိမ်လွမ်းဝေဒနာက ပစ်လဲကျသွားလောက်အောင်လား"

"ဟုတ်တယ် ဆိုးဆိုးရွားရွား အိမ်လွမ်းဝေဒနာပေါ့၊ ခု သက်သာ သွားပါပြီ"

အစက ဂျူးလီးယပ်စ်ကတော့ ပါရဂူကြီးထက်စာရင် ပိုပြီး မှန်မှန် ကန်ကန် တွေးခေါ်တတ်တယ် မှတ်နေတာ၊ ခုတော့ သူတို့နှစ်ယောက်လုံး တူတူပဲလို့ အင်ဂျင်နီယာကတွေးရင်း ဘာကူညီရမလဲလို့ မေးလိုက်တယ်။ ရပြီ ဘာမှမကူညီနဲ့တော့တဲ့ . မတ်တတ်ထရပ်နေတဲ့ ဂျူးလီးယပ်စ်က ပြန်ဖြေတယ်။

သူ ဒုက္ခအကြီးအကျယ်ရောက်ပြီဆိုတာကို အင်ဂျင်နီယာ သိလိုက်တယ်။ နမ်ပိုဆိပ်ကမ်းမှာတုန်းက အယ်လန်ဟာ တကယ့်ပါရဂူလား လူလိမ် လားဆိုတာကို စစ်ကြည့်ဖို့ အချိန်က သိပ်မရလိုက်ဘူး။ ဒါကြောင့် လောလောလောလောနဲ့ အမြန်လုပ် လုပ်ပြီး အယ်လန်ဟာ ပါရဂူအစစ်လို့ ဆုံးဖြတ်လိုက်တယ်။ သူ့အတွက် နောက်ဆုံးကောက်ရိုးတစ်မျှင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ပေါ့။ ခုတော့ သူဟာ လူလိမ်မဟုတ်ပေမယ့် စိတ်က ပုံမှန် မဟုတ်ဘူးဆိုတာ ရင်နာနာနဲ့ သိလိုက်ရပြီ။ သူ့လက်ထောက်ကလည်း ထူးမခြားနားပဲ။

ကြီးမြတ်လှစွာသော မဟာခေါင်းဆောင်ကြီးကို ခု ပါရဂူရယ်လို့ ထင်မှတ်မှားနေတဲ့လူဟာ လူလိမ် ဒါမှမဟုတ် အသက်အကြီးလွန်ပြီး သူငယ်ပြန်နေတဲ့လူလို့ ပြောလို့မဖြစ်ဘူးလေ။ ဒါဆို လိမ်ရမလား (အမယ်လေး တွေးရုံနဲ့တင် ကြက်သီးကထပါဘိသနဲ့) ပါရဂူကြီးတွေ မလိုတော့ဘူး၊ ဖိအားနည်းပညာကို အင်ဂျင်နီယာဟာ ရုတ်တရက်ချက်ချင်း နားလည်သွားခဲ့ပြီ။ မကြာခင် ဒီအသိဉာဏ်ပညာရဲ့ အသီးအပွင့်တွေကို လက်တွေ့ခံစားရတော့ မယ်လို့ပေါ့။ ဒါဆိုရင်လည်း သူ့အသက်ဟာ သုံးလေးပတ်ထက်ပိုပြီး ရှင်မယ် မထင်ပါဘူး။ သူ့ကတိကို အကောင်အထည်ဖော်ဖို့ဆိုတာ လွယ်မှတ်လို့။

ကားလ်ဆန်ဆိုတဲ့ အတိုးကြီးရဲ့ ဦးနှောက်အိုကြီးထဲမှာ ဖော်မြူလာအချို့ ရှိနေသေးတာတော့ သေချာတယ်။ ခုတောင် သူ ချရေးထားတာ မဟုတ်လား။ အင်း- သူပြန်သွားမှ သေချာ လေ့လာရမယ်။ အလုပ်ဖြစ်တန်ကောင်းရဲ့။

နေ့လယ်စာစားချိန်မှာ သူ ကားလ်ဆန်ကို သည်းခံနိုင်စွမ်းတွေ ကုန်ဆုံးလာခဲ့တယ်။ ဘာပြောနေတယ်မှတ်လဲ။ သူ့တက်ပလက်မည်းထဲမှာ

ဖတ်ခဲ့ရတဲ့ အမေရိကန် ရုပ်သံတင်ဆက်သူ တစ်ယောက်ရဲ့ လိင်မှုအရှုပ်တော်ပုံ အကြောင်းကို ဖောက်သည်ချနေတယ်လေ။ အဲဒီ ရုပ်သံတင်ဆက်သူဟာ သူ့ကို ခုခံကာကွယ်ခွင့် အပြည့်အဝမပေးတဲ့ ဘုရားသခင်ကို စိတ်ဆိုးနေသတဲ့။ အင်ဂျင်နီယာဟာ အသံပြဲနဲ့ အော်ပစ်လိုက်တယ်။ ဘုရားသခင်ရော၊ အမေရိကန် ရုပ်သံတင်ဆက်သူရော၊ ဟက်အိုင်ဆို စတက်ဖိအားရော ဘာမှ လာမပြောနဲ့။ ယူရေနီယံ ကီလိုဂရမ် ငါးရာကို ဘယ်လိုလုပ်ရမယ်ဆိုတာပဲပြော။ အဲဒီယူရေနီယံတွေ ရောက်လာချိန်ကြရင် ခတ်ခွဲခန်းထဲမှာ အယ်လန် ရှိစရာမလိုဘူး။ ခု မပြောနိုင်ရင် ခုချက်ချင်း ဆွဲထုတ်မယ်။

ဘယ်လို-ဘယ်လို ကီလိုဂရမ် ငါးရာ ဟုတ်လား။ ခု လေးကီလိုနဲ့ တင်ကို ဆိုးလှပြီကို။

"ကဲ..ကဲ မစ္စတာ အင်ဂျင်နီယာ၊ အဲသလောက် အော်မနေနဲ့ခင်ဗျ၊ တစ်ယောက်နဲ့တစ်ယောက် အော်ကြီးဟစ်ကျယ် ပြောကြတာကို ဘယ်သူမှ မလိုလားဘူးမဟုတ်လား၊ အင်း တစ်ခါတုန်းက ရဲဘော်ကြီး စတာလင်ဟာ ခင်ဗျားလိုပဲ အသံပြဲနဲ့ အော်ဖူးသဗျ၊ သူ အဲသလိုအော်လို့ ကျုပ် ဆိုက်ဘေး ရီးယားမှာ အကြာကြီး နေခဲ့ရဖူးတယ်။ နောက်တော့ သူ အဲသလိုအော်လို့ လေသင်တုန်းဖြတ်ပြီး အကြောင်းဆိုးသွားတယ်။ ဒေါသဟာ ခင်ဗျား ကျန်းမာရေးအတွက် မကောင်းဘူးဗျ၊ ဟုတ်ပြီလား"

အင်ဂျင်နီယာဟာ နေလို့မကောင်းဖြစ်လာတယ်။ ဒါပေမဲ့လို့ ဒီ ငနာကြီးကို အရှုံးပေးလို့ မဖြစ်။ လှေခွက်ချည်းကျန် အလံ မလှဲစတမ်း ချရမှာပဲ။

၁၀၁ နှစ်သားကြီးကတော့ နံရံမှာချိတ်ထားတဲ့ တာလတ်ပစ်ဒုံးကျည်ကို ကိုင်ပြီး ပြုံးပြုံးကြီးလုပ်နေတဲ့ ခေါင်းဆောင်ကြီးရဲ့ ခတ်ပုံကြီးကို အနီးကပ် လှေ့လာနေတယ်။ ဒုံးကျည်ထိပ်ဖျားကို အနီးကပ်ကြည့်နေတာ။ ကြည့်ရတာ သူ ဖော်မြူလာတစ်ခုကို အမြန်ရွတ်လိုက်တယ်။ အင်ဂျင်နီယာ နားမလည်ဘူး။ ဖော်မြူလာကို အရှင်းဆုံး ဘာသာပြန်ရရင် ဗီတာမင်စီနဲ့ အနံ့ပါတဲ့ဆားတို့ ပေါင်းထားတဲ့ ဖော်မြူလာပဲ၊ ဒါပေမဲ့ စိတ်ကိုပြင်ဆင်မထားတဲ့ အင်ဂျင်နီယာ အဖို့တော့ မဟာမျှော်လင့်ချက် ချူဖော်မြူလာကြီးပေါ့လေ။

နေ့လယ်နှစ်နာရီထိုးဖို့ တစ်မိနစ်အလိုမှာတော့ အချိန်ကျလာခဲ့တယ်။ အယ်လန်လုပ်သမျှ အနီးကပ်စောင့်ကြည့်နေတဲ့ အင်ဂျင်နီယာဟာ ပါရဂူကြီးက သူ့ကို အအေးသိုလှောင်ခန်းထဲကို တစ်ချက်လောက်သွားကြည့်ပါဦးလို့ ဘာမှန်းမသိခိုင်းတဲ့အခါ ယောင်နနနဲ့ ထွက်သွားမိတယ်။

အင်ဂျင်နီယာ ပျောက်ကွယ်သွားတာနဲ့တစ်ပြိုင်နက် အယ်လန်က ပြောလိုက်တယ်။

"အချိန်ကျပြီ၊ န်ကျပြီ၊ ပစ္စည်းလဲမယ်၊ သူ ချက်ခြင်းပြန်လာမှာမဟုတ်ဘူး"

※

"ရှန်ပူအမျိုးအစား မှားနေသတဲ့ဗျ"

အယ်လန်က လုံခြုံရေးဂိတ်စားပွဲပေါ်ကို လက်ဆွဲသေတ္တာကိုတင် အဖုံးကို ဖွင့်ရင်း အစောင့်ကို ပြောလိုက်တယ်။

"လာဗန်ဒါ အနံ့သင်းသင်းလေး လိုချင်သတဲ့၊ တကယ်ပဲ အင်ဂျင်နီယာကြီးဟာ ပစ္စည်းကောင်းသုံးတတ်သူပါပဲ၊ မနက်ဖြန် လက်ဆောင် ထုတ်အသစ်နဲ့ အတူလာရမှာပေါ့လေ"

အစောင့်ဟာ လက်ဆွဲအိတ်ထဲက အထုတ်ကို သေချာမကြည့်ရသေးခင် အယ်လန်က ကုတ်အကျီကြီးကို ချွတ်ရင်း အိတ်ပေါ် ပစ်တင်လိုက်တယ်။ "ဒီအကျီကို သေချာစစ်စမ်းပါ၊ ကျုပ် အိတ်ကပ်တွေထဲ ဘာတွေ ထည့်မိမှန်း မသိဘူး၊ ဈေးဝယ်ထွက်တုန်းက သော့ခလောက်တစ်ခု ဘယ်နား ထည့်ထားမိမှန်းမသိဘူး"

ဂျူးလီးယပ်စ်ကလည်း သူ့ကုတ်ကို ပစ်တင်လိုက်တယ်။ "ကျုပ်လည်း မီးခြစ်တွေ ဘယ်နားထည့်မိမှန်းမသိဘူး ရှာစမ်းပါ" အစောင့်ဟာ ကုတ်ကြီးနှစ်ထည်နဲ့ ဗျာများနေတဲ့အချိန်မှာ အယ်လန် ဟာ လက်ဆွဲသေတ္တာကို ပိတ်လိုက်တယ်။ လက်က ကိုင်လိုက်တယ်။

"ကဲ.. ကဲ ဒီနားမှာ တစ်နေကုန်ရပ်နေလို့ မဖြစ်သေးဘူး၊ ခေါင်းဆောင်ကြီးက စောင့်နေပြီဗျ၊ ကုတ်အကျီတွေ ရှာလို့ပြီးပြီလား၊ ကောင်းတယ်.... ကဲ ဂျူးလီးယပ်စ်ရေ မြန်မြန်လုပ် သွားမယ်"

အယ်လန်က ကားဆီကို အမြန်လျှောက်လာတယ်။ ဂျူးလီးယပ်စ် ကလည်း နောက်က အူယားဖားယား လိုက်လာတယ်။ သူတို့ ကားထဲ ဝင်သွားတဲ့အချိန်မှာ အစောင့်ဟာ သော့ခလောက်ရယ်၊ မီးခြစ်ရယ်၊ ခေါင်းဆောင်ကြီးရယ်၊ ဘာဖြစ်သွားမှန်းမသိတာရယ်ကို စဉ်းစားရင်း တွေတွေကြီး ရပ်ကျန်ခဲ့တယ်။

စက္ကန့်သုံးဆယ်လောက်ကြာတော့ အင်ဂျင်နီယာဟာ အပေါက်ဝကို ရောက်လာတယ်။ ဒေါသအိုး ကွဲနေပြီ။

"စောက်ပိန်းကြီးတွေ ဘယ်ရောက်သွားတုန်း"

"ပြန်သွားပြီ ခင်ဗျ"

"ကောင်းတယ် မနက်ဖြန်တော့ ဒင်း သေဖို့သာပြင်"

※

နေ့လယ်နှစ်နာရီပဲ ရှိသေးပေမယ့် ညှော်သည်ကြီးတွေက ပြန်တော့ မယ် ဆိုတဲ့အတွက် အမည်မဲ့ ဒရိုက်ဘာဟာ အံ့အားသင့်နေတယ်။

"ဟိုတယ်ပြန်မှာမဟုတ်ဘူး မစ္စတာအမည်မဲ့ ကားဆရာကြီးရဲ့။ နန်းတော်ကိုသွားပြီး ခေါင်းဆောင်ကြီးကို ခေါ်ရမှာ၊ စိတ်လှုပ်ရှားစရာပဲ မဟုတ်ဘူးလား

ဒရိုက်ဘာခမျာ ခေါင်းဆောင်ကြီးလို့ ကြားလိုက်တဲ့အခါ တစ်ကိုယ် လုံး သွေးမရှိတော့သလို ဖြစ်သွားတယ်။ သာမန်ပြည်သူ့ဝန်ထမ်းလေး တစ်ယောက်အတွက် ခေါင်းဆောင်ကြီးက ခင်ဗျားကားပေါ် ပါလာတယ် ဆိုတာ ယေရှုသခင်ကိုယ်တော်တိုင်ကို မြင်းပေါ်တင်ခေါ်လာရတဲ့ သင်းအုပ် ဘုန်းကြီးလို

ဖြစ်နေတယ် မဟုတ်လား။ တကယ်တော့ ဒီဉ္စေ့သည်တွေကို ဟိုတယ်မှတစ်ပါး တခြားဘယ်မှ မပို့ရဆိုတဲ့ ညွှန်ကြားချက်က ရှိပြီးသား။ ဒါပေမဲ့လို့ နန်းတော်က အပြန်လမ်းမှာရှိနေတာ။

"ဒါ စိတ်လှုပ်ရှားစရာကောင်းတယ်ဆိုတာ နားလည်ပါတယ်၊ ဒါပေမဲ့ ခေါင်းဆောင်ကြီးဟာ အင်မတန် နူးညံ့ကြင်နာတတ်သူမှန်း ကျုပ် သိတယ်၊ သူ့ကို စိတ်ဆိုးစေတဲ့ကိစ္စ တစ်ခုပဲရှိတယ်၊ အဲ အမေရိကန် ပါရင်တော့ နှစ်ခုပေါ့"

ကြောက်နေတဲ့ အမည်မဲ့ကားဆရာဟာ မဟာခေါင်းဆောင်ကြီးရဲ့ စိတ်ကိုဆိုးစေတဲ့ ပထမအကြောင်းက ဘာလဲလို့ မေးတယ်။

အယ်လန်ကလည်း မဆိုင်းမတွ ဖြေတယ်။

"ညစ်ပတ်တာ၊ အမှိုက်ဖွတာ၊ ဖုံထူတာ၊ စောင့်ရတာတွေကို မဟာခေါင်းဆောင်ကြီးက သိပ်စိတ်ဆိုးသဗျ၊ တစ်ခါတုန်းက သနားစရာ ကောင်လေးတစ်ယောက် ဖျော်ရည်တွေ မှောက်ကျဖူးတယ်။ အင်း- ဒီအကြောင်းဆက်မဆွေးနွေးမှ တော်မယ်ထင်တယ်၊ သနားစရာပါ၊ သူ ငြိမ်းချမ်းစွာ အိပ်စက်အနားယူနိုင်ပါစေ၊ ထာဝရပေါ့နော်၊ ကဲ အရှိန်လေး မြှင့်လိုက်ဗျ၊ ခေါင်းဆောင်ကြီးကို စောင့်ခိုင်းဖို့ ကျွန်တော်တို့ မလိုလားကြဘူး မဟုတ်လား"

မောင်းတယ်၊ အသားကုန်မောင်းတယ်၊ မြန်သမှ အလွန့်အလွန်မြန်။ အယ်လန်က နည်းနည်းလောက် အစွမ်းပြဖို့ ဂျူးလီးယပ်စ်ကို ဆို့ဒင်လို ပြောလိုက်တယ်။ ဂျူးလီးယပ်စ်ကလည်း ချက်ချင်းပါပဲ။

"သိပ်မမြန်နဲ့ဗျ၊ ကျုပ်က ကားမူးတတ်တယ်" လို့ ပြောတယ်။ "လုပ် လုပ် အချိန်က ရှိတာမဟုတ်ဘူး" လို့ အယ်လန်က ပြောတယ်။

ဒရိုက်ဘာ ဒုက္ခရောက်ပြီ။ တစ်ပြိုင်နက်တည်း အရှိန်လည်းလျှော့၊ အရှိန်လည်း မြှင့်လို့ မရဘူးလေ။ ဒါပေမဲ့လို့ ကားနောက်ခန်းက လူကြီး နှစ်ယောက်ထက်စာရင် မဟာခေါင်းဆောင်ကြီးက အဆပေါင်း မရေမတွက် နိုင်လောက်အောင် ပိုပြီး အရေးကြီးတယ် မဟုတ်လား။

ကား အသွားအလာ ကင်းမဲ့ပြီး တိတ်ဆိတ်ခြောက်ကပ်နေတဲ့ အမြန်လမ်းပေါ် ရောက်လာတယ်။ ဂျူးလီးယပ်စ်က အမြန်မောင်းနေတဲ့အပေါ် ညည်းညူ ပြစ်တင်ပြန်တယ်။ အမည်မဲ့ဒရိုက်ဘာဟာ.. စောင့်ရတာကို ဘယ်လောက် စိတ်ဆိုးတယ်ဆိုတဲ့ ခေါင်းဆောင်ကြီးရဲ့အကြောင်း စဉ်ဆက် မပြတ်ပြောနေတဲ့ အယ်လန့်စကားသံကို နားဆင်ရင်း ဂျူးလီးယပ်စ်ရဲ့ ညည်းညူသံကို လုံးဝ လျစ်လျူရှုထားလိုက်တယ်။ အယ်လန်က ဆက်ပြောနေတယ်။

"ခင်ဗျားကားက သိပ်ကောင်းတယ်လို့ ပြောရလိမ့်မယ်ဗျ၊ မဟာခေါင်းဆောင်ကြီးက သိပ်ကျေနပ်မှာပါပဲ။ ခင်ဗျားကို နာမည်မေးကောင်း မေးလိမ့်မယ်ဗျ၊ ကြည့်ကြတာပေါ့"

ဒရိုင်ဘာဟာ အယ်လန့်စကားကြောင့် အားအင်တွေ ဖြစ်ထွန်းလာခဲ့တယ်။ စတီယာရင်ကို လက်တစ်ဖက်နဲ့ထိန်း၊ ကျန်လက်တစ်ဖက်က သန့်ရှင်းပြီးသား ကား

ဒက်ရှ်ဘုတ်ကို ပြောင်လက်နေအောင် အဝတ်နဲ့ အားတက်သရော သုတ်နေတယ်။

“အိုး ကျုပ် မူးလာပြီ”

ဂျူးလီးယပ်စ်ဟာ ပါးစပ်ကလည်းပြော၊ လက်ကလည်း မူစလီနဲ့ နို့ရောထားတဲ့ဘူးကို အသင့်ကိုင်ထားတယ်။ ချက်ချင်းဆိုသလိုပဲ အမည်မဲ့ဒရိုက်ဘာရဲ့ သက်တမ်း ၅၂ နှစ် အတွင်း ကြားဖူးသမျှထဲမှာ အဆိုးဝါးဆုံး ဝေါ့ခနဲ အန်ချတဲ့ အသံကြီးကို ကြားလိုက်ရတော့တယ်။

ဂျူးလီးယပ်စ်ဟာ ဝေါ့ -အော့ ဆိုတဲ့ အန်သံကြီး ပါးစပ်ကပေးရင်း မူစလီနဲ့ နို့တွေကို ကားနောက်ခန်း၊ ကားရှေ့ခန်းအပြင် ဒရိုက်ဘာရဲ့ ကုတ်ပေါ် ကိုပါ စောက်မြင်ကတ်ကတ်နဲ့ လောင်းချလိုက်တယ်။ အမည်မဲ့ဒရိုက်ဘာဟာ ကောင်းကင်တစ်ခုလုံး သူ့ပေါ် ပြိုကျလာသလို ခံစားလိုက်ရတယ်။ ကားကို ၁၈၀ ဒီဂရီ ကွေ့ချလိုက်ပြီး တစ်ဖက်လမ်းမပေါ် ကျွီခနဲ ဘရိတ်အုပ်ပြီး ရပ်လိုက်တယ်။ ကမူးရှူးထိုးနဲ့ ကားအပြင်ကို ထွက်လိုက်တယ်။ ဘယ်လိုဖြစ် ပါလိမ့်။ ဒုက္ခအကြီးအကျယ်ရောက်ပြီ လား။

၁၀၁ နှစ်အရွယ် လူတစ်ယောက်အဖို့ ရင်သပ်ရှုမော အံ့သြနေရဖို့ ကိစ္စက သိပ်များများမရှိတော့ဘူး မဟုတ်လား။ အယ်လန်ဟာ ဒရိုက်ဘာ ဆင်းသွားပြီးတာနဲ့ ကားတံခါးလော့ခ်တွေ ချလိုက်တယ်။ ဂျူးလီးယပ်စ်က လည်း နောက်ခန်းတံခါးလော့ခ်တွေ ချလိုက်တယ်။ သူလည်း အသက် ၇၀ နား နီးနေပေမယ့် လျှင်သားပဲ။ စက္ကန့်ပိုင်းအတွင်း ဂျူးလီးယပ်စ်ဟာ ဒရိုက်ဘာခုံမှာ ရောက်နေပြီ။ ကိုရီးယားကျွန်းဆွယ် တစ်ခုလုံးမှာ အပျော်ဆုံး ဒရိုက်ဘာ ဖြစ်ပေလိမ့်မယ်။

“ကဲ ဒီကားစက် ဘယ်လောက်ကောင်းသလဲ ကြည့်ကြတာပေါ့”

ဂျူးလီးယပ်စ်ဟာ အဲသလို ကြုံးဝါးရင်း ဂီယာကိုထိုးပြီး ကားကို မောင်းထွက်လိုက်တယ်။

"ဟေ့.. လမ်းက ဟိုဘက်ကို သွားရမှာ”

အယ်လန်က ဂျူးလီးယပ်စ်ကို သတိပေးလိုက်တယ်။

မိတ်ဆွေကြီးနှစ်ယောက်ဟာ ကားကို ပြန်ကွေ့လိုက်တဲ့အခါ ခုထိနဝေတိမ်တောင်နဲ့ လမ်းပေါ် ရောက်နေတဲ့ ဒရိုက်ဘာကို တွေ့လိုက်ကြတယ်။

အယ်လန်က ပြတင်းပေါက်မှန်ကို ချပြီး နှုတ်ဆက်တယ်။

“ကဲ သွားပြီဗျို့ နှုတ်ဆက်ပါတယ်၊ မနက်ဖြန် ကျုပ်တို့ကို လာခေါ် စရာ မလိုတော့ဘူး၊ ခင်ဗျားမှာ လာခေါ်စရာယာဉ်လည်း မရှိတော့ဘူးလို့ ကျုပ်ထင်တယ်လေ”

တောင်ဘက်စူးစူးက ဆူနန် အပြည်ပြည်ဆိုင်ရာလေဆိပ်ဆီကို ကားက ဦးတည်နေတယ်။ ဂျူးလီးယပ်စ်ဟာ ကားသူခိုးတစ်ယောက်လို ကားကို မမောင်းရတာ ကြာလှပြီ။ လမ်းပိတ်တယ်ဆိုတာလည်း မရှိသလောက်ပဲ။ အဲ-ရှိကို မရှိတာပါ။

ဟိုကိုရောက်ရင် အယ်လန် ဘယ်လိုလုပ်မယ် စဉ်းစားထားသလဲ ဆိုတာကို ဂျူးလီးယပ်စ် သိပ်သိချင်နေတယ်။ ကဲလေ-အနေနဲ့အမြန် မကြာခင် သိရတော့မှာပဲကို။ သို့သော်လည်း ချစ်မိတ်ဆွေကြီး အယ်လန်က တော့ တက်ပလက်ဖွင့်ပြီး မဖတ်ရသေးတဲ့သတင်းတွေ အတိုးချ ဖတ်နေပြီ လေ။

"အိုဟိုး ကားမောင်းရင်း နားထောင်စမ်း ဂျူးလီးယပ်စ်၊ ဆော်ဒီအာရေးဗျမှာ ခုခင်ဗျားလုပ်နေသလို မိန်းမတွေ လုပ်ခွင့်ရတော့မယ်တဲ့ဗျ၊ မင်းသား အဗ်ဒူလာဇစ်က ဦးဆောင်တယ်ဆိုပဲ၊ အင်း. . . ဒါကြောင့်လည်း ကုလသမဂ္ဂအမျိုးသမီးကော်မရှင်မှာ ဆော်ဒီဟာ နေရာတစ်နေရာ ရနေတာပဲတဲ့"

"အယ်လန်ရယ်... ခင်ဗျား သတင်းတွေအသာထားပြီး ကျွန်တော်တို့ အသက်ရှင် လွတ်မြောက်ရေး အတွက် တစ်စက္ကန့်လောက် သေသေချာချာ စဉ်းစားပါလားဗျာ"

ဂျူးလီးယပ်စ်ဟာ ဒေါသတွေ အနိုင်နိုင်ထိန်းရင်း ပြောလိုက်တယ်။

"အင်း.. ဒါပေမဲ့လို့ တခြားတစ်ဖက်မှာတော့ ဒါတွေဟာ သဘောလောက်ကို ပြောတာပါတဲ့။ ဆော်ဒီမင်းသားက ဝါဟာဘီ အမျိုးအနွယ်လေ၊ ဝါဟာဘီဆိုတာ ရှီယိုက် မွတ်စလင်၊ ဂျူး၊ ခရစ်ယာန်၊ ဂီတနဲ့ ဖော်ဒကာ စတဲ့ ကိစ္စတွေအားလုံးကို ဆန့်ကျင်တယ်လို့ ကျုပ် နားလည်ထားတယ်။ ဖော်ဒကာကို ဆန့်ကျင်သတဲ့၊ ကြားဖူးရဲ့လား ဂျူးလီးယပ်စ်"

ဂျူးလီးယပ်စ်ဟာ အယ်လန့်အပေါ် ပေါက်ကွဲပြီ။

"ကဲ ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ ပြောစမ်းပါ၊ လေယာဉ်ကွင်း ထဲထိ တန်းမောင်းသွားပြီး ဝန်ကြီးလေယာဉ်နားမှာ ရပ်လိုက်ရမလား၊ ဖမ်းမိသွားရင် ဘာလုပ်ရမလဲ၊ ဒါမှမဟုတ် ပုံမှန်အတိုင်းသွားမလား၊ ဒါဆို လုံခြုံရေးဂိတ်တွေကို ဘယ်လိုဖြတ်မလဲ၊ သူတို့ကို ပစ်မှာလား၊ ဘာနဲ့ ပစ်မှာလဲ၊ သေတော့မှာပဲ အယ်လန်ရာ၊ ယေရှုသခင် ကယ်တော်မူပါ"

အသက် ၁၀၁ နှစ်အဘိုးကြီးဟာ တက်ပလက်ကို ပိတ်လိုက်ပြီး ခဏစဉ်းစားလိုက်တယ်။

"ပုံမှန် ကားပါကင်မှာ ကားကိုရပ်၊ လက်ဆွဲအိတ်တွေယူ၊ သံတမန် နိုင်ငံကူးလက်မှတ်တွေကိုင်ပြီး ချက်အင် လုပ်မယ်လေ.. ဘယ်နဲ့လဲ"

※

ချက်အင် ကောင်တာတစ်ခုက တခြားဟာတွေနဲ့ ကွဲပြားတယ်။ ရွှေနားကွပ် ဆိုင်းဘုတ်မှာ ကိုရီးယားလို အင်္ဂလိပ်လို ရေးထားတာက အဆင့်မြင့် ချက်အင်ကောင်တာတဲ့

ကောင်တာနောက်ကလူကို အယ်လန်က ကောင်းသောနေ့ပါခင်ဗျာ လို့ နှုတ်ဆက်လိုက်တယ်။ သူ့ကိုယ်သူ ဆွီဒင် ဘုရင့်နိုင်ငံတော်က သံအရာရှိကားလ်ဆန်ဖြစ်တယ်၊ မဒမ် နိုင်ငံခြားရေးဝန်ကြီးရဲ့ လေယာဉ်နဲ့ပါလာတယ်။ ခုလေယာဉ်ပေါ်တက်ဖို့ ချက်အင်ဝင်တာလို့

ပြောလိုက်တယ်။

ကောင်တာနောက်ကလူဟာ အယ်လန်နဲ့ ဂျူးလီးယပ်စ်ရဲ့ နိုင်ငံကူး လက်မှတ်တွေကို စစ်တယ်။

"အိုကေ၊ ဒါပေမဲ့ ခင်ဗျားတို့နဲ့ပတ်သက်တဲ့ သတင်းအချက်အလက် ဘာမှ ရမထား............"

"အချိန်နဲ့အမျှပြောင်းလဲနေတဲ့ သံရေးတမန်ရေးမှာ သတင်းအချက် အလက်ကတော့ နောက်ကျစမြဲပဲလေ၊ ကျုပ်တို့လိုလူမျိုးတွေက အတောင်ပံ တပ်ထားရမတတ် အလုပ်ရှုပ်တာကိုးဗျ၊ ကဲ ကျုပ်တို့ကို လေယာဉ်ဆီ ပို့ပေးမယ်လား"

ဟင့်အင်း၊ အဲသလောက် သဘောကောင်းဖို့ စိတ်ကို မကူးမိပါဘူး။

"ခဏလေးပါ"

ကောင်တာနောက်ကလူဟာ သူ့ဘော့စ်ကို ရှာဖို့ ထွက်သွားတယ်။ သူ ဆုံးဖြတ်မပေးနိုင်ဘူး။

အင်း အဘိုးကြီး အယ်လန်ဟာ လေဆိပ်မှာတော့ ခပ်တည်တည် ကြိတ်နေပါ့လား၊ အထင်ကြီးစရာပဲလို့ ဂျူးလီးယပ်စ်က တွေးလိုက်တယ်။ ဒါပေမဲ့လို့ ခုထိတော့ ဘာမှ မဘာသေးဘူး။ ခဏနေတော့ ယူနီဖောင်းဝတ် လူတစ်ယောက် ရောက်လာတယ်။ ဘာကူညီပေးရမလဲတဲ့။

"ကောင်းသောနေ့ပါ ဗိုလ်မှူးကြီး"

အယ်လန်က နှုတ်ဆက်လိုက်တယ်။ အဲဒီလူဟာ တကယ်တော့ ဗိုလ်မှူးကြီးမဟုတ်၊ လေဆိပ်လုံခြုံရေးခေါင်းဆောင်။

"ပြောပါ ဘာကိစ္စပါလဲ"

လုံခြုံရေးခေါင်းဆောင်က မေးလိုက်တယ်။

"နိုင်ငံခြားရေးဝန်ကြီး ဇော့စတွန်းရဲ့ လေယာဉ်ဆီ ကျုပ်တို့ကို ခင်ဗျား ပို့ပေးမှာလား၊ ကောင်းလိုက်တာ၊ ကျုပ် လက်ဆွဲအိတ်ကလေး သယ်ပေးမလား၊ လေးလှတယ် မဟုတ်ပေမယ့် ကျုပ်က အိုလှပြီကိုးဗျ"

အယ်လန်ဟာ ပြောပြောဆိုဆို ယူရေနီယံတုံးပါတဲ့ သေတ္တာကို ကောင်တာပေါ် တင်လိုက်တယ်။

"ခင်ဗျားတို့ ဘယ်သူဘယ်ဝါဆိုတာ မသိရမချင်း ကျွန်တော် ဘယ်ကိုမှ မခေါ်သွားနိုင်ပါဘူး"

အဲဒီအချိန်မှာပဲ တန်ခိုးပြခန်းတစ်ခု ဘွားခနဲ ဖြစ်လာခဲ့တယ်။

"အိုး သံမှူး ကားလ်ဆန်နဲ့ ဂျွန်ဆင်၊ ရှင်တို့ရောက်နေကြပြီကိုး၊ ကောင်းပါ့ရှင်"

မဒမ် ဇော့စတွန်းဟာ သူတို့ကို နှုတ်ဆက်ရင်း ခပ်သုတ်သုတ် လျှောက်လာတယ်။

"ခုပဲ ခေါင်းဆောင်ကြီးနဲ့ နေ့လယ်စာစားပြီး တန်းလာခဲ့တာ၊ ရှင့်အကြောင်း

အများကြီး ပြောဖြစ်ကြတယ် မစ္စတာကားလ်ဆန်၊ ခေါင်းဆောင်ကြီးက ရှင့်ကို နှုတ်ဆက်လိုက်ကြောင်း ပြောပေးပါတဲ့၊ မကြာခင် ပြန်လာခဲ့ကြဖို့လည်း ဖိတ်လိုက်တယ်”

လုံခြုံရေးခေါင်းဆောင်ဟာ ဖြူဖပ်ဖြူရော် ဖြစ်သွားတယ်။ မဒမ် ဗော့စတွန်း ဘယ်သူဆိုတာ သူ ကောင်းကောင်းသိတယ်။ လွန်ခဲ့တဲ့ နှစ်ရက် က သူကိုယ်တိုင် ခရီးဦးကြိုခဲ့တာ မဟုတ်လား။

“ကဲ… လက်ဆွဲအိတ်ကလေး သယ်ပေးတော့မလား”

နှစ်စက္ကန့်၊ ငါးစက္ကန့်၊ ဆယ်စက္ကန့်။

လုံခြုံရေးခေါင်းဆောင်ပါးစပ်က စကားသံ ထွက်ကျလာတယ်။

“ဟုတ်ကဲ့ပါ လူကြီးမင်း ခင်ဗျား”

ဒီလိုနဲ့ ဆွီဒင်နိုင်ငံခြားရေးဝန်ကြီး၊ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အထူးကိုယ်စားလှယ် မဒမ်ရယ်၊ သူ့သံမှူးဆိုတဲ့ အဘိုးကြီးနှစ်ယောက်ရယ်၊ ခရီးဆောင်အိတ်တွေရယ်၊ သံမှူးကြီးရဲ့ လက်ဆွဲအိတ်ရယ်ဟာ စစ်ဆေးရေးပွိုင့် အားလုံးကို နဘယံ ဘေးမရှိ ကျော်ဖြတ်နိုင်ခဲ့ပြီး ဆီဖြည့်အသင့်စောင့်နေတဲ့ အထူးလေယာဉ်ပေါ် ရောက်လာခဲ့ကြတယ်။

၁၈ မိနစ်အကြာ၊ စီစဉ်ထားတာထက် ၃၆ မိနစ် စောပြီး ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးရဲ့ လေယာဉ်ဟာ မြောက်ကိုရီးယား လေပိုင်နက်ကနေ လွတ်မြောက်လာခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်ရက် မြောက်ကိုရီးယားကို ဆိုက်စဉ် ကထက် ခရီးသည် နှစ်ယောက် ပိုပါလာတာပေါ့။

နောက်သုံးနာရီအကြာမှာတော့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်ဟာ တစ်သက်လုံး တခါမှ မကြုံဖူးတဲ့ ဒေါသအိုးပေါက်ကွဲမှုကြီးနဲ့ ကြုံနေရတယ်။ ဒါတောင် အင်ဂျင် နီယာဟာ ယူရေနီယံသေတ္တာဟာ အနှံ့ အတော်ကောင်းတဲ့ ရေချိုးခန်းသုံးပစ္စည်းတွေထည့်ထားတဲ့ သေတ္တာနဲ့ အလဲခံလိုက်ရတယ်ဆိုတာ မပြောရသေးဘူး။ ပြောဖို့လည်း အချိန်မရတော့ ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အင်ဂျင်နီယာဟာ အဘိုးကြီး ကားလ်ဆန် ထားခဲ့တဲ့ ဖော်မြူလာစာရွက်တွေထဲက ပထမဆုံးဖော်မြူလာဟာ နိုင်လွန် ခြေအိတ်လုပ်တဲ့ ဖော်မြူလာဆိုတာကို ဖော်ထုတ်နိုင်ပြီးပြီးချင်း အအေးခန်းထဲမှာ ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချ အဆုံးစီရင်လိုက်လို့ပဲ။

နာမည်လည်းမရှိ၊ ကားလည်းမရှိတော့တဲ့ ဒရိုက်ဘာကတော့ အဝေးပြေးလမ်းမပေါ်မယ် ၂၅ မိနစ်တိတိ စောင့်ဆိုင်းပြီး ထရပ်ကားတစ်စီးအလာမှာ ကားရှေ့ပြေးဝင်ရင်း ဘဝနိဂုံး ချုပ်စေခဲ့တယ်။ လေဆိပ်လုံခြုံရေးခေါင်းဆောင်ကတော့ ဒီလို ကိုယ့်ကိုယ်ကိုယ် သတ်မသေပေါင်။ နောက်နှစ်ရက်ကြာမှ အထူးခုံရုံး စီရင်ချက် ကျလာပြီး သေနတ်ပစ်တပ်ဖွဲ့ က သူ့ဘဝကို နိဂုံးချုပ်စေခဲ့တာကိုး။

※※※

(၂၁) အမေရိကန်ပြည်ထောင်စု

လေယာဉ်ပေါ်က ဝန်ဆောင်မှုက အံ့မခန်းပဲ။ အယ်လန်က ဖော့ဒကာနဲ့ ကုတ်၊ ဂျူးလီးယပ်စ်က ဂျင်နဲ့ တောနစ်၊ ဝန်ကြီး မဒမ်ဖော့စတွန်းက ဝိုင်ဖြူ အသီးသီး သုံးဆောင်နေကြတယ်။

“လေယာဉ်က တယ်ကောင်းသကိုး၊ ဒါ ဆွီဒင် အစိုးရပိုင် ထင်ပါ့၊ အိမ်ကိုပြန်ရဦးမှာပေါ့၊ ကောင်းပ ကောင်းပ” လို့ ဂျူးလီးယပ်စ်က ပြောလိုက်တယ်။

မဒမ် နိုင်ငံခြားရေးဝန်ကြီးက ဝိုင်ကို မြုံ့နေရင်း ဒီလေယာဉ်က ဆွီဒင်အစိုးရပိုင်မဟုတ်၊ ကုလသမဂ္ဂပိုင် ဖြစ်ကြောင်း၊ မစ္စတာဂျွန်ဆင်အနေနဲ့ ဆွီဒင်ပြန်ဖို့ စောင့်ရ ဦးမှာဖြစ်ကြောင်း၊ ခု နယူးယောက်ကို တိုက်ရိုက်ပျံသန်း နေကြောင်း၊ ကုလသမဂ္ဂအဆောက်အဦကြီးထဲမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ဟာ အဆင်သင့် စောင့်ဆိုင်းနေမှာဖြစ်ကြောင်း၊ သမ္မတထရမ့်ဟာ မစ္စတာကားလ်ဆန်ကိုလည်း တွေ့လိုကြောင်း၊ လုံခြုံရေးကောင်စီက လုပ်ဖော်ကိုင်ဖက်များအလိုအရ သမ္မတ ထရမ့်ဟာ မုဒ်မကောင်းကြောင်း၊ ပျားတူတစ်ကောင်လို ဒေါသကြီးနေခြင်းဟာ သူ့အကောင်းဆုံးမုဒ်ဖြစ်ကြောင်း ပြောပြရှာတယ်။

"အင်း. . . နောက်ထပ် အမေရိကန် သမ္မတတစ်ယောက်နဲ့ တွေ့ရ ဦးမယ် ဆိုပဲ”

အယ်လန်က ညည်းသလို ပြောလိုက်တော့ မဒမ် ဖော့စတွန်းက အံ့ဩတကြီးနဲ့ . .

“ဟင် အရင်တုန်းက အမေရိကန် သမ္မတနဲ့ တွေ့ဖူးလို့လား” လို့ မေးလိုက်တယ်။

“အင်း တစ်ယောက်မဟုတ်ဘူး နှစ်ယောက်ခင်ဗျ”

※

ဂျေအက်ဖ်ကေ လေဆိပ်ကို ဆိုက်ရောက်လာတဲ့ ကုလသမဂ္ဂ အထူးလေယာဉ်ဟာ ကုလသမဂ္ဂ လေယာဉ်တိုင်းနဲ့ ထိုက်တန်တဲ့ လေးစား သမှုနဲ့ ကြိုဆိုခြင်းခံရတယ်။ မားရ်ဂေါ့ ဖော့စတွန်းရယ်၊ အယ်လန်ရယ်၊ ဂျူးလီးယပ်စ်ရယ်ကို လေယာဉ်ကွင်းထဲကနေ လင်ကွန်းကားအနက်ကြီးနဲ့ ပြည်တော်ဝင်ဖို့ အထူးပုဂ္ဂိုလ်များအတွက် သီးသန့်နေရာကို ခေါ်ဆောင် သွားတယ်။ အဲဒီနေရာမှာ သမ္မတရဲ့ မဟာဗျူဟာအဖွဲ့ခေါင်းဆောင် စတိဗ်ဘန်နွမ်ဟာ ခြေတကြွကြွနဲ့ စိတ်မရှည် လက်မရှည် စောင့်နေတယ်။ သူဟာ အကြောင်းကြောင်းသော အကြောင်းများကို အကြောင်းပြုပြီးတစ်ကာလ စိတ်အနှောင့်အယှက်ဖြစ်နေတယ်။ သူ့လိုအဆင့်နဲ့ ပုဂ္ဂိုလ်ကို ညှော်ကြို ကောင်လေးအနေနဲ့ လွှတ်လိုက်တာက

အကြောင်းတစ်ခုပေါ့။ အခိုက အကြောင်းကတော့ ဟိုတစ်နေ့က အရှေ့အလယ်ပိုင်း ပေါ်လစီအကြောင်း အခြေအတင် ဆွေးနွေးရင်း အပေါက်အလမ်းမတည့်ရာက ဒေါသထွက်ပြီး လုပ်မိလုပ်ရာ လုပ်လိုက်တာ သမ္မတသားမက် ကျောကုန်းကို ဆောင့်ကန်မိသလို ဖြစ်သွားလို့ သမ္မတ ထရမ့်က သူ့ကို ခွေးဝေါက်သလို ဝေါက်ထားလို့ပဲ။

သမ္မတကို ပြန်ဝေါက်ဖို့ဆိုတာ အလုပ်အပြုတ်မခံဘဲနဲ့ မဖြစ်နိုင်တဲ့အတွက် သူ တစ်ယောက်ယောက်ကိုတော့ ဝေါက်မှ ငန်းမှ ဖြစ်လိမ့်မယ်။ ဒါမှ ဒေါသပြေမှာ။

"ဘာမှပြဿနာမရှာနဲ့နော်၊ သမ္မတကြီး စောင့်နေတာ သိရဲ့လား" စတိဗ်ဘန်နွမ်က လူဝင်မှုကြီးကြပ်ရေးအရာရှိမကို ခပ်ဝေါက်ဝေါက် ပြောလိုက်တယ်။

အရာရှိမဟာ သမ္မတကြီးကို အချိန်ပိုစောင့်ခိုင်းသလို ဖြစ်မှာကို ကြောက်ပါတယ်။ ဒါပေမဲ့ ကြောက်တာက ကြောက်တာပဲ။ အလုပ်က အလုပ်ပဲ။ ကိုယ်စားလှယ် သုံးယောက်ထဲမှာ နှစ်ယောက်က အီးအက်စ်တီအေ ဗီဇာခွင့်ပြုထားတာ မရှိဘူးဆိုတာ တွေ့ရတယ်။

"ဟေ့ သူတို့က သံတမန်တွေလေကွာ၊ နိုင်ငံကူးလက်မှတ်လည်း ကြည့်စမ်းပါဦး"

"ဟုတ်မှာပါ၊ ဒါပေမဲ့ အလုပ်ကအလုပ်ပဲ"

"ဒါဆိုလည်း လုပ်လေကွာ"

တိဗ်ဘန်နွမ်က ဆောင့်ကြီးအောင့်ကြီး ပြောလိုက်တယ်။

လူဝင်မှုကြီးကြပ်ရေး ကွန်ပျူတာထဲ ဖြဲရဲရှာ၊ ဖုန်းတစ်ခါခေါ်ပြီးတဲ့ နောက်မှာတော့ သံတမန်ကြီး ဂျွန်ဆင်နဲ့ သံတမန်ကြီး ကားလ်ဆန်တို့ရဲ့ နိုင်ငံကူးလက်မှတ်တွေမှာ ပြည်ဝင်ခွင့် ရာဘာတံဆိပ်တုံး ထုလိုက်နိုင်တယ်။ သူတို့ နောက်ကြောင်းရာဇဝင်အရ အမေရိကန်ပြည်ထောင်စုရဲ့ ရန်သူတွေ မဟုတ်၊ တီဟီရန်မှာမွေးတာ တစ်ယောက်မှ မပါ။

လူဝင်မှုကြီးကြပ်ရေးအရာရှိ။ ။ ကြိုဆိုပါတယ်ရှင့်

အယ်လန်။ ။ ကျေးဇူးပါ

ဂျွန်ဆင်။ ။ ကျေးဇူးတင်ပါတယ်

စတိဗ်ဘန်နွမ်။ ။ ကဲ လာကြ လာကြ မြန်မြန်

မဒမ်ဇော့စတွန်း။ ။ အင်း သမ္မတကြီး သိပ်စိတ်တိုမနေဖို့ မျှော်လင့်ရတာပဲ။

တကယ်တော့ သမ္မတကြီးဟာ သိပ်သိပ်စိတ်တိုနေခဲ့ပြီ။

တကယ်တော့ လက်ဆွဲသေတ္တာကို ရှာကြဖွေကြဖို့ ကောင်းတာပေါ့။ ဒါပေမဲ့ အမေရိကန်လေဆိပ်တွေဟာ ထွက်ခွာမယ့် လက်ဆွဲပစ္စည်းတွေကိုသာ သဲသဲမဲမဲ ရှာတတ်တာရယ်၊ ကုလသမဂ္ဂ လေယာဉ်ဖြစ်နေတာရယ်၊ အားလုံးဟာ သံတမန်တွေဖြစ်နေတာရယ်၊ အိမ်ဖြူတော်က စတိဗ်ဘန်နွမ် ကိုယ်တိုင် လာကြိုတာရယ်၊ သူက လောနေတာရယ် အားလုံးပေါင်းပြီး အဲဒီ မလုံလောက်တဲ့ အကြောင်းပြချက်တွေ ပေါင်းစပ်လို့ မြောက်ကိုရီးယား လုပ်

လက်ဆွဲသေတ္တာထဲထည့်ထားတဲ့ ယူရေနီယံ လေးကီလိုဟာ အမေရိကန်ပြည်ထောင်စုကို ပြည်ဝင်ခွင့်ရသွားခဲ့တယ်။

ကုလသမဂ္ဂအဆောက်အဦဆီ အသွားလမ်းမှာ ဂျူးလီးယပ်စ်ဟာ ဒီအကြောင်းကို သတိထားမိလာတယ်။ ကြည့်စမ်း အယ်လန်ဟာ သူ ဘာသယ်လာတယ်ဆိုတာကို မဒမ်ဗော့စတွန်းကို တစ်ခွန်းမှ မဟပါလား။

"အယ်လန် ခင်ဗျား ဘာတွေကြံနေတာတုန်း" လို့ မဒမ်ဗော့စတွန်း ဖုန်းပြောနေတုန်း အယ်လန့်ကို သူ တိုးတိုးလေး မေးလိုက်တယ်။

"အား မစ္စတာသမ္မတအတွက် လက်ဆောင်ကောင်းလေး ဖြစ်လိမ့်မယ်ထင်လို့လေ၊ သူက ကျုပ်ကိုတွေ့ဖို့ စိတ်အားထက်သန်မယ်ဆိုရင်ပေါ့၊ ဒါနဲ့ ဒီသေတ္တာလေး ခင်ဗျား ကိုင်ထားဗျ၊ ကုလသမဂ္ဂအဆောက်အအုံထဲ ယူရေနီယံသေတ္တာကြီး ကိုင်ဝင်သွားလို့ မသင့်တော်ပေဘူး"

ဂျူးလီးယပ်စ်ဟာ ပြောလိုက်မှ ကြောက်အားပိုပြီး လှုပ်လှုပ်ရွရွ ဖြစ်လာတယ်။

"စိတ်တော့မပူပါနဲ့ ကျုပ် စဉ်းစားထားတာရှိပါတယ်" လို့ အယ်လန်ကတော့ ပြောနေတုန်း။

※

မဒမ်ဗော့စတွန်း ဖုန်းပြောလို့ပြီးချိန်မှာ ဇိမ်ခံကားကြီးဟာ လိုရာခရီးကို ရောက်ခဲ့ပြီ။ ဂျူးလီးယပ်စ်ကို အနီးနားက ပန်းခြံခုံတန်းပေါ် ထိုင်ခိုင်းထားခဲ့ပြီး အမြန်ဆုံးပြန်လာမယ်လို့ အယ်လန်က ကတိပေးလိုက်တယ်။

ကုလသမဂ္ဂဌာနချုပ်ရဲ့အဝင် လုံခြုံရေးစစ်ဆေးတဲ့နေရာ ရောက်ခါနီး မှာ မဒမ်ဗော့စတွန်းက အယ်လန့်ကို အကြံပေးဖို့ အခွင့်အရေး ရလိုက်တယ်။ တကယ်တော့ ဖျောင်းဖျတာပါ။ ကင်ဂျုံအန်နဲ့ ညစာစားတုန်းကလို မလုပ်ဘဲ ဒီတစ်ခါတော့ အလိုက်အထိုက်နေပေးဖို့၊ သဘောတူပေးဖို့ ပြောတယ်။ ကြည့်ရတာ ဘာဖြစ်မလဲဆိုတာ သူကြိုသိပုံပဲ

"သဘောတူပေးရမယ်လား ဒါပေါ့ မဒမ် နိုင်ငံခြားရေးဝန်ကြီး ခင်ဗျ၊ မဒမ်က ကျုပ်တို့အသက်တွေကို ကယ်လာတာပဲကို"

※※※

(၂၂) အမေရိကန်ပြည်ထောင်စု

၁၉၄၆ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှာ ဒေါ်နယ် ဂျွန်ထရမ့်ကို နယူးယောက်မှာ ဖွားမြင်ခဲ့တယ်။ ဆွီဒင် ပြည်သား အယ်လန် အီမန်နျူရယ် ကားလ်ဆန် ဆိုတဲ့လူ အနုမြူပုံးနဲ့ ပတ်သက်လို့ အမေရိကန်ပြည်ထောင်စုရဲ့ နောက်ဆုံးကြုံတွေ့ရတဲ့ အခက်အခဲကို ဖြေရှင်းပြီး တစ်နှစ်တိတိအကြာမှာပေါ့။

အယ်လန်နဲ့ ဒေါ်နယ်ဟာ တစ်ယောက်နဲ့ တစ်ယောက် ထင်ထားတာထက်ကို တူညီတဲ့အချက်တွေ များကြသူတွေပဲ။ နှစ်ယောက်လုံး သူတို့မိဘတွေရဲ့ အမွေကို ဆက်ခံခဲ့ကြရတယ်။ အယ်လန်က မိဘအမွေ အဖြစ် မန်ကိုပင်းနယ် ဆွန်းမ်လမ်းရွာ တောအုပ်အပြင်က ရေပိုက်မရှိ၊ အနွေးဓာတ်ပေးတဲ့စနစ်မရှိတဲ့ သစ်လုံးအိမ်ကို ရတယ်။ ဒေါ်နယ်က နယူးယောက်မြို့တော် အချက်အချာ ကျတဲ့နေရာ၊ ကောင်းပွေ့ဆိုတဲ့နေရာက တိုက်ခန်းပေါင်း ၂၇၀၀၀ ကို ရတယ်။

သားနှစ်ယောက်ရဲ့ ကံကြမ္မာဟာလည်း ခပ်ဆင်ဆင်ပဲ။ အယ်လန် ဟာ သူ့သစ်လုံးအိမ်ကို ဖောက်ခွဲမိပြီး အိုးမဲ့အိမ်မဲ့ဆိုတဲ့ ရလဒ်ကို ရခဲ့တယ်။ ဒေါ်နယ်ကလည်း သူ့အဖေရဲ့ စီးပွားရေး အင်ပါယာကြီးကို အယ်လန့်နည်း အတိုင်း လုပ်ခဲ့တာပဲ။ ဒါပေမဲ့ သူ့ကိုတော့ ငွေချေးပေးမယ့်ဘဏ်တွေက ကယ်သွားခဲ့တယ်။

နောက်တစ်ခုကတော့ ဒေါ်နယ်နဲ့ အယ်လန်ဟာ ကမ္ဘာရဲ့ တခြမ်းစီမှာ နေရင်း ဘဝဖြစ်တည်မှုအတွက် သက်ပြင်းကြီးတွေချနေခဲ့ကြတာလည်း တူတာပဲ။ အယ်လန်က ဘာလီကျွန်းမှာ၊ သူ့ကို အိုင်ပက်ဆိုတဲ့ တက်ပလက် အမည်းက ဖမ်းစားပြီး မိုးပျံပူဖောင်းပေါ် မရောက်ခင်အထိပေါ့၊ တစ်ဖက်မှာ တော့ ဒေါ်နယ်က ဝါရှင်တန်က အိမ်ဖြူတော်ဆိုတဲ့ နေရာကြီးမှာ စောက်ရူးများ၊ သာကူးများ၊ ငဖေးများ ဝိုင်းဝိုင်းလည်နေရင်းပေါ့။

အမေရိကန်သမ္မတကြီးဆိုတဲ့ဘဝဟာ မျှော်လင့်ထားသလို မသာယာ ပါလားကွာ၊ လူတွေကို အလုပ်ထုတ်ပစ်ချင်တိုင်း ထုတ်ပစ်လို့ရတယ်ဆိုတာ ကမ္ဘာပေါ်မှာ ပျော်စရာအကောင်းဆုံးကိစ္စလို့ ထင်ခဲ့ဖူးတယ်။ သူ စီးပွားရေးလောကနဲ့ တီဗီမီဒီယာလောကမှာ ရှိတုန်းက အဲသလို အလုပ် ထုတ်ပစ်တိုင်း ကြောက်ရွံ့ရိုသေ ခန့်ညားမှုကို သူရခဲ့တယ်။ ဟော သမ္မတ ဖြစ်လို့ လူလေး တစ်ယောက် နှစ်ယောက် (အဲ ၁၃ ယောက်လားမသိ၊ ဘယ်လောက်ရေတွက်ထားသလဲဆိုတာပေါ် မူတည်တာပေါ့) ထုတ်ရုံရှိသေး၊ အကျင့်ပျက် ခြစားနေတဲ့ မီဒီယာကောင်တွေက သူ့ကို စိတ်မမှန်ဘူးတဲ့လေ။

ကြောက်စရာကောင်းတဲ့နောက်တစ်ခုက ရီပတ်ပလစ်ကန်တွေ၊ ဟုတ်ပ၊ တစ်သက်လုံး သူ့ပါတီဖြစ်ခဲ့တဲ့ သူ့ရဲ့ ရီပတ်ပလစ်ကန်ကောင်တွေဟာ သူပြောတဲ့အတိုင်း မလုပ်ကြဘူး။ ပြီးတော့ ဥပဒေဆိုတာကြီးနဲ့ ဟန့်တား ထားလို့

သူတို့ကို ဖြုတ်ပစ်၊ ထုတ်ပစ်လို့ မရဘူးတဲ့လေ။ ထွီ။

ပြီးတော့ လာလာချေသေး လူမျိုးရေး ခွဲခြားမှုတဲ့။ ဒါကို မပြောရဘူးတဲ့။ သူ့ဖေဖေ ဖရက်ဒ် ကေသုံးလုံး လှုပ်ရှားမှုကြောင့် အဖမ်းခံခဲ့ရတာမျိုး မဖြစ်ရဘူးတဲ့။ အဆိုးဆုံးကတော့ သမ္မတဖြစ်နေတဲ့အတွက် အမှန်တရားကို ပြောခွင့်မရှိဘူးဆိုဘဲ။ ဥပမာ မက္ကဆီကန်တွေဟာ မုဒိန်းသမားတွေ၊ မွတ်စလင်တွေဟာ နောက်ဆုံးတစ်ယောက်ကျန်သည်အထိ အဆိုးတကာ့ ထိပ်ခေါင်တွေ ဆိုတာမျိုးပေါ့။ မပြောရဘူးတဲ့။

ဒါပေမဲ့လို့ ကောင်းတာလေးတွေလည်း ရှိပါတယ်လေ။ သမ္မတဘဝ ရဲ့ ကောင်းကွက်များပေါ့။ သူဟာ လိုအပ်ရင် စစ်ပွဲတွေကို စတင်နိုင်တယ်။ တကယ့်စစ်ပွဲရော လေစစ်ပွဲရောပေါ့။ အတုအယောင် မီဒီယာ ဆန့်ကျင်ရေး စစ်ပွဲဆို စခဲ့တာကြာပြီ။ အတုအယောင်ဆိုတဲ့ စကားလုံးကို ကိုယ်ပိုင်စကားလုံး အဖြစ် တီထွင်အသုံးပြုနိုင်ခဲ့လို့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူသလေ။ တကယ်တော့ အတုအယောင်သတင်းဆိုတာ သူ မဖတ်ချင်၊ မကြားချင်၊ မကြည့်ချင်တဲ့ သတင်းအားလုံးကို ဆိုလိုတာပဲ။

သို့သော်လည်း တကယ့်စစ်ပွဲတွေကတော့ နည်းနည်းပိုရှုပ်တယ်။ တခြားတိုင်းပြည်က အကြီးအကဲဆိုတဲ့ကောင်တွေ ရာထူးက မဆင်းပေးဘူး၊ အာဏာကို မစွန့်ဘူးရယ်လို့ ပေကပ်ကပ် ကြွစောင်းစောင်းလုပ်နေရင် အကောင်းဆုံးကတော့ ချီးထွက်သေအောင် ဗုံးကြဲပစ်မယ်လို့ ခြိမ်းခြောက် လိုက်ရုံပဲ။ စီးပွားရေးလောကမှာ ဒီဗျူဟာက အမြဲအလုပ်ဖြစ်တယ်။ ဗုံးအစား တရားစွဲမယ်ဆိုတဲ့ စကားလုံးကိုသာသုံး။ ဒါပေမဲ့လို့ ခင်ဗျားပြိုင်ဘက်ဟာ ကိုယ့်ကိုယ်ကိုယ် အင်မတန်ချစ်တဲ့ ဝကစ်ကစ် အရူးကောင်လေး ဖြစ်နေပြီး သူ့မှာ နျူကလီးယားလက်နက်ကလည်း ရှိနေမယ်ဆိုရင်တော့ ချီးထွက်အောင် ဗုံးကြဲမယ့်ဗျူဟာကို နှစ်ခါပြန်စဉ်းစားရတော့မယ်။ ဒါကို ဒေါ်နယ် မကြိုက်ပါဘူး။ သူ့အချိန်တွေဟာ တန်ဖိုးရှိလွန်းတယ်လေ၊ မြောက်ကိုရီးယားက ကိုယ့်ဖင်ကိုယ်နမ်းနေတဲ့ ကောင်လေးကြောင့် သူဟာ တစ်စုံတစ်ယောက်ကို သတိရမိတယ်။ ဘယ်သူကို သတိရသလဲဆိုတာတော့ စဉ်းစားလို့မရဘူး။

ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် မှန်မှန်ကန်ကန်သာကစားရင် အနည်းဆုံး တိုင်းပြည်ရဲ့ တစ်ဝက်လောက်က သူ့ဘက်မှာရှိတယ်ဆိုတာကို ထရမ့် သိတယ်။ တခြားတစ်ဝက်ကတော့ ကယ်တင်လို့ မရတော့ဘူး။ ဒါကြောင့် သူ့လူတွေကိုပဲ စည်းရုံးရမယ်။ ဥပမာအားဖြင့် သေနတ်ဥပဒေအသစ် အကြောင်းတွေ ဘာတွေ လျှောက်ပြောနေတာက ကောင်းတဲ့ဗျူဟာ မဟုတ်ဘူး။ ဒေါ်နယ်ထရမ့်ဟာ သူ့မိတ်ဆွေတွေကို အမြဲတမ်း ဂရုစိုက်တတ်တယ်။ အထူးသဖြင့် သေနတ်နဲ့ အပစ်ခံရစရာအကြောင်းမရှိတဲ့ မိတ်ဆွေတွေကိုပေါ့။

သေနတ်ကောင်းကြောင်း အမြဲရေရွတ်နေလိုက်နေတတ်သူများပေါ့။ အဲသလို အခြေအနေမှာ သေနတ် ၂၃ လက် အသုံးပြုပြီး လူပေါင်း ခြောက်ဆယ်ကျော်

လောက်ကို ပစ်သတ်ခဲ့တဲ့ စိတ္တဇအကောင်တစ်ကောင်ရဲ့ ဖြစ်ရပ် လက်စ်ဗီးဂက် မှာ ဖြစ်သွားခဲ့တာတော့ ဆိုးတာပဲ။ အေးလေ-မှားတဲ့ကိစ္စဟာ မှားကိုမှားမှာပဲ ဆိုတဲ့ မာဇီရဲ့ ဥပဒေသအတိုင်းပေါ့။ ကျောင်းထဲဝင်ပြီး သေနတ်နဲ့ တရစပ် ပစ်တယ်ဆိုတဲ့ကိစ္စတွေ နောက်ဆက်တွဲဖြစ်လာတာဘယ်ဆန်းပါ့မလဲ။

အဲသလို ပစ်ချင်တိုင်းပစ်နေတဲ့ကိစ္စကို ထားလိုက်၊ အရေးကြီးတာက ပြည်ပရန်စွယ်ပဲလို့ သမ္မတကြီးဟာ တိုင်းပြည်ကို အမြဲတစေ သတိပေးနေ ခဲ့တယ်။ ဘေးရန်ကင်းကွာလွန်ချမ်းသာသော အမေရိကန်ပြည်ကြီးမဟာ ဖြစ်စေဖို့အရေး၊ လုပ်ဖို့လိုတာက မျိုးချစ်စိတ်ရှိသူတိုင်း .. ဟိုတစ်ဖက်က မုဒိမ်းသမားတွေရဲ့ တိုင်းပြည်ကို မမြင်ရအောင် မဟာတံတိုင်းကြီးတစ်ခု ဆောက်လုပ်ကာရံထားဖို့ကိစ္စကို အပြည့်အဝ ထောက်ခံကြဖို့ပဲ။

စစ်ပွဲဆိုတာ စိတ်ဓာတ်မြှင့်တင်ပေးနိုင်တဲ့အရာ။

သူဆို နေ့စဉ်နေ့တိုင်း မပြီးသေးသော တွစ်တာစစ်ပွဲတွေမှာ အနိုင်ရ လေ့ရှိတယ်။ ဟို ကိုယ့်ကိုယ်ကိုယ် အင်မတန်ချစ်တဲ့ ဒုံးပျံကောင်လေးနဲ့ ပတ်သက်တဲ့ စစ်ပွဲကရော။

နေပါဦး ဒီကောင်လေးကြောင့် သူ တစ်ယောက်ယောက်ကို သတိရမိတာ အမှန်ပဲ။ ဘယ်သူ့ကို သတိရမိပါလိမ့်။

※

သမ္မတက ကုလသမဂ္ဂဆိုင်ရာ၊ အမေရိကန် သံအမတ်မနစ်ကစ် ဟေလီနဲ့တွေ့ဖို့ နယူးယောက်ကို လာတဲ့ခရီးမှာ အိမ်ဖြူတော် ဝန်ထမ်း အကြီးအကဲ ရိန်းဟိုးရစ်ချတ်ပရီးဘတ်စ် ပါလာရတာဟာ အကြောင်းရှိတယ်။ မြောက်ကိုရီးယားကိစ္စတွေဟာ အလွှာအားလုံး၊ အဆင့်အားလုံးက ပူပင်သောက ရောက်စရာဖြစ်လာတဲ့အခါမှာ ပရီးဘတ်စ်အတွက်လည်း သူ့ ကုလားထိုင် တည်မြဲအောင် လုပ်ရမယ့် တာဝန်က ရှိပေသကိုး။ ဒါကြောင့် သူ့သမ္မတကို သူပြောတယ်။ အမေရိကန် စစ်သင်္ဘောအုပ်စုကြီး မြောက်ကိုရီးယားကို ဦးတည်ထွက်ခွာပြီလို့ သမ္မတကြီး ပြောခဲ့တဲ့ဟာလေ။ အဲဒါ စစ်သင်္ဘော အုပ်စုကြီး မဟုတ်ဘူးခင်ညာ၊ ကုန်တင်သင်္ဘောတွေ၊ ပြီးတော့ မြောက်ကိုရီးယား ကို ဦးတည်တာလည်း မဟုတ်ဘူး၊ ဩစတြေးလျကို သွားနေတာပါ။ အဲသလိုပြောမိလို့ ဘောစိဟာ ဒေါသအိုးကွဲပြီး ပရီးဘတ်စ်ကို ပါးစပ်က အမြှုပ်ထွက်မတတ် အပြစ်တင်တယ်။ သမ္မတကြီးဟာ အမြဲလိမ်တတ်တဲ့ နယူးယောက်တိုင်းမ်စ်က ရေးသားဖော်ပြသော သတင်းမှန်ကို ရိုးသားစွာ ကိုးကားပြောမိတာကိုးတဲ့။

သမ္မတကြီး ကမ္ဘာကိုကြေညာတဲ့ တရားဝင်ကြေညာချက်တွေဟာ ကမ္ဘာက မျှော်လင့်ထားသလို ဖြစ်မလာရှာဘူး။ ကင်ဂျုံအန်ကို တစ်ခါ ဖောင်းထုတိုင်း အခြေအနေတွေက ပိုပိုဆိုးလာတယ်ဆိုတာကို တွေ့တွေ့နေရတယ်။ အဲသလိုဖြစ်အောင် သူ့ကို ဘယ်သူမဆို လာလာပြောလို့ရနေတာက အဆိုးဆုံးပေါ့။

အင်းလေ၊ ဘာပဲဖြစ်ဖြစ် ခု ကုလအဆောက်အဦထဲ လုံခြုံရေး ကောင်စီ

ကိုယ်စားလှယ် ဆီဒွင်နိုင်ငံခြားရေးဝန်ကြီး မဒမ် ဗော့စတွန်း ရောက်နေပြီ၊ အစည်းအဝေးအတွက် အဆင်သင့်ဖြစ်နေပြီဆိုတာကို ပရီးဘတ်စ် ဟာ သူ့သမ္မတကို သတင်းပို့လိုက်တယ်။ သမ္မတကြီး ဆန္ဒရှိနေတဲ့အတိုင်း ဆွစ်ဇာလန်ကလီးယားပါရဂူဆိုတဲ့ ဆွီဒင်သား အယ်လန်ကားလ်ဆန်ကိုလည်း တစ်ပါတည်း ခေါ်လာခဲ့ပါသတဲ့။

"ကျွန်တော်မေးခွင့်ရှိ - - - - -ရှိ-

"ခေါ်လာခဲ့ "

++++++++++++++++++++++++++++

"ဟယ်လို မစ္စတာသမ္မတကြီး"။ မားရ်ဂေါ့ ဗော့စတွန်း"

"သူပြောသလိုပဲခင်ဗျ"။ အယ်လန်

"ထိုင်ကြ"။ သမ္မတ ထရမ့်

"ခင်ဗျားကနေ စမယ် မစ္စစ်ဗော့စတွန်း၊ ခင်ဗျား ပုံ- ပလုံ - ပွန် -အဲ ဘာပါလိမ့်- ထားတော့ မြောက်ကိုရီးယားကိုရောက်ပြီး သတင်းစာ ရှင်းလင်းပွဲလုပ်ဖို့ ဘယ်ခန္ဓာကိုယ် အစိတ်အပိုင်းကများ စဉ်းစားမိပါလိမ့်၊ သတင်းစာ ရှင်းလင်းပွဲဆိုတာ အလကား၊ မြောက်ကိုရီးယားက သတင်းစာ ရှင်းလင်းပွဲဆိုတာ အဆိုးဆုံးပေါ့"

မားရ်ဂေါ့ဗော့စတွန်းဟာ အရင်ဆုံး အဲဒီ သတင်းစာရှင်းလင်းပွဲ အတွက် ဘယ်ခန္ဓာကိုယ် အစိတ်အပိုင်းကမှ စဉ်းစားချိန်မရလိုက်ဘူး၊ လေဆိပ်ကနေ အဲဒီကို တန်းခေါ်သွားတာ ခံရတဲ့အကြောင်း ပြောလိုက်တယ်။

"ကျွန်မတို့အားလုံးကို ကင်ဂျုံအန်က အရူးလုပ်သွားတာ သမ္မတကြီးရှင့်၊ ဒါပေမဲ့ ကုလသမဂ္ဂ ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ ကျွန်မ တောင်းပန်စကား ပြောပါရစေရှင့်"

ခင်ဗျားတို့အားလုံး အရူးလုပ်ခံရတယ်လား၊ အင်း ကျုပ်ကိုတော့ ဒီ ဒုံးပျံကောင်လေးက အရူးလုပ်လို့ရမှာ မဟုတ်ဘူး"

ဝန်ကြီးဟာ ထပ်တောင်းပန်တယ်။ သမ္မတကို စော်ကားလိုတဲ့ ရည်ရွယ်ချက် လုံးဝမရှိကြောင်း ပြောတယ်။ ဒါပေမဲ့ အဲဒီ ဒုံးပျံကောင်လေး ဆိုတဲ့ အသုံးအနှုန်းဟာ အင်မတန် မရေရာလှတဲ့ မြောက်ကိုရီးယားနဲ့ ကျန်တစ်ကမ္ဘာလုံးရဲ့ ဆွေးနွေးပွဲမှာ အကျိုးရှိ၊ မရှိ သူ့အနေနဲ့ မသေချာဘူး။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဆီတင်တဲ့ အစီရင်ခံစာ တစ်စောင်မှာ သင့်တော်တဲ့ သံတမန် အသုံးအနှုန်း ဘာသာစကားနဲ့ ပတ်သက်တဲ့ အခန်း တစ်ခန်း သူ ဦးဆောင်ပြီး ရေးခဲ့ဖူးတယ်။

"သမ္မတကြီးအနေနဲ့ အဲဒီအစီရင်ခံစာ တစ်အုပ်လိုချင်တယ်ဆိုရင် ကျွန်မ ယူ..ယူ......"

"အစီရင်ခံစာ စာအုပ်မှာ အခန်းတစ်ခန်းရေးထားတယ် ဟုတ်လား၊ ဘာတွေလာပြောနေတာလဲ၊ ဘယ်သူက ဖတ်လို့လဲ၊ ကျုပ်မေးခွန်းကိုသာ ဖြေစမ်းပါ"

သမ္မတကြီးဟာ သူ့ခန္ဓာကိုယ် ဘယ်အစိတ်အပိုင်းနဲ့များ

မြောက်ကိုရီးယားမှာ သတင်းစာရှင်းလင်းပွဲလုပ်ဖို့ စိတ်ကူးခဲ့တာလဲဆိုတဲ့ မေးခွန်းကလွဲလို့ တခြားဘာမေးထားသေးလဲဆိုတာ မဒမ်ဖော့စတွန်း စဉ်းစားလို့မရဘူး။ ဒါကြောင့်မို့ သူ မဖြေနိုင်ဘူး။ ဒါကြောင့် ခုလို ပြောလိုက်ရတယ်။

"ကျွန်မ အကောင်းဆုံး ကြိုးစားပါ့မယ် မစ္စတာသမ္မတကြီးရှင့်၊ ခု သမ္မတကြီးကို မစ္စတာအယ်လန် ကားလ်ဆန်နဲ့ မိတ်ဆက်ပေးပါရစေ၊ သူက မြောက်ကိုရီးယားက ကြေညာသလို ဆွစ်လူမျိုးမဟုတ်ပါဘူး။ ဆွီဒင် ပါ၊ မြောက်ကိုရီးယားက ကြိုးစားနေတဲ့ ဟိုဟာကိစ္စကို သူ မကူညီ-ညီ-......"

"ခင်ဗျားက ဘယ်သူလဲ"

အမေရိကန်သမ္မတဟာ မဒမ်ဖော့စတွန်းပြောနေတာကို ကြားဖြတ်ပြီး အယ်လန့်ကို မေးလိုက်တယ်။

ဟင်.. ဘယ်နဲ့လူပါလိမ့်၊ သူက သမ္မတလား၊ လူထူးလူဆန်း လူ့ပေါက်ပန်းလား။ အေးလေ- သမ္မတရော လူ့ပေါက်ပန်းရော နှစ်မျိုးလုံး တစ်ပြိုင်နက် ဖြစ်နိုင်၊ မဖြစ်နိုင်ဆိုတာ သမိုင်းသက်သေတည်လိမ့်မပေါ့။ "ကျုပ်ဘယ်သူလဲ ဟုတ်စ၊ အင်း... ကျုပ်က ခုနက မဒမ် နိုင်ငံခြားရေးဝန်ကြီးပြောတဲ့ အယ်လန်ကားလ်ဆန်ပါ၊ ဆွီဒင်လူမျိုးပါ၊ ဒါလည်း သူပြောပြီးသားလို့ ယုံကြည်ပါတယ်၊ သူပြောသလိုပဲ ကျုပ်က မြောက်ကိုရီးယားကို မကူညီခဲ့ပါဘူး၊ မကူညီတဲ့အပြင် နှောင့်တောင် နှောင့်ယှက်ခဲ့သေးတယ်၊ ဒါ ကျုပ်ဘယ်သူလဲဆိုတာပါပဲ၊ သိချင်ရင်တော့ ဆက်ပြောပြရသေးတာပ"

"အွန်း-ထားပါတော့ သူတို့ကတော့ ခင်ဗျားဟာ သမ္မတရဲ့ လွတ်လပ်ခြင်းဆိုင်ရာ ဆုတံဆိပ်ကို ရခဲ့ဖူးတယ်လို့ ပြောတယ်၊ ဒါပေမဲ့ အဲဒီဆုတံဆိပ် ခင်ဗျားကိုပေးတဲ့ သမ္မတက သမိုင်းစာအုပ်ထဲ ရောက်သွားပြီ၊ ခု ကျုပ်ဆိုတဲ့ သမ္မတကတော့ ခင်ဗျား ကျုပ်မေးခွန်းတွေကို မှန်မှန်ကန်ကန် မဖြေရင် အဲဒီဆုတံဆိပ်ကို ပြန်သိမ်းမှာ၊ ပြန်သိမ်းမှာ သိရဲ့လား"

"အို-အို အကောင်းဆုံးဖြေပါ့မယ်လို့ ကတိပေးပါသဗျာ၊ တကယ် လို့ ခင်ဗျားက ကျုပ်ကို မေးခွန်းတွေ စမေးမယ်ဆိုရင်ပေါ့၊ ဒါပေမဲ့ ဆုတံဆိပ် ပြန်ပေးဖို့ကတော့ ခက်လိမ့်မယ်၊ ဆုတံဆိပ်က ၁၉၄၈ တုန်းက လီနင်ဂရက် အသွား ရေငုပ်သင်္ဘောပေါ်မှာ ပျောက်သွားပြီဗျ၊ ရုရှတွေ ဖွက်ထားသလား တော့ မသိဘူး၊ မော်စကိုက ပူတင်ဆိုတဲ့ငနဲကို မေးကြည့်လေ၊ သမ္မတကြီးနဲ့ ခင်ရဲ့မဟုတ်လား"

သမ္မတထရမ့်ဟာ တွန့်သွားတယ်၊ ရေငုပ်သင်္ဘောနဲ့၊ ၁၉၄၈ ခုနှစ်ကတဲ့လား။

ထရမ့်တွန့်သွားတာကို အကြောင်းပြုပြီး အယ်လန်က ဆက်ပြောခွင့် ရသွားတယ်။

"ဒါပေမဲ့လို့ ဖြေလို့ရတာကိုပဲ ဖြေမှာနော်၊ ဒါ ကျုပ်အကျင့်ပဲ၊ ထရူးမန်းဟာ အနုမြူဗုံးအကြောင်း အကုန်သိချင်တယ်၊ သူပြီးတော့ နစ်ဆင် ပေါ့၊ နစ်ဆင်ကတော့ အင်ဒိုနီးရှားက နိုင်ငံရေးအကြောင်းလည်း သိချင်တယ်၊ ကျုပ်လည်း သိသမျှတော့ ပြောပြတာပါပဲ၊ ဒါပေမဲ့ ကျုပ်မှ နိုင်ငံရေးအကြောင်း သေချာမသိတာ၊ ခု

လက်ရှိသမ္မတကြီး သိချင်နေတာကို ပြောပြပါဆိုလည်း ကျုပ်ကတော့ အသင့်ပါပဲ၊ သမ္မတကြီးက ဆိတ်နို့ကနေ ဗော့ဒကာချက်တဲ့ နည်းတော့ မသိချင်လောက်ဘူး ထင်ပါရဲ့၊ တကယ်တော့ အဲဒါက ပိုစိတ်ဝင်စားစရာကောင်းတာ”

အမေရိကန်ရဲ့ စစ်ဦးစီးချုပ်ဖြစ်တဲ့ သမ္မတာဟာ အရက် ဘယ်တုန်း ကမှ မသောက်တဲ့လူဆိုတာကို အယ်လန်က တက်ပလက်မည်းကနေ တစ်ဆင့် သိထားတယ်လေ။

ထရမ့်ဟာ ခဏငြိမ်နေပြီးမှ ပြောတယ်။

“ခင်ဗျားက စကားအတော်များတယ်၊ ခုလိုလျှောက်ပြောနေမယ့် အစား မြောက်ကိုရီးယားမှာ ဘာလုပ်ခဲ့သလဲဆိုတာ ပြောပါလား၊ ဘာဖြစ်လို့ အဲဒီ စောက်ရူးကို နျူလက်နက်ကိစ္စ ကူညီနေရတာတုန်း”

“ဘယ်စောက်ရူးကိုမှ မကူညီပေါင်ဗျာ၊ နစ်ဆင်ကို ထည့်မတွက် ရင်ပေါ့လေ၊ ကျုပ်တို့ဟာ မရည်ရွယ်ဘဲ ကိုရီးယားကို ရောက်သွားတာပါ၊ ကျုပ်နဲ့ မိတ်ဆွေ ဂျူးလီးယပ်စ် နှစ်ယောက်ပေါ့လေ၊ ကျုပ်တို့နှစ်ယောက် ပင်လယ်ထဲ မျောနေတုန်း သင်္ဘောတစ်စီးက ကယ်ခဲ့တယ်၊ သင်္ဘောက သူ့တိုင်းပြည်က ပြံ့ယမ်းနားက ဆိပ်ကမ်းကို တန်းမောင်းတော့တာပဲ၊ ကံမကောင်းချင်တော့ သင်္ဘောပေါ်မှာ အရက်ကမရဘူး၊ သင်္ဘောကပ္ပတိန် နာမည်က ပတ်တဲ့၊ ခင်ဗျားများ သိမလားမပြောတတ်ဘူး”

သမ္မတထရမ့်ဟာ အဘိုးကြီးပြောတဲ့အထဲက အဖိုးတန်တဲ့အချက်ကို ရှာကြည့်တယ်။ မအောင်မြင်ဘူး။

“ကဲ လိုရင်းပြောစမ်းပါဗျာ၊ ခင်ဗျား သူတို့ကို ဘာမှမပြောခင် တုန်းက ကိုရီးယားတွေ ဘာသိလဲ”

အယ်လန်ဟာ သူ့ရှေ့မှာထိုင်နေတဲ့ ငနဲကို သဘောမကျတော့ဘူး၊ ဒီငနဲဟာ ဘာများမှားနေသလဲ။ ဒါပေမဲ့လို့ မဒမ်ဗော့စတွန်းကို သဘောတူပေးဖို့ ကတိပေးထားတယ်လေ၊ ကဲ ဆက်ပြောတာပေါ့။

“ကျုပ်ပြောခဲ့သမျှအားလုံးဟာ နျူလက်နက်နဲ့ ပတ်သက်လို့ သူတို့ သိတာထက် ပိုသိလာစရာအကြောင်းမရှိဘူးခင်ဗျ၊ လျှော့သိလာစရာအကြောင်း ပဲ ရှိတယ်။ ဖော်မြူလာတချို့ ပေးခဲ့တာမှန်ပါတယ်၊ ရေဆိုးကို သန့်စင်နည်းတို့ နိုင်လွန်ခြေအိတ်လုပ်နည်းတို့ ဆပ်ပြာချက်နည်းတို့ပေါ့၊ ဒါတွေနဲ့တော့ စစ်ပွဲတစ်ပွဲကို စနိုင်စရာအကြောင်းမရှိဘူးထင်တာပဲ”

“ရေဆိုးသန့်စင်နည်း ဟုတ်လား”

“အင်း အဝတ်လျှော် ဆပ်ပြာမှုန့်လုပ်နည်းလည်း ပါတယ်၊ ဒီဖော်မြူလာတွေကို အမှန်မဖော်ထုတ်နိုင်ခင် မဒမ်ဗော့စတွန်းရဲ့ လေယာဉ်ပေါ် ရောက်အောင် ကျုပ်တို့ စီမံနိုင်ခဲ့ကြတယ်လေ၊ အင်း အပြစ်လို့ပြောမယ်ဆိုရင် အင်ဒိုနီးရှား ပင်လယ်ပြင်ထဲ မိုးပျံပူဖောင်း ပြုတ်ကြတာပဲ ရှိမယ်ထင်တယ်၊ ဒါကြောင့် ဆုတံဆိပ်ပြန်သိမ်းမယ်ဆိုလည်း သဘောပါဗျာ”

အင်း ဒါနဲ့တော့ သမ္မတ သဘောတူအောင်၊ သဘောကျအောင် မဖြစ်နိုင်သေးဘူးထင်တယ်လို့ အယ်လန်က ပြောရင်း တွေးမိနေတယ်။ ဒါကြောင့် သမ္မတဟာ နောက်ထပ် ဘာမေးရမလဲ စဉ်းစားနေတုန်း သူ ပြောလိုက်တယ်။

"မစ္စတာသမ္မတကြီးနဲ့ ပတ်သက်လို့ ကျုပ်ရဲ့ ပုဂ္ဂိုလ်ရေး ထင်မြင်ချက်ကလေးတစ်ခု ပြောလို့ရမလား ခင်ဗျ"

"ဘာလဲ"

ကဲ ပြောပြီကွာ။

"မစ္စတာသမ္မတကြီးရဲ့ ဆံပင်ပုံစံက သိပ်ကို သားနားတာပဲဗျ"

"သိပ်သားနားတယ် ဟုတ်လား"

"အင်း အမှန်တော့ သမ္မတကြီး တစ်ကိုယ်လုံး ကြည့်လို့ကောင်းပါ တယ်၊ ဒါပေမဲ့ ဆံပင်ကတော့ အတိုင်းထက်အလွန်ပါပဲဗျာ"

သမ္မတထရမ့်ဟာ သူ့ရဲ့ ရွှေနီရောင် ဆံကေသာကို တစ်ချက် သပ်လိုက်တယ်။ စိတ်ထဲကဒေါသတွေ နေလာနှင်းပျောက်သလိုဖြစ်သွားတာ အံ့သြစရာ။

"အင်း... ဒီလိုပြောတာ ခင်ဗျား ပထမဆုံးတော့ မဟုတ်ဘူး၊ ပထမဆုံးလူ မဟုတ်ဘူးဗျ"

အမလေး၊ ကျေနပ်သွားမှန်း သိသာလိုက်တာ။ တချို့ကိစ္စတွေမှာ သဘောတူဖို့ သဘောကျဖို့ဆိုတာ သိပ်ကို လွယ်ပါလားနော်၊ နောက်တစ်ခါ အမေရိကန် သမ္မတတစ်ယောက်နဲ့ ထပ်တွေ့ရင် ဒီလိုပဲ ကျေနပ်အောင်လုပ်မှပဲ။ အင်း ဒီ ဆွစ်- ဆွီဒင် ကောင်ကြီးဟာ သဘောကျစရာပဲလို့ ဒေါ်နယ် ထရမ့်က တွေးနေတယ်။ အတော် အကဲခတ်ကောင်းပြီး ဆုံးဖြတ်ချက်မှန်တဲ့ လူကြီးပဲ။ ထရမ့်ဟာ နာရီကို ကြည့်လိုက်တယ်။

"ကဲ အရေးကြီးကိစ္စရှိသေးတယ်၊ ခင်ဗျားတို့နဲ့ ဆွေးနွေးတာ တော်လောက်ပြီ"

မဒမ်ဗော့စတွန်းဟာ ထရပ်လိုက်တယ်။ အစည်းအဝေးပြီးသွားလို့ ပျော်တယ်ဆိုတာထက်ကို ပိုသေးတယ်။ အယ်လန်ကတော့ အသက်ကြီးတော့ ဖြည်းဖြည်းပဲ ထရပ်နိုင်တယ်။

"ခဏနေဦး"

ဒေါ်နယ်ထရမ့်က ပြောလိုက်တယ်။ သူ အကြံတစ်ခုရလို့ပဲ။

အကြံကို ချက်ချင်းအကောင်အထည်ဖော်တယ်ဆိုတာ သူပဲလေ။ ဒီအဘိုးကြီးဟာ ထူးထူးဆန်းဆန်းပဲ၊ ဆံပင်အကြောင်းလည်း မှန်မှန်ကန်ကန် ပြောနိုင်တယ်။

"ကားလ်ဆန် . . ခင်ဗျား ဂေါက်ရိုက်သလား"

"မရိုက်ပါဘူး မစ္စတာသမ္မတကြီး၊ တစ်ခါတုန်းကတော့ ဘာဂျာ မှုတ်တဲ့ စပိန်မိတ်ဆွေတစ်ယောက် ရှိခဲ့ဖူးပါရဲ့၊ သူ မသေခင်တုန်းကပေါ့၊ ပြည်တွင်းစစ်မှာ

သူ့ခေါင်းကို သေနတ်မှန်ပြီးနောက်ပိုင်း သူ ဘာမှ မမှတ်နိုင်တော့ဘူး၊ ရက်စရာပါပဲ၊ ဒါက ကြာပါပြီလေ”

အယ်လန်ပြောနေတာ ဘယ်ပြည်တွင်းစစ်လဲဆိုတာကို ဒေါ်နယ်ထရမ့် သိချင်နေမိတယ်။ အမေရိကန်ပြည်တွင်းစစ်တော့ မဖြစ်နိုင်ဘူး။ အဘိုးကြီးဟာ အိုတာမှန်ပေမယ့် အဲသလောက်တော့ အသက်မကြီးလောက်ဘူး။ ထားပါတော့လေ၊ ဘာပဲဖြစ်ဖြစ် ဘာအရေးကြီးလို့တုန်း၊ ဘာပြောပြော ဒီအဘိုးကြီးကို ခဏလောက်အနားခေါ်ထားရင် စိတ်ဝင်စားစရာ ဖြစ်မယ် ထင်တယ်။

ပြဿနာကတော့ သမ္မတဟာ နယူးယောက်မြို့ပြင်က ဂေါက်ကွင်း မှာ ဂေါက်ရိုက်ဖို့ ဖိတ်ခေါ်ခံထားရတာ။ ဖိတ်တဲ့လူက သူ့ဘော်ဒါအရင်းကြီး၊ အိမ်ခြံမြေလုပ်ငန်းရှင်ကြီး။ ထရမ့်ရဲ့ သမ္မတ မဲဆွယ်ပွဲကာလမှာ ဒေါ်လာ ခုနစ်သိန်း ရင်းနှီးမြှုပ်နှံထားသူကြီးပေါ့။ အဲဒီအတွက် အိမ်ခြံမြေလုပ်ငန်းခွန် ၆.၂ သန်း သက်သာခွင့်ပြုခြင်းဆိုတဲ့ အကျိုးအမြတ်ကို သူ လက်တွေ့ ခံစားခဲ့ရပြီးပြီ။ အဲဒီအတွက် ၁၈ ကျင်းပြည့်ရိုက်ပြီး အောင်ပွဲခံကြဖို့ပဲ။ ဒါပေမဲ့လို့ အယုတ်တမာ ဗိုင်းရပ်စ် နှိပ်စက်လို့ အဖျားကြီးပြီး အိပ်ရာထဲ လဲနေတယ်။ ဒါကြောင့် အဲဒီဂေါက်ပွဲကို ဖျက်ရမလိုဖြစ်နေတာ။ ဒါပေမဲ့ ဂေါက်ကဂေါက်ပဲလေ၊ ကုလသမဂ္ဂက သူ့ကိုငှားထားတဲ့ အလုပ်စားပွဲမှာ အချိန်ဖြုန်းနေလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒီမှာ ထိုင်နေပြီး သမ္မတ အားနေတယ်၊ တွေ့လို့ရတယ်လို့ ဘယ်ပြောလို့ဖြစ်ပါ့မလဲ။

ဒါကြောင့်မို့ ထရမ့်ဟာ အဘိုးကြီး ကားလ်ဆန်ကို ဂေါက်ကွင်း လိုက်ခဲ့ဖို့ ဖိတ်လိုက်တယ်။ စကားစမြည်လည်း ပြောလို့ရတာပေါ့။ တကယ်လို့ သာ အဘိုးကြီး ကားလ်ဆန်ဟာ သုံးလို့ရသေးတယ်ဆိုရင် ဂေါက်ကွင်းက ဂေါက်အိတ်ထမ်းတဲ့ ပွာတိုရီကန်အကောင်ကို စောင့်ကြည့်ပေးဖို့ တာဝန် ပေးမယ်ပေါ့လေ။ ပွာတိုရီကန် သူခိုးကောင်ကိုပေါ့။

“ပွာတိုရီကန်နဲ့ ပတ်သက်လို့ ကျုပ်မှာ ဘာအရည်အချင်း ရှိသလဲဆိုတာ မသိပါဘူး၊ ကြည့်ကြသေးတာပေါ့ သမ္မတကြီး အလိုရှိတယ် ဆိုရင် လိုက်ရတာပ၊ အင်း ကမ္ဘာ့ခေါင်းဆောင်ဆိုသူတွေ အတော်များများနဲ့ တွေ့ဖူးပါရဲ့၊ များသောအားဖြင့် အဆုံးသတ်မကောင်းခဲ့ဘူးဆိုတာတော့ ဝန်ခံရမှာပဲ”

အဘိုးကြီးဟာ မဆိုးဘူးပဲ၊ ကြောင်တောင်တောင်ပေမဲ့ ခင်စရာပါ။ “အိုကေလေ သွားကြတာပေါ့” လို့ သမ္မတက ပြောလိုက်တယ်။ မဒမ်ဗော့စတွန်းကို သွားလို့ရပြီဖြစ်တဲ့အကြောင်း၊ ရှေ့လျှောက် သတိနဲ့နေဖို့ လိုကြောင်း၊ ကိုယ့်ကိုယ်ကိုယ် ဆင်ခြင်သုံးသပ်သင့်ကြောင်း ဩဝါဒပေးလိုက်တယ်။

“ခုလာတာ ကျေးဇူးတင်တယ်၊ ကဲ သွားလို့ရပြီ”

“ကျွန်မက ကျေးဇူးတင်ရမှာပါ သမ္မတကြီးရှင့်”

အင်း-တစ်ခါ သံတမန်ဖြစ်ဖူးရင် အမြဲထာဝရ သံတမန်ဖြစ်နေ တော့တာပါပဲ။

※

မန်ဟက်တန်ကနေ သိပ်မဝေးတဲ့ဂေါက်ကွင်းကို တက္ကစီလောက်၊ အူဘာလောက်နဲ့ မသွားဘူး။ အမေရိကန်သမ္မတမို့ ဟယ်လီကော်ပတာနဲ့ သွားတယ်။ ကုလအဆောက်အဦခေါင်မိုးပေါ်မှာ စောင့်နေတဲ့ ဟယ်လီကော်ပတာ ဆီကို အထူးလုံခြုံရေးအေးဂျင့် သို့မဟုတ် သက်တော်စောင့် ငါးယောက်ခြံရံပြီး ထရမ့်နဲ့ အယ်လန် ရောက်လာခဲ့ကြတယ်။ သုံးယောက်က သူတို့နဲ့ အတူ လိုက်လာခဲ့တယ်။ နောက်ထပ် ငါးယောက်က ဂေါက်ကွင်းမှာ အသင့်စောင့် နေတယ်။ ဒေသခံရဲတွေကတော့ ဂေါက်ကွင်းတစ်ခုလုံး အုံလိုက်ကျင်းလိုက်။

ဟယ်လီကော်ပတာပေါ်တက်ရင်း မိတ်ဆွေကြီး ဂျူးလီးယပ်စ်ကို သတိရမိတယ်။ အင်း ရာသီဥတုက သာယာနေတာပဲလေ။ နေရောင်အောက် မှာ ပန်းခြံထဲ ထိုင်နေရတာကို သူ ညည်းညူနေမယ်မထင်ပါဘူး။ နည်းနည်း လေး အချိန်ပိုကြာကြာထိုင်ရတာပဲ ရှိတာပါ။ ဂေါက်တစ်ခါရိုက်ရင် ဘယ်လောက်ကြာပါလိမ့်။ တစ်နာရီလောက်လား။

မန်ဟက်တန်နဲ့ ကွင်း ကောင်းကင်ယံက ဖြတ်သန်းရင်း သမ္မတဟာ သူအမွေရထားတဲ့ အဆောက်အဦတွေ၊ ဝယ်ထား ရောင်းထားတဲ့ အဆောက်အဦတွေကို လက်ညှိုး ထိုးပြနေတယ်။ အကြောင်းကြောင်းကြောင့် သူ အမွေမရခဲ့တဲ့၊ မဝယ်ခဲ့ မရောင်းခဲ့တဲ့ အဆောက်အဦးတွေကိုလည်း ထိုးပြတာပဲ။ ပြီးတော့ အိမ်ခြံမြေ အခွန်၊ ကျန်းမာရေး ပြုပြင်ပြောင်းလဲမှု၊ လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်တွေ၊ ကိုယ်ကျင့်တရားနဲ့ ယဉ်ကျေးမှု ယိုယွင်းပျက်စီးမှုတွေ စသဖြင့် စုံစီနဖာ လျှောက်ပြောတယ်။ မရည်ရွယ်ပေမယ့် သူ့လက်ထက်မှာ အလုပ်လက်မဲ့နှုန်း နှစ်ဆ တိုးလာတာ ကိုလည်း မရရအောင် လျှော့ချမယ်လို့ အယ်လန့်ကို ကတိပေးလိုက်သေးတယ်။

အယ်လန်ကတော့ နားထောင်သမားသက်သက်ပဲ။ ခုပြောနေတဲ့ကိစ္စ တော်တော်များများကို သူ တက်ပလက်ကတစ်ဆင့် သိထားပြီးသားပါ။ ဒါပေမဲ့ သမ္မတကြီးဟာ အဲဒီအကြောင်းအရာတွေကို လိုတိုးပိုလျှော့ သူ လိုချင်သလို ပြောနေတယ်ဆိုတာကို သတိထားမိတယ်။

ဟယ်လီကော်ပတာဟာ ကွင်းထဲ ဆင်းလိုက်တယ်။ အမေရိကန် သမ္မတနဲ့ ၁၀၁ နှစ်သား ဆွစ်- ဆွီဒင် ဘိုးတော်ကြီး အတွဲဟာ ပထမကျင်းဆီ ရောက်ဖို့ မီတာနည်းနည်းပဲ လမ်းလျှောက်ရတယ်။ အမေရိကန်သမ္မတအဖို့ စောင့်ဆိုင်းနေဖို့ အချိန်မရှိဘူးမဟုတ်လား။ ကျင်းနံပါတ်တစ်ဟာ လေးချက်ကျင်း၊ ၃၁၀ မီတာရှိတယ်။ ဘယ်ဘက်ကို နည်းနည်း ယိမ်းနေတယ်။ မြက်ခင်းပြင်ကျယ်ကျယ်နဲ့ ညာဘက်မှာ ဘန်ကာသဲကျင်း အနက်ကြီးရှိတယ်။

ဂေါက်အိတ်ထမ်းတဲ့ ပွာတိုရီကန်ဟာ ဂေါက်သီးကို အစိမ်းရောင် မြက်ခင်းပေါ်မှာရှိအောင် ရိုက်နိုင်ရင် အဆင်ပြေမယ်ထင်တယ်လို့ သမ္မတကို ပြောတယ်။ သမ္မတက “အင်း” တဲ့။ တစ်ခွန်းတည်း ဖြေတယ်။

သမ္မတရဲ့ ဂေါက်စွမ်းရည်ဟာ ဂေါက်သီးကို လိုရာနေရာ ရောက်အောင်

စေစားနိုင်စွမ်း ရှိလှတာမဟုတ်ဘူး။ ခုတစ်ကြိမ်မှာ အားရှိပါးရှိလွဲရိုက်လိုက်တုန်းလေက ခပ်ပြင်းပြင်း ကန့်လန့်ဖြတ်တိုက်တော့ ပိုဆိုး။

"ပေ့ မင်းဟာ ဘာမှအသုံးမကျဘူး၊ ဘာမှကို အသုံးမကျတာ"

သမ္မတဟာ သနားစရာ ပွာတိုရီကန်ကောင်ကလေးကို ခပ်ပြင်းပြင်း ငေါက်တယ်။ ဟုတ်တယ်လေ လေတိုက်မယ်ဆိုတာကို မပြောတော့ ခု ဂေါက်သီးဟာ ဘန်ကာသဲကျင်းထဲ စွပ်ခနဲ ကျတာပေါ့။

အယ်လန်ဟာ ဂေါက်နဲ့ ပတ်သက်လို့ ဘာဆိုဘာမှ မသိပါဘူး။ ဒါပေမဲ့ ဂေါက်သီး သဲကျင်းတွဲကျတဲ့ကိစ္စမှာ အဓိက တာဝန်ရှိသူဟာ တုတ်ကြီးကိုင်ပြီး ရိုက်တဲ့လူပဲ ဖြစ်ရပေမပေါ့။ သမ္မတရဲ့ ပြောပုံဆိုပေါက်ကို နားထောင်ရင်း သူ နားညည်းလာတယ်။ ခု မဒမ် ဗော့စတွန်းကလည်း မရှိဘူးဆိုတော့ ကတိပေးထားသလို ဒီသမ္မတဆိုတဲ့အကောင် သဘောတူအောင် သဘောကျအောင်လုပ်ဖို့ မလိုတော့ဘူးထင်တာပဲ။

ကဲလေ-အားလုံးဟာ သူ့သဘောသူဆောင်တာပဲ။ ဖြစ်စရာရှိတာဟာ ဖြစ်ကိုဖြစ်မှာပဲ မဟုတ်လား။ ချမကွာ။

"ခင်ဗျား ဘာဖြစ်လို့ စကားတစ်ခွန်းကို နှစ်ခါ နှစ်ခါ ပြောနေတာလဲ"

ခုလေးတင် ဂေါက်သီးကို သဲကျင်းထဲကျအောင် လက်စွမ်းပြလိုက် သူကြီးကို အယ်လန် မေးလိုက်တယ်။

"ဘာ"

ကဲ ဇာတ်လမ်းတော့ စပြီ။

"ဟင် မကြားဘူးလား၊ ပြန်မေးရမလား၊ စကားတစ်ခွန်းကို ဘာဖြစ်လို့ နှစ်ခါ နှစ်ခါ ပြောပြောနေတာလဲ မစ္စတာ သမ္မတကြီး၊ ပြီးတော့ မှန်တာလည်း မဟုတ်ဘူး"

"ဘာပြောတယ်။ မမှန်ဘူး၊ မမှန်ဘူးဟုတ်လား"

ခုသမ္မတဟာ သူ့ကိုဆော်နေတဲ့ အဘိုးကြီးကို စတွေ့ကာစကလို မုဒ်မျိုး ပြန်ဖြစ်သွားပြီ။

"ဒီမယ် ခင်ဗျားက ဘာတုန်း နယူးယောက်တိုင်းက ပြာတာလား၊ ကြွက်စုတ်လိုလူ"

အင်း ဂေါက်သီးသဲကျင်းထဲ ကျတဲ့အခါ တချို့သော ဂေါက်သမား တွေဟာ တခြားလူတွေထက်ပိုပြီး ထိလွယ် ရှလွယ်ဖြစ်တတ်သကိုး။

"ကျုပ်က ဘယ်သူ့အတွက်မှ ပြာတာ မလုပ်ဘူးပေါ်ဗျာ၊ မြင်တာကို ပြောတာပါ၊ ပထမဆုံးအနေနဲ့ သမ္မတကြီးဟာ မှန်တာကိုပြောဖို့ အင်မတန် ဝန်လေးပုံပဲ၊ ဒုတိယအချက်ကတော့ ကိုယ့်ဘာသာရိုက်လို့ ဂေါက်သီး သဲကျင်းထဲကျရတာ ပွာတိုရီကန် ငပျင်းကောင်ရဲ့ အမှားကြောင့် ဆိုတာဖြစ်ဖို့ အင်မတန် ခဲယဉ်းသားပဲ၊ တတိယအချက်ကတော့ သမ္မတကြီးဟာ အင်မတန်တုံးတဲ့ မှတ်ချက်တွေကို ပြောပြီးသားတွေ ထပ်ထပ်ပြောနေ တာပဲ"

သဲကျင်းထဲ ဂေါက်သီး စွပ်ခနဲ မြုပ်သွားတဲ့အခါ တချို့သော

ဂေါက်သမားတွေဟာ တစ်လောကလုံးက ဂေါက်သမားတွေထက် အဆပေါင်းများစွာ ထူးထူးကဲကဲ ပိုပိုသာသာ ထိလွယ်ရှလွယ် ဖြစ်တတ်ကြတယ်။ သမ္မတထရမ့်ဟာ ဒီအမျိုးအစားထဲမှာ ပါကောင်းပါမယ်ထင်ပါရဲ့။

"ခင်ဗျား-ခင်ဗျား၊ ကျုပ်ခင်ဗျားကို ဖိတ်ခေါ်ခဲ့တာ------" သမ္မတဟာ အယ်လန့်ကို ဂေါက်ရိုက်ဖို့ ဖိတ်ခေါ်ခဲ့တာလို့ ပြောခါနီးမှ တကယ်တော့ အယ်လန်ကို ခေါ်လာတာဟာ သူပြောချင်တာပြောတာကို နားထောင်ပေးဖို့၊ ပွာတိုရီကန် သူခိုးကောင် ဂေါက်အိတ်ထမ်းသမားကို စောင့်ကြည့်ပေးဖို့ ဆိုတာကို သတိရလာတယ်။

"ဖိတ်ခေါ်ခဲ့တာ ဘာအတွက်တုန်း မစ္စတာသမ္မတ ပြောပါဦး၊ ဘာအတွက်တုန်း"

အယ်လန်က နှစ်ခါမေးလိုက်တော့ သမ္မတရဲ့ စိတ်ဆိုးနေတဲ့ အခြေအနေဟာ မီးလောင်ရာလေပင့်သလို ဖြစ်သွားတယ်။ ထရမ့်ဟာ စကားမပြော နိုင်ပဲ ငါးနံပါတ် သံတုတ်ကြီး တရမ်းရမ်းနဲ့ ဝူးဝူးဝါးဝါး ဖြစ်နေတယ်။

"အဲ မစ္စတာသမ္မတအနေနဲ့ ကိုယ့်ဒေါသကို ထိန်းသိမ်းဖို့ အလုပ်လေးဘာလေး ပြောင်းဖို့လိုမယ် ထင်တယ်ဗျ"

"ဘာ- ကျုပ်ဒေါသကို ဟုတ်လား၊ ဒီမယ် ကျုပ်ထက်ပိုပြီး ဒေါသကို ထိန်းသိမ်းနိုင်တဲ့လူ ဘယ်သူမှမရှိဘူး၊ ဘယ်သူမှမရှိဘူး၊ သိရဲ့လား"

ပြောပြောဆိုဆိုနဲ့ သမ္မတထရမ့်ဟာ ငါးနံပါတ်သံတုတ်ကို ပွာတိုရီကန် ကောင်လေးရဲ့ခေါင်းပေါ် လွှင့်ပစ်လိုက်တယ်။ ပွာတိုရီကန် ကောင်လေးဟာ ပျင်း သူခိုးလို့ သမ္မတက ယိုးစွပ်ထားပေမယ့် သွက်သွက် လက်လက် ထိုင်ချလိုက်နိုင်တဲ့အတွက် သံတုတ်နဲ့ခေါင်း မိတ်ဆက်ရမယ့် အရေးကနေ သီသီလေး လွတ်သွားတယ်။ သမ္မတကတော့ အော်ကြီး ဟစ်ကျယ် ပြောနေတယ်။

"ကျုပ်ဟာ လူတကာထက်ပိုပြီး တည်ငြိမ်တယ် သိရဲ့လား"

※※※

(၂၃) အမေရိကန်ပြည်ထောင်စု

လွန်ခဲ့တဲ့ တစ်နာရီကျော်လောက်က ကုလသမဂ္ဂ ဌာနချုပ်ရှေ့က ပန်းခြံထဲမှာ ထားခဲ့တဲ့အတိုင်း ဂျူးလီးယပ်စ် ဟာ မြောက်ကိုရီးယား လက်ဆွဲသေတ္တာလေး ပေါင်ပေါ် တင်ပြီး ခုံတန်းပေါ် ထိုင်နေရှာတယ်။ မြောက်ကိုရီးယား ကနေ အမေရိကန်ပြည်ထောင်စုကို ရောက်လာတာ မှန်သလိုလိုရှိပေမယ့် တကယ်က အမေရိကန်မှာ ယူရေနီယံ လက်ဝယ်တွေ့ရင် နှစ်နှစ်ရာလောက် ထောင် ကျနိုင်တယ်လို့ တွေးရင်း ဂျူးလီးယပ်စ်ခမျာ သောကတွေ ပွားနေရှာတယ်။

"အစည်းအဝေးက ဘယ်လိုလဲ"

အယ်လန့်ကိုတွေ့တဲ့အခါ ဂျူးလီးယပ်စ်က မေးလိုက်တယ်။

"သဘောတူစရာတွေပါပဲ"

"ကောင်းတယ်...... ဒါဆို ဒီအရှုပ်ထုပ်ထဲက လွတ်ပြီလား" လက်ဆွဲအိတ်ကိုမြင်မှ အယ်လန် သတိရတယ်။

"အဲ နေဦး အဲဒီကိစ္စတော့ သဘောမတူသေးဘူး၊ အဲဒီ ထရမ့်ကို လက်ဆွဲအိတ် မပေးနိုင်ဘူး၊ သူ့ဟာသူတောင် အမြဲတမ်းပေါက်ကွဲနေတဲ့ လူကိုး"

"ဟင်- ဒါဆို ဘယ်လိုလုပ်မလဲ၊ ခင်ဗျားပြောတော့ အကုန် သဘောတူတယ်ဆို၊ ဘာလုပ်ရမှာတုန်း"

"ကျုပ်က ဘာပြောခဲ့လို့လဲ။ အင်း ခင်ဗျားလည်း ကျုပ်အသက် အရွယ် ရောက်လာရင် ကျုပ်လိုပဲ စကားတွေ အများကြီးပြောမိမှာပဲ၊ ဘာလုပ်ရမလဲဆိုတော့ မသိသေးဘူးလေ ဂျူးလီးယပ်စ်ရယ်၊ သူ့ဟာသူ ဖြစ်သွားလိမ့်မပေါ့၊ ကျုပ်ကို ခင်ဗျားဘေးမှာ ခဏထိုင်ပါရစေဦးလား"

ဂျူးလီးယပ်စ်ရဲ့အဖြေကို မစောင့်ပါဘူး၊ ဖြေစရာလည်း မလိုဘူးလေ၊ သူ ဝင်ထိုင်လိုက်တယ်။ ခြေထောက်တွေကို အနားပေးဖို့လိုတယ်လေ၊ ကုလသမဂ္ဂက စကြံလမ်းတွေဟာ သိပ်ရှည်လျား ထွေပြားတာကိုး၊ မြောက်ကိုရီးယားနဲ့ နယူးယောက် အချိန် ကွာခြားချက်ကလည်း ရှိသေးတယ်။ အင်း။

ဒါပေမဲ့ ဂျူးလီးယပ်စ်ကတော့ စိတ်အေးလက်အေး မနေနိုင်ဘူးရယ်။ ခု အမေရိကန်မှာ သန့်စင်ပြီး ယူရေနီယံ လေးကီလိုပါတဲ့ လက်ဆွဲအိတ်နဲ့ အတူရောက်နေကြပြီ။ လက်ဆွဲအိတ်ကြီးနဲ့တူတူ ဒီတိုင်းပြည်ကနေ ထွက်သွားလို့ မရဘူးလေ၊ သံတမန် နိုင်ငံကူးလက်မှတ်တွေ ဖွေ့ယမ်းပြပြီး အသာလေး ထွက်သွားတာနဲ့ ရမယ်လို့များ အယ်လန် ထင်နေရှာ့သလား။

အယ်လန်က သူနားလည်ပါတယ်တဲ့။ ဂျူးလီးယပ်စ်ကတော့ ဆက်ပြောတယ်။

"ဒီနေ့ ဘာမှမပါဘဲသွားတာတောင် သမ္မတက ဒေါပွနေတယ် ဆိုရင်

ကျွန်တော်တို့ သူ့တိုင်းပြည်ထဲ ဘာယူလာသလဲဆိုတာသာ သူ သိသွားရင် ဘယ်လိုများနေမလဲ”

“ဒါဆိုလည်း သူ့ကို မပြောမိဖို့ ကြိုးစားကြတာပေါ့”

အယ်လန်က လက်ဆွဲအိတ်ကို တောင်းပြီး ခုံတန်းတစ်ဖက်မှာ တင်လိုက်တယ်။ အပေါ်က မြောက်ကိုရီးယား ကုတ်အင်္ကျီကြီး ထပ်တင်လိုက်တယ်။ ကဲ ခေါင်းအုံးတော့ ရပြီ။ အယ်လန်က လှဲချလိုက်ပြီး မျက်စိကို ပိတ်ထားလိုက်တယ်။ လေလေးတဖြူးဖြူးနဲ့ ဇိမ်ပဲ။

ဒီလောက်ဖြစ်နေတာကို လှဲနေနိုင်သေးတဲ့ အယ်လန့်ကို ဂျူးလီးယပ်စ်ဟာ အတော်စောက်မြင်ကတ် သွားတယ်။ အယ်လန့် ဖိနပ်ညစ်ပတ်ကြီးနဲ့ ထိမိမှာစိုးလို့ သူဟာ ခုံတန်းတစ်ဖက်ကို ကပ်နိုင်သမျှ ကပ်လိုက်တယ်။

“ခင်ဗျားကြီးက ဒီမှာလှဲပြီး သေတော့မလို့လား”

ဟင့်အင်း- အယ်လန့်မှာ သေဖို့ အစီအစဉ်မရှိသေးပါဘူး။ ခဏနားရုံ တင်ပါ။ ဒီနေ့ကလည်း နေ့တာက ရှည်တယ်ကိုး။

လှဲနေလိုက်မှပဲ အသက် ၁၀၁ နှစ်အဘိုးကြီးဟာ အင်မတန် ပင်ပန်း နွမ်းနယ်ပြီး သေလုဆဲဆဲပုံမျိုး ချွတ်စွပ်ဖြစ်တော့တာပဲ။ ဒါကြောင့်မို့လို့ လှဲပြီးပြီးချင်း တစ်မိနစ်အတွင်း ဖြတ်သွားတဲ့ မိန်းမတစ်ယောက်က အဆင်ပြေ ရဲ့လား၊ ဘာကူညီရမလဲလို့ လာမေးတယ်။ သူက တောင်အမေရိက,က ပုံစံမျိုးပဲ။ အင်းလေ ဒါက ကုလသမဂ္ဂရပ်ဝန်းပဲ၊ အင်တာနေရှင်နယ် သိပ်ဆန် တာပေါ့။ အယ်လန်ကတော့ ကျေးဇူးတင်ကြောင်း၊ အကူအညီ မလိုကြောင်း၊ နေကောင်းကြောင်း၊ ခဏနားနေတာဖြစ်ကြောင်း ပြန်ပြောတယ်။

ဂျူးလီးယပ်စ်ကတော့ လက်ဆွဲအိတ်ရဲ့ အနာဂတ်နဲ့ ပတ်သက်လို့ စိတ်ပူလွန်းမက ပူပြီး တတွတ်တွတ်ပြောနေတုန်းပဲ။ အယ်လန်က နားမထောင်တော့ဘူး။ ဂျူးလီးယပ်စ်ဟာ စိတ်ပူ လာရင် ထင်မိထင်ရာ ဇွတ်ပြောတာ။ ပျော်စရာမကောင်းဘူး။

ခဏနေတော့ အနားမှာ လူတစ်ယောက် လာရပ်ပြန်တယ်။

ကြည့်ရတာ အသက် ခြောက်ဆယ်လောက်။ ဦးထုပ်နဲ့၊ ခုနက မိန်းမလိုပဲ ပြန်ဖြေ လိုက်ရတယ်။

ဂျူးလီးယပ်စ်ကတော့ ငေါင်ငေါင်ကြီး လုပ်နေတယ်။ ဘာမှ မပြော ဘူး။ သူဘာလိုနေလဲဆိုတာ အယ်လန်သိတယ်။ ဒါကြောင့် ခုနက ဦးထုပ်နဲ့ လူကို သောက်စရာတခုခုရှိသလားလို့ အယ်လန်က မေးလိုက်တယ်။ သူဟာ ခုနကပဲ အမေရိကန်သမ္မတနဲ့ အစည်းအဝေးပြီးခဲ့ကြောင်း၊ အတော် ဒေါသကြီးတဲ့လူဖြစ်ကြောင်း၊ သူ့ဒေါသဟာ မြောက်ကိုရီးယား တောလမ်းလိုပဲ တစ်သမတ်တည်းမရှိဘဲ လှိုင်းတွေနဲ့ နိမ့်တုံမြင့်တုံဖြစ်ကြောင်း၊ သူ့ တစ်သက်လုံး အရက်ဆိုလို့ တစ်စက်မှ မသောက်တဲ့လူဖြစ်တာကြောင့် ခုလို အချိုးမပြေတာဖြစ်ကြောင်း ပြောပြလိုက်တယ်။ “အမေရိကန်သမ္မတ ဟုတ်လား၊

ထရမ့်လား၊ အားလားလား ကြောက်စရာပဲ၊ ခဏလေး လူကြီးမင်းတို့ စိတ်သက်သာရာရမယ့်ဟာကလေး တွေ့ပါသလား ကြည့်ဦးမယ်”

သူ့ပခုံးမှာလွယ်ထားတဲ့ အိတ်ထဲ ဖြဲရှာတော့ စက္ကူညိုနဲ့ ပတ်ထား တဲ့ အရက်ပုလင်းလေး နှစ်ပုလင်း ထွက်လာတယ်။ “အန်ဒါဘတ်ခ် (ဂျာမန်ဝီစကီ) ဗျ။ အများကြီးတော့ မဟုတ်ဘူး၊ အစာအိမ်အတွက် ကောင်းတယ်လေ” “အယ်လန့်အစာအိမ်က ဘာမှမဖြစ်ဘူးဗျ။ သူ့ ဦးနှောက်အတွက် တစ်ခုခုမပါဘူးလား” ဂျူးလီးယပ်စ် “ဟုတ်ပ ဟုတ်ပ၊ ဒါကတော့ အယ်လ်ကိုဟော ပမာဏပေါ် မူတည်တာပေါ့ နော်” အယ်လန် အန်ဒါဘတ်စ်က အယ်လ်ကိုဟော ဘယ်လောက်ပါပါလိမ့်၊ ဦးထုပ် နဲ့လူက စဉ်းစားလိုက်တယ်။ လေးဆယ်ရာခိုင်နှုန်းလား။ သေချာမသိဘူး။ သေချာတာကတော့ အဲဒီ ပုလင်းလေးတွေမပါပဲ သူ ဘယ်ခရီးမှ မသွားဘူး။ အစာအိမ်အတွက် ကောင်းတယ်လေ။ နေဦး အဲဒါ သူပြောပြီးပလား။ အယ်လန်ဟာ ဦးထုပ်နဲ့လူရဲ့ ပေးကမ်းမှုကို လက်ခံလိုက်တယ်။ ပုလင်းလေးကို အဖုံးဖွင့်ပြီး တစ်ကျိုက်တည်း မော့ချလိုက်တာမှာ ဘား-ဘားနဲ့ အော်ပြီး မျက်လုံးထဲ မီးတွေပွင့်သွားတယ်။ စောက်ကျိုးနဲ ပြင်းလိုက်တဲ့ဟာကလေး။

“အောင်မလေး ဒါကို သောက်မယ်ဆို ခင်ဗျား ဦးထုပ် ကျွတ်မကျ အောင် ကိုင်ထားရမယ်ထင်တယ်”

ဦးထုပ်နဲ့လူက ပြုံးတယ်။ အယ်လန့်ဖြစ်ပုံကိုကြည့်ပြီး ဒီပုလင်းလေး တွေထဲပါတဲ့ ပစ္စည်းဟာ ပစ္စည်းကောင်းလို့သိတဲ့အတွက် ဂျူးလီးယပ်စ်ဟာ လက်ကျန်တစ်ပုလင်းကို အမြန်ဖွင့်ပြီး အမြန်မော့တယ်။ အဟွတ်အဟွတ်နဲ့ ချောင်းဆိုးရင်း ပုလင်းကို ငေးနေတယ်။ ဟုတ်ပ တကယ်ကောင်းတာပဲ။

“ကျွန်တော်က သံအမတ် ဘရစ်ထ်နာပါ၊ ကုလသမဂ္ဂဆိုင်ရာ ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံ သံအမတ်ပေါ့ဗျာ၊ ကျွန်တော့်အိတ်ထဲမှာ ခုနကဟာမျိုး တစ်ပုလင်း ကျန်သေးတယ်ခင်ဗျ၊ ဒါပေမဲ့ ကျွန်တော့်ဘာသာပဲ သိမ်းထားမှ ထင်ပါရဲ့၊ လူကြီးမင်းတို့နှစ်ယောက် အဲဒီပုလင်းလေးအတွက် ရန်ဖြစ်နေကြမှာစိုးလို့ပါ”

“အို မဖြစ်ပါဘူး၊ ကျုပ်တို့က အကြမ်းမဖက်တတ်ဘူး၊ အကြမ်းဖက် တာဟာ လိုရာဘယ်တော့မှ မရောက်ဘူးဗျ၊ ဂျူးလီးယပ်စ်က အဆိုးမြင်စိတ် ကဲလို့ပါ၊ ဒါပေမဲ့ အဆိုးမြင်တာလောက်ပါပဲ”

ဂျူးလီးယပ်စ်ဟာ အယ်လန်ပြောတာကို အဆိုးမြင်စိတ်နဲ့ ကြည့်နေတယ်။ ဒါပေမဲ့ ဦးထုပ်နဲ့လူကိုတော့ ပြုံးပြနှုတ်ဆက်တယ်။ “သြ ကုလဝန်ထမ်းကိုး၊ ဒါဆို ကျုပ်တို့ အတူတူပေါ့၊ ကျုပ်တို့က ဆွီဒင်သံအမတ် မဒမ်ဗော့စတွန်းရဲ့လူတွေပါ၊ ကျုပ်က အယ်လန်.. သူက ဂျူးလီးယပ်စ်”

သံအမတ်ကြီး ဘရစ်ထ်နာနဲ့ သူတို့ လက်ဆွဲနှုတ်ဆက်ကြတယ်။ “ဒါနဲ့ ဗိုက်များ မဆာဘူးလား မစ္စတာဘရစ်ထ်နာ၊ ခုနက ပုလင်းလေး တွယ်လိုက်တာ ခံတွင်းရှင်းပြီး ဝမ်းက ဟာလာသဗျ၊ ခက်တာက ကျုပ်တို့မှာ

လက်ကိုင်ငွေကြေးကလည်း ပါမလာ၊ အစကတော့ ရွှေရောင် မီးခြစ်တစ်လုံး ပါပါရဲ့၊ မူစလီနဲ့ နို့ လိုချင်တာနဲ့ ပြုယမ်းမှာ မီးခြစ်နဲ့ လဲလိုက်တယ်လေ၊ ဆိုတော့ သံအမတ်ကြီးများ ကျုပ်တို့ကို ကျွေးမွေးချင်စိတ် ကလေး ရှိနေမလားလို့”

သံအမတ်ကြီးဟာ မိတ်ဆွေသစ်တွေကို သဘောကျလာတယ်။ ဒီလောက် အိုရွဲ့နေတဲ့ဟာကြီးဟာ သမ္မတ ထရမ့်နဲ့ အစည်းအဝေး လုပ်လာ တယ်ဆိုပဲ၊ စိတ်ဝင်စားစရာ၊ နောက်တစ်ယောက်မှာလည်း စိတ်ဝင်စားစရာ ဇာတ်လမ်းတွေရှိပုံပဲ။ ဒါနဲ့ ပြုယမ်းဆိုသလားလို့၊ အင်း ဒီလူကြီးနှစ်ယောက် ဆီက တန်ဖိုးရှိတဲ့ သတင်းအချက်အလက်တွေရမယ်ထင်တယ်။

“သံတမန်လူကြီးမင်း နှစ်ယောက်နဲ့ တစ်နာရီ နှစ်နာရီလောက် အချိန်ဖြုန်းနိုင်ပါတယ်ဗျာ၊ ကုန်ကျစရိတ်ကို ဂျာမနီဖက်ဒရယ် သမ္မတ နိုင်ငံတော်က တတ်နိုင်ပါလိမ့်မယ်”

ဒုတိယရိပ်သာလမ်းက ဆိုင်အကောင်းစားတစ်ခုကို ဂျာမန်သံအမတ်ကြီး သိတယ်။ လမ်းလျှောက်သွားရင် ဘယ်လောက်မှ မဝေးဘူး၊ အယ်လန်လို လူအိုကြီးတောင် လျှောက်နိုင်တယ်။

ဆိုင်ရောက်တော့ ဂျာမန် ရှနစ်ဇဲလ် အသားဟင်းရယ် ဂျာမန်ဘီယာ ရယ်၊ သစ်သီးဗော့ဒကာရယ်နဲ့ ပွဲတော်ကြီး ဆင်နွှဲကြတယ်။ ဒုတိယခွက် ချအပြီး ပိုရင်းနှီးလာကြတယ်။ သူ့ကို ကွန်းရက်ဒ်လို့ ခေါ်ပါတဲ့။ ဂျာမန် သံအမတ်ကြီးက ပြောတယ်။

“ကောင်းပါပြီ ကွန်းရက်ဒ်”

“”အယ်လန်ပြောတဲ့အတိုင်းပါပဲ ကွန်းရက်ဒ်”

စားသောက်နေတုန်း သံအမတ်ကြီးဟာ အိုင်ပက် ဘယ်လိုသုံးရ တယ်ဆိုတာ (သူ့မှာ နှစ်လုံးတောင်ရှိတယ်ဆိုတာ မပြောလိုက်ဘူး) ရယ်၊ ကညွတ်ဘယ်လိုစိုက်ရတယ်ဆိုတာရယ် သင်ခန်းစာတွေ ပို့ချခံရတယ်။ ဒုတိယခွက်လှည့်ရောက်တော့ အယ်လန်နဲ့ ဂျူးလီးယပ်စ် နှစ်ယောက်ရဲ့ မြောက်ကိုရီးယား စွန့်စားခန်းကို လုံးစေ့ပတ်စေ့ ကြားလိုက်ရတယ်။ သံတမန် နိုင်ငံကူးလက်မှတ်တွေဟာ မဒမ် ဗော့စတွန်းလုပ်ပေးထားတဲ့ အရေးပေါ် လက်မှတ်တွေဆိုတာပါ သိလာတယ်။

အင်း ဟုတ်ပြီ ဟုတ်ပြီ ဟုတ်ပြီ။ လက်စသတ်တော့ လွန်ခဲ့တဲ့ ရက်တွေတုန်းက ဘီအန်ဒီ ဆီက သတင်းနဲ့ ခု အယ်လန်တို့နှစ်ယောက်ရဲ့ ဇာတ်လမ်းကို ခုမှပဲ ကွန်ရက်ဒ် ဘရစ်ထ်နာဟာ ဆက်စပ်မိသွားတော့တယ်။ ဆိုတော့ ဆွစ်ဇာလန်နက်ပါရဂူကြီးဆိုတာ ဒင်းကိုး၊ ဆီဒင်ကိုး။ သူ့ကြည့်ရတာ သစ္စာဖောက်နဲ့ နည်းနည်းမှ မတူပါဘူး။ သစ်သီးဗော့ဒကာကို ငန်းဖောင်း ထတာတော့ အမှန်ပဲ။ ခုကို သုံးခွက်ဝင်သွားပြီ။ သစ်သီးကနေ ဗော့ဒကာ ဘယ်လိုလုပ်လဲဆိုတာ နားမလည်ကြောင်း သူ တတွတ်တွတ် ပြောနေတယ်။ ဂျူးလီးယပ်စ်ကတော့ သူ့ခြေထောက်နားမှာ ယူရေနီယံတုံးကြီးပါတဲ့ လက်ဆွဲ

အိတ်ကြီးရှိနေတာကို စိတ်က တစ်ချိန်လုံး မဖြောင့်ဘူးဖြစ်နေတယ်။ တစ်ခုခု ဝင်ပြောတော့မယ်လို့ သူ ဆုံးဖြတ်လိုက်တယ်။

"ကျွန်တော်တို့ပြေးလာတော့ ဟောဒီ လက်ဆွဲအိတ်ထဲက အယ်လန် ရဲ့ နည်းပညာဒီဇိုင်းတွေအားလုံး ပြန်ယူခဲ့နိုင်လို့တော်သေးတယ်၊ ကြီးမြတ်လှသော မဟာခေါင်းဆောင်ကြီးဆိုတဲ့လူလက်ထဲ ဒါတွေရောက်သွားရင် မတွေးဝံ့စရာပဲ"

ပထမတော့ ဂျူးလီးယပ်စ်ဟာ စားပွဲသောက်ပွဲကို ဖျက်ဆီးတော့ မယ်လို့ အယ်လန် ထင်လိုက်မိတယ်။ ဒါပေမဲ့ မကြာပါဘူး။ ဂျူးလီးယပ်စ်ရဲ့ ရည်မှန်းချက်ကို သူသိလာတယ်။ ဒီ ယူရေနီယံလက်ဆွဲအိတ်ကြီးကို ဖြစ်တဲ့ နည်းနဲ့ စွန့်ခဲ့ဖို့ပဲ။ ပဉ္စမရိပ်သာလမ်းနဲ့ ဆဋ္ဌမရိပ်သာလမ်းကြားမှာ ချထားခဲ့တာ ထက်စာရင် ကွန်းရက်ဒ်ဟာ ပြဿနာရဲ့အဖြေ ဖြစ်နိုင်တာပဲ ဟုတ်သားပဲ။ "လက်ဆွဲအိတ်ထဲ ဘာတွေပါသလဲဆိုတာ ပြောလာလို့ ဝမ်းမြောက် မိတယ် ဂျူးလီးယပ်စ်ရေ၊ အင်း အစကတော့ အဲဒါကို သမ္မတထရမ့်ဆီ ပေးဖို့ပါပဲ၊ ဒါပေမဲ့ သိတဲ့အတိုင်း ဘာမှမပေးခင်ကို သူ့ဘာသာသူ ဖောက်ကွဲ နေတာကိုး၊ ခုတော့ ဒီပစ္စည်းကို စိတ်ချရသူရဲ့လက်ထဲ အပ်ထားချင်မိတယ်ဗျား"

"ဒီအကြောင်း မဒမ် ဗော့စတွန်းနဲ့ ဆွေးနွေးဖြစ်ကြလား" ကွန်းရက်ဒ်က သိချင်စိတ်နဲ့ မေးလိုက်တယ်။

အို မဒမ်ဗော့စတွန်းဟာ အင်မတန် ဝိသေသထူးတဲ့ သံတမန်ကြီး ဆိုပေမယ့် ဆွိဒင်က ဆွိဒင်ပဲလေ။ ၁၉၆၆ ခုနှစ်ကစလို့ ဆွိဒင်ရဲ့ နျူကလီးယား ကြောက် ရောဂါဟာ ကုရာနတ္ထိ ဆေးမရှိဘဲကို။

အယ်လန် ဘယ်လမ်းသွားနေပြီဆိုတာ ဂျူးလီးယပ်စ်က ကောင်းကောင်းသိတယ်။ သူ အမြန်အဆန် ဝင်ပြောတယ်။

"ဘေးအကင်းဆုံးကတော့ ဒီနည်းပညာကို အီးယူမှာထားဖို့ပဲ မဟုတ်လား အယ်လန်"

"အင်း ဂျူးလီးယပ်စ်ဟာ အရိပ်ပြ အကောင်ထင်သဗျာ၊ အင်အား ကောင်းတဲ့ အီးယူ ခေါင်းဆောင်သာလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ပံ့ဖော်နိုင်မှာဗျ၊ အဲဒါ ဘယ်သူလဲ ပြင်သစ်က မက်ခရွန်များလား"

"မက်ခရွန် ဟုတ်လား"

"အင်း ဟိုတစ်လောက သမ္မတရွေးကောက်ပွဲမှာ နိုင်သွားတဲ့လူပေါ့၊ ကျုပ် ခင်ဗျားကို မပြောမိသေးဘူးနဲ့တူတယ် ဂျူးလီးယပ်စ်ရဲ့၊ မက်ခရွန်ရဲ့ ထူးခြားချက်က သူဟာ လက်ဝဲလာည်းမဟုတ် လက်ယာလည်းမဟုတ်တဲ့ဗျ၊ နှစ်မျိုးစလုံးများလားမသိ၊ ဒါပေမဲ့ ကြားလို့တော့ကောင်းသားနော်"

သံအမတ် ဘရစ်ထ်နာကွန်းရက်ဒ်ဟာ အရုပ်မှ မဟုတ်ဘဲ။ ဒါကြောင့် သူ ပြောလိုက်တယ်။

"အင်း အဓိပတိကြီး မာကယ်လ်ကတော့ နောက်နှစ်ရက်နေရင် ဝါရှင်တန် ရောက်မှာဗျ၊ ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင်အဖြစ် သူ့ကိုများ မစဉ်းစားဘူးလား"

အရေးကြီးတဲ့ ပွဲသိမ်းဒူးတိုက်ကွက်ကို အယ်လန် ထုတ်ပလေ့စေ။ "အိုး ကွန်းရက်ဒ်၊ ခင်ဗျားက ပါရမီရှင်ပဲဗျ။ ဟုတ်ပ၊ အိန်ဂျယ်လာ မာကယ်လ်လက် အပ်လိုက်ရင် ပြီးရောနော်၊ ကျုပ်တို့ ဘာလို့များ မစဉ်းစား မိပါလိမ့်"

သံအမတ်ကြီး ဘရစ်ထ်နာဟာ မခို့တရို့လေး ပြုံးလိုက်တယ်။ "မိတ်ဆွေဆိုတာ ဒီလိုနေရာမျိုးမှာ ကူညီရမှာပေါ့ဗျာ၊ ဝမ်းသာပါ တယ် မိတ်ဆွေများ"

ဖန်ခွက်ထဲ လက်ကျန်ရှိတာဆိုလို့ ဂျာမနီသံအမတ်တစ်ယောက်ပဲ ရှိတယ်။ ဒါပေမဲ့ အလုပ်ဖြစ်တယ်လေ။

ကဲ ခုတော့ လက်ဆွဲအိတ်ထဲက ခဲစက္ကူနဲ့မံထားတဲ့ ပစ္စည်းကို အမေရိကန် လေဆိပ်လုံခြုံရေးတွေ ရှာတွေ့ပြီး ဂွမ်တာနာမိုထောင်ထဲ ရာသက်ပန်နေရမယ့်အရေးဟာ မိတ်ဆွေသစ် ကွန်းရက်ဒ်ကြောင့် သက်သာရာ ရခဲ့ပြီ။

"ဒါပေမဲ့လို့ ပြဿနာလေးတစ်ခုရှိနေသေးတယ် ကွန်းရက်ဒ်ရေ" နျူလက်နက်နဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေကို ခဲပတ်သေတ္တာ ထဲ ထည့်သိမ်းထားကြောင်း၊ လေဆိပ်လုံခြုံရေးမှာ အဲဒါဟာ ပြဿနာတက်နိုင် ကြောင်း အယ်လန်က ပြောလိုက်တယ်။ ဂျေအက်ဖ်ကေ လေဆိပ်မှာ သူတို့ ဘယ်လိုလွတ်လာလဲဆိုတာကို ထည့်မပြောဘူး။

"အို ဟုတ်လား"

သံအမတ်ကြီး ဘရစ်ထ်နာဟာ သံသယအပြည့်နဲ့ မေးလိုက်တယ်။

"ဆိုတော့ သံအမတ်ကြီး တက်စီငှားပြီး ဝါရှင်တန်သွားရင် ကောင်းမယ်၊ ကျုပ်နဲ့ ဂျူးလီးယပ်စ်က ကုန်ကျစရိတ်ကို ပေးလိုက်ချင်ပါရဲ့၊ သို့သော် ကျုပ်တို့မှာလည်း ခက်ခဲနေတော့ကာ"

"အလွန့်အလွန်ကို ခက်ခဲ တာခင်ဗျ"

ဂျူးလီးယပ်စ်က ဝင်ပြီး အားဖြည့်လိုက်တယ်။ တကယ်လို့သာ သံအမတ်ကြီးဟာ ဝါရှင်တန်က ဂျာမန်သံရုံးကို ကားနဲ့သွားမယ်ဆိုရင် သူတို့ရဲ့ အဖြူရောင်မုသားလေးဟာ သံရုံးမရောက်မချင်း ပေါ်မှာမဟုတ်ဘူး။ လေဆိပ်လုံခြုံရေးက ရှာတွေ့သွားရင်တော့ စောက်ကျိုး ကြီးနဲ့မှာ၊ သံအမတ် ဘရစ်ထ်နာလည်း အလုပ်ပြုတ်မှာ၊ အဲ ဂွမ်တာနာမိုတော့ မရောက်လောက်ဘူး။

"တက္ကစီနဲ့ သွားရမှာလား၊ ရတယ်လေ၊ ကုန်ကျစရိတ်အတွက် မပူပါနဲ့၊ လေယာဉ်ခထက်တော့ ဈေးချိုမှာပါ"

"ကောင်းပဗျာ၊ ဒါဆို ကမ္ဘာကြီးကို ကယ်တင်ရာရောက်သွားပြီ ကဲ သောက်လိုက်ကြဦးစို့"

တစ်ယောက်ကို သစ်သီးဖော့ဒကာ ခြောက်ခွက်၊ ဘီယာနဲ့ ရှနစ်ဇဲလ် ဟင်းပွဲတွေ စားသောက်ကြပြီးတဲ့အခါ သံအမတ်က ခွင့်တောင်းပြီး ရေအိမ် သွားတုန်း အယ်လန်နဲ့ ဂျူးလီးယပ်စ် နှစ်ယောက်တည်း စကားပြောခွင့်

ကြုံလာတယ်။

"ကဲ ကြည့်စမ်း ဒီလိုကြုံရရလိမ့်မယ်လို့ ထင်ထားသလား" အယ်လန်က စိတ်အားတက်ကြွစွာ ပြောလိုက်တယ်။

"အင်းလေ . . ကွန်းရက်ဒ်ဟာ လူကောင်းပါ၊ သူ့ကို ပြဿနာတွေ ပေးမိတာတော့ စိတ်မကောင်းဘူး"

ဂျူးလီးယပ်စ်က အဲသလိုပြောတယ်။ "အို ဒါကိုဖြေရှင်းလို့ရပါတယ်"

အယ်လန်က ပြောပြောဆိုဆိုနဲ့ တစ်သျှူးစက္ကူ တစ်ရွက်ယူပြီး စားပွဲထိုးမဆီက ဘောပင် တောင်းလိုက်တယ်။ ဂျူးလီးယပ်စ်ကတော့ အယ်လန် ဘာလုပ်မလဲ ကြည့်နေတယ်။ ဖြေရှင်းမယ်ဆိုပဲ။

"ခုနကပြောတာ မာကယ်လ်နော်"

"အင်း ဟုတ်တယ်"

အယ်လန်ဟာ တစ်သျှူးစက္ကူပေါ် စာစရေးတယ်။

ချစ်လှစွာသော အဓိပတိကြီး မာကယ်လ်ခင်ဗျား၊ ကျွန်တော့် လက်ဝယ်တွင်ရှိသော အမည်းရောင်တက်ပလက် ကျေးဇူးဖြင့် အဓိပတိကြီး သည် ပြောစမှတ်ပြုရလောက်အောင် စွမ်းဆောင်ရည် မြင့်မားသည့် အမျိုးသမီး ကြီးဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ ကျွန်တော်၏မိတ်ဆွေဖြစ်သော ကညွတ် တောင်သူ ဂျူးလီးယပ်စ်နှင့် ကျွန်တော်တို့ အမှတ်မထင်ရောက်ခဲ့ရသည့် မြောက်ကိုရီးယားခရီးတွင် သန့်စင်ပြီး ယူရေနီယံ လေးကီလိုဂရမ်ကို ယူဆောင်လာခဲ့မိပါသည်။ ကံကြမ္မာနှင့် လိမ္မာပါးနပ်မှုတို့ကြောင့် ယခုအခါ ကျွန်တော်တို့နှင့် ယူရေနီယံသည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိနေပြီ ဖြစ်ပေသည်။ မူလရည်ရွယ်ရင်းကား အဆိုပါ ယူရေနီယံကို သမ္မတထရမ့်ထံ လွှဲပြောင်းပေးရန် ဖြစ်သော်ငြားလည်း အဆိုပါ သမ္မတနှင့် ဆုံတွေ့သောအခါ သူ၏ အော်မှု ငေါက်မှု ငါတကောကောမှုများသည် ကင်ဂျုံအန်ကို ပြန်လည် သတိရစရာ ဖြစ်ရကား ကျွန်တော်နှင့် ဂျူးလီးယပ်စ်တို့ နှစ်ဦးမှာ မူလအကြံကို ပြန်လည်စဉ်းစားရန် ဖြစ်လာပါတော့သည်။ ထို့ပြင်တဝ သူ့ထံတွင် ယူရေနီယံ ပမာဏများစွာ ရှိပြီးဖြစ်သဖြင့် နောက်ထပ် လေးကီလိုဂရမ် ထပ်ရ၍ မည်သို့မှ အကျိုးထူးမည်မဟုတ်ပါ။

ထိုအခြေအနေတွင် ကျွန်တော်တို့နှစ်ယောက်သည် ကုလသမဂ္ဂ အဆောက်အဦရှေ့တွင် ဂုဏ်သရေရှိ ဂျာမနီသံအမတ်ကြီး ကွန်းရက်ဒ်နှင့် ဆုံတွေ့ခဲ့ပြီး သာယာနာပျော်ဖွယ် ညစာကို အတူတကွ စားသုံးခွင့်ရခဲ့ပေသည်။ ကွန်းရက်ဒ်တစ်ယောက် သဘာဝတရား၏ စေစားမှုအလိုအတိုင်း တပိုတပါး သွားနေချိန်တွင် ယခုစာကို အဓိပတိကြီးထံ ရေးသားခြင်းဖြစ်သည့်အတွက် စာရွက်စာသားနှင့် လက်ရေးလက်သားကို ကျေးဇူးပြု၍ သည်းခံစေချင် ပါသည်။

(တစ်သျှူးနောက်တစ်ရွက်တွင် ဆက်ရေး)

ရှနစ်ဇဲလ် ဟင်းပွဲ၊ ဘီယာများနှင့် ပန်းသီးအရသာရှိသော ဗော့ဒကာ များကို သုံးဆောင်ပြီးနောက် ဂျူးလီးယပ်စ်နှင့် ကျွန်တော်တို့မှာ ကွန်းရက်ဒ်နှင့် ပုဂ္ဂိုလ်ရေး ခင်မင်ရင်းနှီးမှု တည်ဆောက်နိုင်ပြီ ဖြစ်သော်လည်း ကံအလှည့်မသင့်သေးသဖြင့် ယခု

အမိပတိကြီးလက်ခံရရှိသော လက်ဆွဲသေတ္တာထဲတွင် မည်သည့်ပစ္စည်းပါသည်ကို ကွန်းရက်ဒ်အား ဖွင့်ဟပြောဆိုခွင့် မရလိုက်ပါ။ မည်သို့ပင်ဆိုစေကာမူ အဆိုပါပစ္စည်းသည် ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံ၏ လက်ဝယ်ရောက်ရှိပြီဖြစ်ခြင်းကြောင့် ကျွန်တော်တို့နှစ်ယောက်များစွာ စိတ်သက်သာရာ ရမိပါသည်။ အဆိုပါကိစ္စသည် အမိပတိကြီးအတွက် ပျော်ရွှင်ဝမ်းမြောက်ဖွယ် မဟုတ်သော်လည်း သတိချပ်ရန်ကား ဘဝဟူသည် အခက်အခဲများနှင့် ပြည့်နှက်နေစမြဲဆိုခြင်းကိုပင်။

အဆိုပါ ယူရေနီယံကို အမိပတိကြီးအနေနှင့် အကောင်းဆုံး အသုံးချနိုင်မည်ဟု လေးနက်စွာ ယုံကြည်ပါသည်

(တစ်သျှူး နောက်တစ်ရွက် တွင် ဆက်ရေး)

စကားမစပ် ပြောလိုသည်ကား ကျွန်တော်၏ မိတ်ဆွေ ဂျူးလီးယပ်စ် ယုံကြည်နေသည်မှာ ဂျာမန်များသည် ကညွတ်စိုက်ပျိုးရာတွင် ထူးချွန်ပြီး ဂျာမန်ကညွတ်သည် ဂျာမနီတွင် စိုက်ပျိုးသည်ဟူ၍ ဖြစ်ပေသည်။ နှိုင်းယှဉ်ရမည်ဆိုလျှင် -

ဂျူးလီးယပ်စ်က အယ်လန့်လက်ထဲက ဘောလ်ပင်ကို ဆွဲယူပြီး ကွန်းရက်ဒ်ပြန်လာတော့မယ် မြန်မြန်ရေးလို့ပြောရင်း ဘောလ်ပင်ကို လက်ထဲ ပြန်ထည့်ပေးလိုက်တယ်။ အယ်လန်က ဆက်ရေးတယ်။

အမိပတိကြီးအနေနှင့် သံအမတ်ကြီး ကွန်းရက်ဒ်ကို ဒေါသစိတ် မဖြစ်စေရန် ကျွန်တော်တို့နှစ်ယောက်က လိုလားပါသည်။ သံအမတ်ကြီး ကွန်းရက်ဒ်သည် အမိပတိကြီး၏နိုင်ငံအတွက် လွန်စွာသင့်လျော်သော သံတမန်ကောင်းတစ်ဦး ဖြစ်ပါသည်။ အကယ်၍ တစ်ယောက်ယောက်ကို မဖြစ်မနေ ဒေါသထွက်ရမည်ဆိုလျှင် ဒေါ်နယ်ထရမ့်သည် သင့်တော်သူ ဖြစ်ပါသည်။ သို့တည်းမဟုတ် မြောက်ကိုရီးယားမှ ကင်ဂျုံအန် ဆိုသူ သူငယ်ကို ဒေါသထွက်နိုင်ပါသည်။ အဆိုပါ မြောက်ကိုရီးယားများသည် ကျွန်တော်တို့ယူဆောင်လာသော ယူရေနီယံ ပမာဏထက် အဆတစ်ရာမျှ ပိုများသော ယူရေနီယံများကို ပိုင်ဆိုင်ရန် အစီအစဉ်ချမှတ်ထားကြပေသည်။ ကီလိုဂရမ် ငါးရာမျှဟု သိရပေသည်။ ကွန်းရက်ဒ်လည်း ပြန်ရောက်လာတော့မည် ဖြစ်သောကြောင့် ဤစာကို ဤမျှနှင့်ပင် အဆုံးသတ်လိုက်ရ ပေသည်။

လေးစားစွာဖြင့်

အယ်လန်ကားလ်ဆန် နှင့် ဂျူးလီးယပ်စ် ဂွန်ဆင်

စာရေးထားတဲ့ တစ်သျှူးသုံးရွက်ကို အစီအစဉ်တကျ ထပ်ပြီး လက်ဆွဲအိတ်ရဲ့ ဘေးအိတ်ထဲကို အသာထိုးထည့်လိုက်တယ်။

ဂျာမန်ကညွတ်နဲ့ ပတ်သက်တဲ့အကြောင်းကို မတည်းဖြတ်လိုက်ရင် ဂျူးလီးယပ်စ်က စနိုးစနောင့်ဖြစ်ပေမယ့်လို့ စာရေးလိုက်နိုင်တာကိုတော့ ကျေနပ်နေတယ်။ ကွန်းရက်ဒ်က ပြန်မလာသေးဘူး။ သဘာဝရဲ့တွန်းအားဟာ သိပ်အင်အားကြီးနေတယ် ထင်ပါရဲ့။ စားပွဲပေါ်က ကွန်းရက်ဒ်ရဲ့ဖုန်းကို တွေ့တော့ ဂျူးလီးယပ်စ်ဟာ အကြံရလာတယ်။ သူ့အိတ်ကပ်ထဲမှာ ဂူစတေ့ဗ် ဆဗန်ဆန်ရဲ့ ဖုန်းနံပါတ် ရှိနေတယ်။

“ဘယ်လိုလဲ” အယ်လန့်ကို မေးလိုက်တယ်။ “ချသာချ”

အယ်လန်က ပြောလိုက်တယ်။

ဂျူးလီးယပ်စ်ဟာ ကွန်းရက်ဒ်ရဲ့ ဖုန်းနဲ့ ဂူစတေ့ဗ်ကို ခေါ်လိုက်တယ်။ ပြန်မထူးဘူး၊ ဗွိုက်စ်မေးလ်ထဲပဲ ရောက်သွားတယ်။ စိတ်ဆိုးလိုက်တာ။ စိတ်ဆိုးဆိုးနဲ့ ပြောလိုက်တယ်။

"ဟေ့ ဂူစတေ့ဗ်၊ ဘာဖြစ်လို့ အမြဲတမ်း ဖုန်းကို ပိတ်ထားတာလဲ၊ ကျုပ်နဲ့ အယ်လန်နဲ့ ပြိုယမ်းကနေ ခု နယူးယောက်ရောက်နေပြီ၊ ဒီကနေပြီး.."

"ဟိုမှာ သူပြန်လာပြီ"

မျက်စိတစ်မှိတ်အတွင်း ဖုန်းဟာ စားပွဲပေါ် ပြန်ရောက်သွားတယ်။

"ကဲ မိတ်ဆွေများ နောက်ပြန်ဆုံကြဦးစို့ရဲ့"

ကွန်းရက်ဒ်က ပိုက်ဆံအိတ်ကို ထုတ်တယ်။ ငွေရှင်းပြေစာက ရောက်နေပြီ။ ပြေစာအရ ဂျာမနီဟာ စားသောက်ခ ကုန်ကျစရိတ် ဒေါ်လာ ၆၂၀ နဲ့ ဘောက်ဆူး ဒေါ်လာ ၁၂၀ အကုန်အကျ ခံလိုက်ရတယ်။ (အင်ဒိုနီးရှားကို ဆယ့်ငါးစက္ကန့်စာ ဖုန်းခေါ်ခလည်း ပါတာပေါ့) ကွန်းရက်ဒ်က ဒေါ်လာ ၇၄၀ ကို စားပွဲပေါ်တင်ပြီး ထရပ်လိုက်တယ်။

"ဆိုတော့ ခု ကျွန်တော် တက္ကစီငှားပြီး လက်ဆွဲအိတ်ကို ယူသွား ရတော့မယ်ပေါ့"

"ဟုတ်ကဲ့ ဒါ အမှန်ပါပဲခင်ဗျ"

အယ်လန်က ပြောပြောဆိုဆို၊ ထရပ်လိုက်တဲ့အတွက် ကွန်းရက်ဒ်ဟာ ဂျူးလီးယပ်စ်တစ်ယောက် ဘောက်ဆူးငွေကို ဘတ်နေတာ မတွေ့လိုက်တော့ ဘူး။

※※※

(၂၄) အမေရိကန်၊ ဆီဒင်

ဘတ်ထားတဲ့ ဘောက်ဆူးငွေကိုသုံးပြီး အယ်လန်နဲ့ ဂျူးလီးယပ်စ် ဘတ်စ်ကားနဲ့ နီဝေါ့ခ်လေဆိပ်ကို သွားနေ ချိန်မှာ သမ္မတထရမ့်ဟာ ဂေါက်ကလပ်အနားယူခန်းမှာ ထိုင်ရင်း စကားလုံးတွေနဲ့ ဖော်မပြနိုင်တဲ့ ဒေါသတစ်ထွေး ကြီးကို ခံစားနေရတယ်။

နေစမ်းပါဦး၊ အစည်းအဝေးကိစ္စကို ပြန်စဉ်းစား စမ်း၊ မဒမ်ဗော့စတွန်းဆိုတဲ့ဟာမကြီးဟာ ပြုံးစစနဲ့ တစ်ချိန်လုံး စကားအလိမ္မာတွေသုံးရင်း သူ့ကို လှောင်သွားတယ်။ ဟိုအဘိုးကြီး ကားလ်ဆန်က၊ သူက ဘာကောင် ကြီးလဲကွ၊ အမေရိကန်သမ္မတနဲ့ ဆွေးနွေးတာမှာ ဆိတ်နို့အကြောင်း ပါစရာလားကွာ၊ မဒမ်ဗော့စတွန်းဆိုတဲ့ မိန်းမကြီးဟာ စိတ်ထဲကနေ ဘယ်လောက်များ ရယ်သွမ်း သွေးနေမယ်မသိ။ အဲဒီနောက်ပိုင်း ဖြစ်ပျက်သမျှကတော့ ပြောနေစရာတောင် မလိုဘူး။

သမ္မတကြီးဟာ ဒေါသသွေးတွေ ပွက်ပွက်ဆူလာတယ်။ စောက်ကွန်မြူနစ်ကောင်ကြီးက ရာရာစစ ဒေါသကို ထိန်းသင့်တယ်လို့ အကြံပေးသလိုလို ဆရာလုပ်သလိုလို ပြောသွားသေးတယ်။ ဂေါက်ကွင်းမှာ တုန်းက ကလပ်တုတ်နဲ့ သူ့ခေါင်းကို ထိထိမိမိ အုပ်လိုက်ရမှာ။ ခုမှတော့ ဘာမှလုပ်လို့မရတော့ဘူး။ ဘာမှလုပ်လို့ မရတော့ဘူး။ ဒေါသအိုးက ပွက် သထက် ပွက်လာတဲ့အတွက် လက်ပ်တော့ကို ဖွင့်ရင်း တွစ်တာကို ဆိုင်း-အင် လုပ်လိုက်တယ်။

နောက်သုံးမိနစ်အကြာ၊ ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူ တစ်ယောက်ကို ရှုံ ့ချအပြီး၊ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်ကို ပယ်ပယ် နယ်နယ် စော်ကားအပြီး၊ သူကိုယ်တိုင်ခန့်ထားတဲ့ ကက်ဘိနက်အဖွဲ့ဝင် တစ်ယောက်ကို အလုပ်ဖြုတ်ပစ်မယ်လို့ ခြိမ်းခြောက်အပြီး၊ သူ့ကို ထောက်ခံနှုန်း ကျဆင်းလာတာဟာ သတင်းစာအစုတ်အပဲ့တွေကြောင့်လို့ ကြေညာအပြီးမှာတော့ သမ္မတကြီးဟာ နေလို့ထိုင်လို့ ကောင်းသွားခဲ့တယ်။

※

မဒမ်ဗော့စတွန်းဟာ ကတိတည်သူပါ။ အဲဒီနေ့ညနေမှာ ကတိထားခဲ့တဲ့အတိုင်း ကားလ်ဆန်နဲ့ ဂျွန်ဆင်ကို စတော့ဟုမ်းပြန်ဖို့ ဘိဇနက် ကလပ်ကနေ လက်မှတ်တွေ စီစဉ်ထားပေးပြီးသား။

"ခရီးဆောင်အိတ် အပ်စရာများပါသေးလား"

ချက်-အင် ကောင်တာက အမျိုးသမီးရဲ့မေးခွန်းကို မပါပါဘူး ကျေးဇူးပါ လို့ အယ်လန်က ဖြေလိုက်တယ်။

“လက်ဆွဲအိတ်ရော”

“မပါဘူး… ခုနကပဲ ပေးပစ်လိုက်ပြီ”

အမိမြေသို့အပြန်လမ်းဟာ အလွန်အင်မတန် သာယာနာပျော်ဖွယ်ကောင်းပေတယ်။ လေယာဉ်တောင် မထွက်ရသေးဘူး၊ ဘာသောက်မလဲလို့ လာမေးနေပြီလေ။

“ရှန်ပိန်လား အချိုရည်လားရှင့်”

“ကျေးဇူးပြုပြီး ရှေ့ကဟာ ပေးပါ၊ နောက်ကဟာတော့ မပေးနဲ့ ကျေးဇူးတင်ပါတယ်”

“သူနဲ့တူတူပဲခင်ဗျ”

အဲဒီနောက်တော့ ညစာသုံးထပ်ကျွေးသလေ (အဘိုးကြီးတွေဟာ ဆာတော့ မဆာလှပါဘူး၊ ဒါပေမဲ့ အလကားရတာဟာ အလကားရသလို စားထိုက်တယ် မဟုတ်လား)၊ အချိုပွဲ တည်ခင်းအပြီး ထိုင်ခုံကခလုတ်ကို မှန်မှန်ကန်ကန် နှိပ်တတ်လို့ကတော့ လှဲပြီး အိပ်လို့ရသလေ။

“ကဲ ရှေ့ဆက်ဘာလုပ်ကြမလဲ”

အယ်လန့်အမေးကို စောင်ခြုံပြီး အိပ်ချင်မူးတူးဖြစ်နေတဲ့ ဂျူးလီးယပ်စ် က အွန်-အွန် နဲ့ မပီမသ ပြန်ဖြေနေတယ်။

“တက်ပလက်ကအကြောင်းလေးတွေ ခပ်ကျယ်ကျယ် ဖတ်ပြရ မလား”

“ခင်ဗျားတက်ပလက်ကို ဆွဲလုပြီး ပြတင်းပေါက်က ပစ်ချလိုက်တာ ခံချင်ရင် ဖတ်ပေါ့”

※※※

(၂၅) ဆွီဒင်

အာလန်ဒါ လေဆိပ်ရဲ့ တာမီနယ် ၅ ဆိုက်ရောက် ခန်းမမှာ အယ်လန်နဲ့ ဂျူးလီးယပ်စ် မတ်တတ်ရပ်နေကြတယ်။ ဂျူးလီးယပ်စ်က အခြေအနေကို သုံးသပ်တယ်။ အိပ်ရေးလည်း၀၊ လန်းလည်းလန်းဆန်း၊ ဗိုက်လည်းပြည့်၊ ပိုင်ဆိုင်မှုအနေနဲ့လည်း နှစ်ယောက်ပေါင်း ဒေါ်လာ နှစ်ဆယ် ရှိသလေ။

"ဒေါ်လာနှစ်ဆယ်ဟုတ်လား၊ ဘီယာတစ်လုံးစီ တော့ ရမယ်ထင်တယ်"

အယ်လန့် အကြံပြုချက်အရ ဘီယာပုလင်းသေး နှစ်ပုလင်း ချလိုက်ကြပြီးချိန်မတော့ ပိုင်ဆိုင်မှုတွေ ကုန်သွားခဲ့တယ်။ "ကဲ ကျုပ်တို့ ဗိုက်လည်း၀ အိပ်ရေးလည်း၀၊ လောလောဆယ် ရေလည်းမငတ်ဘူးဆိုတော့ ဘာဆက်လုပ်မယ်စိတ်ကူးလဲ"

အယ်လန်က မေးလိုက်တယ်။

ဟင့်အင်း- ဂျူးလီးယပ်စ်က ဘာမှစိတ်မကူးပါဘူး။ တကယ်တော့ နောက်ဆုံးလက်ကျန် ပိုက်ဆံကလေးကို ဘီယာ၀ယ်မသောက်ခင် စဉ်းစား သင့်တာ။ အစီအစဉ်တစ်ခုမှာ ငွေရေးကြေးရေးက ဦးစားပေးမဟုတ်လား။

အင်း ဟုတ်တာပေါ့။ ၁၀၁ နှစ်သားက ခေါင်းညိတ်လိုက်တယ်။ ငွေကြေးဟာ ဘ၀ကို လွယ်ကူစေသလေ။ ကညွတ်အရောင်းအ၀ယ်ကငွေတွေ ဘယ်မလဲ။ ဆွီဒင်မှာလား၊ ဂျူးလီးယပ်စ်မှာ အဆက်အသွယ်တွေ ရှိတယ် မဟုတ်လား။ ဂျူးလီးယပ်စ်လုပ်နေတဲ့ အင်ဒိုနီးရှန်း ဆွီဒင် ကညွတ်လုပ်ငန်း အကြောင်း အယ်လန်မှ သိပ်မသိဘဲ။ ကျင့်၀တ်ချိုးဖောက်တာတွေဘာတွေ မရှိဘူးမဟုတ်လား။

ဟုတ်သားပဲ၊ ဂျူးလီးယပ်စ်မှာ အဆက်အသွယ်တွေရယ်တော့ မဟုတ်၊ အဆက်အသွယ် ဂန်နာဂရာ့စ်လွန်း ရှိသလေ။

"ဟင် သူက ဘယ်သူလဲ"

ဂန်နာ ဂရာ့စ်လွန်းဟာ ဂျူးလီးယပ်စ်ရဲ့ အရင်ကတည်းက စီးပွားဖက်၊ လူတွေက သူ့ကို အဆီပြန် ဂန်နာလို့ ခေါ်ကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အဲဒီနာမည်အတိုင်း သူဟာ ရေဘယ်တော့မှ မချိုးဘူး၊ တစ်ပတ်မှ တစ်ခါ မုတ်ဆိတ်ရိတ်တယ်၊ အမြဲဆေးငုံပြီး ပါးစပ်က တစ်ချိန်လုံး အယုတ္တ အနတ္တ ထွက်တယ်။ တစ်သက်လုံး လူတကာကို ဂျင်းထည့်ရင်း နေထိုင် စားသောက်တဲ့လူ (အဲဒီကိစ္စအတွက်တော့ ဂျူးလီးယပ်စ်က အပြစ်မတင် ပေါင်)၊ ဂူစတေ့ဗ်ရဲ့ ဘာလီကညွတ်ကို ဆွီဒင်ပို့ဖို့ သူပဲ အဆီပြန်ဂန်နာနဲ့ ဆက်သွယ်ထားတာလေ။

"ဟုတ်ပြီ ဂန်နာ့ဆီသွားမယ်၊ ကျွန်တော်တို့ အခြေအနေသိရင် ဂန်နာက ငွေထုတ်ပေးမှာပဲ"

"ဟင် ဘာနဲ့သွားမှာလဲ"

"ခြေကျင်ပေါ့ဗျ"

ဆီွဒင်ဟာ အလျားအားဖြင့် ကီလိုမီတာ ၁၆၀၀ ရှည်ပေမယ့် အနံအားဖြင့် သိပ်မကျယ်လှဘူး။ ဒါပေမဲ့လို့ လူဆယ်သန်းနေဖို့ကတော့ နေရာက အကျယ်ကြီးပဲ။

တချို့ဒေသတွေမှာ တစ်နေကုန် လျှောက်သွားပေမယ့် လူမပြောနဲ့ ခွေးတစ်ကောင် ကြောင်တစ်မြီးတောင် မတွေ့ရဘူး။ ပဲရစ် ဆင်ခြေဖုံးမှာ စတူဒီယို ခပ်စုတ်စုတ်တစ်ခု ဝယ်နိုင်တဲ့ငွေကိုသုံးရင် ကိုယ်ပိုင်ရေကန်နဲ့ ကိုယ်ပိုင်တောင်ကုန်းတောင် ဆွီဒင်မှာ ဝယ်လို့ရတယ်။ အဲ မကောင်းတာလေး တစ်ခုကတော့ အနီးဆုံးစတိုးဆိုင်ကို ကီလိုမီတာ ၁၂၀၊ အနီးဆုံးဆေးဆိုင် ကီလိုမီတာ ၁၆၀ လောက်သွားရမယ်။ သံစူးမိလို့ ဆေးရုံတက်ရမယ်ဆိုရင် တော့ ပြောမနေပါနဲ့တော့။ ကော်ဖီထဲ ထည့်သောက်ဖို့ အိမ်နီးနားချင်းဆီက ခရင်မ်နို့မှုန့် နည်းနည်းချေးမယ်ဆိုရင် သုံးနာရီလောက် လမ်းလျှောက်သွားရ မယ်၊ ပြီးရင် အိမ်ရောက်အောင် နောက်ထပ် သုံးနာရီလောက် လမ်းလျှောက် ပြန်လာရမယ်။ အိမ်ပြန်မရောက်ခင် ကော်ဖီဟာ ရေခဲရေလို အေးစက်နေ လိမ့်မယ်။

ဒါပေမဲ့လို့ ဆွီဒင်သူ ဆွီဒင်သား အားလုံး အဲသလိုနေရတာတော့ မဟုတ်ပါဘူး။ စတော့ဟုမ်းကတော့ အနည်းဆုံး မြို့နဲ့ တူပါတယ်။ စီးပွားရေးလည်း ဖွံ့ဖြိုးပါတယ်။ အိတ်ချ်အန်အမ်တို့၊ အဲရစ်ခ်ဆင်တို့ အိုင်ကေအီးကေတို့ကလည်း လူဦးရေ နှစ်သန်းခွဲရှိတဲ့ အဲဒီနေရာကိုပဲ ပစ်မှတ် ထားမှာပေါ့။ အာတိတ်စက်ဝိုင်းမြောက်ဘက်က လူဦးရေ ၇၇ ဦးတိတိမှီတင်းနေထိုင်တဲ့ နာတာဗာရာရွာကို ဘယ်ပစ်မှတ်ထားပါ့မလဲ။

ဒါကြောင့်မို့လို့ ဂျူးလီးယပ်စ်ဂျွန်ဆင်နဲ့ ဂူစတေ့ဗ်ဆဗန်ဆန်တို့ရဲ့ ကညွတ်လုပ်ငန်းအတွက် တည်နေရာဟာ စတော့ဟုမ်း ဆင်ခြေဖုံးမှာရှိနေတာ ဘယ်ဆန်းပါ့မလဲ။ ဝယ်သူနဲ့ တိုက်ရိုက်အဆက်အသွယ်မလုပ်ဘဲ၊ သွင်းကုန် ထုတ်ကုန်ကိစ္စသာ အဓိကလုပ်တဲ့အတွက် အာလန်ဒါလေဆိပ်နဲ့ နီးရင် ပိုကောင်းတယ်။ တိတိကျကျပြောရရင် ဆွီဒင်ဆင်ခြေဖုံး မာစဏ္ဍာမြို့လေး မှာပေါ့၊ ပိုပြီး တိတိကျကျပြောရရင် လေဆိပ်ကနေ နှစ်နာရီလမ်းလျှောက်ရင် ရောက်တဲ့နေရာမှာပေါ့။ အသက်ကြီးလို့ သိပ်မလျှောက်နိုင်ရင်တော့ နှစ်နာရီခွဲ လောက်ပေါ့။

အဲ တခြားနည်းကတော့ တက္ကစီငှားပြီး ဆယ့်ငါးမိနစ် သွားဖို့ပဲ။ ဒါပေမဲ့ အဲဒီဖြစ်တန်စွမ်းကို မနက်စာအဖြစ် ဘီယာအသွင် ပြောင်းလိုက်မိကြပြီ။

※※※

(၂၆) အင်ဒိုနီးရှား

ဂူစတော့ဗ်ဆဗန်ဆန်ဟာ လုပ်ဖော်ကိုင်ဖက်မရှိဘဲ တစ်ကိုယ်တော် ကြိတ်ခဲ့ရတာ အတော်ကြာနေပြီ။ ဂျူးလီးယပ်စ်ဟာ အယ်လန့်မွေးနေ့မှာတည်းက တစ်ခါ တည်း စုပ်စမြုပ်စ ပျောက်သွားတာ။ ဂူစတော့ဗ်ဟာ ဟိုတယ်နဲ့ မပြီးသေးတဲ့ ဇာတ်လမ်းတွေရှိတဲ့အတွက် ဂျူးလီးယပ်စ်ကို ဟိုတယ်သွားရှာလို့ကလည်း မရ။ နောက်တော့ ဟိုဟိုဒီဒီ စုံစမ်းကြည့်တဲ့အခါ အယ်လန်နဲ့ ဂျူးလီးယပ်စ်တို့နှစ်ယောက်လုံး မိုးပျံဘောလုံး ပြုတ်ကြပြီး ပင်လယ်ထဲ နစ်သွားပြီဆိုတာ သူသိလာတယ်။

ဒါကြောင့် ဂျူးလီးယပ်စ်သေပြီလို့ ဂူစတော့ဗ်က ယူဆထားခဲ့တယ်။ သို့သော်လည်း တစ်ပတ်ကျော်ကျော် လောက်ကြာတော့ သူ့ဆဲလ်ဖုန်းထဲ အသံမက်ဆေ့ချ်တစ်ခု ဝင်လာတယ်။ ဒါဆို ဂျူးလီးယပ်စ် အသက်ရှင်နေသေး တာပဲ၊ ကညွတ်လုပ်ငန်းအကြောင်း မေးနေတယ်။ ခက်တာက ပြန်ခေါ်ဖို့ ဖုန်းနံပါတ် မပါဘူး။

နောက်ရက်တော်တော်ကြာအောင် ဘာသံမှ မကြားပြန်ဘူး။ နောက်တစ်ခါ ဗွိုက်စ်မေးလ် ဝင်လာပြန်တယ်။ ဂူစတော့ဗ်ဟာ နောက်တစ်ခါ ဖုန်းလာရင် အဆင်သင့်ကိုင်နိုင်အောင် ဖုန်းကို အားသွင်းထားဖို့ သန္နိဋ္ဌာန် ချမိတယ်။ ဒီတစ်ခါတော့ ပြုံယမ်းကနေ နယူးယောက် ရောက်နေပြီတဲ့။ ဟရေး-ဘာဘူ၊ ဘာလီကနေ မိုးပျံဘောလုံးနဲ့ မြောက်ကိုရီးယားကို ဝင်ပြီး အမေရိကန်ရောက်အောင် သွားနိုင်တယ်လား။ တယ်စွမ်းပါလား။

အင်း ခု ပါတနာကြီးမရှိတော့ ဘာလုပ်ရမှန်းက မသိဘူးလေ။ စီးပွားရေးလုပ်ငန်းဆိုတာက နိစ္စဓူဝ ဆုံးဖြတ်ချက်တွေ ရှိစမြဲပဲ။ ဒါကြောင့် ဂူစတော့ဗ်ဟာ သူ့ပါတနာရဲ့ စားပွဲမှာထိုင်ရင်း ဆီဗိုဒင်ဘက်က သွင်းကုန်-ထုတ်ကုန် အင်ပို့ - အိတ်စပို့ လုပ်ပေးနေတဲ့ ကြားခံလူပြောတဲ့ ဆီဗိုဒင်ဆန်တဲ့ နာမည်နဲ့ ကညွတ်ကို ဆီဗိုဒင်မှာ ဈေးပိုမြှင့်ပြီးရောင်းလို့ရအောင် ပိုဆီဗိုဒင်ဆန် အောင်လုပ်ရမယ်ဆိုတဲ့စကားကို နားယောင်မိတာပေါ့။

သူနဲ့ ဂျူးလီးယပ်စ် ဒီကိစ္စနဲ့ပတ်သက်လို့ ဆွေးနွေးဖူးတာကို ဂူစတော့ဗ် ရေးတေးတေးလေး မှတ်မိနေတယ်။ တကယ့်ကို ရေးတေးတေး လေးပဲ။ သိတဲ့အတိုင်း ဒေသထွက်အရက်ရဲ့ ကောင်းတဲ့အချက်ဟာ အတွေး အာရုံတွေကို နှိုးကြားစေတယ်။ အဲ မကောင်းတဲ့အချက်ကတော့ အတွေးအာရုံ တွေဟာ နှိုးကြားရုံနှိုးကြားတာ၊ နောက်တစ်နေ့မနက်ကျတော့ အစအန ရှာမရတော့ဘူး။

တကယ်လို့သာ ဂျူးလီးယပ်စ်မှာ အခွင့်အရေးရှိခဲ့မယ်ဆိုရင် ဂူစတော့ဗ်ဆဗန်ဆန် ကညွတ်လို့ နာမည်ပေးထားတဲ့ ထွက်ကုန်ကို နောက်ထပ် ဆီဗိုဒင်ဆန်အောင် ထပ်မွမ်းမံမယ့်အကြံကို ကန့်ကွက်မှာပဲ။ အရင်တစ်ခါက လည်း

အင်မတန်နုံတဲ့ မိုက်မဲတဲ့ ကြားလူဟာ အဲသလိုလုပ်လိုက်လို့ လုပ်ငန်းကြီးတစ်ခုလုံး ပစ်ရပါရောလား။

※※※

(၂၇) ဆီဒင်

ရဲအဖွဲ့က ဆီဒင်ကညွတ်ဆိုတဲ့ အလိမ်အညာ လုပ်ငန်း လုပ်နေတဲ့နေရာကို ပိတ်သိမ်း၊ လုပ်တဲ့ လူ ကို ဖမ်းဆီးခေါ်ဆောင်အပြီး နောက်တစ်နေ့မှာ အယ်လန်နဲ့ ဂျူးလီးယပ်စ်ဟာ နှစ်နာရီခွဲကျော် တုန်တုန်ချိချိနဲ့ လမ်း လျှောက်ရင်း အဲဒီနေရာကို ရောက်လာတယ်။ ဟာ တံခါးမှာ အဝါရောင်ဆိုင်းဘုတ်ကြီးပေါ်မှာ အနီရောင် ဘောင်ကွပ်ပြီး အနက်ရောင် စာသားတွေ ရေးကပ်ထား ပါလား။

တရားရုံးလုပ်ထုံးလုပ်နည်း အခန်း (၂၇) အပိုဒ် (၁၅) အရ ပိတ်သိမ်းထားသည့် နေရာ။ ဖြတ်သန်းသွားလာပါက တရားဥပဒေအရ အပြစ်ပေးခြင်းခံရမည်။

ရဲတပ်ဖွဲ့

ခွေးတစ်ကောင်ဆွဲပြီး အနားကဖြတ်သွားတဲ့ အမျိုးသမီးတစ်ယောက်ကို အယ်လန်က မေးလိုက်တယ်။

"ဒီနေရာမှာ ဘာဖြစ်ခဲ့တာလဲ ခင်ဗျ"

"တရားမဝင် ဟင်းသီးဟင်းရွက် တင်သွင်းတဲ့လုပ်ငန်းကို ချိတ်ပိတ် အရေးယူတာလေ"

"သောက်ခွေးတဲ့မှ - အဆီပြန် ဂန်နာကတော့ လုပ်လိုက်ပြီ" ဂျူးလီးယပ်စ်

"အွန်း- ခွေးကလေးက လှသားပဲ နာမည်က ဘာတဲ့လဲ" အယ်လန် ခုတော့ မိတ်ဆွေကြီး နှစ်ယောက်မှာ မူလအတိုင်း ခြေဖဝါး လက်ဖဝါးသာ ကျန်တဲ့ဘဝ ရောက်ကြရပြန်ပြီ။ ဒါ့အပြင် လမ်းအကြာကြီး လျှောက်လာရတော့ ဂျူးလီးယပ်စ်ဟာ ခြေထောက်မှာ အရည်ကြည်ဖုထွက်ပြီး မတရားနာနေပြီ။ မာစဏ္ဍာ မြို့လယ်ကို ဦးတည်ပြီး လမ်းလျှောက်လာတဲ့ အသက် ၁၀၁ နှစ်အဘိုးကြီး အယ်လန်ရဲ့ လျှောက်နှုန်းကိုမီအောင် မလိုက် နိုင်ဘူး။ နောက်ဆုံးတော့ သူ လက်မြှောက်လိုက်တယ်။

"အမလေး နောက်ထပ် ခြေတစ်လှမ်းတောင် မလှမ်းနိုင်တော့ပါ ဘူး၊ ဒီအရည်ကြည်ဖုကြောင့် သေရပါတော့မယ်"

"အို အဲသလို လွယ်လွယ်နဲ့ သေရိုးလား၊ ကျုပ်က ကိုယ်တွေ့မို့ သိတယ်၊ အားတင်းပြီး လျှောက်လိုက်စမ်းပါ"

အယ်လန်ဟာ ရှေ့နားက လမ်းထောင့်ဆိုင်ကလေးတစ်ဆိုင်ကို လက်ညှိုးထိုးပြတယ်။ ပုံစံကတော့ အုတ်နံရံကြီးမှာမှီပြီး တစ်ဖက်ရပ် တဲထိုးထားသလိုပဲ။

"ကြည့်စမ်း မကောင်းဘူးလား ဟောဟိုကဆိုင်လေး၊ ဆိုင်ထဲဝင်၊ ဘယ်ဘက်မှာ ပလာစတာတို့ ပတ်တီးတို့ ဝယ်လို့ရမယ်၊ တကယ်လို့ ဒါတွေ မရှိဘူးဆိုရင်လည်း ဆိုင်ထဲဝင်၊ ညာဘက်မှာ သေလို့ရတယ်"

အယ်လန်က ဆိုင်ထဲ ဝင်သွားတယ်။ သူ့နောက် နှစ်မိတာအကွာ ကနေ

ဂျူးလီးယပ်စ်က ထော့ကျိုး ထော့ကျိုးနဲ့ လိုက်လာတယ်။ လည်ပင်းမှာ ပုံသဏ္ဍာန်မတူတဲ့ ဆွဲပြားသုံးပြား ဆွဲထားတဲ့ လူ မလတ်တလတ်အရွယ် မိန်းမ တစ်ယောက်ဟာ ကောင်တာထိုင်ရင်း သူတို့နှစ်ယောက်ကို အံ့ဩတကြီး ကြည့်နေတယ်။ မနက်ခင်းမှာ ဝယ်သူလာမယ်လို့ သူ မျှော်လင့်မထားဘူးကိုး။

"မင်္ဂလာမနက်ပါ ခင်ဗျ၊ ပတ်တီးများ ရောင်းဖို့ရှိသလား၊ ကျွန်တော့် မိတ်ဆွေ ဂျူးလီးယပ်စ်ဟာ ခြေထောက်က အရည်ကြည်ဖုကြောင့် အတော် နာနေလို့ပါ"

"အင်း ရှိတာပေါ့"

တစ်ကိုယ်ရေ သန့်ရှင်းရေး ပစ္စည်းတွေထားတဲ့စင်ကို လက်ညှိုးထိုးပြ လိုက်တယ်။ ဂျူးလီးယပ်စ်က သူလိုအပ်တဲ့ ပစ္စည်းကို ယူလာတယ်။ ဆွဲပြားလေဒီက ပစ္စည်းကို စကန်ဖတ်ပြီး ဈေးနှုန်းပြောလိုက်တယ်။

"သုံးဆယ်ခြောက် ကရိုနာ ကျပါတယ်"

"အင်း အဝှာလေ၊ ကျွန်တော့် ပိုက်ဆံအိတ် မေ့လာခဲ့တယ်ဗျ၊ မနက်ဖြန် လာပေးလို့ရမလား"

"ရတယ်လေ ဒါဆို ပတ်တီးတွေ သိမ်းထားလိုက်မယ်"

"အာ အဲလိုမဟုတ်ဘူးလေ၊အရည်ကြည်ဖုက ခုပေါက်နေတာ ပတ်တီးစည်းမှဖြစ်မယ်၊ ပိုက်ဆံက နောက်မှလာပေးမယ်လို့ပြောတာလေ" တကယ်တော့ အမျိုးသမီးဟာ စာရေးမ မဟုတ်ဘူး။ ဒီဆိုင်ပိုင်ရှင်။ သူဟာ ဒီနေ့ရဲ့ ပထမဆုံးဖောက်သည်ကို ဝမ်းနည်းပက်လက် ကြည့်လိုက်တယ်။

"ဒီမယ် ကျွန်မက အတော်လေး ကြိုးစားရုန်းကန်နေရတဲ့ ဆိုင်ရှင် ပါ၊ ဒီနေ့မနက် ရှစ်နာရီတည်းက ဆိုင်ဖွင့်ပြီး လာသမျှလူ အလကားပေးဖို့ စောင့်နေတယ်လို့များ ရှင်ထင်နေသလား"

ဂျူးလီးယပ်စ်ဟာ သက်ပြင်းမောကြီး ချလိုက်တယ်။ အခြေအတင် စကားများဖို့ အားအင်ရှိသေးရဲ့လားဆိုတာ မသေချာဘူး။ ဒါပေမဲ့လို့ အမျိုးသမီးပြောတဲ့အချက်ကို သူ နားလည်တယ်၊ သူ့အခြေအနေကိုလည်း ဆိုင်ရှင်အမျိုးသမီးက နားလည်ပေးဖို့ ဆန္ဒရှိပါတယ်လို့ ပြောလိုက်တယ်။ တကယ်တော့ သူဟာ ဂုဏ်သရေရှိ၊ သံကြီးတမန်ကြီးတစ်ယောက်ပါ၊ အမေရိက ကနေ အရေးပေါ်ကိစ္စကြောင့် ပြန်လာတာမှာ ပိုက်ဆံအိတ်ဟာ သံရုံးမှာ ကျန်ခဲ့ရှာ။

"ဒါဆိုလည်း သွားပြန်ယူလေ"

"ဟင် အမေရိကအထိလား"

ဆွဲပြားလေဒီဟာ ဂျူးလီးယပ်စ်ကို ကြည့်တယ်၊ ပြီးတော့ အယ်လန် ကို ကြည့်တယ်။ ပြီးတော့ ဂျူးလီးယပ်စ်ကို ပြန်ကြည့်တယ်။ တစ်ယောက်က သူ့ထက် အသက်ကြီးတယ်။ နောက်တစ်ယောက်ကတော့ ဘယ်သူ့ထက်မဆို အသက်ကြီးမယ့်ပုံပဲ။ တစ်ယောက်မှ သံတမန်ရုပ်လည်း မပေါက်ပါဘူး။

"မိတ်ဆွေတစ်ယောက်ယောက်ဆီ ဖုန်းဆက်ပါလား"

ဂျူးလီးယပ်စ်ရဲ့ ဘယ်ဖက်ဖနောင့်ဟာ သွေးချင်းချင်း နီနေပါပြီ။ ညာဖက်ဖနောင့်ကလည်း အခြေအနေမကောင်းလှဘူး။ ဒါ့အပြင် အစာနဲ့ဝေးနေတာလည်း နာရီပေါင်းများစွာ ကြာသွားခဲ့ပြီ။

"ကျွန်တော့်မှာ မိတ်ဆွေမရှိဘူးခင်ဗျာ"

"အို ဂျူးလီးယပ်စ် ဘာလို့မဟုတ်တာပြောနေတာလဲ ကျုပ်ရှိတယ် လေ"

"အင်း ဒါဆို ရှင်ကြီးမှာ ပိုက်ဆံဘယ်လောက်ပါလဲ"

"တစ်ပြားမှ မပါဘူး"

"ဒါဆိုလည်း စိတ်မကောင်းပါဘူး၊ ငွေမပါ ပတ်တီးမရပေါ့ရှင်၊ ဒါ ဒီဆိုင်စုတ်ကလေးရဲ့ ပေါ်လစီပေါ့၊ သနားစရာ ဆိုင်ရှင် ဆဗင်းဂျွန်ဆင် ဆိုတဲ့ ကျွန်မရဲ့ ပေါ်လစီပေါ့"

"ဟာ ဂျွန်ဆင်လား၊ ဂျူးလီးယပ်စ်ရဲ့ မျိုးရိုးနာမည်ကလည်း ဂျွန်ဆင်ပဲလေ၊ ဒါကြောင့် ခြွင်းချက်ထားပေးလို့ရမလား"

ဆွဲပြားလေဒီက ခေါင်းခါလိုက်တော့ ဆွဲပြားတွေကလည်း လိုက်ခါတယ်။ "ဒီတိုင်းပြည်မှာ ဂျွန်ဆင်နာမည်နဲ့လူ တစ်သိန်းကျော်ရှိတယ်ရှင့် အားလုံးကို ပတ်တီးအလကားပေးရရင် ကျွန်မစီးပွားရေး ဘာဖြစ်သွားမလဲ"

အဲလိုဆိုရင်တော့ အင်္ဂတေပြဿနာတက်သွားနိုင်ကြောင်း အယ်လန်က ပြောလိုက်တယ်။ ဒါပေမဲ့ ခုပြောနေတာ ဂျွန်ဆင် တစ်သိန်းမဟုတ်၊ တစ်ယောက်တည်းသော ဂျွန်ဆင်အတွက်ပါ။ စိတ်ချရအောင် နောက်ထပ် ဂျွန်ဆင်များအတွက် အလကားမပေးဆိုတဲ့ ဆိုင်းဘုတ်ကို ကပ်ထားသင့် ကြောင်း အကြံပေးလိုက်တယ်။

ဆွဲပြားလေဒီက ပြန်ပြောမယ်အလုပ်မှာ ဂျူးလီးယပ်စ်ဟာ ဝေဒနာ ဖိစီးထဲဒဏ်ကို ဘယ်လိုမှ သည်းမခံနိုင်တော့ဘူး ပတ်တီးစီးချင်လှပြီ။ ဒါကြောင့် လုပ်မိလုပ်ရာလုပ်လိုက်တယ်။

"ပတ်တီးတွေပေးစမ်း၊ ဒါ ခေးပြတိုက်တာပဲ"

ဆွဲပြားလေဒီဟာ ကြောက်ရမယ့်အစား အံ့သြသွားတယ်။

"ဟင် ခေးပြတိုက်တယ်ဟုတ်လား၊ ဘာလက်နက်မှလည်း မပါပဲ လား၊ ရေသေနတ်လေးတောင် မပါဘူး၊ ခေးပြတိုက်ချင်ရင် ခေးပြနဲ့တူအောင် လုပ်ရတယ်တော့"

ဂျူးလီးယပ်စ်ဟာ တစ်သက်နဲ့တစ်ကိုယ် ဘယ်သူ့ကိုမှ ခေးပြ မတိုက်ဖူးပါဘူး။ ဒါပေမဲ့ ခု ဆွဲပြားလေဒီ ပြောလိုက်တဲ့စကားဟာ ကမ္ဘာ အရပ်ရပ်က ပရော်ဖက်ရှင်နယ် ခေးပြတွေကို စော်ကားလိုက်သလိုပဲ။ ဘယ်နဲ့ ခေးပြတိုက်ခံရတဲ့လူဟာ ဘာလို့များ ခေးပြကို မရိုသေ မလေးစားဘဲ ဂျစ်ကန်ကန် ပြောနေတာလဲ။

ဒါကြောင့် အယ်လန်က ရေသေနတ်တွေရောင်းဖို့ရှိသလားလို့ ဆွဲပြားလေဒီကို မေးလိုက်တယ်။

“မရှိဘူး၊ ရှိလည်း ပိုက်ဆံဘယ်လိုပေးမှာတုန်း၊ ရှင်ကြီး ပိုက်ဆံရှိရင် ပတ်တီးဝယ်ပေးလိုက်လေ”

အင်း သူမှန်တာပဲ။ ဒါပေမဲ့ သူ့လေသံက ခွင့်လွှတ်တဲ့လေသံ ဖြစ်လာတာကို သိလိုက်တယ်။ ဒါကြောင့်အယ်လန်က ငြိမ်းချမ်းရေးစကား ပြောလိုက်တယ်။

“ဟောဟိုထောင့်မှာ ကော်ဖီကော်နာလေး တွေ့တယ်၊ အဲဒီမှာ ကျုပ်နဲ့ ကျုပ်မိတ်ဆွေ ပတ်တီးတွေနဲ့အတူ ထိုင်မယ်လေနော်၊ ကော်ဖီ တစ်ခွက်လောက်စီ တိုက်ကြည့်ပါလား မဒမ်၊ ဖြစ်ရပ်တွေဟာ ပြောင်းလဲသွား လိမ့်မဗျာ”

ဆွဲပြားလေဒီဟာ ပထမဆုံးအကြိမ်အဖြစ် ပြုံးလိုက်တယ်။ ပတ်တီး ထုတ်ကို ဂျူးလီးယပ်စ်ဆီ ကမ်းပေးလိုက်တယ်။ ခု ၃၆ ကရိုနာရယ် ဆယ်ကရိုနာတန် ကော်ဖီ နှစ်ခွက်ရယ် ၅၆ ကရိုနာ မှတ်ထားလိုက်ပြီ။ ဂျူးလီးယပ်စ်က ခေါင်းညိတ်ပြပြီး ကုလားထိုင်ပေါ် ပြေးထိုင်တယ်။ အယ်လန်ကတော့ သကြားထည့်ရင် ထပ်ပေးရဦးမလားလို့ မေးနေတယ်။

“မပေးရဘူး နို့နဲ့ သကြားက ပါပြီးသား၊ ကဲ ထိုင်ကြ၊ ခဏနေ လာခဲ့မယ်”

※※※

(၂၈) ဆွီဒင်

ဆဗင်းဂျွန်ဆင်ဟာ ကော်ဖီသုံးခွက်၊ သကြားခဲ ပုလင်း၊ ရေခဲသေတ္တာထဲက ထုတ်လာတဲ့ နို့ တစ်ဒက် ဆီလီတာစီပါတဲ့ နို့ဘူးသေးသေးလေး သုံးဘူး၊ မိုက်ခရိုဝေ့ဖ်ထဲ ထည့်နွေးလာတဲ့ ပူပူနွေးနွေး သစ်ဂျပိုးပေါင်မုန့် သုံးခုနဲ့အတူ ရောက်လာတယ်။ ဂျူးလီးယပ်စ်ဟာ ဖိနပ် ပေါက်နာကို ပတ်တီးစည်းပြီး ဖိနပ်မစီးသေးဘဲ ခြေအိတ် နဲ့ပဲ ခဏနေဖို့ ဆုံးဖြတ်လိုက်တယ်။

"ခင်ဗျားကို ပေးရမယ့်အကြွေးတွေ မှတ်ထားနော်၊ ခု ပေါင်မုန့်တွေအတွက်ရော ဘယ်လောက်ကျလဲ"

အယ်လန်က သစ်ဂျပိုးပေါင်မုန့်ဝိုင်းလေးတွေကို ကြည့်ရင်းပြောလိုက်တယ်။

"အိုး-ဒါကတော့ မေတ္တာလက်ဆောင်လို့သာ မှတ်လိုက်ပါတော့၊ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ မွဲမှာက တော့ မွဲမှာပဲ၊ ရှင်တို့မြင်တဲ့အတိုင်း ကျွန်မက စီးပွားရေးမှ မလုပ်တတ်တာ"

အင်း ဆဗင်းကြည့်ရတာ စကားပြောချင်နေပုံပဲ။ အင်းလေ ကောင်တာမှာ တစ်ယောက်တည်းထိုင်ပြီး ဝယ်သူမလာတဲ့ စတိုးဆိုင်ကို နေ့စဉ်ဖွင့်နေရတာ သူ့အတွက် ပျော်စရာဘယ်ကောင်းပါ့မလဲ။

"ကြည့်ရတာ ခင်ဗျားဟာ ရက်ရောပြီး ကြင်နာတတ်ပုံပါပဲ မစ္စ ဆဗင်း၊ ခင်ဗျား၊အကြောင်းလေး ပြောပြပါလား၊ ကျုပ် ပေါင်မုန့်စားရင်း နားထောင်ပေးမယ်လေ"

အခြေအနေကတော့ အယ်လန် သုံးသပ်တာမှန်ပုံပါပဲ။ အယ်လန့် စကားကြောင့် နဂိုရ်တည်းက စကားပြောချင်နေတဲ့ ဆဗင်းဟာ ခလုပ်နှိပ် လိုက်သလိုပါပဲ။

"ရှင်ကြီးတို့က ဘာသိချင်ကြတာလဲ။ ဆဗင်း ဆိုတဲ့ ကျွန်မ အသက်က ငါးဆယ့်ကိုး ကြင်ဖော်က မရှိ၊ ဆွေမျိုးက နတ္ထိ၊ အပေါင်းအသင်း သူငယ်ချင်းက ဒီမှာဘက်ခြမ်းမှာတော့ တစ်ယောက်မှ မရှိ"

"ဟင် ဒီမှာဘက်ခြမ်းဆိုတာဘာလဲ "

ဆဗင်းရဲ့ စကားဟာ ထူးဆန်းလှတာကြောင်း ဂျူးလီးယပ်စ်က မေးမိတယ်။

"ဒီမှာဘက်ခြမ်းဆိုတာ ဒီဘက်ခြမ်းပေါ့ရှင့်၊ အမေ့ကိုသာ ဒီမေးခွန်း မေးရင် ဟိုမှာဘက်ခြမ်းဆိုတာ ရှိသေးတယ်လို့ ဖြေမှာပဲ"

အယ်လန်က ဟိုမှာဘက်ခြမ်းအကြောင်းကို ပိုသိချင်တဲ့အတွက် ဆဗင်းရဲ့အမေကို မေးချင်စိတ်တွေ ယိုဖိတ်နေကြောင်းပြောရင်း--

"ခင်ဗျား အမေက ဘယ်မှာလဲ" လို့ မေးလိုက်တယ်။

"ဟိုမှာဘက်ခြမ်းမှာလေ"

တင်-ဟိုမှာဘက်ခြမ်းဆိုတော့... အင်း ဆုံးသွားကာကို ပြောတာ

"ဟုတ်ပ အမှန်ပဲ"

အယ်လန်က သူ့ခွဲတမ်း ပေါင်မုန့်ကို ဝါးလို့အားရတော့ မျိုးချ လိုက်တယ်။

"ဒါဆို ခင်ဗျားကပဲ ခင်ဗျားအမေရဲ့ ဒီမှာဘက်ခြမ်း ဟိုမှာဘက်ခြမ်း အတွေးအခေါ်ကို အကျဉ်းချုံးလေး ပြောပြပါလား မစ္စ ဆင်းရယ်"

"ဟုတ်ပီလေး ပြောတာပေါ့"၊ တိုတိုပြောရရင်တော့ ဒီမှာဘက်ခြမ်းဆိုတာ လူ့လောက၊ ဟိုမှာ ဘက်ခြမ်းဆိုတာ ဝိညာဉ်လောကကို ဆိုလိုတယ် လူကြီးမင်းတို့။ ငယ်ငယ် ကတည်းက အမေ့ပညာတွေကို သင်ကြားခွင့် ရခဲ့ပြီးတဲ့နောက် သူ့အမေလိုပဲ သူ့ဆီမှာ တခြားသူတွေမပိုင်ဆိုင်နိုင်တဲ့ အရည်အချင်းတွေကို လောကကြီးက လက်ဆောင်ပေးထားတယ်ဆိုတာ သူသိခဲ့ရတယ်။ သူ့အမေ ဂါထဟာ သူနဲ့အတူ နှစ်ပေါင်းများစွာ တခြားတစ်ဖက်က ထိုလောကဆိုတဲ့ လုပ်ငန်းကို လုပ်ကိုင်ခဲ့တယ်။ ဒါပေမဲ့လို့ အမေ မြင်ခဲ့တွေ့ခဲ့တယ်လို့ ထင်ရတဲ့အစာတွေကို ဆဗင်းအနေနဲ့တော့ တစ်ခါမှ မျက်မြင်ကိုယ်တွေ့ မတွေ့ခဲ့ဖူးဘူးဆိုတာ ဝန်ခံရ လိမ့်မယ်။ သူတို့ရဲ့ ကျွမ်းကျင်မှုကတော့ လုပ်ငန်းနာမည်အတိုင်း ဝိညာဉ် လောကနဲ့ ပတ်သက်တာပေါ့။ ဖောက်သည်တွေရဲ့ အလိုအရ သူတို့ သားအမိဟာ ဒီမှာဘက်ခြမ်းကနေ ဟိုမှာဘက်ခြမ်းကို ရွှေ့ပြောင်းနေထိုင်သူများကို ရှာဖွေရတယ်၊ ဆက်သွယ်ရတယ်၊ ကျန်ရစ်သူများနဲ့ စကားစမြည်ပြောစေရတယ်။ နှစ်လောကက မိသားစုတွေကို ဆုံဆည်းစေရတယ်။ အဲဒီအတွက် ချိန်သီးတွေ၊ ဖန်လုံးတွေ၊ နှင်တံတွေ၊ အသံတွေ၊ အနံ့တွေ ဖန်တီးရတာပေါ့။ နှစ်လောကကြား တံတားထိုးပေးရတယ်ဆိုတာ အခြောက်တိုက်ကြီးဖြစ်လို့ ဘယ်ကောင်းမလဲ။ တခြားတစ်ဖက်က ထိုလောကဆိုတဲ့ လုပ်ငန်းသဘော ကတော့ တိုတိုပြောရရင် အဲဒါပဲ"

"ဩော်-ဒါကြောင့် ခင်ဗျားလည်ပင်းမှာ ဆွဲပြားတွေ အများကြီး ဆွဲထားတာလား"

"အင်း... ဒါတွေက အမေ့ အမွေလေ၊ မြေကမ္ဘာ- မျိုးဆက်ပွားခြင်း နဲ့ ပါရမီတွေကို ကိုယ်စားပြုသတဲ့။ ဒါမှမဟုတ် အဓိပ္ပာယ်မဲ့ အလကား-အီးယောင်ဝါး ဆွဲပြားသုံးခုလို့ နာမည်ပေးချင်လည်း သဘောပါရှင်"

"ဒါဆို တခြားတစ်ဖက်က ထိုလောက ဆိုတာကို ခင်ဗျား တကယ်မယုံဘူးပေါ့"

ဂျူးလီးယပ်စ်က ဝင်မေးလိုက်တယ်။

"အို ယုံချင်စရာရှိလို့လား၊ ကျွန်မဘဝက ခက်ခဲလှပါတယ်ရှင်"

ဆဗင်းမှာ ရင်ဖွင့်စရာတွေ အများကြီးရှိပေမယ့် ခုတော့ ဒီ လူကြီးမင်းနှစ်ယောက်ပြောတာ နားထောင်ရမယ့် အလှည့်ပဲ။ ရှင်ကြီးတို့ နှစ်ယောက်ဟာ ဓားပြတွေလား၊ သံတမန်တွေလား၊ ဆင်ထားတဲ့ ဇာတ်လမ်း တွေကို နားထောင်ရတာကြိုက်ပေမယ့်လို့ ခုတော့ အမှန်အတိုင်းပဲ သိချင်တယ်။

ဂျူးလီးယပ်စ်က ရုက်စနိုးနဲ့ ခေါင်းညိတ်လိုက်ပြီး ဓားပြတိုက်ဖို့ ကြိုးစားမိလို့

တောင်းပန်တယ်။ သူ့မလည်း မရှုနိုင် မကယ်နိုင်ကိုး။ ခြေထောက်လည်းနာ၊ စိတ်လည်းပင်ပန်း ကာယ စိတ္တ ဒုက္ခနှစ်ဖြာကို ရေရေလည်လည် ခံစားနေရတာကိုး။ ခုထိလည်း မပျောက်သေးပါဘူးလေ။

“ဆေးကောင်တာမှာ အကိုက်အခဲပျောက်ဆေး အိုင်ဗျူပရိုဖန် ရှိတယ်ရှင့်၊ မရှိတဲ့ပိုက်ဆံကို ကောင်တာပေါ် တင်ထားလိုက်”

ဂျူးလီးယပ်စ်က ဆဗင်းကို ကျေးဇူးတင်စကားပြောရင်း ထော့နဲ့ ထော့နဲ့နဲ့ ဆေးသွားယူချိန်မှာ အယ်လန်က သူတို့ဇာတ်ကြောင်းကို စပြောတယ်။ တကယ်တော့ သူတို့ဟာ သံတမန်တွေပါ၊ အနည်းဆုံးတော့ သံတမန် နိုင်ငံကူးလက်မှတ်တွေ ရှိတယ်လေ။ ပိုက်ဆံအိတ်နဲ့ပတ်သက်တဲ့ ဇာတ်လမ်းက တော့ မမှန်ဘူးခင်ဗျ။ သူတို့နှစ်ယောက်ဟာ အင်ဒိုနီးရှားမှာ ဟင်းသီးဟင်းရွက် လုပ်ငန်းလုပ်နေတုန်း မမျှော်လင့်ဘဲ ခရီးထွက်လာခဲ့ရတာ၊ ခရီးစဉ်မှာ ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးနဲ့တွေ့တော့ လိုအပ်ချက်အရ သူတို့နှစ်ယောက်ကို သံတမန် ရာထူးတိုးပေးတယ်လေ။ ဒီကနေ အမေရိကရောက်ပြီး တောင်းဆိုချက်အရ အမေရိကန်သမ္မတ ထရမ့်နဲ့ ဆွေးနွေးပြီး နောက်ဆုံး ဆွီဒင်ပြန်တာ အကောင်း ဆုံးဖြစ်လိမ့်မယ်လို့ ဆုံးဖြတ်ရင်း ပြန်လာခဲ့ကြတယ်။ ဒီနေ့မနက် အာလန်ဒါ လေဆိပ်ရောက်တော့ ငွေကြေးပိုင်ဆိုင်မှုက နှစ်ယောက်ပေါင်း ဒေါ်လာ နှစ်ဆယ်၊ အင်း ကံမကောင်းချင်တော့ အဲဒီငွေလေးကိုလည်း သုံးပစ်လိုက်ရတယ်။ အခြေအနေတွေက တွန်းပို့တာပေါ့။ ဒါကြောင့် ရွေးချယ်စရာမရှိတော့ လို့ လေဆိပ်ကနေ လမ်းလျှောက်ခဲ့ရတယ်။ ဆက်မလျှောက်နိုင်တော့တဲ့ အထိပေါ့။

ဘယ်လို-ဘယ်လို ဟင်းသီးဟင်းရွက်လုပ်ငန်းလုပ်တဲ့ ကုန်သည် တွေက ပိုက်ဆံအိတ်မပါဘဲ အမေရိကန်သမ္မတနဲ့ တွေ့ပြီး ဆွီဒင်ကို သံတမန် နိုင်ငံကူးလက်မှတ်တွေနဲ့ ပြန်လာကြတယ်တဲ့လား၊ ဒီဇာတ်လမ်းက ဒီလောက် နဲ့ပြီးမယ် မထင်ဘူးလို့ပြောလိုက်တော့ အယ်လန်က ဟုတ်တယ် ဇာတ်လမ်း က မပြီးသေးဘူး ဒါပေမဲ့လို့ ခု ဘာမှ ဖုံးကွယ် လိမ်ညာထားတာမရှိပါဘူးလို့ ပြောလိုက်တယ်။

အင်း- ဟုတ်မှာပါ။ ဒီ အဘိုးကြီးနှစ်ယောက်ကို တံမြက်စည်းနဲ့ ရိုက်မထုတ်မိတဲ့အတွက် ဆဗင်းဟာ ဝမ်းမြောက်နေတယ်။

“ကဲ ခု ခင်ဗျားပြောအလှည့် ရောက်ပြီ” လို့ ဂျူးလီးယပ်စ်က ဝင်ပြောတယ်။

ဒီအမျိုးသမီးနဲ့တွေ့ရတာဟာ မဒမ် ဗော့စတွန်းနဲ့ တွေ့ရသလိုပဲ သိပ်ပြီး အကူအညီရတာပဲ။

“ဒါနဲ့ တခြားတစ်ဖက်က ထိုလောကလုပ်ငန်းက ဘာဖြစ်သွားလဲ၊ ကြည့်ရတာ အဲဒီလုပ်ငန်းက သိပ်အခြေအနေမကောင်းဘူးထင်တယ် ဒါကြောင့် ခင်ဗျား စတိုးဆိုင်ဖွင့်နေတာလား”

ဘာဖြစ်သွားလဲဆိုတော့ ပြီးခဲ့တဲ့ နွေရာသီတုန်းက အသက်ရှစ်ဆယ် ကို ရက်နည်းနည်း စွန်းနေပြီဖြစ်တဲ့ သူ့အမေ ဆုံးပါးသွားတယ်။ တခြား တစ်ဖက်က

ထိုလောက လုပ်ငန်းကို အဓိကဦးဆောင်တာ သူ့အမေလေ။ ထင်မိယောင်မှားဖြစ်စေတဲ့ အယ်လ်အက်စ်ဒီ တက်ပလက်ဆေးပြားတွေ သုံးရင်း ဝိဉာဉ်တွေနဲ့ မပြတ်တမ်း ဆက်သွယ်ခဲ့တာပေါ့။

"ဘယ်နှရက်တစ်ခါလောက် ဆက်သွယ်တာလဲ"

"ကျွန်မပြောခဲ့သလို အမြဲမပြတ် ဆက်သွယ်နေတာရှင့်၊ ပြီးခဲ့တဲ့ နွေရာသီမှာ ခရီးတစ်ခုသွားရင်း ဆုံးပါးသွားရှာတယ်၊ တစ်နည်းအားဖြင့် တော့ ဒီမှာဘက်ခြမ်းကနေ ဟိုမှာဘက်ခြမ်းကို ကူးတဲ့ခလုတ်ကို နှိပ်မိတယ် နေမှာ"

"ဟင် ဘယ်လိုများဖြစ်ရတာလဲ"

"ဆို့ဒါတယ်ဂျီ က ဝိဉာဉ်ထုံကူးပွဲဆိုတာကို သူ သွားဖို့ စီစဉ်ခဲ့တာ ပါ၊ အင်း ကျွန်မလည်း ပါတာပေါ့၊ ကျွန်မ မပါရင် သူ မသွားတတ်၊ မပြန်တတ်မှာ စိုးရိမ်လို့လေ၊ ရထားစောင့်နေရင်း ပလတ်ဖောင်းပေါ်မှာ ဝိဉာဉ်လောကက သရဲတစ်ကောင်ကို သူတွေ့သတဲ့၊ တခြားဘယ်သူမှ မတွေ့ ဘူး၊ သရဲနောက်လိုက်မယ်ဆိုပြီး သူရော သရဲရောကို မတားနိုင်ခင် သံလမ်းကို ဖြတ်လိုက်တာ နောက်ပင်းကလာတဲ့ ၁၁ နာရီ ၂၅ မိနစ် ရထားက သူ့ကို ဖြတ်ကြိတ်သွားတော့တာပါပဲ"

"အို ဖြစ်ရလေ" ဂျူးလီးယပ်စ်"

"သရဲရော ဘာဖြစ်သွားသေးလဲ" အယ်လန်

ဟင် ဘယ်နှယ့် မေးခွန်းကြီးတုံး၊ တစ်သက်လုံး ဘယ်တုန်းကမှ မစဉ်းစားဘဲ ပါးစပ်ထဲတွေ့ရာ ကောက်ပြောတတ်တဲ့လူမျိုးမှသာ ဒီလို မေးခွန်းမျိုး မေးနိုင်လိမ့်မယ်။

ဆဗင်းဟာ အယ်လန့်ကို ကြောင်စီစီကြည့်ပြီး သူ့မေးခွန်းကို ပြန်ဖြေတယ်။

"သရဲတွေက သေဖို့ခက်တယ်ရှင့်" ဆဗင်းက ဆက်ပြောတယ်။

တခြားတစ်ဖက်က ထိုလောကလုပ်ငန်းကရတဲ့ ဝင်ငွေတွေဟာ အယ်လ်အက်စ်ဒီ ဆေးပြားရယ်၊ တခြားသော မူးယစ်ထုံထိုင်း ဆေးထုပ်တွေ ရယ် ဝယ်ရတာနဲ့တင် ကုန်တာပါပဲတဲ့။ ဒါပေမဲ့လို့ သူတို့ နေရေးအတွက် တော့ ပူစရာမလိုဘူး။ ဆဗင်းအဘွားမှာ မြေပိုင် အိမ်ပိုင်ရှိတယ်။ သစ်လုံးအိမ် သေးသေးလေးပါ။ အဲဒီမှာနေကြတယ်။ သူ့အဘွားကလည်း ပြီးခဲ့တဲ့ နွေရာသီ အစောပိုင်းတုန်းက သေနှင့်ပြီ။ သေတော့ အသက်က ကိုးဆယ့်ကိုးနှစ်။ သူ့အမေအနေနဲ့ အဘွားအမွေတွေ အကုန်ရပြီး ဆေးပြားတွေ ကြိုက်သလောက် သုံးနိုင်ပြီဆိုတာကို သေချာမသိသေးခင်မှာဘဲ သရဲနောက်လိုက်မိပြီး တခြား တစ်ဖက်က ထိုလောကကို ကူးပြောင်း ရောက်ရှိသွားတော့တာပဲတဲ့။

"၉၉ နှစ်တဲ့လား၊ အင်း သိပ်မကြီးသေးခင် ဆုံးသွားတာပဲ၊ ဒါနဲ့ ခင်ဗျားကရော မူးယစ်ဆေးနဲ့ ပတ်သက်သလား ပြောစမ်းပါ"

"မပတ်သက်ဘူးရှင့်၊ ဒါကြောင့်မို့ အမေ့အတွက် လက်ထောက် ကောင်း ဖြစ်မလာတာပေါ့၊ အမေက ကျွန်မကို အမြဲပြောတယ်၊ နင်က အတွေးလွန်နေတာတဲ့၊ ကိုယ့်စိတ်ကိုယ် လွှတ်ပေးရမတဲ့"

"အင်း-ဂျူးလီးယပ်စ်လည်း တစ်ချိန်လုံး စဉ်းစားတွေးတော နေတာပါပဲ၊ ဒါပေမဲ့ အလုပ်ဖြစ်တယ်လို့ မတွေ့ဖူးပေါင်"

တွေးခေါ်ရှင်ကြီး ဂျူးလီးယပ်စ်ဟာ အယ်လန့်စကားကို လျစ်လျူရှု လိုက်ပြီး ...

"ဒါဆို ခင်ဗျားအဘွားရဲ့ အမွေတွေ ခင်ဗျားအကုန်ရလိုက်တာ ပေါ့" လို့ ဆဗင်းကို မေးလိုက်တယ်။

ဆဗင်းက ခေါင်းညိတ်ပြတယ်။

"အားလုံးရောင်းချပြီး အသုဘကိစ္စတွေပြီးသွားတဲ့အခါ ကျွန်မ လက်ထဲ နှစ်သန်းလောက် ရှိတယ်ရှင့်၊ ဒါကြောင့် စွန့်ဦးတီထွင်လုပ်ငန်းရှင် လုပ်ချင်လာတယ်၊ ဒီစကားလုံးက သိပ်လှတယ်လေနော်၊ ပြီးတော့ ကိန်းဂဏန်းတွေနဲ့ ပတ်သက်ရင် ကျွန်မက ကျွမ်းကျင်တယ်လေ"

အင်း ဟုတ်မှာပါ၊ ဝယ်သူမရှိတဲ့ စတိုးဆိုင်ကြီးဖွင့်ထားတဲ့ စွန့်ဦး တီထွင် လုပ်ငန်းရှင်မကြီးရာလို့ ဂျူးလီးယပ်စ်က တွေးနေတယ်။

ဆဗင်းက ဆက်ပြောတယ်။

ဒါပေမဲ့လို့ အားလုံးဟာ မှားတဲ့ဘက်မှာတဲ့။

စတော့ဟုမ်းမြို့လယ်ကောင်က အချက်အချာနေရာတွေမှာ လုပ်ငန်းလုပ်ဖို့ ငွေက မလောက်ဘူး။ ဒါကြောင့် စီးပွားရေးအချက်အခြာကျတဲ့ရပ်ဝန်းရဲ့ မြောက်ဘက် ကီလိုမီတာ လေးဆယ်အကွာ ခုနေရာမှာ ငုတ်တုတ်ထိုင်နေရတာ ပေါ့တဲ့။ ကြည့်ရတာ အယ်လန်ပြောသလိုပဲ သိပ်အတွေးလွန်သွားသလား မသိဘူးတဲ့။

"မာစထှာ မှာ လမ်းထောင့်စတိုးဆိုင်လေးဖွင့်ဖို့ အကြံက ဘယ်လို များရသလဲ မစ္စဆဗင်းရဲ့"

"အင်း. . . အဘွားရဲ့ မီးဖိုချောင်စားပွဲမှာ စာရွက်နဲ့ ဘောပင်ကိုင် ထိုင်နေရင်းပေါ့၊ ကျွန်မစဉ်းစားတာက ပစ်မှတ်လူတန်းစား ကျယ်ပြန့်လေ အောင်မြင်ဖို့ လမ်းများလေလို့ပေါ့၊ လောကမှာ ပရမတ္ထသစ္စာ နှစ်ခုရှိတယ်လို့ ကျွန်မ စဉ်းစားရင်း သိလာတယ် နံပါတ်မှာတစ်၊ လူဆိုတာ မသေမချင်း အစာစားနေရတယ်။ နံပါတ်မှာနှစ်၊ လူတိုင်းလူတိုင်း သေကြရတယ်၊ ခြွင်းချက်ရယ်လို့ မရှိဘူး"

"အင်း ခြွင်းချက်က အယ်လန်လို့ ထင်တယ်၊ သူ ၁၀၁ နှစ် ပြည့်ပြီးတာ မကြာသေးဘူးလေ"

"ဝိုး-ဒါပေမဲ့လို့ ကျွန်မကတော့ ဒါကို သချိုင်းကုန်း ခြေတစ်ဖက် လှမ်းနေချိန်လို့ ခေါ်ချင်တယ်၊ ရှင်တို့မှာ ပိုက်ဆံမရှိလို့၊ ရှိများရှိရင် အခေါင်း တစ်ခေါင်းတော့ ရောင်းလွှတ်လိုက်ချင်သေးတာ"

အယ်လန်က ဘေးဘီကို လှည့်ကြည့်တယ်၊ စတိုးဆိုင်ထဲ အခေါင်း ရောင်းတာလည်း မမြင်ပါဘူး။

"ခဏလေး၊ ဒီစတိုးဆိုင်ဘေးကပ်ရက်က အသုဘလုပ်ငန်းက လည်း

ခင်ဗျားပိုင်တာ မဟုတ်လား”

အယ်လန့်ရဲ့ စဉ်းစားဆင်ခြင်တုံတရားအတွက် ဆဗင်းက ဂုဏ်ယူမိတယ်။ သူက ပြုံးပြုံးကြီးလုပ်ရင်း. .

“မှန်တယ် မှန်တယ် စဉ်းစားတာကောင်းတယ်၊ အသက်ရှင်ဖို့ အစားအသောက်ဝယ်ဖို့ စတိုးဆိုင်ကိုလာ၊ သေရင် ဘေးက အသုဘဆိုင်က အခေါင်းဝယ် မဟုတ်ဘူးလား”

ဆဗင်းစကားကြောင့် အယ်လန် အတွေးပေါက်သွားတယ်။

“အင်း သေခြင်းနဲ့ ရှင်ခြင်း၊ ဒီနှစ်လောကကြားက သရဲတွေ”

“အို ဆေးအကူအညီနဲ့ ကိုယ့်ကိုယ်ကိုယ် ထင်ယောင်ထင်မှား ဖြစ်အောင်လုပ်တတ်ရင် သရဲကလည်း ငွေဖြစ်ပါတယ်တော့၊ ဒါပေမဲ့ ရှင်တို့ နှစ်ယောက် စတိုးဆိုင်ထဲဝင်လာပြီး ပိုက်ဆံမပေးဘဲ ပစ္စည်းတွေမယူခင် အထိတော့ စီးပွားရေးစီမံကိန်းကြီးလို့ ကျွန်မ တွက်ထားတဲ့ဘဝက အဓိပ္ပာယ် မရှိလှဘူးလေ၊ သေခြင်းက ပိုဆိုးမယ်ထင်တယ်”

ဂျူးလီးယပ်စ်ဟာ ဆဗင်းအတွက် သနားသွားတယ်။ ခေးပြုတိုက်ဖို့ ကြိုးစားမိတာကို ရှက်သွားတယ်။

“နေဦး ခင်ဗျားက ဂဏန်းတွေနဲ့ပတ်သက်လို့ သိပ်ထူးချွန်တယ် ဆို”

“ဒါပေါ့ရှင့်၊ ရှင်တို့သိချင်ရင် နောက်သုံးလအတွက် ကျွန်မ လုပ်ငန်း ဘယ်လောက်ရှုံးမယ်ဆိုတာကို ငွေပမာဏအရရော ရာခိုင်နှုန်းအရရော တွက်ပြနိုင်တယ်”

“အင်း ... ဟုတ်ပါပြီ”

“ကျွန်မ အစီအစဉ်မှာ တကယ့်ပြဿနာကတော့ လူတွေဟာ သူတို့သေမယ်လို့ မမျှော်လင့်ထားတဲ့ အတွက် ဘယ်သူမှ အခေါင်းကြိုမဝယ် ကြဘူး၊ တကယ်လည်းသေရော လူသေနဲ့ စီးပွားရေးလုပ်လို့ မရတဲ့အတွက် အခေါင်းရောင်းဖို့က ပြဿနာရှိရောလေ”

“ဒါပေမဲ့ မသေခင် အစားအသောက်တော့ စားဖို့ဝယ်ရမယ် မဟုတ်လား”

“အင်းလေ.. ဒါပေမဲ့ ဒါကလည်း အလုပ်မဖြစ်ပါဘူးရှင်”

ဆဗင်းက သူကြိုးစားခဲ့ပုံကို ဖောက်သည်ချတယ်။ ဒေသထုတ် သတင်းစာမှာ ကြော်ငြာထည့်ဖူးသတဲ့။ လူသုံးကုန်ပစ္စည်းများ၊ စားသောက် ဖွယ်ရာများနှင့် အခေါင်းများကို သက်သာချောင်ချိစွာ ဝယ်ယူနိုင်ပါပြီဆိုတဲ့ ကြော်ငြာဟာ သူ့အတွက် ပထမဆုံးနဲ့ နောက်ဆုံးဖြစ်ခဲ့ရသတဲ့။ စည်ပင်သာယာ ကျန်းမာရေးအရာရှိဟာ အဲဒီကြော်ငြာကြောင့် အစားအသောက်တွေ သိုလှောင်တဲ့အအေးခန်းထဲ လူသေတွေထည့် သိုလှောင်ထားသလားဆိုတာ လာစစ်ဆေးပြီးနောက်ပိုင်း ကြော်ငြာဟာ ရေစုန်မျောတာပဲတဲ့။

ဒါဆို ဟိုဘက်လောကနဲ့ ဒီဘက်လောက နှစ်လောကလုံးအတွက် စီးပွားရေးအခြေအနေ တိုးတက်အောင် ဘယ်လိုကြံစည်ထားသလဲလို့

ဂျူးလီးယပ်စ်က မေးတယ်။ ဆဗင်းက မသိဘူးတဲ့။ သူ ပင်ပန်းလှပြီတဲ့။ သူဟာ ကိန်းဂဏန်းတွေအပြင် နောက်ထပ်ကျွမ်းကျင်တာကတော့ ပန်းချီ ရေးတာပဲတဲ့။ ပုံလှလှတွေ ရေးတတ်သတဲ့။

"ပန်းချီရေးတတ်တယ်လား" အယ်လန်က မေးလိုက်တယ်။

"အင်း ရှင့်ပုံတူရေးပေးမယ်လေ၊ ကရိုနာ လေးထောင်ပဲပေး၊ အိုး... မပေးဘူးလား အင်း ရှင့်မှာ တစ်ပြားမှမှ မရှိဘဲ"

သူ့မှာ တစ်ပြားမှမရှိတဲ့အတွက် အယ်လန်က တောင်းပန်လိုက်တယ်။

"အင်း... ကျုပ်ကတော့ ကျုပ်မိတ်ဆွေလေး ဂျူးလီးယပ်စ်ရဲ့ ကျန်းမာရေးအတွက် တာဝန်ရှိတယ်ဗျ၊ သူ့ခြေထောက် ဖိနပ်ပေါက်နေတာက ချက်ချင်းပျောက်မယ်မဟုတ်တဲ့အတွက် ခင်ဗျား ကျုပ်တို့ကို ဒီမှာ တစ်ည နှစ်ညလောက် မထားချင်ဘူးလား၊ ကျုပ်တို့ ဟောဟိုနားမှာ ဒိန်ချဉ်ဖူးတွေနဲ့ အတူအိပ်မယ်လေ၊ စည်ပင်သာယာ ကျန်းမာရေးအရာရှိနဲ့ ပြဿနာမတက်ရ လေအောင် ကျုပ် အိပ်ရင်းနဲ့ မသေစေရဘူးလို့ ကတိပေးတယ်ဗျာ"

ဂျူးလီးယပ်စ်ကလည်း အားကျမခံ ဝင်ပြောတယ်။

"ကျွန်တော်က လက်သမားအလုပ် ကောင်းကောင်းလုပ်တတ် တယ်ဗျ၊ အခေါင်းလောက်ကတော့ အပျော့ပေါ့"

အင်း သူတို့ကို ပေးနေလိုက်ရမလား၊ နာရီဝက်အတွက် ငွေမပါတဲ့ ဈေးဝယ်သူဘဝကနေ ညအိပ်ညနေ ဧည့်သည်ဘဝကို ပြောင်းလဲတာများ မြန်လွန်းနေသလား၊ ဒါပေမဲ့ သူတို့ရှိနေတာ ကောင်းတယ်။ ပျော်စရာကြီး။ သူက ဂျူးလီးယပ်စ်ဘက် လှည့်လိုက်တယ်။

"ကဲ ဂျူးလီးယပ်စ်လေး၊ ဒီခြေထောက်နာကြီးနဲ့ ဘယ်သွားမလို့ ကြံစည်နေတာလဲ၊ ဘယ်မှသွားစရာမရှိဘူး မဟုတ်လား၊ အပေါ်ထပ်မှာ အခန်းနှစ်ခန်း ရှိတယ်။ တစ်ယောက်က အပြင်ခန်းမှာ ခေါက်ခုတင်နဲ့အိပ်၊ နောက်တစ်ယောက်က အခေါင်းတွေထားတဲ့အခန်းထဲ ဆိုဖာနဲ့အိပ်၊ အခေါင်းထဲ ဝင်အိပ်ရင် ပိုနွေးတယ်၊ သွားတိုက်ဆေးတို့ သွားပွတ်တံတို့ကတော့ ဒီမှာယူပေါ့၊ ဘယ်နားရှိလဲ သိသားပဲကို"

"အင်း မုတ်ဆိပ်ရိပ်တံပါ ယူမယ်နော်"

"အင်း နှစ်ခုယူ၊ အကြွေးစာရင်းထဲ မှတ်ထားလိုက်မယ်"

※※※

(၂၉) ဆီဒင်

နောက်တစ်နေ့မနက်။

ဆဗင်း အောက်ဆင်းလာတဲ့အခါ ဂျူးလီးယပ်စ် ဟာ အားကြိုးမာန်တက် အခေါင်းတွေလုပ်နေတာကို အယ်လန်က ဆိုဖာပေါ်ထိုင်ကြည့်နေတဲ့ မြင်ကွင်းကို တွေ့လိုက်ရတယ်။

"ဟင် သူဘာလုပ်နေတာလဲ"

ဆဗင်းဟာ အံ့သြတကြီးနဲ့ အယ်လန့်ကို မေးလိုက်တယ်။

"မသိဘူးဗျ၊ သူ့အတွက်သူ ပြင်ဆင်နေတာ နေမှာပေါ့"

"အား မင်္ဂလာမနက်ခင်းပါ၊ ကျွန်တော်က လက်သမားအတတ်မှာ ထူးချွန်တယ်လို့ ပြောခဲ့တယ်လေ၊ ခင်ဗျားအတွက် ကျွန်တော်တို့ နေစရိတ်၊ စားစရိတ် အတွက် လုပ်အားနဲ့ ပြန်ပေးဆပ်နေတာပါ၊ အခေါင်းအသစ် တွေ လုပ်ပေးမယ်လေ၊ ရောင်းအားမြင့်လာအောင်ပေါ့"

"ဘယ်နဲ့ ခုတောင် တစ်ခုမှ မရောင်းရတာကို၊ ဒီအစား မနက်စာပြင်ထားတာကတောင် ဟုတ်ဦးမယ်..

အမလေး မနက်စာအတွက် ပြင်ဆင်ချင်တာပေါ့၊ မလုပ်ရဲလို့သာ။ တကယ်လို့သာ သူတို့ကို ကြာကြာလေး နေခွင့်ပေးမယ်ဆိုရင် မနက်စာကို အမြဲပြင်ဆင်ပေးမယ်လို့ ဂျူးလီးယပ်စ်က ပြောလိုက်တယ်။ ဆဗင်း ကြာကြာလေး အိပ်လို့ရအောင်ပေါ့။

ဒါ စဉ်းစားလိုက်တဲ့အကြံဉာဏ်ပဲ၊ ဒါပေမဲ့ ဗိုက်ဟောင်းလောင်းနဲ့ တော့ မဆုံးဖြတ်နိုင်ဘူး၊ ဒါကြောင့် စားကြစို့လို့ ဆဗင်းက ပြန်ပြောလိုက်တယ်။ မနက်စာက ချိစ်နဲ့ ပေါင်မုန့်လိပ်ရယ်၊ စက်တွေထဲက အချို့ရည်နဲ့ ကော်ဖီရယ်ပေါ့။ စားသောက်နေတုန်း စတိုးဆိုင်ကို ဝယ်သူ လေးယောက် လောက် ရှေ့ဆင့် နောက်ဆင့် ရောက်လာကြတယ်။ နည်းနည်းစီပဲ ရောင်းရ တယ်ဆိုပေမယ့် ဂျူးလီးယပ်စ်တစ်ယောက် မနက်စောစော အလုပ်ထလုပ်ခြင်း ရဲ့ အကျိုးဆက်လို့ မှတ်ယူတာကြောင့် ဂျူးလီးယပ်စ်ဟာ လာဘ်ကောင်ပဲလို့ ဆဗင်းက ထင်လာတယ်။ ပြီးတော့ ကောင်တာမှာလည်း ဂျူးလီးယပ်စ်က ကောင်းကောင်းအလုပ်လုပ်တတ်တယ်လေ။

"လေးဆယ့်ရှစ် ကရိုနာ ကျပါတယ်ခင်ဗျ၊ ကျေးဇူးပါ၊ ဟောဒီမှာ ပြန်အမ်းငွေ နှစ်ကရိုနာပါ ခင်ဗျ၊ ကောင်းသောနေ့ပါ"

အင်း ဒီ သံတမန်အတုကြီးတွေဟာ လုပ်အားခ အင်မတန် ဈေးချိုတဲ့ အလုပ်သမားတွေပေပဲ။ ပတ်တီးလိပ်၊ ကော်ဖီ၊ ပေါင်မုန့်၊ ချိစ်ပေါင်မုန့်လိပ်၊ အချိုရည်နဲ့ အိုင်ဗျူပရိုဖင် တစ်လုံး နှစ်လုံးပဲ ပေးရတာ။ ဟို အယ်လန်ဆိုတဲ့ လူကြီးကတော့ ဘာမှမလုပ်သေးဘူး၊ ဒါပေမဲ့လို့ သူက ပိုပြီး လုပ်အားခ

ဈေးချိုမယ့်ပုံပဲ။

ကဲလေ ဒီလူကြီးတွေ နေပါစေ၊ သူတို့ရှိနေတာ ပျော်ဖို့ကောင်းတယ်။ "အင်း လောလောဆယ်တော့ ဒီမှာနေကြပေါ့၊ ဒါပေမဲ့ အခေါင်း တွေ သိပ်လုပ်မထားနဲ့ရှင့်၊ စတိုခန်းထဲမှာ ပုံနေလိမ့်မယ်၊ ထိန်းသိမ်းခ ဈေးကြီးတယ်"

※※※

(၃၀) အမေရိကန် ပြည်ထောင်စု

အဓိပတိ အိန်ဂျယ်လာမာကယ်လ်ဟာ ဝါရှင်တန် မှာ သမ္မတထရမ့်နဲ့ ပထမဆုံး အစည်းအဝေးလုပ်ပြီး သွားခဲ့ပြီ။ သူသိလာခဲ့ရတဲ့ သတင်းအချက်အလက်တွေ ကတော့ ဒီ နေတိုးအဖွဲ့ဟာ စောက်သုံးမကျဘူး၊ တစ်ချိန် တည်းမှာပဲ ဒီနေတိုးအဖွဲ့ဟာ အံ့သြစရာ အစွမ်းထက် တယ်၊ ဒီထရမ့်က ဂျာမနီကို ချစ်ခင်မြတ်နိုးတယ်၊ ဒီဂျာမနီဟာ ကိစ္စအတော်များများကို ဒီအမေရိကန်နဲ့ အတူ ရပ်တည်ဖြေရှင်းရမယ်။ ဒီတိုင်းပြည်နှစ်ခုကြား နှောင်ကြိုး ဟာ ခိုင်ခန့်တယ်။ ဒီနှောင်ကြိုးကို ချည်နှောင်ပေးခဲ့တာက ဒီငမည်း အိုဘာမား ဆိုပဲ။

ဂျာမန်သံရုံးကို ပြန်ရောက်ရောက်ခြင်း အသံဖမ်း စက် ကင်းမဲ့ဇုန်ဖြစ်တဲ့ အခန်းထဲကို သူသွားရတယ်။ အခန်းထဲမှာတော့ အမေရိကန်ဆိုင်ရာ ဂျာမန်သံအမတ်ကြီး၊ ကုလသမဂ္ဂဆိုင်ရာ ဂျာမန်သံအမတ်ကြီး၊ အမေရိကန် ပြည်ထောင်စုဆိုင်ရာ ဂျာမန်ထောက်လှမ်းရေး ညွှန်ကြား ရေးမှူးတို့ သူ့ကို အဆင်သင့် စောင့်နေတယ်။

ဒီနေ့ဟာ ဒီထက်ပိုပြီး မဆိုးနိုင်တော့ဘူးလို့ အဓိပတိကြီးက ထင်ထား ခဲ့ပေမယ့် ပိုဆိုးဦးမယ့် အရိပ်အယောင်တွေ မြင်နေရတယ်။ အစည်းအဝေးကို ထောက်လှမ်းရေးညွှန်မှူးက ဦးဆောင်တယ်လေ။

ကိစ္စကတော့ အဓိပတိကြီးကို တင်ကြို အစီရင်ခံထားခဲ့သလိုပဲ မြောက်ကိုရီးယားဟာ ဂုဏ်သိက္ခာနဲ့ ခွန်းအားဆိုတဲ့ ကုန်တင်သင်္ဘော တစ်စီး ကတစ်ဆင့် သန့်စင်ပြီး ယူရေနီယံ လေးကီလိုဂရမ်ကို မှောင်ခိုသွင်းလာခဲ့တယ်။ ဟိုတစ်နေ့က သတင်းစာရှင်းလင်းပွဲမှာ ကင်ဂျုံအန် ဂုဏ်တင်ပြောခဲ့တဲ့ ဆွစ် နျူလက်နက်ပါရဂူကြီးဆိုတာ တကယ်တမ်းတော့ ဆီွဒင်လူမျိုးတဲ့။ သူ့နာမည် အယ်လန်ကားလ်ဆန်တဲ့။ ဂျာမနီက စိုးရိမ်သလို သူက ကင်ဂျုံအန် ဘက်က မဟုတ်ဘူးတဲ့။ သူဟာ ပြုံယမ်းကနေ ထွက်နိုင်အောင် စီမံပြီး နယူးယောက်ကို ရောက်လာသတဲ့။ ယူရေနီယံ လေးကီလိုဂရမ်ကိုလည်း သူနဲ့အတူ ယူလာခဲ့သတဲ့။

"ဟင် အမေရိကန်ကို ယူလာတယ်လား၊ အဲဒီ ယူရေနီယံတွေကဒီနိုင်ငံမှာလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီမှာမှ ဒီမှာအစစ်ပါ ခင်ဗျ"

ထောက်လှမ်းရေးညွှန်မှူးက လေးလေးနက်နက် ပြောလိုက်တယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်က အယ်လန်ကားလ်ဆန်ရယ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆွီဒင်ကိုယ်စားလှယ်၊ ဆွီဒင် နိုင်ငံခြားရေး ဝန်ကြီး မားရ်ဂေါ့ ဗော့စတွန်းရယ်ဟာ အမေရိကန်သမ္မတ ထရမ့်နဲ့ စည်းဝေးခဲ့ကြတယ်လို့ သိရတယ်။

"အင်း ကျွန်မ ဗော့စတွန်းကို သိပါတယ်၊ တော်တဲ့အမျိုးသမီးပါ၊ သူတို့ ဘာတွေဆွေးနွေးလဲ သိရပြီလား"

"အပြည့်အစုံတော့ မသိပါဘူး၊ ကြည့်ရတာတော့ သမ္မတထရမ့်က ဖော့စတွန်းနဲ့ ကားလ်ဆန်ဟာ ဘာအမှားမှ မလုပ်ခဲ့ပေမယ့် နောက်ထပ်အမှား တွေ ထပ်မလုပ်ကြဖို့ သတိပေး ကြိမ်းဝါးခဲ့ဟန် တူပါရဲ့"...

"အင်း ဟုတ်မယ် ဒါ သမ္မတထရမ့် လုပ်ဟန်အတိုင်းပဲ"

အဓိပတိကြီးမာကယ်လ်ဟာ ဒီကိစ္စ ဒီမှာတင်မပြီးဘူးဆိုတာ စိတ်ထဲ က ခံစားနေရတဲ့အတွက် နောက်တော့ ဘာဆက်ဖြစ်လဲလို့ မေးလိုက်တယ်။

"ဟုတ်ကဲ့ခင်ဗျ၊ အဲဒီ အစည်းအဝေးပြီးတော့ ကုလရုံးချုပ်ရှေ့မှာ ကျွန်တော်တို့ရဲ့ ကုလသံအမတ်ကြီး ဘရစ်ထ်နာဟာ အယ်လန်ကားဆန်နဲ့ တွေ့ခဲ့ပါတယ်၊ သံအမတ်ကြီးဟာ သတင်း အချက်အလက်တွေ စုဆောင်းနိုင် ဖို့အတွက် ကားလ်ဆန်နဲ့ သူ့အဖော် ဂျွန်ဆင်ကို ညစာစားဖိတ်ခဲ့ပါတယ်"

ဒီနေရာအရောက် ထောက်လှမ်းရေးညွှန်မှူးကြည့်ရတာ တက်တက် ကြွကြွ မရှိလှတော့ဘူး၊ ကုလသံအမတ်ကြီးက ပိုတောင် တက်တက်ကြွကြွ မရှိသေး။

နောက်တော့ရော"

"သံအမတ်ကြီးဟာ ကားလ်ဆန်နဲ့ ဂျွန်ဆင်ကို ကူညီမယ်လို့ ကတိပေးပြီး သူတို့ဆီက မြောက်ကိုရီးယားလုပ် လက်ဆွဲသေတ္တာတစ်လုံးကို ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံကို ပို့ပေးမယ်လို့ သဘောတူခဲ့တယ်၊ အဲဒီထဲမှာ အယ်လန်ကားလ်ဆန်က သူ့ရဲ့ နျူလက်နက်နည်းပညာတွေ ထည့်ထားတယ်လို့ ပြောတာကိုး၊ အစက ထရမ့်ကိုပေးမယ်လုပ်ပြီး နောက်တော့ လူချင်း တွေ့တဲ့အခါ စိတ်ပြောင်းသွားသတဲ့"

ဟုတ်တာပေါ့၊ ကားလ်ဆန် မှန်တယ်။ သူတို့နှစ်ယောက်လုံး အမေရိကန်သမ္မတနဲ့ပတ်သက်လို့ တူညီတဲ့ အတွေ့အကြုံတွေရှိခဲ့တာကိုး။

"ဆိုတော့ ဒီသတင်းအချက်အလက်တွေကို ဘာလင်က စစ်တမ်း ထုတ်သူ ပညာရှင်ဆီပို့ဖို့ စဉ်းစားမယ်လေ"

"ခဏလေးပါ အဓိပတိကြီးခင်ဗျာ။ လက်ဆွဲအိတ်ထဲမှာ တကယ်တမ်း ပါတာက ယူရေနီယံ လေးကီလိုဂရမ်ရယ်၊ ဖရူ အဓိပတိကြီးဆီ လိပ်မူပြီး တစ်သျှူးစက္ကူသုံးရွက်ပေါ် ရေးထားတဲ့ စာတစ်စောင်ရယ်ပါခင်ဗျ"

"ဟင် တစ်သျှူးစက္ကူသုံးရွက် ဟုတ်လား"

အလို- ယူရေနီယံ လေးကီလိုက ဒီမှာ၊ ဝါရှင်တန်က ဂျာမန်သံရုံး မှာတဲ့လား။

ထောက်လှမ်းရေးအစည်းအဝေး ပြီးသွားတဲ့အခါ ထပ်သိလာရတာတွေက အရင် စကားဝှက်လို့ ထင်ခဲ့ကြတဲ့ ကညွတ်ဆိုတာ တကယ့်ကညွတ်ကို ပြောနေခြင်းဖြစ်ကြောင်း၊ ပြုယမ်းဟာ နောက်ထပ် ယူရေနီယံ ကီလိုဂရမ် ငါးရာလောက်ကို အရင်လမ်းကြောင်းအတိုင်း ခိုးသွင်းဦးမှာလို့ အယ်လန် ကားလ်ဆန်ရဲ့ အဆိုအရသိရကြောင်း၊ ဒါရက်စလန်က ဂျာမန်ထောက်လှမ်း ရေးများ တာဝန်ကျေကြောင်း၊ မြောက်ကိုရီးယားဟာ တကယ်လုပ်မယ့်ပုံ ရှိကြောင်း စသဖြင့်ပေါ့။

အင်း အဓိပတိကြီးမာကယ်လ်ဟာ လေးလေးနက်နက် စဉ်းစားနေတယ်။

ကုလသမဂ္ဂဆိုင်ရာ ဂျာမနီသံအမတ်ကြီး ကွန်းရက်ဒ်ဘာရစ်ထ်နာကို အမျိုးသားသူရဲကောင်းအဖြစ် သတ်မှတ်ရမလား၊ ဂျာမန်တစ်နိုင်ငံလုံးမှာ အရူးဆုံးလူအဖြစ် သတ်မှတ်ရမလား ဆိုတာကိုပေါ့။ လောလောဆယ်တော့ အဲဒီနှစ်မျိုးကြား သတ်မှတ်ထားလိုက်မယ်လေ။

※※※

(၃၁) ဆွီဒင်

တစ်ရက်ပြီးတစ်ရက် အချိန်တွေ ကုန်ဆုံးလာခဲ့တယ်။ မနက်တိုင်း ဂျူးလီးယပ်စ်ဟာ ဆိုင်ဖွင့်တယ်။ နောက်တစ်နာရီအကြာမှာတော့ ဆဗင်း ပြင်ဆင်ထားတဲ့ မနက်စာကို သူတို့သုံးယောက် စားကြ၊ ပြီးတော့ ဂျူးလီးယပ်စ်နဲ့ ဆဗင်း နှစ်ယောက်ဟာ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ပြီး သက်ပြင်းကြီးတွေ တဟင်းဟင်းချနေတုန်း အယ်လန်က တက်ပလက်ကို အသံကျယ်ကျယ်နဲ့ဖတ်။ နေ့လယ်စာစားပြီးတဲ့အခါ ဆဗင်းက ကောင်တာထိုင်၊ ဂျူးလီးယပ်စ်က အခေါင်း လုပ်၊ အယ်လန်က ဆိုဖာပေါ် ပိုနေမြဲ ကျားနေမြဲ အသီးသီး တာဝန်ကိုယ်စီ ထမ်းဆောင်ကြ။

ခုတော့ သံတမန်ဆိုသူများဟာ ဆဗင်းရဲ့ အိမ်ဆိုင်ကို သူတို့အိမ် မှတ်နေကြပြီ။ ဆဗင်းဟာ ဒီလူကြီး တွေနဲ့နေရတဲ့အခါ စည်းကမ်းကလနားတွေ သတ်မှတ်ဖို့ လိုတယ်ဆိုတာ သိလာရတယ်။

အထူးသဖြင့် တစ်ကိုယ်ရေ သန့်ရှင်းရေးမှာပေါ့။ သူ့အဘိုးရဲ့ အဝတ်အစားလေးစုံကို ထုတ်လိုက်ပြီး ဟိုလူကြီးနှစ်ယောက်ကို ဝေပေးလိုက်တယ်။ နေ့တိုင်းနေ့တိုင်း ရေချိုး အဝတ်လဲရမယ်လို့ သံမဏိစည်းမျဉ်း ချလိုက်တယ်။

အင်မတန် စည်းကမ်းတင်းကျပ်တာပဲလို့ အယ်လန်နဲ့ ဂျူးလီးယပ်စ် က ထင်ကြပေမယ့် စောဒကတော့ မတက်ဘူး။ လိုက်နာကြတယ်။

ဂျူးလီးယပ်စ် စောစောထ အလုပ်လုပ်နေတဲ့မနက်မှာ ဝယ်သူ လေးယောက် မနက်စာစားတုန်း တစ်ပြိုင်နက်ရောက်လာခဲ့ပေမယ့် ဒါက အဲဒီတစ်ကြိမ်ပဲ။ အသက်ရှင်ဖို့ အစာစားရမှာ ဖြစ်ပေမယ့် ဆဗင်းရဲ့ဆိုင်မှာ လာဝယ်ပြီးစားမှ အသက်ရှင်မယ်လို့ တွေးတဲ့သူက အကန့်အသတ်ရှိတာကိုး။ သေဖို့ရန်ပြင်ဆင်သူကတော့ ခုထိ တစ်ယောက်မှ မရှိသေး

ဖိနပ်ပေါက်တဲ့အနာတွေ ကျက်သွားတဲ့ထိ ဂျူးလီးယပ်စ်ဟာ ခြေစွပ် ပဲ စွပ်ပြီးနေတယ်။ ဆဗင်းရဲ့ ခွင့်ပြုချက်နဲ့ ဂျူးလီးယပ်စ်ဟာ အခေါင်းကို ဆေးရောင်စုံခြယ်တယ်။ တခြားလူတွေ အဲသလိုလုပ်ကြတာမျိုး သူ တစ်နေရာ ရာမှာ မြင်ဖူးသလိုပဲ။ ဒီလိုလုပ်လို့ ဘာမှဆုံးရှုံးစရာ မရှိဘူး။ ဆေးသုတ်ခ ပိုကုန်တာကလွဲလို့ပေါ့။ ဆဗင်းဟာ သူ့ဘတ်ဂျက်ကို တွက်တယ်။ နောက် သုံးလစာအတွက် ဘတ်ဂျက်က အန္တရာယ် အနီရောင်အဆင့်မှာပဲ ရှိသေးတယ်။

ဂျူးလီးယပ်စ်ဟာ အခေါင်းဆိုင် ပြတင်းမှာ ရောင်စုံခေါင်းတွေပြပြီး အလှဆင်တယ်။ အဖြူရောင်၊ အပြာရောင်၊ ပန်းရောင်၊ အစိမ်းရောင်နဲ့ မီးခိုးရောင် အခေါင်းလှလှလေးတွေ။ နောက်က အလုပ်ခန်းထဲမှာ ဆေးမခြယ် ရသေးတဲ့ အခေါင်းတွေနဲ့ လုပ်လက်စ အခေါင်းနှစ်ခေါင်း ရှိသေးတယ်။

ဒါပေမဲ့လို့ စတော့ဟုမ်း မြောက်ဘက် ဆင်ခြေဖုံးအရပ်မှာ အခေါင်း

ဈေးကွက်ဟာ သေဆုံးနေသလိုပါပဲလေ။ အခေါင်းဈေးနှုန်းနဲ့ အလားအလာကို မေးတဲ့အခါ ဆဗင်းရဲ့အဖြေဟာ မရေရာလှဘူး။ ပြိုင်ဘက်များရှိလို့လား ဆိုတော့ သူလည်း အဲဒါကို သိချင်နေတာလို့ ဖြေတယ်။

နောက်နှစ်ပတ်အကြာမှာ ဂျူးလီးယပ်စ်ရဲ့ ဖိနပ်ပေါက်အနာတွေ ကျက်သွားပေမယ့် အခေါင်းရောင်းအားကတော့ သုံ့ညပဲ။ ဂျူးလီးယပ်စ်ဟာ အင်တာနက်ကတစ်ဆင့် သိလာတာက ဒီနယ်မြေမှာ အခေါင်းနဲ့ပတ်သက်လို့ တခြားတစ်ဖက်က ထိုလောကရဲ့ အနီးဆုံးပြိုင်ဘက်ဟာ ဘဲ့လွန်ဒ် အသုဘ လုပ်ငန်းပဲ။ ဒီကိစ္စကို သူ စုံစမ်းဖို့ စီစဉ်လိုက်တယ်။

ဘဲ့လွန်ဒ်ကို မိနစ်နှစ်ဆယ်လောက် သက်သောင့်သက်သာ လမ်းလျှောက်ရတယ်။

အထဲဝင်လိုက်တဲ့အခါ အမည်းရောင် ဂျာကင်၊ စစ်တုရင်ကွက် စကတ်နဲ့ အမျိုးသမီးတစ်ယောက်က ခရီးဦးကြိုတယ်။ သူ့နာမည် သီရီဆီ ဘဲ့လွန်ဒ်ပါတဲ့။ ဒီလုပ်ငန်းပိုင်ရှင် အိုဗီ ဘဲ့လွန်ဒ်ကတော့ လောလောဆယ် မတွေ့နိုင်သေးပါဘူးတဲ့။ ဂျူးလီးယပ်စ်က လက်ဆွဲနှုတ်ဆက်လိုက်တယ်။ သူ့နာမည်တော့ အင်း-လောလောဆည်ပြောဖို့ မလိုသေးဘူး ထင်ပါတယ်။

"ကျွန်မ ဘာကူညီရမလဲရှင့်"

သီရီဆီ ဘဲ့လွန်ဒ်က မေးလိုက

"ခင်ဗျားတို့ အခေါင်းတွေအကြောင်း သိချင်လို့ပါ"

သီရီဆီ ဘဲ့လွန်ဒ်ဟာ ဖောက်သည်က ဒီလိုမျိုးပြောလာတာမျိုးကို အကျွမ်းတဝင် မရှိပါဘူး။ များသောအားဖြင့် ဘယ်သူကွယ်လွန်သွားလို့ ဘယ်နေ့မှာ အခေါင်းလိုချင်တယ်လို့ပဲ ပြောကြတာမဟုတ်လား။

"အိုကေလေ"

သူက မယုတ်မလွန် ဒီလိုဖြေလိုက်တယ်။

"ခင်ဗျားတို့အခေါင်းတွေက ရောင်စုံပဲနော်၊ ဘာပစ္စည်းတွေများ သုံးထားပါလိမ့်"

"ဪ-လူကြီးမင်း လက်ညှိုးထိုးပြနေတဲ့ အခေါင်းတွေက ကြိတ်သားနဲ့ လုပ်ထားတာလေ၊ ပေါ့လည်း ပေါ့တယ်၊ ဈေးလည်း သက်သာ တယ်ရှင်၊ ဘဲ့လွန်ဒ်က ဂုဏ်သိက္ခာလည်းရှိ ဈေးလည်းမကြီးတဲ့ အခေါင်းတွေ ကို ဝန်ဆောင်မှုပေးပါတယ်"

"ဟောဟိုက ပန်းရောင်လေးနဲ့ အပြာလေးဆို ဘယ်လောက်လဲ"

"တစ်ခုကို ကရိုနာ ၆၄၀၀ ပါရှင့်"

"ဟာ သေပါတော့ဗျာ"

ဂျူးလီးယပ်စ်ပါးစပ်က အဲလိုထွက်သွားတယ်။

သူနဲ့ ဆဗင်းရဲ့အခေါင်းတွေဟာ ထင်းရှူးသား အလေးကြီးတွေ၊ ဈေးကလည်း တစ်ခေါင်းကို ကရိုနာ တသောင်းခွဲ၊ ရုပ်ကြည့်တော့ ကြိတ်သား အခေါင်းကတောင် ပိုခန့်နေသေး။ "ပြီးတော့

တခြားဝန်ဆောင်မှုတွေလည်းပေးပါတယ်၊ အသုဘ ဖိတ်စာဝေ၊ အစီအစဉ်ဆွဲ၊ အခေါင်းအလှဆင်၊ ကျေးဇူးတင်သဝဏ်လွှာ စသဖြင့်ပေါ့၊ ကုန်ကျစရိတ်ကတော့ လုပ်ချင်တဲ့ ဝန်ဆောင်မှု အမျိုးအမည်ပေါ် မူတည်တာပေါ့ရှင်”

“အင်း ဟုတ်ပါပြီ၊ ကျွန်တော်က လူသေရှိလို့ လာတာမဟုတ်ပါဘူး” အသုဘဝန်ဆောင်မှုလုပ်ငန်း ဒါရိုက်တာ သီရိဆီဘဲ့လွှန်ဒ်ဟာ ဖောက်သည်ကို ကြောင်ကြည့် နေတယ်။

“အဲ ဖောက်သည်မဟုတ်ဘူးလား။ ဘာဖြစ်လို့များ ကြွလာပါ

“အို သေခြင်းတရားဆိုတာ ပြောလို့မရဘူးမဟုတ်လား၊ ဒါကြောင့် သလဲရှင်။ ပြင်ဆင်ထားရတာပေါ့၊ ဒါနဲ့ အခေါင်းတွေက ခင်ဗျားတို့ကိုယ်တိုင် လုပ်တာလား”

“ဪ အခေါင်းလား၊ မလုပ်ပါဘူး၊ အက်စ်တိုးနီးယားက မှာတာ ပါ၊ အထူးစပါယ်ရှယ်ခေါင်းဆိုရင် နှစ်ပတ်လောက်တော့ ကြာတယ်။ ဒါပေမဲ့ ကျွန်မတို့ ပိုပိုသာသာ မှာထားတာပါ၊ ဒါနဲ့ လူကြီးမင်း ဘာဖြစ်လို့ အခေါင်းတွေကို ဒီလောက်စိတ်ဝင်စားနေတာလဲ၊ လူသေလည်း မရှိ..ရှိ”

“အင်း. . . ခင်ဗျားကို ဒုက္ခမပေးတော့ပါဘူးလေ၊ ရှင်းပြတာ ကျေးဇူးတင်ပါတယ်၊ သိပ်ကောင်းတဲ့ အခေါင်းတွေပဲ၊ ကြည့်လို့ကောင်းလိုက် တာ၊ ဈေးနှုန်းလည်း သင့်တယ်၊ ကဲ တွေ့ကြသေးတာပေါ့နော်၊ အဲ တွေ့ချင်မှ လည်း တွေ့တာပေါ့၊ အင်း ကျွန်တော်ဆိုလိုတာ သိတယ်မဟုတ်လား၊ သွားပြီဗျို့”

သတင်းဆိုးကတော့ ဘဲ့လွှန်ဒ် အခေါင်းတွေဟာ သူတို့အခေါင်းနဲ့ အရည်အသွေးတူတယ်ဆိုရင်တောင် ဈေးက ခေါက်ချိုးမက သက်သာနေ တာပဲ။ အဆိုးဆုံးသတင်းကတော့ ဘဲ့လွှန်ဒ်ကပေးနေတဲ့ ဝန်ဆောင်မှုမျိုးကို သူရယ်၊ ဆဗင်းရယ်၊ တက်ပလက်မည်းနဲ့ ငနဲကြီးရယ် တစ်ယောက်ကမှ မပေးနိုင်တာပဲ၊ အမယ် ဘဲ့လွှန်ဒ်က အခေါင်းတွေဟာ တကယ်တော့ အပြည့်ပိတ် သမားရိုးကျအခေါင်း မဟုတ်ဘူး၊ တခြမ်းဖွင့်လို့ရတဲ့ ကက်စ်ကတ် အခေါင်းတွေ။

ရောင်းရမယ်ဆိုရင် ဘယ်လိုနာမည် ခေါ်ခေါ်ရတယ်လို့ ဆဗင်းက ပြောတယ်။ သူတို့နှစ်ယောက် ဆွေးနွေးတာကတော့ လုပ်ငန်းကို ဘယ်လို ချဲ့မလဲဆိုတာပဲ။ ဂျူးလီးယပ်စ်က စဉ်းစားပါရစေဦးလို့ဆိုတဲ့အခါ ဆိုဖာပေါ်က အယ်လန်က အွန်းတဲ့။ ဘာအွန်းတာမှန်းတော့ သူကိုယ်တိုင်လည်း မသိ။

※

ဂျူးလီးယပ်စ်ဟာ စဉ်းစားတယ်။ လေးလေးနက်နက် စဉ်းစားတယ်။ အပြင်းအထန် စဉ်းစားတယ်။ ခေါင်းကြီးပေါက်ထွက်မတတ် စဉ်းစားတယ်။

အခေါင်းပန်းရောင် မှာတဲ့လူဟာ အကြောင်းတော့ ရှိရလိမ့်မယ်လို့ သူစဉ်းစားနေရင်း သေသူရဲ့ ကာလံဒေသံဆိုင်ရာ အကြောင်းရင်း ကျောထောက် နောက်ခံနဲ့ ကိုက်ညီတဲ့အခေါင်းတွေ လုပ်မယ်ဆိုရင်ရော ဆိုတဲ့ အကြံက ခေါင်းထဲ ဝင်လာတယ်။

သေလွန်သည်အထိ လိင်တူ အခွင့်အရေးကို ခုခံကာကွယ်သူများ အတွက်

သက်တန့်ရောင်စုံအခေါင်း၊ ဆိုင်ကယ်သမားတွေအတွက် ဟာလီဒေဗစ်ဆင် အခေါင်း၊ ယေရှုအခေါင်း၊ သဘာဝပတ်ဝန်းကျင်ကာကွယ်သူ အခေါင်း။

အသည်းထဲက ထာဝရ ဘောလုံးအသင်းအခေါင်း။ ဘောရူးတွေ အတွက် ဘောလုံးပွဲဆိုတာ နိုင်ရင်နိုင်၊ မနိုင်ရင်သေ မဟုတ်လား၊ နိုင်ချင်လွန်း လို့ သေသွားတဲ့လူလည်း ရှိမှာပဲလေ။

အဲလ်ဗစ်ပရက်စလေ အခေါင်းဆိုရင်ရော။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ တုန်းက အဲလ်ဗစ်ရူး ရူးနေတဲ့လူတစ်ယောက်ကို သူသိတယ်။ အသံက အလွန်ဆိုး။ ဂီတာဘုရင်ကြီး အဲလ်ဗစ် အသံနဲ့မတူဘဲ ဆီွဒင်ဘုရင် ဂူစတေ့ဗ် ငါး အသံနဲ့တောင် တူသေး၊ နောက် နှစ်တော်တော်ကြာတော့ သူ့အသံကို သည်းမခံနိုင်လွန်းလို့ ကာရာအိုကေတစ်ခုမှာ ရိုက်သတ်ခံရတယ်လို့ ကြားမိတယ်။ တကယ်လို့ သူ အဲဒီတုန်းက မသေဘူးဆိုရင် သူသေတဲ့အခါ အဲလ်ဗစ်ပရက်စလေ အခေါင်းကို လိုချင်မှာပဲ။

ဂျူးလီးယပ်စ်က သူ့အတွေး သူ့အကြံကို ပြောပြတဲ့အခါ ဆဗင်းက တွေးတွေးဆဆ ပြောတယ်။

"ဟုတ်ပြီ ရှင်ပြောတာတွေ ကျွန်မ အခေါင်းပေါ်မှာ ပန်းချီရေးပေး နိုင်တယ်၊ ဟာလီဒေဗစ်ဆင် အခေါင်းအတွက် နှစ်ရက် သုံးရက်လောက်ပဲ ကြာမယ်။ အဲလ်ဗစ်အခေါင်းဆိုရင် ကြာလှ တစ်ပတ်ပေါ့ ၊ အဲလ်ဗစ် ပရက်စလေ နုစဉ်ဘဝကပုံဆို ပိုကောင်းတယ်၊ ပိန်ပိန်ပါးပါးဆိုတော့ ဆေး သိပ်မကုန်ဘူးပေါ့"

ဂျူးလီးယပ်စ်က ဆဗင်းစကားကို ကျေနပ်တယ်။ ကဲ ဒါကို လူသိများအောင် ဘယ်လိုလုပ်ကြမလဲ။ မာစဏ္ဍာက သတင်းစာမှာ နောက်စ်တခါ ကြော်ငြာထပ်ထည့်မလား။

"ဟင့်အင်း… ဒါ အင်တာနေရှင်နယ်ဆန်တဲ့ အတွေးအခေါ်ပဲ၊ ကုန်စည်ပြပွဲတို့ဘာတို့မှာ အချိုးကြီးလုပ်ရမှာ၊ အခေါင်းဆိုင်ရာ ကုန်စည်ပြပွဲများ မရှိဘူးလား"

အခေါင်းကုန်စည်ပြပွဲဆိုတာ တစ်ခါမှ မကြားဖူးပါဘူး၊ ဒါပေမဲ့လို့ ကမ္ဘာကြီးဟာ အရှုပ်ပျော်ရာ ဘုံသာယာ မဟုတ်လား၊ မရှိဘူးလို့ ဘယ်ပြောလို့ ရမလဲ။

"ရှာကြည့်ဦးမယ်၊ အယ်လန်ရေ တက်ပလက် ခဏငှားစမ်းပါ"

"ဟင် ဘာတုန်း၊ တက်ပလက်က မရှိတာကို ရှာပေးလို့ရမယ်လို့ ဘယ်သူပြောတုန်း"

"ဘယ်သူက မရှိဘူးပြောလို့တုန်း"

ဆဗင်းဟာ အဘိုးကြီးနှစ်ယောက် ရန်ဖြစ်နေတာကို ကြည့်ရင်း…

"ခဏလေး လက်ပ်တော့ယူပြီး ပြန်လာခဲ့မယ်" လို့ ပြောလိုက်တယ်။

※

အပြည်ပြည်ဆိုင်ရာ ကုန်စည်ပြပွဲတဲ့။ အင်း ဆီွဒင်စတော့ဟုမ်း ဆင်ခြေဖုံးမှာ အဲလ်ဗစ်ပရက်စလေ အခေါင်းတွေရကြောင်း ကြော်ငြာဖို့ ၉၉

ရာခိုင်နှုန်းလောက် အခွင့်အရေးရှိမယ့်ပွဲကြီး။ ဒါပေမဲ့ အဲဒါက ဆွီဒင်မှာမဟုတ်ဘူး၊ ဂျာမနီ စတုဂတ်မှာ။ ကမ္ဘာ့ အကြီးဆုံး ဟိုတယ်ခရီးသွားလာရေးဆိုင်ရာ ပွဲကြီးတဲ့၊ မကြာခင် ကျင်းပမှာတဲ့။ နိုင်ငံပေါင်း ၉၉ နိုင်ငံက လုပ်ငန်း နှစ်ထောင်ကျော်ပြမယ်တဲ့။ စုံတကာ စိနေတာပဲ။

“ဘယ်လို-အခေါင်းပြပွဲ ဟုတ်လား”

ဂျူးလီးယပ်စ်က စတုဂတ် ပြပွဲစီစဉ်သူကို အခန်းတစ်ခန်း ဘွတ်ကင် ချိတ်ဖို့ ဖုန်းဆက်တဲ့အခါ ပြပွဲစီစဉ်သူခမျာ နမူးနထိုင်းတောင် ဖြစ်သွားတယ်။ “များသောအားဖြင့်တော့ ကျွန်တော်တို့က ပြသမယ့်လုပ်ငန်းအပေါ် ဝင်ပြီး မှတ်ချက်မပေးလိုပါဘူး၊ ဒါပေမဲ့လို့ ပြပွဲရဲ့ ရည်ရွယ်ချက်နဲ့တော့ ကိုက် . . ကိုက်”

“ဒါပေါ့ဗျ၊ ကိုက်ညီတာပေါ့၊ လူကြီးမင်းတို့ ပြပွဲက ခရီးသွားလာရေး မဟုတ်လား၊ ဒါဟာ နောက်ဆုံးခရီးပဲလေ၊ အရေးအကြီးဆုံးခရီးလေ၊ သဘောပါရဲ့လား”

ဂျူးလီးယပ်စ်က ပြပွဲစီစဉ်သူကို အဲသလို ပြောလိုက်တယ်။ အင်းလေ။ ပြပွဲစီစဉ်သူဟာ မနက်ကပဲ ရှူးဖိနပ်ထဲ ခြေထောက်ထည့်ရင် လွယ်လွယ်ထည့်နိုင်အောင် လုပ်ပေးတဲ့ ကလော်တံအပြားလေးတွေ ထုတ်လုပ်တဲ့ စလိုဗေးနီးယန်း တစ်ယောက်ဆီက ပြပွဲမှာပါချင်တယ်ဆိုတဲ့ ဖုန်း တစ်ကောလ် လက်ခံထားရတဲ့အတွက် ခု အခေါင်းပြချင်တယ်ဆိုတာကို သိပ်တော့ အံ့သြတကြီး မဖြစ်တော့ပါဘူး။

"ရပါတယ် ဆရာ၊ စာရွက်စာတန်းတွေ ပို့လိုက်ပါ့မယ်၊ ဆရာနဲ့ ဆရာ့အခေါင်းတွေကို ကြိုဆိုပါတယ်”

ကဲ ရသတဲ့၊ ခု ရွေးချယ်ရတော့မယ်။ အင်တာနေရှင်နယ်ဖြစ်အောင် ဘယ်လိုအခေါင်းမျိုးတွေ နမူနာအဖြစ် ယူသွားကြမလဲ။

ဆဗင်းက ဂျာမန်တွေ ဘယ်လိုမျိုးဆို စိတ်လှုပ်ရှားမလဲလို့ တွေးနေတယ်။

“ နျူစွမ်းအင် အလိုမရှိဆိုတဲ့ အခေါင်းဆိုရင် ဘယ်လိုလဲ”

အယ်လန်ဟာ သူတို့နှစ်ယောက်ရဲ့စကားကို နားတစ်ဖက် စွင့်ပြီး နားထောင်နေတယ်။ ခု သူ ဝင်ပြောမှရတော့မယ်၊ ဒီအကြံအလုပ်ဖြစ်မှာ မဟုတ်ဘူး။ ဂျာမနီမှ မဟုတ်ဘူး၊ ဘယ်မှာမှ အလုပ်မဖြစ်ဘူး။ ဂျာမနီမှာ ပိုဆိုးတာပေါ့၊ ဂျာမန်ဟာ နျူကလီးယားစွမ်းအင် မသုံးဘူးလို့ ဆုံးဖြတ်ထားပြီး သားကို နျူစွမ်းအင် အလိုမရှိ သွားလုပ်လို့ ဘာအကျိုးထူးမတုန်း၊ ဂျပန် ဖူကူရှီးမားက နျူစက်ရုံ မတော်တဆမှုဟာ သတင်းဟောင်း ဖြစ်သွားပြီ။ ဘယ်သူမှ စိတ်မဝင်စားဘူး။

နျူလက်နက်ဆန့်ကျင်ရေး အခေါင်းဆိုပြီး ဂျပန်ကို တင်သွင်းရင် တော့ အလုပ်ဖြစ်ချင်ဖြစ်မယ်။ လူတွေရဲ့ မှတ်ဉာဏ်သက်တမ်းက တိုတယ် ကိုး။ တကယ်တော့ ဖူကူရှီးမားရေပြင်မှာ ရေဒီယို ဓာတ်သတ္တိကြွမှုဟာ သတ်မှတ်နှုန်းထက် အဆနှစ်ထောင်လောက် ပိုများနေတုန်းပဲ။

“ဟင် ဘာတွေပြောနေတာလဲ”

ဂျူးလီးယပ်စ်ဟာ နားလည်းမလည်ဘူး၊ ဂျပန်ကိုလည်း နျူလက်နက် ဆန့်ကျင်ရေးအခေါင်း မပို့ချင်ဘူး။ အဲဒါတွေထက် သူတို့လုပ်ငန်း ကြီးထွား ဖွံ့ဖြိုးဖို့ကိစ္စတွေ တက်ပလက်ထဲမှာ ရှာစမ်းပါလားလို့ ဆဗင်းကလည်း ပြောတယ်။

အင်း အင်း ရှာတာပေါ့ ဒါဆိုလဲ။

တက်ပလက်က ကမ္ဘာ့အရပ်ရပ်က သတင်းစုံရယ်၊ ဂီတ နည်းနည်းရယ်၊ ကိုယ်လုံးတီး မိန်းမတွေရယ်ကို ရှာပေးနိုင်တယ်။ အယ်လန်ကတော့ ပထမဆုံးတစ်ခုကိုပဲ ကြိုက်တယ်။ လုပ်ငန်းအတွက် ရှာကြည့်ရမယ်ဆိုရင်း အင်း-ဟော မြေထဲပင်လယ်မှာ လှေစီးဒုက္ခသည်တွေ လှေမှောက် ရေမျောပြီး အသက်ပျောက် ကမ်းပေါ်တင်နေတာ နေ့တိုင်းပဲတဲ့။ သူတို့ အခေါင်းလိုမှာပဲ။

ဟင်- ဒုက္ခသည်ဆိုတာ အသက်ရှင်နေတဲ့ ဒုက္ခသည်တောင် သူတို့ ဖောက်သည်မဖြစ်နိုင်တာ သေနေတဲ့ ဒုက္ခသည်က ဘယ့်နဲ့လုပ် လုပ်ငန်းဖွံ့ဖြိုး စေမတဲ့လဲ အယ်လန်ရယ်လို့ ဆဗင်းက ပြောလိုက်တယ်။

အင်းလေ ဒါလည်း ဟုတ်တာပဲ။

အယ်လန်က လက်ခံလိုက်တယ်။

ဂျူးလီးယပ်စ်ကတော့ ဆဗင်းပြောတာကို ငေးမောရင်း ဆဗင်းကို အထင်ကြီးလာတယ်။ တယ်ဟုတ်ပါလား ဒါနဲ့ ခင်ဗျားမှာ ကုန်စည်ပြပွဲ အတွေ့အကြုံ ရှိတယ်လား။

"အင်း ရှိတယ်"

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်တုန်းက သူနဲ့ သူ့အမေ လက်စ်ဗီးဂက်ကို ရောက်ခဲ့တယ်။ စိတ်ဝိညာဉ်ကုန်စည်ပြပွဲကို သွားတာ။

တကယ်တော့ ဝိညာဉ်လောကနဲ့ ဆက်သွယ်သူ နှစ်သောင်းငါးထောင်လောက် စုဝေး ညီလာခံ ကြတဲ့ပွဲပဲ။ သူ့အမေက စိတ်ဝိညာဉ်စွမ်းပကားဖြင့် ရောဂါပျောက်စေခြင်းဆိုတဲ့ ဆွေးနွေးပွဲကို တက်မယ်လို့ အားခဲပြီးလာတာ။ ဒါပေမဲ့ အမေရိကားမှာ ပုံသဏ္ဍာန်အမျိုးမျိုးနဲ့ရတဲ့ အယ်လ်အက်စ်ဒီတွေကို စမ်းရင်းစမ်းရင်း ဘာမှ မတက်ဖြစ်ပဲ ပြပွဲလေးရက်မှာ သုံးရက်က ဟိုတယ်ခန်းထဲတင် မှောက်နေတယ်။ အားလုံးကို ဆဗင်းပဲ လုပ်ခဲ့ရတာ။

ဂျူးလီးယပ်စ်ဟာ နားထောင်ရင်းနဲ့ ဆဗင်းအပေါ် ချစ်စိတ်တွေ တဖွားဖွား ပေါ်ထွန်းလာတယ်။ ကောင်းပ တော်ပ သနားပ ပင်ပန်းရှာမှာပဲနဲ့ အမျိုးမျိုးပြော၊ ဟိုကလည်း အင်း အဲ နဲ့ ရှက်သွေးဖြာနေတယ်။

ဆဗင်းက ဆက်ပြောတယ်။ ချစ်မေမေကြီးရဲ့ စိတ်ဝိညာဉ်ဟာ အယ်လ်အက်စ်ဒီ တန်ခိုးနဲ့ အတ္တလန်တစ်သမုဒ္ဒယာကို ကူးချည်သန်းချည် လုပ်နေချိန် သူ့မှာတော့ ပြခန်းတကာ ပြုံပြုံစင်အောင် လျှောက်သွားရသတဲ့။ အဲဒီမှာ ကိုယ်စောင့်နတ်သမီးနဲ့ ဆက်သွယ်နည်းဆိုတဲ့ ပြခန်းတစ်ခု တွေ့ရသတဲ့။ ဒီဗွီဒီတစ်ချပ်၊ လက်စွဲစာအုပ်တစ်ခု၊ ဘာသံမှမကြားရဘဲ နတ်သမီးစကားတို့ နာမည်တပ်ထားတဲ့ စီဒီပြားတစ်ပြားကို ဒေါ်လာ ၂၈၀၀ နဲ့ ပေးမယ်လို့

ကမ်းလှမ်းခံရသတဲ့။

နတ်သမီးစကားက တိတ်ဆိတ်လှချည်လားဆိုတော့ နတ်သမီးတွေ က စကားမှ မပြောဘဲတဲ့။

ကညွတ်တောင်သူဘဝကနေ မနားချင်ဘဲ နားလိုက်ရတဲ့ ဂျူးလီးယပပ်စ်ဟာ ကမ္ဘာပေါ်က မကုန်နိုင်လောက်အောင် အပြောကျယ်တဲ့ စီးပွားရေးဆိုင်ရာ အကြံဆန်းတွေကို လေ့လာတွေ့ရှိရတဲ့အတွက်-

"အခေါင်းပရောဂျက် မရှိရင် အဲဒါ ပြောင်းလုပ်ကြတာပေါ့" လို့ ဆဗင်းကို ပြောလိုက်တယ်။

"အင်းလေ လုပ်ကြတာပေါ့" တဲ့။ ဆဗင်းက ပြန်ပြောတယ်။

※※※

(၃၂) ရှရှား

ဂျီနာဒီ အိုက်ဆာကော့ဗ်ဟာ ၁၉၅၀ ပြည့်လွန်နှစ် များမှာ လီနင်ဂရက်မှာ ကြီးပြင်းလာခဲ့တယ်။ သူ့အဖေက ဒသနိကဆရာ၊ သူ့အမေက ဘဏ်မှာလုပ်တယ်။ သူက တစ်ဦးတည်းသောသား၊ ဆယ်နှစ်သားမှာ ဂျီနာလေးဟာ စကိတ်စီးတံရယ်၊ ဟော်ကီတုတ်တံရယ် မွေးနေ့ လက်ဆောင် ရတယ်။ ဒါပေမဲ့ ရေခဲပြင်ဟော်ကီကို သူ မကြိုက်ပါဘူး။ ဘောလုံးလည်း တူတူပဲ။

ဒါတွေအစား ဂျီနာဟာ လက်နက်မဲ့ ကိုယ်ခံပညာ ဖြစ်တဲ့ ဆမ်ဘိုကို အားသန်လာတယ်။ ယောက်ျားချင်း၊ လက်လက်ချင်း၊ ခြေခြေချင်းပဲ၊ ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာပဲ။ အဲဒီ အားကစားခန်းမမှာပဲ ဂျီနာဟာ ဗိုလိုဒယျာနဲ့ စတွေ့တာပေါ့။ သူတို့ဟာ ဂိုက်တူ ဆိုက်တူ ဝါသနာတူမို့ အချစ်ဆုံး သူငယ်ချင်းတွေ ဖြစ်သွားလိုက် တာ ၅၅ နှစ်ကြာတဲ့အချိန်ထိ အချစ်ဆုံးသူငယ်ချင်းတွေ ဖြစ်တုန်းပဲ။

ဂျီနာဟာ ဗိုလိုဒယျာရဲ့ ရုံးခန်းကို အချိန်မရွေး တံခါးမရှိ ခေါ်မရှိဝင်နိုင်ထွက်နိုင်တယ်။ ဘာလုံခြုံရေးမှ ဂရုစိုက်စရာမလို။ တံခါးခေါက်စရာ မလို။ တန်းဝင်သွားလို့ ရတယ်။

“ဟိုင်း ဗိုလိုဒယျာရေ၊ ငါ ခုပဲ ခဘာရော့ဗ်ခ်က မိတ်ဆွေနဲ့ စကားပြောလာတယ်။ ရည်မှန်းချက်ကြီးတဲ့ လူငယ်လေးပါပဲ၊ ဒါပေမဲ့ ကံအကြောင်းမလှချင်တော့ ပြဿနာက ဟိုလူကြီးလူလေးရဲ့ လေသံမျိုး ထွက်နေတယ်ကွ”

“ဘယ်လိုလေသံလဲ”

ရှရှားသမ္မတ ဗိုလိုဒယျာ ဗလာဒီမာ ပူတင်က မေးလိုက်တယ်။

“မွေစက်ကို အမြန်လိုချင်သတဲ့၊ အမေရိကန်ရော တရုတ်ပါ .. တစ်ပြိုင်နက် သံပြိုင် အမောဖောက်အောင် လုပ်မှဖြစ်မယ်တဲ့”

ဗိုလိုဒယျာပူတင်ဟာ သူ့သူငယ်ချင်းရဲ့စကားကြောင့် ပြုံးလိုက်တယ်။

စိတ်ထဲမှာ အမောဖောက်နေတဲ့ တရုတ်ကြီးနဲ့ ပြိုင်တူ အမောဖောက် ချွဲဆို့နေတဲ့ အမေရိကန်ကြီးကို ဘေးချင်းယှဉ်ရက် မြင်ယောင်လာတယ်။ ကောင်းပ ကောင်းပ။

ခဘာရော့ဗ်ခ်က မိတ်ဆွေလေးဆိုတာ မြောက်ကိုရီးယား မြို့တော် မြောက်ဘက် ပလူတိုနီယံစက်ရုံက ညွှန်မှူးအသစ်ကို ဆိုလိုတာ။ အရင်လူက တာဝန်မကျေလို့ အဆုံးစီရင်ခံရတယ်၊ သူ့နေရာမှာ မစ္စတာအင်ဂျင်နီယာ ဆိုတဲ့လူကို ခန့်တယ်။ အဲဒီ မစ္စတာအင်ဂျင်နီယာကလည်း အအေးခန်းထဲမှာ သူ့ကိုယ်သူ ဆွဲကြိုးချ သတ်သေသွားတယ်။ ဒီလိုနဲ့ အဲဒီရာထူးကို ထပ်မခန့်ဘဲ ထားပြီး နောက်ဆုံးမှာ ပြဿနာက လူကြီးလူလေးလို့ သူတို့ခေါ်ကြတဲ့ ကင်ဂျုံအန်ဟာ

မော်စကိုက ပူတင်ကို ကိုရီးယားတွေအပေါ် ကရုဏာစိတ် ထားဖို့ တောင်းပန်တယ်။ ကွန်မြူနစ်စိတ်ဓာတ်ကလေး နည်းနည်းတော့ ကျန်သင့်ပါတယ်ပေါ့လေ။

တကယ်တော့ ဗိုလိုဒယျာပူတင်နဲ့ သူ့ညာလက်ရုံး ချစ်သူငယ်ချင်း ဂျီနာဒီ အိုက်ဆာကော့ဗ်တို့ နှစ်ယောက်ဟာ ကမ္ဘာကြီးကို နယ်ပယ်စုံ ဒေသစုံ မတည်မငြိမ်ဖြစ်စေခြင်းအားဖြင့် ရုရှားကို အင်အားတိုးအောင်လုပ်ဖို့ ကြံရွယ်ထားကြသူတွေပဲ။ ဒါကြောင့် ဗိုလိုဒယျာနဲ့ ဂျီနာတို့ဟာ လူကြီးလူလေး တောင်းနေတဲ့ မွေ့စက်ကို မပေးဘဲ မြောက်ကိုရီးယားနဲ့ ရုရှားနယ်စပ်နဲ့ သိပ်မဝေးတဲ့ ခဘာရော့ဗ်ခ်က ဆိုက်ဘေးရီးယန်း အင်ဂျင်နီယာတစ်ယောက်ကို လွှတ်ပေးလိုက်တယ်။

ခဘာရော့ဗ်ခ်က လူဟာ စစခြင်းမှာတော့ အတော်ရုန်းလိုက်ရတယ်။ ဒါပေမဲ့ မကြာပါဘူး။ ရုရှားရဲ့ ပိုင်ဆိုင်မှု ပစ္စည်းကောင်းလေးလို့ ရုရှားသမ္မတ သိထားတဲ့အတိုင်း သူဟာ အစွမ်းပြလာနိုင်တယ်။ မြောက်ကိုရီးယား ပလူတိုနီယံ စက်ရုံရောက်ပြီး သုံးလေးပတ်အကြာမှာပဲ ပထမဆုံး မြေအောက် ဖောက်ခွဲစမ်းသပ်မှုကို လုပ်နိုင်တယ်။ ဒီ မြေအောက် နျူကလီးယားစမ်းသပ်မှု ကို တစ်ကမ္ဘာလုံးက မနှစ်မြို့ကြောင်း ပြခဲ့ကြတယ်။ မဟာခေါင်းဆောင်ကြီးနဲ့ တင်ကြိုသဘောတူညီချက်ရယူထားတဲ့အတိုင်း ပူတင်ရဲ့ ရုရှားကလည်း ဒီကိစ္စနဲ့ ပတ်သက်လို့ အများနည်းတူ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်ပေါ့လေ။

မြောက်ကိုရီးယား ပလူတိုနီယံစက်ရုံ ညွှန်မှူးအဖြစ် တာဝန် ထမ်းဆောင်နေပေမယ့် ခဘာရော့ဗ်ခ်ကလူဟာ မော်စကို ကို သစ္စာခံတာလေ။ ဒါကြောင့် ဂျီနာဒီ အိုက်ဆာကော့ဗ်ဆီ အမြဲအစီရင်ခံတာပေါ့။ ဒါကြောင့်မို့လို့ ဗိုလိုဒယျာနဲ့ ဂျီနာတို့ဟာ ၁၀၁ နှစ်သား ဆွိဒင်ကြီး မြောက်ကိုရီးယားမှာ ဘယ်လိုမွေ့သွားသလဲဆိုတာကို အစအဆုံးသိနေကြတယ်။ အင်မတိ အင်မတန် ဒေါသအိုး ပေါက်ကွဲနေတဲ့ လူကြီးလူလေး ကင်ဂျုံအန်ဟာ တစ်ကမ္ဘာလုံးက ရုရှားထောက်လှမ်းရေးအေးဂျင့် ကွန်ရက်ကိုသုံးပြီး ကားလ်ဆန်ကို ရှာပေးပါ။ တွေ့ရင် လည်မျိုကို ဓားနဲ့ခွဲချင်လို့ပါလို့ ပူတင်ကို တောင်းပန်တယ်။ ဒါပေမဲ့လို့ အဘိုးကြီးကားလ်ဆန် လုပ်သွားတာတွေကို ပူတင်ဟာ ကြိတ်ပြီး သဘော ကျနေတယ်။ စဉ်းစားကြည့်လေ အသက်တစ်ရာအဘိုးကြီးက ပြုံယမ်းကို လာပြီး အင်မတန်ကြီးကျယ်ခမ်းနားချင်တဲ့ လူကြီးလူလေးကို ထင်သလို လှည့်သွားပြီး ဖွတ်ခနဲ မီးခိုးငွေ့လို အစပျောက်သွားတာ ဆုချဖို့တောင် ကောင်းတယ်။ ဒါပေမဲ့ မြောက်ကိုရီးယား နျူလက်နက်ပြဿနာဟာ မကြာခင် ဖြေရှင်းပြီးသွားမှာပါ။

ဒါပေမဲ့လို့ ဒီနေ့သတင်းအရ ခဘာရော့ဗ်ခ်က လူ၊ သူတို့လူဟာ လူကြီးလူလေး ကင်ဂျုံအန်နဲ့ တစ်လေသံတည်းထွက်ပြီး ပလူတိုနီယံမွေ့စက်ကို တောင်းခံလာသတဲ့။ ဒါနဲ့ပတ်သက်လို့ ဂျီနာ့သဘောထားကို မေးနေစရာကို မလိုဘူး။ သူ့မျက်နှာပေါ်မှာ အထင်းသား ဗိုလိုဒယျာက တွေ့နေရတယ်။ "အင်း ဒါဆိုလည်း ပစ္စည်းပို့လိုက်ပေါ့ကွာ၊ ဒါပေမဲ့ အများကြီး တော့ ခရီးမရောက်စေနဲ့ပေါ့ ဟုတ်ပလား

ဂျိနာ”

※※※

(၃၃) ဆွီဒင်၊ ဂျာမနီ

သက်တံ့ရောင်စုံအခေါင်း၊ ဟာလီဒဗစ်ဆင် အခေါင်း၊ ဖာရာရီအခေါင်း၊ တစ်လောကလုံး အကောင်း ဆုံးက ဂေါက်သီးပဲ အခေါင်း၊ ဂျွန်လင်နွန် အခေါင်း၊ အပြာရောင်မိုးသားကောင်းကင်အောက်က နီဖြူကလေး တွေ အခေါင်း၊ မြက်ခင်းပေါ်ကနေတဲ့ နတ်သမီးများ အခေါင်းနဲ့ ပင်လယ်ပြင်နေဝင်ချိန်မြင်ကွင်း အခေါင်း။

ဆဗင်းဟာ အခေါင်းသယ်တဲ့ အသုဘကား ဟောင်းတစ်စီးကို အမြန်ရှာဖွေနေတယ်။ ဒါပေမဲ့ စတုဂတ်ကို သွားရမယ့်ခရီးမှာ ကားတစ်စီးနဲ့ အခေါင်း ရှစ်ခေါင်း သယ်လို့မဆံ့ဘူးဆိုတာ သူ အလျင်အမြန်ပဲ သိလာရတယ်။ အများဆုံး နှစ်ခေါင်း၊ တကယ်က တစ်ခေါင်းပဲ သေချာဆံ့မှာ။ ဒါနဲ့တော့ မဖြစ်ဘူး။ ဂျူးလီးယပ်စ်ဟာ ဆဗင်းကို ကူညီတယ်။ ကားငှားဌာန ကနေပြီး ထရပ်ကားတစီး ငှားပေးတယ်။

တကယ်သွားကြတော့မယ့်အချိန် ရောက်လာတဲ့အခါ ဂျူးလီးယပ်စ် ရဲ့ အကြံပေးမှုနဲ့ အနီ အဖြူနဲ့ အဝါနည်းနည်းပါတဲ့ ဗွီအက်ဖ်ဘီစတုဂတ် ပုံနဲ့ ၁၉၈၃ ကတည်းက ချစ်မြတ်နိုးရပါသောဆိုတဲ့ စာတန်းကို ဂူးဂဲလ် ထရန်စလိပ် အကူအညီနဲ့ ဂျာမန်လို ရေးခြယ်သထားတဲ့ အခေါင်းတစ်ခု အပိုလုပ်လိုက်နိုင်တယ်။

“ဗွီအက်ဖ်ဘီစတုဂတ် ဟုတ်လား အဲဒါ ဘာလဲ ” အယ်လန်က မေးလိုက်တယ်။

“အဲဒီက ဘောလုံးအသင်းပါဗျာ၊ အလုပ်ဖြစ်မယ်ထင်တာပဲ”

ဂျူးလီးယပ်စ်က ပြန်ဖြေလိုက်တယ်။

ဆဗင်းက ဆိုင်ခန်းတွေကို သော့ခတ်ပြီး စာရေးထားပစ်ခဲ့တယ်။ “ခေတ္တပိတ်သည်၊ အခြားဆိုင်များမှာ ဝယ်ယူအားပေးနိုင်သည်”

ပြီးတော့ သူတို့သုံးယောက်နဲ့ အခေါင်း ကိုးခေါင်းဟာ တောင်ဘက် ကို အတူတကွ ခရီးထွက်ခွာခဲ့ ကြတယ်။

※

ခရီးစဉ်ဟာ နှစ်ရက်ကြာတယ်။

ကိုပင်ဟေဂင်နဲ့ ဟန်နိုဗာ မြို့တွေမှာ ညအိပ်ရတယ်။ နှစ်မြို့လုံးမှာ ညစာ ကောင်းကောင်းစားကြရတယ်။ အယ်လန်က တက်ပလက်ထဲက နောက်ဆုံးရသတင်းတွေကို ခေါင်းမာမာနဲ့ ပြောပြနေတာက လွဲလို့ပေါ့ ။ ဆဗင်းနဲ့ ဂျူးလီးယပ်စ်ကို မနေ့တစ်နေ့ကမှ မွေးလာပြီး ကမ္ဘာအကြောင်း ဘာမှမသိတဲ့ ကလေးတွေလို သဘောထားပြီးကို ပြောပြတာ။ အယ်လန်ရဲ့ နောက်ဆုံးပေါ်သတင်းကတော့ ယခင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ပုဂ္ဂိုလ်တစ်ဦး ဟာ

အခုအခါမှာ ငြိမ်းချမ်းရေးအတွက်မဟုတ်ဘဲ လူမျိုးတုံး သတ်ဖြတ်မှုတစ်ခု နဲ့ ပတ်သက်လို့ ယိုးစွပ်ခံနေရရှာတယ်ဆိုတဲ့ သတင်းပဲ။

ဟန်နိုဗာမှာ ညစာစားပြီးတဲ့အခါ အယ်လန်က အိပ်ရာဝင်သွားခဲ့တယ်။ ဂျူးလီးယပ်စ်က မကြာခင် အိပ်ရာဝင်လှည့်မယ်လို့ ကတိပေးပေမယ့် ကတိမတည်ဘူး။ သူဟာ ဆဗင်းအခန်းထဲကို ဝင်သွားတယ်။ အိပ်လား မအိပ်လားတော့ မသိဘူးလေ။

မနက်စာစားချိန် သုံးယောက်ဆုံကြတဲ့အခါ အယ်လန်က မနေ့က သတင်းကို ဆက်ပြောတယ်။ ဂျူးလီးယပ်စ်က အရှုးကြီး တော်လိုက်တော့လို့ သြဘာပေးတယ်။

တကယ်တော့ ဂျူးလီးယပ်စ်နဲ့ ဆဗင်းဟာ ပထမဆုံး စတွေ့တွေ့ ချင်းထဲက အချင်းချင်း စိတ်ဝင်စားသလိုလို ဖြစ်နေကြတယ်။ အယ်လန်က သိလည်းမသိ၊ စိတ်လည်းမဝင်စား၊ ဘာမှလည်း အနှောင့်အယှက်မပေး၊ သူ့ဆိုဖာပေါ် သူထိုင်၊ သူ့တက်ပလက် သူပွတ်နေတဲ့အတွက် ငယ်ရွယ်သူတို့ရဲ့ ချစ်ခရီးလမ်းဟာ ချောမွေ့နေတယ် ဆိုရရမှာပေါ့လေ။

မြင်မြင်ခြင်းပဲ ချစ်မိတယ်ဆိုတာ သူတို့နှစ်ယောက်အတွက် လွန်မယ် မထင်ဘူး။ သူတို့ရဲ့ချစ်ဇာတ်လမ်းဟာ ဂျူးလီးယပ်စ် ပတ်တီးခါးပြတိုက်တဲ့ အချိန်က စခဲ့တာလို့ ပြောလို့ရတာပါ။ အဲဒီအချိန်ကစလို့ အရှိန်တက်လာ လိုက်တာ ဟန်နိုဗာရောက်တဲ့အခါမှာတော့ အိပ်ခန်းထဲမှာ အဆုံးသတ်သွား လိုက်တာ မနက်အထိပါပဲ။

ဆဗင်းကြောင့် သူဟာ လူကောင်းကြီးတစ်ယောက် ဖြစ်လာခဲ့ပြီလို့ ဂျူးလီးယပ်စ်က တွေးနေတယ်။ အလျားအနံ အသွားအပြန် မေတ္တာရှင်မလေး ဆဗင်း၊ အို- ကိုယ် မင်းအတွက် ဂုဏ်ယူမိတယ် ကလေးရယ်။

“ဘာမှမဘာတာထက်စာရင် နောက်ကျတာက တော်သေးတာပေါ့ နော်”

အသက်ခြောက်ဆယ်ပြည့် မွေးနေ့မင်္ဂလာမရောက်ခင် အချစ်နဲ့ တွေ့တဲ့အတွက် ဆဗင်းက ဒီလိုပြောတယ်။ ဂျူးလီးယပ်စ်က နွားနို့ဖန်ခွက်ချင်း တော့၊ တို့စ် လုပ်ရင်း..

“နောက်ကျတာက ဘာမှမဘာတာထက် အများကြီးကောင်းတယ်” လို့ ပက်ပက်စက်စက် ထောက်ခံပစ်လိုက်တယ်။

“အိုကေ အိုကေ၊ ဒါနဲ့ မနေ့ညက ထရမ့် ဘာလုပ်လဲ သိကြရဲ့ လား” လို့ အယ်လန်က ဝင်ပြောလိုက်တယ်။

※※※

(၃၄) ဂျာမနီ

ကုန်စည်ပြပွဲဟာ အင်မတန်အောင်မြင်တယ်။ လုပ်ငန်းရှင်နှစ်ထောင်ကျော်ထဲက တချို့ဟာ ပြခန်း အမှတ် ဒီ ၁၂၈ ကို စိတ်ဝင်စားကြတယ်။ အသုဘ အခေါင်း ကိုးခေါင်းကို ကောင်းကင်ဘုံက စောင့်ဆိုင်း ခြင်းငှာ မစွမ်းသာ၊ အဂ္ဂဘုံအတွက် ဝင်ခွင့်လက်မှတ်၊ သုတိသာယာ နောက်ဆုံးခရီးပါဆိုတဲ့ စာတန်းပါ တံခွန်တွေစိုက်ပြီး ပြထားတဲ့ပြခန်း။

ဆဗင်းဟာ တံခွန်တွေပေါ်က စာတန်းတွေဟာ ဘာသတင်းစကား ပေးချင်တာလဲဆိုတာ ကိုယ်တိုင် သေချာမသိပါဘူး။ ဒါပေမဲ့လို့ တတ်နိုင်သမျှ စျေးကွက် သဘောဆောင်အောင် ကြိုးစားပြင်ဆင်ထားတာပဲ။ မသာစျေးကွက်ပေါ့။

ပထမဆုံး စွံသွားတာကတော့ ဗွီအက်ဖ်ဘီ စတုဂတ် အခေါင်းပဲ။

စတုဂတ်ရဲ့ ခါးသီးတဲ့ ပြိုင်ဘက် ခါးလ်ရူယယ်အသင်းရဲ့ အမာခံ ပရိသတ်တစ်ယောက်ဟာ စတုဂတ်အခေါင်းကို ယူရို သုံးထောင်ပေးဝယ် မယ်လို့ စျေးဖွင့်လာတယ်။ ရည်ရွယ်ချက်ကတော့ စတုဂတ် ပရိသတ်တွေကို အခါ အခွင့်သင့်လာတဲ့အခါ အခေါင်းရဲ့အကူအညီနဲ့ မခံချိမခံသာဖြစ်အောင် လုပ်ဖို့ပဲ။ အဲ-အခါအခွင့်မသင့်ရင်လည်း မသင့်သင့်အောင် ဖန်တီးမယ်။ ဗွီအက်ဖ်စီ စတုဂတ်အခေါင်းကို မြို့လယ်ကောင်မှာ ချထားပြီး အားပေးတဲ့ ခါးလ်ရူယယ် ပရိသတ်တိုင်းဆီက တစ်ယောက်ကို ဆယ်ယူရို ကောက်မယ်။ အားလုံးပြီးရင် အခေါင်းကို မီးရှို့မယ်။ ဒီ တင်ဆက်မှုတစ်ခုလုံးကို ဗီဒီယို ရိုက်ထားမယ်။ အွန်လိုင်းပေါ် တင်မယ်။ မှတ်ထားကွ။ မှတ်ပြီလားကွ။

“မီးရှို့မယ် ဟုတ်လား”

ဆဗင်းက အံ့အားသင့်စရာ ရည်မှန်းချက်နဲ့ အခေါင်းဝယ်မယ့် ဖောက်သည်ကို မေးလိုက်တယ်။ ဂျူးလီးယပ်စ်ကလည်း ဝင်ပြောတာပေါ့။

ဗွီအက်ဖ်ဘီ စတုဂတ်အခေါင်းကို လုပ်ရတဲ့ ရည်ရွယ်ချက်က ဗွီအက်ဖ်ဘီစတုဂတ်အသင်းကို ဂုဏ်ပြုဖို့ပါ။ စောက်ရက်ခွဲဖို့ မဟုတ်ဘူး။ ဒါပေမဲ့ ခုကိစ္စကြောင့် သူ နားလည်သွားတာကတော့ ကမ္ဘာ့ငြိမ်းချမ်းရေးဆိုတဲ့ ကိစ္စဟာ အလွန်အင်မတန်မှ အလှမ်းကွာဝေးလှတာကိုဖြစ်ကြောင်း၊ ဖောက်သည်ဟာ မေတ္တာတရားထက် အမုန်းတရားကို ရှေ့တန်းတင်နေတာ ကြောင့်၊ သနားမိကြောင်း၊ ဒါပေမဲ့လို့ ယူရိုသုံးထောင်နဲ့ အရောင်းအဝယ်ကို သဘောတူကြောင်း၊ စျေးတည့်ပြီဖြစ်ကြောင်း ပြောလိုက်တယ်။

ဒုတိယဖောက်သည်ကတော့ ခါးလ်ရူယယ်ဘောလုံးအသင်းရဲ့ အမှတ်တံဆိပ်နဲ့ အခေါင်းကို ကြိုမှာပြီး ပိုက်ဆံကြိုချေလိုက်တဲ့ စတုဂတ် ပရိတ်သတ်တစ်ယောက်ဆီက လာတယ်။ ခုနက ခါးလ်ရူယယ် ပရိသတ်ရဲ့ စကားတွေကို ကြားပြီးတဲ့အခါ သူဟာ ခိုင်ကျည်သော ဆုံးဖြတ်ချက်နဲ့အတူ

အခေါင်းကို ကြိုတင်မှာလိုက်ပြီး…

"ရှူးရှူးပန်းတဲ့နေရာမှာ နောက်ဆုံးမှ ပန်းတဲ့ကောင်က အကောင်း ဆုံးကွ" လို့ ခါးလ်ရှုယယ် ပရိသတ်ကို လှည့်ပြောလိုက်တယ်။

ဒီလိုနဲ့ နှစ်ဖက်ဘောလုံးအသင်းရဲ့ အမာခံပရိသတ်နှစ်ယောက်ဟာ အခေါင်းပြပွဲရှေ့မှာ စကားများပြီး ထိုးကြ ကြိတ်ကြနဲ့ နောက်ဆုံး လုံခြုံရေးက ဆွဲထုတ်သွားရတယ်။

ပြပွဲမပြီးခင်ကို သူတို့ဟာ ကြိုမှာတဲ့အခေါင်းတွေ အပါအဝင် နောက်ထပ် ဆယ့်နှစ်ခေါင်း ရောင်းထွက်သွားတယ်။ မရောင်းရတာဆိုလို့ ပင်လယ်ပြင်နေဝင်ချိန် မြင်ကွင်းအခေါင်းပဲ ကျန်တယ်။ အင်းလေ စတုဂတ်က အနီးဆုံး ပင်လယ်ကမ်းခြေနဲ့ ကီလိုမီတာ ခြောက်ရာလောက်ဝေးတာကိုးလို့ ဆဗင်းက တွေးနေတယ်။ ဂျူးလီးယပ်စ်ကတော့ ပင်လယ်ပြင်နေဝင်ချိန် မြင်ကွင်းဆိုပေမယ့် ဆွဲထားတဲ့ပုံက နေထွက်ချိန်မြင်ကွင်း ဖြစ်နေတာကိုးလို့ တွေးတယ်။

အခေါင်း ဆယ့်လေးခေါင်း၊ တစ်ခေါင်း ယူရို သုံးထောင်နဲ့ ယူရို လေးသောင်းနှစ်ထောင် လက်ထဲရောက်လာပြီ။ ဂုဏ်သိက္ခာရှိစွာ သေဆုံးခြင်းလို့ နာမည်ပေးမယ့် ကုမ္ပဏီဟာ မတည်ထောင်ရသေးခင် တည်းက ပန်းခင်းသောလမ်းကို ကြိုမြင်နေရပြီလေ။

အဲ- ကံဆိုးမှုကြီးနဲ့ တည့်တည့်တိုးတဲ့ကိစ္စသာ ပေါ်မလာခဲ့ရင်ပေါ့။

※※※

(၃၅) ဒိန်းမတ်၊ ဆွီဒင်

ပေါ ဟိုင်းနရစ်ရစ် ကရူဆင်ဟာ အာရပ်မ တစ်ယောက်နဲ့ ပတ်သက်မိလို့ ပါတီက အထုတ်မခံရခင် အထိ ဒိန်းမတ်အမျိုးသား ဆိုရှယ်လစ်လှုပ်ရှားမှုဆိုတဲ့ လက်ဝဲယိမ်း အမျိုးသားရေးပါတီရဲ့ ဥက္ကဋ္ဌကြီး ဖြစ်ခဲ့တယ်။ အဲဒီ အာရပ်မဟာ အင်မတိအင်မတန် အသားဖြူတဲ့ လူဖြူဖြစ်လုဆဲဆဲ အာရပ်မပါလို့ ကရူဆင် က စောဒက တက်ခဲ့ပေမယ့် အာရပ်မက အာရပ်မပဲ လေ။

အမျိုးသား ဆိုရှယ်လစ် လှုပ်ရှားမှုကြီး (ဒိန်းမတ် နီယိုနာဇီ လှုပ်ရှားမှု) ရဲ့ ခေါင်းဆောင်ဖြစ်ခဲ့တဲ့အတွက် သူ့ရဲ့ဩဇာဟာ ကျန်သင့်သလောက် ကျန်သေးတယ်။ ဒါကြောင့် ဒိန်းမတ် တီဗီကတစ်ဆင့် သူဟာ ဟောပြော မှုတွေ လုပ်တယ်။

သူ့ဟောပြောချက်တွေကိုလေ့လာကြည့်ရင် နိုင်ငံခြားသားမှန်သမျှ တိုင်းပြည်ထဲက နှင်ထုတ်၊ အေအိုင်ဒီအက်စ်ရောဂါ ဖြန့်ဖြူးသူတွေကို သေဒဏ်စီရင်၊ ဆန့်ကျင်ဘက်နိုင်ငံရေးသမားအားလုံး ထောင်ချ၊ အလုပ်ကြမ်း စခန်းကိုပို့၊ မှားယွင်းတဲ့ အသားအရောင်ရှိသူမှန်သမျှ သင်းကွပ်ရမယ်လို့ ဆိုတယ်။ အတော်ရှုပ်ထွေးတဲ့ နိုင်ငံရေး လူမှုရေး ဒဿနတွေကို ဟောပြော ရေးသားတဲ့ ကရူဆင်ဟာ မူဆလင်မှန်ရင် (အင်မတန် အသားဖြူတဲ့ အာရပ်မ မဟုတ်ရင်) ဆယ်ပေရှည်တဲ့ တုတ်နဲ့တောင် တို့တာ ထိတာမျိုးမလုပ်ပေမယ့်လို့ အစ္စလာန်ဝါဒအပေါ်တော့ အတော် ကြည်ညိုသဒ္ဓါပွားများသတဲ့။ ခုတော့ ကရူဆင်ဟာ ဒုတိယကမ္ဘာစစ်အတွင်းက ဖွင့်ခဲ့တဲ့ ဂျူးအကျဉ်းစခန်းတွေဆိုတာ တကယ်မရှိခဲ့ကြောင်း အထောက်အထားပြဖို့ စာအုပ်တွေ ကြိုးစားရေးသား နေတယ်။

အဲဒီ ဒိန်းမတ်ကောင်ဟာ နော်ဒစ် ခုခံကာကွယ်ရေး ပါတီထဲက ဆွီဒင် နီယိုနာဇီများအတွက် စံပြပုဂ္ဂိုလ်ကြီးပေါ့။ အင်း တကယ်တော့လည်း အန္တရာယ်ကြီး ကျရောက်နေတာဟာ ဒိန်းမတ်နဲ့ ဆွီဒင် နှစ်နိုင်ငံတည်း ဘယ်ဟုတ်ပါ့မလဲ။ အာရိယန်မျိုးနွယ်တစ်ခုလုံး အန္တရာယ်တောမှာ ကျရောက် နေတာပါလေ။ လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ အန္တရာယ်လည်း ဖြစ်လာနိုင် တာပေါ့ ။

ဒီလှုပ်ရှားမှုတွေကို ဆွီဒင် ဒီမိုကရက်တွေက တိတ်တဆိတ် ကြိတ်ထောက်ခံကြပေမယ့် တချို့ကတော့ ပြောင်ထောက်ခံပြီး တစ်ခုခု ချက်ချင်း လုပ်ပစ်လိုက်ချင်ကြတယ်။

ကက်နက် အန်ဂဘောဟာ ဒုတိယအမျိုးအစားထဲမယ် ထိပ်ဆုံးက တစ်ယောက်ပေါ့။ ဒါကြောင့် သူဟာ သူ့ညီနဲ့အတူ အာရိယာန် မိတ်ဆွေများ လှုပ်ရှားမှုကို ဖန်တီးခဲ့တယ်။ နော်ဒစ် ခုခံကာကွယ်ရေး လှုပ်ရှားမှုက ဖျင်းလွန်းတယ်။ ဆန္ဒပြဖို့ကို ခွင့်ပြုချက်စောင့်နေသတဲ့။ ထွီ။ ဘယ်လို လှုပ်ရှားမှုမျိုးလဲ။ ဘယ်သူ့ဆီ ခွင့်ပြုချက်တောင်းနေတာလဲ။ အာဏာပါဝါရှိတဲ့

ဂျူးလူ့မလိုင်စုတ်တွေဆီပေါ့။ ထွီ ထွီ။

ကက်နက်အတွက်တော့ ဒီကိစ္စဟာ အင်မတန် ရိုးစင်းတယ်။ တကယ့်ဒီမိုကရေစီအစစ်ဆိုတာ နော်ဒစ် တိုင်းပြည်တွေနဲ့ မဆိုင်သူတွေကို မောင်းထုတ်ပစ်နိုင်ခွင့်ပဲ။ တကယ်လို့ အသာတကြည် ထွက်မသွားဘူးဆို လည်း ရတယ်လေ၊ တခြားနည်းတွေရှိတာပဲ။ မှန်ကန်တဲ့အစိုးရကို ထူထောင် ရမှာပေါ့။ အမျိုးသားဆိုရှယ်လစ်တွေကြီးစိုးတဲ့ အစိုးရမျိုးပေါ့။

ကက်နက်ဟာ နော်ဒစ် ခုခံကာကွယ်ရေး လှုပ်ရှားမှုအပေါ် အရိုအသေတန်ပေမယ့် စစ်ကြေညာတာမျိုးတော့ မလုပ်ဘူး။ သူတို့ဟာသူတို့ ရှိစေ၊ သူတို့ထဲက အားလုံး ဆိုးသွမ်းနေတာတော့လည်း မဟုတ်ပေဘူးကိုး။ ဂိုသင်ဘတ်က လတ်တလော ဆန္ဒပြပွဲကို ကြည့်လေ။ အတော်များများဟာ လေ့လာစောင့်ကြည့်သူတွေဘက်လှည့်ပြီး ညာဘက်လက်ကို မြှောက် လက်ဖဝါး ဖြန့်ပြခဲ့တယ် မဟုတ်လား။ ဒါ အမှန်ပဲ။ မဟာမိတ်တွေ။ အားတက်စရာပဲ။

ဘာတဲ့ အမျိုးသားရေးသူရဲကောင်းများ (နာဇီတွေ) ဟာ ဂျူးတွေကို အစုလိုက်အပြုံလိုက် သတ်ပစ်ခဲ့တယ်တဲ့လား။ ဒါ ဂျူးမာဖီးယား အယုတ်တမာ ကောင်တွေရဲ့ သွားပုတ်လေ့လွင့် ဝါဒ ဖြန့်မှုပဲ။ ဒါမျိုး ဘယ်တုန်းကမှ မလုပ်ခဲ့ ဘူး။ ဒါဆို ဂျူးခြောက်သန်းက ဘယ်ပျောက်သွားသလဲတဲ့၊ လာလာချေသေး၊ အဲဒါနီယိုနာဇီတွေအလုပ်မှ မဟုတ်တာ။ သူတို့စိတ်နဲ့ သူတို့ကိုယ် ဘယ်သွား သွားပေါ့။

အာဏာဆိုတာ တရားဝင်ရမှ ကောင်းသတဲ့။ ကက်နက်ကတော့ ဒါကို အစဉ်ထာဝရ ဆန့်ကျင်တယ်ဟေ့။ စကင်ဒီနေးဗီးယားနယ်မှာရှိတဲ့ အာရပ်တွေ၊ ဂျူးတွေ၊ ဂျစ်ပဆီတွေ အကုန်သေ။ အာရိယန်စစ်စစ်ပဲ သွေးမနှော ဘဲနေ။ ဒါ လူမျိုးတုံး သတ်ဖြတ်မှု ပဲတဲ့လေ။ အဲဒီတော့ ဘာဖြစ်တုန်း။

အဲသလိုလုပ်ရမယ့်အစား နော်ဒစ်ကာကွယ်ရေး လှုပ်ရှားမှုက ဘာလုပ်နေတုန်း။ ဘာမှမလုပ်ဘူး။ မဖြစ်ညစ်ကျယ် ဆန္ဒချည်း တွန်းပြနေကြ တာ။ အလကားဟာတွေ။

※

လက်တွေ့ကျတဲ့ လေ့လာသူတစ်ဦးကတော့ ကက်နက် အန်ဂဘော ကို ဆွီဒင်ရဲ့ အန္တရာယ်အရှိဆုံး လူပုဂ္ဂိုလ်စာရင်းထဲမှာ ထိပ်နားက ထည့်သွင်းထားတယ်။ သူဟာ အရင်တုန်းက အမေရိကန် အာရိယာန် ညီအစ်ကိုတော် များအဖွဲ့ လော့စ်အိန်ဂျယ်လီးစ် ဌာနခွဲမှာ အလုပ်သင်အဖြစ် နေထိုင်ရင်း နာဇီနဲ့ ဖက်ဆစ်ဝါဒီတစ်ဦးအဖြစ် ရှေ့ဆက်ဖို့ သင်ကြားခံခဲ့ရတယ်။ အဲဒီနှစ်မျိုး ဟာ ဘာကွာလဲဆိုတော့ ဘယ်သိပါ့မလဲ။ အတွေးအခေါ်အယူအဆနဲ့ လူမျိုး မားယွင်းနေသူတစ်ဦးကို လွှစက်နဲ့ နှစ်ပိုင်းဖြတ်လိုက်ပြီးနောက်ပိုင်းမှာ သူဟာ အာရိယာန် ညီအစ်ကိုတော်များအဖွဲ့မှာ အဆင့်တွေ အလျင်အမြန် တက်လာတယ်။ ဩဇာကိတ္တိမ ကြီးလာတယ်။ ဒါကြောင့်မို့ အာရိယာန် ညီအစ်ကိုတော် များအဖွဲ့ရဲ့

စွမ်းလှတဲ့ ရှေ့နေကြီးဟာ လူတစ်ယောက်လုံး လွှစက်နဲ့ဖြတ်ပြီး သတ်ပစ်တာကို မတော်တဆလို့ လျှောက်လဲထုချေနိုင်ခဲ့ပြီး ထောင်လေးနှစ်နဲ့ ကိစ္စပြီးခဲ့တယ်။

ထောင်ထဲနေလို့ တစ်ပတ်ရှိသေး၊ ကက်နက်ဟာ ထောင်သား တစ်ယောက်ကို ထပ်သတ်လိုက်တယ်။ မက္ကစီကန် လူမျိုး ဒီထောင်သားက ကက်နက်ရဲ့ နောက်ကျောမှာ အပြည့်ထိုးထားတဲ့ ဆေးမှင်ကြောင်တွေကို ဝေဖန်လို့တဲ့။ ကက်နက်ရဲ့ကျောမှာက အဒေါ့ဖ်ဟစ်တလာကို သတိရ လွမ်းဆွတ်သောအားဖြင့်လို့ ထိပ်ဆုံးမှာ ရေးထိုးထားတဲ့ စာတန်းအောက်မှာ စကြာတံဆိပ်ရှိတယ်။ သူ့အောက်မှာ ကူ ကလက် ကလန် ကေသုံးလုံးဂိုဏ်း ရဲ့ အမှတ်အသား ကြက်ခြေခတ်နဲ့ လူဖြူမျိုး ကြီးစိုးရေးဆိုတဲ့ စာတန်း။

ဟစ်တလာနဲ့ ကေသုံးလုံးဂိုဏ်းကို အတူတကွ ယှဉ်တွဲပြီး ဆေးမှင်ကြောင် ထိုးထားတဲ့လူဟာ ဦးနှောက်သေနေတဲ့လူမျိုးပဲ ဖြစ်မယ်လို့ မက္ကစီကန်က ထင်တယ်။ သူထင်တာကို ပါးစပ်ကပြောတယ်။ ဒီအခါ မျက်လုံးထဲကနေ ဦးနှောက်ထဲထိ ဘောပင်နဲ့ တစ်ဆုံးထိုးသွင်းတာ ခံလိုက်ရပြီး ဦးနှောက်သေသူများ အုပ်စုဝင်ဘဝကို ရောက်သွားခဲ့တယ်။

ဒီဖြစ်ရပ်ကိုမြင်ရတဲ့ တစ်ခန်းတည်းနေ တခြားထောင်သား ခုနစ် ယောက်ဟာ ရေငုံနေကြတဲ့အတွက် သက်သေမရှိ၊ အပြစ်ဒဏ် နတ္ထိဖြစ်သွားခဲ့တယ်။ နောက်ထပ် သုံးနှစ်နဲ့ ငါးဆယ့်တစ်ပတ် ကျန်သေးတဲ့ ကက်နက်ရဲ့ ထောင်သက်တမ်းအတွင်း သူ့ ဆေးမှင်ကြောင်တွေကို ဘယ်သူမှ ဝေဖန်စောကြောတာမျိုး မကြားရတော့ဘူး။

အဲဒီ ကက်နက်ဟာ သူ့မွေးရပ်မြေ ဆီွဒင်ကို ပြန်ရောက်နေတာ ခုဆို တော်တော်ကြာသွားပြီပေါ့။ သူနဲ့ သူ့ညီ ဂျွန်နီတို့နှစ်ယောက်ဟာ နော်ဒစ်ကာကွယ်ရေးလှုပ်ရှားမှုမှာ အားတက်သရော ပါခဲ့ကြတယ်။ ဒါပေမဲ့ သူရှိနေရမယ့် ထိပ်သီးပိုင်း ခေါင်းဆောင်ပိုင်းကို ဘယ်တော့မှ မရောက်ဘူး ဖြစ်နေတယ်။ မရောက်ရတဲ့အကြောင်းက ပါးစပ်ဖွာလို့ အာကျယ်လို့ အထိန်း အကွပ်မဲ့ ပရမ်းပတာပြောလို့တဲ့။ ဒါ ဘာစောက်စကားလဲ။ ဒီတိုင်းပြည်မှာ လိုအပ်နေတာ ပြောရဲတဲ့သတ္တိကွ။

ဒီလိုနဲ့ အာရိယာန်မိတ်ဆွေများကို တစ်စင်ထောင်ပြီး လေ့စ်အိန် ဂျယ်လီးစ် အာရီယာန် ညီအစ်ကိုတော်များနဲ့ အဆက်အသွယ်လုပ်ခဲ့တယ်။ အင်း ခုမှ စ ဆက်သွယ်တာ။ အာရီယာန်မိတ်ဆွေများကလည်း ခုမှ စထောင် တာဆိုတော့ စနစ်တကျ ဖွဲ့စည်းပုံတော့ မရှိသေးဘူးပေါ့လေ။ ကက်နက်နဲ့ သူ့ညီကတော့ အာဏာပါဝါရတဲ့အထိ လုပ်ဖို့ အစီအစဉ်သတ်မှတ်ပြီးပြီ။ နိုင်ငံခြားသားတွေကို သတ်မယ်၊ ဆော်မယ်၊ တီးမယ်။ အဲ-အရင်ဆုံးတော့ ဆော်တာ တီးတာလောက်နဲ့ စမှ။ သတ်လိုက်ရင် ခုလက်ရှိ အာဏာပါဝါ ရှိတဲ့လူတွေရဲ့ နောက်လိုက်ခွေး ရဲတွေက ဖမ်းလိမ့်မယ်။ ထောင်ထဲမှာ နှစ် နှစ်ဆယ် သုံးဆယ်လောက်နေရရင် အာဏာပါဝါ ရလာဖို့ ခက်မယ် မဟုတ်လား။

ငွေကလည်း တစ်ပြသနာ။ အမေရိကန်တွေဟာ လစဉ် ထောက်ပံ့ ငွေ ပေးပေမယ့် တခြားလမ်းကြောင်းတစ်ခုကနေ ငွေဝင်လာဖို့ လိုပြီလို့ ပြောလာကြတယ်။ ဒီအတွက် တူရကီ-အီတာလျှံ မဟာမိတ်တွေ ကြီးစိုးနေတဲ့ စတော့ဟုမ်းရဲ့ ကိုကင်းဈေးကွက်ကို အုပ်စိုးမိဖို့ သူတို့က အကြံပြုကြတယ်။ အင်းပေါ့။ ဟုတ်တာပေါ့။ ဒါပေမဲ့လို့ သက်တော်စောင့် ကိုယ်ရံတော် အခိုင်အမာနဲ့ ဂိုဏ်းကြီးရှစ်ဂိုဏ်းလောက်ကို လူနှစ်ယောက်တည်းနဲ့ အပြတ် ချပစ်ရမတဲ့လား။ အဲဒီအတွက် အစီအမံတွေချဖို့ လိုတာပေါ့။ အမေရိကန် တွေက ဟုတ်တာပေါ့၊ ဒီအတွက် အချိန်ယူပါတဲ့။ သူတို့ ကက်နက်ကို ယုံသလေ။

※※※

(၃၆) ရုရှား

တကယ်တော့ ဂျီနာဒီ အိုက်ဆာကော့ဗ်ဆိုတာ တရားဝင်အားဖြင့် တည်ရှိမနေဘူး။ သူ့မှာ ရာထူးမရှိ၊ ဝန်ထမ်းမရှိ၊ တရားဝင်ပေးထားတဲ့ တာဝန်မရှိ။ ဒါပေမဲ့ နိုင်ငံကူးလက်မှတ်ကတော့ နှစ်ခုရှိ။ ရုရှား နိုင်ငံကူး လက်မှတ်ရယ်၊ ဖင်လန် နိုင်ငံကူးလက်မှတ်ရယ်ပေါ့ ။ ဖင်လန်နိုင်ငံကူးလက်မှတ်ကို ၁၉၉၈ ခုနှစ်မှာ ရတယ်။ အတော် ခက်ခက်ခဲခဲ လုပ်ရတာ။ ဒါပေမဲ့ အဲဒီတုန်းက ရုရှားဖက်ဒရေးရှင်းရဲ့ ဖက်ဒရယ်လုံခြုံရေးဌာန ညွှန်ကြားရေး မှူး ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ပူတင်ရဲ့ အကူအညီနဲ့ပေါ့။ ဟုတ်ပ - သူ့ရဲ့ ချစ်လှစွာသော သူငယ်ချင်းကြီး ဗိုလိုဒယျာ ပေါ့။

ဒါကြောင့် ဂျီနာဟာ လိုအပ်မယ်ထင်တဲ့ အချိန် တိုင်းမှာ ဖင်လန်လူမျိုး ဖြစ်ဖြစ်သွားရတယ်။ ဖင်လန် လူမျိုးဖြစ်တော့ နော်ဒစ်တိုင်းပြည်မှန်သမျှ စိတ်ကြိုက်သွား လို့ ရသလေ။

စကင်ဒီနေးဗီးယန်း ဒေသဟာ စိတ်ဝင်စားစရာပါ။ စကင်ဒီနေ ဗီးယန်းကို မတည်မငြိမ်ဖြစ်အောင် လုပ်ဖို့ထက် နော်ဒစ်တိုင်းပြည်တွေလို့ အများသိကြတဲ့ ဟောဒီ ဖင်လန်၊ ဆွီဒင်၊ နော်ဝေ၊ ဒိန်းမတ် နဲ့ အိုက်စလန်တို့မှာ အိုက်ဒီယာအသစ်တွေကို စမ်းသပ်ဖို့ ပိုသင့်တော်ပေတယ် မဟုတ်လား။

အိုက်စလန်ကလွဲလို့ ကျန်တဲ့ လေးခု ဖြစ်တဲ့ ဆွီဒင်၊ နော်ဝေ၊ ဖင်လန်၊ ဒိန်းမတ်မှာ အမျိုးသားရေး ပါတီတွေကိုယ်စီရှိကြတယ်။ အဲဒီ ပါတီတွေအားလုံးဟာ ဥရောပသမဂ္ဂလို့ခေါ်တဲ့ အီးယူကို ဆန့်ကျင်ကြတယ်။ ဒါဟာ ဘယ်သူမှမသိတဲ့ ဂျီနာ့ အစီအမံတွေပေါ့။ အဲသလိုဖြစ်တဲ့ တစ်ချိန် တည်းမှာပဲ ဒီ နော်ဒစ်တိုင်းပြည်တွေရဲ့ နိုင်ငံရေးအရှိန်ဟာ သေလာတယ်။ အီလည်လည်ဖြစ်လာတယ်။ ဥပမာအားဖြင့် အမျိုးသားရေးကို ကြိုးစားပေးလို့ ဖင်ပြဲအောင်အော်နေတဲ့ ဆွီဒင်ဒီမိုကရက်ပါတီကို ကြည့်လေ။ သူတို့ဟာ ရှိပြီးသားပြဿနာတွေကို ပုံကြီးချဲ့တယ်။ မရှိသေးတဲ့ပြဿနာတွေကို ဖန်တီးတယ်။ လူတွေကို အုပ်စုခွဲပြီး တစ်အုပ်စုနဲ့တစ်အုပ်စု မုန်းနေ၊ အပြန်အလှန် ကြောက်နေအောင် ကြိုးစားတယ်။ ပြီးတော့ သူတို့ဖန်တီးလိုက်တဲ့ ပြဿနာ တွေကို လက်ညှိုးထိုးပြ၊ ကြီးကျယ်အောင်လုပ်ပြီး ဒါတွေအတွက် သူတို့သာ လျှင် ကယ်တင်ရှင်လို့ ကြိတ်နေကြတဲ့မောင်တွေ မဟုတ်လား။

တကယ်တော့ ဒီနည်းဟာ အသစ်အဆန်းမဟုတ်ဘူး။ ၁၉၃၃ ထဲက ဟစ်တလာရယ်၊ ဂိုရင်းရယ်၊ ဂိုးဘဲလ်ရယ်ဟာ အပြည်ပြည် ဆိုင်ရာကွန်မြူနစ်အဖွဲ့ကြီးရဲ့ အန္တရာယ် ရန်စွယ် အသွယ်သွယ်နဲ့ ပြည်သူကို ဖြဲခြောက်၊ သူတို့သာလျှင် ကယ်တင်ရှင်နေရာကိုယူ၊ လူလေးထောင်လောက် ထောင်ချ၊ အရေးပေါ်ဥပဒေတွေ ပြဋ္ဌာန်း၊ တခြားပါတီအားလုံးကို ပြုတ်ပြုတ် ပြုန်းစေပြီး တိုင်းပြည်အာဏာကို ရအောင်ယူလိုက်တာ မဟုတ်လား။

နော်ဒစ် အမျိုးသားရေးပါတီများဟာ ဇာတ်လမ်းရဲ့အစပဲ ရှိသေးတယ်။ နောက်မှာ အများကြီးလာဦးမယ်။ ရာစုသစ်မှာ ဖြေရှင်းနည်းအသစ်တွေ လိုတယ်လေ။ ဆွီဒင်ဒီမိုကရက်၊ ဖင်းန်ပါတီ၊ ဂိုးလ်ဒင်းဒေါင်း၊ ပီဗွီဗွီ၊ ဘီအန်ပီ၊ အေအက်ဒီ၊ အက်ဖ်ပီအိုနဲ့ တခြားသော ဝေါဟာရ ဟင်းလေးအိုးကြီးထဲက စာလုံးတွေဟာ ၁၉၃၃ မှာ အလုပ်ဖြစ်ချင်ဖြစ်လိမ့်မယ်။ ဒါပေမဲ့ အလုံးစုံ အလုပ်ဖြစ်တာတော့ မဟုတ်ဘူးလေ။

ခုလောလောဆယ်မှာ ဆွီဒင်မှာမွေး၊ ဆွီဒင်မှာ ကြီးပြင်းပြီး ဘောလုံးကစားတတ်ရုံနဲ့ ဆွီဒင်နိုင်ငံသားဖြစ်ပြီ မထင်နဲ့လို့ ပြတ်ပြတ်သားသား ကြုံးဝါးကြွေးကြော်တတ်တဲ့ ပါတီခေါင်းဆောင်မျိုးကို မဲထည့်မယ့် ဆွီဒင်ပြည်သားဟာ ငါးယောက်မှာ တစ်ယောက် မရှိသေးဘူး။ ခုလက်ရှိ ဆွီဒင်ဒီမိုကရက် ခေါင်းဆောင်ကိုကြည့်။

သူ ဆွီဒင်ဒီမိုကရက်ပါတီကို ဝင်ဖြစ်တာဟာ နာဇီ တိမ်းညွတ်ဆန္ဒပြပွဲတွေကိုဦးဆောင်တတ်တဲ့၊ ဘွတ်ရှူး၊ သားရေဘောင်းဘီ၊ ရှပ်အင်္ကျီနဲ့ စကတ်ပဝါ ယူနီဖောင်းကို စတ်တတ်တဲ့ မိန်းမတစ်ယောက်ကြောင့် ပဲ။ သူဟာ မှန်မယ်ထင်တာ၊ လက်ယာယိမ်းဖြစ်မယ့်ကိစ္စတွေ အားလုံးကို အကုန်လုပ်တယ်။ ဒါပေမဲ့ ဆွီဒင်သား ငါးယောက်မှာ လေးယောက်က သူ့ကို ဆန့်ကျင်နေကြတုန်းပဲ။ ဒါဟာ ဂျီနာ့အဖို့တော့ ရှိပြီးသား လက်ယာယိမ်း အမျိုးသားရေးပါတီတွေအနေနဲ့ အီးယူကို ဖြန်းဖြန်းကွဲသွားအောင် ဘယ်လိုမှ မစွမ်းဆောင်နိုင်ဘူးဆိုတဲ့ သက်သေပေါ့။

အကူအညီမပါဘဲနဲ့တော့ သူတို့ အဲသလို စွမ်းဆောင်နိုင်မှာ မဟုတ်ဘူး။

ငွေလား၊ ငွေက ကိစ္စမရှိပါဘူး။ ဂျီနာနဲ့ သူ့မိတ်ဆွေတွေမှာ ငွေ ဘီလီယံနဲ့ချီပြီး ရှိတယ်။ ကရိုနာနဲ့ တွက်မယ်ဆိုရင်ပေါ့။ ယူရို ဒါမှမဟုတ် ဒေါ်လာဆိုရင်တော့ သန်းပေါင်း ရာပေါင်းများစွာပေါ့။ ရူဗယ်ငွေနဲ့ဆို ဘယ်လောက် တန်ကြေးရှိမလဲဆိုတာကတော့ မဆိုင်တဲ့အတွက် မေးစရာ မလိုဘူး။ ဒါပေမဲ့လို့ ဆွီဒင်ဒီမိုကရက်တို့၊ ဖင်းန်ပါတီတို့ကို တိုက်ရိုက် ငွေပေးမယ်ဆိုရင် အန္တရာယ်ရှိတယ်။ အစွန်းရောက်တွေလို့ ကိုယ့်ကိုယ်ကိုယ် ခံယူတဲ့လူဟာ အင်မတန်ရှားတယ်လေ။ ဆွီဒင်ဒီမိုကရက်တွေဟာ ဆွီဒင်မှာ အစွန်းတကာ့ အစွန်းအရောက်ဆုံးပါတီ ဖြစ်ပေမယ့်လို့ အဲသလို ပြောင်ပြောင် ပြဲပြဲတော့ မကြေညာရဲဘူး။ မဲပေးမယ့်လူတွေ သဘောတူတယ်ဆိုရင်တောင် အဲသလိုပြောဖို့က ခက်သလေ။

အင်း တကယ်လို့သာ လက်ယာစွန်းရောက်ဆိုသူတွေထက် ပိုပြီး ညာဘက်ကိုရောက်နေတဲ့ အုပ်စုတစ်စုကို ဖန်တီးနိုင်ခဲ့မယ်ဆိုရင် ကိစ္စနှစ်ခု ဖြစ်လာစရာအကြောင်းရှိတယ်။ နံပတ်မှာတစ် ဆွီဒင်ဒီမိုကရက်တွေဟာ အသစ်ပေါ်လာတဲ့ နီယိုနာဇီတွေကို လက်ညှိုးထိုးပြီး ကြည့်စမ်း၊ ဆိုးလိုက်တာ၊ ကြမ်းလိုက်တာ၊ ယုတ်မာပက်စက် စကောလောက်မှ ဇောက်မနက်လိုက်ကြ တာ၊

ကျွန်တော်တို့က သူတို့လို မဟုတ်ဘူးခင်ဗျာလို့ ပြောလို့ရမယ်။ နံပါတ် မှာနစ်- ဒါကို လူတွေကလည်း အလွယ်တကူ သဘောတူဖို့အကြောင်း ရှိတယ်။ ဒါကြောင့် ဆွီဒင်ဒီမိုကရက်တွေ မဲပိုရလာလိမ့်မယ်။ မဲပေးသူ ဆယ့်ငါးရာခိုင်နှုန်းကနေ သုံးဆယ်ရာခိုင်နှုန်းဖြစ်၊ တတိယအကြီးဆုံးပါတီကနေ ဒုတိယအကြီးဆုံး၊ အဲ အကြီးဆုံးပါတီလည်း ဖြစ်ကောင်းဖြစ်လာနိုင်တယ်။ ဆွီဒင်ဒီမိုကရက် ဝန်ကြီးချုပ် ဖြစ်ပြီဆိုတာနဲ့ သူ့သဘောအတိုင်း ဆွီဒင်ကို အီးယူကနေ ဆွဲထုတ်လို့တော့မရဘူး။ ပါလီမန်မှာ မဲအများစုရဦးမှလေ။ ဒါပေမဲ့လို့ နိုင်ငံရေးမြေပုံဟာ အသစ်ဖြစ်လာမယ်။ ကွန်ဆာဗေးတစ်ရော၊ လစ်ဘရယ်ရော၊ ဆွီဒင်ဒီမိုကရက်ရော သူတို့ရဲ့ နိုင်ငံခြားရေးမူဝါဒကို ပြန်သုံးသပ်ရလိမ့်မယ်။ ဒါတွေအားလုံးအပြီးမှာ ကိုယ့်ကိုယ်ကိုယ် သတ်သေသူ တွေလည်း ပေါ်လာဦးမှာ။ နိုင်ငံရေးဟာ ဒီအတိုင်းပဲ မဟုတ်လား။

တကယ်လို့ အဲဒီစကားကွက်ဟာ ဆွီဒင်လို ပေါက်စနတိုင်းပြည် လေးမှာ အလုပ်ဖြစ်မယ်ဆိုရင် အနာဂတ်မှာ ဒါမျိုး အလားတူကိစ္စကို တကယ့်နေရာမှာ လုပ်လို့ရပြီ။

ဂျာမနီမှာပေါ့။

※

ဂျီနာဟာ ဖွဲ့စည်းပြီးသား နော်ဒစ်ကာကွယ်ရေးလှုပ်ရှားမှုနဲ့ အသစ် ဖွဲ့စည်းထားတဲ့ အာရိယာန်မဟာမိတ်များအကြား ရွေးချယ်ရခက်နေတယ်။ နော်ဒစ်ကာကွယ်ရေးလှုပ်ရှားမှုရဲ့ ပြဿနာက ဆွီဒင် ထောက်လှမ်းရေးဟာ ဒီအဖွဲ့ထဲ စိမ့်ဝင်ပြီးသားမို့ ဒီအဖွဲ့အကြောင်း အုမချေးခါးမကျန် သိပြီးဖြစ်နေတယ်။ အာရိယာန်မဟာမိတ်များကတော့ ဖွဲ့တယ်ဆိုရုံပဲ၊ ဘာဆိုဘာမှ မရှိသေးဘူး။

ဂျီနာ့အနေနဲ့ အလောသုံးဆယ် လုပ်စရာမလိုပါဘူး။ မြန်ဖို့ထက် မှန်ဖို့အရေးကြီးတယ်။

ဂျီနာဟာ နာမည်တုသုံးပြီး တနင်္လာနေ့မှာ ကာက်နက် အန်ဂဘောနဲ့ သူ့ညီကို တွေ့တယ်။ အင်္ဂါနေ့မှာတော့ အာရိယာန်မဟာမိတ်များရဲ့ ဂုဏ်ပြု ထိုက်တဲ့ ထူးမြတ်တဲ့ စစ်ဆင်ရေးအတွက် ယူရို လေးသန်းကို နှောင်ကြိုးမဲ့ ပေးသတဲ့။ အန်ဂဘော ညီအကိုများ ကလည်း ဂျီနာ့ရဲ့ မြတ်ဒါနကို အထူး တလည် ဝမ်းမြောက်ကြပေတယ်။ တကယ်လို့သာ ဒီ စောက်ရူးနှစ်ကောင် အသက်ရှင်အောင် နေနိုင်မယ်ဆိုရင် အားလုံးဟာ အဆင်ပြေချောမွေ့ နေမှာပဲလေ။

※※※

(၃၇) ဆွီဒင်

အကြီးအကျယ် ရင်းနှီးမြှုပ်နှံမှုကြီးကို လက်ဝယ် ပိုင်ပိုင် ရထားတဲ့ ကက်နက်အန်ဂဘောဟာ နိုင်ငံရေး လှုပ်ရှားမှုတစ်ခု ချက်ချင်းလုပ်မှဖြစ်မယ်လို့ ခံယူတယ်။

စတော့ဟုမ်း ပြည်တွင်းလေဆိပ်နဲ့ သိပ်မဝေးလှတဲ့ ဘရွမ်းမားက ဈေးဝယ်စင်တာတစ်ခုကို အန်ဂဘော ညီအစ်ကို ရောက်လာချိန်မှာ ဒီအဖြစ်အပျက်ဟာ စတင် လာခဲ့တယ်။ ညီဖြစ်သူ ဂျွန်နီက ကားမောင်းပြီး ပါကင် ထိုးဖို့ နေရာရှာနေတုန်းမှာပဲ အစ်ကိုကြီးဟာ ဈေးဝယ် စင်တာအပေါက်ဝက သူတောင်းစားတစ်ယောက်ဆီ အကြည့်ကရောက်၊ မြင်မြင်ချင်း ဒေါသက ဝုန်းခနဲထ၊ ချက်ချင်းပဲ ဆုံးဖြတ်ချက်ချ။

"ဒီမှာပဲစောင့်နေ ကားစက်မသတ်နဲ့၊ ဈေးဝယ် တာက တခြားမှာ ဝယ်မယ်၊ ခု လုပ်စရာလေးတစ်ခု လုပ်လိုက်ဦးမယ်"

ဂျွန်နီက ချက်ဆို နားခွက်က မီးတောက်တဲ့လူဖြစ်လေတော့ ကက်နက်ပြောတာကို သဘောပေါက်တယ်။ ဈေးဝယ်ဖို့က နောက်တစ်နေရာ ရှာရမှာပေါ့လေ။

အစ်ကိုကြီး ကက်နက်ဟာ ကားထဲကထွက်ပြီး ဈေးဝယ်စင်တာ အပေါက်ဝမှာ တစ်ကရိုနာ နှစ်ကရိုနာလောက် ရနိုးနိုး မျှော်လင့်ချက်နဲ့ တောင်းနေတဲ့ ရိုမေးနီးယား စောက်စုတ်စောက်ပြတ်ကောင်ဆီ ခြေလှမ်းတွေ ဦးတည်နေတာ။ ဘဝဟာ ရိုမေးနီးယားမှာဆို မျှော်လင့်ချက်မရှိသလောက်ဘဲ မဟုတ်လား။ ဆွီဒင်မှာရှိနေတဲ့ ရိုမေးနီးယန်းတွေအဖို့တော့ ရိုမေးနီးယားဟာ အီးယူအဖွဲ့ဝင်ဖြစ်ဖို့ထက် ဆွီဒင်မှာ ရိုမေးနီးယား တောင်းရမ်းသူများ တရားဝင် နေထိုင်ခွင့်ရဖို့ ပိုလိုလားကြတာအမှန်ပဲ။

"ဟိုင်း မင်္ဂလာပါ"

သူ့ဆီ ဦးတည်လာတဲ့ ကက်နက် အန်ဂဘောကို မြင်တော့ ရိုမေးနီးယား သူဖုန်းစားက နှုတ်ဆက်လိုက်တယ်။

"နင့်မေလင် မင်္ဂလာပါလား၊ ခွေးမသား ဂျစ်ပဆီကောင်"

ကက်နက်ဟာ ဦးထုပ်ကို နဖူးဖုံးအောင် ဆွဲချပြီး အမြန် လျှောက်လာတယ်။ ဒီသူတောင်းစားရဲ့လည်မျိုကို ဖိနပ်ဦးနဲ့ တအား ဆောင့်ကန်ပစ်လိုက် မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။ အဲဒီအချိန်မှာပဲ ဈေးဝယ်သူတစ်ယောက် ဝယ်လာတဲ့ အမဲသားပြားဟာ ဖုတ်ခနဲ ပြုတ်ကြ။ ဆွီဒင်ပြည်ဖြစ် တစ်ကီလို ၁၀၉ ကရိုနာတန်တဲ့ အမဲသားပြားအထုတ်ပေါ် နင်းမိတဲ့ ကက်နက်၊ ရိုမေးနီးယားသူတောင်းစားကို ဆောင့်ကန်ဖို့ ခြေတစ်ဖက်ပြင်လာတဲ့ ကက်နက် ဟာ ကိုးဆယ်ဒီဂရီလည်ပြီး သူတောင်းစားကို မကန်မိဘဲ မြေပေါ်ကို ကျောနဲ့ကျ။ ကွန်ကရစ် အမှိုက်ကန်ကြီးကို

ခေါင်းနဲ့ တအားဆောင့်မိ။ ခွပ်ခနဲ ခေါင်းခွံရိုးကျိုး၊ ဦးနှောက်ထဲမှာ သွေးအကြီးအကျယ် ယိုရင်း ဆေးရုံအပို့ လူနာတင်ယာဉ်ပေါ်မှာတင် ဘဝတစ်ပါးကို ပြောင်းသွားရှာတော့တယ်။

ခုတော့ ဆွိဒင်မှာ အန္တရာယ်အရှိဆုံး ပုဂ္ဂိုလ်ဟာ လူ့လောကမှာ မရှိရှာတော့ဘူး။ အာရီယာန်မိတ်ဆွေများ အသင်းဟာ ရုတ်တရက် အသင်းဝင် တစ်ဝက် ဆုံးရှုံးသွားတယ်။ ကျန်အသင်းဝင်တစ်ဝက်ကတော့ အသုဘကိစ္စကို စီမံရတော့မယ်။ တကယ်တော့ ဂျွန်နီဟာ အဲဒီနေ့ကပဲ အသုဘတစ်ခုက ပြန်လာခဲ့တာ။ သေသူက ဆေးအရောင်းအဝယ်သမား။ ဂျွန်နီအသိ။ စတော့ဟုမ်း ကိုကင်း ကွန်ရက်ရှစ်ခုထဲက တစ်ခုရဲ့ အဆင့်နိမ့်ဂိုဏ်းသား။ ကက်နက်နဲ့ ဂျွန်ဆင်တို့ ဖြိုမယ်လို့ ကြံစည်ထားတဲ့ ကိုကင်းကွန်ရက်ကြီးပေါ့။ ကက်နက်အလိုအရ ပထမအဆင့်မှာ အဲဒီ ကိုကင်းကွန်ရက်ကြီးကို အသွင်ယူ ထိုးဖောက်ဝင်ရောက်မတဲ့။ ဒုတိယအဆင့်ဘာလုပ်မယ်ဆိုတာကို ပြောဖို့ ကက်နက်မှာ အချိန်မရှိရှာတော့ဘူး။

ခုတော့ ဆေးအရောင်းအဝယ်သမားဟာ ဘာကိုမှ ပူစရာမလိုတော့ ဘူး။ ဘယ်လိုဖြစ်ပြီးသေတာလဲ မေးကြည့်တော့ ယင်ကောင်တစ်ကောင် တောင် သတ်နိုင်စွမ်း ရှိ မရှိ မသေချာတဲ့ သေးသေးကွေးကွေး ဆေးသမား ကောင်မလေးတစ်ယောက်ကို ကျောခိုင်းမိလို့ ခုလို အကြောင်းဆိုးရသတဲ့လေ။

ဖြစ်ပုံက ဆေးအရောင်းသမားဟာ ဆေးသမားကောင်မလေးကို ငွေမအန်ပေးနိုင်ရင်ဖြင့် ဆေးရဖို့လမ်းက မရှိဘူးလို့ပြောတယ်။ ကောင်မလေး ဟာ ငွေတော့ မအန်နိုင်ဘူး။ အန်ခြင်းအန် သွေးပဲ အန်မယ်ဆိုတာ ဆေးအရောင်းသမားက ကောင်းကောင်းသိတယ်။ ဒါကြောင့် ပြောပြီးပြီးချင်း သူ လှည့်ထွက်လာလိုက်တယ်။ ရုတ်တရက် ချက်ချင်း သူ့နောက်ကျောက စူးစူးဝါးဝါး နာကျင်မှုကို ခံစားရတယ်။ စောက်ကောင်မ၊ ဆေးသမား စောက်ကောင်မ ဟာ ငါ့ကို ဓားနဲ့ ထိုးရဲတယ်။ ငါ့အကြောင်းသိမယ်။ စောက်......

သူ ဒီအထိပဲ ပြောနိုင်တယ်။ ဆပ်ကလေဗီယန် သွေးလွှတ်ကြောကို ဓားနဲ့လှီးခံရရင် ဒီထက်ပိုပြီး ဘာမှ မလုပ်နိုင်ဘူးလေ။ ငါးစက္ကန့်အတွင်း သတိမေ့မယ်။ ပြီးရင် နှလုံးခုန် ရပ်သွားမယ်။ ထာဝရပေါ့။

ဒီလိုနဲ့ ဂျွန်နဲ့အသိ ဆေးအရောင်းသမားကို နောက်နှစ်ပတ်အကြာမှာ ဂူသွင်းမြှုပ်နှံ အသုဘချကြတယ်။ အသုဘမှာ မှတ်မှတ်ရရ ရှိလှတာကတော့ ဆေးသမား သတ်တာခံလိုက်ရတဲ့ ဆေးအရောင်းသမား မဟုတ်ဘူး။ ဒါမျိုးက ဖြစ်တတ်တာပဲ။ အမိုက်စားဖြစ်နေတာက မသာကို ထည့်ထားတဲ့အခေါင်းပဲ။ အခေါင်းမှာ တဖျတ်ဖျတ်လက်နေတဲ့ ဟာလီဒေဗစ်ဆင် အနက်ရောင် ဆိုင်ကယ်ပုံကြီးနဲ့ ငရဲသို့အမြန်လမ်းဆိုတဲ့ စာတမ်းတွေ ဘေးနှစ်ဖက်လုံးမှာ ပါတယ်။ ဂျွန်နီ တစ်ခါမှ မမြင်ဖူးဘူး။ မိုက်ချက်ကတော့ ကမ်းကုန်ပဲ။ စောက်ရမ်းမိုက်တယ်။

※

ဂျွန်နီ အန်ဂဘောဟာ သူ့အစ်ကို ကက်နက် အန်ဂဘောလို ဗျူဟာကျကျ

စဉ်းစားတတ်တဲ့လူ မဟုတ်ဘူး။ ဒါပေမဲ့ မိုက်ဂုဏ်ကတော့ အပြည့်ရှိသလေ။ သူဟာ လူသတ်မှုသုံးခု ကျူးလွန်ထားသူပေါ့။ စောက်ခြောက်က တစ်ကောင်၊ စောက်မည်းက တစ်ကောင်၊ စောက်ရဲက တစ်ကောင်။ နောက်ဆုံးတစ်ယောက်ကို စတော့ဟုမ်း မြို့လယ်ကောင် နာဇီ ဆန္ဒပြပွဲမှာ ကိုင်ခဲ့တာ။ ရဲတစ်ယောက်ဟာ ဂျွန်နဲ့လက်ကို လှမ်းဆွဲရင်း တစ်ခုခုပြောဖို့ လုပ်နေတုန်း-

"ဟေ့ ငါ့ကို မကိုင်နဲ့ စောက်ဝက်ရဲ့" လို့ ဂျွန်နီက ပြောလိုက်တယ်။

"ဟေ့ အေးအေးဆေးဆေးနေစမ်း၊ ငါက..........."

ရဲ ဘာမှမပြောရသေးခင် ဂျွန်နီဟာ ၁၉၈၄ ထုတ် ကိုဗ်ထရူပါ သေနတ်ကို ထုတ်ပြီး ရဲရဲ့လည်မျိုကို လေး-ငါး ဒက်ဆီမီတာ အကွာကနေ တော့ပစ်လိုက်တယ်။

သူလုပ်တာ လောသွားတယ်ဆိုတာကို ဂျွန်နီက နောက်ပိုင်းမှာ ဝန်ခံပါတယ်။ ဒါပေမဲ့လို့ ပြီးပြည့်စုံတဲ့လူဆိုတာ မရှိဘူးမဟုတ်လား။ ဒေါသအလျောက် လုပ်မိတာပေါ့။ သေသွားတဲ့ရဲကို သတိရတမ်းတ လွမ်းဆွတ်မယ့်သူ တစ်ယောက်မှ သတင်းစာမှာ မတွေ့ဘူး။ ဆိုတော့ ဒီ စောက်ရဲဟာ စောက်ခြောက်ပဲ ဖြစ်ရမယ်။

ဒီဖြစ်ရပ်နဲ့ပတ်သက်လို့ ကောင်းတဲ့အချက်ကတော့ ဂျွန်နီဟာ သူ့အသိုင်းအဝိုင်းမှာ သူ့အစ်ကိုထက်ပိုပြီး လူလေးစားခံရတယ်။ မကောင်းတဲ့ အချက်ကတော့ ဒီရဲဟာ ဘာကိစ္စ သူ့နားရောက်လာသလဲဆိုတာ သူ တစ်သက်လုံး သိရမှာ မဟုတ်တော့ဘူး။ အဲဒီ ရဲသတ်တဲ့ကိစ္စဟာ မဖြေရှင်း နိုင်တဲ့အမှုအဖြစ် တန်းလန်းကြီး ကျန်ရစ်တယ်။ ဘယ်သူမှ ကိုယ့်အသက်ကိုယ် စတေးပြီး သက်သေမလိုက်ကြတဲ့အတွက် စုံထောက်တွေခမျာ သံသယ တရားခံကိုတောင် မပြောနိုင်ဘူး ဖြစ်ကြရှာတယ်။

နေ့ခင်းကြောင်တောင် မြို့လယ်ကောင်မှာ ရဲကို လည်မျိုတော့ပစ်ပြီး ဘာမှမဖြစ်ဘဲ နေနိုင်တာဟာ နှယ်နှယ်ရရ ဘယ်ဟုတ်ပါ့မလဲ။ ဒါပေမဲ့ ညီလေးဟာ ညီလေးပဲလေ။ လူတစ်ယောက်လုံးကို လွှစက်နဲ့ နှစ်ပိုင်းဖြတ်ခဲ့တဲ့ အစ်ကိုကြီးကို ဘယ်တော့မှ မကျော်နိုင်ဘူး။ နောက်တစ်ခုက ဂျွန်နီဟာ ကာက်နက်လို အမေရိကန်မှာ မနေဖူးဘူး။ အမေရိကန်ဆိုတာက သင့်ပုံရိပ်ကို လျှမ်းလျှမ်းတောက်စေနိုင်တဲ့နေရာ မဟုတ်လား။

※※※

(၃၈) ဆီဗိဒင်

ဂျာမနီ ကုန်စည်ပြပွဲက ပြန်လာပြီးတဲ့နောက် လမ်းထောင့်စတိုးဆိုင်လေးဟာ ထာဝရ ပိတ်သွားခဲ့တယ်။ အဲဒီအစား အခေါင်းအရောင်းဆိုင်ကတော့ နှစ်ဆ ကျယ်လာတယ်။ စတိုးဆိုင်တံခါးမှာ ဆဗင်းက စာ ကပ်ထားတယ်။

ထာဝရ ပိတ်လိုက်ပါပြီ။ အခြားမှာ အစား အသောက် ဝယ်ကြပါ။ မှတ်ချက်- သင်သည် သေမျိုး ဖြစ်သည်ဆိုခြင်းကို သတိချပ်ပါ၊ ကပ်ရပ်ဆိုင်တွင် အခေါင်းများကို ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရနေပါပြီ။

ဒီလိုစာကပ်ထားပေမယ့် အခေါင်းလာဝယ်တဲ့ ပုံမှန်ဖောက်သည် မရှိပါဘူး။ ဒါပေမဲ့ ဆီဗိဒင်တစ်ပြည်လုံးနဲ့ ဥရောပက အခေါင်းအော်ဒါ မှာတာတွေကတော့ အများကြီးပဲ။ ဂျူးလီးယပ်စ်ဟာ ဆဗင်းဆီက ချီးကျူးစကားတွေ ရနေတယ်။

သူ့ရဲ့ စည်းရုံးနိုင်စွမ်း၊ ခေါင်းဆောင်နိုင်စွမ်းတွေအတွက်တဲ့။ သူက လည်း ဆဗင်းရဲ့ပန်းချီစွမ်းနဲ့ မျက်လုံးလှလှတွေအတွက် သုတိသာယာ စကားတွေ ပြန်ပြောသလေ။

“အင်း ဟုတ်ပါပြီ ဟုတ်ပါပြီ”

အယ်လန်ကတော့ သူတို့နှစ်ယောက် ကျီး ဘုတ်မြှောက်၊ ဘုတ် ကျီးမြှောက် လုပ်နေကြတိုင်း ဒီလို ပြောလေ့ရှိတယ်။

ဆဗင်းဟာ ပစ္စည်းပို့ဆောင်ရေး တာဝန်ခံဖြစ်လာတယ်။ နီးရင် အသုဘကားနဲ့၊ ဝေးရင် ဒီအိတ်ချ်အယ်လ် ပို့ဆောင်ရေးနဲ့ ပို့တာပေါ့။ ဆဗင်း လမ်းပေါ်ရောက်နေတဲ့ အချိန်များမှာ ဂျူးလီးယပ်စ်ဟာ ဖုန်းအော်ဒါ လက်ခံရတာပေါ့ ။

“ဂုဏ်သိက္ခာရှိစွာသေဆုံးခြင်း ကုမ္ပဏီကပါ ခင်ဗျာ၊ ဘာများ ကူညီရမလဲ”

“အာ့ နောက်ဆုံးတော့ ရှာတွေ့ပြီပဲ။ ကျုပ်နာမည် ဂွန်နီ၊ ခင်ဗျားတို့ အခေါင်းအော်ဒါ လက်ခံတယ် မဟုတ်လား”

“ဟုတ်ပါတယ်ခင်ဗျ၊ လူကြီးမင်းတို့ အလိုရှိတဲ့ အခေါင်းပုံစံကို လုပ်ပေးပါတယ်၊ ဒါ ကျွန်တော်တို့ အထူးကျွမ်းကျင်တဲ့လုပ်ငန်းပါ”

“အင်း ဒါဆို လုပ်ပေးပါ”

“ခုတော့ အော်ဒါတွေ အရမ်းကျ.........ကျ”

"ခင်ဗျား ငါးရက် အချိန်ရမယ်”

“အော်ဒါတွေ သိပ်များနေတော့ မထင်.......ထင်”

“ဘယ်လောက်ကျမလဲ”

အင်း ဂျူးလီးယပ်စ်ဟာ ငွေနံ့ရလာတယ်။ လွန်ခဲ့တဲ့ အနှစ် ခြောက်ဆယ်ကျော်လုံး သိလာတဲ့ အာရုံသိအရ ဖုန်းထဲက ဖောက်သည်ဟာ ငွေကို

ပခါနမထားဘူးဆိုတာ သူသိတယ်။

"ဟုတ်ကဲ့ပါ၊ မဖြစ်နိုင်ဘူးလို့ မပြောပါဘူးခင်ဗျ၊ ကျွန်တော်တို့က အပြည်ပြည်ဆိုင်ရာလုပ်ငန်းဆိုတော့ ယူရိုနဲ့ ယူပါတယ်။ ဟို လေး---လေးထောင်"

"ကျုပ်လိုချင်တဲ့အတိုင်း လုပ်ပေးရင် ငါးထောင်ပေးမယ်၊ ဘာဒီဇိုင်း ညာဒီဇိုင်းနဲ့ စောဒက မတက်ရဘူး"

အား- ကောင်းလိုက်တာ၊ ရသမျှ ညှစ်ဦးမှ။ "ကောင်းပါပြီ ယူရို ငါးထောင်နဲ့ အခွန်ငွေပေါ့"

"မရဘူး၊ ယူရို ငါးထောင် ပဲ၊ အခွန်မပါ၊ ပြေစာမပါ၊ စောဒက တက်တာမပါ၊ ငွေသားနဲ့ ရမယ်"

အင်း- လုပ်ပေးရမယ့်ဒီဇိုင်းက သာသာယာယာ ဟုတ်ပုံမရဘူး ဆိုတာကို ကညွတ်တောင်သူဟောင်းက ခန့်မှန်းမိတယ်။ ခဏနေတော့ ဂျူးလီးယပ်စ်က ပြောရလွန်းလို့ အသက်ငင်သလိုဖြစ်လာတယ်။ ဂျွန်နီက ဘာလိုချင်တယ်ဆိုတာကို အကြမ်းဖျင်းပဲ ပြောနိုင်တယ်။ ဘယ်လိုလုပ်ပေးမယ် ဆိုတာ နားထောင်ချင်တယ်တဲ့။

နောက်ဆယ့်ငါးမိနစ်လောက်အကြာမှာ သူတို့ပြောခဲ့ သမျှကို ဂျူးလီးယပ်စ်က အကျဉ်းချုပ် ပြန်ပြောပြတယ်။ နားလည်မှုလွဲတာမျိုး လုံးဝ မဖြစ်စေချင်ဘူးလေ။

"ကဲ ကြည့်ရအောင် . . . .တစ်ခေါင်းလုံးကို အနက်ရောင်သုတ်မယ်၊ ထိပ်ဆုံးမှာ အနီရောင် စကြာတံဆိပ်ရေးမယ်၊ သေချာတယ်နော်-အင်း၊ ဆက်သွားမယ်၊ ခေါင်းရဲ့ ဘေး တစ်ဖက်တစ်ချက်မှာ အဖြူခံပေါ် အနီရောင် စာလုံးနဲ့ တို့သွေးသည်သာ တို့ဂုဏ်သိက္ခာလို့ ရေးမယ်၊ အောက်က ဆယ်လ်တစ် လက်ဝါးကပ်တိုင်ပုံ လာမယ်၊ စကြာတံဆိပ်ရဲ့အောက်မှာ လူဖြူမျိုးနွယ်ရဲ့ အင်အားလို့ အဖြူရောင်စာလုံးနဲ့ ရေးမယ်၊ ပြီးရင် အက်စ်အက်စ် အမှတ်တံဆိပ် လာမယ်၊ ဟုတ်ပြီနော်၊ အိုကေ၊ ကျန်တဲ့နေရာလွတ်တွေမှာ မီးတောက် မီးလျှံပုံတွေ နေရာမလပ် ထည့်ရမယ်၊ ကျွန်တော်ပြောတာ မှန်ရဲ့လား"

"အင်း မှန်တယ် အဲဒီ အတိုင်းပဲ" လို့ အခေါင်းမှာသူ ဂျွန်နီ အန်ဂဘောက ပြန်ပြောလိုက်တယ်။

"အင်း ရဲတွေနဲ့ အမျိုးညံ့တွေ သေပါစေ၊ လိင်တူချစ်သူတွေ ဂျူးတွေ ကျဆုံးပါစေ ဆိုတဲ့ စာတန်းတွေ ဖြုတ်လိုက်မယ်နော်"

"အင်းလေ... ခင်ဗျားပဲ ဒါက နည်းနည်းလွန်တယ်ဆို"

ဂျူးလီးယပ်စ်က ပြန်ပြောဖို့ စကားလုံးရွေးနေတယ်။ တကယ်က နည်းနည်းလွန်တာ မဟုတ်ဘူး။ အများကြီးလွန်တာ။ ဒါပေမဲ့ အဲသလိုပြောလို့ မဖြစ်ဘူးလေ။

"အသုဘခေါင်းဆိုတာ ဂုဏ်သိက္ခာရှိဖို့ အရေးကြီးတယ်လေ၊ အခေါင်းထဲက သေသူနဲ့အတူ ဘယ်သူတွေလိုက်သေသင့်တယ်လို့ စာတန်း ထိုးဖို့ဆိုတာ သေသူ့သိက္ခာကိုလည်း ထိခိုက်စေပါတယ် ခင်ဗျာ"

“ဟုတ်ပီ ဟုတ်ပီ၊ ခုပြောတဲ့အတိုင်းလုပ်ပြီး စနေနေ့မှာ ကျုပ်ပြော တဲ့ ရေခဲတိုက်ကို အခေါင်းပို့ပေး၊ အိုကေလား၊ ငွေကို တက္ကစီတစ်စီးနဲ့ ခုပို့လိုက်မယ်”

“ဟင် တက္ကစီနဲ့ပို့မယ်လား၊ စနေနေ့ဟုတ်လား၊ အသုဘက စနေမှာ လုပ်လေ့မရှိဘူးနော်၊ ပုံမှန်အားဖြင့် ....”

“ပုံမှန်အားဖြင့် ကျုပ်ပြောတာကိုလုပ်...ဟုတ်ပြီလား”

ဝှန်နီဟာ ပြောရတာ ငြီးငွေ့လာပြီ။ အသုဘပို့မယ့်မိတ်ဆွေတွေက အမေရိကန်ကနေ လာနေပြီ။ ဒါကြောင့် ဆီွဒင်ရိုးရာ အသုဘအခန်းအနား လုပ်နေဖို့ အချိန်မရှိဘူး။

“ဟုတ်ကဲ့ပါ ကောင်းပါတယ်ခင်ဗျာ”

ဂျူးလီးယပ်စ်က ဒီလိုပြောလိုက်ပေမယ့် တကယ်တော့ မကောင်း ဘူး။ နည်းနည်းမှမကောင်းဘူး။ နာဇီဖောက်သည်ရထားတာ ဘယ်နဲ့လုပ်ကောင်းနိုင်ပါ့မလဲ။ ဒီလို အော်ဒါမျိုး လက်မခံသင့်ဘူး။ ဆဗင်းလည်း ဒီလိုဒီဇိုင်းမျိုး မရေးသင့်ဘူး။

ဒါပေမဲ့လို့ ဖြစ်စရာရှိတာဟာ ဖြစ်တာပါပဲလေ။

※※※

(၃၉) ဆီဒင်

ပို့ဖို့အဆင်သင့်ဖြစ်နေတဲ့ အခေါင်းသုံးခေါင်းကို စေ့စေ့စပ်စပ်ကြည့်ရင်း. . .

“အလုပ်ကတော့ တစ်နေ့တစ်မျိုး မရိုးရဘူးနော် အချစ်” လို့ ဂျူးလီးယပ်စ်က ဆဇင်းကို ပြောလိုက်တယ်။

ကြည့်လေ။ ဘယ်ဘက်အစွန်ကအခေါင်းက စကြာတံဆိပ်တွေ၊ ကေသုံးလုံး လက်ဝါးကပ်တိုင်တွေ၊ လူဖြူမျိုးသာ ကိုးကွယ်ရာ စာတန်းကြီးတွေနဲ့၊ အလယ်က အခေါင်းကျတော့ အဝါ အနီ အပြာ လိုဂို ဂျာဂါဒန် ဟော်ကီအသင်း အမှတ်တံဆိပ်နဲ့၊ ညာဘက်အစွန်က အခေါင်းကျတော့ ဘေးဘက်မှာ မြက်ခင်းပေါ် ခုန်ပေါက်နေကြတဲ့ ယုန်ဖြူလေးတွေ၊ အခေါင်းအဖုံးမှာတော့ တိမ်ဖြူ တိမ်စိုင် အဆုပ်အဆုပ်တွေနဲ့ ချစ်လှစွာသော သားသမီး တွေကို အမြဲတစေ ကြည့်ရှုစောင့်ရှောက်တော်မူသော အဖ ဘုရားသခင်သည် ကျွန်ုမ ဤနေရာတွင် လဲလျောင်း အိပ်စက်နေသည်ကို အစဉ်ထာဝရ စောင့်ကြည့်တော်မူနေမည်သာတည်း ဆိုတဲ့ စာတန်းနဲ့။

“အင်းလေ”

ဆဇင်းက လက်ဆေးရင်း ပြန်ပြောတယ်။

"ဒီနေ့ စကြာရယ်၊ ဟော်ကီရယ်၊ ယုန်ရယ်၊ နက်ဖြန် လီနင်ရှင့်၊ ကွန်မြူနစ်တွေမသေသေးဘူးဆိုတဲ့ အဓိပ္ပာယ်လား၊ ဒါမှမဟုတ် နောက်ဆုံး ကွန်မြူနစ်ဟာ ခုလေးတင် သေသွားတယ်ဆိုတဲ့ အဓိပ္ပာယ်လားတော့မသိဘူး၊ ဘာပဲပြောပြော ဒီည စားသောက်ဆိုင်မှာ အောင်ပွဲခံကြရင် ကောင်းမယ် ထင်တယ်”

“ဟာ ကောင်းတာပေါ့ ၊ ဒါနဲ့ ဘာအတွက်လဲ အချစ်ရဲ့”

“အို ဘာအတွက်ဖြစ်ဖြစ်ပေါ့ အချစ် ဆုံးဖြတ်လေ၊ အချစ်နဲ့ ကျွန်မ တွေ့ကြတဲ့အထိမ်းအမှတ်လား၊ စီးပွားရေးကောင်းလာတဲ့ အောင်ပွဲလား၊ အချစ် ဖိနပ်မပေါက်တော့တာ လပေါင်းများစွာဆိုတဲ့ အထိမ်းအမှတ်လား တစ်ခုခုပေါ့”

အင်း သူတို့နှစ်ယောက် တွေ့ဆုံချစ်ကြိုက်ကြတဲ့ အထိမ်းအမှတ်ဆိုတာက နားထောင်ကောင်း လိမ့်မယ်ထင်ပါရဲ့။ “ဘာနဲ့သွားမလဲ၊ အသုဘကားနဲ့လား၊ တက္ကစီနဲ့လား” လို့ မေးလိုက်တယ်။

※

လီနင်အခေါင်းကို စလုပ်ပြီ။ ဆဇင်းဟာ အရင်ဆုံး အခေါင်း တစ်ခုလုံးကို ရဲရဲတောက်အောင် အနီရောင်ခြယ်လိုက်တယ်။ အနီရောင် ဆေးခြောက်သွားတဲ့အခါ လီနင်ပုံတူကို စဆွဲတယ်။ တဖြည်းဖြည်းနဲ့ လီနင့် ပုံဟာ ပီပြင်လာတယ်။ တူလိုက်တာ။ ဆွဲရလွယ်တယ်လေ။

”အင်း ပီကာဆိုလောက်မဟုတ်ပေမယ့် .. အဲသလောက်နီးနီးပဲ” ဆဇင်းက

သူ့လက်ရာ သူကျေနပ်ပြီး ရေရွတ်လိုက်တယ်။

ပန်းချီပစ္စည်းတွေ သိမ်းပြီး ပစ္စည်းပို့ဖို့ သွားရမယ်။ အခေါင်း နှစ်ခေါင်းက စတော့ဟုမ်းတောင်ဘက်က ရေခဲတိုက်ကို၊ တတိယတစ်ခေါင်း က ကီလိုမီတာ သုံးဆယ်ဝေးတဲ့ တခြား ရေခဲတိုက်တစ်ခုကို ပို့ရမယ်။

အလုပ်အော်ဒါများလာ၊ ငွေတွေ ပိုဝင်လာတာနဲ့အမျှ ပစ္စည်းတွေကို ဒီအိတ်ချ် အယ်လ် ပို့ဆောင်ရေးနဲ့ ပို့တာများလာတယ်။ အစတုန်းကတော့ ဆန်းစဘော လောက်အထိ သူကိုယ်တိုင် မောင်းပို့တာ။ ခုတော့ မယ်လာရန် တောင်ကြား ဟိုဘက်ကို ပို့ရမှာမှန်သမျှ ဒီအိတ်ချ်အယ်လ်ပဲ အားကိုးတော့တယ်။

ဒီနေ့က သောကြာနေ့။

ဘေးဒုက္ခကပ်ကြီး ဆိုက်ရောက်ဖို့ တစ်ရက်အလို။

※※※

(၄၀) ဆွီဒင်

ရုပ်ဖြူ၊ သားရေဂျာကင်အမည်း၊ သားရေဘောင်းဘီ အမည်း၊ သားရေလက်အိတ်အမည်းကို ဆင်ယင်ထားတဲ့ ဂျွန်နီ အန်ဂဘောဟာ ဘုရားကျောင်းအဝင်ဝကနေ အသုဘရှု ပရိသတ်ကို ကြိုဆိုနှုတ်ဆက်ဖို့ ရပ်စောင့်နေတယ်။ ဒီနေ့အခမ်းအနားကို ဂုဏ်သိက္ခာအပြည့်နဲ့ ဆင်ယင်ကျင်းပဖို့ သူ စီစဉ်ထားတယ်။ လေ့စ်အိန် ဂျယ်လီးစ် အာရိယာန် ညီအစ်ကိုတော်များအသင်းက ခေါင်းဆောင် လေးယောက်ဟာ အထူးဧည့်သည်တွေ ဖြစ်သလို အသုဘအခမ်းအနားလာတဲ့ ပရိသတ်ဟာ လည်း သူတို့လေးယောက်ပဲ။ ဒေါသကြီးပြီး အန္တရာယ် များတဲ့ အာရိယာန် ညီအကိုတော် လေးဦးနဲ့ ဒေါသကြီး ပြီး အန္တရာယ်အထူးများတဲ့ အာရိယာန် မိတ်ဆွေများ အသင်းဝင် ဂျွန်နီ။

အသုဘအခမ်းအနားပြီးရင် ဖြေရခက်မယ့် မေးခွန်း တွေနဲ့ ရင်ဆိုင်ရမှာကို ဂျွန်နီ သိတယ်။

အာရိယာန် မိတ်ဆွေတွေရဲ့ တစ်ဦးတည်းသော အသင်းဝင်ဟာ ဘယ်လိုပုံစံ ဘယ်လိုနည်းလမ်းနဲ့ ဆွီဒင် မူးယစ်ဆေးကွန်ရက်ကြီးကို ချုပ်ကိုင် သိမ်းပိုက်ပြီး နိုင်ငံရေးအာဏာကို ယူမှာလဲဆိုတဲ့ မေးခွန်းပေါ့။ သို့သော် အမေရိကန်တွေဟာ တစ်ခါတုန်းက အချိန်ယူပြီးလုပ်ပါလို့ ပြောခဲ့ဖူးတယ် မဟုတ်လား။ မှန်မှန်ကန်ကန် ကစားနိုင်ရင် အချိန်ယူပါလို့ ထပ်ပြောနိုင်ချေ ရှိတယ်။ နောက်တစ်ခုက ဖင်လန်ငွေကြေးထောက်ပံ့သူ လျှို့ဝှက်ထောက်ပံ့ ခဲ့တဲ့ ယူရိုလေးသန်းကိုစွ အမေရိကန်တွေ မသိသေးဘူး။ ကက်နက်ကလည်း မပြောသေးဘူး။ အချိန်ကောင်း စောင့်နေခဲ့တယ်နေမယ်။ ခု ကက်နက်မရှိတော့ အချိန်ကောင်းဟာ ဘယ်အချိန်လည်းဆိုတာ ဂျွန်နီ ဘယ်သိပါ့မလဲ။

တကယ်တော့ ဖင်လန်ပေးတဲ့ငွေတွေနဲ့ဆို အမေရိကန်တွေတောင် မလိုဘူး။ ဒါပေမဲ့လို့ သူတို့နဲ့ အပေါင်းအသင်းမလုပ်တော့ဘူးလို့ ဖြတ်ချ လိုက်ရင် အမေရိကန်တွေဟာ ငွေကြေးထောက်ပံ့သူကို ရန်လုပ်နိုင်သလို ဂျွန်နီလည်း ခေါင်းနဲ့ကိုယ် အိုးစားကွဲနိုင်တယ်။ အေးလေ- နောက်တော့ ကြည့်လုပ်တာပေါ့၊ ခုတော့ အသုဘအခမ်းအနား ကျင်းပရမယ့်အချိန်ပဲလေ။

ညီလေးဟာ အစ်ကိုကြီး ကက်နက်အတွက် တတ်နိုင်သမျှ ဂုဏ်ပြု ချင်တယ်။ ဒါကြောင့် ဘုရားကျောင်းထဲဝင်လာတဲ့ ဧည့်သည်တွေကို ကက်နက်ကြိုက်တဲ့ ဒက်ဖဲလ် အိုင်းရစ်ချ် ဝီစကီကို ရေလေးစက် ရောပြီး ဧည့်ခံတယ်။ ကယ်လီဖိုးနီးယားမှာ ကက်နက် ရှိစဉ်က မာလီဘူးက ဘားတစ်ခုမှာ ဂျင်ဘီးမ် ကန်တက်ကီ ဘာဘွမ်ကို ရေတစ်စက်မှ မရောဘဲ ပေးမိလို့ စားပွဲထိုးဟာ ကက်နက်ရဲ့ခေါးစာ မိသွားခဲ့ဖူးတယ်။

ဆွီဒင်ပြန်ရောက်တဲ့အခါ ကက်နက်ဟာ သူ့အကြိုက်ကို တိုးချဲ့တယ်။

အပြင်မှာ အလွန်အင်မတန်အေးနေတဲ့အခါမျိုးမှာ ကက်နက်ဟာ ဝီစကီကို ကော်ဖီနဲ့ရော သကြားထည့်၊ ကရင်မ်ထည့်ပြီး သောက်တယ်။ နွေးတယ်၊ အရသာရှိတယ်၊ စိတ်ခွန်အား တိုးစေတယ်၊ အိုင်းရစ်ချ် ပစ္စည်းသာ ဖြစ်ပါစေ။

ဒါကြောင့် အိုင်းရစ်ချ်ဝီစကီနဲ့ နှုတ်ခွန်းဆက်သအပြီး အိုင်းရစ်ချ်ကော်ဖီ နဲ့ ဆက်လက်တည်ခင်းတယ်။ အားလုံး နွေးနွေးထွေးထွေး ရှိလာတဲ့အခါ ဂျွန်နီက နှုတ်ခွန်းဆက်စကား ပြောကြားတယ်။ ဒီမှာ စုဝေးညီလာခံရတဲ့ အကြောင်းရင်း၊ ဒီနေရာဟာ ကက်နက်အတွက် လဲလျောင်းအိပ်စက်ဖို့ ဘူမိနက်သန်နေရာမှန် ဖြစ်ရတဲ့အကြောင်းရင်း၊ အင်း အသုဘအခမ်းအနား ကိုတော့ ပါစတာဘုန်းကြီးက ဆက်လုပ်လိမ့်မလေ။ ဒါပေမဲ့ ပါစတာကို သူ သတိပေးထားတယ်။ ဒီအခမ်းအနားကို ဘုရားသခင်နဲ့ ယေရှုကို ခေါ်မလာဖို့။ အဲ ပါစတာအနေနဲ့ အချိန်မတန်သေးဘဲ စောစောစီးစီး သူတို့နဲ့ တွေ့ချင်ရင်တော့ ခေါ်လိုက်ပေါ့ ။

"ကျုပ်အစ်ကို့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင်ဗျားတို့ သိကြ မှာပါ၊ ကဲ အထဲကိုဝင်ကြ၊ ကျုပ်ရွေးထားတဲ့အခေါင်းထဲ လဲလျောင်းရတာ ကက်နက် ဘယ်လောက်ဂုဏ်ယူမယ်ဆိုတာ လက်တွေ့ ကြည့်သွားကြ"

အမေရိကန်လေးယောက်ဆီက စကားသံတွေ ထွက်လာတယ်၊ ခေါင်းတွေ ညိတ်ကြတယ်။ ကဲ ကြည့်ချင်လှပြီ။

အထဲဝင်သွားတဲ့ အမေရိကန်လေးယောက်ကို ဂျွန်နီက လက်ဆွဲ နှုတ်ဆက်တယ်။ ဒါကို သူ ဗျူဟာမြောက် စီစဉ်ထားတာ။ ဟုတ်တယ်လေ။ ကက်နက်နေရာမှာ ဆက်ခံမယ့်လူကို အမေရိကန်တွေဟာ တရားဝင် မရွေးရ သေးဘူး။ ဂျွန်နီကလွဲလို့ တခြားရွေးစရာလူမရှိဘူးဆိုပေမယ့်လို့ လုပ်စရာတစ်ခု ရှိနေတာက စတင်ထူထောင်သူ သေဆုံးသွားတဲ့အတွက် ဆီွဒင်ဂိုဏ်းခွဲကို ပိတ်ပစ်လိုက်တော့မယ်လို့ ကြေညာနိုင်တယ်။ ဒါပေမဲ့လို့ အဲသလို ကြေညာဖို့လောက်နဲ့တော့ အမေရိကန်တွေ အတ္တလန်တစ်သမုဒ္ဒရာကို ဖြတ်ပြီး လာစရာအကြောင်းမရှိဘူး။ ဒါကြောင့် ဂျွန်နီသာလျှင် ခေါင်းဆောင်ဖြစ်ဖို့ နီးစပ်နေပြီပေါ့။

ဆီွဒင်ဂိုဏ်းခွဲခေါင်းဆောင် အလောင်းအလျာကြီးဟာ အတွေးထဲ နစ်မျောနေတာကြောင့် ဘုရားကျောင်းထဲကထွက်လာတဲ့ အာမေဋိတ်အသံ တွေကို မကြားမိဘူး။

ဝင်သွားတဲ့အခါကျမှသာ ကြောက်စရာမြင်ကွင်းနဲ့ တည့်တည့်တိုး တော့တယ်။

အမေရိကန် ဧည့်သည်လေးယောက်ဟာ မထိုင်ဘဲ ပါစတာနဲ့ အခေါင်း ဘယ်ဘက်မှာ နှစ်ယောက်၊ ညာဘက်မှာ နှစ်ယောက် ရပ်နေကြတယ်။ အလယ်မှာ- အလယ်မှာတော့ ဂျွန်နီမြင်ရတဲ့ မြင်ကွင်းက ရှင်းရှင်း လင်းလင်း ရှိလွန်းတယ်။

ပါစတာ ဘုန်းကြီးဟာ ဂျွန်နီနဲ့ အပေါင်းအပါတွေကို ပြုံးပြုံးကြီး ကြို့နေတယ်။ အခေါင်းကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်နဲ့ အင်မတန်

ချစ်စရာကောင်းကြောင်း ပြောနေတယ်။ လူကြီးမင်းတို့ နေရာယူပြီးရင် အခမ်းအနား စလို့ရပါပြီတဲ့။

သူပြောတာကို ဘယ်သူမှ နားမထောင်ဘူး။ အားလုံးက ဂျွန်နီကို စောင့်နေတယ်။ ဂျွန်နီဟာ အခေါင်းကို ပွတ်ကြည့်နေတယ်။ ဟုတ်မှဟုတ်ရဲ့ လား၊ အိပ်မက်များ မက်နေသလားလို့ပေါ့။

အိပ်မက်မဟုတ်ဘူး တကယ်ပဲ။

ကက်နက်ရဲ့ဂုဏ်သိက္ခာ၊ ကက်နက်ရဲ့အင်အား၊ ကက်နက်ရဲ့ စွမ်းပကားအတွက် ဂျွန်နီ အထူးစပယ်ရှယ် စီစဉ်ထားတဲ့အခေါင်းဟာ သူ မှာထားသလို တစ်ခေါင်းလုံး ဖိတ်ဖိတ်တောက်တဲ့ အနက်မဟုတ်ဘဲ မိုးပြာရောင်ကလေး။ စကြာတံဆိပ်နဲ့ မီးလျှံတွေအစား မြက်ခင်းပေါ် ခုန်ပေါက် ပြေးလွှား ပျော်ရွှင်နေတဲ့ ယုန်ဖြူကလေးတွေ၊ အဖုံးက တိမ်တွေနဲ့ ရွှေရောင် စာလုံးကြီးတွေ။ ချစ်လှစွာသောသားသမီးတွေကို အမြဲတစေ ကြည့်ရှု စောင့်ရှောက်တော်မူသော အဖဘုရားသခင်သည် ကျွန်မ ဤနေရာတွင် လဲလျောင်းအိပ်စက်နေသည်ကို အစဉ်ထာဝရ စောင့်ကြည့်တော်မူနေ မည်သာတည်းတဲ့လား။

“အခေါင်းကိုကြည့်ပြီး စိတ်လှုပ်ရှားကြမယ်ဆိုတာ ကိုယ်တော် နားလည်ပါတယ်လေ၊ နေရာယူကြပါ ချစ်သားတို့”

ပါစတာဘုန်းကြီးက စောက်ရေးထဲ အသားယူပြောနေတယ်။

အာရိယာန် ညီအစ်ကိုတော်များရဲ့ ခေါင်းဆောင်က စကားစပြော လိုက်တယ်။ သူတို့အားလုံးဟာ စကြာတံဆိပ်ကို ရင်ဘတ်မှာ မဟုတ်ဘဲ နဖူးမှာ ဆေးမင်ကြောင်ထိုးထားတဲ့လူတွေလေ။

“ဘာတွေဖြစ်နေတာလဲ ဂျွန်နီ ပြောစမ်းပါဦး၊ ခေါင်းအဖုံးမှာ ရေးထားတဲ့ စာတန်းကရော ဘာလဲ”

“အင်း ဒါက ဒီလို---ဟို----အို ခင်ဗျား သိချင်မှာ မဟုတ်ပါ ဘူးလေ”

ခေါင်းဆောင်က ခေါင်းကို တစ်ချက်ကြည့်ပြန်တယ်။ အို ကြည့်စရာ မလိုပါဘူး။ ယုန်လေးတွေနဲ့တင် လုံလောက်နေပြီ။ တိမ်တွေ၊ မြက်ခင်းတွေ၊ မိုးသားပြာရောင် အခေါင်းတဲ့။

စောက်မအေဘေးကောင်ကတော့ကွာ။

"ငါသွားတော့မယ်”

ခေါင်းဆောင်နဲ့အတူ အမေရိကန် နံပါတ် နှစ်၊ သုံးနဲ့ လေးတို့ အစဉ်လိုက် ထွက်ခွာသွားကြတယ်။

ပါစတာဘုန်းတော်ကြီးဟာ နားမလည်နိုင်အောင် ဖြစ်ရရှာတယ်။

သေသူရဲ့ ညီငယ်ဟာ သူ့ကို ကရိုနာ တစ်သောင်းပေးပြီး ခေါင်းနဲ့ ပတ်သက်လို့ ဘာမှစောဒကမတက်ဖို့နဲ့ ဘုရားသခင်ကို မခေါ်ဖို့ ကြိုတင်ပြောထားတယ်။

ခု သူတို့ဟာ ခေါင်းဒီဇိုင်းနဲ့ပတ်သက်လို့ အပြင်းအထန် စောဒကတက်နေကြပြီ။

ဘာလို့လဲ ဒီခေါင်းဒီဇိုင်းက သိပ်ကောင်းတာကို။

ဂျွန်နီဟာ ဖွတ်မေ့ ပဒတ်မေ့ ဖြစ်နေရာက ပြန်သတိရလာတယ်။ အမေရိကန်တွေဟာ ဒီအတွက် သူ့ကိုများ အပြစ်တင်ကြလေမလား။

"ခဏလေး ခဏလေးပါ ခင်ဗျားတို့--"

အဲဒီအချိန်မှာ ပါစတာဘုန်းကြီးဟာ သူ့ဘဝသက်တမ်းတစ်လျှောက် အကြီးဆုံးအမှားကို ကျူးလွန်လိုက်မိတယ်။ သေသူရဲ့ ညီလေးဟာ အားပေး နှစ်သိမ့်မှု လိုအပ်နေပြီလို့ သူ့ဘာသာသူ ဆုံးဖြတ်လိုက်ပြီး ဂျွန်နီကို ကြင်ကြင်နာနာနဲ့ အားပါးတရ ထွေးပွေ့နှစ်သိမ့်လိုက်တယ်။

နောက်တစ်မိနစ်အကြာမှာတော့ ပါစတာဟာ သူ့မွေးသမိခင် ကိုယ်တိုင် မမှတ်မိနိုင်လောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်သွားရှာတယ်။ ဂျွန်နီဟာ အခေါင်းနဲ့ ဖြစ်သွားပြီးသမျှကိစ္စရပ်တွေအတွက် အတိုးချပြီး ပါစတာကို ထုနေ ထောင်းနေ ဆော်နေ နှက်နေတယ်။ ဒါပေမဲ့လို့ အခြေအနေ ကတော့ ပြောင်းမသွားဘူး။ အမေရိကန်တွေဟာ ထွက်သွားမြဲ ထွက်သွားဆဲ၊ အခေါင်းပေါ်က ယုန်ကလေးတွေဟာ မြက်ခင်းပြင်မှာ ခုန်နေမြဲ ခုန်နေဆဲ၊ ပါစတာဘုန်းကြီးဟာ နေရာမှာ လဲနေမြဲ လဲနေဆဲ။

ညီလေးဟာ ပစ္စုပ္ပန်ကို ပြန်ရောက်လာတယ်။ ဘုန်းကြီးရဲ့ သွေးတွေပေနေတဲ့လက်ကို ဘောင်းဘီနဲ့ သုတ်လိုက်ပြီး အခေါင်းကို နာနာ ကျင်ကျင် တစ်ချက်ကြည့်ပြန်တယ်။ အထဲမှာ ကက်နက်ရှိနေရင် ဒါ ကမ္ဘာ ပျက်တာပဲ။ အထဲမှာ ကက်နက်ရှိမနေဘူးဆိုရင် သူ့အလောင်းက ဘယ်ရောက် သွားသလဲ။

အာရိယာန်အဖွဲ့ရဲ့ ဆီဒင်ဂိုဏ်းခွဲခေါင်းဆောင်ဘဝဟာ မစမီက ပျောက်နှင့်ပြီ။ ခု ငါးကြီးကြီးကို ကြော်ရတော့မယ်။ သူ့အစ်ကိုကို ဒီလို ဖြစ်အောင် လုပ်တဲ့လူတွေကို သတ်ရမယ်။ ကက်နက်အလောင်း ဘယ်မလဲ ဆိုတာကို ရှာရမယ်။

အို- ဘုန်းကြီးက လှုပ်နေပါလား။ ဂျွန်နီဟာ ဘုန်းကြီးနားနားကို ကပ်ပြီး တီးတိုးပြောတယ်။ သွေးအလိမ်းလိမ်းနဲ့ ဘုန်းကြီးက ခေါင်းညိတ် ပြတော်မူတယ်။ လှေကားပေါ်က လိမ့်ကျတာလို့ပြောဖို့ သဘောတူကြ တာလေ။

ဂျွန်နီဟာ ကားပေါ် တက်တယ်။ ဖုန်းခေါ်တယ်။ ရေခဲတိုက်ကို။ ရေခဲတိုက်မန်နေဂျာ ဘွားတော်ကြီး ဘီယာထရစ်ဘတ်ခ်က ဖုန်းကိုင်တယ်။ ဂျွန်နီက သူ့ကိုယ်သူ မိတ်ဆက်ပြီး မစ္စစ်ဘတ်ခ်အနေနဲ့ ဘယ်မှာရှိနေ တယ်ဆိုတာကို ပြောဖို့လိုအပ်ကြောင်း၊ သူ အခု ချက်ချင်းလာပြီး မစ္စစ်ဘတ်ခ် ကို သေအောင် ရိုက်သတ်မှာဖြစ်ကြောင်း ပြောလိုက်တယ်။

ဘီယာထရစ်ဘတ်ခ်ဟာ ကြောက်သွေးတက်သွားတယ်။ ကြောက်ဖို့ အကြောင်းကလည်း ခိုင်လုံနေတာကိုးလေ။

※※※

(၄၁) ဆွီဒင်

လုပ်ငန်းက အလွန်ကောင်း၊ စနေ တနင်္ဂနွေတောင် ဖုန်းက တဂွမ်ဂွမ်မြည်၊ ခုလဲ စနေ နေ့လယ်ခင်းကြီးကို ဖုန်းလာနေပြန်ပြီ။

“ဂုဏ်သိက္ခာဖြင့် သေဆုံးခြင်းကပါ၊ အဲ- ခု ချက်ချင်းသေရမယ်လို့ မဟုတ်ဘူးဗျ နော်”

အယ်လန် အမြဲထိုင်တတ်တဲ့ ဆိုဖာနားမှာ ဖုန်းက တင်ထားပြီး သူကလည်း ဘယ်မှမသွားတဲ့အခါကျတော့ ဖုန်းကို အယ်လန် ကိုင်မိတာပေါ့။

ဆက်တဲ့လူက အနီးနားမြို့ကလေးက ရေခဲတိုက် မန်နေဂျာ ဘီယာထရစ်ဘတ်ခ် ဆိုတဲ့မိန်းမကြီး။ သူက တုန်တုန်ယင်ယင်နဲ့ ပြောနေတယ်။ သူနဲ့ အယ်လန် မသိပါဘူး။ ဒါပေမဲ့ ဆဗင်းဟာ အဲဒီ ရေခဲတိုက်ကို အခေါင်းသွားသွားပို့တယ်ဆိုတာ အယ်လန်က သိနေတယ်။ မနေ့ကပဲ သွားပို့တယ် မှတ်တယ်။

ဘီယာထရစ်ဘတ်ခ်က ဟုတ်တယ်၊ မဟုတ်ဘူး ပြန်မပြောဘဲ တစ်ခုခုကို ပြောနေတယ်။ ဘာကိုပြောနေမှန်း မသိဘူး။ ဗလုံးဗထွေးနဲ့ ခဏနေတော့ ကျွန်မကို ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါရှင့်လို့ပြောရင်း ငိုချလိုက် ပါ လေရော။

အယ်လန်ဟာ ဆိုဖာပေါ်လှဲနေရာက ထထိုင်လိုက်တယ်။ ဒါ ခေါ်ရိုးခေါ်စဉ် ဖုန်းတွေနဲ့ မတူဘူးလေ။

“အဲ ကျုပ်က ခွင့်လွှတ်ပါတယ် မစ္စစ်ဘတ်ခ်၊ ဒါပေမဲ့ ဘာကို ခွင့်လွှတ်ရမှာလဲတော့ သိဖို့လိုသေးတယ်လေ၊ စနေနေ့ကြီး ဖုန်းခေါ်မိလို့လား၊ ဒါဆိုလည်း ပြန်ချလိုက်လေဗျာ၊ ပြီးတဲ့ဟာ ပြီးပါစေပေါ့”

အယ်လန်ဟာ ဘွားတော်ကြီးကို ငိုခွင့်ပြုထားလိုက်တယ်။ ဒါပေမဲ့ ဘာမှမပြောဘဲ ဝက်ကို တုတ်နဲ့ထိုးသလို တအီအီ ငိုချည်းနေတဲ့အခါ ကြတော့ စိတ်မရှည်တော့ဘူး။

“မစ္စစ်ဘတ်ခ် အကျိုးအကြောင်းပြောဖို့ အချိန်တန်ပြီလို့ မထင်ဘူး လား၊ နို့မဟုတ်ရင် ခွင့်လွှတ်တာကို ပြန်စဉ်းစားရလိမ့်မယ်”

“ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ အိုကေပါ -အို ဖြစ်မှဖြစ်ရလေ”

နောက်ဆုံးတော့ ဖြစ်ပုံပျက်ပုံကို သူ ဖောက်သည်ချနိုင်လာခဲ့တယ်။ စနေနေ့ ရေခဲတိုက်မှာ ဂျူတီကျရတာဟာ အလုပ်မများတဲ့အတွက် အင်မတန်လွယ်ပါတယ်။ ဒီနေ့ အလောင်းနှစ်လောင်းကို အခေါင်းနှစ်ခုထဲ ထည့်ပြီး သက်ဆိုင်ရာကို ပို့ရမယ်။ ပထမတစ်လောင်းက ကောင်မလေး၊ သူ့အတန်းဖော်တွေလာနိုင်အောင် သူ့မိသားစုက စနေနေ့ ရွေးလုပ်တာ။ နောက်တစ်လောင်းကတော့ ပြောမနေပါနဲ့တော့။

“သူတို့ကိုထည့်တဲ့ အခေါင်းတွေကို ဆဗင်းဂျွန်ဆင်က ဆေးခြယ်

ပန်းချီဆွဲခဲ့တာလေ”

ဂျူးလီးယပ်စ်နဲ့ ဆဗင်း ဘာတွေလုပ်နေလဲဆိုတာ အယ်လန်ဟာ အသေးစိတ်မသိပါဘူး။ ဒါပေမဲ့ ၁၂ နှစ်သမီး ကလေးမလေးရဲ့အလောင်း ထည့်ဖို့ အခေါင်းပန်းချီဆွဲနေတာ သူမြင်တယ်။ ချစ်စရာလေး၊ တတ်နိုင်ရင် သူ့အသက် ၁၀၁ နှစ်ထဲက နည်းနည်းလျှော့လိုက်ချင်သေးတယ်။ ငယ်ငယ် ရွှယ်ရွှယ်နဲ့ သက်တမ်းတိုလိုက်တာ။ နောက်တစ်လောင်းထည့်တဲ့ အခေါင်းက တော့ ပြောမနေပါနဲ့ဆိုပဲ။ ဘာလို့လဲ။

“အဲလ်ဗစ် ပရက်စလေ ပုံနဲ့အခေါင်းလား”

“မဟုတ်ဘူးရှင့်၊ စကြာတံဆိပ်တွေ၊ ကြက်ခြေခတ်ပုံတွေနဲ့ အတော်ဆိုးတဲ့အခေါင်း၊ အမလေး ကျွန်မ ဒီမှာ အလုပ်လုပ်တာ ဆယ့်ရှစ်နှစ်ရှိပြီရှင့် ဆယ့်ရှစ်နှစ်နော်၊ တစ်ခါမှ အမှားမလုပ်ဖူးပါဘူး”

“ခုချိန်ထိလား”

“ခုချိန်ထိပေါ့ ရှင့်”

ဘီယာထရစ်ဘတ်ခ်ဟာ ပြောရင်း ငိုသံပါလာပြန်တယ်။ အခေါင်း ချင်း မှားပို့မိသတဲ့လေ။

“ဟင် အဲသလိုလား ဒါဖြင့် ပြန်လဲလိုက် ပြီးရောမဟုတ်လား” မရတော့ဘူး။ ဖြစ်ပြီးတာ ဖြစ်ပြီးတာပဲ။ ခုမှတော့ သိပ်နောက်ကျ သွားခဲ့ပြီ။

မိနစ်ပိုင်းလေးပဲခြားပြီး သူ့ဆီ ဖုန်းနှစ်ခါဝင်တယ်။ ပထမတစ်ခါက အင်မတန်စိတ်ဆိုးနေတဲ့ ပါစတာဘုန်းတော်ကြီး၊ ၁၂ နှစ်သမီး အသုဘမှာ အင်မတန်ကြောက်စရာကောင်းတဲ့ အခေါင်းကို မိသားစုတွေမမြင်ခင် အသုဘ အခန်းအနားကို ပိတ်သိမ်းလိုက်ရသတဲ့။ နောက်တစ်ခါ ဖုန်းဝင်တာတော့ အမလေး။

“ဘယ်သူ့ဆီကလဲ”

“နောက်တစ်ယောက်က ကျွန်မကို သတ်မတဲ့၊ ခုလာနေပြီတဲ့လေ”

ဘီယာထရစ်ဘတ်ခ်က ရှိုက်နေပြန်တယ်။

သူများ မျက်ရည်ပေါက်ကြီးငယ်ကျနေတာကို ပိုပြီးခံစားရအောင် လုပ်ချင်စိတ် မရှိပါဘူး။ ဒါပေမဲ့ ပြောစရာရှိတာတော့ ပြောရလိမ့်မယ်။

“ဒီမယ် မစ္စစ်ဘတ်ခ်ရဲ့၊ တစ်ယောက်ယောက်က ခင်ဗျားကို သတ်မယ်လို့ပြောလာရင် ခုလိုထိုင်ပြီး ဖုန်းဆက်ရင်း ငိုနေတာထက်စာရင် တစ်နေရာရာကို ရှောင်နေတာ ပိုမကောင်းဘူးလားဗျ”

“ရှောင်နေရမှာက ကျွန်မ မဟုတ်ဘူးရှင့်၊ ရှင်တို့ ရှင်တို့”

အယ်လန်ဟာ အပေါ်ထပ်က ဂျွန်ဆင်နဲ့ ဂျွန်ဆင် အချစ်ငှက်ကလေး နှစ်ကောင်ကို အမြန်အော်ခေါ်တယ်။ သူတို့ဆင်းလာတဲ့အခါ အယ်လန့်ကို မတ်တတ်ရပ်လျက်သား မြင်ရတဲ့အတွက် အရေးတော်ပေါ်နေပြီဆိုတာကို ချက်ချင်းသိလိုက်ကြတယ်။

“ခင်ဗျားတို့ စကြာပုံနဲ့ ဟစ်တလာ အခေါင်းတွေဘာတွေများ

လုပ်မိကြသေးလား”

ဂျွန်ဆင်နဲ့ ဂျွန်ဆင်က ပြိုင်တူ ခေါင်းညိတ်ကြ။

“ဟာစ်တလာပုံတော့ မပါပါဘူး၊ သူ့ရဲ့ သဘောတရား ဝိဉာဉ် လောက်ပါ”

“အေး ခုပဲ ရေခဲတိုက်က ဖုန်းဆက်လာတယ်၊ စကြာပုံအခေါင်း နဲ့ ယုန်လေးတွေခုန်နေတဲ့အခေါင်း မှားပြီးပို့လိုက်လို့တဲ့၊ စကြာပုံအခေါင်းပိုင်ရှင် က အင်မတန် ဒေါသထွက်နေသတဲ့၊ ခုပဲ ရေခဲတိုက်ကို ဖုန်းဆက်ပြီး အဲဒီ က မန်နေဂျာမိန်းမကြီးကို သတ်မယ်လို့ ကြိမ်းသတဲ့”

“ဟင် အဲဒီတော့ ဘာဆက်ဖြစ်သတဲ့လဲ”

ဂျူးလီးယပ်စ်က ကြောက်ကြောက်နဲ့ မေးလိုက်တယ်။ “အဲဒီတော့ ရေခဲတိုက်မန်နေဂျာက အကြောက်လွန်ပြီး ကျုပ်တို့ကို အပြစ်ပုံချလိုက်မိသတဲ့၊ လိပ်စာလည်း ပေးလိုက်သတဲ့၊ ခု အဲဒီဒေါသသမား နာဇီဟာ ကျုပ်တို့ဆီ လာနေပြီ၊ ဒေါသထွက်နေတဲ့ နာဇီကို ပေါ့သေးသေး အောက်မေ့လို့တော့ မရဘူးခင်ဗျ”

“ဟင် ဟာ ဒါဆို ခု ထွက်မှ ဖြစ်မှာပေါ့”

“အင်း မှန်ကန်တဲ့ စစ်တမ်းထုတ်မှုပါပဲ ဂျူးလီးယပ်စ်၊ ကျုပ်တို့ လို..လို....”

လိုအပ်မယ့်ပစ္စည်းတွေ ယူရမယ်လို့ပြောမလို့ဘဲ၊ သူ့အလိုအပ်ဆုံး ဖြစ်တဲ့ တက်ပလက်မည်းကတော့ သူ့လက်ထဲမှာ။ ဒါပေမဲ့ သူ့စကားမဆုံးလိုက်ဘူး။ ငရဲပွက်တော့တာပဲ။ ပြတင်းပေါက် မှန်သုံးချပ်ဟာ ခွမ်းခနဲ ခွမ်းခနဲ ကွဲသွားတယ်။ ဒက်-ဒက်-ဒက်-ဒက် အသံတွေ မပြတ်ကြားနေရ တာကိုထောက်ရင် တစ်ယောက်ယောက်က လမ်းမပေါ်ကနေပြီး အော်တို မက်တစ် သေနတ်နဲ့ သူတို့ကို ဆက်တိုက်ပစ်နေတာပဲ။ ပထမဆုံးတစ်ခေါက် မှာ သုံးယောက်လုံး ကျည်မသင့်တဲ့အတွက် ဘေးတံခါးကနေ တွားသွားရင်း ကားဂိုဒေါင်ထဲရောက်ကြတဲ့အခါ နောက်ထပ်ပစ်သံတွေ ထပ်ထွက်လာပြန်တယ်။

ဆဗင်းက အသုဘကားကို မောင်းတယ်။ ဂျူးလီးယပ်စ်က အယ်လန့် ကို နောက်ခန်းထဲ ထည့်ပေးပြီး ဆဗင်းဘေးခုံမှာ ဝင်ထိုင်တယ်။

ကဲ သွားတော့ သွားတော့ ။

ဆဗင်းက ကားကို တအားမောင်းထွက်လိုက်တယ်။

“အနောက်မှာ ကျုပ်တယ်ဗျ၊ ကျုပ် အခေါင်းထဲ ဝင်နေလိုက်မယ် လေ၊ လူမရှိဘူး မဟုတ်လား”

အယ်လန့်အသံ ထွက်လာတယ်။

※

အသုဘကားဟာ မာစဝ့ာကနေ မောင်းထွက်ပြီး အီး ၄ အဝေးပြေး လမ်းမတစ်လျှောက် တောင်ဘက်ကို ဦးတည်လိုက်တယ်။ အဖြူရောင်နောက်ခံ မှာ အနီရဲရဲ နှင်းဆီပွင့်တွေနဲ့ အခေါင်းကတော့ တနင်္လာနေ့မှာ ပို့ရမှာဖြစ်ပေမယ့် ဘယ်သောအခါမှ ပို့ရတော့မှာ မဟုတ်ဘူး။ အထဲမှာ အိပ်လို့ကောင်းသား၊ ငြိမ့်နေတာပဲ၊ အောက်စီဂျင်ရအောင်သာလုပ်ထားမယ်ဆိုရင် အဖုံးပိတ်ထား

လို့တောင်ရတယ်။ ဒါဆို ဟို အချစ်ငှက်နှစ်ကောင် တွတ်ထိုးနေတာကို ကြားရတော့မှာ မဟုတ်ဘူး။ နားအေးပါးအေး ရှိမယ်။ ရှေ့ခန်းက အချစ်ငှက်တွေကတော့ သေနတ်သံကြောင့် ဆံပင်မွေးတွေထောင် နေကြပြီ။ အင်း ဒါမျိုး မကြုံဖူးကြဘူးထင်ပါရဲ့။ ၁၉၃၇ ခုနှစ် ဂွာဒါလာဂျာရာက အဖြစ်အပျက် တွေကို ပြန်သတိရမိတယ်။ မနေ့တစ်နေ့ကလိုပါပဲလေ၊ ဖရန်ကိုနဲ့ ဆုံဆည်းရာ ကာလများပေါ့။ အင်း ဖြစ်စရာရှိတာဟာ ဖြစ်တာပဲနော်။ ဒါကိုပဲ ဘဝလို့ ခေါ်တယ်ထင်ပါရဲ့။

လွန်ခဲ့တဲ့ အနှစ် ရှစ်ဆယ်လောက်တုန်းက အဖြစ်သနစ်တွေဆီ အယ်လန် စိတ်ကရောက်နေတုန်း ဂျူးလီးယပ်စ်ခမျာတော့ နှလုံးတွေ တဒိတ်ဒိတ်ခုန်ပြီး ဆဗင်းနားမှာ ငြိမ်ငြိမ်လေး ထိုင်လိုက်လာတယ်။ ဆဗင်းက အရှိန်တင်မောင်းလိုက်တယ်။ အယ်လန်ဟာ ဂျာကင်ကို ချွတ်ပြီး ခေါင်းကို ခုလိုက်တယ်။ တက်ပလက်ကို ထုတ်တယ်။ တော်သေးတယ်။ တက်ပလက် က ဘာမှမဖြစ်ဘူး။ သူ သတင်းတွေ ရှာလိုက်တယ်။

"ဟာ မာစဏ္ဍာမှာ ပစ်ခတ်မှုဖြစ်ပွားခြင်းတဲ့ဟေ့ ပါလာပြီ"

ရှေ့ခန်းကို သူအော်ပြောလိုက်တယ်။

"ဟုတ်လား"

ဆဗင်းက မေးလိုက်တယ်။

အယ်လန်က တက်ပလက်ကိုကြည့်၊ ဆဗင်းက ကားမောင်း၊ ဂျူးလီးယပ်စ်က ငြိမ်ငြိမ်လေး အကြောက်ဖြေရင်း သုံးဦးသား ကိုယ့်ကိုယ်ကိုယ် ကုသပြီး အသုဘကား ခေါ်ဆောင်ရာကို ပါလာကြတယ်။

ဂုဏ်သိက္ခာရှိစွာသေဆုံးခြင်း ကုမ္ပဏီဟာ ခုတော့ ဘာလုပ်ငန်းမှာ မလုပ်ရ ဘာဝင်ငွေမှ မရှိတဲ့လုပ်ငန်း ဖြစ်သွားပြီ။ ဘဏ်မှာရှိတဲ့ ကရိုနာ တစ်သိန်းလောက်ဟာ အခွန်မဆောင်ရသေးတဲ့အတွက် ဘဏ်မှာပဲ ဆက်ရှိနေ ရတော့မယ်။ ကုမ္ပဏီလူကြီးမင်းသုံးဦးဟာလည်း ခုတော့ တွေ့ရာသင်္ချိုင်း ခေါးမဆိုင်းတမ်းသတ်မယ့် နာဇီလက်က လွတ်အောင်ပြေးကြရပြီ။ သူတို့ ပြေးတဲ့ကားက အယောင်ဆောင်လို့မရတဲ့ အသုဘကားကြီး။

"ကားပြောင်းမလို့လား၊ ကျုပ်က ဒီမှာ ငြိမ့်နေတာ"

အယ်လန်က ကားပြောင်းမှာ စိုးရိမ်ပြီး ပြောလိုက်တယ်။

"ကားမပြောင်းခင် လမ်းပြောင်းကြစို့"

အဝေးပြေးလမ်းမ အီး ၄ ကနေ အပ်ပ်လန်ဗက်စ်ဘီကို ခွဲထွက်တဲ့ တောလမ်းကလေးထဲကို ဘယ်သူ့သဘောမှ မပါဘဲ ကွေ့ချရင်း ဆဗင်းက ကြေညာလိုက်တယ်။

※※※

(၄၂) ဆွီဒင်

စိတ်နောက်ကိုယ်ပါ လုပ်မိတယ်ဆိုတာ အမှန်ပဲ။ ဂျွန်နီဟာ အခေါင်းတွေကြား တည်တည်ငြိမ်ငြိမ် လျှောက် လှမ်းပြီး ဖြစ်ကြောင်းရယ် ကုန်စင်ကို ရှင်းပြရမယ့်အစား ပလက်ဖောင်းပေါ်ကနေ အသုဘအခေါင်းရောင်းတဲ့ ဆိုင်ထဲကို ခါးပေါ် စက်သေနတ်တင်ပြီး တရစပ်ပစ်နေတယ်။

သူ ပစ်သတ်လိုက်နိုင်တဲ့ တစ်ခုထဲသောအရာက တော့ အခေါင်းတွေနားက စားပွဲပေါ် ဖွင့်ရက်သား တင်ထားတဲ့ လက်ပ်တော့ပဲ။ ဆိုင်ထဲမှာ တန်ဖိုးရှိတာ ဘာဆိုဘာမှ မရှိ၊ လူလည်း မရှိ။

ဒါပေမဲ့လို့ ခြံဝင်းထဲကနေ မသာကားအမည်းကြီး မောင်းထွက်သွားတာ သူ မြင်ဖြစ်အောင် မြင်လိုက်တယ်။ ဘွားတော်ကြီးတစ်ဖွဲက မောင်း၊ ဘိုးတော်ကြီး တစ်ဖွဲက ဘေးက ထိုင်လိုက်သွားတယ်။

ခု သူတို့ထွက်သွားတာ ငါးမိနစ်လောက်ရှိပြီ။

ဘယ်သွားမှန်း အတိအကျမသိပေမယ့် အဝေးပြေးလမ်းမ အီး (၄) အတိုင်း တောင်ဘက်ကို သွားမယ်လို့ ခန့်မှန်းမိတယ်။ စောက်မသာကားလောက်များ ငါးမိနစ်မကလို့ နာရီဝက်အကျောပေးထားလည်း မီအောင်လိုက်နိုင်တယ်။

ဂျွန်နီဟာ သူ့ရဲ့ ဘီအမ်ဒဘလျူ ကားပေါ်တက်ပြီး စတော့ဟုမ်း ဘက်ကို တစ်နာရီ ၁၇၅ ကီလိုမီတာနှုန်းနဲ့ မောင်းထွက်လိုက်တယ်။ ရှေ့မှာ မသာကား တွေ့တော့မလားလို့ အာရုံစိုက်ပြီး ကြည့်လာတယ်။

အပ်ပ်လန် ဗက်စ်ဘီ တောင်ဘက်နားကိုရောက်တဲ့အခါ သူ့အခြေ အနေဟာ သိပ်မဟန်မှန်း သူ ရိပ်မိလာတယ်။ တကယ်လို့သာ ရှေ့က မသာကားဟာ စတော့ဟုမ်းမြို့လယ်ကောင်ကို ဦးတည်နေရင် ဒီလောက်ဆို မီသင့်ပြီ။ ခု အစအနတောင် မတွေ့သေးဘူး။

ဆိုလန်တူနာနဲ့ ကစ်စတာ ကြားရောက်တော့ သူ လက်မြှောက်လိုက်တယ်။ ကားအရှိန်ကို လျှော့ချလိုက်တယ်။ အဝေးပြေးလမ်းကနေ ခွဲထွက် သွားတဲ့ ထွက်ပေါက် တစ်ဒါဇင်လောက်ကို သူ ကျော်လာခဲ့ပြီ။ ဆက်လိုက် နေလို့ အကြောင်းထူးဖို့မရှိဘူး။ ဒါကြောင့် အိမ်ပြန်ပြီး ဘာဆက်လုပ်မလဲ ဆိုတာကို အစီအစဉ်ချတာ အကောင်းဆုံးပဲ။ ဟုတ်တယ် - ပြန်မယ်။

※

အသုဘကားဟာ မာလာဘာဂန်ကနေ အဝေးပြေးလမ်း ၂၆၇၊ အဲဒီကနေ အီး (၁၈) အဝေးပြေးလမ်းမပေါ်တက်ပြီး အော်စလိုကို ဦးတည်နေတယ်။

"အော်စလိုသွားမယ်လား . . . ကောင်းတယ် ကောင်းတယ် ကျုပ် အော်စလို တစ်ခါမှ မရောက်ဖူးဘူး"

အယ်လန်က ပြောလိုက်တယ်။

"မရောက်ဖူးလည်း ထားလိုက်တော့၊ ကျွန်မတို့က အော်စလို ဘာသွားလုပ်ရမှာလဲ" လို့ ဆဗင်းက မေးလိုက်တယ်။

အင်းလေ- အော်စလို မသွားရင် ဘယ်သွားကြမလဲ။ အသက်ဇီဝကို ရှင်သန်အောင် ဘယ်လိုမွေးမြူကြမလဲ။ ဘယ်လိုနေထိုင်စားသောက်ကြမလဲ။

နော်ဝေမြို့တော်ကို ဦးတည်နေတဲ့လမ်းမှာ ကီလိုမီတာ တစ်ဒါဇင် လောက် ဆက်သွားပြီးတဲ့အခါ ဆဗင်းဟာ ဦးတည်ရာမဲ့ တောင်ဘက်ကို ကွေ့ချလိုက်ပြန်တယ်။ နောက်မိနစ် နှစ်ဆယ်အကြာမှာ အယ်လန်ဟာ တက်ပလက်ထဲကနေ အကြောင်းအရာသစ်တစ်ခုကို တွေ့လိုက်ရတယ်။

စတော့ဟုမ်းမြို့လယ်ကောင်မှာ အကြမ်းဖက်မှုတစ်ခု ဖြစ်သွားသတဲ့။ ထရပ်ကား တစ်စီးဟာ လူအုပ်ထဲ ဝင်တိုက်ပြီး သေနတ်တွေနဲ့လည်း ပစ်သတဲ့။

ဒီတခါမှာတော့ ဂျူးလီးယပ်စ်ရော ဆဗင်းပါ အယ်လန့်ကို သတင်း ခပ်ကျယ်ကျယ် ဖတ်ပြဖို့ တောင်းဆိုကြတယ်။

အင်း - လွန်ခဲ့တဲ့ နာရီပိုင်းအတွင်း ဖြစ်သွားခဲ့တာ။ ထရပ်ကားဒရိုင်ဘာ ကတော့ လွတ်သွားသတဲ့။ တရားခံတစ်ယောက်မှ လက်ဝယ်ပိုင်ပိုင် မမိဘူး။ ဒါကြောင့် ရဲတွေဟာ တစ်မြို့လုံးကို ပိတ်ဆို့ရှာဖွေနေသတဲ့။ လူတိုင်းဟာ ကြောက်နေကြသတဲ့။ တက်ပလက်က ဒီထက်ပိုပြီး ဘာမှ မပြောပြနိုင်တော့ ဘူး။

ကြောက်စရာပဲ။ ကြောက်စရာပဲ။

ရဲတွေနဲ့ ရှာဖွေရေးတွေ တင်းကြမ်းဆိုတော့ မြို့တော်နဲ့ ဝေးလေ ကောင်းလေပေါ့။ ဂျူးလီးယပ်စ်ရဲ့ အတွေးမဆုံးသေးခင် ဆဗင်းဟာ ရဲလုံခြုံရေး ဂိတ်တစ်ခုဆီ တန်းတန်းမတ်မတ် မောင်းမိရက်သား ဖြစ်နေခဲ့ပြီ။

"အလို... ကျုပ် ခေါင်းအဖုံးကို ပိတ်ထားမယ်နော်"

အယ်လန်က ပြောပြောဆိုဆို ခေါင်းအဖုံးကို ပိတ်လိုက်တယ်။

ရဲအရာရှိ နှစ်ယောက် ရောက်လာတယ်။ တစ်ယောက်က အလေး ပြုလိုက်ပြီး စတော့ဟုမ်း အကြမ်းဖက်မှုကြောင့် ခုလို ရှာဖွေစစ်ဆေးရေးတွေ လုပ်ရတာဖြစ်ကြောင်း ရှင်းပြတယ်။

"ကျွန်မတို့လည်း ခုပဲ ကြားပါတယ် ကြောက်စရာပဲနော်"

ရဲအရာရှိဟာ ဆဗင်းနဲ့ ဂျူးလီးယပ်စ်ကို ကြည့်လိုက်တယ်။ နောက်ခန်းက အခေါင်းကြီးကိုလည်း ကြည့်တယ်။ သူတို့ တရားဝင်လုပ်ငန်း လုပ်ကြမယ်လို့ မျှော်လင့်ပါတယ်လို့ ပြောလိုက်တယ်။

"ဟုတ်ပါတယ်ရှင့်" ဆဗင်း

"တရားဝင်လုပ်ငန်းပါခင်ဗျ" ဂျူးလီးယပ်စ်

တရားဝင်လုပ်ငန်းသာဆိုတယ် ဝတ်ထားစားထားကြတာလည်း ကြည့်ပါဦး၊ ဂျူးလီးယပ်စ်က ရောင်စုံဂျာကင်၊ ကြေမွနေတဲ့ ရှပ်အင်္ကျီနဲ့ ဂဘာဒင်း ဘောင်းဘီနွမ်းနွမ်း၊ ဆဗင်းရော ဆဗင်းကတော့ ဆွဲပြားတွေ အများကြီးဆွဲထားတဲ့

ဂျစ်ပ်ဆီမကြီး ဒီဇိုင်းနဲ့လေ။

သံသယစိတ်ထားဖို့ဆိုတာက ရဲလုပ်ထုံးလုပ်နည်းပဲလေ။ ကဲ ဆက်မေးဦးမယ်။

“မှတ်ပုံတင်ကလေးတွေ ကြည့်ပါရစေ”

“ဟုတ်ကဲ့ရှင့်၊ အဲ မဟုတ်ဘူးရှင့်၊ ကျွန်မ အသုဘခေါင်းဆိုင်မှာ ပိုက်ဆံအိတ် ကျန်ရစ်ခဲ့တယ် ထင်ပါရဲ့၊ အခြေအနေတွေက အဲသလိုကိုးနော်”

ဒါပေမဲ့ သူ့ခြေထောက်နားက ဆဗင်းရဲ့ လက်ကိုင်အိတ်ကို ဂျူးလီးယပ်စ်က ရှာတွေ့သွားတယ်။ အထဲက ဆဗင်းရဲ့ ယာဉ်မောင်းလိုင်စင် ရယ် သူ့ရဲ့ သံတမန် နိုင်ငံကူးလက်မှတ်ရယ်ကို ထုတ်ပေးလိုက်တယ်။

“ဟင် ဆရာကြီးက သံတမန်လား”

နိုင်ငံကူးလက်မှတ်ကိုကြည့်ရင်း ရဲက အံ့သြတကြီးမေးတယ်။

“ဟုတ်ပါ့ နယူးယောက် သံရုံးကနေ အိမ်ပြန်လာတာလေ”

“အလို ဝါရှင်တန်သံရုံး မဟုတ်ဘူးလား”

“အဲ အဲ နယူးယောက် ကုလသမဂ္ဂ ရုံးချုပ်၊ အဲဒီကတစ်ဆင့် ဝါရှင်တန်က သံရုံးလို့ ဆိုလိုတာပါ”

ရဲအရာရှိဟာ ဂျူးလီးယပ်စ်ကို စေ့စေ့ကြည့်တယ်။ အတော်ကြာကြာ ကြည့်တယ်။

"ခဏလေး ခင်ဗျ”

ရဲနှစ်ယောက်ဟာ ဟိုဘက်သွားပြီး တီးတိုးစကားဆိုကြတယ်။ ပြီးတော့ ပြန်လာတယ်။

“ကောင်းသောနေ့ပါခင်ဗျ”

တခြား ရဲတစ်ယောက်က သူတို့ကို နှုတ်ဆက်လိုက်တယ်။

“ကောင်းသောနေ့ပါ ရဲမင်းကြီး၊ ကျွန်မတို့ အရေးတကြီး ပစ္စည်း ပို့စရာရှိလို့ပါ၊ ပြဿနာများရှိလို့လား ရဲမင်းကြီး”

“ရဲအရာရှိပါခင်ဗျာ၊ ပြဿနာမရှိပါဘူး၊ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ရတာပါ၊ နောက်ခန်းလေး တစ်ချက်ဖွင့်ပြပါ”

အမလေး အဲဒါဟာ ဆဗင်း မလုပ်ချင်ဆုံး ကိစ္စပေါ့။

“အို ရဲ အရာရှိမင်းရယ်၊ သေသူကို လေးစားသင့်ပါတယ်”

သေသူကိုလေးစားပါတယ်။ ဒါပေမဲ့လို့ နိုင်ငံ့လုံခြုံရေးက ဦးစားပေး ကိစ္စပဲ။ ဒါကြောင့် ရဲအရာရှိဟာ နောက်ခန်းကို ဖွင့်တယ်။ အဖြူရောင်မှာ နှင်းဆီပန်းတွေ ဝေနေတဲ့ အခေါင်းကြီးကို ကြည့်တယ်။ ခွင့်လွှတ်ဖို့ စိတ်ထဲက ပြောရင်း ခေါင်းဖုံးကို ဖွင့်လိုက်တယ်။

“ငြိမ်းချမ်းပါစေ ရဲမင်းကြီး၊ အဲ အရာရှိမင်း- အိပ်လျက်သား နှုတ်ဆက်ရတာကို ခွင့်လွှတ်ပါ ခင်ဗျ”

ရဲအရာရှိဟာ အလန့်တကြားနောက်ဆုတ်ရင်း ဖင်ထိုင်လျက် ပစ်လဲ

ကျသွားတယ်။ သူ့အဖော်ရဲကလည်း ရုတ်တရက် စကားမပြောနိုင်လောက် အောင် တုန်လှုပ်သွားတယ်။

ကိစ္စတွေရှင်းသွားတဲ့အခါမှာတော့ အသုဘလုပ်ငန်းရှင် နှစ်ယောက်နဲ့ စကားပြောတဲ့ မသာကြီးတို့ကို အက်စ်ကီလ်စတူးနားက ရဲစခန်းကို မေးဖို့ မြန်းဖို့ အစောင့်အရှောက်နဲ့ ခေါ်ဆောင်သွားခြင်း ခံရတော့တယ်။

ကနဦး မေးမြန်းပြီးတဲ့အခါမှာတော့ လေသံတွေ အတော်ပျော့သွားကြတယ်။ စစ်ဆေးရေးခေါင်းဆောင် ဟုမ်းယွန်းဟာ ဒီထူးခြားတဲ့အခြေအနေကို စတော့ဟုမ်းက အကြမ်းဖက်မှုနဲ့ ဘယ်လိုမှ မပတ်သက်ဘူးလို့ သဘောပေါက်လိုက်တယ်။

ဆဗင်းက သူတို့ဟာ အခေါင်းထုတ်လုပ်သူတွေဖြစ်ကြောင်း၊ တောင်ဘက်ပိုင်းကို လုပ်ငန်းကိစ္စနဲ့ သွားတာဖြစ်ကြောင်း၊ အသုဘယာဉ်က ရှေ့မှာ နှစ်ယောက်ပဲဆံ့လို့ ခုလိုဖြစ်သွားတာဖြစ်ကြောင်း ရှင်းပြတယ်။

ဟုမ်းယွန်းက ဒီစကားကို နားထောင်ပြီး ပြန်ပြောတယ်။

"အဲဒါ တရားမဝင်ဘူးဗျ၊ ကားပေါ်ကလူတိုင်း ခါးပတ်ပတ်ရမယ်။ ရှေ့ခန်းမှာ စီးတဲ့လူတွေ ခါးပတ်ပတ်ရရမယ် ဆိုတဲ့ ဥပဒေကို ၁၉၇၅ မှာ ထုတ်တယ်။ နောက်ခန်းမှာ ထိုင်တဲ့လူလည်း ခါးပါတ် ပတ်ရမယ် ဆိုတာကို ၁၉၈၆ မှာ ထုတ်ပြန်ထားတယ်"

"အိုး ကျုပ်က ထိုင်စီးတာ မဟုတ်ဘူး။ အိပ်စီးတာလေ၊ အခေါင်း ထဲမှာလေ"

အယ်လန်က စောဒက တက်ကြည့်လိုက်တယ်။ ဒါပေမဲ့ ဟုမ်းယွန်းကို ဒါမျိုးလာလုပ်လို့ ဘယ်ရပါ့မလဲ။ "ခင်ဗျားနာမည် ကားလ်ဆန်နော်၊ ခု ကျွန်တော်က ခင်ဗျားတို့ကို လွှတ်ပေးမလို့ဘဲ၊ ဒါပေမဲ့ ခင်ဗျားခု လို နှုတ်လှန်ထိုးနေရင် ကျွန်တော် ပြန်စဉ်းစားရလိမ့်မယ်"

"မလုပ်ပါနဲ့ အရာရှိမင်းရဲ့၊ ကားလ်ဆန်က ၁၀၁ နှစ်ဆိုပေမယ့် ၁၁၁ နှစ်သားလောက်ကို နားက လေးတယ်ခင်ဗျ၊ သူပြောတာကို လျစ်လျူ ရှုထားပါ၊ သူ့ကို မဖြစ်ဖြစ်အောင် ခါးပတ်ပတ်ပေးပါ့မယ် ကျွန်တော်တို့ ကတိပေးပါတယ်၊ သူ့ကို ထောင်သားတွေဝတ်တဲ့ အင်္ကျီမျိုးဝတ်ပြီး ချုပ်ထား မလို့တောင် ကြံစည်ထားတာဗျ"

"ဟုတ်တယ်ခင်ဗျ၊ ကျွန်တော် နားလေးတယ်လို့ ပြောတာ ကြားတယ်ခင်ဗျ၊

ကျွန်တော်ပြောမိတာအတွက် တောင်းပန်ပါတယ်ခင်ဗျ"

ဟုမ်းယွန်းဟာ ခေါင်းညိတ်လိုက်တယ်။ သူ့မှာ အရူးအနှမ်းတွေ အတွက် အချိန်မရှိဘူး။ သူတို့ကို ထပ်မေးမြန်းစုံစမ်းနေစရာလည်း မလိုတော့ ဘူး။ ကိစ္စက ပြီးနေပြီလေ။

"ကဲ သွားတော့၊ ကားလ်ဆန် အခေါင်းထဲ ဝင်စီးမယ်ဆိုရင် သူ့ကို မလှုပ်နိုင်အောင် တုပ်ထားတာကောင်းမယ်။ သူ အသက်ရှင်နေသေး မယ်ဆိုရင်ပေါ့၊ ဒါဆို ဘာမှ ပြောနေစရာမလိုတော့ဘူး"

ကားထဲပြန်ရောက်ကြတဲ့အခါ ဂျူးလီးယပ်စ်က အယ်လန့်အတွက် ခါးပတ်တစ်မျိုးမျိုးလုပ်ကြဖို့ ပြောတယ်။

"အိုး ဂျူးလီးယပ်စ်ရေ မေ့ပစ်လိုက်စမ်းပါ နောက်တစ်ခါဆို ကျုပ် ဘာမှမပြောတော့ဘူး သေချင်ယောင်ဆောင်နေမယ်" လို့အယ်လန်က အခေါင်းထဲကနေ ပြောလိုက်တယ်။

※※※

(၄၃) ဆွီဒင်

တစ်ရက်အတွင်း ဖြစ်ပျက်သွားသမျှကိစ္စတွေဟာ သိပ်များတာပဲ။ အက်စ်ကီလ်စတူးနား အရှေ့ဘက်ပိုင်း ချောင်ကျကျ တစ်နေရာမှာ ဆဗင်းဟာ ပင်စင်စား အဘိုးကြီး အဘွားကြီးတွေ ဖွင့်လှေ့ရှိတဲ့ တည်းခိုဆောင် ကလေး တစ်ခုကို တွေ့လိုက်ရတော့ နားကြဖို့ ဆုံးဖြတ် လိုက်တယ်။ စိတ်မောလူမော ဆိုတော့ အသက်လေး ဝဝရှူ အစာလေး စားပြီး နေဖို့လိုတာပေါ့။

ပြဿနာကတော့ သူတို့မှာ အိမ်ရော၊ အလုပ်ခန်း ရော၊ စီးပွားရေးရော၊ အနာဂတ်ပါ အားလုံး ဆုံးရှုံးသွား ခဲ့ပြီ။ ကျန်တာဆိုလို့ ဒီမသာကားကြီးပဲ ရှိတယ်။

တည်းခိုဆောင်မန်နေဂျာဟာ အသက် ၇၅ နှစ်လောက်၊ တုတ်တုတ်တောင့်တောင့် မစ္စစ်ယွန်းဘော ဆိုတဲ့ ဘွားတော်ကြီး။ ဘာမပြောညာမပြောနဲ့ ဘွားခနဲ ပေါ်လာတဲ့ ဧည့်သည်တွေကို သူက အားပါးတရ ကြိုဆိုတယ်။

"ကြွကြွပါ အသုဘလုပ်ငန်းရှင်ကြီးများရှင့်၊ ကျွန်မမှာ အခန်း ငါးခန်း ရှိတယ်။ အဲ-ငါးခန်းလုံး လွတ်နေတယ်။ လူကြီးမင်းများ ကြိုက်ရာ သာ နေကြပေတော့၊ ညစာများ သုံးဆောင်ပြီးကြပြီလား၊ ပဲစွပ်ပြုတ်နဲ့ ဝက်ပေါင် ခြောက်၊ ဒါမှမဟုတ်-အဲ ပဲစွပ်ပြုတ်နဲ့ ဝက်ပေါင်ခြောက် စားကြမလားရှင့်"

အယ်လန့်အလိုအားဖြင့်တော့ ပဲစွပ်ပြုတ်နဲ့ ဝက်ပေါင်ခြောက်ဟာ ဘယ်သူ့ကိုမှ နှစ်သက် ဝမ်းမြောက်အောင် မစွမ်းဆောင်နိုင်ပေဘူး။ သောက်စရာလေးများ မပါခဲ့ရင်ပေါ့။

"ကောင်းသားပဲ ခင်ဗျ၊ သောက်စရာကရော၊ ဘီယာများလား"

"နွားနို့ပေါ့ရှင့်"

"ဩော်.. ဟုတ်ပ ဟုတ်ပ"

※

စွပ်ပြုတ်သောက်ပြီးကြတဲ့အခါ ဆဗင်းက သူနဲ့ ဂျူးလီးယပ်စ် စပ်တူငှားထားတဲ့ အခန်းထဲမှာ အစည်းအဝေး ခေါ်တယ်။ ခု အခေါင်း အလှဆင်လုပ်ငန်းဟာ သေဆုံးသွားခဲ့ပြီ။ တစ်စုံတစ်ယောက်က သူတို့ကို ဖြစ်စေချင်တဲ့အခြေအနေပေါ့။ သူတို့ကို ရန်လုပ်နေတဲ့ နာဇီဟာ ဆဗင်းရဲ့ နာမည်ကို သိလောက်ပြီလို့ ယူဆရတယ်။ လုပ်ငန်းမှာ ဆဗင်းက အဓိကကိုး။ ကုမ္ပဏီမှတ်ပုံတင်ရုံးကတစ်ဆင့် အယ်လန်ရဲ့ နာမည်ကိုလည်း သိချင်သိမယ်။ ဒါပေမဲ့လို့ ဘယ်ထဲမှမပါတဲ့ ဂျူးလီးယပ်စ်ကိုတော့ သိမှာမဟုတ်ဘူး။

"ကဲ ခု ကျွန်မတို့ ဝင်ငွေရဖို့ တစ်ခုခုလုပ်ရလိမ့်မယ်၊ ရှိတဲ့ငွေတွေ ကုန်မသွားခင်ပေါ့၊ ဒီအတွက် ဘာအကြံဉာဏ်များရှိကြလဲ"

ဂျူးလီးယပ်စ်မှာ အရင်ထဲက အတွေးတစ်ခုရှိခဲ့ပါတယ်။ အစကတော့ ခပ်ပေါ့ပေါ့ပေါ့။

ခုတော့------------။

"အချစ်ရေ- မင်းအမေကို ဂုဏ်ပြုသောအားဖြင့် ဟိုမှာဘက်ခြမ်းက လောကနဲ့ ဆက်သွယ်တဲ့အလုပ်ကို ပြန်လုပ်ကြရင် ဘယ်နှယ့်လဲ"

ဒီစကားကြားရတဲ့အခါ အယ်လန်ဟာ အလွန်အင်မတန် စိတ်လှုပ်ရှား သွားတယ်။ သေသွားပြီးတဲ့လူတွေနဲ့ စကားပြောရမယ်ဆိုတာ အင်မတန် စိတ်လှုပ်ရှားစရာပဲလေ- နော်။ စိတ်ဝင်စားစရာလည်း ကောင်းတယ်။ ဒါပေမဲ့ လို့ ငွေရနိုင်တဲ့ တခြားရွေးစရာတွေ ရှိပါသေးတယ်။ သူ မန်ကိုပင်း လူအိုရုံမှာ နေတုန်းက ဘေးအခန်းကလူ ပြောတာကြားဖူးတယ်။ သူ့အလုပ်က ဖင်လန် မှာ တွင်းတူးတဲ့အလုပ်တဲ့။ ဖင်လန်ဆောင်းတွင်းမှာ ကျင်းတူးတယ်ဆိုတာ စိတ်လှုပ်ရှားစရာအလုပ်ပဲလေနော်။ တစ်နာရီတူးပြီးတိုင်း ဆယ်မိနစ် နားကြ သတဲ့။ ဒါပေမဲ့ ပြီးတာနဲ့ ပြန်တူးရတာပဲတဲ့။ ဒါမှ ခဲမသေမှာပေါ့တဲ့။

ဆဗင်းဟာ အယ်လန်ပြောတာကို နားမထောင်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဂျူးလီးယပ်စ်ကတော့ အဲသလိုလုပ်ကြမလားလို့ စောက်လိုက်ကန်းဆိုး မသိ မေးသေးတယ်။

"မလုပ်ဘူး၊ ဘာလို့လုပ်ရမှာလဲ၊ နေဦး၊ အင်း၊ လုပ်သင့်ရင်လည်း လုပ်ရမှာပေါ့၊ အခြေအနေပေါ် မူတည်တာပေါ့"

တကယ်လို့သာ ဆဗင်းရဲ့အမေဟာ တကယ်ပဲ ဝိညာဉ်လောကနဲ့ ဆက်သွယ်နိုင်တဲ့ အစွမ်းရှိတယ်ဆိုရင် ဆဗင်းဟာ သူ့အမေရဲ့အမွေကို တစ်ပြားသားတောင် မဆက်ခံထားဘူးလို့ ပြောရလိမ့်မယ်။ ဒါဆို အလုပ်ဖြစ်မှာ မဟုတ်ဘူး။

ဒါပေမဲ့လို့ ဆဗင်းအမေဟာ အယောင်ဆောင်တာ၊ ဒါမှမဟုတ် ဆေးကြောင်ပြီး ထင်မိယောင်မှားတွေလုပ်တာဆိုရင်တော့ တစ်မျိုးပေါ့လေ။ အလုပ်ဖြစ်နိုင်ချေရှိတယ်။

ဂျူးလီးယပ်စ်ကတော့ အယောင်ဆောင် လူလိမ်တွေဟာ ချစ်စရာ ကောင်းတယ်လို့ယူဆသူ လူနည်းစုထဲ ပါတယ်လေ။ ဒါကြောင့်မို့ ဆဗင်းကို အားပေးတယ်။ ဘာမှမပူနဲ့တဲ့။

ဆဗင်းကလည်း ချစ်သူရဲ့စကားလုံးတွေကြောင့် ကျေးဇူးပါတဲ့။ ဒါပေမဲ့ သူ့အမေနဲ့ နည်းလမ်းတွေကို ပုံတူပွားတာလောက်တော့ သူ တတ်နိုင် သတဲ့။ နည်းလမ်းသစ်တွေတောင် ထွင်ချင် ထွင်နိုင်ဦးမတဲ့။

"အမေ အမေ"

အမေဟာ သူ့လုပ်ငန်းကို အမြင့်ဆုံးအဆင့်ထိ ရောက်ချင်တဲ့ စိတ်ဆန္ဒ အမြဲရှိခဲ့တယ်။ ဆဗင်းဟာ သူ့အမေစကားတွေကို အလွတ်ရမတတ် ပဲ။ ဒါပေမဲ့လို့ နောက်ဆုံးမှာတော့ ဘာဆိုဘာမှ မဖြစ်ဘဲ အမေ့ခမျာ အိပ်ရာထဲသာ

ဗုန်းဗုန်းလဲရရှာ။

အမေ့ဇာတ်လမ်းတွေထဲမှာ အများဆုံးကြားခဲ့ရတာကတော့ အိုလီကိုရင်ကိုနဲ့ ပတ်သက်တဲ့ အကြောင်းပဲ။ ဝိညာဉ်လောကနဲ့ ပတ်သက်လို့ ဘုရင်တစ်ဆူလို ကျော်ကြားတဲ့ အိုလီကိုရင်ကိုဟာ သက်ရှိထင်ရှား ရှိနေသေး သလား၊ သေပြီလား၊ ဒါကို အင်တာနက်မှာရှာကြည့်ရင် ကောင်းမယ် ထင်တယ်။

"ဟင် ဘာနဲ့ရှာကြည့်မှာလဲ၊ ကျုပ်တက်ပလက်ကိုတော့ မထိနဲ့ နော်"

"အို ကျိန်းသေပေါက် ထိရမှာပေါ့"

※※※

(၄၄) ဆီဗီဒင်

သူတို့ကလည်း ဂျွန်နီကို မဆက်သွယ်၊ ဂျွန်နီက လည်း သူတို့ကို အဆက်သွယ်မခံဘဲ အမေရိကန်တွေဟာ လော့စ်အိန်ဂျယ်လီစ်ကို ပြန်သွားခဲ့ကြတယ်။ ရဲရဲတောက် နီယို နာဇီခေါင်းဆောင် အစ်ကိုကို စောက်ယုန်စုတ်တွေ သွားဖြဲပြီး မြက်ခင်းပေါ် ခုန်နေတဲ့ အခေါင်းနဲ့ထည့်ပြီး အသုဘချတဲ့ အကောင်နဲ့ပတ်သက်လို့ ဘာမှ ပြောနေစရာ မလိုဘူး မဟုတ်လား။ ဒီ ခွေးမသားကို သေအောင် ရိုက်သတ်ပစ်ခဲ့ရမှာ။ ဒါပေမဲ့ ပြဿနာက ဒီအကောင်ဟာ ကက်နက်ရဲ့ညီ ဖြစ်နေတယ်။ ဒါကြောင့် သတ်ပစ်လို့ တော့ မဖြစ်သေးဘူး။ ဒါပေမဲ့ စတော့ဟုမ်းဂိုဏ်းခွဲကို တော့ ပိတ်ပစ်ရမယ်။ စတော့ဟုမ်းဂိုဏ်းခွဲဟာ တည်ထောင်သူနဲ့အတူ သေဆုံးသွားခဲ့ပြီ။ အာရိယာန်မိတ်ဆွေများကို ထောက်ပံ့မယ့် အနာဂတ်အစီအမံအားလုံး ခုချက်ချင်း ဖျက်။

ဂျွန်နီကတော့ အနာဂတ်နဲ့ ပတ်သက်လို့ အကောင်းမြင်နေပါသေးတယ်။ အသုဘကိစ္စကို ယီးတီးယားတားလုပ်တဲ့ နွားတွေကို မှန်မှန်ကန်ကန် စီရင်ပြီးရင် လော့စ်အိန်ဂျယ်လီစ်နဲ့ ပြန်ဆက်သွယ်ဖို့ ကြိုးစားမယ်။

ရေခဲတိုက်မန်နေဂျာ အကောင်မကြီးဆီက သိရတာကတော့ ကက်နက်ဟာ မှန်ကန်တဲ့အခေါင်းထဲမှာ ရှိသတဲ့။ ဒါပေမဲ့ မှားယွင်းစွာ ယူဆောင်သွားခြင်းခံရတယ်။ ခုတော့ အခေါင်းချင်းပြန်လဲပြီး အသုဘကိစ္စကို ပြန်လုပ်ရမယ်။ ဒါပေမဲ့လို့ မတော်တဆ ပြုတ်ကျခဲ့တဲ့ ပါစတာဘုန်းတော်ကြီး ဟာ ဆေးရုံက မဆင်းရသေးဘူး။ နောက်ထပ် ဘုန်းကြီးအသစ် မရှာနိုင်ဘူး။ အချိန်မရှိဘူး။ ဂျွန်နီဟာ တွေ့ရာ လမ်းထောင့်ဆိုင်ကနေ ကျူးလစ်ပန်းတွေ ဝယ်ပြီး ဆေးရုံကို သွားတယ်။ ပါစတာက သူ့ကို ကြိုဆိုနှုတ်ဆက်တယ်။ နှာခေါင်းရိုးနဲ့ ညာဘက် ပါးရိုးကျိုးသွားတဲ့အတွက် နောက် ခြောက်ပတ်ကနေ ရှစ်ပတ်အတွင်းမှာမှ လုပ်ငန်းခွင် ပြန်ဝင်နိုင်မတဲ့။

"နှစ်ပတ်ခွဲအချိန်ရမယ်" လို့ ဂျွန်နီက ဆုံးဖြတ်ပေးလိုက်တယ်။

ဒီကြားထဲတော့ ရေခဲတိုက်မှာပဲနေဦးပေါ့ ကက်နက်ရာလို့ စိတ်ထဲက ပြောလိုက်တယ်။ မြေကြီးထဲထက်စာရင် ရေခဲတိုက်က အအေးသက်သာ မှာပါနော်။

လုပ်ရမယ့်ကိစ္စတွေကတော့ ရှင်းပါတယ်။ အခေါင်းလုပ်တဲ့ဟာတွေ သေစေရမယ်။ သူတို့လုပ်တဲ့အခေါင်းထဲ ပြန်ဝင်ကြပေရော့။ သူတို့မှာ ဝက်ဘ်ဆိုက်ရှိတဲ့အတွက် ဒီလုပ်ငန်းကို ဦးဆောင်လုပ်တာဟာ ဆဗင်းဂျွန်ဆင် ဆိုတာကို ဂျွန်နီက သိတယ်။ ဒါပေမဲ့ အခေါင်း အော်ဒါမှာတုန်းက ဖုန်းကိုင် တာ ယောက်ျားကြီးပါ။ ဒီလူဟာ အသုဘကားမောင်းတဲ့ ဆဗင်းဘေးမှာ ထိုင်လိုက်တဲ့လူဖြစ်မယ်။ အေးလေ- ဆဗင်းကိုတွေ့ရင် အဲဒီ ထူးဆန်းတဲ့လူ ကိုလည်း မိမှာပဲ။

သူတို့အကြောင်း ကြာကြာမရှာလိုက်ရပါဘူး။

ဂုဏ်သိက္ခာရှိသော သေဆုံးခြင်း ကုမ္ပဏီရဲ့ စီအီးအိုဟာ ဆဗင်း ဂျွန်ဆင်၊ နောက်ထပ်တစ်ယောက်က အယ်လန် အီမန်နျူရယ် ကားလ်ဆန်၊ ကားပေါ်ကလူပဲ ဖြစ်ရမယ်။ မင်းဘယ်ပြေးမလဲ ကားလ်ဆန်ရယ်။ အဲတခြားတစ်ဖက်က ထိုလောကဆိုတဲ့ လုပ်ငန်းမှာလည်း ဆဗင်းဟာ ဘုတ်ဒါရိုက်တာပဲ။ တခြားတစ်ဖက်က ထိုလောကတဲ့။ အဲဒါ ဘာတုံး။

ဟား- ဟား။ အင်တာနက် ရှိနေတာပဲ။ ဘာခံနိုင်မလဲ။ ဩော် တခြားတစ်ဖက်က ထိုလောကဆိုတာ ဝိညာဉ်တွေနဲ့ ဆက်သွယ်တာတဲ့။ သေသူတွေနဲ့ စကားပြောလို့ရသတဲ့။ အင်း ကက်နက်နဲ့သာ နောက်ဆုံးအကြိမ် အဖြစ် စကားပြောရမယ်ဆိုရင် - - - ။ အို ဘာတွေ လျှောက်တွေးနေတာလဲ။ ဒီ မဟုတ်က ဟုတ်ကတွေကို ယုံနေစရာလား။

ဆဗင်းရီဘက်ကာ ဂျွန်ဆင်နဲ့ အယ်လန်အီမန်နျူရယ် ကားလ်ဆန်။ ကုမ္ပဏီနာမည်နဲ့ မှတ်ပုံတင်ထားတဲ့ အသုဘကား။ ဒါပေမဲ့ သူတို့ ပြန်လာကြ မယ် မထင်ဘူး။ သူတို့ကို ရှာရမယ်။ ဂျွန်နီ သိတယ်။ ဒါပေမဲ့ ဘယ်လိုရှာရ မလဲ ဆိုတာတော့ မသိဘူး။

※※※

(၄၅) ရှုရှား

"မင်္ဂလာမနက်ပါ ဗိုလ်ဒယျာ၊ ဘယ်နှယ့်တုံး၊ ဘာတွေ တွေးနေတာလဲ" ဟုတ်တယ်။ သမ္မတပူတင်မှာ စဉ်းစားစရာတွေ ရှိနေတယ်။ လုပ်ဖော်ကိုင်ဖက်ကြီး ထရမ့်ဟာ အတော် လေးကို ရမ်းကားနေပြီ၊ အထိန်းအကွပ်မဲ့ ရမ်းကားနေ တာ။

"အင်း ဝါရှင်တန်က စောက်ပိန်းဟာ ပြုံယမ်းက စောက်ရူးကို ခါးကြိမ်းကြိမ်းနေပြီကွ၊ ငါတို့ ဘာလုပ်ကြ မလဲ ဂျီနာ" လို့ ချစ်သူငယ်ချင်းကို ရှုရှားသမ္မတက မေးလိုက်တယ်။

ဂျီနာဒီ အိုက်ဆာကော့ဗ်ဟာ ထိုင်ခုံမှာ ဝင်ထိုင် လိုက်တယ်။ သူတို့ဟာ ပြိုင်ဘက်မရှိတဲ့ အတွဲပဲ။ တော်ရုံ မဟုတ်ဘူး။ သူတို့ဟာ အကောင်းဆုံး၊ အတော်ဆုံးပဲ။ ဆမ်ဘိုနဲ့ ဂျူဒို မြက်ဖျာတွေပေါ်မှာ တုန်းကတည်းက ဒီအတိုင်းပဲ။

ရှုရှားသမ္မတ အလိုရှိတော်မူတဲ့အတိုင်း ဆောင်ရွက်တဲ့အခါမယ် ဂျီနာရဲ့ ကိုယ်ပျောက် ဦးဆောင်မှုနဲ့အတူ ရှုရှားဟာ ဘယ်သူမှမသိရဘဲ အမေရိကန်ကို စတင် စစ်ခင်းနေခဲ့ပြီ။ အမေရိကန် ဘေ့စ်ဘော ဦးထုပ်ကို ဆောင်း၊ ဒေါက်တာ ပက်ပါကို စားပြီး စတင်တိုက်ခိုက်တော့မယ့် နူပျိုတဲ့ အမျိုးသားငယ်၊ အမျိုးသမီးငယ်တို့ဟာ အင်တာနက် စစ်မျက်နှာပြင်ကို ဖွင့်ကြပြီ။

အပြင်ကတိုက်တာ မဟုတ်ဘူး။ အတွင်းက တိုက်တာ။

စစ်မျက်နှာကို ဖေ့စ်ဘွတ်၊ တွစ်တာ၊ အင်စတာဂရမ်၊ ဘလော့ဂ်နဲ့ ဝက်ဘ်ဆိုက်တွေမှာ ဖြန့်ကြက်ဖွင့်ထားတယ်။ အမေရိကန် ဝက်ဘ်စစ်သည် အယောင်ဆောင်တွေဟာ နေရာအနှံ့ကို ပစ်ချက်တွေ လွှတ်တယ်။ သူတို့ဟာ ဒီနေ့မှာ လက်ဝဲလှုပ်ရှားမှုတွေကို အပြစ်တင်ပြီး နောက်နေ့မှာ လက်ယာ လှုပ်ရှားမှုတွေကို အပြစ်ဆိုတယ်။ အမေရိကန်အလံကို အလေးပြုတဲ့ အမေရိကန် ဘောလုံးလိဂ်က ကစားသမားတွေကို ဖေ့ဘွတ်မှာ အပြတ် ချီးကျူးပြီး တွစ်တာမှာ စောက်ရူးတွေလို့ သမုတ်တယ်။ သေနတ်ဥပဒေကို ဝက်ဘ်ဆိုက်မှာ ထောက်ခံပြီး ဘလော့ဂ်မှာ ဆန္ဒပြဆန့်ကျင်ဖို့ စည်းရုံးတယ်။ မက္ကဆီကိုနဲ့ အမေရိကန်ကြား တံတိုင်းဆောက်ဖို့ သူတို့ပဲ တောင်းဆို၊ နောက်နာမည်တစ်မျိုးနဲ့ သူတို့ပဲ ပြန်ကန့်ကွက်တယ်။ အမေရိကန် ကျန်းမာရေး ကဏ္ဍ ပြုပြင်ပြောင်းလဲမှုတွေကို ချီးမွမ်း ခြေကျောက်ပြုတယ်။ အယ်လ်ဂျီ ဘီတီကြူ ကိစ္စနဲ့ ပတ်သက်လို့ အခုတစ်မျိုး တော်ကြာတစ်မျိုး ရေးတယ်၊ လူစုဖို့ ဆူပူဖို့ အမြဲတစေ ကြံရွယ်တယ်။ ဘယ်လိုကိစ္စနဲ့ဆူဆူ ဆူကြပူကြဖို့က အဓိက၊ အကြောင်းအရာက သာမည။

ဆိုလိုတာကတော့ အမေရိကန်ကို အမေရိကန်နဲ့ တိုက်တာပဲ။ ကွဲနေ ပြဲနေတဲ့ တိုင်းပြည်ဟာ အားပျော့တာပဲလေ။

သူတို့တိုက်ပွဲဟာ စစ်မျက်နှာပေါင်းစုံမှာ အောင်ပွဲဆင်နေတာကို သမ္မတနဲ့

သူ့သူငယ်ချင်းနှစ်ယောက် တွေ့ကြရတယ်။ ဒါပေမဲ့ ဘာတိုက်ပွဲပါ လိမ့်၊ ဘာကို ဦးတည်တာပါလိမ့်။

ပူတင်ကတော့ တိုက်ပွဲဟာ အအောင်မြင် လွန်နေတယ်လို့မြင်တယ်။ ဂျီနာဟာ မဖြစ်နိုင်တာကို ဖြစ်အောင်လုပ်ပြခဲ့တယ်။ ထရမ့်လို အင်မတန် ဝိဝါဒ ကွဲစရာလူမျိုးကို အိမ်ဖြူတော်ရောက်အောင် တွန်းတင်ခဲ့တာကို ကြည့်ပါတော့။ ဒါ အောင်ပွဲ မဟုတ်လား။ နေဦး- ဘွာတေးလုပ်လို့မရဘဲ အသေဆော်မယ့် မိစ္ဆာကောင်ကြီးကိုများ ပလ္လင်ပေါ် တင်ပေးမိတာလား။

ဘယ်လိုပဲဖြစ်ဖြစ် အမေရိကန်ပြည်ထောင်စုဟာ အစိတ်စိတ် အမြွာမြွာဖြစ်ရမှာ မြေကြီးလက်ခတ် မလွဲပါ။ ဒါ ကောင်းတဲ့ဘက်က ကြည့်တာ။ ဒါပေမဲ့ အဲသလိုဖြစ်ရင် ဆိုက်ဘေးရီးယန်း ကျားနာလိုဖြစ်မှာနော်၊ ခဲမိရင် သေတတ်တယ်။ အမေရိကန်ဆိုတာ ကမ္ဘာ့အင်အားအကြီးဆုံး စစ်အင်အားပိုင်ရှင်။ ခု သူတို့အကူအညီနဲ့ ထိပ်ဆုံးကိုရောက်ပြီး ကိုယ့်တိုင်းပြည် ကိုယ်ပြန်ဆွဲချနေတဲ့ ငနာဟာ မြောက်ကိုရီးယားနဲ့ နျူကလီးယားစစ်ပွဲ ဆင်နွှဲမယ်လို့ ကြုံးဝါးနေပြီ။ ဒါဆို ရုရှားအရှေ့ပိုင်းတစ်ခုလုံး ပြုတ်ပြုတ်ပြုန်းမှာ ပေါ့၊ မဟုတ်ဘူးလား။

အဲဒါ သူတို့ ကြိုတွက်ထားတဲ့အထဲမှာ မပါဘူး။ ဘာဆက်ဖြစ်မယ် ဆိုတာ ခန့်မှန်းဖို့က မဖြစ်နိုင်ဘူးလေ။ ဟို ပြုံယမ်းက ငနွားကို ပလူတိုနီယံ မွေ့စက် မပေးခဲ့သင့်ဘူးကွာ။

“အင်း မတတ်နိုင်ဘူးလေ၊ ဖြစ်ပြီးတာက ဖြစ်ပြီးတာပဲကိုး” နောက်ကွယ်ကနေ အောက်လုံး ဝင်ထိုးမယ်ဆိုရင်ရော။

ခု မြောက်ကိုရီးယားက စစ်မှန်တဲ့ နျူလက်နက် စမ်းသပ်မှု လုပ်တော့မယ့်အချိန်မှာ အမေရိကန်နဲ့ တရုတ်ဟာ ကုန်သွယ်ရေး သဘော တူညီမှုအတွက် စကားပြောနေကြပြီ။ ဒါကို နည်းနည်းမှ မကြိုက်ပါဘူး။ အမေရိကန်ရော၊ တရုတ်ရော၊ မြောက်ကိုရီးယားရော အားလုံးကို သူတို့မှာ ဘုံရန်သူရှိနေတယ်လို့ ထင်သွားအောင်လုပ်ရမယ်။ ခု ရှီကျင့်ဖျင် ဆိုတဲ့ အကောင်ဟာ ကုန်သွယ်ရေးအကြောင်းပြပြီး ထရမ့်နဲ့ စကားပြောဖို့ လမ်းစ ရှာတွေ့သွားပြီ။ ဒါမှမဟုတ် ဂေါက်ကွင်းမှာချိန်းပြီး တမင်ရှုံးအောင် ရိုက်ရင်း များ ပလီလေမလား၊ ဘာပဲလုပ်လုပ် အလုပ်ဖြစ်မယ့်သဘော ရှိတယ်။

“ထားလိုက်ပါ ဗိုလိုဒယျာရာ ဖြစ်ပြီးတာဟာ ဖြစ်ပြီးတာပဲကွ၊ ဥရောပကိုသာ အာရုံစိုက်စမ်းပါ”

ပူတင်က ခေါင်းညိတ်ပြရင်း မေးလိုက်တယ်။ “မင်း ဆွီဒင်ကို ကိုင်လှုပ်ခဲ့တယ်ဆို ဘယ်နှယ့်တုံး”

ဂျီနာက မျက်နှာကြီး အိုသွားတယ်။

“မင်း သိချင်မှာမဟုတ်ပါဘူး ဗိုလိုဒယျာ၊ စပိန်နဲ့ ဂျာမနီအကြောင်း ပြောကြစို့၊ ငါ့မှာ ဂျာမနီနဲ့ ပတ်သက်လို့ သတင်းကောင်းလေးတွေ ရှိတယ်”

ပူတင်က ဒီစကားကြားတော့ ပြုံးလိုက်တယ်။

“အို ဟုတ်လား၊ ဒါဆို မာကယ်ဟာ သူ့ဖင်ပြဲကြီးကို ထိုင်ခုံမှာ သူထင်သလို ကြာရှည်မထိုင်နိုင်တော့ဘူးပေါ့ ဟုတ်သလား” လို့ မေးလိုက် တော့တယ်။

※※※

(၄၆) ဆွီဒင်

အက်စ်ကီလ်စတူးနား - ကူရီရင် သတင်းလွှာက ဂျာနယ်လစ် ဘယ်လာ ဟန်ဆန်ဟာ သူ့သတင်းကို ဖတ်မယ့် စာဖတ်သူ အများကြီး ရှိစေချင်တယ်။ ဒါက သူ့အလုပ်ပဲလေ။ ဒီရည်မှန်းချက်ကို အောင်မြင်ဖို့ဆိုရင် ဒီနေ့လိုမျိုးမှာ အကြမ်းဖက်ကိစ္စနဲ့ ပတ်သက်တဲ့ သတင်း တွေပဲ ရေးရလိမ့်မယ်၊ လူတွေဟာ ဒီနေ့လိုအချိန်မှာ တခြားကိစ္စ ဖတ်ချင်မှာမဟုတ်ဘူးကိုး။

ကဲ- အကြမ်းဖက်ကိစ္စတွေကို စုံစမ်းမလေ။

ဂျာနယ်လစ်မဟာ ရဲအစီရင်ခံစာတွေကို လေ့လာတယ်။ မနေ့က ဘားမှာ ရန်ဖြစ်တာ အကြမ်းဖက်လား၊ မဟုတ်သေးဘူး၊ ယာခင်းတစ်ခုမှာ တိရစ္ဆာန်တွေကို ညှဉ်းပန်းနှိပ်စက်သတဲ့၊ ဒါလည်း မဟုတ်သေးဘူး၊ စတိုးဆိုင် အပြင်ဘက်မှာ ကားနှစ်စီး ဘက်ဆုတ်ရင်း အချင်းချင်း တိုက်မိတာကရော၊ ဟင့်အင်း-မဟုတ်သေး ပါဘူး၊ အဲဒီထဲက တစ်စီးမှာ မောင်းသူက မူဆလင် ဖြစ်နေပေမယ့် ဒီလောက်နဲ့တော့ အကြမ်းဖက်တယ်ပြောလို့မရ။ တစ်ခုခုတော့ ရှိမှာပါပဲ၊ တစ်ခုခုတော့၊ ရှာစမ်း၊ ရှာစမ်း၊ ရှာစမ်း။

စတော့ဟုမ်းအကြမ်းဖက် ဖြစ်ရပ်အပြီး သုံးလေးနာရီအကြာမှာ အသုဘယာဉ်တစ်စီးကို စစ်ဆေးခဲ့တယ်၊ ဘာမှ အရေးမယူဘဲ ကေ့စ်ကို ပိတ်လိုက်ပေမယ့် စစ်ဆေးမေးမြန်းမှုတော့ လုပ်ခဲ့သတဲ့။

ဘာလဲ၊ ဘာဖြစ်လို့လဲ။

ဆွီဒင်မှာက ပြည်သူလူထု သိရှိခွင့် မူဝါဒဆိုတာ ရှိတယ်။ အဓိပ္ပာယ်ကတော့ ပြည်သူ့ဝန်ထမ်းတွေ လုပ်သမျှ၊ ရေးသမျှ၊ ပြောသမျှ၊ တွေးသမျှအားလုံးကို သိချင်တဲ့ ပြည်သူတွေဆို အသိပေးရမတဲ့။ သာမန် ပြည်သူတွေကတော့ ဒါမျိုးကို အလုပ်ရှုပ်ခံပြီး ဘယ်သူမှမမေးဘူး။ အဲ ဒါပေမဲ့လို့ ဂျာနယ်လစ်ဆိုတဲ့ ဟာတွေကတော့ တစ်မျိုးလေ။

ကျောက်ပေါက်မာသဲ့သဲ့နဲ့ အင်စပတ်တော် ဟုမ်းယွန်းဟာ ပြဿနာ တွေအပြည့်နဲ့ နေ့တာရှည်လှတဲ့ စနေကို ရင်ဆိုင်အပြီး အိမ်ပြန်တော့မယ်အလုပ် တံခါးဝမှာ သတင်းထောက်မ ဘယ်လာဟန်ဆန်ကို တွေ့လိုက်ရတယ်။ အသံမထွက်အောင် သက်ပြင်းကြီး ကြိတ်ချရင်း ဟုမ်းယွန်းဟာ ဘယ်လာ့ကို ရုံးခန်းထဲ ခေါ်ခဲ့ရတယ်။

တကယ်တော့ ဟုမ်းယွန်းအနေနဲ့ သတင်းထောက်တွေကို မျက်နှာ စေ့စေ့ကြည့်ပြီး အတည်ပေါက် လိမ်ပြောဖို့ဆိုတာ သူ့ အတွေ့အကြုံအရ အလွန်လွယ်ပါတယ်။ ဒါပေမဲ့ သူ အမှန်ကိုပဲပြောဖို့ ဆုံးဖြတ်ထားတယ်။ အမှန်ကို ပြောခြင်းအားဖြင့် ဒီသတင်းထောက်မဟာ သူထင်သလို မဟုတ်တဲ့ အတွက် စိတ်ပျက်သွားပြီး နောက်ထပ်မေးခွန်းတွေ မေးမှာမဟုတ်ဘူးပေါ့ လေ။ သူက ဒီလို

တွက်တယ်။

လုံခြုံရေးဂိတ်မှာ အခေါင်းသယ်လာတဲ့ ကားတစ်စီးကို စစ်ဆေးတယ်။ မသင်္ကာလို့ ခေါ်ပြီး မေးမြန်းတယ်။ အခေါင်းထဲမှာ အလောင်းမပါဘူး။ ကားစီးရင်း ခါးပတ် မပတ်ထားတဲ့ အဘိုးကြီးတစ်ယောက် ပါတယ်။

"ဒါဖြင့် ခေါ်မေးရတဲ့အကြောင်းက အလောင်းပြင်တဲ့လူတွေဟာ ခါးပတ် မပတ်လို့ပေါ့လေ"

ဘယ်လာဟန်ဆန်က မေးလိုက်တယ်။

ဟင့်အင်း သူတို့က အလောင်းပြင်တဲ့လူတွေ မဟုတ်ဘူး၊ အခေါင်း ထုတ်လုပ်တဲ့လူတွေ။ ဒါပေမဲ့ ဟုမ်းယွန်းဟာ သတင်းထောက်မကို ခရေစေ့ တွင်းကျ ပြောပြမနေတော့ဘူး။

"မင်းသိတဲ့အတိုင်း ဒီနေ့က ပုံမှန်မဟုတ်ဘူးလေ'

ဘယ်လာဟန်ဆန်က ဟုမ်းယွန်းကို မယုံနိုင်တဲ့ အကြည့်နဲ့ ကြည့်လိုက်တယ်။

"စစ်ဆေးမေးမြန်းမှုကို ရှင် ဦးဆောင်တာမဟုတ်လား၊ မေးတော့ ဘာတွေ့လဲ"

"ဘာမှမတွေ့ပါဘူး... ခါးပတ် မပတ်တာပဲ တွေ့တယ်"

ဟင်၊ အေးလေ၊ ဒီဇာတ်လမ်းက အကြမ်းဖက်တာနဲ့ ဘာမှ မဆိုင်ဘူးပေါ့။ ဒါပေမဲ့လို့ ဘယ်လာဟာ နောက်ထပ် မေးခွန်းတွေ ဆက်မေး ပြီးတဲ့အခါ သူ့ရှုထောင့်ကို ပြောင်းလိုက်တယ်။ သူ့မှာ ပိုကောင်းတဲ့ အကြံတစ်ခု ရလာတယ်။ အကြံက ကောင်းလွန်းလို့ အွန်လိုင်းသတင်း လုပ်ပစ်ရမှာတောင် နှမြောမိတယ်။ ဒါပေမဲ့လို့ တနင်္ဂနွေနေ့မှာ သတင်းလွှာက မထွက်ဘူးလေ။ ဆိုတော့ အွန်လိုင်းသတင်းပဲပေါ့။ ဘယ်လာဟန်ဆန်ဟာ သတင်းကို နောက်တစ်နေ့မနက်ထိ ထိုင်ရေးတယ်။ ဒါမှ သတင်းဦးကဏ္ဍမှာ ထိပ်ဆုံးက ကြာကြာနေနိုင်မှာပေါ့၊ ကမ္ဘာသစ်မှာ အွန်လိုင်းသတင်းအတွက် ရေးတတ် ချွတ်တတ်ဖို့က လိုသေးတယ်ကိုး။

※※※

(၄၇) ဆီဗိုဒင်

ယက်စ်။သေချာပြီ။

အိုလိုကိုရင်ကိုဟာ ရှင်သန်ဆဲ၊ အရင်ကထက် တော့ ပိုပြီး တက်ကြွစွာ လှုပ်ရှားနေသေးတယ်။ သူ့လို အရည်အချင်း အစွမ်းအစနဲ့ မှော်ဘုရားတစ်ပါးဟာ အင်မတန်မှကို ကျိုကျိုတက် ကြွယ်ဝတဲ့ လုပ်ငန်းကြီးတစ်ခု ကို ဖန်တီးနိုင်မှာပဲ။ သူ့လိုဖြစ်ချင်ရင် သူ့ဆီကနေ လေ့လာမှ၊ ပညာယူမှ ဖြစ်မယ်။ ဒါပေမဲ့လို့ အာဖရိက ဆိုတာက အိမ်နီးနားချင်းမှ မဟုတ်တာ။ ဒါကြောင့်မို့ ခုတော့ သိတာလေးနဲ့ပဲ လုပ်ငန်းစရလိမ့်မယ်။

ပထမဆုံး ဒီဝိညာဉ်လုပ်ငန်း၊ နတ်ဝင်သည်လုပ်ငန်း မှာ အပြိုင်အဆိုင် ဘယ်လောက်ရှိသလဲဆိုတာ လေ့လာ ရမယ်။ ဆဗင်းဟာ တစ်ညနေလုံးနဲ့ ညသန်းခေါင်ထိစျေးကွက်လေ့လာရေးနဲ့ စျေးကွက် စစ်တမ်းကိုလုပ်တယ်။

လုပ်ရတာ စိတ်ညစ်စရာပါ၊ အယ်လန်က သူ့တက်ပလက်ကို ယူထားလို့ တပူပူ တဆူဆူ။ ပြီးတော့ နတ်ဝင်သည်လုပ်ငန်းဟာ အပြိုင်အဆိုင် အင်မတန်များသကိုး။ ရောင်းလိုအားက ဝယ်လိုအားထက် အဆမတန် များနေတယ်။ လုပ်ငန်းစလိုက်ဖို့က လွယ်တယ်။ ဒါပေမဲ့ ရေရှည်တည်တံ့ဖို့က ခက်တယ်။ ဆဗင်းဆိုတာကလည်း အလုပ်ဖြစ်မယ့် စီးပွားရေးလုပ်ငန်းကို လုပ်တတ်တဲ့ အစွမ်းအစနည်းသလေ။

ဂျူးလီးယပ်စ်ဟာ ဆဗင်းကို လွှတ်ထားလိုက်တယ်။ သူ့ဘာသာ လုပ်ပါစေ၊ ဂျူးလီးယပ်စ်လည်း သူ့ကညွှတ်လုပ်ငန်းအကြောင်း ပြန်စဉ်းစား ကြည့်ချင်သေးတယ်။ တည်းခိုဆောင်က အဘွားကြီးဆီမှာ ခေတ်ဟောင်း ဖုန်းကြီးတစ်လုံး ရှိတယ်။ စားပွဲပေါ် တင်ထားတယ်။ အင်း အဘွားကြီး လစ်တုန်း အင်ဒိုနီးရှားကို ဖုန်းခေါ်ချင်လိုက်တာ။ ဂူစတေ့ဗ်ရဲ့ ဖုန်းနံပါတ် ရှိနေသေးရင်ပေါ့လေ။ ဒါပေမဲ့ အဲဒီ စာရွက်က နယူးယောက် စားသောက်ဆိုင် စားပွဲပေါ် ကျန်ရစ်ခဲ့ပြီ။

ဂူစတေ့ဗ်ရဲ့ ဖုန်းနံပါတ်လည်း မရှိ၊ ဂူစတေ့ဗ်ဆီမှာလည်း ဂျူးလီးယပ်စ် ကို ဆက်သွယ်ဖို့ ဖုန်းနံပါတ်မရှိ (ဖုန်းနံပါတ်ရှိဖို့ နေနေသာသာ ဂျူးလီးယပ်စ် မှာ ဖုန်းတောင်မရှိဘူး) ဆိုတော့ လုပ်ငန်းပါတနာ မိတ်ဆွေနှစ်ဦးအနေနဲ့ ဘယ်တော့မှ ပြန်မဆုံတွေ့မယ့် အန္တရာယ်ရှိနေတာပေါ့။ သေချာပြန်စဉ်းစား တော့လည်း အဲဒီအတိုင်းပဲ။ အင်း သူ အဲဒီ ဆီဗိုဒင်အိန္ဒိယ လူကို သဘောကျတယ်။ ခေါင်းကို တစ်ခုခုနဲ့ နာနာရိုက်ပစ်ချင်လိုက်တာ။

ဆဗင်းနဲ့ ဂျူးလီးယပ်စ် ကိုယ်စီ အလုပ်ရှုပ်နေကြစဉ်မှာ အယ်လန်က တော့ တည်းခိုဆောင် ဆိုဖာပေါ်မှာ အကျအန နေရာယူပြီး ဆဗင်းဆီက တက်ပလက်ကို မျှော်နေတယ်။ ဆဗင်း ခဏနားချိန်မှာ သူ သတင်းတွေ ဝင်ကြည့်တယ်။ ဟော သတင်းတစ်ခု တွေ့ပြီ။ စာတိုက်က ကောင်းကောင်း အလုပ်မလုပ်လို့

ဆွီဒင်ပြည်သားတွေ ဒေါ်ပွနေကြသတဲ့။ အမြန်ချော မဟုတ်ဘဲ ရိုးရိုးစာတွေဟာ ရောက်ဖို့ နှစ်ရက်လောက်ကြာသတဲ့။ ဒါကြောင့် စာတိုက်က စည်းမျဉ်းသစ်ထုတ်ပြီး ဖြေရှင်းတယ်။ စာအားလုံးကို နှစ်ရက် ကြာမှ ရောက်စေမတဲ့။ အင်း တော်ပေတယ်။ ဘောနပ်စ်တွေတော့ ရဦးတော့ မှာပဲ။

နောက်သတင်းတစ်ခု။

ပြင်သစ် အမျိုးသားတပ်ဦးပါ တီက ခေါင်းဆောင်တစ်ယောက်ဟာ မြောက်အာဖရိက စားသောက်ဆိုင်တစ်ခုမှာ (မြောက်အာဖရိက ရိုးရာ အစား အသောက်ဖြစ်တဲ့) ခွတ်ခ်ခွတ်ခ်စ်ကို မှာစားပြီး ကြိုက်သွားသတဲ့။ ဒါဟာ မျိုးချစ်စိတ် မရှိရာရောက်တဲ့အတွက် အဲဒီလူကို သူ့ပါတီကနေ ကန်ထုတ်လိုက် သတဲ့။ ခွတ်ခ်ခွတ်ခ်စ် ဆိုတာ ဘာလဲတော့ အယ်လန် မသိပါဘူး၊ အာရပ်ကမ္ဘာရဲ့ ပဲစွပ်ပြုတ်နဲ့ ဝက်ပေါင်ခြောက်ဖြစ်မှာပေါ့၊ ဒါကြောင့် ကန်ထုတ် ခံရတယ်ဆိုရင်တော့ ခံရပါစေ၊ ကောင်းတယ်။

ဆဗင်း တက်ပလက်ကို ပြန်မတောင်းခင် ဖတ်မိတဲ့သတင်းကတော့ ဆွီဒင် စစ်တပ်ဟာ ဟယ်လီကော်ပတာတပ်ဖွဲ့အတွက် ငွေသုံးတာများသွားပြီး သုံးစရာငွေ မကျန်တော့တဲ့အတွက် ဟယ်လီကော်ပတာများဟာ မြေပြင်မှာ လှပစွာ စံပယ်နေကြသတဲ့။

စစ်တမ်းထုတ်အပြီးမှာ ဆဗင်းဟာ သူ့အမေလို ဝန်ဆောင်မှုမျိုးပေးသူ အမျိုးသမီး လေးဆယ့်ကိုးယောက် နဲ့ အမျိုးသားတစ်ယောက်ရှိမှန်း သိလာခဲ့တယ်။

"ဘယ်နှယ့်လဲ"

မနက်စာစားတုန်း နှမ်းလျှနေတဲ့ ဆဗင်းကိုကြည့်ရင်း ဂျူးလီးယပ်စ်က မေးလိုက်တော့ ဆဗင်းက မဟာန်ပါဘူးလို့ ပြောရှာတယ်။ သူက ဆက်ပြောတယ်။ ကမ္ဘာလောကဟာ တားရော့ကတ်၊ အိန်ဂျယ်ကတ်၊ ဖန်သီး၊ ချိန်သီး တွေနဲ့ပြည့်နှက်နေသတဲ့။ ဝန်ဆောင်မှုတွေက အမျိုးစုံပဲတဲ့၊ စိတ်ဝိညာဉ် အမှောင် ထုတ်ခြင်း၊ တိရစ္ဆာန်တွေနဲ့ စကားပြော ဆက်သွယ်ခြင်း၊ အချစ်ရေး ကိစ္စ ဝန်ဆောင်မှုပေးခြင်း၊ တယ်လီပသီနည်းဖြင့် ဘဝလမ်းညွှန်ခြင်း၊ စကြဝဠာ စွမ်းအင်တွေ ရစေနည်း၊ ပြာမှုန့်၊ ကော်ဖီနဲ့ ဖန်လုံးတွေထဲမှာ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို ကြည့်ခြင်း အစုံပါပဲတဲ့လေ။

"အတိတ်ကိုကြည့်ရတာ ခက်တာမှ မဟုတ်တာ၊ ကျုပ်တောင် အတိတ်ကို ကြည့်တတ်သေးတယ်၊ ဒါပေမဲ့ ပစ္စုပ္ပန်နဲ့ အနာဂတ်ကတော့ မပြောတတ်ဘူး" လို့ အယ်လန်က ပြောလိုက်တယ်။

ဒါ ပြောသလောက်လွယ်တာမဟုတ်ဘူး၊ အတိတ်ဆိုတာ မျဉ်းပြိုင် ဖြစ်ရပ်တွေ အများကြီး၊ အဲဒါတွေကနေ ပစ္စုပ္ပန်ဖြစ်လာပြီး အနာဂတ်ဆီ ဦးတည်တာ။

"ကိုယ်စောင့်နတ်တွေအကြောင်းမသိရင် ရှင့်ဝိညာဉ်ဟာ လွင့်မျော နေမှာ၊ စွမ်းအင်မှားတွေရှိရင် ပိုတောင်ဆိုးဦးမယ်"

အော်-ဆဗင်းရဲ့ ဝိညာဉ်ဟာ ကာလရှည်ကြာ လွင့်မျောနေတာကို ဂျူးလီးယပ်စ် ကောင်းကောင်း သိပါတယ်။ အယ်လန့်ဝိညာဉ်ကတော့ ဆိုဖွယ် ရာ မရှိဘူး။ ဒါပေမဲ့ စီးပွားရေးက စီးပွားရေးပဲ။ ဝိညာဉ်လောက စီးပွားရေး အတွက် ဆဗင်း ဘာတွေစဉ်းစားထားသလဲပြော။

အင်း သတင်းကောင်းတစ်ခုကတော့ သရဲနှင်တာ၊ သရဲနဲ့တွေ့တာ၊ သေသူနဲ့ စကားပြောတာကို ဝန်ဆောင်မှုပေးတာ နည်းတယ်။ ဒီကိစ္စကို အထူးပြုနိုင်မယ်ဆိုရင် အောင်မြင်စရာအကြောင်း ရှိတယ်။

အယ်လန်က တက်ပလက်ကို ယူရင်း သတင်းတွေ ကြည့်နေတယ်။ ဟော အသက် ၁၁၇ နှစ်အရွယ် ဥဇဘက် လယ်သမားတစ်ယောက်ရဲ့ မိန်းမဟာ သူမွေးထားတဲ့နွားက သူ့ကို နင်းမိလို့ သူသေရှာသတဲ့။

ဆဗင်းဟာ ဒီအဘိုးကြီးကို စိတ်ကုန်လာတယ်။ ဒင်း အသက် ၁၈၂ နှစ်ပြည့် မွေးနေ့ကျရင် နွားဝယ်ပေးမယ်၊ ပြီးရင် အကောင်းဆုံးကို မျှော်လင့်ကြည့်ကြတာပေါ့ ။

※※※

(၄၈) ဆီွဒင်

စတော့ဟုမ်း အကြမ်းဖက်မှုအပြီး နောက်တစ်နေ့ မှာတော့ အက်စ်ကီလ်စတူးနား - ကူရီရင် အွန်လိုင်း သတင်းလွှာမှာ စတော့ဟုမ်းနဲ့ ကီလိုမီတာ တစ်ရာအကွာ က ဒေသန္တရ ရဲဌာနရဲ့ ညံ့ဖျင်းမှုအကြောင်းတွေ အထောက် အထားနဲ့တကွ ပါလာခဲ့တယ်။ အကြမ်းဖက် ဒိန်းဒလိန်း နတ် ပူးနေတဲ့ ရဲတွေဟာ အပြစ်ကင်းတဲ့ နိုင်ငံသားတွေကို အာဏာပါဝါပြပြီး ခြိမ်းခြောက် ဟိန်း ဟာက် အကြမ်း ဖက်ကြဖို့ ဝန်မလေးကြဘူးတဲ့။ လူသေကိုတောင် မချန် ဘူးတဲ့ (အခေါင်းထဲမှာ လူသေမပါတာသိပေမယ့် ဘယ်လာဟန်ဆန်ဟာ မဖော်ပြဘူး၊ အခေါင်းထဲမှာ လူရှင်ပါလာတယ်ဆိုတာကိုတော့ သူ မသိဘူး)။

ဘယ်လာဟန်ဆန်ရဲ့ သတင်းဆောင်းပါးမှာ အင်စပက်တော်တွေနဲ့ ရဲအရာရှိတွေဟာ ဘယ်သူ့ကို ဦးစားပေးရမယ်၊ ဘယ်သူဟာ အပြစ်ကင်းတယ်ဆိုတာ လောက်တောင် မပိုင်းခြား မဝေဖန်နိုင်တဲ့အတွက် အပြစ်ကင်းတဲ့ အသုဘယာဉ်ကိုတောင် စစ်ဆေးမေးမြန်းလိုက်တယ်ဆိုရင် နောက်တစ်ခါ ဘယ်သူတွေကိုများ ဖမ်းဦးမယ် မသိဘူးတဲ့။

သတင်းဆောင်းပါးက တွယ်လည်း တွယ်တယ်၊ ထိလည်း ထိတယ်၊ ရှည်လည်း ရှည်တယ်။ ဒါကြောင့်မို့ ရဲတွေက စစ်ဆေးမေးမြန်း တယ်ဆိုတာ အလကား အားယားလို့ လုပ်နေတာမဟုတ်ဘူး၊ အကြမ်းဖက်မှုနဲ့ ဆက်စပ်တယ်လို့ သံသယရှိလို့ လုပ်တာဆိုပြီး သူ့ကိုပြောလိုက်တဲ့ အပိုင်းကို ချန်လှပ်ထားခဲ့တယ်။

ညံ့ဖျင်းတဲ့ရဲအကြောင်း ပါဝင်တဲ့ ဒေသိယ သတင်းလွှာကို လူဖတ် များတယ်။

ညံ့ဖျင်းတဲ့ ရဲအကြောင်းပါဝင်တဲ့ နိုင်ငံအဝန်းထုတ်ဝေတဲ့ သတင်းစာ ကိုလည်း လူဖတ်များတာပဲ။

ဒါကြောင့်မို့ ဒီ အွန်လိုင်းသတင်းဆောင်းပါးကို စတော့ဟုမ်း သတင်းစာ အွန်လိုင်းကဏ္ဍက ထပ်မံ ဖော်ပြကြပြန်တယ်။

အဲသလို ဖော်ပြခံရခြင်းကြောင့် ကိစ္စနှစ်ခု ဖြစ်လာခဲ့တယ်။

(၁) မာစဏ္ဍာက သိပ်မညံ့တဲ့ ရဲအရာရှိတစ်ယောက်ဟာ ဒီသတင်းနဲ့ လတ်တလောဖြစ်တဲ့ ကိစ္စရပ်ကို ဆက်စပ်မိသွားတယ်။ မနေ့က အခေါင်းရောင်းတဲ့ဆိုင်ကို သေနတ်နဲ့ပစ်တဲ့အမှုနဲ့ ဒီကိစ္စဟာ အတော်ဆက်နွှယ်နေပုံပဲ၊ သူဟာ ဖုန်းတွေ လျှောက်ဆက်နေတယ်။

(၂) အာရိယာန်မိတ်ဆွေများရဲ့ လက်ကျန်အဖွဲ့ဝင် ဂွန်နီအန်ဂဘော ဟာ ဆီွဒင်ပြည်အနှံ့ သွားလာနေကြသူတွေထဲက ဘယ်သူတွေ သေသင့်တယ်ဆိုတာကို သေချာသိသွားတယ်။

"လတ်စသတ်တော့ တောင်ဘက်ကို တောလမ်းတွေကတစ်ဆင့်

သွားနေကြတာကိုး စောက်ဝက်မျိုးတွေရဲ့ ” လို့ ဆဲရေးတိုင်း ထွာလိုက်တယ်။

ဂျွန်နီဟာ သူ့ ဉာဏ်ရည်အတွက် ပထမတော့ ကျေနပ်ပြီး ပြုံးပြုံးကြီး လုပ်နေတယ်။ ခဏနေတော့ သူ သတိထားမိလာတယ်။ ဆီဗီဒင်တောင်ပိုင်းကိုသွားတဲ့ တောလမ်းတွေက များလှပါဘိ။ ခုမှ လိုက်လို့ ဘယ်မှာ သဲလွန်စ ရှာတွေ့ပါ့မလဲ။ ဒါကြောင့် ဂျွန်နီအနေနဲ့ ဒီသတင်းဆောင်းပါးပါ အကြောင်း အရာကို ဒီထက်ပိုသိဖို့ လိုလာခဲ့ပြီ။

※※※

(၄၉) ဆီဒင်

လုပ်ရမယ့် စီးပွားရေးလုပ်ငန်းအတွက် သဘော တရားတွေဟာ ဆက်လက် ဖွံ့ဖြိုးတိုးတက်လာခဲ့တယ်။ ၁၀၁ နှစ်သား အယ်လန်ဟာ ၆၆ နှစ်သား ဂျူးလီးယပ်စ် ကို စီးပွားရေးလုပ်ငန်းမှာ ရည်စူးထားတဲ့ ပစ်မှတ်လူအုပ်စု ကို ဖော့ဘွတ်စ်ကနေ ဘယ်လိုကြော်ငြာရသလဲဆိုတာကို သင်ပြနေချိန်မှာ ဆဗင်းကတော့ အသုဘကားကို မောင်းရင်း လုပ်ငန်းအတွက်လိုအပ်တဲ့ ချိန်သီး၊ ဖန်လုံး၊ မှော်နှင်တံနဲ့ အနံ့ပြင်းတဲ့ မုရန်သစ်စေးတွေကို စုဆောင်း နေတယ်။ သူတို့အုပ်စုမှာ ဘတ်ဂျက် အကန့်အသတ် ရှိတယ်ဆိုတာကို ကောင်းကောင်းသိတဲ့အတွက် ချိန်သီး အစား အဆောက်အဦဆောက်ရာမှာ ရေပြင် ညီ၊ မညီ တိုင်းတဲ့ ကြိုးဆွဲအလေးတုံးကလေးကို ဝယ်တယ်၊ မှော်နှင်တံကိုတော့ တည်းခိုဆောင် ခြံဝင်းထဲက တုတ်ချောင်း၊ ဖန်လုံးအစား ပင်လယ်ဆား၊ မုရန်သစ်ဆေးအစား ပုစွန်ဆီ တစ်ပုံ၊ ရေနံဆီ ကိုးပုံ ရောစပ်ထားပြီး မီးလည်းတောက်၊ အခိုးအငွေ့လည်းထွက်တဲ့ မီးအိမ်လောင်စာဆီ အစရှိသဖြင့် ဖန်တီးယူလိုက်တယ်။

တည်းခိုဆောင် မန်နေဂျာ ဘွားတော်ကြီးဟာ ဆဗင်းရဲ့ စုံစီနာဖွာ အတိုအထွာ ပစ္စည်းတွေကိုကြည့်ရင်း ဒါတွေက ဘာအတွက်လဲလို့ စပ်စုတယ်။ ဆဗင်းကလည်း ပြောပြတယ်။ သူတို့ဟာ အခေါင်းလုပ်တဲ့လူတွေ သက်သက်မဟုတ်ဘူး၊ ဝိညာဉ်လောကက လူတွေနဲ့လည်း ဆက်သွယ်နိုင် တယ်လို့ပေါ့။ အဲဒီအခါ မစ္စစ်ယွန်းဘောရဲ့ စိတ်အားထက်သန်မှုတွေဟာ မီးတောက်ကြီးလို ပြင်းထန်လာခဲ့တယ်။ ဘယ်လိုဘယ်လို-ဒါဆို သူ ဘော်ရီယာနဲ့ ဆက်သွယ်လို့ စကားပြောလို့ရတယ်ပေါ့။

တည်းခိုဆောင်မန်နေဂျာမကြီးဟာ သွားလေသူ ချစ်ခင်ပွန်း အကြောင်း သူတို့ကို ထပ်ကာ ထပ်ကာ ထပ်ကာ ပြောပြတဲ့အတွက် ၂၄ နာရီ မပြည့်ခင် ဆဗင်းဟာ ဘော်ရီယာအကြောင်း အူမချေးခါးမကျန် သိခဲ့ပြီ။ သူသေသွားတာ ၁၅ နှစ် ရှိပြီတဲ့လေ။ ဝိညာဉ်လောကနဲ့ ဆက်သွယ်မှုမှာ ကျောထောက်နောက်ခံ သတင်းအချက်အလက်ဟာ အသက်မက အရေးပါ တယ် မဟုတ်လား။

ကဲ-ဒါဆို ဒီအဘွားကြီးနဲ့ ပွဲမဝင်ခင် အပြင်က ကျင်းပကြည့်ရ မကောင်းဘူးလား။

ဝိညာဉ်ခေါ်ပွဲဟာ အယ်လန်နဲ့ ဂျူးလီးယပ်စ်ကို အထင်တကြီး ဖြစ်စေတယ်။ တကယ်လို့သာ အကြောင်းသိမဟုတ်ရင် အဘွားကြီးရဲ့ ဘော်ရီယာဟာ ဆဗင်းကတစ်ဆင့် အဘွားကြီးကို စကားပြောနေတယ်လို့ သူတို့လည်း ယုံမိမှာပဲ။ ဘော်ရီယာဟာ မစ္စစ်ယွန်းဘောကို မင်းလေးသာ ကိုယ့်ရဲ့ ထာဝရအချစ်ပါလို့ ပြောတယ်။ ခု ဆေးလိပ်ဖြတ်လိုက်ပြီလို့လည်း ပြောတယ်။ လွန်ခဲ့တဲ့ ရှစ်နှစ်က သူတို့ရဲ့ကြောင်ကြီး အသက်ဆယ့်ခြောက်နှစ် မှာ သေသွားတာကိုလည်း

သိနေတယ်။

ယွန်းဘောလေးကို လွမ်းလွန်လွန်းလို့ မျက်ရည်များနဲ့ညကို အမြဲ ကျော်ဖြတ်နေရပါကြောင်း ဘော်ရီယာ ပြောပြီးတဲ့အခါမတော့ ယွန်းဘောလေး ဟာ စိတ်ထိခိုက်လွန်းအားကြီးလို့ နှလုံးဖောက်ပြီး စားပွဲပေါ် ခေါင်းစိုက်ကျ သွားတော့တယ်။

""အိုး-ဒုက္ခပါပဲ”

ဂျူးလီးယပ်စ်က စားပွဲပေါ် နှာခေါင်းစိုက်နေတဲ့ အဘွားကြီးကို ကြည့်ရင်း ပြောလိုက်တယ်။ ဆဗင်းက ဘော်ရီယာ ဆက်မလုပ်နိုင်ဘဲ ကုလားထိုင်ကနေ ခုန်ထလိုက်တယ်။ မီးဖွင့်ပြီး သေချာကြည့်ခိုင်းတယ်။

“ဘယ်လိုလဲ၊ သေသွားရှာပလား”

“အင်း ထင်တာပဲ”

ဆဗင်းနဲ့ ဂျူးလီးယပ်စ် ဗျာများနေချိန်မှာ အယ်လန်ကတော့ တည်ငြိမ်သလေ။

“ဆိုတော့ မကြာခင် ဘော်ရီယာနဲ့ ယွန်းဘော ဆုံကြတော့မှာပေါ့၊ ဘော်ရီယာဆိုတဲ့ငနဲ ဆေးလိပ်ဖြတ်လိုက်ပြီဆိုတဲ့စကား ပလီတာဆိုရင်တော့ ဒင်း ခဏနေ ဒုက္ခတွေ့တော့မှာ”

ဆဗင်းက အယ်လန့်ကို လှည့်ကြည့်တယ်။ ဒီလောက်ဖြစ်နေတာကို ပေါ့ပေါ့တန်တန် ပြောနေတာကိုက အယ်လန်ဟာ တစ်ခုခုမှားနေတာ သေချာကြောင်း ပြောတယ်။ ပြီးတော့ မီးဖိုခန်းထဲမှာ အရေးပေါ် အစည်းအဝေး လုပ်မယ်လို့ ကြေညာတယ်။ မီးဖိုခန်းထဲက စားပွဲမှာ ထိုင်မိကြတော့ ဆဗင်း ဟာ နဖူးကြောကြီးရှုံ့ ့လို့၊ ဂျူးလီးယပ်စ်က စာရွက်နဲ့ ဘောပင်ကိုင်ထားတယ်။ အယ်လန့်ကိုတော့ စကားပြောခွင့် ပိတ်ထားကြတယ်။

ဝိညာဉ်လောကသခင်မကြီး ဆဗင်းရဲ့ စွမ်းဆောင်ရည်ဟာ အင်မတန် ပြောင်မြောက်လှကြောင်း ဂျူးလီးယပ်စ်က ချီးကျူးစကား ဆိုလိုက်တယ်။ ပိုက်ဆံတွေတော့ သဲ့ယူသလိုရတော့မှာပဲ။ ကဲ ဆုံးဖြတ်ကြမယ်။ စာရွက်ပေါ် မှာ စတော့ဟုမ်း၊ ဂိုသင်ဘတ်၊ မဲလ်မို ဆိုပြီး ဂျူးလီးယပ်စ်က ရေးချလိုက်တယ်။

ချက်ချင်းပဲ စတော့ဟုမ်းကို ပယ်လိုက်ကြတယ်။ စတော့ဟုမ်းက နာဇီတွေများလွန်းတယ်။ ဂျူးလီးယပ်စ်က စတော့ဟုမ်းဘေးမှာ နိုးလို့ ရေးလိုက်တယ်။

ဆွီဒင်ရဲ့ ဒုတိယအကြီးဆုံး မြို့တော် ဂိုသင်ဘတ်ဆိုရင်ရော . . . .။

အင်း. . .။

ဒါမှမဟုတ် မဲလ်မို- ဒိန်းမတ်မြို့တော် ကိုပင်ဟောဂင်နဲ့ တံတား တစ်စင်းပဲ ခြားတယ်လေ။ လူဦးရေလား-လူဦးရေက တံတား ဟိုဘက်နဲ့ ဒီဘက် ပေါင်းရင် လေးသန်းနီးပါး ရှိတယ်။

ဂျူးလီးယပ်စ်က မဲလ်မို နားမှာ ယက်စ်လို့ ရေးလိုက်တယ်။ ကဲ မဲခွဲ

ဆုံးဖြတ်မယ်၊ နှစ်မဲ သုည၊ ကျန် တစ်မဲက ပယ်မဲ။ ခုတော့ စားပွဲပေါ် နှာခေါင်းစိုက်သေနေတဲ့ မိန်းမကြီးနဲ့ ပတ်သက်လို့ ဆုံးဖြတ်ဖို့ပဲ ကျန်တော့တယ်။

“ရဲတော့ မခေါ်လိုက်နဲ့နော်” လို့ ဂျူးလီးယပ်စ်က ပြောလိုက်တယ်။

ဟုတ်တယ်လေ၊ မနေ့ကမှ အခေါင်းထဲမှာ လူရှင်ကြီး ပက်လက် တွေ့ခဲ့တဲ့ ရဲတွေကို ဒီနေ့ လူသေကြီးသွားပေးရင် ဘာဖြစ်သွားမယ် ထင်တုန်း။ အဘွားကြီးရဲ့ လယ်ဂျာစာအုပ်ကို ယူကြည့်လိုက်တယ်။ နောက် နှစ်ရက်နေရင် ဂရိက ဧည့်သည်နှစ်ယောက် ဝင်မယ်ဆိုပဲ။ ဒါဆို ဘွားတော်ကြီးဟာ ဖော်မဲ့လျှောက်လှမ်း ခရီးကြမ်း မဟုတ်တော့ဘူး။ အဖော်ရှိသွားမှာပဲ။

“ဘာပြောပြော သေပြီဆို သေတာပဲလေ၊ သူ့ကို ထပ်မခံစားရပါ စေနဲ့တော့”

ဟုတ်ပြီ။ မစ္စစ်ယွန်းဘောဟာ နေရာမှာ သေမြဲတိုင်းသေစေ။

“ကောင်းတဲ့ ဆုံးဖြတ်ချက်ပဲဗျ”

အယ်လန်က ဝင်ပြောလိုက်ပြန်တယ်။

“ရှင်ကြီး တိတ်တိတ်နေ”

ဆဗင်းက အယ်လန့်ကို လှမ်းမာန်လိုက်တယ်။

※

အင်စပက်တော် ဟုမ်းယွန်းရဲ့ ပိတ်ရက်ကလေးမှာ အနားယူမယ် ဆိုတဲ့ အစီအစဉ်ဟာ ပျက်စီးသွားတယ်။ ဒီ အခေါင်းသမား သုံးယောက်ကို မတားခဲ့မိရင် အကောင်းသားလို့ သူ နောင်တတွေ ရနေတယ်။ တနင်္ဂနွေ နေ့လယ် ကော်ဖီသောက်ချိန်မှာတောင် သူ ဒီကိစ္စနဲ့ ပတ်သက်လို့ ဖုန်းနှစ်ခါဖြေရတယ်။ ဖုန်းခေါ်တာတွေကလည်း တစ်ခါထက်တစ်ခါ ပိုပြီး ထူးဆန်းနေသလိုပဲ။

ပထမဖုန်းက မြို့ပြင် တည်းခိုဆောင်တစ်ခုက အဘွားကြီး။ သူက ဒေါသတွေ အလိပ်လိုက်ထွက်ပြီး လူသုံးယောက်ကို လူသတ်ရန် ကြိုးစားမှုနဲ့ စွဲချက်တင်ချင်တယ်လို့ ပြောတယ်။ အဲဒီ သုံးယောက်ဟာ သူ့ဆီမှာ တစ်ည တည်းတယ်၊ ပြီးတော့ သူ့ယောကျ်ားနဲ့ ဆက်သွယ်နိုင်ဖို့ ဝိညာဉ်ခေါ်ပွဲ လုပ်တယ်။ ချစ်ခင်ပွန်းနဲ့အတွေ့ သူ နှလုံးဖောက်ပြီး လဲသွားချိန်မှာ အဲဒီ သုံးယောက်ဟာ သူ့ကို ဒီအတိုင်း ထားခဲ့ကြတယ်။

အင်စပက်တော် ဟုမ်းယွန်းဟာ နားရှုပ်သွားတယ်။

“နေပါဦး၊ သူတို့က ဘယ်သူ့ကိုသတ်ဖို့ ကြိုးစားတာလဲ၊ ခင်ဗျားကို လား၊ ခင်ဗျားယောကျ်ားကိုလား၊ တခြားတစ်ယောက်ယောက်ကိုလား” “ကျွန်မကိုပေါ့ရှင့် .. ကျွန်မယောကျ်ားက သေပြီးသားကို""

“ဟင် ဘယ်တုန်းက သေသွားတာလဲ၊ ခင်ဗျားပြောတော့ ခင်ဗျား ယောကျ်ားနဲ့ စကားပြောနေတုန်း မေ့သွားတာဆို”

ဟုမ်းယွန်းဟာ ဝိညာဉ်တွေ ဝိညာက်တွေ မသိတော့ နားမလည်ဘူး ဖြစ်နေတယ်။

ဒါကြောင့် ဘွားတော်ကြီးက ဖြစ်ကြောင်းရယ်ကုန်စင်ကို သေချာ

ရှင်းပြတယ်။ လွန်ခဲ့တဲ့ ဆယ့်ငါးနှစ်က ဆုံးသွားတဲ့ သူ့ယောက်ျားဟာ ဝိညာဉ်အဖြစ် နတ်ဝင်သည်ရဲ့ ခန္ဓာကိုယ်မှာ ဝင်ပူးပြီး သူ့ကို အရမ်းလွမ်းနေ တာ လို့ ပြောလိုက်တဲ့အခါ သူ့ဦးနှောက်ဟာ အောက်ဆီဂျင်ပြတ်သွားပြီး ဘာဆက် ဖြစ်မှန်း မသိတော့ဘူးတဲ့။ နတ်ဝင်သည်နဲ့ သူ့အဖော်နှစ်ယောက်ဟာ သူ သေပြီထင်ပြီး ထွက်သွားကြသတဲ့။ သူဟာ လွယ်လွယ်နဲ့ သေနိုင်တဲ့လူမျိုး မဟုတ်ဘူးတဲ့။ ဒါကြောင့် တရားမျှတမှုကို သူ လိုချင်သတဲ့။

အင်စပက်တာ ဟုမ်းယွန်းဟာ စိတ်ကလေးကို ထိန်းပြီး ဘွားတော် ကြီးကို ဥပဒေ ဘယ်လိုအလုပ်လုပ်သလဲဆိုတာ ရှင်းပြတယ်။ သေသူနဲ့ စကားပြောပြီး မေ့လဲသွားတဲ့လူကို ထားခဲ့တာဟာ လူသတ်ရန်ကြိုးပမ်းမှု မမြောက်ကြောင်း၊ ဘယ်ပြစ်မှုမြောက်သလဲဆိုရင် သူ နားလည်သလောက်တော့ ဘယ်ပြစ်မှုမှ မမြောက်ကြောင်း၊ အဲဒီအတွက် အရေးယူပေးလို့မရ ကြောင်း၊ ရှင်းပြပြီး ဖုန်းချလိုက်တယ်။

ဖုန်း နောက်တစ်ခါ မြည်လာတဲ့အခါ သူဟာ အတော်ကြိုးစားပြီး ကိုင်ရတယ်။

ဒီတစ်ခါလာတဲ့ဖုန်းကတော့ ယောက်ျားသံ။ သူ့ကိုယ်သူ တာဝန်သိပြည်သူတစ်ဦးတဲ့။ မနေ့က အသုဘယာဉ်ကို စုံစမ်းစစ်ဆေးမှု အကြောင်း သိချင်ပါသတဲ့။ တတ်နိုင်သမျှ အသေးစိတ် သိချင်သတဲ့။

အင်စပက်တာက သူ့ကို အကျိုးအကြောင်း ပြောပြတယ်။ မပြောပြ ရင် တာဝန်သိ ပြည်သူတစ်ဦးကနေ မကျေနပ်တဲ့ ပြည်သူတစ်ဦးဘဝကို ပြောင်းသွားမှာ၊ အဲသလိုဆို အလုပ်က ပိုရှုပ်မှာ။ ဒါကြောင့် ဖြစ်ကြောင်းကုန်စင် ပြောပြတယ်။ အဲဒီကိစ္စက ဘာမှမဟုတ်ကြောင်း၊ သံသယဖြစ်စရာ မရှိကြောင်းပေါ့။

တာဝန်သိပြည်သူတစ်ဦးဟာ စုံစမ်းစစ်ဆေးမှုအပြီး အသုဘယာဉ်ဟာ ဘယ်ကို ထွက်ခွာသွားသလဲ ဆိုတာ ထပ်သိချင်နေတယ်။

လူတွေ ဘာဖြစ်နေကြတာလဲကွာ။ သူ့မှာ ဒါတွေဖြေရှင်းနေဖို့ အချိန်မရှိပါဘူး။ အဲဒါပေမဲ့ ခုနက အဘွားကြီးနဲ့ ဒီ တာဝန်သိ ပြည်သူတစ်ဦး ကို တွေ့ပေးလိုက်ရင် ဘယ်နှယ့်လဲ။ ဟား အကြံကောင်းပဲ။

“ခင်ဗျားစုံစမ်းနေတဲ့လူတွေဟာ အက်စ်ကီလ်စတူးနား မြို့ပြင်မှာ တည်းသွားကြသတဲ့ဗျ၊ ကလစ်ဖလမ် တည်းခိုဆောင်က မစ္စစ်ယွန်းဘောကို ဆက်သွယ်ကြည့်ဗျ၊ ဟောဒီမှာ သူ့ဖုန်းနံပါတ်၊ သဘောကောင်းတဲ့ မိန်းမကြီး ပါပဲ၊ ခင်ဗျား မေးစရာတွေ သူ့ကိုမေး”

ကလစ်။

တာဝန်သိ ပြည်သူတစ်ဦးဟာ ချက်ချင်း ဖုန်းချသွားတယ်။ သူ တာဝန်ထပ်မသိတော့ဘူး ထင်တယ်။ ကောင်းလိုက်တာ။

ဂျွန်နီဟာ မစ္စစ်ယွန်းဘောကို ဖုန်းဆက်ဖို့ စိတ်ကူးမရှိပါဘူး၊ လူကိုယ်တိုင်သွားမှာပေါ့၊ ညှော့သည် သုံးယောက်တဲ့လား၊ ဆဗင်း ဂျွန်ဆင်၊ အယ်လန်

ကားလ်ဆန်နဲ့ နောက်တစ်ယောက်က ဘယ်သူလဲ။

အေးလေ နောက်တစ်ယောက်ကို လည်ပင်းကို ခါးနဲ့ မထိုးခင် သူ့ကိုယ်သူ မိတ်ဆက်ခိုင်းရမှာပေါ့။

ကက်နက်ဆုံးတာ တစ်ပတ်ရှိပြီ၊ အသုဘကိစ္စ ရွှေ့ဆိုင်းလိုက်ရတာ တစ်ရက်ရှိပြီ။ အစ်ကို- လွမ်းလိုက်တာ ငါ့ကောင်ရယ်။

※

ဆိုတော့ကာ မဲလ်မို ပေါ့။ သုံးယောက်ထဲက နှစ်ယောက်က ရှေ့ခန်းမှာ၊ ကျန်တဲ့တစ်ယောက်ကတော့ အခေါင်းထဲမှာ တက်ပလက်အမည်း လေးနဲ့ နှပ်နေတယ်။ ခု ခေါင်းဖုံးက ပိတ်ထားလို့ရပြီ။ အခေါင်းဘေးမှာ လေဝင်လေထွက်ကောင်းအောင် အပေါက်လေးတွေ ဖောက်ထားပြီးပြီကိုး။ သူတို့ အဝေးပြေးလမ်း ၅၅ ပေါ်မှာ မောင်းနှင်နေကြတယ်။

စရန်းဂနက်စ် တောင်ဘက်နား ရောက်တဲ့အခါ အယ်လန်က ခေါင်းဖုံးကို ဖွင့်လိုက်တယ်။

“မန်ကိုပင်းက လူအိုရုံကို သူတို့ အတင်းအကျပ်မပို့ခင် ကျုပ် ဒီနားမှာ နေခဲ့တာဗျ၊ အိမ်ကို ဖောက်ခွဲလိုက်မိတယ်လေ”

“ဟင် ရှင်ကြီးဟာ ကိုယ့်အိမ်ကိုယ် ဖောက်ခွဲပစ်တယ် ဟုတ်လား”

“အချစ်ရယ် … သူ့ကို ထားလိုက်စမ်းပါ”

မန်ကိုပင်းကို ကျော်လာတဲ့အခါ သူတို့ဟာ အဝေးပြေးလမ်းမ အီး ၄ ပေါ်တက်ပြီး မြောက်ဘက်ကို ဆက်သွားတယ်။ အဲဒီကနေပြီး ဆွီဒင်ရဲ့ အသွားအလာအများဆုံး အဝေးပြေးလမ်းပေါ်မှာ တောင်ဘက်စူးစူးကို ဦးတည်ပြန်တယ်။

အကြမ်းဖက်မှုသတင်းအကြောင်း ပြောရင်ကလွဲလို့ ဆဗင်းနဲ့ ဂျူးလီးယပ်စ်ဟာ သူဘာပြောပြော လျစ်လျူရှုနေကြတာကို အယ်လန် သတိထားမိတယ်။ အင်း- စတော့ဟုမ်းကိစ္စကို ခများများ စိတ်လက်မချမ်းသာ ဖြစ်နေကြတယ်ထင်ပ။ ဒါကြောင့် စတော့ဟုမ်း အကြမ်းဖက်သတင်းတွေကို သူရှာပြီး ဖတ်ပြနေတယ်။

စတော့ဟုမ်းအကြမ်းဖက်မှုဟာ တကယ်တော့ အတော်ဆိုးတယ်။ သေလိုက်ကြတာလည်း သောက်သောက်လဲပဲ။ အကြမ်းဖက်သမားကို ဖမ်းမိတယ်။ အဲဒီ အကြမ်းဖက်သမားက အလ္လာအရှင်မြတ်ဟာ အကြီးကျယ် အမြင့်မြတ်ဆုံးလို့ ကြွေးကြော်သတဲ့။ ဒီအကြမ်းဖက်မှုအတွက် အလ္လာကို အပြစ်တင်ရမလားဆိုတာ အယ်လန်မသိပါဘူး၊ ဘုရားတွေနဲ့ ပတ်သက်ရင် ဘာမှ မသိနိုင်ဘူးမဟုတ်လား၊ ဘုရားအားလုံးမှာ ကိစ္စကိုယ်စီ ရှိကြစမြဲပဲ။ သမ္မာကျမ်းထဲမှာ ဘုရားသခင်ဟာ စေတန်မာရ်နတ်နဲ့ အလောင်းအစားပြုပြီး ကလေးဆယ်ယောက်ရဲ့အသက်ကို ယူတော်မူသည်လို့ ပါတယ်မဟုတ်လား။

ဟင် အဲသလိုလား။ ဆဗင်းဟာ ဒါကို တစ်ခါမှ မကြားဖူးဘူး။ ဒါပေမဲ့

ဂျူးလီးယပ်စ်ကတော့ ကြားဖူးတယ်။

"အဲဒါ ဓမ္မဟောင်းကျမ်းထဲက ယောဘ ဝတ္ထုပေါ့၊ ဟုတ်တယ်" လို့ သူပြောလိုက်တယ်။ ပြီးတော့ သူဘာမှ ဆက်မပြောနိုင်တော့ဘူး။ လွန်ခဲ့တဲ့ ၅၂ နှစ်လောက်တုန်းက သူ့ကို အတင်းအဓမ္မ စေခိုင်းခဲ့တဲ့၊ အာဏာရှင်ဆန်လှတဲ့ သူ့အဖေကို သတိရမိလို့ပဲ။ အဲဒီတုန်းက သူဟာ သမ္မာကျမ်းစာတွေ လိုက်ရေးရတာ (တစ်အုပ်ကို နှစ်ဆယ့်ငါး ကရိုနာ၊ နှစ်အုပ်ကို ကရိုနာ လေးဆယ်နဲ့လေ) ဒါကို သူ ပြန်သတိရနေမိတယ်။

အင်း ဒီအကြမ်းဖက်မှုကို နိုင်ငံတကာ စာနယ်ဇင်းတွေကတော့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တဲ့ ဆွီဒင်၊ ဆွီဒင်ရဲ့ အပြစ်ကင်းမှု ကုန်ဆုံးချိန်ရယ်လို့ ဝိဂြိုလ်ပြုကြတယ်။ ဒုက္ခသည်တွေနဲ့ပတ်သက်လို့ သဘောမနောကောင်းလှတဲ့ အတွက် မြေကမ္ဘာပေါ်က အဂ္ဂဘုံလို့ ဒုက္ခသည်တွေ ကင်ပွန်းတပ်ထားတဲ့ ဆွီဒင်ဟာ ခုတော့ အဲဒီရက်ရောမှုရဲ့ဒဏ်ကို ကောင်းကောင်းကြီး ခံရပြီပေါ့။

အင်း...အယ်လန်ဟာ သတင်းကို ဖတ်ရင်း စဉ်းစားနေမိတယ်။ သူ့ရဲ့ တိုတောင်းလှတဲ့ သက်တမ်းကာလကလေးအတွင်းမှာကို ဆွီဒင်ဟာ သင်္ဘောတွေကို ဖောက်ခွဲတဲ့ လက်ဝဲသမားတွေ၊ သတင်းစာတိုက် တွေကို ဖောက်ခွဲတဲ့ လက်ယာသမားတွေ၊ သံရုံးတွေကိုဖောက်ခွဲတဲ့ တပ်နီတော် သားတွေနဲ့ ကြုံခဲ့ပြီးပါပြီ။ ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးကို ပြန်ပေးဆွဲချင်တဲ့ လူတွေ၊ အိမ်ပြင်ထွက် ဟိုနားဒီနား လျှောက်သွားပြီး တွေ့သမျှ နိုင်ငံခြားသား တွေကို ပစ်သတ်ချင်တဲ့လူတွေ။ နောက်ဆုံး အဖမ်းခံရတဲ့အခါ ကျတော့လည်း လုပ်သမျှအားလုံးမှာ အကြောင်းပြချက်ကိုယ်စီ ရှိနေကြပြန်ရော။ နိုင်ငံခြားရေး ဝန်ကြီးကို ပြန်ပေးဆွဲဖို့ ကြိုးစားတဲ့လူဟာ ခေါင်းထဲက အသံတစ်သံက စေခိုင်းလို့တဲ့၊ ဆွီဒင်ဂန်ကြီးချုပ်ကို လမ်းပေါ်မှာ သေနတ်နဲ့ ပစ်တဲ့လူကတော့ ဘာဖြစ်လို့မှန်း မသိဘူး၊ သူလည်း သေပြီဆိုတော့ သွားမေးလို့မရတော့ဘူး။

ထားပါတော့လေ၊ ဆွီဒင်ရဲ့ အပြစ်ကင်းမှုတဲ့လား။ ဗိုက်ကင်းခေတ် တုန်းက ဒီလိုမပြောကြဘူး ထင်ပါရဲ့။

"အယ်လန် ဘာတွေ ပွစိ ပွစိ ပြောနေတာလဲ"

"အင်း မသိဘူးဗျ"

ဂျူးလီးယပ်စ်မေးတာကို ပြီးပြီးရော ဖြေလိုက်ပြီး ဆက်တွေးနေမိတယ်။

အင်း- တက်ပလက် မရှိခင်တုန်းက ကိစ္စအားလုံးဟာ အလွယ်လေး ပဲ။ ပျင်းစရာကောင်းပေမယ့် အားလုံးဟာ လွယ်လွယ်ကူကူပဲလေ။ ခုတော့ ပိုသိလေ ပိုခက်လေပါလား။ ဒါပေမဲ့ ၁၀၁ နှစ်အဘိုးကြီးဟာ အင်တာနက်ကို ဖွင့်၊ တက်ပလက်ကို ကြည့်မြဲပဲ။ လောလောဆယ် ဒါပဲ လုပ်စရာရှိတာ မဟုတ်လား။

အလို- စမာလန်နယ်၊ အယ်လ်ဗက်စ်တာက အမှိုက်သိမ်း ကုမ္ပဏီ တစ်ခုဟာ ဒုက္ခတွေ့နေတယ်ဆိုပဲ။ အယ်လ်ဗက်စ်တာ အမှိုက်သိမ်း ကုမ္ပဏီ (Alvesta Refuse AB)ရဲ့ အတိုကောက်စာလုံးဟာ အာရပ် (ARAB) ဖြစ်နေ တာ သုံးဆယ့်ငါးနှစ် ရှိပြီ။ ခု

အာရပ်လို့ရေးထားလို့ လူထုဟာ အဲဒီကုမ္ပဏီကို ဆန္ဒပြနေကြသတဲ့။ ညစ်ပတ်တယ်၊ နံတယ်လို့လည်း ပြောကြသတဲ့။

ဒါမျိုးက အယ်လန့်အကြိုက် သတင်းလေ၊ ဒါကြောင့် သူ့အဖော် နှစ်ယောက်ကို ခပ်မြန်မြန် ဝေငှလိုက်တယ်။

"အင်း လူတွေလည်း အလုပ်မရှိကြတော့ဘူးလား မသိဘူး" ဂျူးလီးယပ်စ်က ညည်းလိုက်တယ်။

"အယ်လ်ဇက်စ်တာက သိပ်မဝေးဘူးမဟုတ်လား၊ ဝင်ကြည့်ကြ မလား"

အယ်လန်က ဆွယ်လိုက်တော့ ဆဗင်းက ဘာပြောတာလဲတဲ့။

အယ်လန်လဲ သူ့ကိုယ်သူ ဘာပြောမိမှန်း သေချာမသိပါဘူး၊ ဒါကြောင့် ပြန်မဖြေတော့ဘူး။ ဒီသတင်းအတွက် သူ့တက်ပလက်မည်းကို ကျေးဇူးတင်တဲ့အနေတဲ့ ပွတ်ခနဲ နမ်းလိုက်တယ်။ အားလုံးကို ခွင့်လွှတ်ပါတယ်။

ဘာရ်နာမို ရောက်တော့ မှောင်နေပြီ။ တက်ပလက် အကူအညီနဲ့ တည်းခိုဆောင်တစ်ခုကို ရှာတွေ့တယ်။ စားပွဲပေါ် နှာခေါင်းစိုက်သွားတဲ့ မိန်းမကြီးလိုပဲ အဘွားကြီးတစ်ယောက် ဖွင့်ထားတာ။

"ဒီတစ်ခါတော့ ဝိညာဉ်ခေါ်ပွဲ မလုပ်နဲ့တော့နော်" လို့ ဂျူးလီးယပ်စ် က ပြောလိုက်တယ်။

※※※

(၅၀) ဆီွဒင်

ကလစ်ဖလမ် တည်းခိုဆောင်ကို ဂျွန်နီ ရောက်တဲ့ အခါ မိုးကြီး စုပ်စုပ်ချုပ်ပြီ။ တည်းခိုဆောင်မှာ အသုဘ ကား ရပ်ထားတာ မတွေ့ဘူး၊ အင်း- နောက်ကျသွားပြန်ပြီ ထင်ပါရဲ့၊ တောက်။

တည်းခိုဆောင် မန်နေဂျာဘွားတော်ကြီးဟာ စားပွဲပေါ် နှာခေါင်းစိုက်ပြီး သေမနေဘူး၊ မီးဖိုခန်းထဲမှာ ပဲစွပ်ပြုတ်နဲ့ ဝက်ပေါင်ခြောက် ချက်နေတယ်။ ဒီအချိန်ကြီး ညှော်သည် ရောက်လာတော့ သူက အံ့ဩနေတာပေါ့။

ဘွားတော်ကြီးကို သိပ်ဖြဲမခြောက်မိအောင် နာဇီ ဂျွန်နီဟာ အတော်ကြိုးစားထားရတယ်။ ဒါပေမဲ့ သူ ဘာမှ မမေးရသေးခင် ဘွားတော်က သူ့သဘောနဲ့သူ ပြောရင် အကောင်းဆုံးပေါ့။

"ကောင်းသောနေ့ပါ ခင်ဗျာ"

ဂျွန်နီဟာ တစ်သက်နဲ့တစ်ကိုယ် မပြောဘူးတဲ့ သုတိသာယာ လေသံကလေး သူ့စောက်ပါးစပ်က ထွက်လာတာကို မုန်းမိတယ်။

"ကောင်းသောနေ့ပါ၊ တစ်ညတည်းဖို့ နေရာရှာနေတယ်ထင်ပါ့"

မစ္စစ်ယွန်းဘောက ပြန်ပြောလိုက်တယ်။

ပဲစွပ်ပြုတ်ဟာ ဂျွန်နီအကြိုက်ဆုံး အစားအသောက်ပေါ့၊ အရသာ ရှိတယ်၊ ဆီွဒင်မူပိုင်၊ ရိုးရာ အာရိယာန် အစားအသောက်၊ မုန်ညင်းစား ပွဲတင်ဆော့စ်လေးရယ်၊ ကရက်ကာ မုန့်ကလေးရယ်၊ နွားနို့ခွက်ကြီး တစ်ခွက်ရယ်ဆိုရင် ရှုလွတ်။

"အင်း...အဲသလိုပေါ့ အစားအသောက်လေးပါ ပါရင်ကောင်းတာ ပေါ့"

မစ္စစ်ယွန်းဘောဟာ ဂျွန်နီကို စားဖို့ ဖိတ်ခေါ်လိုက်တယ်။ ကောင်းတယ်၊ အဖော်လေးနဲ့ စားရင်းသောက်ရင်း စကားစမြည် ပြောရတာ ပေါ့၊ ဒီနေ့ဖြစ်သမျှ ညှော်သည်ကို ဖောက်သည်ချချင်နေတာ။

ဒီလိုနဲ့ ဂျွန်နီဟာ တစ်ခွန်းမှ မမေးရဘဲ အကြောင်းစုံသိလာရတယ်။ အသုဘကားနဲ့ ကြောက်စရာ လူသုံးယောက် မနေ့ကရောက်၊ ပြီးတော့ ကွယ်လွန်သွားပြီးတဲ့ သူ့ခင်ပွန်းကို တွေ့ချင်ရင် ဝိညာဉ်ခေါ်ပေးမယ် ဆိုပြီးပြော၊ ခင်ပွန်းသည်နဲ့ အတွေ့ ဝမ်းသာလုံးဆို့ပြီး ခဏလေး သတိလက်လွတ် ဖြစ်သွားတုန်း ထွက်သွားကြတယ်လေ၊ ဖြစ်သင့်လား၊ ဖြစ်သင့်လား။

သူတို့ဘယ်သွားလဲလို့ မေးချင်စိတ်ကို ချုပ်တည်းရင်း... "ဝိညာဉ်ခေါ်တယ် ဟုတ်လား၊ တကယ်ပဲ ခင်ပွန်းနဲ့ တွေ့ခဲ့ရလား ခင်ဗျ" လို့ မေးလိုက်တယ်။

"ဟယ် တွေ့တယ် တွေ့တယ်၊ သူဟာ ကောင်းကင်ဘုံမှာ ပျော်ပျော်ရွှင်ရွှင်ပါပဲ၊ ဆေးလိပ်လည်း ဖြတ်လိုက်ပြီတဲ့လေ။ အိုး ဒါလင် ဘော်ရီယာ ဆေးလိပ်ပြတ်ပြီ"

အင်း ကက်နက်နဲ့ အဲသလို တွေ့ရရင် ကောင်းမယ်ဆိုတဲ့အတွေး

ဒုတိယအကြိမ်အဖြစ် ဂျွန်နီခေါင်းထဲမှာ ပေါ်လာတယ်။ ဒီတစ်ခါတော့ အဲဒီ အတွေးဟာ အတော်ကြာတယ်။

ညစာက သိပ်အရသာရှိတာပဲ။

“သိပ်ကောင်းတယ်ခင်ဗျ၊ ဒါနဲ့ အဲဒီ ကြောက်စရာလူတွေ ဘယ်သွား ကြသလဲ သိလားခင်ဗျ”

မသိဘူး၊ ဘယ်သိပါ့မလဲ၊ သူက မေ့နေတာကိုး။

"အင်း နားလည်ပါတယ်လေ၊ ဒါနဲ့ သူတို့ တစ်ခုခုများ ချန်ထားခဲ့ ကြသလား”

ဘာမှ မချန်ဘူး၊ ဘယ်ချန်မလဲ၊ သူခိုးတွေကိုး၊ အဲ စာရွက်တစ်ရွက် တော့ ကျကျန်နေခဲ့တယ်လို့ ပြောရင်း အေဖိုးစာရွက်တစ်ရွက် လှမ်းပေး လိုက်တယ်။

စတော့ဟုမ်း - - -နိုး

ဂိုသင်ဘတ် - - - အင်း

မဲလ်မို - - - ယက်စ် တဲ့။

မဲလ်မို၊ လက်စသတ်တော့ မဲလ်မိုကိုး၊ တွေ့ကြပြီပေါ့ကွာ။

“ကဲ လူကြီးမင်းကလေး ပဲစွပ်ပြုတ် ထပ်ယူဦးမလား”

“မယူဘူး မသာမကြီးရဲ့ တော်ပြီ”

ဂျွန်နီ အန်ဂဘောက အားရပါးရပြောရင်း ထထွက်လာခဲ့တယ်။

ပြောရတာ အရသာရှိလိုက်တာဆိုတာ။

※※※

(၅၁) ဆီဗိုဒင်

"ဒါနဲ့ ခင်ဗျား ထရမ့်တစ်ယောက် ဘာလုပ်နေ သတဲ့လဲ အယ်လန်"

နောက်တစ်နေ့ မနက်စာစားချိန်မှာ ဂျူးလီးယပ်စ် က ဒီလို စပြောတယ်။

တကယ်တော့ သူတို့ သွားရတော့မှာ။ မဲလ်မိုကို ကီလိုမီတာ ၁၅၀ လောက် လိုသေးတယ်။ ဒါပေမဲ့လို့ မဲလ်မိုရောက်ရင် ဘာလုပ်ရမလဲဆိုတာ သတင်းအချက် အလက် ကြိုတင်သိထားရင်ကောင်းတာပေါ့၊ သတင်း အချက်အလက်က အယ်လန်နဲ့ တက်ပလက်ထဲမှာပဲ ရှိတာ ဆိုတော့ ဂျူးလီးယပ်စ်ဟာ စကားပလ္လင်ခံတဲ့အနေနဲ့ မသိချင်ဘဲ ဖြစ်ညှစ်မေးနေရတာ။

"အင်း ခင်ဗျားမေးတာ ဝမ်းသာသဗျာ၊ အစက တော့ မပြောတော့ဘူးလို့ပဲ၊ ကျုပ်အိပ်ပြီး ခင်ဗျားတို့ နှစ်ယောက် ဘာလုပ်နေမှန်းမသိတဲ့အချိန်မှာ အဖြစ်အပျက် လေးတွေ တစ်ခု နှစ်ခုတော့ ဖြစ်သွားသဗျ"

"ကဲ လိုရင်းပြောပါ တော်ကြီးရယ်"

ဆဗင်းက စိတ်မရှည်ဘဲ ဖြတ်ပြောလိုက်တယ်။

အိုး- အင်း ထရမ့်၊ ထရမ့်၊

ထရမ့်ဟာ လူထုဆက်သွယ်ရေး ညွှန်ကြားရေးမှူးအသစ် ထပ်ခန့်တယ်။ ပြီးတော့ လူထုကို ချက်ချင်း ဆက်သွယ်တယ်။ သူ့နားက ရှိသမျှ လူတွေအားလုံး အလုပ်ဖြုတ်ပစ်ဖို့ ရည်ရွယ်ထားတဲ့အကြောင်း၊ သူကိုယ်တိုင် လည်း ထွက်ချင်ထွက်မယ့်အကြောင်း ပြောသတဲ့။

"အင်း.. နောက်ဆုံးရသတင်းပေပဲ၊ ကျေးဇူးပဲ အယ်လန်၊ ကျုပ်တို့..."

"နေဦးဗျ၊ ဒါက အကြောင်းအရာပဲ ရှိသေးတယ်၊ သူတို့ပြောကြ တာကတော့ ထရမ့်ရဲ့ အနားမှာရှိသမျှလူတွေအကုန် အလုပ်ထုတ်ဗျူဟာရဲ့ နောက်ကွယ်ကလူက ကျုပ်တို့မိတ်ဆွေကြီး ဘန်နွမ် တဲ့ဗျ"

"ဟင် မိတ်ဆွေ ဘယ်သူ"

"စတိဗ် ဘန်နွမ်လေ.. ကျုပ်တို့ကို နယူးယောက်လေဆိပ်မှာ လာကြိုတဲ့ မျက်နှာနီ ငနဲလေ၊ သမ္မတရဲ့ မဟာဗျူဟာ အဖွဲ့ခေါင်းဆောင်လေ"

"အို သူလား၊ သူက သမ္မတရဲ့ မဟာဗျူဟာအဖွဲ့ခေါင်းဆောင် လား"

"ခု မဟုတ်တော့ဘူးဗျ၊ ပြုတ်သွားပြီ"

※

တဖြည်းဖြည်း မဲလ်မိုဟာ နီးသထက် နီးလာတယ်။ ဂျူးလီးယပ်စ် ဟာ ရှေ့ခုံမှာငိုက်၊ အယ်လန်က ခေါင်းထဲမှာဟောက်၊ ဆဗင်းက ကားမောင်း ရင်း တွေးနေကြတယ်။ တကယ်တော့ ဆီဗိုဒင်မှာတင် လုပ်ငန်းသစ်စရမှာကို မပျော်ပါဘူး၊ နာဇီတစ်ကောင်က နောက်ကလိုက်နေတာကို၊ နိုင်ငံခြား တိုင်းပြည်တစ်ခုခုဆို

ပိုလုံခြုံမလား၊ ဒါပေမဲ့ ဘယ်တိုင်းပြည်တုန်း၊ ဝိညာဉ် လောကနဲ့ ဆက်သွယ်ဖို့ဆိုတာ သူတို့စကားကို နားလည်ဦးမှကိုး၊ ပြီးတော့ ငမွဲတိုင်းပြည်ဆို သွားပြီ။

ဒီအတွေးကြောင့် သူ့စိတ်လဲ ကာလရှည်ကြာရှိနေတဲ့ ကိစ္စတစ်ခုက ခေါင်းလဲ ဝင်လာတယ်။

ဒီအတွေးကြောင့် သူ့စိတ်ထဲ ကာလရှည်ကြာရှိနေတဲ့ ကိစ္စတစ်ခုက ခေါင်းထဲ ဝင်လာတယ်။

အိုလီကိုရင်ကိုလေ၊ မော်ဆရာကြီးလေ၊ ဒေသအခေါ်ကတော့ မာဂန်ဂါ ဆိုလားပဲ၊ အမေ ဂါထရု ခဏခဏ ပြောနေတဲ့လူပေါ့၊ သူ့ စီးပွားရေးက တုန့်နှိုင်းမမီဆိုပဲ။

ဒါပေမဲ့ သူက အာဖရိကမှာတဲ့။

သေ၊ သေ၊ သေ။

ဆဗင်းက အသံတိတ် ကျိန်ဆဲလိုက်ပေမယ့် ဂျူးလီးယပ်စ်က ကြားသွားသလားမသိ၊ နိုးလာတယ်။

"ဘာတွေစဉ်းစားနေတာလဲ အချစ်"

"ဩော်... ဘာမှ မဟုတ်ပါဘူး"

ကဲ ခုတော့ ဘာမှမတတ်နိုင်ဘူး၊ အယ်လန်နဲ့ ဂျူးလီးယပ်စ် ပြင်ဆင်ပေးထားတဲ့ ဖွေ့စ်ဘွတ်ကြော်ငြာနဲ့ စကြည့်ရမှာပဲ။ မဲလ်မိုမှ နတ်ဝင်သည် ဆရာမကြီး အက်စ်မရဲလ်ဒါတဲ့လေ။ နာဇီရှိနေတဲ့ စတော့ဟုမ်းကနေ ကီလိုမီတာ ခြောက်ရာကွာတဲ့ မဲလ်မိုမှာ၊ ဒါပေမဲ့ ရောမ ကိုပင်ဟေဂင် ဈေးကြီးနဲ့တော့ တံတားတစ်ခုပဲ ခြားသလေ။

※

ဘယ်နားနေရမှန်း မသိသေးဘဲ စီးပွားရေးလုပ်ငန်းတစ်ခုကို စတင်ဖို့ ဆိုတာ ဘယ်လွယ်ပါ့မလဲ။ ဒါကြောင့် ဂျူးလီးယပ်စ်ကို လွှတ်ရမယ်။ အားလုံးထဲမှာ သူသာလျှင် ဘယ်နေရာမှာမှ နာမည်ပါမနေတဲ့ တစ်ဦးတည်း သောလူကိုး။ မဲလ်မိုမှာ တိုက်ခန်းလွတ်တွေ၊ ငှားမယ့်အခန်းတွေမှ အများကြီး၊ မဲလ်မို မြို့လယ်ကောင်နဲ့ ၇ ကီလိုမီတာပဲဝေးတဲ့ ရော့ဆင်ဂေါ့တောင်ပိုင်းဆိုရင် အိပ်ခန်း နှစ်ခန်းနဲ့ အခန်းကို ငှားခဟာ တစ်လမှ ကရိုနာ ခြောက်ထောင်ရယ်။ ဈေးကွက်အချက်အချာတော့ မဟုတ်ဘူးပေါ့၊ ဒါပေမဲ့လို့ မဆိုးလှဘူး၊ သူတို့က အင်မတန် ကောင်းတဲ့နေရာကို ကရိုနာ သုံးလေးသန်းပေးပြီး အပိုင်ဝယ်နိုင်တာ မှ မဟုတ်ဘဲ။

ဂျူးလီးယပ်စ်ဟာ ပြည်သူ့အိုးအိမ်စီမံခန့်ခွဲရေးရုံးမှာ ဆင်းလိုက်တယ်။ စီးပွားရေးလုပ်ငန်းစဖို့ အခန်းငှားမယ်၊ မေးမယ် မြန်းမယ် စုံစမ်းမယ်ပေါ့။

မငှားနိုင်ဘူးလို့ ပြောခံလိုက်ရတဲ့အခါ ဂျူးလီးယပ်စ်ဟာ အလွန် အံ့ဩသွားတယ်၊ ဘယ်နဲ့ ဒီလောက် အခန်းလွတ်တွေ ပေါနေတာကို။

"ကျွန်မတို့မှာ စည်းမျဉ်းတွေ ရှိပါတယ်""

အသက်လေးဆယ်လောက်ရှိမယ့် အိုးအိမ်စီမံခန့်ခွဲရေးရုံးတာဝန်ခံ

အမျိုးသမီးက သူ့ကို ဒီလိုပြောတယ်။

"ဘာစည်းမျဉ်းတွေတုံး"

တစ်သက်လုံး စည်းမျဉ်း စည်းကမ်းဆိုတာတွေကို ထင်တိုင်း ချိုးဖောက်တဲ့၊ စည်းကမ်းဆို သိပ်မုန်းတဲ့ ဂျူးလီးယပ်စ်က မေးလိုက်တယ်။

"အင်း . . . လူကြီးမင်းဟာ လက်ရှိ နေရပ်လိပ်စာကို မပေးနိုင်ဘူး၊ ဝင်ငွေရလမ်းကို မဖော်ပြနိုင်ဘူး၊ ဒါကြောင့်ပါ"

ဂျူးလီးယပ်စ်ဟာ အိုးအိမ်တာဝန်ခံကို ပြုံးပြီး ကြည့်လိုက်တယ်။

"လက်ရှိနေရပ်လိပ်စာကို ပေးနိုင်ဖို့ ခု ကျွန်တော် ကြိုးစားနေတာ လေဗျာ၊ တာဝန်ခံကြီးတို့ဆီက အခန်းငှားလို့ရမှ ကျွန်တော်တို့ နေလို့ရပြီး လက်ရှိနေရပ်လိပ်စာ ပေးလို့ရမှာပေါ့ဗျ၊ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ လူကြီးမင်းရဲ့ အသက်အရွယ်အရ ဒီကို မလာခင် တခြားနေရာမှာ နေခဲ့တာ ဖြစ်ရမယ်လေ၊ ခု ပုံစံစာရွက်ထဲမှာ ဒီအကြောင်း ဘာမှ ဖြည့်မထားဘူး၊ ပြီးတော့ လူကြီးမင်းနာမည်ကို ကွန်ပျူတာ ထဲ ရှာကြည့်တဲ့အခါ ဘာအချက်အလက်မှ မတွေ့ရဘူး"

အော်- ဆွီဒင် ဆိုတဲ့ တိုင်းပြည်ဟာ နိုင်ငံသားတွေ လုပ်သမျှအားလုံး ကို မှတ်တမ်းတင်ပြီး ကွန်ပျူတာထဲ ထည့်ထားသကိုး။ စောက်ကျိုးနည်းမှ ပဲကွာ၊ ဒီတိုင်းပြည်မှာ ကိုယ်ပိုင်လျှို့ဝှက်ချက်ဆိုတာ မရှိရတော့ဘူးလား၊ သွားတိုက်ဆေးလေးတောင် ကိုယ်ကြိုက်တာ ကိုယ်ဝယ်လို့ ရပါ့မလား၊ ဒါပေမဲ့ သူ ဒီလိုတော့ မပြောပါဘူး။

"ဒါက ဒီလိုရှိတယ် တာဝန်ခံကြီးရဲ့၊ ကျွန်တော်က နိုင်ငံခြားရေး ဝန်ကြီးဌာနက သံအရာရှိ တစ်ယောက်ပါ၊ ဆွီဒင်မှာ နေရပ်လိပ်စာ မရှိခဲ့တာ"

ကျူးဘားဒုံးကျည်အရေးအခင်း ၁၉၆၂ ဖြစ်ကတည်းကပဲ၊ အဲဒီ အချိန်ကာလ တွေမှာ အမိမြေကို လွမ်းဆွတ်တဲ့ဝေဒနာကို အတော်ခံစားခဲ့ရတယ်၊ ခုတော့ အစိုးရအရာရှိတစ်ယောက်က ကျွန်တော့်လို အိမ်လွမ်းလို့ ပြန်လာခဲ့သူ တစ်ယောက်ကို ကျောခိုင်းပြီပေါ့လေ"

ပြောပြောဆိုဆိုနဲ့ ဂျူးလီးယပ်စ်က သူ့ရဲ့ သံတမန် နိုင်ငံကူးလက်မှတ် ကို ထုတ်ပြလိုက်တယ်။

တာဝန်ခံမိန်းမက နိုင်ငံကူးလက်မှတ်ကို ကြည့်တယ်၊ ပထမတော့ ဘာမှမပြောဘူး၊ အဆင်ပြေပြီ ထင်ပါရဲ့၊ ခဏနေတော့ သူ ပြောပြီ။

"ဒါဆို ဝင်ငွေကရော၊ ဆရာ နားလည်မယ်ထင်ပါတယ်.

"ကျွန်တော့်အတွက် ဆွီဒင်မှာ ဝင်ငွေရလမ်း ဘယ်ရှိပါ့မလဲဗျာ၊ ဆေးရှဲလ် (အရှေ့အာဖရိက ကျွန်းနိုင်ငံလေး) က ရင်းနှီးမြှုပ်နှံမှုဘဏ်မှာ ကျွန်တော့်နာမည်ကို ရှာကြည့်ပါ၊ တွေ့ပါလိမ့်မယ်"

ကံကောင်းချင်တော့ တာဝန်ခံအမျိုးသမီးဟာ ဘာမှ ဆက်မမေး တော့ဘဲ လက်ခံလိုက်တယ်။ တကယ်လို့ ဆက်မေးလာရင်လည်း ဆေးရှဲလ် ဆိုတာ

ဘယ်လိုစာလုံးပေါင်းရမှန်း ဂျူးလီးယပ်စ် မသိ။

"ကဲ ဟုတ်ပါပြီ ဆရာ၊ ကျွန်မတို့ ဘာလုပ်ပေးနိုင်မလဲ ကြည့်ပါဦး မယ်"

"ကျေးဇူးပြုပြီး မြန်မြန်လေး လုပ်ပေးပါခင်ဗျာ၊ ကျွန်တော် ခုပဲ နယူးယောက် ဆီ့ဒင်သံရုံး အဲလေ ဝါရှင်တန် ဆီ့ဒင်သံရုံးက ပြန်လာတာ ဆိုတော့ လေယာဉ်မူးနေတယ်ဗျ"

တာဝန်ခံဟာ အထက်လူကြီးနဲ့ တစ်မိနစ်လောက် စကားပြောတယ်။ ဘယ်လောက်ပဲ ထူးဆန်းတယ်ပြောပြော ဆီ့ဒင်သံတမန်ကြီးတစ်ယောက် ရော့ဆင်ဂေ့မှာ အခန်းငှားပြီး နေချင်တယ်ဆိုတာ ဒေသခံရုံးအဖို့ အချိုပေါ် သကာလောင်းသလိုပဲလေ၊ ကြိုဆိုရမှာပေါ့။

"ကဲ သံတမန်ကြီးရှင့်၊ ဝင်ငွေမပြနိုင်ပေမယ့် ကျွန်မတို့ အခန်းငှားပါ့ မယ်၊ အခန်းခကို သုံးလစာ ကြိုယူပါ့မယ်၊ မများဘူး မဟုတ်လားရှင့်"

သူတို့ရတဲ့အခန်းက ငါးထပ်တိုက်ရဲ့ ပထမထပ်မှာရှိတယ်၊ အိပ်ခန်း နှစ်ခန်း (တစ်ခန်းက အယ်လန်၊ တစ်ခန်းက ဂျူးလီးယပ်စ်နဲ့ ဆဇင်း)၊ မီးဖိုခန်း၊ ဧည့်ခန်း အစုံပါတယ်၊ ဧည့်ခန်းကိုတော့ ဓာတ်ခန်း နတ်ခန်း ဝိဉာဉ်ထုံကူးခန်း အလုပ်ခန်းအဖြစ် အသုံးပြုရမှာပေါ့၊ သူတို့ဟာ တစ်ပတ်ရစ် ပရိဘောဂတွေကို သက်သာချောင်ချိစွာနဲ့ ဝယ်လိုက်ကြတယ်။ အသုဘကားနဲ့ အပြည့်အသိပ် နှစ်ခေါက်လောက် သယ်ရတယ်။ အဲသလိုမလုပ်ခင် အရင်ဆုံး နှင်းဆီပန်းတွေ ဝေနေတဲ့ အခေါင်းဖြူကြီးကို ဘယ်သူမှ မမြင်အောင် ဂျူးလီးယပ်စ်နဲ့ ဆဇင်းဟာ အခန်းထဲ အမြန်သွင်းရတာပေါ့။

"အလုပ်ခန်းနဲ့ ဒါကြီးနဲ့ဟာ အတော်ပဏာရတာပဲ"

ဆဇင်းက ပီတိဖြစ်စွာနဲ့ ပြောလိုက်တယ်။ အယ်လန်ကတော့ ဝေခွဲမရ ဖြစ်နေတယ်။

"အင်း... ကျုပ် ဘယ်မှာအိပ်ရမလဲဆိုတာ ဆုံးဖြတ်ဖို့ ခက်နေတယ်။ ကျုပ်အခန်းထဲမှာက ယင်းလိပ်တွေ ရှိနေတယ်၊ နှင်းဆီခေါင်းထဲမှာက နွေးတယ်၊ အဖုံးလေးများ ပိတ်ထားရင် - - - - - - - - "

"ကဲ တော်ကြီးက ကျုပ်တို့ဝယ်ပေးထားတဲ့ ခုတင်ပေါ် အိပ်တော်မူ၊ အခန်းတံခါးလေး ပိတ်အိပ်ပေါ့တော်"

※※※

(၅၂) ဆဦဒင်

ရုံးဖွင့်ရက်ရောက်တဲ့အခါ မာစဏှာ ရဲဌာနက အင်စပက်တော် ဗစ်ခ်တာဘက်ခ်မန်းဟာ အက်စ်ကီလ် စတူးနားက အင်စပက်တော် ဟုမ်းယွန်းဆီကို လှမ်း ဆက်သွယ်တယ်။ ဟုမ်းယွန်းဟာ မာစဏှာက အခေါင်း အရောင်းဆိုင်မှာ ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ကြားရတဲ့ အခါ အံ့သြဖို့ အင်အားတောင် မကျန်တော့ဘူး။ ပြစ်မှု ကျူးလွန်သူကို ကိုယ်ချင်းစာနိုင်သလိုလို ခံစားနေမိတယ်။ ဟုမ်းယွန်းက မာစဏှာ အင်စပက်တော် သိချင်တာ မှန်သမျှကို ယဉ်ကျေးစွာ ဖြေပြီး ဒီအမှုနဲ့ ပတ်သက်လို့ ကံကောင်းပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်တယ်။

အယ်လန် ကားလ်ဆန်၊ ဂျူးလီးယပ်စ် ဂွါန်ဆင်နဲ့ ဆဗင်းဂွါန်ဆင် တဲ့။

ဗစ်ခ်တာ ဘက်ခ်မန်းဟာ ဒီသတင်းအချက် အလက်တွေကို အသေအချာ မှတ်ထားတယ်။

သုံးယောက်ထဲမှာ နှစ်ယောက်က ဆဦဒင်သံတမန်ကြီးတွေတဲ့၊ မာစဏှာက အခေါင်းလုပ်ငန်းဟာ အနည်းဆုံး လူနှစ်ယောက် ပါဝင် ပတ်သက်နေတယ်တဲ့။ အခေါင်းဆိုင်ကို အချက်ခြောက်ဆယ်လောက် သေနတ်နဲ့ပစ်ခံရပေမယ့် သံတမန် ဆိုတဲ့လူတွေဟာ အဲဒီအကြောင်း ရဲစခန်းကို တစ်လုံးတစ်ပါဒမှ အကြောင်းမကြားဘဲ ဒီအတိုင်း အက်စ်ကီလ်စတူးနားကို ထွက်သွားကြတယ်။ စစ်ဆေးရေးဂိတ်ရောက်တော့ အခေါင်းထဲ ဝင်အိပ်နေတဲ့ လူရှင်ကြီးကြောင့် စစ်ဆေးမေးမြန်းတာ ခံရသတဲ့။

ဘာတွေတုံးဟာ။

သူတို့သုံးယောက်လုံးကို ရာဇဝတ်မှုအတွက် သံသယ မရှိပေမယ့် အမှုတည်ဆောက်ဖို့အတွက်တော့ သူတို့ကို မေးခွန်းတွေ မေးလိုက်ချင်သေးတယ်။

ဆဗင်းဂွါန်ဆင်နဲ့ အယ်လန် ကားလ်ဆန်ဟာ မာစဏှာက အခေါင်း ရောင်းတဲ့ ဆိုင်မှာပဲ နေထိုင်တယ်လို့ မှတ်တမ်းရှိပေမယ့် ဒီနေ့မနက်မှာပဲ ဂျူးလီးယပ်စ် ဂွါန်ဆင်ဟာ မဲလ်မိုက တိုက်ခန်းတစ်ခုကို ငှားရမ်းခဲ့တယ်လို့ စာရင်းတက်လာတယ်။ သူ့ဆီ သွားသင့်ရင် သွားရမှာပဲ၊ ဒါပေမဲ့လို့ ခုတော့ သတင်းအချက်အလက် စုံအောင် စုဦးမယ်။

ဗစ်ခ်တာ ဘက်ခ်မန်းဟာ လုံခြုံရေးဌာနကိုတော့ မဆက်သွယ်ဖို့ ဆုံးဖြတ်ထားတယ်။ သာမန်ရဲတွေမေးတာကို သူတို့ဟာ ဘယ်တော့မှ ဖြေမှာ မဟုတ်ဘူး။ အဲ နိုင်ငံခြားရေးဝန်ကြီးဌာနကိုတော့ မေးမယ်၊ အယ်လန် ကားလ်ဆန်နဲ့ ဂျူးလီးယပ်စ်ဂွါန်ဆင် ဆိုတာ တကယ်ပဲ သံတမန်ကြီးတွေ လားလို့ပေါ့၊ အလယ်နာမည်တွေလည်း မပါကြဘူး။

နိုင်ငံခြားရေးဝန်ကြီးဌာနကို ခေါ်တဲ့ဖုန်းဟာ အော်ပရေတာ အဆင့်ဆင့်

လက်လွှဲနေတာကို အင်စပက်တော်ဟာ ထိုင်စောင့်နေရတယ်။ တစ်မိနစ်၊ နှစ်မိနစ်၊ သုံးမိနစ်၊ နောက်ဆုံးတော့ သူ့ဖုန်းကို ကိုင်မယ့်လူ ပေါ်လာတယ်။

"မားရ်ဂေါ့ ဖော့စတွန်းပါ၊ ဘာများ ကူညီရမလဲမသိ"

အင်စပက်တော် ဗစ်ခ်တာဘက်ခ်မန်းဟာ ကြက်သေသေသွားတယ်၊ ခဏနေမှ ပြန်သတိရလာတယ်၊ ဝန်ကြီးကို အနှောင့်အယှက်ပေးလိုတာမဟုတ်ကြောင်း ပြောရင်း သူ တောင်းပန်တယ်။ သံတမန် ကားလ်ဆန်နဲ့ ဂျွန်ဆင်အကြောင်း သိဖို့ လိုအပ်လို့ပါလို့ ပြောလိုက်တယ်။

တကယ်တော့ နိုင်ငံခြားရေးဝန်ကြီးဌာနကို လာတဲ့ဖုန်းမှန်သမျှ ဝန်ကြီးက ဒိုင်ခံကိုင်တာ ဘယ်ဟုတ်ပါ့ မလဲ။ ကားလ်ဆန်နဲ့ ဂျွန်ဆင်ဆိုတာ ဘယ်သူလဲဟော့၊ ကွန်ပျူတာထဲမှာလည်း မတွေ့ဘူး ဘာညာ အသံကြားတာနဲ့ သူ ကောက်ကိုင်လိုက်တာ။ ဒီကိစ္စက သူဖြေရှင်းမှ ဖြစ်မှာကိုး။

"သူတို့နှစ်ယောက်ဟာ အမှန်တကယ်လည်း တည်ရှိတယ်၊ သံတမန်ကြီးတွေလည်း ဖြစ်တယ်ဆိုတာကို ကျွန်မ အာမခံပါတယ်၊ ပြဿနာ များ ရှိလို့လား"

"မရှိပါဘူးခင်ဗျ၊ မရှိပါဘူး၊ သူတို့ဆိုင်ကို တစ်ယောက်ယောက်က စက်သေနတ်နဲ့ပစ်သွားပြီး သူတို့လည်း ပျောက်နေလို့ စုံစမ်းတာပါ ခင်ဗျ" မားရ်ဂေါ့ ဖော့စတွန်းဟာ ဒီသတင်းကို ကြားလိုက်ရတဲ့အခါ သူ့ရဲ့ ဝန်ကြီးသက်တမ်းဟာ မျက်စိရှေ့တင် တစ်စစီ ကြွေကျသွားတဲ့ မြင်ကွင်းကြီး မျက်စိထဲ ပေါ်လာတယ်။ ဒီဟာကြီးနှစ်ယောက်ကို ပြုံယမ်းမှာ ထားခဲ့ရ ကောင်းသား။ ကဲလေ မဟုတ်သေးပါဘူး၊ ကင်ဂျုံအန်များလား၊ အင်း-ဒုက္ခပဲ။

"ဘာပြောတယ် သူတို့ကို အပစ်ခံရတယ် ဟုတ်လား၊ သူတို့က ရော ပြန်ပစ်သေးလား"

အင်စပက်တော်ဟာ ဖြစ်ပျက်သမျှ ဝန်ကြီးကို အသေးစိတ် အစီရင် ခံနေတယ်။ သံတမန်ကြီးတွေဟာ တစ်ချက်မှ ပြန်မပစ်ဘူး။ သူတို့ ထိခိုက် သွားတယ်လို့လည်း သံသယဖြစ်စရာ အချက်မတွေ့ရဘူး၊ အခေါင်းရှစ်ခေါင်းနဲ့ လက်ပ်တော့တစ်လုံးတော့ သေနတ်မှန်သွားတယ်။

ဟင် ဇာတ်လမ်းကလည်း ဇာတ်ကောင်တွေအတိုင်းပဲ၊ အဓိပ္ပာယ်မရှိလိုက်တာ၊ ကဲလေ အကောင်းဆုံး တိုက်စစ်ဟာ အကောင်းဆုံး ခံစစ်ပဲဆိုတဲ့ စကား ရှိတယ်မဟုတ်လား။ မားရ်ဂေါ့ဖော့စတွန်းဟာ ဘုရားတပြီး ဆက်ပြောတယ်။

"ရှင့်နာမည်က ဘက်ခ်မန်းနော်၊ ကောင်းတယ်၊ ကျွန်မပြောမယ် အင်စပက်တော် ဘက်ခ်မန်း၊ ကျွန်မဟာ ဝန်ကြီးတစ်ယောက်အနေနဲ့ ရှင့်လုပ်ငန်းကို ဝင်စွက်ဖို့ စိတ်မကူးပါဘူး၊ တကယ်လို့ သံတမန်ကြီး ကားလ်ဆန်နဲ့ ဂျွန်ဆင်ဟာ ပြစ်မှု သံသယစာရင်းထဲပါနေရင် လုပ်စရာရှိတာ ဆက်လုပ်ပါ အဲသလိုမဟုတ်ရင်တော့ ဒီကိစ္စကို လျှို့ဝှက်ထားပေးပါလို့ ပြောပါရစေ"

"ဟင့်အင်း သူတို့ဟာ သံသယတရားခံမဟုတ်ပါဘူး၊ ကိစ္စတွေကို အားလုံးနားလည်နိုင်အောင် သူတို့နဲ့ တွေ့ပြီး မေးချင်ရုံလေးပါ"

"အင်း . . အဲသလိုတော့ မကူညီနိုင်ဘူးရှင်၊ သူတို့နဲ့ နောက်ဆုံး တွေ့ခဲ့တာက နယူးယောက်မှာ သမ္မတထရမ့်နဲ့ ဆွေးနွေးတုန်းကပေါ့ ၊ ဒီသတင်းအချက်အလက်ကို ရှင်ကြိုက်ရာ သုံးနိုင်ပါတယ်။ ဒါပေမဲ့လို့ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်ဆိုရင်တော့ ရှင့်တစ်ယောက်တည်း သိထားတာ အကောင်းဆုံး ဖြစ်လိမ့်မယ်"

ဗစ်ခ်တာဘက်ခ်မန်းဟာ နိုင်ငံခြားရေးဝန်ကြီးဌာနကို ဖုန်းခေါ်မိတဲ့ အတွက် နောင်တရစပြုနေပြီ။ ဝန်ကြီး မားရ်ဂေါ့ဗော့စတွန်းဟာ ကမ္ဘာ့ ငြိမ်းချမ်းရေးဆိုတဲ့ ဝန်ထုပ်ကြီးကို သူ့ခေါင်းပေါ် တင်ပေးနေပြီပဲ။

"ဟုတ်ကဲ့ပါ မဒမ် ဝန်ကြီးခင်ဗျ၊ သိပါပြီခင်ဗျ၊ ဒီ သံတမန် လူကြီးမင်းတွေကို ဘာသံသယမှ မရှိပါဘူးခင်ဗျ၊ သူတို့ကို ရှာဖွေဖို့လည်း မလိုပါဘူးခင်ဗျ၊ ဒါပေမဲ့လို့ သေနတ်နဲ့ပစ်တဲ့ တရားခံနဲ့ပတ်သက်လို့ ဝန်ကြီး စိတ်ထဲ သံသယရှိတဲ့လူများ ရှိနေမလားလို့ သိပါရစေ"

ဘယ်သိပါ့မလဲ၊ မားရ်ဂေါ့ ဗော့စတွန်းဟာ ဘာမှ မသိဘူးလေ။ "ကျွန်မတော့ မသိဘူးရှင့်၊ သမ္မတထရမ့်တို့ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် ဂူတာရက်စ်တို့တော့ သိမလား မသိဘူး၊ သူတို့ကို ရှင်နဲ့ ဆက်သွယ်ခိုင်းလိုက်ရမလား"

"အမလေး စောက်ကျိုးနည်း၊ မလုပ်ပါနဲ့ခင်ဗျာ နေပါစေတော့" ဗော့စတွန်းရဲ့ ဗျူဟာက အလုပ်ဖြစ်သွားတယ်။

တော်ပြီ တော်ပြီ တော်ရုံတန်ရုံ ပဲကောင်းတယ်လို့ ဗစ်ခ်တာ ဘက်ခ်မန်း တွေးနေတယ်။ သူနဲ့ သူ့ရည်းစားဟာ ပေါ်တူဂီကို ဂေါက်ရိုက် သွားဖို့ စီစဉ်ထားတယ်။ အားလပ်ချိန်တိုင်း သူဟာ အလားအလာကောင်းတဲ့ မာစတ်ာ အိုင်ဂေ အမျိုးသမီး ဘောလုံးအသင်းကို နည်းပြတယ်။ တစ်ပတ် တစ်ခါ ခေါင်းဆောင်မှုစွမ်းရည်ဆိုင်ရာ ညနေခင်းသင်တန်းကို အနာဂတ် ရာထူးတက်ဖို့ တိတ်တခိုး မျှော်လင့်ချက်ကလေးနဲ့ တက်တယ်။ လစဉ် နောက်ဆုံး တနင်္ဂနွေညနေမှာ အပေါင်းအသင်းတွေစုပြီး ဘီယာသောက် ပိုကာဝိုင်းဖွဲ့တယ်။

ဒါတွေအားလုံးကို စွန့်လွှတ်ပြီး တတိယကမ္ဘာစစ်ကို စတင်သူလို့ သမိုင်းမှတ်တမ်းဝင်မယ့် ကိစ္စကိုလုပ်ဖို့ သူ မပြင်ဆင်ရသေးဘူး။ မလုပ်နိုင်ဘူး။

"စကားပြောရိုင်းသွားတာကို ခွင့်လွှတ်ပါ မဒမ် ဝန်ကြီးခင်ဗျာ၊ ကျွန်တော် ဘာမှ ထပ်ပြီး မစုံစမ်းတော့ပါဘူး၊ သတင်းလေး တစ်ခုတော့ ပေးခဲ့ပါရစေ၊ သံတမန်ကြီးဂျွန်ဆင်ရဲ့ လက်ရှိနေရပ်လိပ်စာပါ၊ သူဟာ မဲလ်မိုမှာ အခန်းငှားပြီး နေနေတယ်ဗျ"

တကယ်တော့ မားရ်ဂေါ့ ဗော့စတွန်းဟာ အယ်လန်ကားလ်ဆန်နဲ့ သူ့မိတ်ဆွေ ကညွတ်တောင်သူကြီးကို သူ့ဘဝထဲကနေ ထာဝရ မေ့ပစ်လိုက် ချင်တာ။ ဒါပေမဲ့ အဲလိုပြောလိုက်ရင် သံသယ ဖြစ်သွားမှာပေါ့။ ဒါကြောင့်

အလိုက်အထိုက်ပြောမှပဲ။

"အား-စိတ်ဝင်စားစရာပါလား၊ အတော်ပဲ အတော်ပဲ ထရီဇာမေဟာ ဂျွန်ဆင့်ကို အကူအညီ တောင်းထားတာ တစ်ခုရှိသေးတယ်၊ လိပ်စာ သိရတာ ကောင်းလိုက်တာ"

ဟင် ထရီဇာမေတဲ့၊ ဗြိတိန်ဝန်ကြီးချုပ်ကလေ၊ ဒီ ဂျွန်ဆင့်ဆီက အကူအညီ၊ ဘာများပါလိမ့်၊ ဟာ တော်ပြီ တော်ပြီ၊ မသိချင်ဘူး၊ လုံး ဝ မ သိ ချင် ဘူး။ ဘက်ခ်မန်းဟာ ဝန်ကြီးကို လိပ်စာအမြန်ပြော၊ နှုတ်ဆက် စကားပြော၊ ဖုန်းအမြန်ချပြီး ဘောလုံးလေ့ကျင့်ဖို့ အမြန်ထွက်သွားတယ်။ လေ့ကျင့်ကွင်းကို ဘယ်သူမှမရောက်ခင် မိနစ်လေးဆယ်လောက် စောပြီး သူ တစ်ယောက်တည်း အရင်ဆုံးရောက်တာ။

မားရ်ဂေါဗော့စတွန်းဟာ ထရီဇာမေကို အသုံးချလိုက်ရတာ စိတ်တော့မကောင်းလှဘူး၊ ဒါပေမဲ့ ထရီဇာမေဟာ ဂျွန်ဆင့် အကူအညီကို တကယ်လိုအပ်မယ့် ဖြစ်တန်စွမ်းက မရှိသလောက် နည်းတယ်မဟုတ်လား၊ ဂျွန်ဆင်ဆိုတဲ့လူ လောကမှာ ရှိနေတယ်ဆိုတာတောင် ထရီဇာမေက မသိဘဲ ကို၊ ပြီးတော့ သူက မအားဘူးလေ။ သူ့တိုင်းပြည်ကို အစိတ်စိတ်အမြွှာမြွှာခွဲဖို့ ဂျင်ဂျာလည်အောင် အလုပ်ရှုပ်နေရှာတာကိုး။

※※※

(၅၃) ဆွီဒင်

ဆွီဒင်ဘာသာ၊ ဒိန်းမတ်ဘာသာစကားတွေနဲ့ ကြော်ငြာတဲ့ ဖေ့စ်ဘွတ်ကြော်ငြာကို စိတ်ဝင်စားသူဟာ ပထမအပတ်အပြီးမှာ ခုနစ်ယောက် ရှိလာတယ်၊ အဲဒီထဲက လေးယောက်က အလုပ်ဖြစ်တယ်။ တစ်ယောက်က ဒိန်းမတ်က၊ သုံးယောက်က ဆွီဒင်က။

သူတို့အလုပ်မှာ နှစ်ပိုင်းရှိတယ်၊ တခြားတစ်ဖက် က ထိုလောကနဲ့ ဆက်သွယ်တာရယ်၊ ခိုကိုးရာမဲ့ ဝိညာဉ်တွေကို ကူညီတာရယ်၊ အလုပ်ခန်းကတော့ ရော့ဆင်ဂေါ့က တိုက်ခန်းမှာ၊ စျေးနှုန်းက တစ်ဆက်ရှင်ကို ကရိုနာ သုံးထောင်။ နေရာအထိ လိုက်ပြီး အစွဲချွတ်ပွဲ၊ ဝိညာဉ်ထုတ်ပွဲ လုပ်ပေးရမယ်ဆိုရင်တော့ ဆရာမကြီး အက်စ်မရဲလ်ဒါနဲ့ လက်ထောက်အတွက် ခရီးစရိတ်တွေ အပြင် တခြားစရိတ်တွေကိုလည်းကျခံရမယ်။

ဘွတ်ကင် လေးခုလုံးဟာ တခြားတစ်ဖက်က ထိုလောကရောက် ချစ်ခင်သူတို့ရဲ့ ဝိညာဉ်နဲ့ ဆက်သွယ်ချင်တဲ့ ကိစ္စချည်းပဲ။ အားလုံးကလည်း ရော့ဆင်ဂေါ့ အလုပ်ခန်းကို လာကြတယ်။ လေးခုမှာ သုံးခုက အတော်ကို အဆင်ချောတယ်။ စတုတ္ထမြောက်တစ်ခုကတော့ လောလောလတ်လတ် ရေနစ်သေသွားတဲ့ တံငါသည်တစ်ယောက်ရဲ့ ရည်းစားကောင်မလေးဟာ သူ့အချစ်နဲ့ နောက်ဆုံးအကြိမ် စကားပြောချင်လို့ပါတဲ့။ ဆရာမကြီး အက်စ်မရဲလ်ဒါဟာ အတော်လေး ကြိုးစားပြီးတဲ့အခါ အဆက်အသွယ်ရတယ်၊ အဆက်အသွယ်ရနေတုန်း ကောင်မလေးဆီကို ဖုန်းဝင်လာတယ်။ ရေနစ် သေသွားတဲ့ မသာဟာ တကယ်တော့ ရေလည်းမနစ်၊ သေလည်း မသေဘူး တဲ့၊ ငါးဖမ်းလှေက စက်ပျက်ပြီး မျောသွားတာတဲ့၊ ခု ဘွမ်းဟုမ်းကမ်းခြေမှာ ရောက်နေပြီတဲ့၊ ခုရောက်ရောက်ချင်း အချစ်ဆီ ဖုန်းခေါ်လိုက်တာတဲ့။ အပျော် လွန်ပြီး တအီအီငိုနေတဲ့ ကောင်မလေးဟာ မသေဘဲရောက်နေတဲ့ ဝိညာဉ်ကို တော့ ဂရုစိုက်မိတဲ့အတွက် ပိုက်ဆံပြန်တောင်းဖို့ကိုတော့ မမေ့ဘူး။

※※※

(၅၄) ဆွီဒင်

ဂျွန်နီဟာ မဲလ်မို၊ ဂူစတေ့ဗ် အဒေါ့ဖ် ပြည်သူ့ ရင်ပြင်ထဲက ကော်ဖီဆိုင်တစ်ခုမှာ မနက်ခင်း ကော်ဖီနဲ့ မနက်စာကို စားနေတယ်။ ဆလပ်ကို ရေစင်စင်ဆေးခဲ့ဖို့ သူ အသေအချာ မှာနေတယ်။ သူဟာ အစားအသောက် ထဲက အဆိပ်ဓာတ်ကြောင့် လူ့အသိုင်းအဝိုင်းမှာ လိင်တူ ချစ်သူတွေ ပေါများလာရတယ် ဆိုတဲ့ သုတေသနကို လက်ခံသူ နီယိုနာဇီ တစ်ယောက်လေ။

ဂူစတေ့ဗ် အဒေါ့ဖ် ပြည်သူ့ရင်ပြင်ဟာ အစား အသောက်စားဖို့ အကောင်းဆုံးနေရာမဟုတ်ပေမယ့် ဒီလောက်ထိ ကြေးများဖို့ မလိုဘူးလေ။ ဂူစတေ့ဗ် လေး အဒေါ့ဖ် ဆိုတာ တကယ်တော့ အတော်စောက်သုံးမကျ တဲ့ ဘုရင်။ သူဟာ နပိုလီယန်နဲ့ စစ်တိုက်တယ်၊ ရှုံးတယ်၊ ဖင်လန်နယ်နဲ့ ရာဇပလ္လင်ကို စွန့်လွှတ်ရတယ်။ ပြည်နှင်ဒဏ်ခံရပြီး ဆွစ်ဇာလန် တစ်နေရာက ဘားဆိုင် တစ်ခုမှာ ငွေတစ်ပြားမှမရှိတဲ့ ယစ်ထုပ်ကြီးအဖြစ် ဘဝ ဇာတ်သိမ်းတယ်။

ဘဝကို ဘုရင်အဖြစ်နဲ့စ၊ နယ်စားအဖြစ် ရာထူးချခံရ၊ ဗိုလ်မှူးကြီး ဂူစတေ့ဗ်ဆင်အဖြစ် နေထိုင်ပြီး ယစ်ထုပ်အဖြစ် သိမ်းရတယ်ဆိုတာ အတော် မစွံတာပဲ။

ဆလပ်သုပ်စားပြီးတဲ့အခါ ဂျွန်နီဟာ လုပ်နေကြအတိုင်း မြို့တော် မြေပုံကိုကြည့်ပြီး လေ့လာရေး ခရီးစဉ်စတယ်။ မြို့လယ်ကောင်၊ ဆိပ်ကမ်း၊ အာလေ့ဒဗ် မြူနီစီပယ် ဧရိယာတစ်ဝိုက်ကို သူလေ့လာပြီးပြီ၊ ခု အနောက်ခြမ်းနဲ့ တောင်ဘက်ခြမ်းကို လေ့လာမယ်၊ သူ့အလုပ်ကတော့ တစ်လမ်းဝင် တစ်လမ်းထွက် လျှောက်မောင်းပြီး အသုဘကားရပ်ထားသလားလို့ လိုက်ရှာ တာပဲ။

အစ်ကို ကက်နက်ကို သတိရရနေတဲ့အတွက် ဂျွန်နီခမျာ အာရုံစိုက်ဖို့ သိပ်မလွယ်လှဘူး၊ အက်စ်ကီလ်စတူးနား တည်းခိုဆောင်က ဘွားတော်ကြီး ပြောလိုက်တာကို သူ မေ့လို့မရဘူးဖြစ်နေတယ်။ တကယ်ပဲ သူ့ယောက်ျားနဲ့ သူ စကားပြောခဲ့ရတာများလား။

အင်း - ဆဗင်းဂျွန်ဆင်ဟာ တခြားတစ်ဖက်က ထိုလောကဆိုတဲ့ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီရဲ့ ဥက္ကဋ္ဌမကြီးပဲ။ အဲဒီကနေမှ အခေါင်း လုပ်ငန်းကို ပြောင်းလုပ်ပုံပဲ။ ဒါပေမဲ့ တည်းခိုဆောင်မှာတော့ သူ ဝိညဉ် ထုံကူးပြခဲ့တယ်ထင်တယ်။

ဒါဆို သူ့လည်မျိုကို ဓားနဲ့တွေ့ပြီး ကက်နက်ကို ခေါ်ခိုင်းရင် ကောင်းမလား၊ ဒါပေမဲ့ ဒီမိန်းမကြီးကို ယုံလို့ရပါ့မလား။ ဓာတ်ခန်းထဲ ကက်နက်ဝိညာဉ်ဝင်လာပြီး စကားပြောလို့ရပြီပဲ ဆိုပါတော့။ သူ ဘယ်သူ့ကို စကားပြောနေတာ ဖြစ်မလဲ။ ကက်နက်လား၊ ဆဗင်းဂျွန်ဆင်လား။

တော်ပြီ။ ဒီ သေကိုသေရမယ့် မိန်းမကြီးဟာ သူတို့ ညီအစ်ကို

နှစ်ယောက်ကြားက ကြားခံဆက်သွယ်သူဖြစ်လို့ ဘယ်ရမလဲ။ ဒါပေမဲ့ တခြားနတ်ဝင်သည်တွေနဲ့ ဆိုရင်ရော ဘယ်နှယ့်လဲ။ အင်း နောက်တစ်ခုက တော့ ယုံနိုင်စရာမရှိဘူးဆိုပေမယ့် ကက်နက်ပိညာဉ်ဟာ သူ့အနားမှာ အမြဲတမ်း ရှိနေတယ်လို့ ဂျွန်နီ ခံစားနေရတယ်၊ သူဟာ တခြားတစ်ဖက်က လောကမှာ များ ရှိနေမလား။

ဂျွန်နီဟာ အွန်လိုင်း သုတေသနလုပ်တယ်။ အမလေး တခြား တစ်ဖက်က ထိုလောကဆိုင်ရာ ဝန်ဆောင်မှုတွေက ဆိုဒ်တစ်ပြည်လုံး ပွထနေတာပါလား။ စကိန်း တောင်ဘက်ပိုင်းကို ရှာတာတောင် နှစ်ဒါဇင် လောက် ထွက်လာတယ်။ ဒါပေမဲ့ အများစုက ဂျွန်နီ လိုချင်တဲ့ ကိစ္စမျိုး လုပ်မပေးနိုင်ဘူး။ အင်း - ဆဗင်းဂျွန်ဆင်ဟာလည်း သူ့လုပ်ငန်းကို ဒီလိုမျိုးများ အွန်လိုင်းမှာ ကြော်ငြာထားလေမလား၊ အသုဘကားကြီးနဲ့တောင် ထွက်ပြေး သေးတာကို၊ အို ဒါပေမဲ့ ဘယ်သူမှ ဒီလောက် မတုံးလောက်ဘူးလေ။

နောက်ဆုံးတော့ သူအလိုရှိတဲ့ ဝန်ဆောင်မှုမျိုးပေးနိုင်တာ လေးခု တွေ့လာတယ်။ ဘော့ဂ်ဒန်၊ အိန်ဂျလစ်၊ ဟယ်ရီယက်နဲ့ အက်စ်မရဲလ်ဒါ တဲ့။

ဘော့ဂ်ဒန် သွားစမ်း၊ စောက်နာမည်ကြီးကိုက ကျက်သရေမရှိ၊ ဟယ်ရီယက်ဆိုတာလည်း ဝိညာဉ်ထုံကူးတဲ့ နာမည်နဲ့မတူဘူး၊ အိန်ဂျလစ်က ရော၊ အိန်ဂျလစ်ဆိုတာ နတ်ဝင်သည်နာမည်မဟုတ်ဘဲ အပြာကားမင်းသမီး နာမည်မျိုး၊ အို အပြာကားလုပ်ငန်းက ဂျူးစုတ်တွေ လုပ်တာပဲ။

ဒါဆို အက်စ်မရဲလ်ဒါပေါ့၊ နာမည်ကတော့ စောက်နိုင်ငံခြားသား နာမည်ပဲ။ အေးလေ ကြည့်ကြသေးတာပေါ့။

※※※

(၅၅) ဆိုဒင်

ဝင်ငွေ ကရိုနာ ကိုးထောင်၊ ကုန်ကျစရိတ်က ဝင်ငွေ တစ်ဝက်လောက် ရှိတယ်။ ဒါတောင် ဖွေ့စ်ဘွတ် ကြော်ငြာခ မပါသေး။ ဒါပေမဲ့ ရေရှည်ကြော်ငြာဖို့လည်း စိတ်ကူးမရှိပါဘူး။

နောက်သုံးလေးရက်ကြာတော့ ဘွတ်ကင် အသစ် သုံးခု ထပ်ရတယ်။ ပထမနှစ်ခုက အလကား၊ ဘာမှ အလုပ်မဖြစ်ဘူး။ တတိယတစ်ခုကတော့ ဝိညာဉ်ထုံကူးပြီး တခြားတစ်ဖက်က သေသူ့ဝိညာဉ်ကို ခေါ်ပေးရမယ့်ကိစ္စ။ မတော်တဆ ကိစ္စတစ်ခုနဲ့ သေသွားရရှာတဲ့ အစ်ကိုဖြစ်သူ ရဲ့ ဝိညာဉ်နဲ့ စကားပြောချင်သတဲ့။ ဝိညာဉ်ခေါ်တယ် ဆိုတာ ဘာမှမပြောမဆိုနဲ့ ခေါ်လို့ရတာ မဟုတ်ဘူး။ ကျောထောက်နောက်ခံ သတင်းအချက်အလက်ဟာ အသက်တမျှ အရေးကြီးတဲ့အတွက် အက်စ်မရဲလ်ဒါ ဆရာမကြီးဟာ ကွန်ပျူတာကတစ်ဆင့် ဘွတ်ကင် ချိတ်သူဆီ ဗီဒီယိုကောလ် ခေါ်လိုက်တယ်။

ညှော်ခန်းထဲပြန်ရောက်လာတဲ့အခါ အက်စ်မရဲလ်ဒါဟာ မျက်နှာကြီး ဖြူစုပ်စုပ်ဖြစ်နေတယ်။ ဂျူးလီးယပ်စ်က ပက်လက်ကုလားထိုင်ပေါ်၊ အယ်လန်က နှင်းဆီခေါင်းထဲမှာ တက်ပလက်နဲ့ အသီးသီး နှပ်နေကြတယ်။

"ဟင် ဘာဖြစ်လာတာလဲ အချစ်"

ဂျူးလီးယပ်စ်ရဲ့မေးခွန်းကို ဆဗင်းက မဖြေဘူး။ အယ်လန်က ဖြေတယ်။ ဘာဖြေသလဲဆိုတော့ တက်ပလက်ထဲက သတင်းတွေပေါ့။

ပြင်သစ်သမ္မတအသစ်ဟာ သူ့စကားကို ဘယ်သူမှ မကြားလောက် ဘူး၊ ဘယ်သူမှ နားမထောင်ဘူးလို့ ထင်တဲ့အခါတိုင်းမှာ အင်မတန် အကျည်းတန် ကျက်သရေတုံးတဲ့ ဘာသာစကားတစ်ခုကို ပြောဆိုတတ်သတဲ့။ ဂျာမန်အဓိပတိဟာ အယ်-ဂျီ-ဘီ-တီ- ကြူ ကိစ္စနဲ့ပတ်သက်လို့ မော်စကိုမှာ ပူတင်နဲ့ ဆွေးနွေးသတဲ့။ အယ်-ဂျီ-ဘီ-တီ-ကြူ ဆိုတာ ဘာမှန်း အယ်လန် မသိဘူး။ လေသံက မြောက်ကိုရီးယားသတင်းဌာနဆိုတဲ့ အသံမျိုးထွက်နေ တဲ့အတွက် ဒါ မှန်ကန်တဲ့အကြောင်းအရာတော့ မဟုတ်လောက်ဘူးလို့ သူ ယူဆလိုက်တယ်။

"ဟာ-အသာနေစမ်းပါဗျာ၊ ဟိုမှာ ဆဗင်းလေးတစ်ယောက် ဆောက်တည်ရာမရ ဖြစ်နေတာ မတွေ့ဘူးလား"

"ဟင့်အင်း-မတွေ့ပါဘူး၊ အခေါင်းထဲဝင်အိပ်နေတာကို ဘယ်နှယ့် လုပ် တွေ့မလဲ။ ဒါပေမဲ့ ဘဇာကြောင့် ဆောက်တည်ရာမရ ဖြစ်ရတာလဲ ဆိုတာ ဆဗင်းက ရှင်းပြရင် အားလုံးအတွက် အကျိုးရှိမှာပေါ့၊ ကေန္တ အယ်-ဂျီ-ဘီ-တီ-ကြူ ကိစ္စများလား။ ဒါ ဆို အဲဒါ ဘာကိုပြောတာလဲဆိုတာ ရှင်းပြစမ်းပါ"

ဆဗင်းက အယ်လန့်ကို တိတ်တိတ်နေဖို့ ပြောလိုက်တယ်။ ဂွန်နီ ဆိုတဲ့လူဟာ တမလွန်က ကက်နက်ဆိုတဲ့ သူ့အစ်ကိုကို ဆက်သွယ်ချင်လို့

ဝိညာဉ်ထုံကူးပွဲ ဘွတ်ကင် ချိတ်သတဲ့။ ဂျူးလီးယပ်စ်က အားတက်သွားတယ်။

"ဟာ ကောင်းတယ် အလုပ်ဖြစ်သေးတာပဲ၊ ကိုယ်တို့ ကက်နက် အကြောင်း ဘာသိရပြီလဲ"

"သိလိုက်သမျှ ကမ်းကို ကုန်နေတာပဲ၊ ကက်နက်ဆိုတာ ကျွန်မတို့ လုပ်ပေးလိုက်တဲ့ နာဇီအခေါင်းထဲထည့်ရမယ့် မသာရှင့်"

"ပြီးတော့ သူက ကျုပ်တို့ကို သေနတ်နဲ့ပစ်တယ်လား"

"ဟင့်အင်း... သူက သေနတ်နဲ့ မပစ်နိုင်တော့ပါဘူး၊ အဲဒါက သူ့ညီ ဂျွန်နီ၊ သူမနက်ဖြန် နေ့လယ် တစ်နာရီမှာ ဒီကိုလာမတဲ့"

※※※

(၅၆) ဆီဗွဒင်

ဂျွန်နီ အန်ဂဘောဟာ မဲလ်မို တောင်ပိုင်းကို ပိုက်စိတ်တိုက် ရှာပေမယ့် ကံမကောင်းသေးဘူး။ မနက်ဖြန်တော့ မဲလ်မို အရှေ့ပိုင်းပေါ့ကွာ။ ခုတော့ အက်စ်မရဲလ်ဒါနဲ့ သွားတွေ့လိုက်ဦးမယ်။ ကက်နက်နဲ့ သိပ်တွေ့ချင်နေတယ်။ ငါလာပြီ ကက်နက်ရေ။

အက်စ်မရဲလ်ဒါဟာ သူ ကြော်ငြာထားသလို တကယ်ပဲ စွမ်းသလား။ တကယ်လို့များ ကက်နက်ကို နှုတ်ဆက်ခွင့်ရမယ်၊ ကက်နက်ဆီက သတင်းစကား လည်း ပြန်ကြားခွင့်ရမယ်ဆိုရင်။ စဉ်းစားကြည့်စမ်းပါ။ အပြန်အလှန်စကား ပြောလို့ရမယ်ဆိုရင် သူတို့ညီအစ်ကို နှစ်ယောက်လုံး အထီးကျန်နေတော့မှာ မဟုတ်ဘူးလေ။

ဂျွန်နီဟာ အချိန်ကောင်းကို ရွေးပြီး ဘွတ်ကင် ချိတ်ထားတယ်။ အက်စ်မရဲလ်ဒါဟာ အလုပ်ခန်းကို အိမ်မှာပဲ ဖွင့်ထားပုံရတယ်။ ရော့ဆင်ဂေါ့မှာပဲ။

အင်း ရောက်တော့မယ် လေး-ငါး ဘလောက်လောက်ပဲ လိုတော့တယ်။ ဟင်- နေဦးဟ၊ ဘာလဲ ဟ၊ ဩော် ဒီလိုလား။ ဟောဟိုမှာ အသုဘ ကား ပါကင်ထိုးထားတယ်။ ကြည့်စမ်း။ ဟုတ်တယ်၊ ဒီကားပဲ။ ဒါပေမဲ့ ဘယ်အခန်းမှာလဲ။ ဒီနားက အဆောက်အဦတွေက အများကြီး၊ အမြင့်ကြီး တွေ၊ အခန်းပေါက်စေ့ တံခါးလိုက်ခေါက်နေလို့ မဖြစ်ဘူး။

ဂျွန်နီက ကားထဲက ထွက်လိုက်တယ်။ အသုဘကား ဘောနက်ကို လက်နဲ့စမ်းကြည့်တယ်။ နွေးနေတယ်။ ဒါဆို ရပ်ထားတာ မကြာသေး ဘူးပေါ့။ ကားမှန်သုတ်တံမှာ ညှပ်ထားတဲ့ ပါကင်စာရွက်က မနက်ဖြန်မနက် အထိပဲ။ ဒါဆို ဒီကား ထပ်မထွက်တော့တာ သေချာပြီ။ စောက် ဆဗင်း ဂျွန်ဆင်နဲ့ အပေါင်းအပါတွေ ပေါ်လာမယ့်အချိန်ကို စောင့်ရုံပဲ။

"မလောနဲ့ ဂျွန်နီ မလောနဲ့" လို့ ဂျွန်နီဟာ သူ့ကိုယ်သူ ပြောနေတယ်။

တစ်နာရီ ထိုးလုပြီ။ အက်စ်မရဲလ်ဒါဆီ အရင်သွားမယ်။ သိပ်မှ မဝေးဘဲကွာ၊ ဒီနားတင်ဆို ရောက်ပြီကိုး။ မလောနဲ့ ငါ့ကောင်၊ မလောလေနဲ့။

※

ဒုက္ခပဲ။ ဒုက္ခပဲ။ ဒုက္ခပါပဲ။ မာစဏ္ဍာမှာ သူတို့ကို စက်သေနတ်နဲ့ ပစ်တဲ့ နာဇီဟာ ခု မဲလ်မိုမှာ ဘွားခနဲပေါ်လာပြီး အက်စ်မရဲလ်ဒါရဲ့ ဝိညာဉ် ဝန်ဆောင်မှုယူဖို့ လာပြီတဲ့။ ဒါ တိုက်ဆိုင်မှုမဖြစ်နိုင်ဘူး။ တကယ် တိုက်ဆိုင်တာ မဟုတ်မချင်းပေါ့။ အင်း တိုက်ဆိုင်မှုလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ဒါပေမဲ့လို့ ဆဗင်းဂျွန်ဆင်နဲ့ ရော့ဆင်ဂေါ့ ဘာဆက်စပ်မှုမှ မရှိဘူးလေ။ ဒီအခန်းကို ငှားထားတာ ဂျူးလီးယပ်စ်၊ ဂျူးလီးယပ်စ်နဲ့ ဆဗင်းဟာ ဘယ်နေရာမှာမှ

ဆက်စပ်မှု မရှိဘူး၊ ကုမ္ပဏီစာရင်း အခန်းငှား စာရင်း ဘယ်မှာများ ဆက်စပ်နေလို့လဲ။ အဲ တစ်ခုတော့ရှိတယ်။ အက်စ်ကီလ်စတူးနား ရဲ့စခန်းမှာတုန်းကတော့ သူတို့သုံးယောက်ရဲ့ မှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်တွေ ပြခဲ့ရတယ်မဟုတ်လား။ ဒါဆို ရဲကွန်ပျူတာစနစ်ထဲ ဝင်သွားပြီပေါ့။ ဒါပေမဲ့ ဂျွန်နီနာဇီဟာ ဒါကို ကြည့်ပိုင်ခွင့်ရှိလို့လား။

ဘယ်လိုပဲဖြစ်ဖြစ် နာဇီကောင် ဘွတ်ကင်လုပ်တာဟာ သူတို့ကို သေချာအောင် လာကြည့်ပြီး သတ်ဖို့ပဲဆိုတဲ့ ကောက်ချက်ကတော့ သုံးယောက်လုံး သဘောညီ ကောက်ချက်ချကြတယ်။ ဒါပေမဲ့ ဒီနာဇီကောင် ဟာ ဘာဖြစ်လို့ သူ့နာမည်ရင်းနဲ့ ဘွတ်ကင်လုပ်တာတုန်း။

ဒါကြောင့်မို့ သူတို့ဟာ ဘယ်လိုကောက်ချက်မျိုးမှ မချနိုင်ဘူးလို့ ကောက်ချက်ကို ပြန်ပြင်ချကြတယ်။ ကဲလေ ရေလိုက်ငါးလိုက် ကြည့်သွား တာပေါ့။ တကယ်လို့သာ တိုက်ဆိုင်တာဆိုရင်တော့ ဒီတိုက်ဆိုင်မှုကို ဘယ်လို မှ ယုံနိုင်စရာအကြောင်း မရှိဘူးလေ။

"ဟာ ငါတော့ ရှုးတော့မှာပဲ"

ဂျူးလီးယပ်စ်က အလွန်အမင်း စိတ်ရှုပ်တဲ့လေသံနဲ့ ပြောလိုက်တယ်။

"ဟုတ်တယ် ကျုပ်လည်းတူတူပဲ"

အယ်လန်က ထောက်ခံတဲ့လေသံနဲ့ လိုက်ပြောတယ်။

"ရှင်က ရှုးနေပြီးသားပဲ"

ဆဗင်းက စောက်မြင်ကတ်တဲ့လေသံနဲ့ ဖြည့်ပြောတယ်။

ကဲကွာ၊ အရေးပေါ် အစီအစဉ်လုပ်မကွာ။

ဆဗင်းခေါ် အက်စ်မရဲလ်ဒါက ဂျွန်နီ နာဇီကို အလုပ်ခန်းမှာတွေ့၊ အယ်လန်နဲ့ ဂျူးလီးယပ်စ်က လက်နက်တွေကိုင်ပြီး ပုန်းနေမယ်၊ အခြေအနေ ဆိုးလာရင် သူတို့ ထွက်လာပြီး- - - အဲ ထွက်လာပြီး ဘာလုပ်မှာတုံး။

သူတို့အစီအစဉ်ဟာ အလွန် ရွှတဲ့အစီအစဉ်ဆိုတာ သုံးယောက်လုံး သဘောတူကြတယ်။ ဂျူးလီးယပ်စ်ကတော့ အမြန် ဈေးသွားဝယ်တယ်၊ ဘော့စ်ဘောရိုက်တုတ်က တစ်ချောင်း၊ လေသေနတ် ပစ္စတိုက တစ်လက်။

"ကျုပ်ကတော့ ဘော့စ်ဘောတုတ်ကို မ,မနိုင်ဘူး၊ ပစ္စတိုလေးသာ ကမ်းလိုက်စမ်းပါ" လို့ အယ်လန်က ပြောလိုက်တယ်။ ဆဗင်းကလည်း သူ့နည်းသူ့ဟန်နဲ့ ပြင်ဆင်နေတယ်။ မတ်ခွက်ထဲမှာ ကော်ဖီကို အိပ်ဆေး လေးလုံး ကြိတ်ထည့်ပြီး ဖျော်တယ်။ လူသတ်သမားဟာ လူမသတ်ခင် မှုးယိုင်ပြီး အိပ်ချင်နေရင် သူတို့အတွက် အကျိုးမယုတ်ဘူး မဟုတ်လား။

အ မယ် လေး နည်းနည်းမြည်းကြည့်တာတောင် မှုးသလိုလိုဖြစ်သွားတယ်။ ရပြီ ရပြီ။

နောက်ဆုံးအနေနဲ့တော့ အသူဘကားကို လေးဘလောက်အကွာမှာ ပါကင်သွားထိုးထားဖို့ ဆုံးဖြတ်လိုက်တယ်။ ကဲ ကျန်တာကတော့ ကံစီမံရာ ပေါ့လေ။

※

အချိန်တွေ ကုန်သွားခဲ့တယ်။ ၁၁ နာရီ၊ ၁၁ နာရီ ၁၅ မိနစ်၊ ၁၁ နာရီ ၁၇ မိနစ်၊ ၁၂ နာရီ ထိုးဖို့ ၁၀ မိနစ်၊ ၁၂ နာရီ မိနစ် ၂၀၊ တနာရီထိုးဖို့ မိနစ် ၂၀။

တစ်နာရီတိတိ အချိန်မှာတော့ တံခါးဘဲလ် မြည်လာတယ်။

ဒါပဲ၊ လာပြီ၊ ဒါပဲ။

အယ်လန်က မီးဖိုခန်းထဲမှာ လေသေနတ်နဲ့၊ ဂျူးလီးယပ်စ်က ဗီရိုထဲမှာ ဘော့စ်ဘောတုတ်နဲ့ အသီးသီး နေရာယူကြတယ်။ ဆဗင်းက မှောင်မည်းနေတဲ့ အလုပ်ခန်းထဲမှာ အသင့်နေရာယူတယ်။ အခန်းထောင့်မှာ အခေါင်းနဲ့၊ ပင်လယ်ဆားနဲ့၊ မှော်နှင်တံနဲ့၊ မုရန်သစ်စေးနံ့တွေက ကြိုင်လို့ လှိုင်လို့။

ဆဗင်းဟာ ကြောက်ကြောက်လန့်လန့်နဲ့ တံခါးကို ဖွင့်ပြီး ကြို-- -ကြို။

"ဟင် မဒမ် ဗော့စတွန်း၊ မဒမ်ဝန်ကြီး ဘာကိစ္စများလဲရှင့်" "အိုး ရှင် ကျွန်မကို သိတယ်ကိုး၊ ကျွန်မက ဂျူးလီးယပ်စ်ဂျွန်ဆင်နဲ့ အဲ အယ်လန်ကားလ်ဆန်ကို တွေ့ချင်လို့ပါ၊ ကျွန်မတို့က လုပ်ဖော်ကိုင်ဖက် တွေလေ၊ မေးစရာလေးတွေလည်း ရှိနေလို့ပါ"

အားလုံးအတွက် ပြင်ဆင်ထားခဲ့ပြီးသားလို့ ဆဗင်း ထင်ထားခဲ့ပေမယ့် ဒီအတွက် ပြင်ဆင်ထားတာတော့မဟုတ်ဘူးလေ။ အဲ နိုင်ငံခြားရေး ဝန်ကြီးက ဂျွန်နီဆိုတဲ့ နာမည်ဂုဏ်နဲ့များ ဝိညာဉ်ခေါ်ပွဲအတွက် ဘွတ်ကင် တင်---တင်။

သူ ဆက်မစဉ်းစားနိုင်ခင် နိုင်ငံခြားရေးဝန်ကြီး နောက်ကနေ လူတစ်ယောက် ဘွားခနဲ ပေါ်လာတယ်။ ဘယ်သူပါလိမ့်၊ ဝန်ကြီးရဲ့ ကိုယ်ရံတော်များလား၊ မဟုတ်သေးဘူး ထင်တယ်။

"ဟိုင်း ကျုပ်က ဂျွန်နီပါ၊ နေရာမှန်တယ် ထင်ပါရဲ့နော်"

※※※

(၅၇) ဆီဒင်

နိုင်ငံခြားရေးဝန်ကြီးဟာ ကားလ်ဆန်နဲ့ ဂျွန်ဆင်ကို ဆက်မစုံစမ်းအောင်လို့ အင်စပက်တော် ဘက်ခ်မန်းကို ခြောက်လွှတ်လိုက်ပေမယ့် သူကိုယ်တိုင်ကတော့ ဒီကိစ္စကို ဒီအတိုင်းမထားနိုင်ဘူးလေ။ သူတို့ ဆီဒင် ပြန်ရောက်ပြီး တဲ့အခါ ဘာတွေများ ဆက်ဖြစ်ကြပါလိမ့်၊ ဘာဖြစ်လို့များ သူတို့နေကြတယ်လို့ ယူဆရတဲ့ ဆိုင်ထဲကို သေနတ်နဲ့ ပစ်တာပါလိမ့်။

မဒမ်ဗော့စတွန်းဟာ မထိတ်သာမလန့်သာ အတွေး တစ်ခုရဲ့ တိုက်ခိုက်ခြင်းကို ရုတ်တရက် ခံလိုက်ရတယ်။ မြောက်ကိုရီးယား ထောက်လှမ်းရေးက ဆီဒင်ပိုင်နက်ထဲ ဝင်လာပြီး ဆီဒင်နိုင်ငံသားတွေကို လက်စတုံးဖို့ ကြိုးစား တာဆိုရင် ဘယ်လိုလုပ်မလဲ။ မကြာသေးခင်က မြောက်ကိုရီးယားသားတစ်ယောက်ကို မလေးရှားမှာ ကိစ္စ တုံးခဲ့ကြသေးတယ် မဟုတ်လား။ ဒါပေမဲ့ လို့ ဆီဒင်မှာ ဆီဒင်တစ်ယောက်ကို အလားတူလုပ်ဖို့ဆိုတာက အလှမ်း ဝေးပါတယ်လေ။ အဲ- သိပ်များ အလှမ်းမဝေးဘူးလား။

ဒါပေမဲ့ နည်းလမ်းကရော၊ မလေးရှားမှာက အဆိပ်ငွေ့နဲ့၊ ခုတော့ စက်သေနတ်နဲ့ ပစ်တယ်တဲ့လား။

ဒါဆို ကားလ်ဆန်နဲ့ ဂျွန်ဆင်ဟာ ဘာဖြစ်လို့များ ရဲကို အကြောင်း မကြားကြတာတုံး။ ကြောက်လို့များလား။ မဖြစ်နိုင်ပါဘူး။ ကင်ဂျုံအန်နဲ့ ထရမ့်ရှေ့မှာတောင် ဒင်းတို့ဟာ ကြောက်ပုံမရဘူး။ သူတို့ထက်ပိုပြီး ဘယ်သူ ကများ ဆိုးနိုင်ဦးမှာလဲ။

ကဲလေ ဂျူးလီးယပ်စ်ရဲ့ မဲလ်မို လိပ်စာရှိနေတာပဲ။ ဒါပေမဲ့လို့ သူကိုယ်တိုင် သံတမန် နိုင်ငံကူးလက်မှတ်တွေကို မဟုတ်မမှန်တဲ့နည်းလမ်းနဲ့ ရအောင်လုပ်ပေးထားတဲ့ သံတုတမန်တု နှစ်ယောက်ကို စုံစမ်းဖို့ စတော့ဟုမ်း ကနေ မဲလ်မိုကို သူ သွားလို့မရဘူးလေ။ သူက ဝန်ကြီးမဟုတ်လား။ သွားစရာကိစ္စတစ်ခု အမှန်တကယ် ပေါ်မလာမချင်းပေါ့။

※

ဒိန်းမတ်နဲ့ ဆီဒင် နှစ်နိုင်ငံ လုံးအတွက် နယ်ခြားပြဿနာဟာ စိတ်အနှောင့်အယှက်ဖြစ်စေခဲ့တာ တစ်နှစ်ကျော်ခဲ့ပြီ။ ဥရောပကို ပုံစံအမျိုးမျိုးနဲ့ ရောက်လာကြတဲ့ ဒုက္ခသည်တွေ ဒိန်းမတ်ကို ရောက်လာကြတဲ့အခါ ဒိန်းမတ် တွေဟာ နယ်စပ်ကိုဖြတ်ကျော်ပြီး ဒုက္ခသည်တွေကို ဆီဒင်ပို့ပေးဖို့ကိစ္စကို အားတက်သရော ကူညီခဲ့ကြတယ်။

ဒါဟာ အလုပ်မဖြစ်တော့တဲ့အချိန်အထိ အလုပ်ဖြစ်ခဲ့တယ်။ အရင်ကတော့ ဆီဒင်ဆိုတဲ့ တိုင်းပြည်ကလေးဟာ ဂျာမနီကလွဲလို့ တခြား

ဥရောပနိုင်ငံအားလုံးပေါင်းထက်ပိုပြီး ဒုက္ခသည်တွေကို လက်ခံခဲ့တယ်။ အဲသလို လက်ခံတဲ့စနစ်ကြီး ပြိုလဲသွားချိန်မှာတော့ ဒုက္ခသည်တွေအတွက် နေစရာ မရှိတော့ဘူး။ အစကတော့ ဆွီဒင်ဟာ ဒုက္ခသည်ဆိုတာနဲ့ ဘာမှ သိပ်စစ်ဆေးမနေဘဲ လက်ခံတယ်။ အဖော်မပါ တစ်ကိုယ်တည်းလာကြတဲ့ ၁၇ နှစ်သား ယောကျ်ားလေးတွေက အများစုဖြစ်တဲ့ ဒုက္ခသည်တွေ၊ တကယ် ပဲ ၁၇ နှစ် ဟုတ်မဟုတ်ကတော့ ဘယ်သိပါ့မလဲ။ တကယ်တော့ အဲဒီ ၁၇ နှစ်သားဆိုသူတွေဟာ ကမ္ဘာ့အဆိုးဆုံးဒေသတစ်ခုမှာ နေကြတဲ့ သူတို့မိသားစုတွေရဲ့ ရှေ့တော်ပြေးတွေပဲ။ သူတို့အဖေတွေက ရွေးချယ်စေလွှတ် လိုက်ကြတာပေါ့။ မိသားစုရဲ့ ဂုဏ်သိက္ခာအဖြစ်နဲ့ပေါ့၊ ကျန်တဲ့လူတွေကတော့ လမ်းပေါ်မှာ ဒုစရိုက်ကျောင်းတွေတက်၊ ဆေးစွဲသူတွေ ဖြစ်ကြပေါ့။

အင်မတန် ရှုးမိုက်တဲ့ ဆွီဒင်ကို ကျန်တဲ့ဥရောပတစ်ခွင်က ကြိတ်ပြီး ရယ်သွမ်းသွေးနေခဲ့တာ ကြာပြီ။ အစကတော့ ဆွီဒင်နဲ့ ဂျာမနီ ဦးဆောင်တဲ့ ဒုက္ခသည်ကယ်တင်ရေး မေတ္တာအရင်းခံလုပ်ငန်းကြီးကို တခြားဥရောပ နိုင်ငံတွေက အားကျပြီး လိုက်လုပ်ကြလိမ့်မယ်၊ ဒီအတွက် တရားစီရင်ခြင်း နေ့မတိုင်ခင် ကောင်းကင်ဘုံမှာ ရွှေကြယ်ပွင့်တွေ စုဆောင်းထားနိုင်မယ် ထင်တာပေါ့၊ ခုတော့ မဟုတ်တော့ဘူး။

ဒါကြောင့် ဆွီဒင်ဟာ အိမ်နီးချင်းဒိန်းမတ်က အလုံးအရင်းနဲ့ဝင်လာတဲ့ ဒုက္ခသည်တွေအတွက် နယ်စပ်ကို ပိတ်ပစ်လိုက်တယ်။ မဲလ်မို ကိုပင်ဟေဂင် တံတားကို အစစ်ဆေးမခံဘဲ ဘယ်သူမှ ဖြတ်သန်းသွားခွင့်မရှိ။ ဒါကြောင့် တံတားကို ဖြတ်ကြတဲ့ ထောင်နဲ့ချီသော လူတွေဟာ အချိန်ကြန့်ကြာမှုတွေနဲ့ ရင်ဆိုင်တွေ့ကြရတယ်။

ဒီကိစ္စကြောင့် အကျိုးသက်ရောက်မှုက ချက်ချင်း ဖြစ်ပေါ်ခဲ့တယ်။ ဆွီဒင်ဟာ ဒုက္ခသည်တွေအတွက် မြေကမ္ဘာပေါ်က အဂ္ဂဘုံဆိုတဲ့ ဂုဏ်ပုဒ်ကြီး ဆုံးရှုံးသွားတယ်။ ခိုလှုံချင်တဲ့ ဒုက္ခသည်အရေအတွက်ဟာ သုံညအထိကျသွားတယ်။ မဲလ်မိုနဲ့ ကိုပင်ဟေဂင်က နိစ္စဓူဝ နေ့စဉ်ဘဝတွေ အတော် ထိခိုက်သွားတယ်။ ဆယ်စုနှစ်များစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆွီဒင်နဲ့ ဒိန်းမတ်ဟာ မတူကွဲပြားတဲ့ တိုင်းပြည်တွေမို့ ထင်တိုင်းသွားလာလို့ မရဘူး ဆိုတာ ခရီးသွားတွေ ရှင်းနေအောင် သိသွားတယ်။ ဘယ်လိုအသားအရောင် မျိုး ဖြစ်ဖြစ်ပေါ့။

ဒါပေမဲ့ အခုတော့ ရင်ကြားပြန်စေ့ချိန် ထင်ပါရဲ့၊ အေးခဲနေတဲ့ နှစ်နိုင်ငံ ဆက်ဆံရေး အရည်ပျော်အောင် ကြိုးစားကြဦးမယ်။ ဒိန်းမတ်ကနေ လာသမျှ လူအားလုံးကို မှတ်ပုံတင်နဲ့ နိုင်ငံကူးလက်မှတ် တောင်းကြည့်တာကို ရပ်ဖို့ ဆွီဒင်က စီစဉ်နေတယ်။ ဒါကို ပိုပြီး စွမ်းဆောင်ရည်ပြည့်ဝတဲ့ နယ်ခြားစောင့်လုပ်ငန်းနဲ့ အစားထိုးမယ်။ အဲဒီအတွက် ဆွီဒင် နယ်ခြားစောင့် ရဲတပ်ဖွဲ့ကို အားဖြည့်ရမယ်။ ကနဦးအနေနဲ့တော့ အစိုးရရဲ့ပေါ်လစီသစ်ကို နယ်ခြားစောင့် ရဲတပ်ဖွဲ့ကိုရှင်းပြဖို့ ဝန်ကြီးချုပ်ဟာ နိုင်ငံခြားရေးဝန်ကြီး မဒမ် ဗော့စတွန်းကို မဲလ်မိုကို လွှတ်တယ်။

ပြည်သူ့ဝန်ထမ်းတွေအနေနဲ့ သူတို့ရဲ့တာဝန်ဟာ ဘယ်လောက် အရေးကြီးလဲဆိုတာကို နိုင်ငံတကာ ရှုထောင့်ကနေ သိရှိ နားလည်စေဖို့။ ဒါကိုပဲ နိုင်ငံရေးသမားတွေကတော့ လူတစ်ယောက်ကို အရေးပါတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်လာအောင် လုပ်နည်းလို့ အဓိပ္ပာယ် ဖွင့်ဆိုကြသလေ။

ဒီလိုနဲ့ နိုင်ငံခြားရေးဝန်ကြီးဟာ စတော့ဟမ်း- မဲလ်မို ခရီးသည်တင် လေယာဉ်နဲ့ မဲလ်မိုကိုရောက်၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နဲ့တွေ့၊ အဆင်ပြေစွာနဲ့ အစည်းအဝေးပြီး၊ သုံးနာရီလောက် အချိန်ပိုနေ၊ သူ့လုံခြုံရေးအဖွဲ့ကို အိမ်မပြန်ခင် ကိုယ်ရေးကိုယ်တာကိစ္စ လေးရှိသေးတယ်ပြောပြီး မဲလ်မို ဆင်ခြေဖုံးကိုလာ။

ကိုယ်ရေးကိုယ်တာကိစ္စလေးဆိုပဲ၊ သူ့ကိုယ်ရံတော်တွေဟာ ဒီထက် ပိုပြီး သိချင်တာပါ၊ မဒမ်ဝန်ကြီးဟာ ရှင်းပြရတယ်၊ လုပ်ဖော်ကိုင်ဖက်ဟောင်း ကြီးတွေနဲ့ ခဏလေးတွေ့မလို့ပါ (လုပ်ဖော်ကိုင်ဖက်ဟောင်းကြီးတွေဟာ ဘယ်လောက်ဟောင်းပြီး ဘယ်လောက် အသက်ကြီးနေတယ် ဆိုတာတော့ ထည့်မပြော) ဒါကြောင့် ဘာအန္တရာယ်မှ မရှိပါဘူးပေါ့၊ ကိုယ်ရံတော်တွေ ဟာ သူပြောတဲ့လိပ်စာအတိုင်း လိုက်ပို့ကြတယ်။ အိမ်ထဲတော့ မဝင်ဘူး၊ အပြင်မှာ စောင့်နေကြတယ်။ လုံခြုံရေးက အရေးကြီးသလို ကိုယ်ရေး ကိုယ်တာဆိုတာဟာလည်း ထပ်တူထပ်မျှအရေးပါသလေ။

※※※

(၅၈) ဆီဗိုဒင်

ဂျွန်နီအန်ဂဘောဟာ အိမ်ပေါက်ဝမှာတွေ့ရတဲ့ မိန်းမနှစ်ယောက်ထဲမှာ တစ်ယောက်ကို မြင်ဖူးတယ်လို့ တွေးနေတယ်။ အက်စ်မရဲလ်ဒါဟာ ဘယ်သူလဲဆိုတာ တော့ ထင်ရှားတယ်။ လည်ပင်းမှာ အဆောင်ဆွဲပြားတွေ အများကြီးနဲ့ မိန်းမကြီးပေါ့၊ နောက်တစ်ယောက်ကတော့ စီးပွားရေးလုပ်ငန်းရှင် မမကြီးပုံမျိုးပဲ။ ရင်းရင်းနှီးနှီး သိနေတယ်လို့ ထင်မိတာဟာ အဲဒီမမကြီးကိုပေါ့။

မဒမ်ဇော့စတွန်းအဖို့ အခြေအနေဟာ ပြောင်းပြန် လှန်လိုက်သလို ပြောင်းသွားတယ်။ ချက်ချင်းပဲ ဒီအခြေ အနေဟာ လုံခြုံမှု လုံးဝမရှိဘူးလို့ သူခံစားရတယ်။ သူ့နောက်ကလူဟာ သားရေအဝတ်အစားတွေနဲ့ ကြမ်းကြမ်းတမ်းတမ်းပုံမျိုးကြီး။ ကြောက်စရာပဲ။ မဒမ် ဇော့စတွန်းတစ်ယောက် ဆဗင်းဘက် ပြန်လှည့်လိုက်တယ်။

“ခုနကပြောသလိုပဲ ကျွန်မက ဂျူးလီးယပ်စ်ဂျွန်ဆင်နဲ့ အယ်လန် ကားလ်ဆန်ကို တွေ့ဖို့လာတာပါ၊ ဒါပေမဲ့ ရှင့်မှာ ဧည့်သည်တွေ့စရာရှိပုံပဲ၊ ဒါဆို နောက်မှပဲ ပြန်လာခဲ့ပါ့မယ်”

ဆဗင်းဟာ အမြန်အဆန် စဉ်းစားပြီး ပြန်ပြောတယ်။

“ဒီမှာ အဲသလိုနာမည်မျိုးနဲ့ တစ်ယောက်မှ မရှိဘူးရှင့်”

ဒါပေမဲ့ မဒမ်ဝန်ကြီးရဲ့စကားကို ဂျွန်နီအန်ဂဘောက ကြားဖြစ်အောင် ကြားသွားတယ်။ သူ နားလည်တော့မယ်။ နားလည်ဖို့ နည်းနည်းပဲလိုတော့တယ်။

“အယ်လန်ကားလ်ဆန် ဟုတ်လား”

ဂျွန်နီအန်ဂဘောက စဉ်းစားရင်း ဖြည်းဖြည်းလေးလေး ပြောလိုက်တယ်။

အသုဘကားက သုံးလေး ဘလောက်အကွာမှာ ရပ်ထားတယ်။ သြော- ဒီလိုကိုး၊ ငါ့နှယ် တုံးလိုက်တာ။ တွေ့ကြသေးတာပေါ့၊ သူ ဆက်ပြောတယ်။

“အယ်လန်ကားလ်ဆန် တစ်ယောက်ကို ကျုပ်သိတယ်။ သူက စတော့ဟုမ်း မြောက်ဘက် ဆင်ခြေဖုံးက အခေါင်းရောင်းတဲ့ ကုမ္ပဏီဘုတ်အဖွဲ့ ဝင်၊ ဒီကုမ္ပဏီဟာ တခြားတစ်ဖက်က ထိုလောကဆိုတဲ့ ဝိညာဉ်များနဲ့ ဆက်သွယ်ရေးလုပ်ငန်းနဲ့ အဆက်အစပ်ရှိတဲ့အခါကျတော့-

“ဟင် ဘာတွေပြော.....”

ဆဗင်းဟာ စကားကို ဆုံးအောင်မပြောလိုက်ရဘူး၊ ဂျွန်နီက ဖြတ်ပြောတယ်။

“အန်လန်ကားလ်ဆန်ရဲ့ အသုဘကားကြီးဟာ ဟောဟိုနားမှာ ရပ်ထားသဗျ”

“အသုဘကား ဟုတ်လား”

ဆဗင်းက ရလိုရငြား ကြိုးစားကြည့်တယ်။

"ဟင် ဘာအသုဘကားလဲ"

မဒမ် ဖော့စတွန်းက ရိုးသားစွာ အံ့ဩတဲ့လေသံနဲ့ မေးတယ်။

ဒါပေမဲ့ ဒီ ထူးဆန်းတဲ့လူဟာ ဂျာကင်အတွင်းအိတ်ထဲက ခဲ့ကြီး တစ်ချောင်းကို ထုတ်လိုက်ပြီ။

"ကဲ အမျိုးသမီးတို့ အိမ်ထဲဝင်ကြ၊ ကျုပ်တို့မှာ ဆွေးနွေးစရာရှိတယ်၊ ဒီနေ့တော့ ကံကောင်းတဲ့နေ့ပဲဟေ့"

နောက်ဆုံးပြောလိုက်တဲ့ကိစ္စက အတိအကျ မှန်မမှန်ကို သူ သိစရာ နည်းလမ်းမရှိဘူး။

အင်း - ဒီနေ့ သူ့အစ်ကိုရဲ့ ဝိညာဉ်နဲ့ စကားပြောခွင့်မရတော့ဘူး ဆိုတာကို တွေးမိတဲ့အတွက် ဂျွန်နီဟာ ဝမ်းနည်းသွားတယ်။ ဝမ်းနည်းရာက ဒေါသထွက်လာတယ်၊ ဒါကြောင့် သူက အရှိန်မြှင့်လိုက်ပြီး လေသံကို ပြောင်းလိုက်တယ်။

"ဒီမယ် ကျုပ် ဘယ်သူ့ကိုမှ ခဲနဲ့မထိုးဖြစ်တာ နှစ်ပေါင်း အတော် ကြာနေပြီ၊ ဒါကြောင့် ဒီနေ့ ထိုးလိုက်ရရင် အရသာရှိမှာပဲ၊ ကျုပ် အခေါင်း မှာတုန်းက ဖုန်းကိုင်တဲ့လူအကြောင်း ပြောစမ်း၊ သူ့နာမည် ကားလ်ဆန် မဟုတ်လား၊ ကဲ အထဲဝင်၊ နှစ်ယောက်စလုံး၊ နေပါဦး ကျုပ် ခင်ဗျားကို မြင်ဖူးသလား"

ဂျွန်နီက မဒမ်ဖော့စတွန်းကို ကြည့်ပြီး မေးလိုက်တယ်။ အယ်လန်ကားလ်ဆန်နဲ့ သူ့အပေါင်းအဖော် အားလုံးကို အမြဲတစေ ရှောင်ရှားသင့်ကြောင်း မားရ်ဂေါ့ ဖော့စတွန်းဟာ တန်ဖိုးကြီးတဲ့ သင်ခန်းစာ တစ်ခု ရသွားတယ်။ ဒါပေမဲ့လို့ သိပ်နောက်ကျသွားခဲ့ပြီ။ သူ့ကိုယ်ရံတော်တွေ ဟာ အလှမ်းဝေးလွန်းနေတယ်။ တကယ်လို့ သူ ဘယ်သူဆိုတာ ဒီလူ့ကို ပြောလိုက်ရင် သူအသက်ရှင်နိုင်ချေ များမလား၊ နည်းမလား။ ဘာပဲဖြစ်ဖြစ် ဆုံးဖြတ်ရတော့မယ်။ ကဲလေ။ ဆုံးဖြတ်ပြီးပြီ။

"စိတ်ဝင်စားစရာပဲ၊ ကျွန်မလည်း ရှင့်ကို သိသလိုပဲ၊ ရှင်က မက်ဒရစ်မှာ ဆွီဒင်သံအမတ် လုပ်ဖူးသလား၊ ဒါဆိုရင်တော့ ကျွန်မတို့ဟာ လုပ်ဖော်ကိုင်ဖက်တွေပဲ၊ ကျွန်မက စတော့ဟုမ်း နိုင်ငံခြားရေးဝန်ကြီးဌာနက အကြီးအကဲပါ"

ဂျွန်နီအန်ဂဘောဟာ တစ်စက္ကန့်လောက် အသက်ရှူ ရပ်သွားတယ်။

"ဟင် ဒါဆို ခင်ဗျားက နိုင်ငံခြားရေးဝန်ကြီးပေါ့၊ ဘာတွေဖြစ်နေ တာလဲဟာ- ဘာတုံးကွာ"

ဆဗင်းဟာ အဲဒီအချိန်မှာ ပေါ်လာတဲ့ အခွင့်အရေးကို ဆုပ်ကိုင် လိုက်တယ်။

"နှစ်ယောက်လုံး ငြိမ်ငြိမ်လေးနေကြ၊ ကျွန်မ - - ကျွန်မကို ဝိညာဉ် တစ်ခု ဆက်သွယ်နေတယ်၊ ကက်နက်၊ ကက်နက်လားဟင်"

ဆဗင်းရဲ့လုပ်ရပ်ဟာ အကျိုးသက်ရောက်မှုရှိသား၊ ဆဗင်းဟာ လက်တွေ လေထဲမြှောက်ပြီး ယိမ်းနွဲ့လာတဲ့အခါ ဂျွန်နဲ့မျက်လုံးဟာ ပြူးလာတယ်။

ခပ်မှောင်မှောင်အခန်းထဲမှာ ဆဗင်းရဲ့ လှုပ်ရှားမှုဟာ ထူးဆန်းပြီး ကြောက်စရာကြီး၊ အရိပ်မည်းမည်းကြီးတွေကလည်း အနားက အခေါင်းပေါ် ကျနေတယ်။

ဆဗင်း ပရိယာယ်ဆင်နေတယ်ဆိုတာကို သိဖို့ မြင်ဖို့ ဂျွန်နီက ဆယ်စက္ကန့်ကျော် အချိန်ယူရတယ်။ နိုင်ငံ ခြားရေးဝန်ကြီးကတော့ ငါးစက္ကန့်လောက် အချိန်ယူတယ်။ ပထမ နှစ်စက္ကန့်ခွဲအချိန်အတွင်း သူဟာ ကိုယ်ရံတော်တွေကြားအောင် အသံပြဲနဲ့ အော်ရမလား စိတ်ကူးတယ်၊ ချက်ချင်း ဒီစိတ်ကူးကိုစွန့်လွှတ်ပြီး သူ့နားက စားပွဲတင် မီးအုပ်ဆောင်းကို ကျစ်ကျစ်ပါအောင်ဆုပ်၊ ဆွဲယူပြီး နာဇီရဲ့ခေါင်းကို ခွပ်ခနဲမြည်အောင် ထုချလိုက်တယ်။

ဂျွန်နီအန်ဂဘောဟာ ကြမ်းပြင်ပေါ် ဒုန်းခနဲ ကျသွားတယ်။ သတိမေ့သွားလား၊ သေသွားသလားတော့ မသိဘူး၊ ကြည့်ရမှာပဲ။

"အားလုံးလက်တွေလေထဲကို မြှောက်ထားလိုက်"

အယ်လန်ဟာ လေသေနတ်နဲ့ချိန်ရင်း မီးဖိုခန်းထဲကနေ ထွက်လာတယ်။

"နာဇီခေါင်းကို ကျုပ်က တုတ်နဲ့မရိုက်ခင် ခင်ဗျားက သူ့ကို အာရုံလွှဲရမှာ၊ အားလုံးပြီးမှ ထွက်လာရမှာမဟုတ်ဘူး"

တစ်ဖက်ကနေ တုတ်ကြီးကိုင်ထားတဲ့ ဂျူးလီးယပ်စ်ကလည်း ပြောပြောဆိုဆိုနဲ့ ထွက်လာတယ်။

"နိုင်ငံခြားရေးဝန်ကြီးက နာဇီခေါင်းကို မီးအုပ်ဆောင်းနဲ့ မချခင် ရှင်က နာဇီကို တုတ်နဲ့ရိုက်ရမှာ မဟုတ်ဘူးလား"

ဆဗင်းက ဂျူးလီးယပ်စ်ကို မေးလိုက်တယ်။

ခုပွဲမှာ တကယ့်လူကတော့ မဒမ်ဝန်ကြီးပဲ။ ခုတော့ စားပွဲတင် မီးအုပ်ဆောင်းကြီး လက်ထဲကိုင်ပြီး မဒမ်ဝန်ကြီးဟာ တွေတွေကြီး ရပ်နေတယ်။ "အား... လုပ်တာကောင်းတယ် မားရ်ဂေ့၊ ကျုပ် ခင်ဗျားကို မားရ်ဂေ့လို့ ခေါ်လို့ရမလား"

အယ်လန်က မဒမ်ဝန်ကြီးကို ချီးကျူး နှုတ်ဆက် ခွင့်တောင်း လိုက်တယ်။

"ခေါ်ချင်သလိုသာ ခေါ်ပါတော့ရှင် ဒီလိုအခြေအနေမှာ ယဉ်ကျေးပျူငှာ၊ သုတိသာယာ၊ လုပ်ငန်းစဉ် ပရိုတိုကောလ်တွေ နောက်ရောက်သွားခဲ့ပြီ။

အယ်လန်နဲ့ ဂျူးလီးယပ်စ်ဟာ လေသေနတ်နဲ့ ဘေ့စ်ဘောတုတ် ကိုယ်စီကိုင် ပုန်းနေတုန်း အသံတွေ ကြားနေခဲ့ရတယ်။ တကယ်ပါပဲ မဒမ် နိုင်ငံခြားရေးဝန်ကြီးက ဘယ်ကနေ ပေါ်လာတာတုန်း။ မူလအစီအစဉ်အတိုင်းဆို အယ်လန်ဟာ နာဇီကို သေနတ်နဲ့ချိန်ပြီး မီးဖိုခန်းထဲကနေ ထွက်လာရမှာ၊ နာဇီအနေနဲ့ သေနတ်ဟာ အင်ကြီးမှန်း မသိခင် ဂျူးလီးယပ်စ်က နာဇီခေါင်းကို ဘေ့စ်ဘောတုတ်နဲ့ ဆော်ရမှာ။ "အင်းလေ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ အိုကေသွားတာပဲ၊

"အယ်လန်က နှေးနေတာကိုး"

ဂျူးလီးယပ်စ်က လှမ်းပြောတော့ ဆဗင်းက မျက်စောင်းထိုးရင်း . . .

"ရှင်လည်း တူတူပဲ" လို့ ဆိုလိုက်တယ်။

"နောက်ဆုံးတော့ အိုကေတယ် ဟုတ်လား၊ ခု ကျွန်မ ခြေထောက် နားမှာ သေပြီထင်ရတဲ့ လူတစ်ယောက် လဲနေတာလေ၊ ကျွန်မ သူ့ကို သတ်မိပြီလားမသိ"

မဒမ် ဗော့စတွန်းက ထိတ်ထိတ်ပျာပျာ ပြောတယ်။ "ကဲ ကဲ ဒါလေးနဲ့ ကျုပ်တို့စိတ်ကို အမှောင်မဖုံးစမ်းနဲ့ မားရ်ဂေါ့"

အယ်လန်က လှမ်းမာန်လိုက်တယ်။

"မသေဘူးရှင့် သူအသက်ရှူနေတာ ကျွန်မကြားတယ်၊ ဒါနဲ့ ကျွန်မတို့ သေချာ မိတ်မဆက်ရသေးဘူးနော်၊ ကျွန်မနာမည်က ဆဗင်း ဂျွန်ဆင်ပါ မဒမ်ဝန်ကြီးရှင့်၊ ကျွန်မနဲ့ ဂျူးလီးယပ်စ်က လက်မထပ်ရသေးပေ မယ့် နောက်ဆုံးနာမည်က အတူတူဖြစ်နေတာ၊ လက်ထပ်ဖို့ဆိုတာ ဘယ်တော့ မှ နောက်မကျပါဘူးလေ နော်"

ဆဗင်းရဲ့လက်ကို သိစိတ်မယ့် ဆွဲယူနှုတ်ဆက်ရင်း...

"ကျွန်မက မားရ်ဂေါ့ ဗော့စတွန်းပါ" လို့ မဒမ်ဝန်ကြီးက ပြောလိုက်တယ်။

"ဟုတ်ကဲ့ ကျွန်မသိပါတယ်"

"အို အချစ်ရယ်. . . အချစ်က မောင့်ကို တကယ် လက်ထပ်ချင် တာလား"

မီးသီးထွန်းထားသလို ထိန်ထိန်တောက်နေတဲ့ မျက်နှာကြီးနဲ့ ဂျူးလီးယပ်စ်က မေးလိုက်တယ်။

"တကယ်ပေါ့ အချစ်ရယ်၊ ဂျူးလီးယပ်စ်ရယ်၊ မောင်ရယ်"

မဒမ် ဝန်ကြီးဟာ ဒီမြင်ကွင်းကို ကြည့်ရင်း ရူးတော့မလို ဖြစ်လာတယ်။

"ကျေးဇူးပြုပြီး ရှင်တို့ လက်ထပ်ခွင့်တောင်းနေကြတာ နောက်မှ လုပ်လို့မရဘူးလားရှင် ကျွန်မတော့ ရူးတော့မှာပဲ"

ဝန်ကြီးကို လေးစားသောအားဖြင့် အချစ်ငှက်ကလေးနှစ်ကောင်ဟာ အသံတိတ် မျက်လုံးခြင်း စကားပြောကြတယ်။ အင်း အခြေအနေကို ထိန်းချုပ်ဖို့ သူ့မှာ တာဝန်ရှိနေပြီလို့ အယ်လန်က ခံစားလိုက်ရတယ်။

"ကဲ ဒီကအခြေအနေကို ကျုပ်တို့ ရှင်းလင်းလိုက်ပါ့မယ်၊ မဒမ် ဝန်ကြီးအနေနဲ့ မဲလ်မိုဆင်ခြေဖုံးက ခါတ်ခန်းတစ်ခုထဲမှာ သတိမေ့နေတဲ့ နာဇီနဲ့အတူရှိနေတာဟာ ပုဂ္ဂိုလ်ရေးအရရော၊ လုပ်ငန်းအရပါ မသင့်တော်ပေဘူး"

"ဒါပေမဲ့ ကျွန်မ------------"

"ကဲ သွားပါ မားရ်ဂေါ့ရယ်၊ ဆီဒ်နင်ရဲ့ ထိပ်ဆုံးက သံတမန်ကြီးဟာ နာဇီကို တစ်ယောက်ချင်း အနိုင်ယူလိုက်တယ်ဆိုတာ သံခင်းတမန်ခင်း မဆန်လှဘူးဗျ၊ မဒမ်ရော အဲလိုအခြေအနေမျိုး ကြားဖူးလို့လား"

ဟင့်အင်း၊ မကြားဖူးဘူး။

ဒါပေမဲ့ ဖြစ်ပုံ ပျက်ပုံကိုတော့ သူ သိသင့်တယ်ပေါ့၊ ဒါကြောင့် နယူးယောက်က ပြန်လာပြီးကတည်းက ခုချိန်ထိ ဖြစ်ပျက်သမျှကို အကျဉ်းချုပ် ပြီး ပြောပြလိုက်တယ်။

“ရှင်တို့ ဘာလို့ ရဲကို အကြောင်းမကြားတာလဲ”

“အို ရဲဆိုတာ အရမ်းလိုအပ်မှ အကူအညီတောင်းရတာလေ”

ဂျူးလီးယပ်စ်က ပြောလိုက်တော့ မဒမ်ဝန်ကြီး မျက်လုံးပြူးသွားတယ်။ ခုလောက်ဖြစ်နေတာတောင် မလိုအပ်သေးဘူးလား။ သူ ဆက်ပြောခွင့် မကြုံဘူး။ ကြမ်းပေါ်လဲနေတဲ့ နာဇီဟာ တအင်းအင်း ညည်းပြီး လှုပ်လာတဲ့ အခါ ဆဗင်းဟာ အမြန်လှုပ်ရှားလိုက်တယ်။

“ကဲ မစ္စတာ နာဇီ၊ ဆက်သာလှဲနေပါ၊ ဒါလေး သောက်လိုက်၊ အင်း ဟုတ်ပြီ ကုန်အောင်သောက်လိုက်၊ ခုနက ရှင့်ခေါင်းကို မိုးကြိုးပစ်ချ လိုက်တာ ရှင်သိရဲ့လား”

“ဟင် ကော်ဖီတိုက်မယ် ဟုတ်လား- အင်း - အော်- - - - -”

မဒမ်ဝန်ကြီးဟာ သူတို့အကြံကို သိသွားတယ်။ ညဏ်ရှိကြပေ သားပဲ၊ ဂျွန်နီအန်ဂဘောကတော့ နမူးနထိုင်းနဲ့ ကော်ဖီကို သောက်ရင်း..

“ဟင် ကျုပ်က မိုးကြိုးပစ်ခံရတယ်၊ ဘယ်လို အင်း- အဲ နာလိုက် တာ” လို့ ပြောရင်း ဘာတွေဖြစ်ခဲ့သလဲဆိုတာ စဉ်းစားရင်း ကော်ဖီကို ကုန်အောင်သောက်လိုက်တယ်။ အို သူ့လက်တွေကို တစ်ယောက်ယောက်က ကြိုးနဲ့ တုပ်နေပါလား။ ဘာလဲ။ ဘာလဲ။

“ခင်- ခင်ဗျား ဘာလုပ်တာလဲ၊ ခင်ဗျားက ဘယ်သူလဲ။ ကျုပ်က ဘယ်နေရာ ရောက်နေတာလဲ”

“ကဲ ခု သူ အိပ်ဆေးအပြင်းစား လေးလုံး သောက်ပြီးပြီ၊ ခဏနေ ပြန်လဲသွားလိမ့်မယ်”

ဆဗင်းက ကျေကျေနပ်နပ်ကြီးပြောလိုက်တဲ့အခါ မဒမ်ဝန်ကြီးဟာ ဒီကိစ္စနဲ့ပတ်သက်လို့ စိတ်ပြတ်သွားတယ်။ တော်ပြီ ဘာမှ ဆက်မသိချင်တော့ ပါဘူး။ ဆက်မပါချင်တော့ဘူး။ သူ အယ်လန့်ဖက် လှည့်လိုက်တယ်။

“ရှေ့ဆက်ဘာလုပ်ဦးမလဲ မစ္စတာကားလ်ဆန်၊ ကျွန်မမှာ လုံခြုံရေး နှစ်ယောက်ပါလာတယ်---------”

“ရဲတွေကို မပြောနဲ့နော် အယ်လန်” ဂျူးလီးယပ်စ်က သတိပေးလိုက်တယ်။

အယ်လန်ကတော့ မဒမ်ဝန်ကြီးဟာ ခု ကိုယ့်ကိုယ်ကိုယ် ကောင်းစွာ ကာကွယ်တတ်ပြီမို့ ကိုယ်ရံတော် လုံခြုံရေးတွေဘာတွေ မလိုအပ်လှပါဘူးတဲ့။ ခု အိပ်ချင်မူးတူးနဲ့ လဲလုလု နာဇီကိစ္စကို သူတို့တာဝန်ထားပါ၊ မပူပါနဲ့တဲ့။ သူ့ဘဝမှာ အဲသလို အဖြစ်အပျက်ကလေးတွေ ကြုံခဲ့ရဖူးပါတယ်၊ ဒါပေမဲ့လို့ ခုထိ ရှင်သန်ဆဲပါ၊ ဖြောင့်မတ်တဲ့ ဂုဏ်သိက္ခာနဲ့တော့ မနိုင်းနဲ့ပေါ့တဲ့။

ဖြောင့်မတ်တဲ့ ဂုဏ်သိက္ခာဆိုပဲ၊ မဒမ်ဝန်ကြီးဟာ မျက်လုံးမှိတ်ထား လိုက်တယ်။ အလုပ်တော့ ပြုတ်တော့မယ် ထင်ပါရဲ့၊ ဒါပေမဲ့ သူလုပ်ခဲ့တဲ့ အထဲမှာ မှားတာဆိုလို့ ဘာမှရှာမတွေ့ပါဘူး။ ကိုယ်ကျင့်တရားရှုထောင့်က ကြည့်ရင်ပေါ့။ ဒါပေမဲ့ ဒါကို မီဒီယာတွေသိသွားရင် သူ့ကို တစ်စစီ ဆွဲဖြဲကြလိမ့်မယ်။

ဒါပေမဲ့လို့ အဆုံးစွန်အထိ တွေးကြည့်လိုက်တဲ့အခါ မဒမ်ဝန်ကြီးဟာ

ဆောက်တည်ရာရလာတယ်။ တည်ငြိမ်လာတယ်။ လုပ်ခဲ့သမျှအားလုံးအတွက် သူ ခေါင်းကိုမော့ပြီး နေနိုင်ဆဲပါ။

နောက်တစ်နေ့ ဘရပ်ဆဲလ်မှာ နိုင်ငံခြားရေးဝန်ကြီးများ အစည်း အဝေး တက်ရမယ်၊ နောက်အပတ်မှာ ပြင်သစ်သမ္မတသစ်ရဲ့ ဆောင်ရွက်မှု တွေနဲ့ လာမယ့် ဂျာမနီရွေးကောက်ပွဲအကြောင်း ဝန်ကြီးချုပ်ကို စစ်တမ်း ထုတ်ပေးရမယ်။ ဒါက အီးယူရဲ့ အနာဂတ်အတွက် အရေးပါတယ်။ အမေရိကန်သမ္မတ ဆိုတဲ့လူဟာ အဆံချောင်နေတဲ့အတွက် ကမ္ဘာကြီးအတွက် အီးယူရဲ့ အရေးပါမှုဟာ ပိုလာလိမ့်မယ်။ ဒါဆို ဆွီဒင်ရဲ့ အရေးပါမှု အခန်း ကဏ္ဍကလည်း တိုးလာမယ်။ အခုတော့ အဲဒီ အရေးပါလာမယ့် ဆွီဒင်ရဲ့ နိုင်ငံခြားရေးဝန်ကြီးနဲ့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီဝင်ကြီးဟာ မဲလ်မို ဆင်ခြေဖုံးက အိမ်ခန်းတစ်ခုထဲမှာ အိပ်ဆေးမိပြီး ကယောင်ကတမ်းဖြစ်နေတဲ့ နာဇီတစ်ယောက် လဲနေတဲ့နားမှာ မတ်တတ်ရပ်နေရပြီ။

"ဟာ ခဏလေး နားထောင်ကြစမ်း"

အယ်လန်ဟာ သူနဲ့ ခဏတာခွဲနေရတဲ့ တက်ပလက်ကို ကောက်ကိုင် ရင်း၊ သတင်းတွေရှာရင်း တစ်ခုတွေ့သွားခဲ့ပြန်တယ်။

"ဒေါ်နယ်ထရမ့်က သူ့ရဲ့ နိုင်ငံခြားရေးဝန်ကြီးကို အိုင်ကျူစစ်ဆေးမှု လုပ်ဖို့ ညွှန်ကြားလိုက်သတဲ့"

ဟင် သူ ကြားလိုက်တာဘာလဲ။ ဟင့်အင်း သူ ဒီလိုမျိုး အရှုံးပေး လို့ မဖြစ်ဘူး။ မားရ်ဂေါ့ ဗော့စတွန်းကို ကမ္ဘာကြီးက လိုအပ်သေးတယ်။ တော်ပြီ သွားပြီ။

"ကျွန်မသွားတော့မယ်"

သူ့ ကိုယ်ရံတော် နှစ်ယောက်က ကားနားမှာ အဆင်သင့် ရပ်စောင့် နေတယ်။ သူ့ကိုတွေ့တော့ တစ်ယောက်က လှမ်းမေးတယ်။

"အားလုံးအဆင်ပြေရဲ့လား ဝန်ကြီးခင်ဗျ"

"ပြေပါတယ်၊ ဘာမပြေစရာရှိလဲ"

※

နိုင်ငံခြားရေးဝန်ကြီးနဲ့ သူ့ကိုယ်ရံတော်တွေတော့ သွားကြပြီ။ အယ်လန်ရယ်၊ ဂျူးလီးယပ်စ်ရယ်၊ ဆဗင်းရယ်ဟာ ဂူး- -ဂဲ နဲ့ ဟောက်သံပေး ပြီး အိပ်မောကျနေတဲ့ နာဇီကို ပတ်လည်ဝိုင်းပြီး ရပ်နေကြတယ်။ သူ သတိပြန်လည်မလာခင် သူ့ကို ဒီကနေထုတ်ပြီး တစ်နေရာရာမှာ ပစ်ထားမှ ဖြစ်မယ်။

"သူ့ကို ကော်ဇောနဲ့ လိပ်သွားရမလား" ဂျူးလီးယပ်စ်

"ကော်ဇောမှ မရှိဘဲရှင့်" ဆဗင်း

"ကျုပ်အခေါင်းကိုငှားလိုက်မယ်လေ" အယ်လန်

ဆဗင်း မျက်နှာဟာ ဝင်းသွားတယ်။

"ကြည့်စမ်း အယ်လန် နောက်ဆုံးတော့ ရင်ကြီးဟာ အသုံးတည့် သားပဲ"

ဆဗင်းနဲ့ ဂျွန်ဆင်ဟာ နာဇီကို မ ရွှေ့တယ်၊ အယ်လန်က နာဇီ အိတ်ကပ်တွေထဲ လျှောက်နှိုက်တယ်။

"အယ်လန် ခင်ဗျား ဘာလုပ်နေတာလဲ"

"ရန်သူ့အကြောင်းပိုသိလေ ကောင်းလေ မဟုတ်လား"

ကားသော့၊ တိုလီမိုလီတွေ၊ ဒရိုက်ဘာလိုင်စင်ပါတဲ့ ပိုက်ဆံအိတ်၊ အကြွေးဝယ်ကတ်တွေနဲ့ ငွေသား ကရိုနာ ၃၇၀၀။

ဒရိုက်ဘာလိုင်စင်ပေါ်က ဓာတ်ပုံကိုကြည့်ရင်း ကျေးဇူးပဲ မစ္စတာ ဂျွန်နီအန်ဂဘောရေ လို့ အယ်လန်က ရေရွတ်ရင်း ငွေကိုယူပြီး ကျန်တာတွေကို အမှိုက်ပုံးထဲ ပစ်ထည့်လိုက်တယ်။

ဆဗင်းက ၁၀၁ နှစ်အဘိုးကြီးကို တက်ပလက်မည်းနဲ့အတူ မီးဖိုခန်း စားပွဲမှာ ထိုင်နေ၊ ထမလာနဲ့လို့ ညွှန်ကြားတယ်။ ဒါ အယ်လန်နဲ့ အင်မတန် သင့်တော်တဲ့ကိစ္စပဲ။ သူတို့ပိုင်ဆိုင်တဲ့ ပစ္စည်းတွေကို အသစ်ဝယ်ထားတဲ့ ခရီးဆောင်အိတ်ကြီးထဲထည့်ဖို့ ဂျူးလီးယပ်စ်ကို ခိုင်းခဲ့ပြီး ဆဗင်းကတော့ အသုဘကားကို သွားယူတယ်။ အခေါင်းကြီးကို နေ့ခင်းကြောင်တောင်မှာ လေးဘလောက်လောက် မ,ယူသွားလို့ မဖြစ်ဘူးလေ။ သူတို့နှစ်ယောက်က အခေါင်းကို ကားထဲထည့်မယ်၊ အယ်လန်ကတော့ ခရီးဆောင်အိတ်ကို ဆွဲခဲ့။

နိုင်ငံခြားရေးဝန်ကြီးနဲ့ နာဇီ ရောက်လာကြပြီး တစ်နာရီခွဲအကြာမှာ တော့ သုံးယောက်သား အခန်းကနေ ထွက်လာနိုင်ခဲ့ကြတယ်။ နာဇီကို ထည့်ထားတဲ့ အခေါင်းကြီးကို ဂျူးလီးယပ်စ်နဲ့ ဆဗင်းဟာ မနိုင့်တနိုင်နဲ့ မ,လာချိန်မှာ အယ်လန်က နောက်က တရွေ့ရွေ့လိုက်လာတယ်။ အိမ်အပြင် တံခါးဝအရောက် ဈေးဝယ်အိတ်ကလေးဆွဲလာတဲ့ အိမ်နီးချင်း မိန်းမ တစ်ယောက်နဲ့ တွေ့တယ်။ အဲဒီမိန်းမက အခေါင်းကြီးကို ကြောက်လန့်တကြား မျက်လုံးပြူးပြီး ကြည့်နေတယ်။

"ဆေးလွန်တာလေ၊ ဟီးရိုးအင်း လေ၊ ကြောက်စရာပဲ ခင်ဗျ"

အယ်လန်က အဲဒီမိန်းမကို ပြောလိုက်တယ်။ သူက ဘာမှ ပြန်မပြော ဘူး။ ကြည့်ရတာ နိုင်ငံခြားသားထင်တယ်။ သူ နားလည်အောင်ပြောမှပဲ။

"ဟီးရိုးအင်းစကီး ဗျ၊ ဟီးရိုးအင်းစကီးတွေ အသုံးလွန်ပြီး မာလကီးယားစကီး သွားတာ"

※※※

(၅၉) ဆွီဒင်၊ ဒိန်းမတ်

ရှေ့ခန်းမှာ အယ်လန်၊ ဂျူးလီးယပ်စ်နဲ့ ဆဗင်း ကျပ်ကျပ်တည်းတည်း ထိုင်လိုက်ကြတယ်။ နောက်ခန်း က နာဇီနဲ့ အခေါင်း လိုက်ကြမှာကိုး။

နောက်ဆယ်မိနစ်အကြာမှာတော့ သူတို့ဟာ သတိမေ့နေတဲ့ နာဇီကောင်ကို ပ,ထုတ်လိုက်နိုင်ခဲ့ပြီ။ ခုတော့ မြို့လည်ကောင်နဲ့ မနီးမဝေး၊ လူသူကင်းမဲ့တဲ့ ပန်းခြံထဲက ထိုင်ခုံမှာ ဂျွန်နီ အန်ဂဘောဟာ ထိုင်လျက်သား အိပ်ကျန် ရစ်ခဲ့ပြီ။ ဂျူးလီးယပ်စ်နဲ့ ဆဗင်းက နာဇီရဲ့ ကိုယ်ဟန် အနေအထားကို ပြင်ပေးနေချိန်မှာ အယ်လန်က ကားထဲ ကတွေ့တဲ့ ပလတ်စတစ်ခွက်ဖြူလေးကို နာဇီလက်ထဲ ထည့်ပေးခဲ့တယ်။ ဒါမှ အလုပ်လုပ်ရင်း အိပ်ပျော်သွားရှာ တဲ့ ဖုန်းတောင်းစား ယာစကာလေးနဲ့ တူရှာပေမပေါ့။

"ကဲ သွားမဗျာ၊ သိပ်ကြာကြာမထိုင်လေနဲ့ မစ္စတာ ဂျွန်နီ အအေးမိလိမ့်မယ်"

အယ်လန်က နှုတ်ဆက်စကား ပြောခဲ့သေးတယ်။

ဒါပေမဲ့လို့ သူတို့ရဲ့ အခြေအနေက ရှုပ်ထွေးနေတုန်းပဲ။ နာဇီပြဿနာ ကို လက်တလော ဖြေရှင်းလိုက်တယ်ဆိုပေမယ့် မပြီးသေးဘူး။ လေကောင်း လေသန့်ရှူအပြီးမှာ ဆဗင်းရဲ့ ဦးနှောက်တွေ ပြန်အလုပ်လုပ်လာခဲ့တယ်။ ခုတော့ သူ့အတွေးတွေ ရှင်သန်ခွင့် ပေးချိန်တန်ပြီလေ၊ ဆဗင်းက ဆုံးဖြတ်ချက် ချလိုက်တယ်။ ဂျူးလီးယပ်စ်က ဆဗင်း စဉ်းစားနေတာကို တွေ့တယ်။ အင်းလေ နောက်တစ်ကြိမ်ကတော့ သူ ဦးဆောင် လှုပ်ရှားသင့်တာပေါ့။

သူတို့ မဲလ်မိုကနေ ခွာလာခဲ့ကြတယ်။ ခဏနေတော့ ဒိန်းမတ်ဘက် ခြမ်းကူးတဲ့ တံတားကြီးပေါ်ရောက်ကြပြီ။ ဆဗင်းဟာ တံတားဖြတ်သန်းခ ပေးဖို့ ပြင်နေတယ်။

"ခုတော့ တခြားတိုင်းပြည်မှာနေတာ အကောင်းဆုံးဖြစ်လိမ့်မယ်"

ဆဗင်းက တွေးတွေးဆဆနဲ့ ပြောလိုက်တယ်။

"ဒိန်းမတ်မှာလား"

ဂျူးလီးယပ်စ်က မေးတယ်။

"အား ဒိန်းမတ်ကို ကြိုက်တယ်၊ ကျုပ် တစ်ခါမှ မရောက်ဖူးဘူး ထင်တယ်၊ နေဦး ရောက်များရောက်ဖူးလားမသိ"

နေရာမှန်ဖြစ်တဲ့ အခေါင်းထဲမှာ လှဲနေတဲ့ အယ်လန်က နောက်ခန်း ကနေ ပြောတယ်။

"အင်း ကျွန်မတို့ကို သတ်ချင်နေတဲ့လူရဲ့ လက်ကလွတ်ဖို့ဆိုရင် ဒိန်းမတ်က နီးလွန်းတယ်၊ ပြီးတော့ စားဝတ်နေရေးအတွက် ငွေ ပုံမှန်ရဖို့ဆိုရင် ခုလုပ်နေတဲ့ လုပ်ငန်းမော်ဒယ်နဲ့ မဖြစ်သေးဘူး"

"တကယ်လို့သာ နောက်နှစ်အထိ အသက်ရှင်ဦးမယ်ဆိုရင် ကျုပ်တော့

ဆိုရှယ်ဒီမိုကရက်တွေကို မဲမပေးဘူး”

ဆဗင်းဟာ အယ်လန့်ကို တိတ်တိတ်နေဖို့ပြောရင်း သူ့စကားကို ဆက်တယ်။

“ကျွန်မ စဉ်းစားဖို့ အချိန်ရတုန်း စဉ်းစားခဲ့တယ်။ ဒီ အသုဘ ကားကြီးကို ဆက်မောင်းနေလို့ မဖြစ်တော့ဘူး၊ နာဇီက သိသွားပြီ။ ခုဆို အရင်ထက် အဆပေါင်းများစွာ ပိုဒေါသထွက်တော့မှာ”

အယ်လန်က နာဇီရယ်၊ ကင်ဂျုံအန်ရယ်၊ ဒေါ်နယ်ထရမ့်ရယ်ကို ယှဉ်ကြည့်မိနေတယ်။ ဒါပေမဲ့ တိတ်တိတ်နေဆိုလို့ သူ အသံမထွက်ရဲဘူး။

“အသုဘကားနဲ့ ဆွီဒင်ကို ထားခဲ့ရမယ်”

အယ်လန်ဟာ အခေါင်းထဲကနေ ထ ထိုင်လိုက်တယ်။ ကြည့်ရတာ ဆဗင်းက ခိုင်ခိုင်မာမာပြောနေပုံပဲ၊ သူ ငြိမ်မနေနိုင်တော့ဘူး။

“ဆိုတော့ ကလေးမလေး မစ္စစ်ဆဗင်းမှာ အကြံရှိတယ်ပေါ့”

ရှိတယ်။ တကယ်လို့သာ တခြားတစ်ဖက်က ထိုလောက လုပ်ငန်းကို ကြီးပွားစည်ပင် စေချင်တယ်ဆိုရင်၊ တကယ်လို့သာ အသက်ဆက်ရှင်မယ် ဆိုရင် နိုင်ငံတကာကို စဉ်းစားသင့်တယ်။ နာဇီနဲ့ သူ့အဖွဲ့ဟာ တစ်ကမ္ဘာလုံးကို လိုက်ရှာနိုင်တယ်ထားဦး၊ ဘယ်မှာမှန်းမသိရင် ဘယ်နားသွားရှာမလဲ။ နောက် တစ်ခုက ဆွီဒင်မှာ တခြားတစ်ဖက်က ထိုလောက ဝန်ဆောင်မှုလုပ်ငန်းဟာ အပြိုင်အဆိုင်သိပ်များတယ်။ ဝိညာဉ်တွေဟာ ဟိုမှာလည်း ဝင်ရ၊ ဒီမှာလည်း ဝင်ရ ဖြစ်နေရှာမှာ။

“ဒါဆို ဘာလုပ်မလဲ”

“လုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် မြှင့်တင်ရမယ်”

“ဘယ်နေရာမှာ ဘယ်လို မြှင့်တင်မယ်လို့ စိတ်ကူးထားသလဲ”

“မေးတာကောင်းတယ်။ ခု ကျွန်မတို့ ကက်စ်ထရပ် လေဆိပ်ကို တန်းသွားမယ်၊ အဲဒီမှာ ကားကို ပါကင်ထိုးထားခဲ့မယ်၊ လေယာဉ်လက်မှတ် သုံးစောင်ဝယ်ပြီး ဒါရက်စ်ဆလန်ကို သွားကြမယ်၊ အဲဒီမှာ အိုလီကိုရင်ကို ရှိတယ်၊ သူ့ဆီက သင်ယူပြီး လုပ်ငန်းအရည်အသွေးကို မြှင့်တင်မယ်လေ”

“ဟင် ဒါရက်စ် ဘာတဲ့”

ဂျူးလီးယပ်စ်က မေးလိုက်ပေမယ့် ပြန်ဖြေမယ့်လူ မရှိ။

※※※

(၆၀) ရုရှား

ထိုးမယ့်ဆင် နောက်တစ်လှမ်း ဆက်ကာ ဆက်ကာ စီးရီးလိုက် ဆုတ်ပေးပြီးတဲ့အခါမတော့ ဂျီနာဒီ အိုက်ဆာ ကော့ဗ် အနေနဲ့ အောင်ပွဲရဲ့ ရနံ့ကို တစ်ကျော့ပြန် ခံစားမိပြန်ပြီလေ။ ဒီတစ်ခါတော့ မဟာအောင်ပွဲကြီးနေမယ်။ မာကယ်ဟာ ဂျာမနီမှာ အကြီးအကျယ် ကျရှုံးတော့မယ် ဆိုတာကို သူတစ်ယောက်ပဲ သေချာသိတာ။ သို့သော် ရွေးကောက်ပွဲမှာ နိုင်ပြီး တိုင်းပြည်ကို မအုပ်ချုပ်ရဘူး ဆိုရင်တော့ အောင်ပွဲလို့ ဘယ်ခေါ်နိုင်ပါ့မလဲ။

ဂျီနာဟာ သူနဲ့ သူ့ချစ်သူငယ်ချင်းအတွက် ငွေတွေ အများကြီး ရင်းနှီးမြှုပ်နှံထားခဲ့တယ်။ ဖင်လန်နိုင်ငံကူး လက်မှတ်နဲ့ပေါ့။ ရုရှားတစ်ပြည်လုံးကို ပိတ်ဆို့ ဒဏ်ခတ် အရေးယူပါစေဦး၊ ဖင်လန်လူမျိုး အိုက်ဆာကော့ဗ်ရဲ့ ပိုင်ဆိုင်မှုတွေကို ဘယ်သူမှ မထိနိုင်ဘူး။ ဒါကြောင့် သူဟာ ငွေကြေးအရ ခိုင်မာတယ်။ ဗိုလိုဒယျာက ပိုပြီး ခိုင်မာတာပေါ့။

သူတို့ အောင်ပွဲအတော်များများ ရခဲ့ပါတယ်။ တွစ်တာအကောင့် ပေါင်း တစ်သိန်း တစ်သောင်း ခြောက်ထောင်ရဲ့ အကူအညီနဲ့ ဂျီနာနဲ့ သူ့ ရဲရဲတောက် အင်တာနက် စစ်သည်တွေဟာ အီးယူကနေ ဗြိတိန်ထွက်ခွာရေး လူထုဆန္ဒခံယူပွဲမှာ အစွမ်းပြနိုင်ခဲ့တယ်။ တကယ်လို့ အကောင့်အားလုံးကို အလိုအလျောက်စနစ်နဲ့ လုပ်ခိုင်းရင် လူတွေ သတိထားမိသွားတယ်။ ဒါကြောင့် အလိုအလျောက်အကောင့်၊ တစ်ဝက်တစ်ပျက် အလိုအလျောက်အကောင့်နဲ့ လူကိုယ်တိုင် ကိုယ်တွယ်တဲ့အကောင့် ဆိုပြီး ရောထားလိုက်တယ်။ ဒါပေမဲ့ ပေးတဲ့ မက်ဆေ့ချ်ကတော့ တစ်ခုတည်းပဲ။ ဗြိတိန်တွေ အီးယူကို ကျောခိုင်း ကြ၊ ထွက်ခွာကြ။

ခွဲရေးဘက်က ၅၂%-၄၈% နဲ့ အလေးသာသွားတယ်ဆိုတာ သေချာတဲ့အခါ ဗိုလိုဒယျာဟာ အပျော်လွန်ပြီး ဂျီနာ့ကို လက်မ ထောင်ပြတယ်။ ဂျီနာကတော့ သိပ်မပလွှားပါဘူး၊ သူ့အကူအညီမပါလည်း ၅၁-၄၉ နဲ့ ခွဲရေးက အလေးသာနိုင်ပါတယ်တဲ့ ။

အီးယူကနေ ဗြိတိန်ထွက်ဖို့ကိစ္စပြီး သိပ်မကြာဘူး အမေရိကန်သမ္မတ ရွေးကောက်ပွဲ ဆက်လာတယ်။ အဲဒီပွဲကတော့ တကယ့်ပွဲပဲ၊ ကြောက်စရာ ကောင်းလောက်အောင်ကို ကြံသမျှ ဖြစ်ခဲ့တယ်။ အင်း-ခုတော့ ကြောက်စရာ ကောင်းတာပဲ ကျန်တော့သလား မသိပါဘူး။

ဒါပေမဲ့လို့ နယ်သာလန်နဲ့ ပြင်သစ် ပါလီမန် ရွေးကောက်ပွဲတွေ မှာတော့ ဂျီနာနဲ့ ဗိုလိုဒယျာ သူငယ်ချင်း တစ်ရှဉ်းဟာ ခဲလေသမျှ သဲရေကျ ခဲ့တယ်။ မော်စကိုက အထောက်အပံ့တွေ လိုလေသေးမရှိ ရထားပါလျက်နဲ့ ဒတ်ချ် ပီဗီဗီဟာ ဒတ်ချ်နိုင်ငံရေးမှာ လွှိုင်းထန်အောင်လုပ်နိုင်တဲ့ အခွင့်အရေး ရအောင် မလုပ်နိုင်ဘူး။

ညွန့်ပေါင်းအစိုးရဖြစ်ဖို့ကို ရက်နှစ်ရာကျော် အချိန် ယူလိုက်ရတယ်။ ဖြစ်လာတော့လည်း စိတ်တိုင်းကျစရာ မရှိဘူး။

ပြင်သစ်ကတော့ ထင်တိုင်းမပေါက်ဆုံးပဲ။ အမျိုးသားတပ်ဦးပါတီ ဥက္ကဋ္ဌ မာရင်းလီပန်းအတွက် ထောင့်စေ့အောင် အစစ အရာရာ ပြင်ဆင် ထားပါလျက်နဲ့ ဘယ်ကမှန်းမသိတဲ့ အလယ်အလတ်လမ်းစဉ် ကိုယ်စားလှယ် လောင်းတစ်ယောက် ဝုန်းခနဲ တိုးထွက်လာတယ်။ ဂျီနာ ဘာမှ မလုပ်နိုင် သေးခင် အီးယူလိုလားတဲ့ အဲဒီအကောင်ဟာ ပြင်သစ်သမ္မတ ဖြစ်သွားတော့တယ်။ မက်ခရွန်ဟာ ဂျီပုန်း၊ မက်ခရွန်ဟာ လိင်တူချစ်သူလို့ ကောလာဟလ ဖြန့်ပေးပေမယ့် အဲဒါကြောင့် မဲတောင် ပိုရသွားသလားမသိ။ ပြင်သစ်ကတော့ တကယ်ပါပဲ။

ဆွီဒင်၊ ဆွီဒင်ကတော့ အနာဆုံးပဲ။ အလုံးစုံ ဆုံးရှုံးတာပဲ။ ယူရို လေးသန်း ထောက်ပံ့လိုက်တဲ့ နီယိုနာဇီအကောင်ဟာ ထောက်ပံ့ပြီး သိပ်မကြာ ခင် သေသတဲ့။ နီယိုနာဇီရဲ့ ညီဟာ အသုဘအခေါင်းဆိုင်ကို စက်သေနတ်နဲ့ တရစပ် ပစ်သတဲ့။ အဲဒီဇာတ်လမ်းမှာ စိတ်ဝင်စားစရာ အကောင်းဆုံးအချက် ကတော့ နီယိုနာဇီရဲ့ညီ နာဇီကောင်ဟာ အခေါင်းဆိုင်ထဲက အယ်လန် ကားလ်ဆန်နဲ့ အပေါင်းအပါတွေကို သတ်ဖို့ ကြိုးစားတာတဲ့လေ။ ပြဲ့ယမ်းမှာ အရှုပ်တွေလုပ်သွားတဲ့ ၁၀၁ နှစ်သား အဘိုးကြီးဟာ သံတမန်တောင် ဖြစ်နေပြီတဲ့၊ ပြီးတော့ သူက အခေါင်းရောင်းတဲ့လုပ်ငန်း လုပ်သတဲ့။ ခု ရုရှားကို သူ ဒုတိယအကြိမ်အဖြစ် ဘက်ကန်ပြလိုက်ပြန်ပြီ။ ဒါတွေအားလုံးကို ဘယ်က သိရသလဲဆိုတော့ ရဲ အင်စပက်တော်တစ်ယောက်နဲ့ မလုံခြုံတဲ့ ဖုန်းလိုင်းကနေ ဖုန်းပြောတဲ့ ဆွီဒင် နိုင်ငံခြားရေးဝန်ကြီးဆီက သိတာလေ။ အင်း ကင်ဂျုံအန် မှန်တယ်။ ဒီ မအေဘေးကြီးကို နောက်ယောင်ခံလိုက်ပြီး လည်လှီးပစ်လိုက်ရမှာ။ ခုတော့ ဒင်း ပျောက်ကွယ်သွားပြန်ပြီ။

ဂျီနာဟာ နီယိုနာဇီရဲ့ညီကို အချိန် တစ်ပတ် နှစ်ပတ်ပေးပြီး စောင့်ကြည့်ဖို့ ဆုံးဖြတ်လိုက်တယ်။ အဆင်မပြေရင်တော့ ဒင်းကို ညီမျှခြင်း ကနေ ဖယ်ရှားရမှာပဲ။

စောင့်ဆိုင်းနေတုန်း သူ လက်စားချေဖို့ တွေးနေခဲ့တယ်။ အားလုံးက ဂျာမနီ ရွေးကောက်ပွဲဟာ မာကယ်လ်အတွက်ပဲတဲ့၊ ဆိုရှယ်ဒီမိုကရက် ကိုယ်စားလှယ်လောင်းက မာကယ်လ်အတွက် ပျော့လွန်းသတဲ့။ ဂျီနာ မြင်သလို ဘယ်သူမှ မမြင်ချင်ကြဘူး။ တကယ်တော့ ရုရှားဟာ လက်ဝဲ ဆိုရှယ် ဒီမိုကရက်တင်မကဘူး၊ လက်ယာ အမျိုးသားရေးပါတီ အေအက်ဖ်ဒီ ကိုလည်း ထောက်ပံ့ထားတယ်။ ဒါမှ မာကယ်လ်ကို လက်ညှိုးတစ်ချက် မထိုးဘဲ စစ်မျက်နှာနှစ်ခု ဖွင့်တိုက်သလိုဖြစ်မှာ။ ရွေးကောက်ပွဲမှာ နိုင်စေဦး တော့ ညွန့်ပေါင်းအစိုးရ ဖွဲ့လို့မရစေရဘူး၊ နောက်ဆုံးတော့ ဒင်း လက်မြှောက် ရမှာပဲ။ ရုရှားအတွက် အလိုချင်ဆုံး အဖြစ်စေချင်ဆုံးကိစ္စကို ပြောပါဆိုရင် ဒီ မျှော်လင့်စရာမရှိအောင် ခေါင်းမာလှတဲ့ ဘာလင်က စုန်းမကြီး ပက်လက် လန်သွားတာကို မြင်ချင်တာပဲ။

"ဆိုရှယ်ဒီမိုကရက်မဲတွေကတော့ အေအက်ဖ်ဒီဘက် ရောက်သွားပြီဟေ့"

ဂျီနာဟာ သူ့သမ္မတ သူငယ်ချင်းကို အစီရင်ခံလိုက်တယ်။

"မင်းဟာ ပါရမီရှင်ပဲ ဂျီနာ ငါ ဒါကို ပြောဖူးသလား"

"ခဏခဏပြောတာ မစ္စတာသမ္မတကြီးရဲ့၊ ပြောလွန်းအားကြီးလို့ ငါတောင် မင်းပြောတာကို ယုံချင်သလိုလို ဖြစ်လာပြီ"

ဂျီနာက ပြုံးပြုံးကြီး ပြန်ပြောလိုက်တယ်။

※※※

(၆၁) ဒိန်းမတ်

တံတားကို ဖြတ်ကျော်ပြီး ကို ပင်ဟောဂင် အပြည်ပြည်ဆိုင်ရာ လေဆိပ်သွားတဲ့ လိုဏ်ခေါင်းထဲမှာ ဆဗင်းဟာ ဘာစကားမှမပြောဘဲ တိတ်ဆိတ်စွာနဲ့ ကားကို မောင်းနေခဲ့တယ်။ သူ့ရဲ့ဆုံးဖြတ်ချက်ကို အနုလုံ ပဋိလုံ ပြန်သုံးသပ်နေတာလေ။

တကယ်တော့ သူ့အတွေးထဲမှာ မော်သခင်ကြီးလို့ သူတို့လောကက တင်စားခေါ်ဝေါ်ကြတဲ့ တန်ဇန်းနီးယား က အိုလီကိုရင်ကို ရှိနေခဲ့တာကြာပြီ။ သူဟာ အရာ အားလုံးရဲ့အဖြေလို့ ပြောကြတယ်။ တန်ဇန်းနီးယားကို သွားခြင်းအားဖြင့် အကျိုးအများကြီး ရှိနိုင်တယ်။ ဥပမာ အားဖြင့် တန်ဇန်းနီးယားမှာ နာဇီဝါဒ မပေါ်ထွန်းဘူး။ တန်ဇန်းနီးယားဟာ မြင့်မားတဲ့အရပ်မို့ မြွေတွေ မနေနိုင် ဘူး။ လောကမှာ ဆဗင်းအမုန်းဆုံးအရာတွေက မြွေရယ်၊ နာဇီရယ်၊ ရောဂါဆိုးရယ်လေ။ အယ်လန်ရော၊ အင်း အယ်လန်လည်း ဒီစာရင်းထဲပါဖို့ နီးစပ်ပါတယ်။

ဒီတိုင်းပြည်မှာ စစ်ပွဲနဲ့ အကြမ်းဖက်မှုတွေလည်း မရှိဘူး။ ဒါကြောင့် မြွေ မရှိ၊ နာဇီ မရှိ၊ စစ် မရှိ၊ အကြမ်းဖက်မှုမရှိတဲ့အတွက် ရောဂါဆိုးပဲ ကျန်တယ်။ ဒါကလည်း ကိစ္စမရှိဘူး။ အိုလီကိုရင်ကိုဟာ ရောဂါဆိုး အားလုံးကို ပိန်းကြာဖက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာစေတဲ့ အစွမ်းသတ္တိပိုင်ရှင် မဟုတ်လား။ အဲသလို အမေက ပြောခဲ့တာပဲလေ။

ဆဗင်းဟာ ဒီကိစ္စနဲ့ပတ်သက်လို့ လေ့လာတန်သလောက် လေ့လာ ထားပါတယ်။ အဲဒီဒေသမှာ အိုလီကိုရင်ကိုအပြင် တခြား အထင်ကြီးစရာ ပုဂ္ဂိုလ်တွေ ရှိသေးတယ်။ နယ်ခြားတစ်လျှောက် ကင်ညာဘက်ခြမ်းဟာဆိုရင် ဟန်နာဆိုတဲ့ အမျိုးသမီးရဲ့ ပိုင်နက်ပဲ။ ဟန်နာကို ဘုရင်မကြီးလို့လည်း ခေါ်ကြတယ်။ တနင်္လာကနေ သောကြာနေ့အထိ ဟန်နာဟာ လာသမျှလူတွေ ရဲ့ ရောဂါတွေကို ကုပေးတယ်။ ကျိန်စာဆိုးတွေကို ဖြေပေးတယ်။ မီးဖိုက မီးလောင်ပြီးသား မီးသွေးခဲတွေကတစ်ဆင့် လူတွေရဲ့ ဘဝပုစ္ဆာတွေကို ဖြေရှင်းပေးတယ်။ ငွေထပ်ပေးနိုင်ရင် ပြင်းထန်တဲ့ ရောဂါဆိုးတွေဖြစ်တဲ့ ကင်ဆာတို့ အေအိုင်ဒီအက်စ် တို့ကိုလည်း ကုပေးနိုင်တယ်။ ဘုရင်မကြီးဟာ စနေနေ့ဆို အနားယူတော်မူပြီး တနင်္ဂနွေနေ့မှာတော့ ဘုရားကျောင်းကို ကြွချီ ဆုတောင်းတော်မူသတဲ့။

ကြည့်ချင်တဲ့လူတိုင်းကို ဟန်နာဟာ သူ့ရဲ့ ဇိမ်ခံအိမ်ကြီးနဲ့ ကား ဆယ့်ငါးစီးကို ပြတတ်သတဲ့။

"အဖဘုရားသခင်၊ သားတော်နဲ့ သန့်ရှင်းသော ဝိညာဉ်တော်တို့၏ နာမတော်အားဖြင့် လူအများ၏ ပြဿနာတွေကို ကူညီ ဖြေရှင်းပေးတတ်သည့် မော်စက်ရောင် သခင်မကြီး" ဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူး ပိုင်ရှင်တဲ့။ ဟန်နာဟာ အထင်ကြီးစရာပေမယ့် ဆဗင်းကတော့ ဟန်နာလောက်ကို စာရင်းထဲ မထည့် ဘူး။

အငြိမ်းစား အီဗန်ဂျယ်လစ် ပါစတာ ဘုန်းတော်ကြီးဟောင်း အိုလီကိုရင်ကိုရဲ့ နည်းလမ်းတွေကတော့ ဘုရင်မကြီးရဲ့ နည်းလမ်းတွေနဲ့ အလွန်အင်မတန်ကို ခြားနားတယ်။ အိုလီကိုရင်ကိုဟာ တန်ဇန်းနီးယား မြောက်ပိုင်း၊ စတုရန်း ကီလိုမီတာ ၃၀၀၀၀ ကျယ်တဲ့ ဆီရန်ဂီတီ ဆဗားနား မြက်ခင်းပြင်ကျယ်ကြီးထဲမှာ ယာယီတဲနန်းမြို့တော်ကို တည်ဆောက်ထားတယ်။ သူ့ရဲ့တဲနန်းကြီးထဲမှာ ခေတ်ခွဲခန်းတစ်ခု ထည့်ထားတဲ့ အိုလီကိုရင်ကိုဟာ အဲဒီတဲနန်းမှာပဲ လျှို့ဝှက်နည်းပညာနဲ့ သူ့ရဲ့ တန်ခိုးပြာဋိဟာတွေ ထည့်သွင်းထား တဲ့ မှော်ဆေးမဟာကို စီမံဖန်တီးတာ။

သူဟာ ဘယ်သူ့ဆီကမှ ငွေအများကြီး မယူဘူး။ ငွေလေး မဖြစ်စလောက်ပဲယူတာ။ ဝေဒနာသည်တွေကို များနိုင်သမျှများအောင် ကုသပေး ဖို့က သူ့ရဲ့ ရည်မှန်းချက်ပဲ။ တစ်ခုရှိတာကတော့ သူ့ရဲ့ဆေးဟာ ပါစတာ ဘုန်းတော်ကြီးဟောင်း ကောင်းချီးပေးတော်မူချိန် သူ့ရဲ့ တဲနန်းမြို့တော်မှာ သောက်မှသာ အစွမ်းပြတာတဲ့။

ဒီအကြောင်းတွေကို ဆဗင်းဟာ သေလောက်အောင် သိချင်နေတယ်။ ဥရောပ နတ်ဝင်သည်လောကမှာ လူအများကြီးကို တစ်ပြိုင်နက် ဝန်ဆောင်မှုပေးတယ်ဆိုတာ မဖြစ်နိုင်လောက်အောင် ဆန်းကျယ်တဲ့ကိစ္စပဲ။ အမေက ဒါကို နားလည်ခဲ့တယ်။ ဒါဟာ ဆဗင်းရယ်၊ သူ့ရဲ့ ချစ်လှစွာသော လက်ထောက်ရယ်၊ သူတို့နဲ့အတူပါလာပြီး သူတို့ ပါလာစေချင်တာလား မပါလာစေချင်ဘူးလားတောင် သေချာမသိတဲ့ အသက် ၁၀၁ နှစ်သား အဘိုးကြီးရယ် ရှေ့ဆက်သွားရမယ့်လမ်းပေါ့။

※※※

(၆၂) ဆွီဒင်

သူ့လက်ထဲက ခွက်ထဲကို တစ်စုံတစ်ယောက်က ငါးကရိုနာတန် အကြွေစေ့ ပစ်ထည့်လိုက်တဲ့အခါ ဂျွန်နီ အန်ဂဘောဟာ အိပ်မက်ကမ္ဘာကနေ သတိပြန်လည်လာခဲ့တယ်။ သူ ဘယ်ရောက်နေတာလဲ၊ ဘာကြောင့် ဒီလောက် တုန်ခိုက်နေအောင် ချမ်းနေရတာလဲ၊ ဘယ်သူ က သူ့ကို အကြွေစေ့ ပေးတာလဲ၊ ဘာဖြစ်လို့လဲ။

ဂျွန်နီဟာ စားပွဲတင်မီးအိမ် ခေါင်းကို ဆောင့်ထားခြင်းနဲ့ အိပ်ဆေးလွန်ခြင်းတို့ရဲ့ ဘေးထွက်ဆိုးကျိုးကို ခံစား နေရတယ်။ မီးအိမ်နဲ့ ခေါင်းရိုက်ခံရတာကို သူ မမှတ်မိဘူး၊ အိပ်ဆေးတိုက်ခံရတာကိုလည်း ဝါးတားတားပဲ။

ပန်းခြံတစ်ခုရဲ့ ခုံတန်းပေါ် ရောက်နေတာ တွေ့ရတယ်။ ဘာဖြစ်မှန်းမသိသေးခင် တစ်ယောက်ယောက်က သူ့ပေါ် မိုးလာတာ တွေ့လိုက်ရတယ်။

“အိုး ဘယ်လိုဖြစ်တာလဲ ကလေးရယ်”

မိန်းမ တစ်ယောက်ပဲ၊ ဘွားတော်ကြီးပဲ၊ သူ့မျက်နှာဟာ ဂျွန်နီမျက်နှာ နဲ့ သုံး ဒက်စီမီတာလောက်ပဲ ကွာတယ်။ နေပါဦး သူက ဘယ်သူလဲ၊ ဘာတွေဖြစ်နေတာလဲ။

ဂျွန်နီရဲ့ဝါးနေတဲ့ အမြင်တွေ ပြန်ကြည်လာတာနဲ့ သူ့ ကိုယ်ရည် ကိုယ်သွေးက တန်းပေါ်လာတာပဲ။ “ဘာဖြစ်တာလဲ၊ ခင်ဗျားက ဘာလဲ၊ ခင်ဗျားနဲ့ ဘာဆိုင်လဲ၊ စောက်ရုပ်ကလည်း ဆိုးလိုက်တာ”

သနားစရာ သူတောင်းစားလေးပါလား။ ပိုက်ဆံထည့်မလို့ အိတ်ထဲ နှိုက်နေတုန်း သူနိုးလာရှာတာ။ ကြည့်ရတာ သနားစရာပါ။ "ကလေးရယ် ငါ့ကို စိတ်ဆိုးစရာအကြောင်း မရှိဘူးလေ၊ မင်းကြည့်ရတာ ဆာနေပုံပဲ၊ လာပါ ငါတို့ စွပ်ပြုတ်ပူပူကလေး စားကြပါစို့”

စွပ်ပြုတ်-ဟုတ်လား ဂျွန်နီဟာ ထရပ်ဖို့ ကြိုးစားလိုက်တယ်။ ဘွားတော်ကြီးက သူ့ကို တွဲမယ် ဟန်ပြင်တယ်။

“ဟာ… သွားစမ်းပါ စောက်ဟာမကြီးရာ”

ဂျွန်နီက တွန်းပစ်လိုက်တဲ့အတွက် အဘွားကြီးဟာ ဟန်ချက်ပျက်ပြီး လဲမလို ဖြစ်သွားတယ်။

ခု ဂျွန်နီရဲ့ နေ့စဉ်သုံးစကားတွေ ပြန်ပေါ်လာပြီ။ ဂျွန်နီက အဘွားကြီးကို သူနဲ့ သူ့မားဟာ ဘာလုပ်ချင်နေတဲ့အကြောင်း ပြောလိုက်တယ်။ အဘွားကြီးဟာ နောက်ကို တစ်လှမ်းဆုတ်သွားတယ်၊ နောက်တစ်လှမ်း ထပ်ဆုတ်တယ်၊ ဒါပေမဲ့ သတ္တိခဲမကြီးပဲ။

“အေးပါ ငါ သွားနေပါပြီ ဒါပေမဲ့ မတ်တတ်ကြီး စွပ်ပြုတ်သောက် လို့

ဘယ်ဖြစ်မလဲဟယ် နော်”

ဂျွန်နီဟာ သူ့ရဲ့ အမေရိကန် စစ်သုံးဓားကို ထုတ်လိုက်တယ်။ မြိနေအောင်ထက်တဲ့ စင်တီမီတာ သုံးဆယ်ရှည်တဲ့ ဓားသွားကို အဘွားကြီး လည်မျိုကို ချိန်ရင်း …

“နောက်တစ်ခါ စွပ်ပြုတ်လို့ ထပ်ပြောကြည့်စမ်း” လို့ ကျိန်းလိုက်တယ်။

မပြောဘူး။ ဘာမှ မပြောတော့ဘူး။

ဒါပေမဲ့ ဂျွန်နီက သူ့ကို ဘာမှမလုပ်ပါဘူး၊ ဘာမှ မလုပ်နိုင်လောက် အောင် ခေါင်းက သေလုမတတ် ကိုက်နေပြီကိုး။ မူးဝေနေတဲ့ နာဇီ ဂျွန်နီဟာ ခပ်လှမ်းလှမ်းမှာ ကဖေးဆိုင်ကလေး တွေ့လို့ အဲဒီကို ဦးတည်လိုက်တယ်။ ဆန်းဒဝစ်နဲ့ ကော်ဖီလေးမှာပြီး ဘာဖြစ် သွားတယ်ဆိုတာကို စဉ်းစားမယ်။

သူ့အကိုကို အသုဘမှာ အကြီးအကျယ် အရှက်ရအောင် လုပ်ခဲ့တဲ့ တရားခံတွေကို သတ်ပစ်ဖို့ သူ ကြိုးစားခဲ့တယ်။ သူ့ရည်မှန်းချက် အောင်မြင် ခါနီး ခေါင်းကို မိုးကြိုးပစ်ခံရသလိုဖြစ်ပြီး မေ့သွားခဲ့တယ်။ ဒီထက်ပိုပြီး စဉ်းစားလို့မရဘူး။ သူ့မှာ ယူရို လေးသန်း ရှိတယ်။ အဲဒီ ယူရိုလေးသန်းနဲ့ ဘာလုပ်ရမယ်ဆိုတာတော့ ကက်နက်ပဲ သိတာ။

အဘွားကြီးနဲ့ နိုင်ငံခြားရေးဝန်ကြီးဆိုတဲ့ မိန်းမကြီးဟာ သူ့ကို ဘာလုပ်လိုက်တယ် မသိဘူး။ ဒါပေမဲ့ ဂျွန်နီနဲ့ ထိပ်တိုက်မတွေ့ဘဲ နိုင်ငံခြားရေး ဝန်ကြီးဆိုတာကြီးကို လိုက်သတ်လို့ မဖြစ်သေးဘူး။ ကိုယ် အရင်သေလိမ့် မယ်။ ခုတော့ ဟိုသုံးယောက်ကို လိုက်ရှာဖို့ပဲရှိတယ်။ ကဲ ရှာမယ်၊ နေ့တွေ ရက်သတ္တပတ်တွေ လပေါင်းများစွာ ကြာချင်ကြာပါစေ။

အဲဒီအချိန်မှာ အရေးကြီး စက်ရပ်သတင်းတက်လာတဲ့အတွက် ဂျွန်နီရဲ့ ဖုန်းဟာ မီးလင်းလာတယ်။

သံသယဖြစ်ဖွယ်၊ နောက်ထပ် အကြမ်းဖက်ဖြစ်ရပ်တစ်ခု၊ ဒီတစ်ကြိမ် တော့ ကိုပင်ဟောဂင် အပြည်ပြည်ဆိုင်ရာလေဆိပ် ကက်စ်ထရပ်မှာ ဖြစ်ပွားခဲ့။

ကဲဟော့။ ဆန်းဒဝစ်နဲ့ ကော်ဖီက စောင့်နိုင်ပါတယ်။

※※※

(၆၃) ဒိန်းမတ်၊ ဆွီဒင်၊ ဂျာမနီ

အယ်လန်ဟာ ထင်သလိုမဟုတ်ဘဲ အသုံးဝင် ကြောင်း အချိန်တိုအတွင်း ဒုတိယအကြိမ်အဖြစ် ဆဇင်း အသိအမှတ်ပြုရပြီ။ ဒါရက်စ်ဆလန်ကို အမြန်ဆုံးရောက် မယ့် လေယာဉ် ရှာပေးစမ်းပါလို့ ခိုင်းလိုက်တာ ဟော ကြည့်စမ်း တက်ပလက်ကနေရှာ လိုက်တာ၊ ခု သိရပြီ၊ ပထမဆုံးလေယာဉ်ဟာ မကြာခင် ထွက်တော့မှာတဲ့။ ဖရန့် ဖွတ်နဲ့ အဒစ်အဘာဘာမှာ ကြားလေဆိပ်အဖြစ်ဆင်းမတဲ့။ ဒါ အလုပ်ဖြစ်လောက်တယ်။ လေယာဉ်မီချင်ရင်တော့ အမြန်မောင်းရမယ်။ ဆဇင်းဟာ ကားကို အရှိန်မြှင့်တယ်။ လေဆိပ်ရောက်တာနဲ့ ကားပါကင်ထိုးပြီး ပြေးကြမယ်။

သူတို့သွားရမယ့် တာမီနယ်အပြင်ဘက်မှာ ကားရပ် ဖို့ နေရာကောင်းလေး တွေ့တယ်။ ကားမရပ်ရ နှစ်ထပ် ဆင့်ရေးထားတဲ့ ဆိုင်းဘုတ်နဲ့ လမ်းပေါ်က အရှိန်လျှော့ တုံးတွေကြားမှာ ဆဇင်းဟာ အသုဘကားကို ရပ်ပစ်လိုက်တယ်။

တရားဥပဒေနဲ့ပတ်သက်ရင် ဘယ်သောအခါမှ အလျှော့မပေးတတ်တဲ့ ဂျူးလီးယပ်စ်က အထင်ကြီးသွားတယ်။

ကောင်တာမှာ လက်မှတ်တွေ ဝယ်ကြတယ်။ အယ်လန်က ခရီးဆောင်အိတ်ကြီး မေ့ခဲ့တဲ့အတွက် သူတို့အားလုံးမှာ လက်ဆွဲတဲ့ ပစ္စည်းလေး နည်းနည်းစီပဲပါတာလေ။ ခရီးဆောင်အိတ် မေ့ကျန်ခဲ့တာကို အပြစ်တင်ချင်ပေ မယ့် မပြောတော့ပါဘူး။

ချက်-အင် လုပ်တာက ပိုတောင်မြန်သေးတယ်။ ဒါကြောင့်မို့ ဖရန့်ဖွတ်ကို ဦးတည်ပျံသန်းမယ့် လေယာဉ် ဒုတိယတန်းမှာ သူတို့ နေရာယူပြီး တဲ့အခါ ကားရပ်ချိန်ကစရေရင် မိနစ် နှစ်ဆယ်လောက်ပဲ ရှိသေးတယ်။

"ရှန်ပိန် သုံးဆောင်ကြမလား ရှင့်" လေယာဉ်မယ်ကလေး မေးတာကို ကြည့်ရင်း... "အင်း... ခင်ဗျားက ကျုပ်စိတ်ထဲက အကြံကို သိများနေ သလား" လို့ အယ်လန်က အထင်တကြီး မေးလိုက်တယ်။

※

ကိုပင်ဟေဂင် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို မပိတ်ခင် နောက်ဆုံး ထွက်ခွာလာနိုင်တဲ့ လေယာဉ်ဟာ ဖရန့်ဖွတ်ကို ဦးတည်တဲ့ လုဖ်သန်ဇာ ၈၃၁ ပဲ။ လေဆိပ်ကို ပိတ်လိုက်ရတဲ့ အကြောင်းရင်းက အကြမ်းဖက်မှု သံသယရှိတဲ့အတွက်ကြောင့်ပဲ၊ စတော့ဟုမ်း ဖြစ်ရပ်ဖြစ်ပြီး မကြာခင်ဆိုတော့ လုံခြုံရေးအဆင့်ကို အမြင့်ဆုံး ချထားလိုက်တယ်။ တာမီနယ် ၃ အဝင်ဝ အပြင်ဘက်နားမှာ သံသယဖြစ်ဖွယ် ယာဉ်တစ်စီးဟာ ပါကင်မထိုးရမယ့် နေရာမှာ ထီးထီးကြီး ရပ်ထားတယ်လေ။

ဒိန်းမတ်မှာရှိကြတဲ့လူတွေ ယုံကြတာက သူတို့ရဲ့ အိမ်နီးချင်း ဆွီဒင် ဟာ သူတို့တိုင်းပြည်ထဲကို အသေခံဖုံးခွဲသမားတွေ တင်ပို့ဖို့ တစ်ချိန်လုံး ကြံစည်နေတယ်လို့ပေါ့။ ဆီးရီးယားစစ်ပွဲကာလတစ်လျှောက် ဒိန်းမတ် တစ်ပြည်လုံးထက်များတဲ့ လူပမာဏဟာ တင့်ကားဒဏ်၊ ဗုံးဒဏ်၊ ခေတု လက်နက်ဒဏ်ကနေ လွတ်အောင်ပြေးကြရင်း အများစုဟာ တူရကီမှာ သောင်တင်ကြတယ်။ တူရကီက သူတို့ကို မကြိုဆိုဘူး။ ဒါကြောင့် သူတို့ဟာ မြောက်ဘက်ကို ခရီးဆက်ကြတယ်။ ဟန်ဂေရီ လျှပ်စစ်သံဆူးကြိုးတွေ၊ တိတိကျကျ ပစ်တတ်တဲ့ မျက်ရည်ယိုဗုံးတွေကို ရှောင်ရင်းပေါ့။

အိတ်ကပ်ထဲမှာ ဒေါ်လာ ခြောက်ထောင်လောက်ပါတဲ့လူတွေက တော့ ခေတ်မလိုက်၊ မျက်ရည်ယိုဗုံးမမှန်ဘဲ ပိုပြီးဝေးတဲ့ ဒိန်းမတ်လို တိုင်းပြည် မျိုးထိ အရောက်လှမ်းနိုင်ကြတယ်။ အဲဒီမှာလည်း သူတို့ကို မကြိုဆိုဘူး။ ဒါကြောင့် ဆွီဒင်ဘက် ဦးလှည့်ကြတယ်။ ဆွီဒင်ကတော့ လျှပ်စစ်သံဆူးကြိုး တွေ မျက်ရည်ယိုဗုံးတွေအစား သူတို့ကို အမိုးအကာတွေ ပေးခဲ့တယ်။ အဲသလိုထွက်ပြေးလာတဲ့လူတချို့ဟာ အကြမ်းဖက်သမားတွေပါလို့ ကိုယ်တွေ့ ကြုံလို့ ယုံလိုက်ရချိန်အထိပေါ့ (တချို့ ဆွီဒင်တွေကတော့ ဒုက္ခသည်စခန်း တွေကို မီးရှို့ပြီး အကြမ်းဖက်သမားတွေကို သင်ခန်းစာ ပြန်ပေးကြတယ်)

အဲဒီအတွေ့အကြုံတွေကြောင့် လေဆိပ်မှာရပ်ထားတဲ့ ဆွီဒင် မှတ်ပုံတင်နံပါတ်ပြားနဲ့ အသုဘကားကြီးဟာ ဖောက်ခွဲပစ္စည်းတွေ အပြည့် တင်လာတာပဲဖြစ်ရမယ်လို့ ဒိန်းတွေက ကောက်ချက်ချတယ်။ ဒါကြောင့် လေဆိပ်ကို ရှင်းလင်းလိုက်တယ်၊ လေယာဉ် အဝင်အထွက်အားလုံး ဖျက်သိမ်း လိုက်တယ်။ ဗုံးရှင်းလင်းရေးတပ်ဖွဲ့တွေ ဗျာများကုန်တယ်။ အလုပ်များကုန်တယ်။

မိနစ် အနည်းငယ်ကြာတဲ့အခါ ဒီသတင်းဟာ အင်တာနက်ပေါ် ရောက်နေပြီ။ အမျိုးအမည်မသိ အသုဘယာဉ်အနက်ကြီးဟာ ခရီးသည် ထောင်ပေါင်းများစွာနဲ့ နီးနီးကပ်ကပ် ဗျူဟာကျကျ ရပ်ထားပြီး အကြမ်းဖက် တော့မယ့်ဆဲဆဲဖြစ်ကြောင်း။

"အိုးဟိုး လက်စသတ်တော့ ငါ့ဟာကြီးတွေကိုး၊ ကဲ နင်တို့ ဘယ်ပြေးမတုန်း မအေဘေးကြီးတွေ"

ဂျွန်နီ အန်ဂဘောက အပြတ် ဆဲပစ်လိုက်တယ်။

ဆဗင်းဂျွန်ဆင်နဲ့ အပေါင်းအပါတွေဟာ အများနည်းတူ လေဆိပ်မှာ သောင်တင်နေပြီလို့ သူက တထစ်ချတွက်ထားတာကိုး။ ဒါပေမဲ့ သူ့ကားက ကီလိုမီတာပေါင်း များစွာအဝေးမှာ၊ ဒါကြောင့် တက္ကစီတစ်စီးကို သူ တားတယ်။

ရော့ဆင်ဂေါ့ကို ပို့ပေးပါခင်ဗျာ

ရောက်ကြတဲ့အခါ ဒရိုက်ဘာက ပိုက်ဆံရှင်းပေးဖို့ လိုလားပေမယ့် သူ့ကားသော့တွေရော ပိုက်ဆံအိတ်တွေရော မရှိတော့တာကို ဂျွန်နီက သတိထားမိတယ်။ ဒါကြောင့် ခဏစောင့်ခိုင်းပြီး သူဖွက်ထားတဲ့ စက်သေနတ် ကို

သွားယူတယ်။ ပြန်လာတဲ့အခါမတော့ ..

"ဟော့ မင်းနာမည်ဘာတုန်း"

ဂျွန်နီဟာ ဒရိုက်ဘာရဲ့နဖူးကို သေနတ်နဲ့တေ့ချိန်ရင်း မေးလိုက်တယ်။

"ဘန့်ထ်ပါ ခင်ဗျာ"

ဒရိုက်ဘာက ဖြေရင်း ငိုတော့တယ်။

"အား တွေ့ရတာ ဝမ်းသာတယ် ဘန့်ထ်၊ မင်းနဲ့ငါ သဘော တူညီချက်တစ်ခု လုပ်ရအောင်၊ ငါ့ကို ကက်စ်ထရပ်လေဆိပ်ကို တစ်ပြားမှ မယူဘဲ လိုက်ပို့ကွာ"

"ကျွန်တော့်ကို မသတ်ပါနဲ့ခင်ဗျာ"

"ဒါဆို ပို့မယ်ပေါ့"

※

ဆွီဒင် - ဒိန်းမတ် နှစ်နိုင်ငံကြားက အိုရီဆန်း တံတားကိုရောက်တဲ့အခါ ဘန့်ထ်က တံတားကြေးပေးဖို့ ကားကို အရှိန်လျှော့လိုက်တယ်။

"ဟော့ ဘာလုပ်တာလဲ၊ မင်းက တံတားကြေးပေးပြီး ဆွီဒင်နိုင်ငံ တော်ကြီးကို စောက်ရှက်ခွဲမလို့လား ဟုတ်လား"

ဂျွန်နီက ဒေါသတကြီးနဲ့ ပြောလိုက်တယ်။

ခရီးစဉ်တစ်လျှောက် ဘန့်ထ်ဟာ ကြောက်သထက် ကြောက်လာ ခဲ့တယ်။ ရေဒီယိုကနေ ခုသွားနေတဲ့ လေဆိပ်မှာ အကြမ်းဖက်မှု ဖြစ်နေ တယ်လို့ တောက်လျှောက်ကြေညာနေတော့ သေနတ်တကားကားနဲ့ သူ့ကို လေဆိပ်လိုက်ပို့ခိုင်းနေတဲ့ ဒီအကောင်ဟာလည်း အကြမ်းဖက်သမားပဲ ဖြစ်ရမယ်။

ဒါကြောင့် ဘန့်ထ်ဟာ ဂိတ်ကြေးကောက်နေတဲ့ နေရာကို တစ်နာရီ ကီလို ၁၂၀ နှုန်းအရှိန်နဲ့ ကျော်ဖြတ်လိုက်တဲ့အခါ လုံခြုံရေးကင်မရာတွေက ဓာတ်ပုံရိုက်ယူထားလိုက်တယ်။

တံတားပေါ်မှာ ပိုအရှိန်မြှင့်မောင်းလာတဲ့အတွက် ကက်စ်ထရပ်ဟာ နောက် မိနစ်အနည်းငယ်အတွင်း ရောက်တော့မယ်။

အာရိယာန်မိတ်ဆွေများ လက်ကျန်အဖွဲ့ဝင်ဟာ အခြေအနေကို သေချာ မသုံးသပ်ခဲ့ရဘူးပဲ။ ဒါကြောင့် လေဆိပ်ရောက်ဖို့ ကီလိုမီတာ နည်းနည်းပဲ လိုတဲ့အချိန်မှာ အရှိန်လျှော့ဖို့ သူ ဒရိုင်ဘာကို ညွှန်ကြားလိုက်တယ်။ မလောဖို့လိုတယ်လေ။ နော်။

အိုကေ၊ ခု ကက်နက်ကို ဒုက္ခပေးသွားတဲ့ သုံးယောက်ဟာ ကက်စ်ထရပ်မှာ ပိတ်မိနေပြီ။ ဂျူးမီဒီယာတွေက သတင်းတွေအရ ခရီးသည် တွေကို လေယာဉ် ဂိုဒေါင်တစ်ခုထဲမှာ စုထားသတဲ့။ ဟိုသုံးကောင်လည်း အဲဒီထဲမှာ နေမှာပဲ။ အဲဒီ လေယာဉ်ဂိုဒေါင်ကို ရှာရမယ်။ ဟုတ်တယ်။

※

စစ်ပွဲ၊ အကြမ်းဖက်ဖြစ်ရပ်တွေနဲ့ အလွန်အမင်းဆင်းရဲနွမ်းပါးခြင်း ဆိုတဲ့

အခြေအနေသုံးပါးမှာ လူတွေဟာ ထွက်ပြေးလေ့ရှိကြတယ်။ ဘယ်ကို ပြေးသလဲဆိုတာ စစ်ပွဲ အကြမ်းဖက်ဖြစ်ရပ်နဲ့ ဆင်းရဲခြင်း ကင်းစင်ရာ နယ်မြေတွေကိုပေါ့။

ဆွီဒင်မှာ အဲဒီ သုံးခုစလုံး မရှိဘူး။ ဒါကြောင့် အဲဒါတွေရှိတဲ့ နေရာကလူတွေဟာ ဆွီဒင်ကို ပြေးလာကြတာပေါ့။ ဒါကြောင့် ဆွီဒင်-ဒိန်းမတ်နယ်ခြား အိုရီဆန်းတံတားမှာရှိတဲ့ နယ်ခြားစောင့်ရဲတွေဟာ ဆွီဒင်ဘက်ခြမ်းကို ဝင်လာတဲ့ယာဉ်တွေကိုသာ ဂရုတစိုက် စစ်ဆေးကြတာပေါ့။ ဒိန်းမတ်ဘက်သွားတဲ့ယာဉ်တွေကတော့ တံတားကြေးဆောင်ပြီးရင် ဆက်သွား ရုံပဲ။

ဒါပေမဲ့လည်း တံတားကြေးမပေးဘဲ တစ်နာရီ ကီလိုမီတာ ၁၂၀ နှုန်းနဲ့ ဖြတ်မောင်းသွားရင်တော့ ဒီတိုင်းရပ်ကြည့်နေမှာ မဟုတ်ဘူးလေ။

ဒါကြောင့် ဒိန်းမတ်ဘက်ခြမ်းက ရဲတွေကို ကားရဲ့လိုင်စင်နံပါတ်၊ အရောင်နဲ့ အမျိုးအစားကို အကြောင်းကြားထားကြတယ်။ လေဆိပ်အကြမ်းဖက်မှုက လည်း ဖြစ်နေတော့ ဒီယာဉ်ဟာ သေချာစုံစမ်းစစ်ဆေးရမယ့်စာရင်းမှာ ထိပ်ဆုံး က ပါတာပေါ့၊ ဒါကြောင့် စစ်ဆေးရေးဂိတ်ရောက်တော့ တားခံရတာပေါ့။

※

ကက်စ်ထရပ် အပြည်ပြည်ဆိုင်ရာ ထွက်ခွာဆောင် တာမီနယ်နဲ့ မီတာရှစ်ရာအကွာမှာ ရဲတွေဟာ လမ်းကို ပိတ်ပြီး အလုံးအရင်းနဲ့ နေရာယူထားတယ်။ လာသမျှကားတိုင်းကို အလေးပြုပြီး လေဆိပ်ကို ပိတ်ထားကြောင်း ရှင်းပြပြီး ပြန်လှည့်ခိုင်းတယ်။

စီနီယာ ဒိန်းမတ် ရဲအရာရှိ ကရို့ဟာ ဆွီဒင် နံပါတ်ပြားနဲ့ တက္ကစီကို တွေ့လိုက်တာနဲ့ အသင့်ပြင်ထားတယ်။ ဒရိုက်ဘာကြည့်ရတာ အရမ်းကို ကြောက်နေတဲ့ပုံပဲ။ ဘေးက လူမိုက်ရုပ်နဲ့ ခရီးသည်ကတော့ သားရေဂျာကင်ထဲ တစ်ခုခု ထည့်ဖွက်ထားပုံပဲ။ ဂျူနီယာ ရဲအရာရှိ လာဆင်က လည်ချောင်း ရှင်းလိုက်ပြီး နံပါတ်ပြားအရ သတင်းရထားတဲ့ ကားဖြစ်ကြောင်း စီနီယာကို အစီရင်ခံတယ်။ စီနီယာက ပြောရပြီ။

“ခင်ဗျား မှတ်ပုံတင်ပြ၊ ခင်ဗျား မှတ်ပုံတင်လည်းပြ”

ဒရိုက်ဘာကိုရော ခရီးသည်ထိုင်ခုံက ဝှန်နီ အန်ဂဘောကိုရော သူပြောလိုက်တယ်။

လက်နက်အပြည့်အစုံ၊ အသင့်အနေအထားနဲ့ အကြမ်းဖက်နှိမ်နင်းရေး အထူးရဲတပ်ဖွဲ့ဝင် နှစ်ဒါဇင်လောက်ဟာလည်း တစ်ခုခု ဖြစ်တော့မယ်ဆိုတာကို ကြိုသိနေပုံပဲ။

ဘန့်ထ်က သူ့ရဲ့ တက္ကစီဒရိုင်ဘာ မှတ်ပုံတင်ကို ပြလိုက်တယ်။

“ကျုပ် ယာဉ်မောင်းလိုင်စင်က အိမ်မှာကျန်ခဲ့တယ်”

ဝှန်နီက ခပ်ပြတ်ပြတ်ပြောလိုက်တယ်။

ခုနက လာဆင်ပြောထားလို့ ဒီကားဟာ အိုရီဆန်းတံတားကြေး ကောက်တဲ့

ဂိတ်ကို အရှိန်မလျှော့ဘဲ ဖြတ်လာတာကို ကရို့က သိပြီးပြီ။

"ကဲ နှစ်ယောက်လုံး ကားထဲက ခဏထွက်ကြပါ"

ဘန့်ထ်ဟာ ကားတံခါးကို ဖွင့်ပြီး ခြေတစ်ဖက် မြေပေါ်ချပြီးတာနဲ့ မြေပေါ် လှဲချလိုက်တယ်။

"အကြမ်းဖက်သမားဗျို့ ကားထဲမှာ အကြမ်းဖက်သမား သူ့မှာ ရိုင်ဖယ်ပါလာတယ်" လို့ ပါးစပ်က အသံကုန်အော်တယ်။

ဂွန်နီမှာပါလာတာက စက်သေနတ်၊ ရိုင်ဖယ်မဟုတ်ဘူး၊ ဒါပေမဲ့ သေနတ်က သေနတ်ပဲလေ။

ဒီလိုအခြေအနေကို လက်နက်နဲ့ ဘယ်လိုဖြေရှင်းရမယ်ဆိုတာ ဂွန်နီ ကို ဘဝပေးအတွေ့အကြုံက သင်ထားခဲ့ပြီးသား။ ဒီ ဒိန်းမတ်ရဲစုတ်တွေ မပစ်ရဲပါဘူး။ သူ့ စက်သေနတ်ကို ထုတ်လိုက်တယ်။ သေနတ်က လုံခြုံရေး ခလုတ်ကို မဖြုတ်ရသေးခင် အသင့်စောင့်နေတဲ့ ရဲနှစ်ဒါဇင်ထဲက ၁၂ ယောက် က သူ့ကို တစ်ပြိုင်နက် ပစ်ထည့်လိုက်တယ်။ ကျန်တဲ့ ၁၂ ယောက်က သူ ဘာမှမဖြစ်ရင် ထပ်ပစ်ဖို့ အသင့်စောင့်နေတယ်။ ဂွန်နီဟာ ပထမ ကျည်ဆန်မှန်တာနဲ့ ဒဏ်ရာ အကြီးအကျယ် ရသွားတယ်။ နောက်တစ်တောင့် ထပ်မှန်ချိန်မှာ အသက်နဲ့ ခန္ဓာအိုးစားကွဲသွားတယ်။ နောက်ထပ် သုံးဆယ့်ငါး တောင့်ကတော့ သူ့အသက်မဲ့ ခန္ဓာကိုယ်ထဲ တဖျောဖျော ဝင်သွားကြတယ်။

နောက်ဆယ့်ငါးမိနစ်အကြာမှာ အသုဘကားကို ရှာဖွေလို့ ပြီးသွားတယ်။ ကြောက်စရာကောင်းတာ ဆိုလို့ ဘာမှ မပါပါဘူး။ အခေါင်းလွတ် ကြီးတစ်လုံးပဲပါတာ။

ဒါပေမဲ့ အကြမ်းဖက်သမားကို မသင်္ကာဖွယ် တက္ကစီတစ်စီးထဲကနေ အသေဖမ်းမိတယ်။ ဒီနေ့အတွက် သူ့ရဲကောင်းကတော့ ဆီွဒင်ကပဲ။ သူ့နာမည် က ဘန့်ထ်တဲ့၊ တက္ကစီ ဒရိုင်ဘာလေ။

ဖရန့်ဖွတ်ရောက်တော့ ဆဗင်းရယ် အယ်လန်ရယ် ဂျူးလီးယပ်စ်ရယ် ဟာ အဝတ်အစား နည်းနည်းဝယ်ကြပြီး နောက်လေယာဉ်ကို စောင့်ကြတုန်း အယ်လန်က တက်ပလက်ကို ဖွင့်တယ်။

စကင်ဒီနေဗီးယားဒေသက ထွက်လာခဲ့တာ ကောင်းတယ်တဲ့၊ ယုံချင်ယုံ မယုံချင်နေ၊ သူတို့ ထွက်လာပြီးပြီးချင်းပဲ ကက်စ်ထရပ်လေဆိပ်မှာ အကြမ်းဖက်မှုကြီး ဖြစ်ပွားခဲ့သတဲ့။ ဆက်တိုက်ဆိုသလို ဖြစ်နေတာပဲတဲ့။

"အို ကမ္ဘာကြီးဟာ ဘယ်လိုများ ဖြစ်နေပါလိမ့်နော်"

ဆဗင်းက ပြောပြောဆိုဆို ညည်းတွားလိုက်တယ်။

※※※

(၆၄) ဂျာမနီ

လွှတ်လပ်တဲ့ကမ္ဘာရဲ့ ခေါင်းဆောင်ဆိုသူဟာ အလုပ်ချိန်အတွင်းမှာ တွစ်တာဖွင့်ပြီး သူ့နိုင်ငံသားတွေကို သူပြန် ပုတ်ခတ် ဆဲရေးနေတဲ့အခါ ကမ္ဘာ့ခေါင်းဆောင် နေရာကို အစားထိုးဖို့ လိုအပ်လာတာပေါ့။ အသက် ၆၃ နှစ်ရှိပြီဖြစ်တဲ့ အိန်ဂျယ်လာ မာကယ်လ်အပေါ် ဒီတာဝန်က ကျရောက်လာခဲ့တယ်။ လူသာရန် ပါစတာ ဘုန်းတော်ကြီးတစ်ပါးရဲ့ သမီးဖြစ်တဲ့ မာကယ်လ်ဟာ အဓိပတိဆိုပေမယ့် နန်းတော်မှာ မနေဘူး၊ ဘာလင်မြို့ လယ်က တိုက်ခန်းတစ်ခုမှာ နေတယ်။

တနင်္လာကနေ သောကြာအထိ တစ်ည လေးနာရီ ထက် ပိုမအိပ်ရတဲ့ မာကယ်လ်ဟာ ပိတ်ရက်မှာတော့ နေထွက်တဲ့အထိ တစ်ခါတလေ အိပ်ရပါတယ်။ သူ့ကို ဝေဖန်ရမယ်ဆိုရင် ဂေါ်ဖီထုပ်စွပ်ပြုတ်ကို စွဲလမ်းတာ လည်း ထည့်ပြောရမယ်။ ဒီစွပ်ပြုတ်ကို ဘီယာနဲ့ ကျိုက်ချ ရတာ သူအကြိုက်ဆုံး။ ကြိုက်မှာပေါ့ သူက ဂျာမန်ကိုး။

အားလပ်ချိန်မှာတော့ သူဟာ သူ့ယောက်ျားနဲ့ လက်ချင်းချိတ်ပြီး အော်ပရာ သွားကြည့်တတ်တယ်။ စပယ်ရှယ်အချိန်တွေမှာတော့ အီတာလျှံ တောင်တန်းတွေပေါ် သွားတတ်တယ်။ ဒါက တကယ့်ကို ရှားရှားပါးပါးပါ။

သူက ရူပဆိုင်ရာ ဓာတုဗေဒပညာရပ်အတွက် ပါရဂူဘွဲ့ရဖို့ ကြိုးစားနေတုန်း ပါမောက္ခနဲ့ တွေ့ခဲ့တယ်။ ၁၉၈၄ မှာ သူတို့နှစ်ယောက်ကြား ရူပ၊ ဓာတုဖြစ်ရပ်တွေဖြစ်၊ လက်ထပ်ခဲ့ကြတယ်။

အဓိပတိ အိန်ဂျယ်လာ မာကယ်လ်ဟာ သမ္မတ ထရမ့်နဲ့ ဆန့်ကျင် ဘက်ပဲ။ သူက အမြဲတမ်း စကားကို ခပ်တိုးတိုး ပြောတယ်။ တွေးတွေးဆဆ ပြောတယ်၊ ချင့်ချိန်သုံးသပ် စစ်တမ်းထုတ်ပြီးမှ ပြောတယ်။ လာမယ့်ဆောင်းဦး မှာ သူ အနားယူဖို့ စီစဉ်ထားပေမယ့် သူအနားယူရင် ထရမ့်နဲ့ ပူတင်ကို ဘယ်သူထိန်းမလဲ။

ဒါနဲ့ပဲ နောက်ထပ် လေးနှစ်ဆက်လုပ်ဖို့ ဆုံးဖြတ်ရပြန်တယ်။ တကယ်လို့ မဲဆန္ဒရှင် ပြည်သူများ အလိုရှိသေးရင်ပေါ့။ ဒါပြီးရင်တော့ ကမ္ဘာဟာ ကိုယ့်ကိုယ်ကိုယ်သာ ဂရုစိုက်ကာကွယ်ကြပေရော့။

※

လုဖ်သန်ဇာ လေကြောင်းနဲ့ စီးနင်းလိုက်ပါသူတိုင်းကို ဘာလင်က ဂျာမန်ထောက်လှမ်းရေးဟာ အမြဲ မျက်စိဒေါက်ထောက် ကြည့်တတ်တယ်။

ယူရေနီယံ လေးကီလိုဂရမ်ကို ဝါရှင်တန်က ဂျာမန်သံရုံးကို ပေးပစ် ခဲ့ပြီး ဆွီဒင်ပြန်ချသွားတဲ့ ဆွစ်- ဆွီဒင် နျူလက်နက်ပါရဂူ အယ်လန်ကားလ်ဆန် လို လူမျိုးဆို ပိုလို့တောင် မျက်စိဒေါက်ထောက် ကြည့်သေးတာပေါ့။

ခု အဘိုးကြီး ကားလ်ဆန် ပြန်လှုပ်ရှားနေပြီ။ သူ ကိုပင်ဟောဂင်ကနေ ဖရန့်ဖွတ်ကို ရောက်လာပြီ။ ဘာများလုပ်ဦးမလဲ။

သေချာစောင့်ကြည့်တော့ သူ့ခရီးစဉ်က ကိုပင်ဟောဂန်- ဖရန့်ဖွတ်- အဒစ်အဘာဘာ-ဒါရက်စ်ဆလန် တဲ့။ ဘာလဲ ဘာကိစ္စလဲ။ သူဘာလုပ်မလို့ လဲ။

မြောက်ကိုရီးယားကိုရောက်သွားတဲ့ ယူရေနီယံ လေးကီလိုဂရမ်ဟာ တစ်ခါက စီအိုင်အေ စပွန်ဆာပေးထားတဲ့ ကွန်ဂို ပလူတိုနီယံ ထုတ်လုပ်ရေးက ထွက်လာတာ။ ခေတ်ခွဲခန်းလက်ထောက် တစ်ယောက်ဆီကနေပြီး ဂျာမန်ထောက်လှမ်းရေး ဘီအန်ဒီဟာ အာဖရိကန် ပလူတိုနီယံလမ်းကြောင်းကို အချိန်နည်းနည်းနောက်ကျပြီး သိခဲ့ ရတယ်။

ပလူတိုနီယံဟာ ကွန်ဂိုကတစ်ဆင့်၊ တန်ဇန်းနီးယား- မိုဇမ်းဘစ်- မဒါဂါစကာကို ဖြတ်ပြီး မြောက်ကိုရီးယားသင်္ဘော ဂုဏ်သိက္ခာနဲ့ ခွန်အားပေါ် ရောက်သွားခဲ့တာ။ ပြီးတော့ အတ္တလန်တစ်နဲ့ အိန္ဒိယသမုဒ္ဒရာကို ရေလမ်းကနေ ဖြတ်ကျော်သွားတာ။

ခု မြောက်ကိုရီးယား ယူရေနီယံ လှုပ်ရှားမှု တစ်ကျော့ပြန်စပြီလား၊ အယ်လန်ကားလ်ဆန်ကရော ဘယ်နေရာက ပါနေသလဲ။ သူ တစ်ခုခု သိထားတာ သေချာတယ်။ အဓိပတိကြီးဆီ သူကိုယ်တိုင် တစ်ရှူးစက္ကူပေါ် စာရေးပြောပြခဲ့တာလေ။ ယူ ရေနီယံ ကီလိုဂရမ် ငါးရာလောက် လိုတာတဲ့။

ဒါပေမဲ့ ရှင်းရှင်းလင်းလင်း နားလည်ဖို့ ခက်တာတော့ အမှန်ပဲ။ ကားလ်ဆန်သာ အဲသလောက်များတဲ့ ယူရေနီယံတွေကို အာဖရိက ကနေ မြောက်ကိုရီးယားကို မှောင်ခိုသွင်းဖို့ ကြံစည်ထားရင် ဘာဖြစ်လို့ ဂျာမန် အဓိပတိကို ကြိုတင်ပြောပြခဲ့တာလဲ။ ပြီးတော့ တစ်ရှူးစက္ကူပေါ် စာရေးပြီး ပြောသတဲ့။

ဘီအန်ဒီ ညွှန်မှူးဟာ ဒီအကြောင်း အဓိပတိ မာကယ်လ်ကို လူချင်း တွေ့ပြီး သေချာရှင်းပြချင်ပေမယ့် အဓိပတိမှာ သူ့ကိုပေးနိုင်တဲ့ အချိန်က အတော်နည်းတယ်၊ ပါလီမန်ရွေးကောက်ပွဲနီးလေလေ အဓိပတိဟာ မဲဆွယ် ကာလ မကုန်ဆုံးခင် လုပ်ရမယ့်အလုပ်တွေများလွန်းလို့ အလုပ်ရှုပ်လေလေ။ မဲဆွယ်ကာလကုန်ဆုံးရင်တော့ သူ ဘာမှ လုပ်လို့မရ၊ ဘာမှ ပြောလို့မရတော့ဘူး။

အကြိုစစ်တမ်းတွေအရတော့ သူ အခြေအနေကောင်းပါတယ်။ ဒါပေမဲ့ စောက်ရူးရှားတွေဟာ ကလိမ်စေ့ငြမ်းဆင်ဦးမှာပဲ။ ဆိုရှယ် ဒီမိုကရက်တွေ အရည်အချင်း မပြည့်ဘူးဆိုတာတော့ ဆိုရှယ်မီဒီယာမှာ သိနှင့်နေကြပြီးသား ပါ။ ဒါပေမဲ့ ဒီလောက်နဲ့ မရသေးဘူး။

အကြိုစစ်တမ်းတွေမှာ မာကယ်လ် အောင်ပွဲခံရတဲ့အကြောင်းက အတိုက်အခံခေါင်းဆောင်ဟာ မာကယ်လ်ရဲ့ ပျော့ကွက်ကို ရှာမတွေ့လို့ ဖြစ်တယ်လို့ နိုင်ငံရေးသုတေသီဆိုသူများက သုံးသပ်ကြတယ်။ အေးလေ။ တခြားကမ္ဘာ့နိုင်ငံတွေနဲ့ ယှဉ်ကြည့်လေ။ အမေရိကန်သမ္မတက တစ်ခုခု မှားနေတယ်။ ဂရိတ်ဗြိတိန်က ကျောပူဖင်ပူ ဖြစ်နေတယ်။ ပိုလန်က ရချင်လွန်း လို့

အတင်းယူထားတဲ့ ဒီမိုကရေစီကို ခု ဆန္ဒပြနေကြတယ်။ ဟန်ဂေရီကတော့ ဒီကိစ္စကို လက်စသတ်ခဲ့ပြီးပြီ။ မက်ဒရစ်နဲ့ ကတ်တလန်က အချင်းချင်း ထိပ်ထိုးချဖို့ စိုင်းပြင်းနေတယ်၊ အဲဒီအချိန်မှာ တစ်ကမ္ဘာလုံးမှာ သူသာ အန္တရာယ်အကြီးဆုံးဆိုတဲ့ ကင်ဂျုံအန် ပေါ်ထွက်လာတယ်။

ဒါကြောင့် အားလုံးထဲမှာတော့ အဓိပတိကြီး မာကယ်လ်ဟာ မြက်ခင်းပြင်ပေါ်က ဝက်သစ်ချပင်ကြီးလို တောင့်တင်းခိုင်မာလွန်းလှတာပေါ့။ လေဘယ်လောက်တိုက်တိုက် မယိုင်လဲစတမ်း။

တကယ်လို့သာ ရွေးကောက်ပွဲနေ့အထိ အခြေအနေမပြောင်းလဲဘူး ဆိုရင် မာကယ်လ်ဟာ အဓိပတိထိုင်ခုံ မှာ နောက် လေးနှစ် ထပ်ရှိမယ်။ ဒါဆို ရှုရှားကလွဲလို့ တစ်ကမ္ဘာလုံး စိတ်သက်သာရာရမယ်။ အမေရိကန်က အကောင်ကတော့ သူ့ကိုယ်သူ ဘာစဉ်းစားနေမှန်း ဘာဖြစ်လို့ ဒီလိုစဉ်းစားမှန်း မသိတဲ့အတွက် ခုတစ်မျိုး တော်ကြာတစ်မျိုး ရိုးရာမပျက် ပြောမှာ လုပ်မှာပဲ။ ဘီအန်ဒီ ဂျာမန်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟာ ဒါတွေကို မျှော်လင့် နှလုံးသွင်းပြီး အဓိပတိရဲ့ ရုံးခန်းတံခါးကို ခေါက်လိုက်တယ်။ သူ့အစီရင်ခံချက်မှာ အဓိက,က ပြဿနာရှာသူ ဆွီဒင်ကောင်ကြီး အယ်လန်ကားလ်ဆန် ပြန်လည်လှုပ်ရှားလာခြင်းပဲ။ သူဟာ တန်ဇန်းနီးယား သွားဖို့ ခု ဖရန့်ဖွတ်လေဆိပ်မှာ ရောက်နေပြီ။

အဓိပတိကို အသေးစိတ်အချက်အလက်တွေ ပေးလိုက်တယ်။ ယူရေနီယံ ကီလိုဂရမ် ငါးရာကို မှောင်ခိုထုတ်ဖို့ ကြိုးစားနေတဲ့ မြောက်ကိုရီးယား အကြောင်း ထပ်မံ သတိပေးလိုက်တယ်။ အဓိပတိဟာ ချက်ချင်းပဲ ဘီအန်ဒီ ဘတ်ဂျက်ကို နောက်ထပ် ယူရိုဆယ်သန်း တိုးပေးတယ်။ ကားလ်ဆန်နဲ့ ပတ်သက်လို့၊ နျူလက်နက်နဲ့ပတ်သက်လို့ အသေးစိတ်ကို သိချင်တယ်။ (ယူရေနီယံ ငါးရာကီလိုဂရမ်ဆိုတာ ပေါ့သေးသေး သဘောထားလို့မရဘူး၊ ရွေးကောက်ပွဲဘယ်လောက်နီးနီးပေါ့)။ ညွှန်ကြားရေးမှူးဟာ ခဏတုန့်ဆိုင်းနေ ပြီးမှ သူနဲ့ သူ့မိသားစု မကြာခင် ဘဟားမားကို အားလပ်ရက်ခရီးထွက်ကြဖို့ စီစဉ်ထားကြောင်း၊ သို့ပေမယ့် ဘာလင်ကနေ နက်ဆူးကို စီးရမယ့် ဆယ်နာရီ ကြာ လေယာဉ်ခရီးကလွဲလို့ အဓိပတိအတွက်ဆိုရင် အချိန်မရွေး အသင့်ရှိပါ ကြောင်း။ ဒါပေမဲ့လို့ အာဖရိက,က အေးဂျင့်တွေနဲ့ တောက်လျှောက် အဆက် အသွယ် ရမယ်၊ မရဘူး ဆိုတာတော့ မသေချာကြောင်း အစီရင်ခံလိုက်တယ်။

"အဓိပတိကြီးကို အရဲစွန့်ပြီး တင်ပြရမယ်ဆိုရင်တော့ အဓိပတိကြီး အနေနဲ့ အရှေ့အာဖရိက ဘီအန်ဒီ တာဝန်ခံနဲ့ တိုက်ရိုက် ဆက်သွယ်ထားရင် တော့ အချိန်နဲ့တစ်ပြေးညီ သတင်းအချက်အလက်တွေ ရနိုင်ပါလိမ့်မယ်။ ဒါမှမဟုတ် ကျွန်တော့်ခရီးစဉ်ကို ဖျက်သိမ်းလိုက်ပါ့မယ် ခင်ဗျ"

အိန်ဂျယ်လာမာကယ်လ်ရဲ့ တင်းတင်းမာမာ အဓိပတိ မျက်နှာဖုံး အောက်မှာ နူးညံ့တဲ့ နှလုံးသားတစ်ခု ရှိတယ်လေ။ ဘီအန်ဒီ ညွှန်ကြားရေးမှူး

အနေနဲ့ ငါတော့ ဖုန်းနားက ခွာလို့မရလို့ အားလပ်ရက်ခရီးစဉ် ဖျက်တယ်ဟေ့ လို့ သူ့မိန်းမနဲ့ ကလေးတွေကို မပြောစေချင်ပါဘူး။

"ဒါရက်စ်ဆလန်က အေးဂျင့်ကို ကျွန်မရဲ့ ကိုယ်ပိုင်ဖုန်းနံပါတ်ကို ပေးထားလိုက်ပါ၊ ယူရေနီယံမိုင်းတွင်းနဲ့ ကီလိုမီတာ သုံးရာအတွင်း အယ်လန်ကားလ်ဆန် ရောက်လာရင်ဖြစ်စေ၊ မှောင်ခိုထုတ်မယ့် အခြေအနေ တွေ့ရင်ဖြစ်စေ ကျွန်မကို နေ့နေ့ညည အချိန်မရွေး ဖုန်းခေါ်နိုင်တယ်၊ ကဲ အားလပ်ရက်မှာ ပျော်ပါစေ၊ ရှင့်မိန်းမနဲ့ ကလေးတွေကိုလည်း နှုတ်ဆက် တယ်လို့ပြောပေးပါ"

※

ခြောက်နှစ်အတွင်း ပထမဆုံးအကြိမ် အားလပ်ရက် ခရီးကို မသွား ခင် ဘီအန်ဒီ ညွှန်ကြားရေးမှူး နောက်ဆုံးလုပ်ခဲ့တဲ့ ကိစ္စကတော့ ဒါ ရက်စ်ဆလန် အခြေစိုက် ဘီအန်ဒီ လျှို့ဝှက်အေးဂျင့် နှစ်ယောက်ဆီ အသေးစိတ် ညွှန်ကြားချက်တွေ ပို့တာပဲ။ ကားလ်ဆန်နဲ့အဖွဲ့ဟာ နောက်တစ်နေ့ နေ့လယ် ၁ နာရီ မိနစ် နှစ်ဆယ်မှာ အဒစ်အဘာဘာ ကနေ အီသီယိုးပီးယန်း လေကြောင်းနဲ့ ဒါရက်စ်ဆလန်ကို ဆိုက်ရောက်မယ်။ ခုထည့်ပေးလိုက်တဲ့ ဖုန်းနံပါတ်ဟာ အဓိပတိကြီးရဲ့ ကိုယ်ပိုင်ဖုန်းနံပါတ် ဖြစ်တယ်။ အလွန် အင်မတန် အရေးကြီးတဲ့အချိန်ကြမှသာ ဖုန်းဆက်ပြီး အစီရင်ခံပါ။ ဒါပဲ။

※※※

(၆၅) ရုရှား

ဂျီနာဒီ အိုက်ဆာကော့ဗ်ဟာ စတော့ဟုမ်းက လျှို့ဝှက်အေးဂျင့်ရဲ့ ဖုန်းကို ဆောင့်ချလိုက်ပြီး ဘေးနားက ကုလားထိုင်အလွတ်ကို ဆောင့်ကန်လိုက်တယ်။

"ဘာဖြစ်တာတုံး ဂျီနာ"

သူ့ရှေ့က သမ္မတပူတင်က မေးလိုက်တယ်။

"စောက် အယ်လန်ကားလ်ဆန်ပေါ့"

"ဟို တစ်ရာ့တစ်နှစ် ဆိုတဲ့ အဘိုးကြီးလား"

"အင်းလေ ဘယ်သူရှိရဦးမလဲ၊ အဲဒီ ဟာကြီးဟာ ဆွီဒင်က ဒုတိယမြောက် နာဇီကိုလည်း သတ်ပစ်လိုက် ပြန်ပြီ၊ ယူရို လေးသန်းတော့ ပလုံပြီပေါ့"

ဒီလောက်နဲ့ မွဲမသွားပါဘူးလို့ ပူတင်က ဂျီနာကို ဖျောင်းဖျတယ်။ ဒါပေမဲ့ ဖြစ်ပုံက ဘယ်လိုတဲ့လဲ။

နာဇီစောက်ရူးဟာ ဒိန်းမတ် အကြမ်းဖက် နှိမ်နင်း ရေး အထူးရဲကွန်မန်ဒိုတပ်ဖွဲ့ကို စက်သေနတ်တကားကားနဲ့ ယီးတီးယားတားလုပ်လိုက်တာ အချက်ပေါင်းများစွာ ပစ်သတ်ခံရလို့ သေပြီတဲ့။

ဟင် အဲဒါ ၁၀၁ နှစ်အဘိုးကြီးနဲ့ ဘာဆိုင်လို့လဲ။ ဒိန်းမတ် အကြမ်းဖက်မှုဆိုတာ လေဆိပ်မှာ ပေါက်ကွဲပစ္စည်းတွေ အပြည့်တင်ပြီး ရပ်ထားတဲ့ အသုဘကားကြောင့် မဟုတ်လား။

"အဲဒီကားက ဘာပေါက်ကွဲပစ္စည်းမှ မပါဘူး၊ မရပ်ရမယ့်နေရာမှာ ရပ်ထားတာပဲ ရှိတာ"

"ဟင် မရပ်ရမယ့်နေရာ ဟုတ်လား၊ ဘယ်သူက ရပ်တာလဲ၊ သြော်-နေဦး၊ ဘာမှ မပြောနဲ့တော့၊ ငါနားလည်ပြီ"

※※※

(၆၆) တန်ဇန်းနီးယား

မာယာမြစ်ရဲ့ ညာဘက် မြစ်ကမ်းပါး၊ ဆီရန်ဂီတီ ဆဗာၤနား အမျိုးသားဘေးမဲ့တောကြီးထဲမှာ အိုလီကိုရင်ကို ရဲ့ နတ်ဩသခဆေး တဲနန်းမြို့တော်ကြီး တည်ရှိတယ်။ ဒါရက်စ်ဆလန် လေဆိပ်အပြင်ဘက်က တက္ကစီ တစ်စီး ထဲ အယ်လန်၊ ဂျူးလီးယပ်စ်နဲ့ ဆဗင်းတို့ ရောက်ကြတဲ့ အခါ နှစ်လိုဖွယ် တက္ကစီဒရိုက်ဘာဆီကနေ သူတို့ သိလာခဲ့ရတာက အဲဒီကိုရောက်အောင် ကားနဲ့ တစ်ရက် ခရီးသွားရမယ်၊ ဒါပေမဲ့ အဲဒီ တဲနန်းမြို့တော်ကိုသွားတဲ့ လမ်းကို ရှာဖို့ကတော့ ဘဝသက်တမ်း တစ်ဝက်လောက် ကြာမယ်တဲ့။ မာယာမြစ်က ကီလိုမီတာ လေးရာ ရှည်တယ်။ ဆီရန်ဂီတီက စတုရန်း ကီလိုမီတာ သုံးသောင်း ကျယ်တယ်လေ။

"အဲဒါကဘေးမဲ့နယ်မြေကြီးပဲ"

အယ်လန်က ပြောလိုက်တယ်။

"အင်း ဒီထက်တိကျတဲ့ လိပ်စာသိမှဖြစ်မယ်"

ဂျူးလီးယပ်စ်က ထောက်ခံလိုက်တယ်။

"ကားနဲ့မသွားဘဲ တခြားဟာနဲ့သွားရင်ရော"

ဆဗင်းက ရေရွတ်လိုက်တယ်။

ဒါရက်စ်ဆလန် ဂျူးလီးယပ်စ် ညီရေးရေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ ဆီရန်ဂီတီ အမျိုးသားဥယျာဉ် ဘေးမဲ့တောအထိ ခရီးဟာ ၉၆၉.၅ ကီလိုမီတာ ရှိတယ်။ ဒါပေမဲ့လို့ အပြည်ပြည်ဆိုင်ရာ တာမီနယ်ကနေ ပြည်တွင်းလေကြောင်း တာမီနယ်ထိ ခရီးကတော့ မီတာ ငါးရာရှိတယ်။

တက်စီပေါ်ထိုင်နေကြတဲ့ သုံးယောက်အုပ်စုဟာ ၁၈ နာရီ တက္ကစီ ခရီးစဉ်အစား နှစ်မိနစ် ခရီးစဉ်ကို ရွေးချယ်လိုက်တဲ့အခါ ဒရိုက်ဘာဟာ နှစ်လိုဖွယ် မကောင်းတော့ဘူး။ မီတာကို ပြန်ချိုးဖို့ အချိန်မရှိဘူးလေ။ မြန်မြန်မောင်းပြီး နောက်မှရှင်းပြမယ်လို့ သူ တွေးလိုက်တယ်။

တက္ကစီရဲ့အနောက်မှာတော့ အနက်ရောင် ဖောက်စ်ဝက်ဂွန် ပဆာ့ထ် ကားလေးတစ်စီး ပါလာတယ်။ ကားထဲမှာ ဘီအန်ဒီ အေးဂျင့် နှစ်ယောက် ပါလာတယ်။ သူတို့ရဲ့တာဝန်ကတော့ အယ်လန်ကို မျက်ခြည်မပြတ်ရေးပဲ။ ပြီးတော့ အခြေအနေကို ဘီအန်ဒီ ညွှန်ကြားရေးမှူးကို ဒါမှမဟုတ် အဓိပတိကို တိုက်ရိုက် အစီရင်ခံရမယ်။ တကယ်လို့သာ အယ်လန်ဆိုတဲ့ အဘိုးကြီး တစ်ခုခု ရှုးရှူးမိုက်မိုက် လုပ်ခဲ့ရင်ပေါ့။

※※※

(၆၇) ကွန်ဂို

ကာတန်ဂါမှာရှိတဲ့ ကွန်ဂို မိုင်းတွင်းတွေဟာ တရားဝင်ပိတ်ပစ်ခဲ့တာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ကုလသမဂ္ဂအနေနဲ့လည်း မိုင်းတွင်းတွေ ပိတ်ထားတာကို မြင်ခဲ့၊ အတည်ပြုခဲ့ပြီးပြီ။ ဒါကြောင့် မိုင်းတွင်းနဲ့ ကပ်ရပ် က ရှျုကလီးယား သုတေသနစင်တာကို ယူရေနီယံ ထောက်ပံ့မှုဟာ တစ်မုဟုတ်ချင်း ရပ်ဆိုင်း သွားခဲ့တယ်။ အဲဒီမိုင်းတွင်းနဲ့ အဲဒီ စင်တာဟာ ၁၉၄၀ ကျော် ကာလ တွေတုန်းက အမေရိကန်ကို ယူရေနီယံ ထောက်ပံ့ပေးပြီး ဟီရိုရှီးမားနဲ့ နာဂါဆာကီကို ကြဲချတဲ့ အနုမြူဗုံးတွေ ပြုလုပ်ခဲ့တာပေါ့။

ဒီလို ပစ္စည်းမျိုး၊ သယံဇာတမျိုးတွေ ပိုင်ဆိုင်တဲ့ တိုင်းပြည်မျိုးကိုဝယ်ဖို့ ပထမဆုံးစိတ်ကူးရတာဟာ အမေရိကန်တွေပဲ။ ဒီလိုပစ္စည်းမျိုးကို သူတို့ပဲ အများဆုံး ပိုင်တာဆိုတော့ သူတို့ပဲ ဝယ်ချင်တာပေါ့။

ဒါကြောင့် အမေရိကန်ဟာ ကွန်ဂိုတစ်ပြည်လုံး ကို ဝယ်ထားတယ်။ ပိုက်ဆံနဲ့ပေါ့ ။

ဒါပေမဲ့လို့ ကုလသမဂ္ဂက ကွန်ဂို တရားဥပဒေ စိုးမိုးရေးအတွက် ကာတန်ဂါမှာရှိတဲ့ ကွန်ဂို မိုင်းတွင်းနဲ့ ရှျုကလီးယား သုတေသန စင်တာကို ပိတ်ပစ်ရမယ်လို့ တောင်းဆိုတဲ့အခါ အမေရိကန်လည်း ဘာမှမတတ်နိုင်ခဲ့ဘူး။

ကုလသမဂ္ဂဟာ ဒေသခံ စောင့်ကြည့်ရေးတပ်ဖွဲ့တစ်ဖွဲ့ကို ငှားတယ်။ ယူရေနီယံနဲ့ ပတ်သက်လို့ လှုပ်ရှားမှုအားလုံးကို စောင့်ကြည့်ခိုင်းတယ်။ ရှျုသုတေသနစင်တာကို ချိတ်ပိတ်တယ်။

လစဉ်လတိုင်း ဒေသခံစောင့်ကြည့်ရေးအဖွဲ့ခေါင်းဆောင် ဂွတ်လပ် ဝီလ်ဆင်ဟာ ဗီယင်နာက အပြည်ပြည်ဆိုင်ရာ အက်တမ်စွမ်းအင် အေဂျင်စီ (အိုင်အေအီးအေ) ကို ဖက်စ်နဲ့ အစီရင်ခံစာတင်ရတယ်။ သူ့အစီရင်ခံစာတွေဟာ လတိုင်း လတိုင်း ပုံစံတူတူပဲ။

အရာရာ တိတ်ဆိတ်ငြိမ်သက်၍ အားလုံးကောင်းပါသည် ခင်ဗျား။ ရှျုကလီးယား စောင့်ကြည့်ရေးအဖွဲ့ကို ဂွတ်လပ်ဝီလဆင်ကိုယ်တိုင် ရွေးချယ်ဖွဲ့စည်းထားတာ။ သူ့ညီ သုံးယောက်ရယ်၊ ယုံကြည်စိတ်ချရတဲ့ ညီအစ်ကိုဝမ်းကွဲ ခုနစ်ယောက်ရယ် ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ဟာ အမြန်ဆုံးနည်းနဲ့ ဖြတ်လမ်းလိုက် ချမ်းသာဖို့ဆိုတာ တစ်ခုတည်းပဲ။ ကျန်တာ ဘာဖြစ်ဖြစ်။

မနက်ခင်းတိုင်းမှာ ဓာတ်ခွဲခန်း လက်ထောက်ဟောင်း လေးယောက် ဟာ ချိတ်ပိတ်ထားတဲ့ ရှျုသုတေသနစင်တာ ကြမ်းပြင်ကတစ်ဆင့် လျှို့ဝှက် လိုဏ်ခေါင်းထဲ ဝင်တယ်။ မိုင်းတွင်းထဲက ယူရေနီယံကို သယ်တယ်။ အကျိုးအမြတ်ကို ဆယ့်ငါးယောက် အညီအမျှရသင့်တယ်ဆိုပေမယ့် တကယ် တော့ ၁၁ ယောက်ပဲ ရမှာ။ သူတို့လေးယောက်ဟာ ကိစ္စပြီးရင် မတော်တဆ မှု

ကြုံတွေ့ရမယ်ဆိုတာကို မသိရှာကြဘူး။ အကျိုးအမြတ်က ဂွတ်လပ်ဝီလဆင် အတွက် ဒေါ်လာသန်းငါးဆယ်၊ ကျန် ညီအစ်ကိုတော် ဆယ်ယောက်အတွက် တစ်ယောက် ငါးသန်းစီ ညီညီမျှမျှ ရကြမယ်။ ဟိုလေးယောက်ကတော့ တစ်ယောက်ကို တစ်ရက် ရှစ်ဒေါ်လာရမယ်။ ဒီလိုနဲ့ ကျေနပ်နေကြတာ မိုင်းတွင်းကို ပိတ်လိုက်ပြီး ခြောက်နှစ်အကြာ တွင်းပြိုတဲ့အထိပေါ့။ အထဲမှာ မရှိရမယ့် မိုင်းလုပ်သား ၁၇ ယောက် ရှိနေသတဲ့။ သတင်းကြားတဲ့အခါ အရာရာ တိတ်ဆိတ်ငြိမ်သက်၍ အားလုံးကောင်းပါသည် အစီရင်ခံစာ ရနေတဲ့ အိုင်အေအီးအေဟာ ဂွတ်လပ်ဝီလ်ဆင်ရဲ့အဖြေကို မစောင့်ဘဲ မြေပြင် ကွင်းဆင်း အဖွဲ့တစ်ဖွဲ့ လွှတ်လိုက်တယ်။

ဂွတ်လပ်နဲ့ သူ့လူတွေဟာ ယူရေနီယံ တန်ဝက် (ကီလိုငါးရာ) ပမာဏရအောင် စုဆောင်းမယ်လို့ စီစဉ်ထားကြတယ်။ ဒါဟာ ရုရှားတွေက တစ်ဆင့် မြောက်ကိုရီးယားက မှာယူတဲ့ ပမာဏပဲ။ ခု ခဲဘူးနဲ့ ပိတ်ထည့်ထား တဲ့ ယူရေနီယံ ကီလိုဂရမ် လေးရာကို အနီးနားရွာပျက်က တဲတစ်လုံးထဲမှာ သေချာ ဖွက်ထားပြီးပြီ။ နောက်ဆုံးအကြိမ် မြေပြိုပြီးကတည်းက ဒီအနား တစ်ဝိုက် လူမနေတဲ့ တဲလွတ်တွေ အများကြီးရှိတာကိုး။ ယူရေနီယံ မိုင်းတွင်း ပြိုမှုကိစ္စဟာ သုတေသနစင်တာက ဓာတ်ခွဲခန်းလက်ထောက် ဟောင်း လေးယောက်ရဲ့လက်ချက်လို့ ဗီယင်နာကလာတဲ့ အဖွဲ့ကို ပြောလိုက်တယ် (အဲဒီလေးယောက်ထဲက တစ်ယောက်က ဘီအန်ဒီ သတင်းပေးဆိုတာ သူတို့ မသိဘူး)။

ဗီယင်နာ ကွင်းဆင်းအဖွဲ့ဟာ မသင်္ကာစရာ ဘာမှရှာမတွေ့ခဲ့ဘူး။ ဒါပေမဲ့လို့ စောင့်ကြည့်ရေးအဖွဲ့ဝင် တစ်ဝက်လောက်ကို လူလဲပြီး လူစားထိုး ထားတာတော့ သတိထားမိတယ်။

တစ်ခါတလေ ကိစ္စအားလုံးဟာ တစ်ပြိုင်နက် နိဂုံးချုပ်တတ်တယ်။ ဒီလုပ်ငန်းကနေ ဘာမှ ဆက်ညှစ်ထုတ်လို့မရတော့ဘူးဆိုတာ စောင့်ကြည့်ရေး အဖွဲ့ခေါင်းဆောင်ကြီး သိလာတယ်။ အကျိုးအမြတ်ကတော့ ဒေါ်လာ သန်းရှစ်ဆယ်လောက်ရမယ်။ ဂွတ်လပ်က တင်ကြိုသဘောတူညီချက် အတိုင်း ဒါရဲ့ တစ်ဝက်ကို ရမယ်။ မဆိုးပါဘူးလေ။ ရတာနဲ့ပဲ ရောင့်ရဲရမှာပေါ့ ။

※※※

(၆၈) တန်ဇန်းနီးယား

ဂျူးလီးယက်ညီရေးရေး အပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့ ပြည်တွင်းထွက်ခွာခန်းမ ခုံတန်းပေါ်မှာ ဆဗင်း ဟာ ဒေသိယ လေ့လာရေးကို လုပ်နေတယ်။ အဲဒီ အတွက် အယ်လန်ဟာ တက်ပလက်ကို မပေးချင်ဘဲ ပေးထားရတယ်။ (သုံးသမျှ အင်တာနက် ဒေတာဖိုး ကိုတော့ ဘာလီက ဇိမ်ခံဟိုတယ်ရဲ့မန်နေဂျာဟာ ခုချိန်ထိပေးချေနေရတုန်းပဲ)

ဒါရက်စ်ဆလန်ကနေ ဆီရန်ဂီတီနယ်မြေ၊ မူဆိုးမားမြို့အထိ လေယာဉ် ရှိတယ်။ မူဆိုးမား ရောက်မှ လမ်းမေးပြီး ကြည့်သွားရမှာပဲ။ အိုလီကိုရင်ကိုဟာ အာဖရိကတစ်ခွင် လျှမ်းလျှမ်းတောက် ကျော်ကြားသူ မဟုတ်လား။ မူဆိုးမားက ဘယ်သူ့ကိုမေးမေး သိမှာပဲ။

လေယာဉ်က ခရီးသည် ၁၃ ယောက်စီး အင်ဂျင် တစ်လုံးထိုးလေး။ ကိုးယောက်က အီတလီ စီးပွားရေး အတိုင်ပင်ခံ လုပ်ငန်းစုတစ်ခုက လူတွေ။

သူတို့ လုပ်ငန်းစုအနေနဲ့ ဝန်ထမ်းတွေကို ဆီရန်ဂီတီကို ဆာဖာရီ ခရီးစဉ် နှစ်စဉ်မပြတ် ပို့ဆောင်ပေးခြင်း ၂၅ နှစ်ပြည့် ငွေရတု အထိမ်း အမှတ်ခရီးစဉ်တဲ့။ (လုပ်ငန်းသဘော ခရီးစဉ် ပီသအောင်တော့ နေ့တိုင်း ၁၅ မိနစ်လောက် အစည်းအဝေး လုပ်ကြတယ်)။ သုံးယောက်က ဆွီဒင် အုပ်စု။ ဆိုတော့ လေယာဉ်မှာ တစ်နေရာစာပဲ ကျန်တယ်။

ဒါရက်စ်ဆလန် အခြေစိုက် အေးဂျင့်က နှစ်ယောက်။ တစ်ဖက်မှာ တော့ သူတို့ဟာ မြောက်ကိုရီးယား ကုန်တင်သင်္ဘော ဂုဏ်သိက္ခာနဲ့ ခွန်အားကို ယူရေနီယံ မှောင်ခိုတင်မတင် အနီးကပ်စောင့်ကြည့်ရမယ့် တာဝန်က ရှိနေတယ်။ နောက်ဆုံးတစ်ခေါက်တုန်းက တန်ဇန်းနီးယားနဲ့ မိုဇမ်ဘစ်ကနေ ဖြတ်သန်းသွားခဲ့တာ။ တခြားတစ်ဖက်ကတော့ အယ်လန်ကားလ်ဆန်ကို မျက်ခြည်မပြတ် စောင့်ကြည့်ဖို့၊ ခု အယ်လန်ကားလ်ဆန်ဟာ ဘာမှမဆိုင်တဲ့ ဘက်ကို ဦးတည်ပြီး ထွက်ခွာတော့မယ်။ ဘယ်လိုလုပ်ကြမလဲ။

လူတစ်ယောက်ကို နောက်ယောင်ခံလိုက်ဖို့ဆိုတာ ၁၀၁ နှစ်သား အဘိုးကြီးပဲ ဖြစ်ပါစေဦး၊ လွယ်လှတာ မဟုတ်ဘူး၊ အင်မတန် ပင်ပန်းတယ်။ နောက်ယောင်ခံလိုက်တာ ပေါ်သွားဖို့ အန္တရာယ်ကလည်း များတယ်။ ဒါကြောင့် အတ္တလည်းကြီး၊ မောက်လည်းမောက်မာတဲ့ ခေါင်းဆောင် အေးဂျင့် (က) ဟာ ယူရေနီယံသတင်းနဲ့ ဆန့်ကျင်ဘက်နေရာကို မသွားချင်ဘူး။ ဘာလင်က စုန်းမကြီးကိုလည်း ကြောက်ရတယ်။ ပြီးတော့ သူက ခေါင်းဆောင် လေ၊ ဘော့စ်လေ။

ခေါင်းဆောင်အေးဂျင့်(က) ဟာ နောက်လိုက် အေးဂျင့်(ခ) အမျိုးသမီးလက်ထဲ ဖိုင်တွဲကြီး ထည့်ပေးပြီး...

"ကဲ လေယာဉ်လက်မှတ်နှစ်စောင်ဝယ်ထား၊ ငါ ကော်ဖီသွားယူလိုက်ဦးမယ်" လို့ ပြောလိုက်တယ်။

အခြေအနေက ခေါင်းဆောင် အေးဂျင့်(က) ဘက်မှာ။ လေယာဉ်လက်မှတ်က တစ်စောင်ပဲ ကျန်တယ်။ ဒါကြောင့်မို့ (သရော်ပြုံးလေး ပြုံးရင်း) ခေါင်ဆောင်အေးဂျင့်(က) ဟာ နောက်လိုက်အေးဂျင့်(ခ) ကို လိုက်သွားဖို့ ညွှန်ကြားတယ်။ သူကိုယ်တိုင်ကတော့ တန်ဇန်းနီးယား- မိုဇမ်းဘစ် နယ်စပ်ကို စောင့်ကြည့်မယ်။ အဲဒါက တကယ့်နေရာ၊ ယူရေနီယံ မှောင်ခိုထွက်မယ့် လမ်းကြောင်း၊ တက်လမ်းကိုရှာတဲ့လူဟာ နေရာကောင်းကို ရွေးတတ်ရတယ်။ ကားလ်ဆန်နောက်လိုက်ရင် သူ ရှုးရှူးနှမ်းနှမ်း လျှောက်သွားသမျှ လိုက်နေရ မှာ၊ သူ့နောက်လိုက်လေလေ တကယ့်နေရာနဲ့ ဝေးလေလေပဲ၊ ငတုံးမ လိုက်ပ လေ့စေ။

ဒီလိုနဲ့ ငတုံးမ တစ်ဖြစ်လဲ နောက်လိုက်အေးဂျင့်(ခ) ဟာ တစ်ခုံတည်းကျန်တဲ့ လေယာဉ်ပေါ် တက်လာရတယ်။ ဖြစ်ချင်တော့ သူ့ ပစ်မှတ်နဲ့ ကပ်ရပ် နေရာရတယ်လေ။ ဒီလိုနဲ့ သူက ကားလ်ဆန်ကို စကား စပြောကြည့်တယ်။ အသုံးဝင်တဲ့အချက်အလက်တွေများ ရလေမလား။ ဒါပေမဲ့ သူ့နာမည်ကို မပြောဘူး။ စီးပွားရေးလုပ်ငန်းရှင်လို့ ပြောလိုက်တယ်။

"သြော်... ကောင်းပ ကောင်းပ စီးပွားရေးလုပ်ငန်းလည်း ကောင်းမယ်လို့ မျှော်လင့်ပါတယ် ခင်ဗျ"

"ကောင်းပါတယ်ရှင့် ကျေးဇူးပါပဲ"

ငတုံးမ အေးဂျင့်ဟာ စကားလမ်းကြောင်းပြောင်းတယ်။ လူကြီးမင်း ကို ဘယ်အရာက-က- ဒီကို-ကို----------။

"မူဆိုးမားကိုလေ၊ ကျုပ်တို့ မူဆိုးမားကို သွားကြမလို့၊ မဒမ် စီးပွားရေးလုပ်ငန်းရှင်လည်း အဲဒီကို သွားမယ်မဟုတ်လား"

စောက်ကျိုးနည်း။

အေးဂျင့်(ခ) ဟာ သူတို့သွားရမယ့်နေရာကို နာမည်မေ့နေတယ်။ နာမည်ကြည့်ချိန်လည်း မရပါဘူး။ ပြီးတော့ တန်ဇန်းနီးယား ဆိုတာက ဂျာမနီထက် သုံးဆလောက်ကြီးတဲ့ နိုင်ငံကြီး။ ဒါရက်စ်ဆလန်ကို ထုံးလိုမွှေ ရေလိုနှောက်သိပေမယ့် မူဆိုးမားဆိုတာတော့ ခုမှပဲ ကြားဖူးတာ။

အယ်လန်က သူ့ကို ပြောပြတယ်။

ရှေ့နှစ်ခုံကျော်မှာထိုင်နေတဲ့ ဆဗင်း ဆိုတဲ့ အမျိုးသမီးဟာ ဝိညာဉ် ခေါ်သူ၊ နတ်ဝင်သည်၊ သူ့လုပ်ငန်းအတွက် ပညာခန်းတက်ဖို့လိုအပ်လို့ ဆီရန်ဂီတီက မော်သခင်ကြီး- ပျောက်စေ ဆရာကြီး အိုလီကိုရင်ကို ဆိုသူ့ဆီကို လာကြတာ။ ဆဗင်းနဲ့ ကပ်ရပ်ခုံမှာ ထိုင်နေတာက သူ့မိတ်ဆွေ ဂျူးလီးယပ်စ်။

"ဟင် မော်သခင်ကြီးတဲ့လား"

"မော်သခင်ကြီး၊ ပျောက်စေဆရာကြီး၊စုန်းဆရာဝန်ကြီး အဲသလို ခေါ်မှာပေါ့၊ ခက်တဲ့စကားလုံးတွေဆို မမှတ်မိဘူးဗျ၊ လွယ်လွယ်စကားလုံး တောင် မေ့နေတာ

အသက်က ကြီးပြီကိုးဗျ”

ဆိုတော့ အကျဉ်းချုပ်ပြန်ပြောရရင် အိုလီကိုရင်ကိုဆီ သွားမယ်၊ သူ့ဆီက ဝိညာဉ်လမ်းစဉ်တွေ သင်ကြားမယ်။ ဒါပဲ။ တကယ်လို့ စီးပွားရေး လုပ်ငန်းရှင်ကြီးအနေနဲ့ စိတ်ဝင်စားမယ်ဆိုရင် ငစားမယ်ဆိုရင်တော့ ဆဗင်းက အသေးစိတ် ပြောပြလိမ့်မယ်။

“ဒါနဲ့ ခင်ဗျားကတော့ ဝိညာဉ်လောက လုပ်ငန်းနဲ့ပတ်သက်တဲ့ စီးပွားရေးလုပ်တာတော့ မဟုတ်ဘူး မဟုတ်လား၊ ဘာလုပ်ငန်းလဲ၊ ခရီးသွား လုပ်ငန်းများလား”

ဟင်၊ ဘာတွေတုံးဟယ်၊ နျူလက်နက်ပါရဂူ၊ ယူရေနီယံ မှောင်ခို သမားအဖြစ် သံသယရှိတဲ့ ကားလ်ဆန်ဟာ ဆဗားနားက မှော်ဆရာနဲ့တွေ့ပြီး ဝိညာဉ်စွမ်းအင်ကို သင်ခိုင်းမလို့တဲ့လား။ ညာတာဆိုရင်လည်း ဒီထက်ပိုပြီး ယုတ္တိယုတ္တာရှိတာလေး ညာပါတော့လား။

ဟင့်အင်း - ဝိညာဉ်လုပ်ငန်းစီးပွားရေး မဟုတ်ပါဘူး။ ကျွန်မက အိမ်ခြံမြေ လုပ်ငန်းရှင်။

တကယ်လည်း အေးဂျင့်(က) နဲ့ (ခ) တို့ဟာ ဒါရက်စ်ဆလန်မှာ အယောင်ပြလုပ်ငန်းအဖြစ် ဒါကို လုပ်ကြတယ်။

ဒါလည်း မထူးပါဘူး။ အယ်လန်က ဒါဆို အတော်စိတ်ဝင်စားဖို့ ကောင်းကြောင်း၊ တန်ဇန်းနီးယား ဆဗားနား မြက်ခင်းပြင်မှာ ရွှံ့တဲတွေ ဆောက်ပြီး ရောင်းမယ်ဆို စိတ်လှုပ်ရှားစရာဖြစ်ကြောင်း ပြောနေတယ်။

ဒီအဘိုးကြီးဟာ ငါ့အကြောင်းသိလို့ တမင် လှောင်ပြောင်နေတာ လား၊ ဒါမှမဟုတ် ဟန်ဆောင်ကောင်းလွန်းတာလားဟယ်၊ သူနဲ့ စကားပြောရ တာ ရေပေါ် အရုပ်ရေးရသလိုပဲ။ အင်းလေ ဒါရက်စ်ဆလန်မှာ အိမ်ခြံမြေ လုပ်ငန်းရှင်လုပ်တာက အဓိပ္ပာယ်ရှိပေမယ့် မူဆိုးမားမှာကျတော့ တစ်မျိုးကိုး။

“ရွှံ့တဲဆောက်ဖို့မဟုတ်ပါဘူး၊ ဆာဖာရီ စခန်းတွေအတွက် လာကြည့်တာပါ”

“အို ဒါဆို ခင်ဗျားက ခရီးသွားလုပ်ငန်းလည်း လုပ်တယ်ပေါ့”

အဲဒီနောက်မှာတော့ အယ်လန်နဲ့ အေးဂျင့်(ခ) ဟာ စကား သိပ်မပြောဖြစ်တော့ဘူး။ အေးဂျင့်(ခ) ဟာ ယုတ္တိရှိအောင် ဘယ်လိုဆက်လိမ့် ရမလဲဆိုတာ တွေးနေတယ်။ လေယာဉ်ဆိုက်တဲ့အခါမှာတော့ မုဆိုးမားဆိုတာ လူတစ်သိန်းလောက် နေပြီး ဥရောပစတိုင် အဆောက်အဦတွေ တင်းကျမ်း ပြည့်နေတဲ့ တကယ့်မြို့တော်ဆိုတာ တွေ့လိုက်ရတယ်။

အယ်လန်က လေယာဉ် ပြတင်းပေါက်ကနေ လက်ညိုးထိုးပြပြီး “ဟိုမှာကြည့်စမ်း၊ အဆောက်အဦတွေမှာ တင်းကျမ်းပြည့်လို့ပဲ မစ္စစ်အိမ်ခြံမြေ လုပ်ငန်းရှင်ကြီးရဲ့၊ ဆာဖာရီစခန်းက ဒီမှာ ဆောက်လို့မရဘူးဗျ၊ ခင်ဗျားက ကိုယ်လာမယ့်နေရာတောင် ကိုယ်သေချာမသိဘူးကိုး” လို့ ကြိတ်လိုက်တယ်။

မုန်းတယ်၊ အေးဂျင့်(ခ) ဟာ သူ့ကိုယ်သူလည်း မုန်းတယ်။ အယ်လန့်ကိုလည်း မုန်းတယ်။ သေချင်းဆိုးကြီး။

※

ကျဉ်းမြောင်းပြီး တိုလှတဲ့ လေယာဉ်ပြေးလမ်းအတိုင်း လေယာဉ် ဆင်းလိုက်နိုင်တယ်။

လေဆိပ်က မြို့လယ်ကောင်မှာ၊ တန်ဇန်းနီးယား - ကင်ညာ-ယူဂန်ဒါ သုံးနိုင်ငံတည်းရှိနေတဲ့ ဧရာမ ဗစ်တိုးရီးယား ရေကန်ကြီးရဲ့ တောင်ဘက် ကမ်းစပ်မှာ တည်ရှိတဲ့မြို့ မူဆိုးမား။

လေဆိပ်အဆောက်အဦ သေးသေးလေးရဲ့ ရှေ့မှာတော့ တက္ကစီတွေ အများကြီးရပ်ထားတယ်။ ဒရိုက်ဘာတွေဟာ ဆူညံ ပွက်လောရိုက်အောင် လူခေါ်နေကြတယ်။ အားလုံးက အိုလီကိုရင်ကိုဆီ ဘယ်လိုသွားရမလဲဆိုတာ သိပေမယ့် ဘယ်သူမှ လိုက်မပို့ချင်ကြဘူး။ အင်မတန်ဆိုးတဲ့လမ်းပေါ်မှာ ကီလိုမီတာ ၁၅၀ သွားရမယ့်ခရီးမှာ ဖီးယက်၊ ဟွန်ဒါ၊ မာစဒါ ဘယ်ကားမှ ဘီးမပေါက်ဘဲ မခံနိုင်ဘူးတဲ့လေ။

ခပ်လှမ်းလှမ်းမှာ လူတစ်ယောက်ဟာ လန်ခရူဇာကားကြီးပေါ်ကနေ ခရီးသည်နဲ့ ခရီးဆောင်အိတ်တွေ ချနေတယ်။ နောက်ခုံ သုံးတန်းနဲ့ ဂျစ်ကား အကြီးစားလို လန်ခရူဇာကြီးဟာ နည်းတဲ့ တာယာကြီးတွေ မဟုတ်ဘူး။ တော်တော်နဲ့ ဘီးပေါက်ဖို့ မလွယ်ဘူး။ ခရီးသည်တွေနဲ့ အိတ်တွေ ကားပေါ်က ချပြီးချိန်မှာ ဆဗင်းဟာ အဲဒီလူနား ချဉ်းကပ်ပြီး ကားငှားမလားလို့ မေးလိုက်တယ်။

ဟင့်အင်း၊ မငှားပါဘူး၊ သူက ဒီဒေသက မဟုတ်ဘူး။ ကင်ညာ-မာဆာအိ မာယာ ဆာဖာရီ စခန်းကို ပြန်ရမှာ၊ နောက် နှစ်ရက်ကြာရင် ဆာဖာရီ ခရီးသွားဧည့်သည်တွေ အသစ်ရောက်ကြမယ်။ သူ မအားဘူး။

ဆဗင်းဟာ လွယ်လွယ်နဲ့ လက်မလျှော့ဘူး။ စကားပြောကြတဲ့အခါ ဟိုလူပြောနေတဲ့ ကင်ညာ - မာဆာအိ မာယာ ဆာဖာရီ စခန်းဟာ အိုလီကိုရင်ကို့ စခန်းနဲ့ ကီလိုမီတာ နှစ်ဒါဇင်လောက်ပဲ ဝေးတယ်ဆိုတာ သိလာရတယ်။ အဲဒီအခါ မာဆာအိမာယာ စခန်းကလူဟာ ရုတ်တရက်ချက်ချင်း စိတ်ဝင်စား လာတယ်။ အိမ်အပြန်ခရီးမှာ ပိုက်ဆံရဦးမယ်ဆိုတာ ဘောနပ်စ် သဘောပဲ မဟုတ်လား။

မီတာရစ်ဆယ်အဝေးမှာတော့ မစ္စစ်အိမ်ခြံမြေလုပ်ငန်းရှင် ဘီအန်ဒီ အေးဂျင့်(ခ) ဟာ စိတ်မချမ်းသာစွာနဲ့ အယ်လန်တို့ကို ကြည့်နေတယ်။ တက္ကစီတွေဟာ သူတို့သွားမယ့်နေရာကို လိုက်မပို့နိုင်တဲ့အပြင် တခြား လန်ခရူဇာကလည်း မတွေ့။

ဒါကြောင့်မို့ ဒါရက်စ်ဆလန်က သူ့ဘော့စ်ဆီ ဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောလိုက်တယ်။ ဘော့စ်က သူ့ကို နောက်ဆုံးရ သတင်း တွေ ပြောပြတယ်။ ဂုဏ်သိက္ခာနဲ့ အင်အား သဘော်ရဲ့ နောက်ဆုံးရ တည်နေရာ သတင်းအချက်အလက်တွေကို ခုပဲ အမေရိကန်တွေဆီက ရသတဲ့။ သဘော်ဟာ

မဒါဂါစကာ တောင်ဘက်စွန်းကို နောက်ရက် အနည်းငယ်အတွင်း ရောက်လာတော့မယ်။

တကယ်လို့သာ ချူလက်နက်ပါရဂူ ကားလ်ဆန်ရဲ့ ကနဦး သတင်း အချက်အလက်တွေက မှန်ခဲ့မယ်ဆိုရင် နောက်ထပ် ယူရေနီယံတွေကို သင်္ဘောပေါ်တင်ဖို့ ရှိတယ်။ ဒီတစ်ခေါက်တော့ ပထမတစ်ခေါက်ထက် အဆပေါင်းများစွာ များလိမ့်မယ်။ မှောင်ခိုသမားတွေအတွက် အကြီးဆုံး စိန်ခေါ်မှုကတော့ တန်ဇန်းနီးယားနဲ့ မိုဇမ်းဘစ် နယ်စပ်ကို ကျော်ဖြတ်ဖို့ပဲ၊ အဲဒီနေရာဟာ ခု အေးဂျင့်(ခ) ရှိနေတဲ့နေရာနဲ့ ကီလိုမီတာ ၁၈၀၀ လောက် ဝေးသကွဲ့- ဟက်-ဟက်။

အေးဂျင့်(ခ) ကတော့ ကားလ်ဆန်ဟာ ဒီ မှောင်ခိုကိစ္စမှာ မလွဲ မသွေ ပါကိုပါရမယ်လို့ ထင်နေတယ်။ ဒါကြောင့် သူ့နောက်ကို မျက်ခြည် မပြတ်တမ်း လိုက်ရမယ်။

“ဩော် ဒီကိစ္စမှာ သူပါတယ်လို့ အဲဒီ ကားလ်ဆန်က နင့်ကို ပြောလို့လား”

သူတို့ပြောခဲ့တဲ့အကြောင်းတွေကို အေးဂျင့်(ခ)က ဘောစိ(က) ကို အတိုချုပ် အစီရင်ခံလိုက်တယ်။

“ဩော်-ဟဟ၊ နတ်ဝင်သည်အလုပ်လည်း မဆိုးပါဘူး၊ နင်နဲ့ လိုက်သားပဲ”

“သူက ထွက်သွားပြီရှင့်”

အေးဂျင့်(ခ) က အသံတုန်တုန်နဲ့ ပြောလိုက်တယ်။ အေးဂျင့်(ခ) ဒုက္ခတွေ့နေလို့ စိတ်မကောင်းကြောင်း ဘောစိက လိမ်ပြောလိုက်တယ်။ သူကတော့ အထုပ်အပိုးပြင်ပြီး တန်ဇန်းနီးယား-မိုဇမ်းဘစ် နယ်စပ်ကို သွားတော့မယ်။ နယ်ခြားစောင့်ရဲတပ်မှူးက ဘီအန်ဒီ လူလေ။ ဟဟ။

“နင် အဲဒီမှာပဲနေ၊ ကားလ်ဆန်ကို မရရအောင်လိုက်၊ ဒါမှ အမိပတိကြီးက စိတ်ချမှာ၊ သိပ်တော့ ပျော်စရာမကောင်းဘူးပေါ့၊ ဒါပေမဲ့ မတတ် နိုင်ဘူးလေ၊ တာဝန်က တာဝန်ပဲ မဟုတ်လား၊ ယူရေနီယံတွေ တွေ့ရင်တော့ ငါပဲ ချီးကျူးခံရမှာပေါ့၊ ဒါလည်း မတတ်နိုင်ဘူးလေ မဟုတ်ဘူးလား”

အေးဂျင့်(ခ) ဟာ သက်ပြင်းလေး ချလိုက်ရှာတယ်။ တက္ကစီတွေပဲ ရှိတယ်။ တက္ကစီတွေက ဒီလမ်းကို မသွားနိုင်ဘူး။

“ဒါဆိုလဲ လန်ခရူဇာ၊ ဒါမှမဟုတ် ဟယ်လီကော်ပတာသာ ရှာဝယ် ပေတော့”

ကားလ်ဆန်နဲ့ပတ်သက်လို့ ကောင်းတာ တစ်ချက်လောက် ပြောပါ ဆိုရင် သူ့နောက်လိုက်ဖို့ ဘီအန်ဒီက ငွေလုံလုံလောက်လောက် ပေးထားတာ ကို ပြောရမယ်။

လမ်းကြမ်းစီးကား ဝယ်ရမယ်ဟုတ်လား။ တကယ်တော့ သူက ဘဝအသစ်တစ်ခုကို ဝယ်ချင်တာ။

"ကဲလေ ကြည့်လိုက်ပါဦးမယ်” လို့ ပြောရင်း ဂွတ်ဘိုင်မလုပ်ဘဲ

ဖုန်းချလိုက်တယ်။

※

အိုလီကိုရင်ကိုရဲ့ တဲနန်းမြို့တော်ကိုရောက်ဖို့ ဆယ်ကီလိုမီတာလောက် အကွာမှာ လမ်းက သွားမရလောက်အောင် ပိတ်တာနဲ့ ကြုံကြပါလေရော။ ကားနှစ်စီး အနိုင်နိုင်ရှောင်ရလောက်အောင် ကျဉ်းလှတဲ့ မြေလမ်းပေါ်မှာ လူတစ်သောင်းလောက်ဟာ တစ်ချိန်တည်း တစ်ပြိုင်နက်တည်း ယာဉ်မျိုးစုံနဲ့ သွားလာနေတဲ့အခါ ဒီလိုပိတ်ဖို့ အလွန်လွယ်တာပေါ့။ ကုသမှုခံယူပြီး တဲနန်းမြို့တော်က ပြန်လာတဲ့ကားတွေ၊ ကုသမှုခံယူဖို့ တဲနန်းမြို့တော်ကို သွားတဲ့ကားတွေနဲ့ အလွန်စည်ကားကျပ်ညပ်နေတဲ့လမ်း။

အားလုံးဟာ ကားနဲ့ လာနိုင်ကြတာတော့မဟုတ်ဘူး။ တချို့လည်း မော်တော်ဆိုင်ကယ်။ တချို့လည်း စက်ဘီး၊ အဆင်းရဲဆုံးတွေကတော့ ခြေကျင် ကြိတ်ကြတာပေါ့။ အာဖရိကန် အောက်စ်ပက်ကာ ငှက်ဝါ အော်သံ ကြားရင် ငှက်နဲ့အမြဲ တွဲရပ်တွေ့ရတဲ့ အာဖရိကန် ကျွဲရိုင်းအုပ်စု ချဉ်းကပ် လာပြီဆိုတာ လူတိုင်းသိပြီး ဝရုန်းသုန်းကားဖြစ်ကြ၊ လူတွေဟာ နီးစပ်ရာကား တွေရဲ့ ဘောနက်ပေါ်၊ ခေါင်မိုးပေါ်၊ စီးလာတဲ့လူရဲ့ ပေါင်ပေါ် ခုန်တက်ကြ။ ငှက်သံပျောက်သွားရင် ပိုနေမြဲ ကျားနေမြဲ ပြန်ဖြစ်ကြနဲ့ လမ်းက ကျပ်ညပ်နေ တာ။ ခြင်္သေ့တို့၊ ကျားသစ်တို့ကတော့ နေ့ဘက်အိပ်တဲ့အမျိုးတွေမို့ ကြောက်စရာ မလိုဘူး။ အဝေးမှာတော့ ဆင်တွေကို မြင်ရ၊ အသံတွေလည်း ကြားရတယ်။

ခု လမ်းနည်းနည်းပွင့်ပြီ။ လန်ခရူဇာဟာ ရှေ့ကိုဆက်သွားတယ်။ မီတာငါးရာလောက်သွားအပြီးမှာ ပြန်ပိတ်သွားပြန်တယ်။

သူတို့ငှားလာတဲ့ကားကို မောင်းတဲ့လူနာမည်က မိတ်ကီနီတဲ့။ သူက ဆာဖာရီ လမ်းပြအလုပ် လုပ်တာ။ ခုလိုလမ်းပိတ်တော့ သူ့စခန်းကို အချိန်မီ ပြန်မရောက်မှာ စိုးရိမ်သား။ ဒါပေမဲ့ သူ့ဆုံးဖြတ်ချက်အတွက် နောင်တ မရပါဘူး။ ခရီးသည် သုံးယောက်ဆီက ရတဲ့ငွေက အများကြီးလေ။

အယ်လန်ကတော့ ထုံးစံအတိုင်း ရှေ့ခန်းမှာထိုင်ပြီး မိတ်ကီနီရဲ့ မှန်ပြောင်းနဲ့ ဟိုကြည့်ဒီကြည့် လုပ်နေတယ်။ တွေ့သမျှ၊ မြင်သမျှ တိရိစ္ဆာန် တွေအကြောင်းကို တက်ပလက်ထဲကြည့်လိုက် ဖတ်ပြလိုက်နဲ့ လုပ်နေတယ်။ ဒါ့အပြင် ဆဗားနားအပြင်ဘက်ကမ္ဘာမှာဖြစ်နေတဲ့ သတင်းတွေကိုလည်း ဖတ်ပြတယ်။ နောက်ခုံတွေမှာ ပူးကပ်ထိုင်နေကြတဲ့ ဂျူးလီးယပ်စ်နဲ့ ဆဗင်းက လည်း တစ်ချက်တစ်ချက် လှမ်းလှမ်းမေးတယ်။ မိတ်ကီနီကတော့ ဆီရန်ဂီတီ ရာသီဥတုနဲ့ မြေအမျိုးအစားဟာ ကညွတ်စိုက်ဖို့ သင့်တော်၊ မသင့်တော်ဆိုတာ မသေချာကြောင်း ဂျူးလီးယပ်စ်ရဲ့မေးခွန်းကို ဖြေရှာတယ်။

သူတို့ရဲ့ ဒရိုက်ဘာဟာ ကင်ညာမာဆာအီ လူမျိုးစုဝင်တစ်ယောက်။ တန်ဇန်းနီးယားဘက်ခြမ်းမှာ ခုလို သွားလာနေတာဟာ သူ့အတွက်တော့ ပုံမှန်မဟုတ်ဘူး။ များသောအားဖြင့် ကင်ညာမာဆာအီမာယာ ဒေသမှာ ဆာဖာရီ

ခရီးစဉ်ပြီးရင် ခရီးသည်တွေကို တန်ဇန်းနီးယား မူဆိုးမားကို လိုက်ပို့လေ့ မရှိဘူး။ ဒီနေ့ခရီးသည်တွေကတော့ အတင်းပဲ ပြောမရဆိုမရ လိုက်ပို့ခိုင်းတယ်။ မူဆိုးမားကနေ ဒါရက်စ်ဆလန်ကို လေယာဉ်စီးပြီး ဒါရက်စ် ဆလန်ရောက်တာနဲ့ သူတို့ကို တန်ဇန်းနီးယားကို တရားမဝင် ခိုးဝင်လာ တယ်ဆိုပြီး စွဲချက်တင်ခံရမှာ။ တစ်ပတ် အချုပ်ကျမယ်၊ ဒေါ်လာ သုံးလေးထောင် ဒဏ်ကြေးရိုက်ခံရမယ်။

"ဒေါ်လာများများပေးရင် အချုပ်မကျဘူး မဟုတ်လား" အယ်လန်က ဝင်ပြောလိုက်တယ်။

အင်း အဲသလိုလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ တန်ဇန်းနီးယားသား တွေက မာနက အကြီးသား။ ဒါကြောင့် ဥပဒေဘောင်အတွင်းမှာ တတ်နိုင်သမျှနေထိုင်ဖို့ မိတ်ကီနီက အယ်လန့်ကို အကြံပေးလိုက်တယ်။ အို မဟုတ်တာလုပ်ဖို့ အိပ်မက်ထဲတောင် ထည့်မမက်ဘူးလို့ အယ်လန်က ပြောတယ်။ ဂျူးလီးယပ်စ်ကတော့ ဥပဒေချိုးဖောက်ခြင်းဟာ ကူးစက်ရောဂါ လိုပဲ ပြန့်နှံ့ဖို့ အလွန်မြန်တယ်လို့ မှတ်ချက်ပေးတယ်။

မိတ်ကီနီဟာ ဝိညာဉ်တွေ၊ ပျောက်စေတွေ၊ နတ်သြဇာဆေးတွေကို မယုံပါဘူး။ သူဟာ ဘုရားသခင်ကို ယုံတယ်။ လူသားနဲ့ တောရိုင်းတိရိစ္ဆာန် တွေ ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်စွမ်းရှိတာကို ယုံတယ်။ မာဆာအီ တွေဟာ အမဲလိုက်ခြင်းလုပ်ငန်းကို စွန့်လွှတ်ခဲ့တာကြာပြီ။ ဟိုးရှေးတုန်းကတော့ မာဆာအီမျိုးနွယ်ဆိုရင် ခြင်္သေ့မသတ်ဖူးရင် လူလားမြောက်တယ်လို့ မသတ် မှတ်ဘူးတဲ့။ အဲဒီလို သတ္တိ ဗျတ္တိနဲ့ ပြည့်စုံမှ တကယ့်မာဆာအီ စစ်သည်တော် ဖြစ်တာတဲ့။ အဲဒီလို ခေါ်ကြတာပဲ။ ဒါပေမဲ့ တစ်ခါမှလည်း စစ်တိုက်တယ်လို့ မကြားမိပါဘူး။

အယ်လန်က သူ့တက်ပလက်ကို ကြည့်ရင်း. . .

"မာကယ်လ်ကတော့ ဂျာမန်ရွေးကောက်ပွဲမှာ နိုင်ဦးမှာပဲတဲ့။ ဒါကြောင့် ဥရောပဟာ အချိန်အတိုင်းအတာတစ်ခုအထိတော့ စည်းလုံးနေဦး မတဲ့။ သြော-စပိန်မှာတော့ ပြည်တွင်းစစ်ဖြစ်တော့မတဲ့။ ကက်တလန်တွေဟာ မက်ဒရစ်ကို အင်မတန် အမြင်ကတ်နေပြီတဲ့။ အင်းလေ သူတို့ ဘယ်လိုခံစားရ မယ်ဆိုတာ ကျုပ်သိပါတယ်။ နောက်ဆုံးတစ်ခေါက် ကျုပ် အဲဒီမှာ ရှိတုန်းကလည်း ဒီလိုပဲလေ"

"ဘယ်တုန်းကလဲ ၁၉၃၆ တုန်းကလား"

''အင်းလေ....''

ဂျူးလီးယပ်စ်က ဒရိုင်ဘာဘက် လှည့်လိုက်ပြန်တယ်။

"ဒါနဲ့ မိတ်ကီနီ ဒီမှာ ကညွတ်စိုက်လို့မရဘူးဆိုတာ သေချာ သလား"

※

အေးဂျင့်(ခ) ဟာ သူ ငှားလာတဲ့ ကိုယ်တိုင်မောင်း လန်ခရူဇာပေါ်မှာ ငုတ်တုတ်။ လမ်းက ပိတ်နေတာကိုး။ ဘာမှန်းမသိဘဲ လူတွေဟာ ဝုန်းခနဲ သူ့ကားပေါ် ပြေးတက်လာလိုက်၊ ဝုန်းခနဲ ပြန်ဆင်းသွားလိုက်နဲ့ ဆယ့်ငါးမိနစ်

တစ်ခါလောက် လုပ်နေကြတယ်။ စိတ်ညစ်လိုက်တာဟယ်။

အရာအားလုံးဟာ မှားပြီးရင်းကို မှားနေတော့တာပဲ။ တကယ်ရှိနေရမယ့်နေရာနဲ့ ကီလိုမီတာ ထောင်ချီဝေးနေတယ်။ ခု ကားလ်ဆန်ဟာ သူဘယ်သူလဲဆိုတာ သိနေလောက်ပြီ။ နတ်သြဇာဆေးတဲနန်းကို ရောက်ရင် ဘာလုပ်ရပါ့။ တစ်ခါမှလည်း မရောက်ဖူးဘူး။ အဲဒီမှာ အဘိုးကြီးကို ရှာမတွေ့ရင် ဘာဆက်လုပ်ရပါ့။

အို- မောင်းလို့ရပြီထင်တယ်။ လမ်းပွင့်ပြီလားမသိ။ ဟင်-မဟုတ် သေးဘူး။

※

"ကဲ ရောက်ပြီထင်တယ်""

မိတ်ကီနီက တစ်ရေးအိပ်နေတဲ့ အယ်လန့်ကို နှိုးပြီး ပြောလိုက်တယ်။

သူတို့ခရီးစဉ်ဟာ စီစဉ်ထားတဲ့အတိုင်း မဖြစ်ဘူး။ ခု မှောင်စပျိုးပြီ၊ ဘယ်မှာအိပ်ကြမလဲ။ မနက်ဖြန်မနက် နှုတ်ဆေးဆရာကြီးနဲ့ ကုသမှုခံယူဖို့ အားခဲထားတဲ့ တန်ဇန်းနီးယန်း ထောင်ပေါင်းများစွာဟာ သူတို့အနားမှာ အုပ်စုကိုယ်စီဖွဲ့ပြီး မီးမွေးဖို့ မီးဖိုဖို့ ပြင်ဆင်နေကြပြီ။ မီးဖိုထားမှ ညဘက် တောရိုင်းတိရိစ္ဆာန်တွေရန်က ကာကွယ်နိုင်မယ်။ လှံနဲ့ တင်းပုတ်ကိုင်ထားတဲ့ အစောင့်တွေလည်း ချထားတဲ့အတွက် အသက်ရှင်သန်နိုင်စွမ်းဟာ ရာနှုန်းပြည့် ရှိဟန်တူပါရဲ့။

အယ်လန်က ဖြစ်သမျှအကြောင်း အကောင်းချည်း သဘောထားနိုင် ပေမယ့် ဂျူးလီးယပ်စ်နဲ့ ဆဗင်းကတော့ လွင်ပြင်ထဲ ထင်းခြောက်ရှာပြီး မီးမွေးရမယ့်အကြံကို မကြိုက်ပါဘူး။ ခဏနေ မှောင်ကြီးကျတော့မှာကို။ ဆဗင်းက မိတ်ကီနီကို ဘယ်လိုလုပ်မယ်စဉ်းစားထားလဲလို့ မေးတယ်။ တကယ်လို့ နောက်တစ်နေ့ထိ မိတ်ကီနီ ဆက်နေပေးနိုင်မယ်ဆိုရင် သူတို့ ကားထဲမှာ အိပ်လို့ရတယ်လေ။

အင်း မိတ်ကီနီ စိုးရိမ်နေသလောက်လည်း ခရီးက မကြာပါဘူး။ ဒီကကိစ္စတွေပြီးရင် သူတို့ဘာလုပ်ကြမှာလဲ။ မူဆိုးမားကို ပြန်မှာလား။ မိတ်ကီနီဟာ မူဆိုးမားကိုတော့ မသွားဘူး။ မကြာခင် ကင်ညာမာဆာအီ မာယာဆာဖာရီ ခရီးသည်အုပ်စု အသစ်တွေလာကြတော့မှာဆိုတော့ လေးရက်လောက်တော့ သူ အားမှာမဟုတ်ဘူး။

"အင်း ကျုပ်တို့ကလည်း မလောပါဘူး၊ ခင်ဗျားတို့ ဘယ်လိုနေကြတယ်ဆိုတာ မြင်ခွင့် တွေ့ခွင့်ရရင်လည်း အကောင်းသားပဲ" လို့ အယ်လန် က ပြောလိုက်တယ်။

မာဆာအီ နယ်မြေဟာ တန်ဇန်းနီးယားဘက်မှာရော- ကင်ညာဘက် မှာပါ အတူတူပါပဲ။ ဒါပေမဲ့လို့ ကင်ညာမာဆာအီဆာဖာရီ စခန်းကို လိုက်ခဲ့ချင်တယ်ဆိုရင်တော့ သူ့အနေနဲ့ ကြိုဆိုလျက်ပါပဲ။ အဲဒီလိုလုပ်မယ်ဆိုရင်တော့ ဒီကနေ မနက်ဖြန် နေဝင်ချိန် နောက်ဆုံးထားပြီး ထွက်ရလိမ့်မယ်။

အင်း တန်ခိုးပြာဋိဟာနဲ့ တစ်နေ့လုံးတွေ့ရရင် တော်လောက်ပါပြီလို့

အယ်လန်ရော ဂျူးလီးယပ်စ်ရော ဆဗင်းရော တွေးနေကြတယ်။

သဘောတူညီချက်ရကြတဲ့အခါ မိတ်ကီနီဟာ ကားကို သူတို့နားထိမောင်းလာပြီး ရပ်လိုက်တယ်။ ကားထဲက စောင်တွေ ထုတ်တယ်။ အစားအသောက်ကရော။ အစားအသောက်ပြဿနာအတွက် သူ့ဘာသာသူ ဖြေရှင်းပြီးသား ရှိတယ်လေ။ လူ သောင်းနဲ့ချီပြီး စုဝေးနေတဲ့ နေရာတစ်ခုမှာ အစားအသောက် ရောင်းတဲ့အလုပ်ဟာ အလိုလိုဖြစ်လာတာပေါ့။ စားစရာ သောက်စရာတွေ အပြည့်အသိပ်ထည့်ထားတဲ့ ခြင်းတောင်းကို တစ်ဖက်စီမပြီး နှစ်ယောက်တစ်တွဲ အစားအသောက် လာရောင်းကြတဲ့ အမျိုးသမီးအုပ်စုကြီး မကြာခင် ရောက်လာတယ်။ ဂျူးလီးယပ်စ်က ဆန်းဒဝစ်ချ် ရှစ်ခုနဲ့ ကိုကာကိုလာ လေးပုလင်း ဝယ်လိုက်တယ်။

"သောက်စရာလေးများ မပါကြဘူးလား"

အယ်လန်က မေးလိုက်တယ်။

"ရှင်ကြီးဟာ ဒါပဲ အမြဲစဉ်းစားနေတာပဲ"

ဆဗင်းက ဆူလိုက်တယ်။

"သူတို့က မားနဲ့ ဆွာဟီလီလိုပဲ ပြောတတ်တာဗျ၊ ခင်ဗျားပြောတာ သူတို့နားမလည်ဘူး၊ သောက်စရာက သူတို့မှာ ကိုကာကိုလာပဲ ပါတယ်" မိတ်ကီနီက ဝင်ပြောလိုက်တယ်။

"သြော ... အင်းလေ အားလုံးတော့ ဘယ်ရနိုင်ပါ့မလဲ"

အယ်လန်က ညည်းသလိုပြောလိုက်တဲ့အခါ မိတ်ကီနီက ရချင်ရမှာ ပေါ့လို့ ပြန်ပြောရင်း ကားထဲက ကွန်ညာဂီ လို့ အမည်ရတဲ့ တန်ဇန်းနီးယား အရက် ရောမပုလင်းကြီးကို ဆွဲထုတ်လိုက်တယ်။

"အမလေး ကြည့်စမ်းပါဦး ဘယ်လောက် ကျက်သရေရှိသလဲ ဆိုတာ"

ကွန်ညာဂီဟာ တန်ဇန်းနီးယားရဲ့ နာမည်အကြီးဆုံး အရက်ပဲ။ သံပရာသီးလေး၊ ရေခဲလေး၊ ခရမ်ဘယ်ရီဖျော်ရည်လေးနဲ့ တွဲဖက်သုံးဆောင် ရင် သာပြီး အရသာရှိတယ်လို့ မိတ်ကီနီက ပြောပြတယ်။

"ခုတော့ ပုလင်းလိုက်မော့ရမှာလား" အယ်လန်

"ကျွန်တော်တော့ အဲဒီလိုပဲ လုပ်တာဗျ" မိတ်ကီနီ

"ဒါဟာ မိတ်ဆွေစစ်တွေရဲ့ နိဒါန်းပေါ့" အယ်လန်

"ချီးယားစ်" မိတ်ကီနီ

"နေကြပါဦး ကျုပ်ရောပါလို့ရမလား" ဂျူးလီးယပ်စ်

※

နတ်ဆေးတဲနန်းမြို့တော်ကို အေးဂျင့်(ခ) ရောက်လာချိန်မှာတော့ မိုးကြီး စုပ်စုပ်ချုပ်နေပြီ။ အစားအသောက်ရောင်းတဲ့ မိန်းမတွေလည်း ပြန်သွား ပြီ။ အေးဂျင့်(ခ) ဟာ အစားအသောက်လည်း မပါ၊ စောင်လည်းမရှိနဲ့ ကားပေါ်မှာ ဒီတိုင်း ကွေးရတယ်။ အင်း- လွန်ခဲ့တဲ့ တစ်နှစ်ကျော်လောက်က စင်ကာပူကို

ပြောင်းမလားလို့ မေးကြသားပဲ။ အဲဒီတုန်းက လက်ခံလိုက်ရင် ခုလို အကြောင်းဆိုးမှာ မဟုတ်ဘူး။ ရာသီဥတုဟာ အိပ်မရလောက်အောင် အေးလွန်းလှတဲ့အတွက် အေးဂျင့်(ခ) ဟာ အတွေးတွေနဲ့ပဲ ဒီညကို ဖြတ်သန်းရတော့မယ်။

အရှေ့တောင်အာရှကို ငြင်းပယ်ခဲ့ရတာက ဖရန့်ဇ်ကြောင့်လေ။ ဖရန့်ဇ်က သူ့ သွားဆရာဝန်ဘဝကို မြတ်နိုးတယ်။ ဂျာမနီကနေ ဘယ်မှ မသွားချင်ဘူး။ ဒါပေမဲ့လို့ အေးဂျင့်(ခ) က သူ့အလုပ်ရှင်ကို စင်ကာပူပြောင်းဖို့ စိတ်မကူးပါဘူး၊ ကျေးဇူးတင်ပါတယ်လို့ အဖြေပေးပြီး သုံးပတ်ကြာတော့ သူနဲ့ ဖရန့်ဇ် ကိစ္စပြတ်သွားတယ်။ ဖရန့်ဇ်က သွားတွေ ညီညာလှပနေပြီဖြစ်တဲ့ သူ့ရဲ့ သွားသူနာပြုမလေးကို ချစ်သတဲ့လေ။

ကွာရှင်းပြတ်စဲရတာ တိတ်တိတ်ဆိတ်ဆိတ် မဟုတ်ဘူး။ အော်ကြီး ဟစ်ကျယ် ရန်ဖြစ်သံ ဆူဆူညံညံနဲ့ပဲ။ ဖရန့်ဇ်က ပြောတယ်။ ဘယ်မှာမှန်း၊ ဘာလုပ်မှန်း ဘယ်တော့မှမသိရတဲ့ မိန်းမနဲ့ ဘယ်လိုလုပ်ဆက်ပေါင်းမလဲတဲ့။ အေးဂျင့်(ခ) က ဖရန့်ဇ်ကို ပြောထားတာက သူဟာ နိုင်ငံတော်အတွက် အလုပ်လုပ်နေတယ်လို့ပဲ။ ဒီထက်ပိုပြီး ဘာမှမပြောဘူး။ နိုင်ငံတော်အတွက် တာဝန်ထမ်းဆောင်နေတဲ့ အမျိုးသမီး တစ်ယောက်နဲ့ ပတ်သက်ရတာ စိတ်လှုပ်ရှားစရာပဲလို့ ကာလရှည်ကြာ ဖရန့်ဇ်ဟာ ထင်ခဲ့ဖူးတယ်။ ဒါပေမဲ့ လက်ထပ်ပြီး သုံးနှစ်ကြာတဲ့အထိ နိုင်ငံတော်အတွက် အလုပ်လုပ်နေတယ်ပဲ။ ဒါ မဟုတ်တော့ဘူး။ ဒီ လျှို့ဝှက်တဲ့ အမျိုးသမီးနဲ့ သားသမီးတွေ ပွားစီးလာပြီ ဆိုပါစို့၊ မေမေ့အလုပ်အကြောင်းလို့ ကျောင်းက ကလေးတွေကို စာစီစာကုံး ရေးခိုင်းမယ်ဆိုပါစို့၊ ဘာရေးကြမလဲ။ မေမေသည် မည်သူမှ သိခွင့်မရှိသော အလုပ်များကို လုပ်ကိုင်ပါသည်လို့ရေးရင် ဆရာမတွေက ဘာထင်မလဲ။ သူ့အမေဟာ ပြည့်တန်ဆာလို့ ထင်မှာပေါ့။ တစ်ခါတလေ ဖရန့်ဇ်လည်း အဲသလိုထင်တယ်။

ပြီးတော့ အဲဒီအလုပ်အတွက် သူဟာ ကမ္ဘာတစ်ဖက်ခြမ်းကို ပြောင်းရွှေ့ချင်သတဲ့။ နိုင်ငံတော်အတွက် လုပ်တဲ့အလုပ်ကလေ။ ရိုဒယ်ဟိမ်း ကနေ ဘယ်များ ပြောင်းချင်တာလဲ။ လျှို့ဝှက်တဲ့ အမျိုးသမီးကို ဇနီး တော်ထားရတာနဲ့တင် ဆိုးလှပြီ။ လျှို့ဝှက်တဲ့ မိန်းမနဲ့ နိုင်ငံခြားတိုင်းပြည် တစ်ပြည်မှာဆိုတာ အတော်လွန်သွားပြီ။ သူလုပ်ပေးလိုက်လို့ သွားတွေ သိပ်လှသွားတဲ့ သူ့ သူနာပြုဆရာမလေးက ရှိသေးတယ်မဟုတ်လား။ အေးဂျင့်(ခ) ကတော့ အဲဒီသွားတွေကို အထဲကျွံဝင်သွားအောင် ပိတ် =ထိုး ပစ်လိုက်ချင်တာ။ ဒါပေမဲ့ မလုပ်ခဲ့ ပါဘူး။

အဲဒီအချိန်ကတည်းက သူဟာ လျှို့ဝှက်တဲ့မိန်းမ ဖြစ်ရုံမက အတီးကျန်တဲ့ မိန်းမပါ ဖြစ်ခဲ့ရတယ်။ ယူရေနီယံ မှောင်ခိုလုပ်ငန်းကို ထောက်လှမ်းဖို့ အာဖရိကကို လာရမယ်ဆိုရင် အဲဒီအခြေအနေအားလုံးကနေ ရှောင်ပြေးလို့ရမှာပဲ။ ဒါကြောင့် ဒါရက်စ်ဆလန်ကို ပြောင်းမလားလို့ တစ်ခုသော ဗုဒ္ဓဟူးနေ့ မနက်ကိုးနာရီမှာ

မေးလာတဲ့အခါ ပြောင်းမယ်လို့ ကိုးနာရီငါးမိနစ်မှာ သူ အဖြေပေးလိုက်တော့တယ်။

※

နောက်တစ်နေ့မှာတော့ အိုလီကိုရင်ကိုရဲ့ ဆေးပေါင်းခပွဲကြီးဟာ မနက်ဆယ့်တစ်နာရီမှာ စတယ်။ နေ့လယ် တစ်နာရီလောက်မှာ ပြီးတယ်။ တစ်နာရီကျော်တဲ့အခါ ရာသီဥတုက ပူလွန်းလို့ ဆက်ကျင်းပလို့မရတော့ဘူး။ တဲအသီးသီးမှာတော့ မနက် ၇ နာရီ လောက်ကတည်းက လှုပ်လှုပ်ရှားရှားဖြစ်နေကြပြီ။ ခြင်းတောင်းနဲ့ အစားအသောက်ရောင်းတဲ့ မိန်းမတွေ ပြန်ရောက်လာကြပြီ။ နတ်သြသဓဆေးနန်းရဲ့ စည်းမျဉ်းစည်းကမ်းတွေအကြောင်းကို အင်္ဂလိပ်၊ ဆွာဟီလီ နှစ်ဘာသာနဲ့ ရှင်းပြတယ်။ တန်ဖိုး နီးယားငွေ ရှီလင် ငါးထောင် (သို့မဟုတ် အမေရိကန်ဒေါ်လာ နှစ်ဒေါ်လာ) ပေးသူတိုင်း ဟာ အရှင်မြတ်ကြီး အိုလီကိုရင်ကိုရဲ့ ကောင်းချီးပေးမှုကို ခံယူရင်း နတ်သြသဓ ဆေးရည်ကို တစ်ငုံစာ သောက်ရမယ်၊ ပိုက်ဆံမပါတဲ့လူကတော့ ကောင်းချီး ပေးမှုရမယ် ဆေးရည်တော့မရ။

"နှစ်ဒေါ်လာဆိုတော့ ဘာမှမရှိဘူး၊ လက်ကားဈေးနှုန်းနဲ့ ကညွတ်တစ်စည်းဖိုးတောင် မရှိဘူး"

ဂျူးလီးယပ်စ်က ဈေးနှုန်းကို မြင်တော့ ဒီလိုပြောလိုက်တယ်။

"အဲသလိုမဟုတ်ဘူး အချစ်ရဲ့၊ ကညွတ်တစ်စည်းဖိုးလောက်ပဲ ဆိုပေမယ့် နေ့တိုင်း ကညွတ်အစည်း တစ်သောင်းဖိုးလောက်ရမယ်ဆို ချမ်းသာ ပြီပေါ့ရှင့်"

ကောင်းချီးပေးမှုနဲ့ နတ်သြသဓ ဆေးရည်အတွက် တစ်နေ့ ဝင်ငွေဒေါ်လာနှစ်သောင်းအပြင် အိုလီကိုရင်ကိုဟာ သူ့ရဲ့ တဲနန်းထဲမှာ အထူး ကုသမှုတွေ လုပ်သေးတယ်။ မိနစ်နှစ်ဆယ်အတွက် ဒေါ်လာတစ်ထောင်၊ မိနစ်ခြောက်ဆယ်အတွက် ဒေါ်လာ နှစ်ထောင့်ငါးရာ၊ အဲဒါလည်း တန်းစီနေကြတာအများကြီး။

ဆဗင်းဟာ မိနစ်နှစ်ဆယ် ဆွေးနွေးမှုကို ညနေ သုံးနာရီမှာ ဘွတ်ကင်ရတယ်။ အိုလီကိုရင်ကိုရဲ့ သင်ကြားပြသမှုတွေကို ခံရတော့မယ်လို့ သူ မျှော်လင့်နေတယ်။

အိုလီကိုရင်ကိုဟာ သူ့ပရိသတ်ကို မိုက်ခရိုဖုန်းနဲ့ စပြီး စကားပြောပြီ။ မိုက်ခရိုဖုန်းကို ကားဘက်ထရီ ရှစ်လုံးချိတ်ထားတဲ့ ရောမ အသံချဲ့စက်ကြီး နှစ်လုံးနဲ့ ဆက်ထားတယ်။ သူ့အဖွဲ့အစည်းက အတော်စနစ်ကျတယ်။ အထင်ကြီးစရာပဲ။ ပိုက်ဆံပေးနိုင်တဲ့ ပရိသတ်ကို ကီကွန်ဘီချာ ဒါဝါလို့ ခေါ်တဲ့ နတ်သြသဓဆေးရည် လိုက်ဝေပေးနေတဲ့ အမျိုးသမီးကပဲ အယောက် နှစ်ရာကျော်ရှိတယ်။ ပိုက်ဆံမပေးနိုင်ပေမယ့် ဝေဒနာသည်းပုံရတဲ့ လူတချို့ ကိုလည်း ဆေးရည်ပေးတယ်။

ဂျူးလီးယပ်စ်နဲ့ ဆဗင်းက ဆေးရည်ကို မြည်းကြည့်ကြတယ်။ ခါးခါးကြီး။ ဒါပေမဲ့ ဘာမှလည်း မထူးသလိုပါပဲ။ အယ်လန်ကတော့ ပုလင်းထဲမှာ

နည်းနည်းကျန်နေတဲ့ ကွန်ညာဂီအရက်ကို တွေ့သွားလို့ ဒါကမှ တကယ့် တန်ခိုးပြာဋိဟာလို့ မြည်တမ်းလိုက်တယ်။

နတ်ဆေးဆရာ၊ ပျောက်စေဆရာ၊ မှော်သခင်ကြီးဟာ စင်မြင့်ထက် မှာရပ်ရင်း ဆွာဟီလီဘာသာစကားနဲ့ တေးသီနေတယ်။ သူ တေးသီလို့ပြီးသွား တဲ့အခါ သူ့လက်ထောက် ကောင်မတစ်ကောင်ဟာ စင်ပေါ်တက်လာတယ်။ သူက ပရိသတ်ကို ရှင်းပြတာကတော့ ဆေးတော်ကြီးဟာ ကိုယ်တော်ကြီး ရှေ့မှောက်မှာသာ၊ ကိုယ်တော်ကြီးရဲ့ မေတ္တာကို ခံယူပြီးမှသာ (ခုပဲ မေတ္တာနဲ့ ကောင်းချီးက ပေးပြီးသွားပတဲ့။ ဒါဆို ခုနကဟာ တေးသီနေတာ မဟုတ်ဘူး ပေါ့)၊ ကိုယ်တော်ကြီးရဲ့ တန်ခိုးတော်အာနုဘော်ကို ခြွင်းချက်မရှိ အကြွင်းမဲ့ ယုံကြည်သူတွေအတွက်သာ စွမ်းမှာတဲ့။

“ကိုယ်တော်ကြီး အိုလီကိုရင်ကို ကို မယုံဘူးဆိုရင်တော့ ကိုယ်တော် ကြီးရဲ့ ဆေးတော်ကြီးကလည်း ရှင်တို့ကို ယုံမှာမဟုတ်ဘူး၊ ဒါကြောင့် ဆုတောင်းကြစို့” လို့ အင်္ဂလိပ်လို၊ မားလို၊ ဆွာဟီလီလို ပြောပြီး စင်မြင့် ပေါ်ကနေ မိုက်ခရိုဖုန်းနဲ့ ဆုတောင်းတော့တယ်။ အင်္ဂလိပ်လို ပထမဆုံး ဆုတောင်းတာ။

“အို ချစ်လှစွာသော အဖဘုရားသခင်၊ ကီကွန်ဘီ ချာ ဒါဝါ ဆေးတော်ကြီးကို အဖ၏ကျေးကျွန် အိုလီကိုရင်ကို၏ စွမ်းအင်များ ဖြည့်ဆည်း ပေးတော်မူပါ၊ အဆိုပါ စွမ်းအင်ဖြင့် သံသယမရှိ ခြွင်းချက်မရှိ အကြွင်းမဲ့ ယုံကြည်သူတို့၏ ဝိညာဉ်နှင့် ခန္ဓာကို ဖြည့်ပေးတော်မူပါ၊ စွမ်းအင်သည် ပန်းနာရင်ကျပ် သလိပ်ကပ် လေပြွန်ယောင် ဝေဒနာသည်တို့အပေါ်တွင် လည်းကောင်း၊ လေးဖက်နာ၊ အဆစ်ယောင်၊ ပေါ၊ ကြောင်၊ ရူးသွပ် ဝေဒနာရှင်တို့အပေါ်တွင်လည်းကောင်း၊ စိတ်ကျ-စိတ်ကြွ၊ အလုပ်လက်မဲ့ အခြေအနေတို့အပေါ်တွင် လည်းကောင်း၊ အိတ်ချ်အိုင်ဗွီနှင့် အေအိုင်ဒီအက်စ် ရောဂါသည်တို့အပေါ်တွင်လည်းကောင်း၊ ကင်ဆာနှင့် နမိုးနီးယား လူနာများ အပေါ်တွင်လည်းကောင်း၊ ကံဆိုးမိုးမှောင်ကျခြင်းနှင့် ချစ်ရေးချစ်ရာ နုံချာကံမဲ့ သူတို့အပေါ်တွင်လည်းကောင်း၊ သားသမီးရတနာ မထွန်းကားသူများနှင့် သားသမီး အပွားစီးလွန်ပြီး ဒုက္ခရောက်နေသူတို့ အပေါ်တွင်လည်းကောင်း ဖြစ်သမျှ ပြဿနာအပေါင်း လျှော့ကျ ပျောက်ကင်းချမ်းသာစေရန်အလို့ငှာ သက်ရောက်ပါစေ၊ အို အဖဘုရားသခင်၊ အိုလီကိုရင်ကိုနှင့် တပည့်သာဝက အပေါင်းအား လမ်းမှန်ပေါ် လျှောက်လှမ်းနိုင်ရန် ဦးဆောင်လမ်းပြတော်မူပါ့ သခင်၊ အဖဘုရားသခင်သည်သာ တပည့်တော်တို့အတွက် အရာရာခပ်သိမ်း ဖြစ်ပါကုန်၏၊ အာမင်”

ဆဗင်းရဲ့ ဘေးမှာထိုင်နေတဲ့လူဟာ သူခံစားနေရတဲ့ ဆီးကြိတ် ယောင်ရောဂါအကြောင်း ဆုတောင်းမှာ ထည့်သွင်းပြောမသွားလို့ မကျေနပ်လှ ဘူး။ ဒါပေမဲ့လို့ အရပ်ရှစ်မျက်နှာက ကောင်းချီးပေးလိုက်တဲ့ အသံပေါင်း များစွာဟာ ဟိန်း ဟိန်း ထလာခဲ့တယ်။

ကိုယ်တော်ကြီး အိုလီကိုရင်ကိုဟာ ဆွာဟီလီဘာသာနဲ့ ကောင်းချီး

တေးမင်္ဂလာကြီးကို ပေးတော်မူပြန်တယ်။ နောက်ကနေ ဒရမ်တွေနဲ့ စည်းချက်လိုက် အားဖြည့်ပေးတယ်။ ဒီတစ်ခါတော့ နာရီဝက်လောက်တောင် ကြာတယ်။ အဲဒီအချိန်မှာ သူ့ဝန်ထမ်းလား၊ သာဝကလားမသိတဲ့ ဟိုကောင်မ အကောင်နှစ်ရာဟာ ပရိသတ်ကြား လျှောက်လှမ်းပြီး စွမ်းအင်တော်ကြီး ရောဂါအစားစား ပြဿနာအထွေထွေကို ပျောက်ကင်းချမ်းသာဖို့ စွမ်းဆောင် ပေးစေကြောင်း ဆုတောင်းမင်္ဂလာ ရွတ်ဖတ်သရဇ္ဈာယ်တယ်။ ဆီးကျိတ်ယောင် နေတဲ့လူဟာ ဆုတောင်းထဲ သူ့ရောဂါပါသွားလို့ ခုတော့ ကျေနပ်သွားပြီ။

အခမ်းအနားက တစ်နာရီကျော်လောက်အကြာမှာ ပြီးသွားတယ်။ မူက ပြောထားသလို နှစ်နာရီ မကြာဘူး။ သူ့လက်ထောက်ဟာ စင်ပေါ် တက်လာပြီး ဒီနေ့မှာ ကိုယ်တော်ကြီးရဲ့ စွမ်းအင်တော်ကြီးဟာ ပြည့်ဖြိုး မောက်လျှံလွန်းအားကြီးတဲ့အတွက် ရောဂါ ကုသနိုင်စွမ်းတွေဟာ ထူးထူးကဲကဲ စွမ်းဆောင်နိုင်တဲ့အတွက် အချိန်တိုတိုနဲ့ ပြီးသွားသတဲ့။ ကဲ ဘာတတ်နိုင်သေး လဲ။ ကိစ္စအားလုံးအတွက် ရှင်းလင်းချက် ရှိတယ်။ ဘယ်သူ့ကိုမှ မလိမ်ဘူး။ မညာဘူး။

အိုလီကိုရင်ကို ကိုယ်တော်ကြီးဟာ သူ့လက်ထောက်ပြောသမျှကို သဘောတူဟန်နဲ့ ခေါင်းတညိတ်ညိတ်လုပ်နေရင်း ဟာလေ လူလာ လို့ ရေရွတ်တော်မူလိုက်တယ်။

ပရိသတ်ထဲက ဟာလေလူလာ အသံတွေ လျှံထွက်လာတယ်။ ခုတော့ လူတစ်သောင်းကျော်ဟာ ကုသမှုခံယူပြီးပြီ၊ အိမ်အပြန်လမ်းကို စနိုင်ပြီ။ ဆီးကျိတ်ယောင်တာတွေ၊ အအေးမိုင်ဒီအက်စ်တွေ ကင်းစင်ပပျောက်ပြီ။ ဟာလေလူလာ။

ကိုယ်တော်ကြီးနဲ့ တစ်ယောက်ချင်း ဆွေးနွေးဖို့ စာရင်းပေးထား သူတွေပဲ ကျန်ရစ်ခဲ့တယ်။ ဒါ့အပြင် ကျန်ရစ်တာကတော့ စိတ်ကျရောဂါ ဖြစ်လုနီးနီး ဂျာမန် လျှို့ဝှက်ထောက်လှမ်းရေး အေးဂျင့်မယ်(ခ) ပေါ့။

※

အိုလီကိုရင်ကိုနဲ့ ဆွေးနွေးဖို့ ရတဲ့ မိနစ်နှစ်ဆယ်။

ကိုယ်တော်ကြီးဟာ မျက်စိမှိတ်ပြီး တရားဘာဝနာများ ရှုမှတ်တော်မူ နေတယ်။

အယ်လန်၊ ဂျူးလီးယပ်စ်နဲ့ မိတ်ကီနီ တို့က ကုလားထိုင်ကိုယ်စီနဲ့ တဲနန်းရဲ့ အနောက်မှာထိုင်နေကြတယ်။ သူတို့ ဝင်ဆွေးနွေးခွင့် မရှိဘူး။ တကယ်လို့ သူတို့ ဝင်ဆွေးနွေးရင် ကိုယ်တော်ကြီးရဲ့ စွမ်းအင်တွေ ပိုသုံးရမှာမို့ ကုန်ကျတဲ့ငွေကြေးပမာဏ ပိုများလိမ့်မယ်လို့ တင်ကြို သတိပေးထားတယ်။

"ဘယ်သူ့ဆီက ဘယ်လိုငွေညှစ်ရမလဲဆိုတာ ဒီလူ ကောင်းကောင်း သိတာပဲ"

အယ်လန်က တိုးတိုးပြောလိုက်တယ်။

"တိတ်တိတ်နေ အယ်လန်"

ဂျူးလီးယပ်စ်က အသာဟန့်လိုက်တယ်။

ကိုယ်တော်ကြီး အိုလီကိုရင်ကိုရဲ့ မျက်လုံးတော်တွေပွင့်လာတယ်။ သူ့ကို စိုက်ကြည့်နေတဲ့ ဆဗင်းကို သူ တွေ့လိုက်ရတယ်။

“ကျွန်ုပ် ဘာများဆောင်ရွက်ပေးရမလဲ ချစ်သမီး” လို့ ကိုယ်တော် ကြီးက မေးတော်မူလိုက်တယ်။

ချစ်သမီးတဲ့၊ ဒီဟာကြီးကို သူ့အဖေလို့ ဆဗင်း နည်းနည်းမှ မခံစား ရပါဘူး။ ဒါပေမဲ့လို့ နောက်ဆုံးမှာ သူအလိုရှိရာနေရာကို ရောက်လာခဲ့ပြီလေ။ သူ့ဘက်မှာ ရှိနေပေးတဲ့ ချစ်မေမေ ဂါထရုကို ကျေးဇူးတင်မိတယ်။

“ကျွန်မမှာ မေးခွန်း နည်းနည်းရှိပါတယ်၊ လိုရင်းကို မေးမှာပါ၊ ပထမဆုံးအနေနဲ့ ဘုရားသခင်ရဲ့ ထောက်ခံမှုရယ် ရှင့်ရဲ့ စွမ်းအင်ရယ် ဖယ်လိုက်ရင် နတ်သြသဓဆေးရည်ဆိုတဲ့အထဲမှာ ဘာပါလဲ”

အိုလီကိုရင်ကိုဟာ ဆဗင်းကို သတိကြီးစွာ လေ့လာလိုက်တယ်။ သူ အရင်ကလည်း ဂျာနယ်လစ်တွေနဲ့ ကြုံခဲ့ဖူးသား။ ခု ဒီအမျိုးသမီးကရော ဂျာနယ်လစ်ပဲလား၊ တချို့ဆိုရင် နတ်သြသဓဆေးရည်ကို အပြင်ခိုးထုတ်ပြီး ဓာတ်ခွဲခန်းမှာတောင် စစ်ဆေးကြသေးတယ်။ သူတို့အဲလိုလုပ်တော့ အစိုးရက နတ်သြသဓဆေးရည်သည် လူ့ကျန်းမာရေးအတွက် ဥပဒ် မဖြစ်စေတဲ့အတွက် ရောင်းချရန် ခွင့်ပြုသည်ဆိုတဲ့ တရားဝင်အမိန့်တောင် ထုတ်ပြန်ပေးခဲ့ရတယ်။ အဲဒီနောက်ပိုင်းမှာ ပါလီမန်အမတ် ခုနစ်ယောက်လောက် ဟယ်လီကော်ပတာ နဲ့ ရောက်လာခဲ့ကြဖူးတယ်။ နတ်သြသဓဆေးရည် သောက်သုံးရန် အလို့ငှာ ပေါ့။

“အင်း ဆေးရည်ထဲပါတာကတော့ ချစ်သမီးပြောလိုက်တဲ့အတိုင်း ဘုရားသခင်ရဲ့စွမ်းအင်ကို ကျေးကျွန် ဖြစ်တဲ့ ကျွန်ုပ်ကတစ်ဆင့် စီးဆင်းလာတဲ့ ဓာတ်ပေါ့၊ ချိုမြမြ ခါးသက်သက် အရသာကတော့ မတန်ဒန်ဘို ချုံပင် ပါဝင်လို့ပါ၊ ချစ်သမီး အကျွမ်းတဝင်ရှိရဲ့လား”

ဟင့်အင်း၊ ဘယ်ရှိပါ့မလဲ။ ဒါပေမဲ့ ဆေးရည်ထဲမှာ ဘာမှ လျို့ဝှက် ပစ္စည်းမပါဘူးဆိုတာ သူသိလိုက်ပြီ။ အဲဒီဆေးရည်ကို ဥရောပကို တင်သွင်း လိုက်နိုင်ရင် ဘယ်နှယ့်နေမလဲ။ ဒါပေမဲ့ ဘုရားသခင်က ဒီလောက် မရိုးရှင်း ဘူး မဟုတ်လား။ ဒါနဲ့နေစမ်းပါဦး၊ ဘယ်နှယ့်ဘုရားသခင်တုံး၊ အိုလီကိုရင်ကို က မှော်ဆရာ၊ စုန်းဆရာ၊ ပယောဂဆရာ၊ ပျောက်စေဆရာ မဟုတ်ဘူးလား။ “ကျွန်မ တိုင်းပြည်မှာတုန်းက ဝိညာဉ်ထုံကူးတာ၊ နတ်ဝင်တာ၊ သရဲနှင်တာတွေ လုပ်ခဲ့ပါတယ်၊ ဒါနဲ့ပတ်သက်လို့ ရှင့်မှာ ဘာအတွေ့အကြုံ များ ရှိသလဲ”

ကိုလီကိုရင်ကိုရဲ့ သက်တော်စောင့်လေးယောက်ဟာ ရှေ့ကို

ရုတ်တရက် တက်လာတယ်။ အိုလီကိုရင်ကိုကလည်း သူ့ကို ပြုးပြီးကြည့်နေတယ်။ ဟင်-တစ်ခုခုများ များသွားသလား။ အိုလီကိုရင်ကိုက ပြောပြီ။ “စုန်းအတတ်ပညာဟာ မိစ္ဆာတွေလုပ်တာ၊ ခင်ဗျားက စုန်းဆိုရင် ကီကွန်ဘီချာ ဒါဝါ ဆေးတော်ကြီးကို သောက်လိုက်တာနဲ့ ခင်ဗျားသေမှာပဲ၊

ဒီဆေးတော်ကြီးဟာ သမ္မာဒိဋ္ဌိတွေအတွက်၊ မိစ္ဆာဒိဋ္ဌိတွေအတွက် မဟုတ်ဘူး”

ဟင် ဘာတုံးဟ။

“သမ္မာဒိဋ္ဌိတဲ့လား”

ဆဗင်းက ရေရွတ်လိုက်တယ်။ အိုလီကိုရင်ကိုရဲ့ တဲနန်းကြီးထဲမှာ အခြေအနေဟာ အလွန်တင်းမာလာခဲ့ပြီ။ သူ သုတေသနလုပ်တာများ တစ်ခုခု မှားသွားသလား။

“မှန်တယ် သမ္မာဒိဋ္ဌိ”

အိုလီကိုရင်ကိုက ရေရွတ်လိုက်တယ်။ အဲဒီနောက်မှာတော့ အိုလီကိုရင်ကိုဟာ အသံတိုးတိုးနဲ့ လက်ချာပေးသလို ရေရွတ်နေတယ်။ မှော်ပညာ၊ စုန်းပညာ၊ အောက်လမ်းပညာတွေအကြောင်းနဲ့ ဒါတွေကို တွန်းလှန်တိုက်ခိုက်မှုအကြောင်း။ နှစ်စဉ် နှစ်တိုင်း တန်ဇန်းနီးယန်း အမျိုးသမီး ငါးရာလောက်ဟာ စုန်းမတွေအဖြစ် အသတ်ခံရသတဲ့။ ဒီလောက်ပမာဏဟာ မလုံလောက် သေးဘူးတဲ့။ မိစ္ဆာဟာ အမြဲ ခြေတစ်လှမ်းဦးနေတတ်သတဲ့။ စုန်းတွေနဲ့ မှော်ဆရာတွေဟာ အချင်းချင်း သတ်နေတတ်ကြသတဲ့။ မကြာသေးခင်က ဂိုရွန်ဂိုရိုက မှော်ဆရာတစ်ယောက်ဟာ စုန်းမတစ်ယောက်ကို သတ်ပြီး အပိုင်းပိုင်းဖြတ်ခဲ့သတဲ့။ ခု အဲဒီမှော်ဆရာဟာ ထောင် ဆယ့်ရှစ်နှစ် ကျသွား သတဲ့။ တကယ်တော့ မှော်ဆရာတွေဟာ ထောင်ထဲမှာ လမ်းဆုံးရမှာ မဟုတ်ဘူး။ စုန်းမတွေနဲ့အတူ သေရမှာဖြစ်တယ်လို့ အိုလီကိုရင်ကိုက မြွက်ကြားတယ်။

ဆဗင်းဟာ အတော်စိတ်ရှုပ်နေပြီ။ ဒီလူဟာ မှော်ပညာနဲ့ သူနဲ့ ဘာမှမပတ်သက်ဘူး ဆိုနေပါ့လား။ ဒါပေမဲ့ ဒီကို သူရယ်၊ ဂျူးလီးယပ်စ်ရယ်၊ အယ်လန်ရယ် ရောက်လာရတဲ့အကြောင်းအရင်းဟာ ဒီလူကြောင့်ပဲလေ။

ခု တန်ဇန်းနီးယားကို လာရတာဟာ ဘာအဓိပ္ပာယ်မှ မရှိတော့ဘူး ဆိုတာကို တဖြည်းဖြည်း ဆဗင်းဟာ ခံစားသိရှိလာခဲ့တယ်။ ချုံပင်တွေ ပြုတ်ထားတဲ့ အရည်ဟာ ဆီးကျိတ်ယောင်တာကို ပျောက်ကင်းစေတယ် ဆိုတာ. မှော်အတတ်မဟုတ်လို့ နင့်အမေ့လင်လား။ ဒါဆို ဘာလဲ။

ဆဗင်းဟာ ဒီမေးခွန်းကို မဆင်မခြင် ပါးစပ်က ထုတ်မေးလိုက် မိတယ်။ အိုလီကိုရင်ကိုဟာ ဒီမေးခွန်းကို ဖြေရမယ့်အစား သူ့ ကိုယ်ရံတော် တွေကို အချက်ပြလိုက်တယ်။ ကိုယ်ရံတော်တွေဟာ ရှေ့ကို ခြေတစ်လှမ်း တက်လာတယ်။ နောက်တစ်လှမ်း၊ နောက်တစ်လှမ်း။

အဲဒီအချိန်မှာ မိတ်ကီနီဟာ ဝုန်းခနဲ ထရပ်လိုက်ပြီး ဆွာဟီလီကို အကျယ်ကြီး အော်လိုက်တယ်။ အိုလီကိုရင်ကိုရဲ့ ကိုယ်ရံတော်တွေဟာ တံ့ခနဲ ရပ်သွားတယ်။ အပြင်ဘက်က ချုံပုတ်တွေကို မျက်တောင်မခတ်တမ်း စိုက်ကြည့်နေကြတယ်။ အိုလီကိုရင်ကိုဟာ ကိုယ်ကို မတ်မတ်ထိုင်လိုက်ပြီး မိတ်ကီနီကို စူးစူးရဲရဲ ကြည့်နေတယ်။

မာဆာအီ မျိုးနွယ်ဖြစ်တဲ့ မိတ်ကီနီဟာ အယ်လန်၊ ဂျူးလီးယပ်စ်နဲ့ ဆဗင်းကို

တဲနန်းထဲက ချက်ချင်းထွက်ပြီး ကားပေါ် အမြန်တက်ကြဖို့ ပြောလိုက်တယ်။
“ကျုပ် တစ်ခုလောက် မေးချင်တယ်ဗျ
အယ်လန်က စောက်လိုက်ကန်းဆိုးမသိ ဝင်ပြောတယ်။
မမေးနဲ့ ပြောတဲ့အတိုင်းလုပ် သွား”
မိတ်ကီနီဟာ အိုလီကိုရင်ကိုနဲ့ အကြည့်ချင်း ပြိုင်နေရင်း မျက်လုံး မလွှဲဘဲ အိုလီကိုရင်ကို ကို စိုက်ကြည့်ရင်းပြောလိုက်တယ်။
နောက်တစ်မိနစ်လောက်အကြာမှာ သူတို့ဟာ အိုလီကိုရင်ကိုရဲ့ တဲနန်းကနေ မောင်းထွက်လာခဲ့နိုင်တယ်။ အတော်လေးကြာမှာ မိတ်ကီနီဟာ သက်ပြင်းကြီးချပြီး စိတ်ကို လျှော့လိုက်နိုင်တယ်။ ခုနက တင်းတင်းမာမာ ပြောမိတဲ့အတွက် တောင်းပန်ပါကြောင်း၊ အဲသလိုမဟုတ်ရင် အန္တရာယ် သိပ်ကြီးနေလို့ဖြစ်ကြောင်း ရှင်းပြလိုက်တယ်။
“ခု မေးလို့ရပြီလားဗျ”
“ဟုတ်ကဲ့ မေးပါ”
“အဲဒီ အကောင်ဟာ စွမ်းအားရှင်လို့ သူ့ကိုယ်သူ ယုံနေတာလား”
မိတ်ကီနီက မချိပြုံး ပြုံးလိုက်တယ်။
“သူ့တဲနန်းထဲမှာတုန်းက အဲသလို မမေးလိုက်တာ တော်သေးတယ် မစ္စတာ ကားလ်ဆန်ရယ်၊ အဲသလိုသာမေးမိရင် ခင်ဗျား အသက်ဆက်ရှည် တော့မှာ မဟုတ်ဘူးဗျ”
“အို အသက်က ဘယ်လိုပဲဖြစ်ဖြစ် ဆက်ရှည်မှာမှ မဟုတ်တာ။ ဒါနဲ့ သူတို့ရပ်သွားအောင် ခင်ဗျား ဘာလုပ်လိုက်တာလဲ”
“ရှေ့တစ်လှမ်း တိုးရဲရင်တိုးကြည့်စမ်း၊ အာဖရိကန် အဆိပ်မြွေး ပင်က ကြည့်နေတယ်လို့ ပြောလိုက်တာလေ”
“အာဖရိကန် ဘာပင်------”
“ကျွန်တော်ပြောတာကို သူတို့ ကောင်းကောင်းနားလည်တယ်ဗျ၊ ကျွန်တော့် ကော်လာကြယ်သီးကို ဖြုတ်ပြလိုက်တော့ လည်ဆွဲကိုကြည့်ပြီး ကျွန်တော်က မာဆာအီ တစ်ယောက်ဆိုတာ သူတို့သိသွားတယ်။ မာဆာအီ တွေဟာ ကြိုတင်မပြင်ဆင်ဘဲ ဘယ်တော့မှ မလာဘူး။ အပြင်မှာ ချုံပုတ် ဆယ်ခုလောက် ရှိနေတော့ အဲဒီမှာ အဆိပ်လူးမြှားကိုယ်စီနဲ့ ကျွန်တော့်လူတွေ ပုန်းနေတယ်လို့ သူတို့ ယုံနေကြတာ၊ ခုလောက်ဆို ကျွန်တော် ဖြီးတာဆိုတာ သိကြရောပေါ့၊ ဒါပေမဲ့ ခုမှတော့ သိပ်နောက်ကျသွားပြီလေ”
“အင်း နောက်ကလိုက်လာတာ သူတို့မဟုတ်ရင်ပေါ့ ”
ဆဗင်းက ကြောက်ကြောက်နဲ့ ပြောလိုက်တယ်။
မိတ်ကီနီက နောက်ကြည့်မှန်ကို ကြည့်လိုက်တယ်။ ကားတစ်စီး နောက်က ပါလာတယ်။
“မဟုတ်ဘူးဗျ၊ အဲဒါ အငှားကား၊ ကိုယ်တိုင်မောင်းရတဲ့ အငှား ကားမျိုး၊

အိုလီကိုရင်ကိုနဲ့ သူ့တပည့်တွေမဟုတ်ဘူး”

ခုနကပြောတာ အာဖရိကန် ဘာအပင်”“

“အာဖရိကန် အဆိပ်လူးမြားသစ်ပင်ပါ၊ အဲဒီအပင်က အစေးကို လှံတို့၊ မြားတို့မှာ ကျွန်တော်တို့က သုတ်ထားလေ့ရှိတယ်။ ချက်ကောင်းမိမယ် ဆိုရင် ကီလို ၇၀၀ လောက်ရှိတဲ့ ကျွဲရိုင်းကို ဆယ်စက္ကန့်အတွင်း သေစေ နိုင်တယ်။ အိုလီကိုရင်ကိုလို လူဗလံလေးကတော့ တစ်ချက်လောက် ခြစ်မိရင် ကိစ္စပြတ်ပြီ”

“ကျွန်တော်တို့ဆိုတာ ဘယ်သူတွေလဲ”

“မာဆာအီတွေပါ”

“အို အစကပြောတော့ မာဆာအီတွေဟာ ငြိမ်းချမ်းရေးကို လိုလား တယ်ဆို”

"အင်းလေ ကျွန်တော်တို့ကို လာမထိရင်ပေါ့”

“ကျွဲရိုင်းလိုမျိုးလား”

“အင်း လူလိမ်တွေလည်း ပါတာပေါ့”

※※※

(၆၉) တန်ဖိုးနီးယား၊ ကင်ညာ

ဆဗင်းဟာ ခုထိ မကျေလည်သေးဘူး။ အိုလီ ကိုရင်ကိုဟာ မှော်ဆရာပဲ စုန်းပဲ။ ဒါပေမဲ့ ဘာဖြစ်လို့ ဖင်ပိတ်ငြင်းနေတာလဲ။

မိတ်ကီနီက ဆဗင်းကို ကြည့်ရင်း ပြုံးတယ်။

"ဒီမယ် မစ္စဆဗင်းရဲ့ ဒီကိစ္စဟာ ခင်ဗျား ထင်တာထက် ပိုပြီး ရှုပ်ထွေးတယ်။ ရှင်းပြရမလား"

"ရှင်းပြစမ်းပါတော်"

မိတ်ကီနီက စတင်ပြီး ရှင်းပြနေခဲ့ပြီ။

မှော်အတတ်၊ စုန်းအတတ်ဆိုတာ အာဖရိက တစ်တိုက်လုံးမှာ အင်မတန်ဆိုးဝါးတဲ့အရာ၊ မကောင်းမှု ထိပ်ခေါင်တင်လို့ သတ်မှတ်ထားကြတာ။ စုန်းတွေနဲ့ တွေ့ရင် အကောင်းဆုံးနည်းလမ်းကတော့ မသေမချင်း ရိုက်သတ်လိုက်တာပဲ။ အဲ- ခေတ်ဆီလောင်းပြီး မီးရှို့ လိုက်ရင် သာကောင်းတယ်။

ဒါကြောင့် သူတို့ဆရာကို စုန်းကြီးလို့ ပြောနေတဲ့ ဆဗင်းလို စုန်းမကို ခေတ်ဆီလောင်းပြီး မီးရှို့မလို့ အိုလီကိုရင်ကိုရဲ့ သာဝကတွေက ကြံစည်နေ ကြတာ။ ဒါကြောင့် အမြန်ပြေးလာခဲ့ရတာ။

ဆဗင်းက မလျှော့သေးဘူး။ ပခုံးတွန့်ရင်း ပြောနေတယ်။

"အို ကျွန်မ နိုင်ရိုဘီက ဘုရင်မကြီးအကြောင်း ဖတ်ဖူးသားပဲ၊ သူက စုန်းကဝေမကြီးပဲ၊ အိမ်အကြီးကြီးနဲ့ ကားဆယ့်ငါးစီးနဲ့ နေနိုင်တာလေ"

မိတ်ကီနီဟာ ဆဗင်းကို အထင်တကြီး ကြည့်လိုက်တယ်။ မစ္စဆဗင်း ဟာ ဘုရင်မကြီးအကြောင်း ကြားဖူးနေသားပဲ။ ဘုရင်မကြီးက မာဂန်ဂါ တစ်ယောက်၊ စုန်းမကြီး မဟုတ်ဘူး။ မာဂန်ဂါကို ဘာသာပြန်တော့ အလွယ် တကူ စုန်းကဝေလို့ ပြန်လိုက်တာနေမယ်၊ အဲဒါ မဟုတ်ဘူး။ စုန်းဆိုတာက လူတွေကို ပြဿနာဖြစ်အောင် လုပ်တတ်တာမျိုး။ ရွာတစ်ရွာကို မိုးကြိုးခ မယ်ဆိုရင် ဒါဟာ စုန်းမတစ်ယောက် လုပ်တာပဲ။ အဲဒီအခါ ဗေဒင်ဆရာကို ခေါ်ရတယ်။ စုန်းမ ဘယ်မှာနေသလဲ ရှာရတယ်။ တွေ့ရင် စုန်းမကိုရော စုန်းမရဲ့ အိမ်ကိုပါ မီးရှို့ပစ်ရတယ်။

"ဟင် ဘာသက်သေမှ မရှိဘဲနဲ့လား"

"ဘယ်ဟုတ်ပါ့မလဲ သက်သေရှိတာပေါ့၊ သက်သေက ဗေဒင်ဆရာလေ"

စုန်းတွေဟာ မာယာများတယ်။ စုန်းအဖြစ် ဖော်ထုတ်ခံရဖို့ အန္တရာယ်ရှိနေရင် သူတို့ ကြိုသိကြတယ်။

"ဘယ်လိုအန္တရာယ်မျိုးလဲ"

"မုဆိုးမတွေ၊ အဘွားကြီးတွေပေါ့၊ တစ်ခါတလေလည်း တစ်ရွာလုံးက လေးစားရတဲ့ တစ်ယောက်ယောက် ဖြစ်နေတတ်တယ်"

"အောင်မြင်တဲ့ အမျိုးသမီးတွေနေမှာပေါ့၊ အဲသလို မိန်းမတွေဟာ ဘယ်နေရာမှာမဆို ပျိုပျိုအိုအို ယောကျ်ားတွေကို ဖမ်းစားတတ်တယ်လေ"

လို့ အယ်လန်က ဝင်ပြောလိုက်တယ်။

"ဩော-ခင်ဗျား ခုရက်ပိုင်းအတွင်း အသိဉာဏ်တွေ ပြန်ရလာပါလား"

ဂျူးလီးယပ်စ်ဟာ တက်ပလက်ဖမ်းစားခြင်းမခံရခင်က မိတ်ဆွေကြီး အယ်လန့်ကို ပြန်လွမ်းနေတယ်။

အယ်လန်က စဉ်းစားရင်း ခေါင်းတဆတ်ဆတ် ညိတ်တယ်။

"အင်း ဒါကတော့ တက်ပလက်ရဲ့ မကောင်းတဲ့အချက်ပေါ့ဗျာ၊ ကျုပ်တောင်းပန်ပါတယ်"

ကျန်တဲ့ ကမ္ဘာအရပ်ရပ်မှာတော့ ဘယ်လိုဖြစ်သလဲဆိုတာ မိတ်ကီနီ မသိပါဘူး။ အာဖရိကမှာကတော့ ရှာက ပိုက်ဆံရှိတဲ့ မုဆိုးမတွေဟာ စုန်းမအဖြစ်နဲ့ ဗေဒင်ဆရာရဲ့ ဖန်လုံးထဲ ပေါ်လာတတ်တာပဲ။

"ဟင် အဲဒါ ဘာအဓိပ္ပာယ်လဲ" ဆဗင်းက နားမလည်လို့ မေးလိုက်တယ်။

မိတ်ကီနီဟာ ရှင်းပြရတာကို သဘောကျနေတယ်။ မစ္စဆဗင်းနဲ့ မိတ်ဆွေကြီးများဟာ ကမ္ဘာဒီဘက်ခြမ်းမှာ ဘဝတွေ ဘယ်လို ရှင်သန် လှုပ်ရှားနေတယ်ဆိုတာ မသိကြဘူးပဲ။

"မိုးကြိုးလွှဲဆိုတာ သိတယ်မဟုတ်လား၊ အဲဒီ မိုးကြိုးလွှဲရောင်းအား ဟာ တစ်ကမ္ဘာလုံး အာဖရိကတိုက်မှာ အများဆုံးဗျ။ တောင်ကုန်းလေး တစ်ခုပေါ်မှာ မိုးကြိုးလွှဲတိုင် စိုက်ထားဖို့အတွက် ဘယ်လောက်မှ မကုန်ဘူး၊ အဲဒီလိုတပ်ထားရင် မိုးကြိုးက အဲဒီပဲ ပစ်တာ၊ ဒါဆို စုန်းအဖြစ် ယိုးစွပ်ခံရဖို့ လမ်းနည်းတယ်၊ ရှောင်လွှဲနိုင်တယ်"

"အို နိုင်ရိုဘီက ဘုရင်မကြီးကတော့ မိုးကြိုးလွှဲတွေဘာတွေ မလိုဘူးမဟုတ်လား"

"မှန်တယ်၊ ကျွန်တော် ပြောပြီးပါပကော၊ သူက စုန်းမ မဟုတ်ဘူး။ သူက မာဂန်ဂါ ပါဆို၊ မာဂန်ဂါ ဆိုတာ ဘာလဲလို့ ရှင်းပြစေချင်သေးလား မစ္စဆဗင်း"

မိတ်ကီနီက အဖြေကို မစောင့်ဘူး။

ပထမဆုံးအချက်အနေနဲ့ မာဂန်ဂါ တစ်ယောက်ဟာ ဘုရားသခင်ကို ယုံကြည်သူဖြစ်တယ်။ ဒါပေမဲ့ ဘုရားသခင်ကို ယုံကြည်မှုထဲမှာ ဆေးဖက်ဝင် အပင်၊ အဆောင်လက်ဖွဲ့နဲ့၊ ဆေးမြစ်တွေ ပေါင်းထားတယ်။ တကယ့် မာဂန်ဂါတစ်ယောက်ဟာ လူမှာဖြစ်ရတဲ့ ဝေဒနာဟာ ကိုယ်တွင်းက ကလီစာ ကြောင့်လား၊ ဝိညာဉ်လက်ချက်လား တန်းသိတယ်။ ဆေးပညာမှာ အကျိုးနဲ့ အကြောင်းဆိုတာ ရှိတယ်မဟုတ်လား။ အူအတက်ယောင်တာဖြစ်ဖြစ်၊ အေအိုင်ဒီအက်စ်ဖြစ်ဖြစ် အကြောင်းတရားကို မသိရင်ဖြင့် အလကားပဲ။ မမြင်ရတဲ့ စွမ်းအင်ဟာ ပိုပြီး အစွမ်းထက်တယ်ပေါ့။

"မမြင်ရတဲ့စွမ်းအင် ဟုတ်လား"

"ပဥ္စလက်ပေါ့ ၊ တန်ခိုးတော်ပေါ့၊ အိုလီကိုရင်ကိုရဲ့ နတ်ဩသခ ဆေးရည်လိုပေါ့ဗျာ"

ဂျူးလီးယပ်စ်ဟာ ဒီစကားဝိုင်းမှာ တစ်ခွန်းမှ ဝင်မပြောဘဲ နေခဲ့တယ်။ ခုတော့ သူ တစ်ခုသိချင်လာတယ်။ "မိတ်ကီနီရေ၊ ကညွတ်အစိမ်းလေ၊ ကညွတ်အစိမ်းမှာရော အဲသလို ပဥ္စလက် တန်ခိုးတော်တွေပါနိုင်လား" ဂျူးလီးယပ်စ်ရဲ့ မျက်စိထဲမှာ စီးပွားရေးအခွင့်အလမ်းကြီးတစ်ခုကို ပုံဖော်နေတယ်။ ဂူစတေ့ဗ်ဆဗင်ဆင် ပဥ္စလက်ကညွတ်၊ ရောဂါအားလုံး ပျောက်ကင်း သည့်၊ ပစ္စည်းမပြတ်ခင် ဦးအောင်ဝယ်ထားနိုင်မှ စိတ်ချရမည်။ "ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့လို့ ကျွန်တော်သာ အူအတက်ယောင်ရင် တော့ ခွဲစိတ်ခံရတာကိုပဲ သဘောကျတယ်ဗျာ" လို့ မိတ်ကီနီက ဖြေလိုက်တယ်။

ဆဗင်းအတွက် စဉ်းစားဖို့ အချိန်လိုအပ်နေတယ်။ မေမေ ဂါထရဲ့ ဇာတ်လမ်းတွေဟာ ဘာသာပြန်မှားမှုကြောင့် ခုလိုဖြစ်သွားတာလား။ အမေ့ရဲ့ နည်းလမ်းတွေကို အသုံးမကျဘူးဆိုပြီး လုံးဝဥဿုံ ပယ်လိုက်ရမှာလား။ တတိယနည်းလမ်းရော ရှိသေးလား။

※

တန်ဇန်းနီးယားနဲ့ ကင်ညာ နှစ်နိုင်ငံ နယ်စပ်ကို ရောက်ဖို့ သုံးနာရီ လောက် မောင်းလိုက်ရတယ်။ နယ်ခြားမှတ်တိုင်ကို လမ်းဘေးက ကျောက်တုံး အကြီးကြီးမှာ ထွင်းထားတယ်။ သူတို့ဒရိုင်ဘာက အရှိန်မလျှော့ဘဲ နယ်ခြားကို ဖြတ်လိုက်တဲ့အတွက် နယ်ခြားမှတ်တိုင်ကို မမြင်လိုက်ကြဘူး။

ကဲ ကျွန်တော့် ဇာတိမြေကနေ ကြိုဆိုပါတယ်"

နယ်ခြားမှတ်တိုင်ကျောက်တုံးကို ဖြတ်ပြီးမှ မိတ်ကီနီက ပြောလိုက်တယ်။

"နောက်မှာကြည့်စမ်း၊ ဟိုအငှားကားက ခုထိ လိုက်လာတုန်းပဲ" ဆဗင်းက နောက်ကိုကြည့်ရင်း ပြောနေတယ်။ သူ ခုထိ အကြောင်း မပြောသေးဘူးလေ။

ခတ်ဆီလောင်းလောင်း မလောင်းလောင်း မီးတော့အရှို့မခံချင်ပါဘူး။

အယ်လန်က နောက်ကို ဖြည်းဖြည်းချင်း လှည့်ကြည့်လိုက်တယ်။ မိတ်ကီနီရဲ့ မှန်ပြောင်းနဲ့ ကြည့်တာ။ နောက်ကကားဟာ အလှမ်းဝေးသေးပေ မယ့် မောင်းတဲ့လူဟာ အမျိုးသမီးတစ်ယောက်ဖြစ်မှန်း၊ ဘလေဇာကုတ် ဝတ်ထားမှန်း သူ တွေ့ရတယ်။ သြော် ဘလေဇာကုတ်နဲ့ပဲ။ မှန်းစမ်း။

"မိတ်ကီနီ ကား ခဏရပ်လိုက်စမ်းပါ၊ နောက်ကားပေါ်က အမျိုးသမီးနဲ့ ကျုပ် စကားနည်းနည်း ပြောစရာရှိတယ်၊ ကျုပ်တို့က လုပ်ဖော် ကိုင်ဖက်ဟောင်းတွေပဲဗျ"

မကြာခင် မှောင်တော့မယ်။ မိတ်ကီနီဟာ ဘေးဘီကို ကြည့်တယ်။ မြင်းကျားအုပ်က ညာဘက်မှာ၊ ခပ်အေးအေးပဲ။ ဘာဘွန်း မျောက်အုပ်စုက ဘယ်ဘက်မှာ၊ သူတို့လည်း အေးအေးဆေးဆေးပဲ။ ကောင်းကင်မှာ ငှက်တွေ အော်နေတာ မရှိဘူး။ ဒါဆို ဒီနားမှာ ခြင်္သေ့တို့ ကျွဲရိုင်းအုပ်တို့မရှိဘူး။ ရပ်ဖို့

စိတ်ချရတယ်။ ဒါပေမဲ့ မကြာစေနဲ့ အယ်လန်၊ ဆယ့်ငါးမိနစ်အတွင်း မှောင်တော့မှာ၊ တခြားလူတွေ ကားပြင်မထွက်ကြနဲ့။ ရပ်မယ်၊ ဒီနားမှာ၊ လုပ်ဖော်ကိုင်ဖက်ဟောင်း၊ ဟင် ဘာတွေလုပ်နေတာတုံး၊ ဒီ မြက်ခင်းပြင်ကြီး အလယ်မှာ ဘယ်က လုပ်ဖော်ကိုင်ဖက်ဟောင်းနဲ့ လာတွေ့နေတာလဲ။ ဆဗင်း ကြောက်တော့ ဂျူးလီးယပ်စ်လည်း ကြောက်လာတယ်။ အဘိုးကြီး စိတ်လွတ် သွားပြန်ပြီလား။

"ကဲ ကညွတ်တောင်သူကြီး စိတ်အေးအေးထား၊ အသက်ပြင်းပြင်း ရှူ ကြည့်နေ၊ ကျုပ် ဘာမှ မဖြစ်ဘူး"

အယ်လန်က နှစ်သိမ့်လိုက်တယ်။

မိတ်ကီနီက ကားကို လမ်းဘေးချရပ်လိုက်တော့ နောက်က အငှား ကားကလည်း လိုက်ရပ်တယ်။ မီတာ ၁၅၀ အဝေးမှာပေါ့။ အယ်လန်ဟာ လင်ခရူဇာထဲက ထွက်လိုက်တယ်။ နောက်ကကားဆီ လျှောက်သွားတယ်။ မှန်ပြောင်းနဲ့ ထပ်ကြည့်တယ်။ ဟုတ်ပ၊ သူမှန်တယ်။ နောက်ကားထဲက ဘလေဇာကုတ်နဲ့ မိန်းမကို သူ လှမ်းခေါ်လိုက်တယ်။

"လာ လာ မဒမ်၊ အိမ်ခြံမြေလုပ်ငန်းရှင်ကြီး ဒီကိုလာ မရှက်နဲ့"

※※※

(၇၀) တန်ဖိုးနီးယား၊ ကင်ညာ

အဒေးဂျင့် မယ်(ခ)ဟာ ကားနောက်ခန်းထဲမှာ တုန်တုန်ခိုက်ခိုက်နဲ့ ကွေးရင်း နောက်ဆုံးတော့ နာရီ နည်းနည်းလောက် အိပ်လိုက်ရတယ်။ မနက်ခင်း နေထွက်လာတဲ့အခါ အအေးဓာတ်လျော့သွားပြီး တဖြည်း ဖြည်း ပူလာတယ်။ အဲဒီနောက်မှာတော့ သူ တစ်နေကုန် ဘာမှလုပ်စရာမရှိဘူး၊ လူတစ်သောင်းကျော်ကြားမှာ ကားလ်ဆန်ကို ဘယ်လိုလုပ်ရှာမလဲ။ ဒါကြောင့် သူတို့ စီးလာတဲ့ကားကို တစ်နေကုန် မျက်ခြည်မပြတ် စောင့်ကြည့် နေလိုက်တယ်။ ညြော် သူတို့ဟာ အလာလမ်းအတိုင်း မပြန်ဘူးပဲ၊ မြောက်ဘက်ကို ဦးတည်ပြီး ပိုဆိုးတဲ့လမ်းတွေ ပေါ်ကနေ မောင်းချသွားပြီ။

ကားတစ်စီးနောက်ကို နောက်ယောင်ခံတော့မယ် ဆိုရင် အနည်းဆုံး နောက်ယောင်ခံမယ့်ကားရဲ့ ရှေ့မှာ တစ်စီး၊ နောက်မှာ တစ်စီး အကူလိုက်ပြီး အချင်းချင်း ဝေါကီ တော်ကီနဲ့ မပြတ်ဆက်သွယ်ရတယ် ဆိုတာကို အဒေးဂျင့်တိုင်း သိတယ်။ ဒါပေမဲ့ ခုတော့ အဒေးဂျင့်(ခ) ဟာ တစ်ကိုယ်တော် ကြိတ်နေရတယ်။ ဒီကြားထဲ လမ်းကလည်း လမ်းမှမဟုတ်ဘဲ။ တိရစ္ဆာန် သွားတဲ့ မြေသားလမ်းပဲ။ အချိန်မရွေး သူ နောက်ယောင်ခံလိုက်နေတာ ပေါ်သွားနိုင်တယ်။

သူဟာ တတ်နိုင်သမျှ အလှမ်းခွာပြီး လိုက်ပါတယ်။ ရှေ့မီးကြီး ကိုလည်း ပိတ်ထားတယ်။ ဒါပေမဲ့ ဒီ ဆွိဒင်တွေရဲ့ကားကို မြင်ကွင်းထဲက အပျောက် မခံနိုင်ဘူး။ တစ်နေရာရာမှာ ကွေ့သွားလို့ မြင်ကွင်းထဲက ပျောက်သွားရင် သွားပြီ။ ဘယ်တော့မှ ပြန်ရှာတွေ့တော့မှာ မဟုတ်ဘူး။

တကယ်တော့ စိတ်ညစ်စရာပဲ။ မနေ့ညက အတွေ့အကြုံတွေ ခေါင်းထဲပြန်ဝင်လာတယ်။ ဘဝက ဘယ်လိုများဖြစ်ရတာလဲ ဟယ်။ လူ တစ်ယောက်မှမရှိတဲ့ အာဖရိကန် ဆဗားနား မြေလမ်းပေါ်မှာ ဘယ်ကို ဦးတည်နေမှန်းလည်း မသိဘဲ။ တစ်ယောက်တည်း။ ကိုယ့်ဘဝကိုယ် ပြန်ဖျက်ဆီးနေရသလိုပါပဲ။

အလို အခြေအနေက ဆိုးရာကနေ အဆိုးဆုံး ဖြစ်လာပြီ။ သူ့ပစ်မှတ်ဟာ ခု လမ်းလယ်ကောင်မှာ ရပ်ပြီး သူ့ကို မိတ်ဆွေဟောင်းလို ရင်းနှီးတဲ့လေသံနဲ့ လှမ်းခေါ်နေပြီ။

မယ်ခ ဟာ ကားကို နောက်ပြန်ဆုတ်ပြီး ထွက်ပြေးမလို့ ကြံတယ်။ ဒါပေမဲ့ အခြေအနေက သိပ်ဆိုးသွားပြီ။ ၁၀၁ နှစ်သား ရန်သူကြီးဟာ တကယ်ရန်သူရော ဟုတ်လို့လား။ ခု နောက်ယောင်ခံတာ ကလည်း ပေါ်သွားပြီပဲ။ ကဲလေ ဘာများ ဆုံးရှုံးစရာရှိလို့လဲ။ သတိပေးခံရမှာလား။ ရိုဒယ်ဟိမ်းမှာ လက်ပြပုလိပ် လုပ်ရမှာလား၊ စုံထောက်လုပ်ရမှာလား၊ ဒါလည်း ကောင်းတာပဲ။ ဒါပေမဲ့ သွားကိုက်လို့ သွားဆေးခန်းသွားဖို့ လိုလာရင် ဘယ်လိုလုပ်မလဲ။

အေးဂျင့်မယ်ခ ဟာ ကားပေါ်က ဆင်းပြီး အယ်လန့်ဆီ လျှောက်သွားလိုက်တယ်။ စကားတော့ တစ်လုံးမှ မပြောဘူး။

"ကောင်းသောနေ့ပါ၊ ကောင်းသောနေ့ပါ၊ ကျုပ်တို့ နောက်ဆုံး စကားပြောပြီး ခင်ဗျား ရင်းနှီးမြှုပ်နှံစရာ အိမ်ခြံမြေတွေ ရှာတွေ့ပြီလား"

တကယ့် အိမ်ခြံမြေလုပ်ငန်းရှင်တွေ ဘယ်တော့မှ မလာမယ့် မြေကမ္ဘာရဲ့ တစ်နေရာမှာ သူတို့ ရပ်စကားပြောနေကြတာလေ။ အေးဂျင့် မယ်ခဟာ သူ့ဘဝရဲ့ နောက်ဆုံး ခုနစ်နှစ်သက်တမ်းကို လျှို့ဝှက်ခြင်းနဲ့ ကုန်ဆုံးစေခဲ့တာ။ ခု သူ ပင်ပန်းလှပြီ။ ဆာလည်းဆာ၊ ရေလည်းငတ်၊ မောလည်းမော၊ ဘဝကိုလည်း စိတ်ပျက်လှပြီ။ လမ်းလယ်မှာရပ်နေတဲ့ အဖိုးကြီးဟာ ရန်သူသာဆိုတယ် ခင်ချင်စရာကြီး။ ကဲ တော်ပြီ။ သူ စိတ်ဆုံးဖြတ်လိုက်တယ်။

"ရှာမတွေ့ပါဘူး၊ ကျွန်မနာမည်က ဖရက်ဒရင်ကာ လန်ဂါ ပါ၊ ဂျာမနီ ဖက်ဒရယ်သမ္မတ နိုင်ငံတော် လုံခြုံရေးအဖွဲ့မှာ အလုပ်လုပ်ပါတယ်။ အာဖရိက,ကနေ မြောက်ကိုရီးယားကို ယူရေနီယံ မှောင်ခိုပို့မယ့်ကိစ္စကို တားဆီးနေတာပါရှင့်"

"အင်း .. ကျုပ်လည်း အဲသလို တွေးမိပါတယ်။ ဒါရက်စ်ဆလန် လေဆိပ်မှာကတည်းက ခင်ဗျားက ကျုပ်တို့နောက်မှာ တန်းစီတာလေ။ လေယာဉ်ပေါ်ရောက်လို့ စကားပြောကြည့်တော့ ခင်ဗျားဟာ ကိုယ်သွားရမယ့် နေရာအကြောင်း ဘာမှမသိဘူး၊ မူဆိုးမားမှာ အိမ်ခြံမြေလုပ်ငန်းရှင်မရှိဘူးလို့ ဖြီးလိုက်တော့လည်း ခင်ဗျားက ယုံတာပဲ။ ကျုပ်တို့ တစ်ယောက်နဲ့ တစ်ယောက် အကြီးအကျယ် အထင်မှားနေကြတာဗျ၊ ခင်ဗျားက မနေ့ ကတည်းက အဝတ်အစားကို မလဲနိုင်ရှာဘူး၊ ခု ဆဗားနားထဲမှာ ကျုပ်တို့က လွဲလို့ တခြားလူသူလည်း မရှိဘူး ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်ရှင်"

သူ့ဘဝမှာ တစ်ခါမှ ဒီလောက်ထိ ပရော်ဖက်ရှင်နယ် မဆန်တာမျိုး မဖြစ်ဖူးဘူး။

"မစ္စတာ ကားလ်ဆန် ဘာတွေဖြစ်နေတာလဲ"

မိတ်ကီနီက လိုက်လာပြီး မေးလိုက်တယ်။

"ကိစ္စလေး နည်းနည်းပါးပါးပါ၊ ခင်ဗျားတို့နှစ်ယောက်ကို ကျုပ်ပဲ မိတ်ဆက်ပေးပါရစေ"

မိတ်ကီနီဟာ ဓားနဲ့ တင်းပုတ်ကို အသင့်ကိုင်ထားတယ်။ ဒါပေမဲ့ အယ်လန့်အခြေအနေကို မြင်ရတော့ ဒါတွေမလိုဘူးဆိုတာ သူ ချက်ချင်း သဘောပေါက်တယ်။ အေးဂျင့်ကလည်း နောက်ယောင်ခံသာ လိုက်လာရတာ လက်နက်က မပါဘူး။

မိတ်ဆက်ကြပြီးတဲ့အခါ အယ်လန်က သူတို့နဲ့အတူ မိတ်ကီနီရဲ့ ဆာဖာရီ စခန်းကို လိုက်ခဲ့ဖို့ အေးဂျင့်ကို ဖိတ်ခေါ်တယ်။ ပြောစရာစကားတွေ

အများကြီးရှိသတဲ့။

"သဘောတူရဲ့လား မစ္စစ်လန်ဂါ"

အင်း- တူတယ်။

"ဒီမှာအကြာကြီးရပ်နေလို့ မဖြစ်ဘူး၊ ဒါရော သဘောတူလား မစ္စစ်လန်ဂါ "

တူတယ် တူတယ်။

"ကဲ ဒါဆို သွားကြစို့၊ ကျွန်တော့်ကားနောက်ကနေ လိုက်ခဲ့ပါ မစ္စစ်လန်ဂါ" လို့ မိတ်ကီနီက ပြောလိုက်တယ်။

※

အယ်လန်ဟာ မစ္စစ်လန်ဂါ ရဲ့ကားနဲ့ လိုက်လာခဲ့တယ်။ ဒါကြောင့် လမ်းမှာ စကားပြောသွားကြတယ်။ အေးဂျင့်မယ်ခ အဲ- အေးဂျင့် လန်ဂါ လည်း တဖြည်းဖြည်း စိတ်သက်သာရာ ရလာတယ်။ တကယ်လို့ ကားလ်ဆန်က သူ့ကို လှည့်စားနေတာဆိုရင်လည်း ဘာလက်နက်မှ မပါတဲ့ အတွက် သူ ဘာမှမတတ်နိုင်ပါဘူးလေ။

ခရီးစဉ်တစ်လျှောက်မှာ အယ်လန်ဟာ ဘာလီကျွန်းကနေ မိုးပျံ ပူဖောင်းနဲ့ ထွက်လာတဲ့ကိစ္စကစလို့ သူ့ဘဝဇာတ်ကြောင်းကို နည်းနည်းချင်းစီ ပြောပြလာတယ်။ လန်ဂါဟာ အယ်လန်ပြောသမျှ စကားလုံးတိုင်းကို ယုံတယ်။ တကယ်လို့သာ ကားလ်ဆန်ဟာ မြောက်ကိုရီးယားအတွက် ယူရေနီယံ မှောင်ခိုသွင်းပေးမယ့်လူဆိုရင် မြောက်ကိုရီးယားကနေ ထွက်ပြေး လာစရာအကြောင်း မရှိဘူးလေ။ မြောက်ကိုရီးယားရဲ့ ယူရေနီယံ လေးကီလိုဂရမ်ကို အမေရိကန်ထိ ယူလာ၊ ပြီးတော့ ဂျာမန်သံရုံးကို ပေးပစ် ခဲ့ပြီး အဓိပတိကို မေတ္တာစာပါးစရာအကြောင်းလည်း မရှိဘူးမဟုတ်လား။

"ပြုံယမ်းက ပလူတိုနီယံ ခတ်ခွဲခန်း ညွှန်ကြားရေးမှူးကတော့ ယူရေနီယံပမာဏ အများကြီး ထပ်ရစရာရှိတယ်လို့ ပြောတယ်၊ အဲဒီ ယူရေနီယံက ဒီကနေ ပို့မှာလား"

"အင်း ဒါကိုပဲ သံသယဖြစ်နေကြတာပေါ့၊ တကယ်တော့ တိတိကျကျပြောရရင် ကွန်ဂိုက ပို့မှာပါ။ ကားလ်ဆန်နဲ့ ဂျွန်ဆင်ကို ကယ်ခဲ့တဲ့ သင်္ဘောနဲ့ပဲပေါ့။ မဒါဂါစကာ တောင်ဘက်မှာ ယူရေနီယံကို သင်္ဘောပေါ် တင်မယ်လို့ သတင်းတွေအရ အတော်သေချာနေတယ်"

"ဒါဆို ခင်ဗျားက ဒီမှာ ဘာလာလုပ်နေတာလဲ"

အေးဂျင့်လန်ဂါက စိတ်ဆိုးသွားတယ်။ သူကပဲ မေးရတယ်ရှိသေး။

"တော့်ကြောင့်ပေါ့၊ ရှင်ကြီးကြောင့်သာမဟုတ်ရင် ကျွန်မ အဲဒီကို ရောက်နေပြီပေါ့"

"အို အဲဒီလိုလား သိပြီ သိပြီ"

လမ်းဟာ ဆိုးသထက် ဆိုးလာတယ်။ တချို့နေရာတွေမှာ သဲချောင်းတွေကြောင့် လမ်းက မနည်းပြန်ရှာရတယ်။ ဟိုနား ဒီနားမှာ

ရေအိုင်ကလေးတွေ၊ ရေစီးကြောင်းတွေ ဖြစ်နေတယ်။ ကင်ညာ ဆဗားနား ကွင်းပြင်ကြီးထဲမှာ လမ်းညွှန်ဆိုင်းဘုတ် ဘယ်ရှိပါ့မလဲ။ ဒါကြောင့် လမ်း နှစ်မြွာကွဲနေရင် ဘယ်ဘက်လိုက်မလား၊ ညာဘက်လိုက်မလား ရွေးရတယ်။ မိတ်ကီနီကတော့ ဘယ်မောင်းတိုင်းပြည်မှာ မွေးဖွားကြီးပြင်းခဲ့သူပီပီ အမြဲတမ်း ဘယ်ဘက်ချည်း လိုက်တော့တာပဲ။

ဒါပေမဲ့ အေးဂျင့်လန်ဂါ ကတော့ မလာချင်ဘဲ လာရတာလေ။ ခုရောက်နေတဲ့နေရာကို တစ်ခါမှ မရောက်ဖူးဘူး။ သူဟာ သူ့သက်တမ်း ၃၅ နှစ်ကို ဖရန့်ဖွတ်-မိန်း အမြန်လမ်းမ အေ ၅ နဲ့ ခဲတစ်ပစ်လောက်ပဲဝေးတဲ့ အိမ်မှာ ကုန်ဆုံးခဲ့တာ။ ဂျာမနီ အမြန်လမ်း အေ ၅ နဲ့ ခုသွားနေတဲ့ ကင်ညာတောလမ်း စီ ၁၂ ရဲ့ ကွာခြားချက်ကတော့ အေ ၅ ဟာ တစ်နာရီ ကီလိုမီတာ နှစ်ရာနှုန်းလောက် မောင်းလို့ရပြီး စီ ၁၂ ကတော့ တစ်နာရီ ဆယ်ကီလိုမီတာ အလွန်ဆုံးပဲ။ ပြီးတော့ ဂျာမနီနဲ့ ကင်ညာဟာ လမ်းယူပုံက တခြားစီ။

ဒါကြောင့် မိတ်ကီနီ အသာလေး ဘေးကနေ ကပ်ကျော်သွားနိုင်တဲ့ ရေအိုင်ကြီးကို အေးဂျင့်လန်ဂါ က တည့်တည့်မောင်းမိတယ်။ အဲလိုမောင်းတော့ ရှေ့တာယာတွေဟာ အိုင်တဲနစ်သွားပြီး ခဏနေတော့ သူ့ကားဟာ စက်သေ သွားတော့တယ်။ တဖြည်းဖြည်း အိုင်ထဲနစ်ဝင်နေတဲ့ကားကို ကြည့်ရင်း အေးဂျင့် လန်ဂါဟာ အခြေအနေတွေကတော့ အဆိုးဆုံးဖြစ်နေပြီလို့ တွေးလိုက်တယ်။

အယ်လန်နဲ့ အေးဂျင့်ကို ရေအိုင်ထဲနစ်နေတဲ့ ကားထဲက ထုတ်ရတာ က စွန့်စားခန်းကြီးတစ်ခုပဲ။ မိတ်ကီနီဟာ ရေ ဘယ်လောက်နက်သလဲဆိုတာ တုတ်နဲ့ ထောက်စမ်း၊ သူ့ကားကို ဖြေးဖြေးချင်းမောင်းဝင်၊ နစ်နေတဲ့ကားနဲ့ ဘောနက်ချင်းတွေ့ပြီး အေးဂျင့်နဲ့ အယ်လန်ကို ဘောနက်ပေါ်ကတစ်ဆင့် ကယ်ထုတ်ရတယ်။

"ကဲ ခင်ဗျားကားကို ထားခဲ့တော့။ ခု ဆွဲထုတ်လို့လည်း ရမှာ မဟုတ်ဘူး အန္တရာယ်လည်း မကင်းဘူး၊ ရေထဲပဲ နေပါစေတော့"

မိတ်ကီနီက အေးဂျင့်လန်ဂါကို ပြောလိုက်တော့ . .

"အို ကျွန်မက တမင်ရေထဲနှစ်ထားတာမှ မဟုတ်ဘဲ" လို့ လန်ဂါက နှုတ်လှန်ပြန်ထိုးလိုက်သလေ။

※※※

(၇၁) ကင်ညာ

ခုထိ ထင်မိယောင်မှား အရှိန်မပြေသေးတဲ့ အေးဂျင့် ဟာ မိတ်ကီနီ နေရာချပေးထားတဲ့ တည်းခိုဆောင်လေးရဲ့ ဝရန်တာမှာ ထိုင်နေတယ်။ ကိစ္စတွေက ဖြစ်ပျက်တာ မြန်လွန်းလို့ ခုထိ သူ အိပ်လို့မရသေးဘူး။ အရုဏ်လာပြီ၊ ရောင်နီပျို့လာတာကို သူ အထီးကျန်စွာနဲ့ ကြိုဆိုနေခဲ့တယ်။ ဆာဖာရီစခန်းဟာ ကင်ညာ ဆဗားနားရဲ့ ဗားဒန့် တောင်ကြားဒေသမှာ တည်ရှိတယ်။ တစ်ဖက်တစ်ချက် က တောင်တန်းကြီးတွေရဲ့ တောင်ခြေရင်းမှာ တည်းခို ဆောင် တဲကလေးတွေ အပုံ့ပုံ့အနှံ့နှံ့။ အောက်ဘက် မီတာနှစ်ရာလောက် အကွာမှာတော့ အင်မတန် ကျယ်ပြန့် တဲ့ ရေအိုင်ကြီးရှိတယ်။ နေထွက်လာတာနဲ့ တိရစ္ဆာန်တွေ ဟာ အဲဒီရေအိုင်ကြီးမှာ အလျှိုအလျှို ရေလာသောက်ကြတယ်။ ပထမဆုံး အာဖရိကန် ဒရယ်လေး နှစ်ကောင်၊ ဟော . ဆင်အုပ်ကြီး ရောက်လာပြီ။ ဒရယ်လေးတွေ နေရာဖယ်ပေးရပြီ။

တောင်ကြားဒေသတွင်း တိတ်ဆိတ်မှုက အံ့မခန်းပဲ။ ဂျာမနီနဲ့တောင် တူသေးတော့။ အဲ-အခြေအနေကတော့ ကွဲပြားတာပေါ့လေ။

တိတ်ဆိတ် ငြိမ်းချမ်းမှု အရသာကို ဖျက်ဆီးကြတာက အယ်လန်နဲ့ ဂျူးလီးယပ်စ်။ နှစ်ယောက်သား လမ်းလျှောက်ပြီး ချီတက်လာကြတယ်။ အရုဏ်လာတာနဲ့ တိရစ္ဆာန်ရိုင်းကြီးတွေဟာ အမဲလိုက်တဲ့အလုပ်ကို နားလိုက် ကြတဲ့အတွက် ဘေးမသီ ရန်မခ လမ်းလျှောက်နိုင်ကြသလေ။

"မင်္ဂလာမနက်ပါ မဒမ် အေးဂျင့်၊ အိပ်လို့ပျော်ပါစ"

အယ်လန်က အေးဂျင့်လန်ဂါကို နှုတ်ခွန်းဆက်သလိုက်တယ်။ "ဟောဒီမှာ မနက်စာ ခင်ဗျ၊ စားလိုက်ပါဦး" ဂျူးလီးယပ်စ်က သူယူလာတဲ့ မနက်စာဗန်းကို ချပေးလိုက်တယ်။ ဟင်- မဒမ်အေးဂျင့် ဆိုပဲ့လား၊ ဒါဆို မနေ့ညက ငါ အကုန်ပြောပြ လိုက်မိပြီပေါ့။ ကားလ်ဆန်ကလည်း သူသိသမျှ ကျန်တဲ့လူတွေကို ပြောပြ ထားပြီးပုံပဲ။

"အိပ်ပျော်ပါတယ် ကျေးဇူးပါပဲ၊ မနက်စာအတွက်လည်း ကျေးဇူး တင်ပါတယ်၊ ထိုင်ကြပါ"

အေးဂျင့်လန်ဂါဟာ အပူရုပ်ကို ဟန်လုပ်ပြုံးရင်း အဘိုးကြီး နှစ်ယောက်ကို ကြိုဆိုတယ်။

အေးဂျင့်နဲ့ အဘိုးကြီးနှစ်ယောက်ဟာ ကော်ဖီရယ်၊ ကြက်ဥကြော် တွေရယ်၊ ဆာဖာရီ စခန်းဥယျာဉ်က လတ်လတ်ဆတ်ဆတ် သဘော်သီး တွေရယ်ကို စားသောက်ရင်း အနာဂတ်အတွက် ဆွေးနွေးဖို့ စိုင်းပြင်းကြတယ်။ အေးမြတဲ့အရုဏ်ဦးကနေ နွေးထွေးတဲ့ နေ့သစ်ကို ကူးလာခဲ့ပြီ။ အီကွေတာ တောင်ဘက်၊ ပင်လယ်ရေမျက်နှာပြင်အထက် မီတာနှစ်ထောင်မြင့်တဲ့ ဒီဒေသ ဟာ

အင်မတန် အေးချမ်းလှတယ်။

အယ်လန်က လက်စွဲတော် တက်ပလက်ကို ယူလာတယ်။ တက်ပလက်ထဲ တွေ့သမျှကိစ္စကို ပြောပြဖို့ အဆင်သင့်ပဲတဲ့။ ပြီးခဲ့တဲ့ အခေါက်တုန်းကတော့ ဂျူးလီးယပ်စ်က နားမထောင်ချင်တာနဲ့ မြေထဲပင်လယ်မှာ ရေနစ်သေတဲ့ ဒုက္ခသည်ပမာဏကို မပြောလိုက်ရဘူး။

သူနဲ့ ဆဗင်းကို ကာလရှည်ကြာ နှိပ်စက်ခဲ့သလိုမျိုး အေးဂျင့်ကို မနှိပ်စက်ဖို့ အယ်လန့်ကို ဂျူးလီးယပ်စ်က သတိပေးပေမယ့် အေးဂျင့်ကတော့ ယဉ်ကျေးပျူငှာစွာနဲ့ ခေါင်းကလေး ညိတ်ပြရှာတယ်။ ဆဗားနားနဲ့ ချုံပုတ်တွေ အပြင်ဘက်မှာ ဘာတွေဖြစ်နေသလဲဆိုတာ ကြားချင်သားပဲ။ အရှေ့ဖျားက မြင့်မြတ်လှစွာသော မဟာခေါင်းဆောင်ကြီးဆီကရော ဘာစတန့် အသစ် အဆန်းတွေ ကြားရဦးမလဲ။

အင်း-ဒါပေမဲ့ အဲဒီအကြောင်းက တက်ပလက်ထဲ ရောက်မလာနိုင် ဘူးခင်ဗျ၊ ဒီအစား စိတ်ဝင်စားစရာ တခြားတစ်ခုခု ပြောပြမယ်လေ။

"နိုး နိုး မပြောနဲ့ အယ် လန်"

ဂျူးလီးယပ်စ်က တားလိုက်ပေမယ့် မရတော့ဘူး။ အယ်လန်ပြောပြီ။

ဆွီဒင်မှာပေါ့။ အမျိုးသားလုံခြုံရေးဌာနရဲ့ တားမြစ်ချက်၊ သတိပေး ချက်ကို ဖီဆန်ပြီး သယ်ယူပို့ဆောင်ရေး အေဂျင်စီတစ်ခုဟာ သူတို့ရဲ့ သတင်း အချက်အလက် ဒေတာဘေ့စ်တစ်ခုလုံးကို အရှေ့ဥရောပ ကုမ္ပဏီတစ်ခုကို လက်လွှဲပေးလိုက်သတဲ့။ အဲဒီထဲမှာ တိုက်လေယာဉ်ပိုင်းလော့တွေနဲ့ အစိုးရ ဝန်ထမ်းတွေရဲ့ လျှို့ဝှက်သတင်းအချက်အလက်တွေပါ ပါသွားတယ်။ ဒါကြောင့် ဆွီဒင် သယ်ယူပို့ဆောင်ရေး အေဂျင်စီ ဒါရိုက်တာကို အလုပ် ဖြုတ်တယ်၊ ကရိုနာ ခုနစ်သောင်း ဒဏ်ရိုက်တယ်။ လျှော်ကြေး ကရိုနာ လေးသန်း ပေးဆောင်စေတယ်တဲ့။

“ကျုပ် မှန်းကြည့်ပါရစေ အေးဂျင့်လန်ဂါ၊ ဆွီဒင်မှာ အခြေစိုက်တဲ့ ဘီအန်ဒီ အေးဂျင့်ရယ်လို့ မရှိဘူးမှတ်တယ်။ ဘယ်ရှိပါ့မလဲ လိုမှ မလိုအပ်တာ၊ ကျုပ်တို့ဆီမှာက လျှို့ဝှက်အပ်သော အရာဟူသည် နတ္ထိမရှိ ခင်ဗျ”

ဂျူးလီးယပ်စ်ဟာ ထောင့်ကလေးတစ်ခုမှာ ငြိမ်ငြိမ်လေးနေတာကို အယ်လန် သတိပြုမိတယ်။ အင်း သူလည်း ခုတော့ သတင်းနှိပ်စက်တဲ့ ဒဏ်ကို သည်းခံတတ်လာပြီပဲလို့ တွေးမိတယ်။

ထရမ့်ကတော့ ထရမ့်ပီသစွာ ထရမ့်ဖြစ်နေတုန်းပဲ။ ဆော်ဒီအာရေဗျ ကတော့ အနောက်တိုင်း ရေစီးတဲ ရေလွှာလျှောစီးဖို့ ကြံနေပြီ။ ခု မိန်းမတွေ ကားမောင်းခွင့်ပေးရုံမကဘူး ၁၉၈၃ ကနေစလို့ ပထမဆုံးအကြိမ်အဖြစ် ယောကျ်ားနဲ့ မိန်းမတွေ အတူတူ ရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်ခွင့်ပြုသတဲ့လေ။ မကြာခင် သောက်ခွင့်လည်း ပေးတော့မယ်နဲ့ တူပါရဲ့။

သူပြောတာကို ဘယ်သူမှ မတုန့်ပြန်ဘူး၊ ငြိမ်ပြီးနေကြတယ်။ ဒါကြောင့်

အကြောင်းအရာ ပြောင်းပြောဖို့ စိတ်ကူးမိတယ်။

“ဒီသတင်းလေးကတော့ ခင်ဗျားကြိုက်မှာ ဂျူလီ”

တောင်အာဖရိကနဲ့ ဆီနီဂေါ ဘောလုံးပွဲမှာ ဆီနီဂေါ ဘောလုံးသမား တစ်ယောက်ဟာ သူ့ ပင်နယ်တီဧရိယာထဲမှာ ဘောလုံးကို ဒူးနဲ့တိုက်မိတယ်။ ဒါကို ဂါနာဒိုင်လူကြီးက တောင်အာဖရိကဘက်ကို ပင်နယ်တီ ပေးသတဲ့။ အဲဒီ ဒိုင်လူကြီးကို ဘောလုံးလောက,က ရာသက်ပန် ပွဲပယ်လိုက်သတဲ့။

သူ့နာမည် ဂျူလီမဟုတ်ဘူးလို့ ပြောတာကလွဲလို့ ဂျူးလီးယပ်စ်က မလှုပ်ဘူး။ အေးဂျင့်ကတော့ လှုပ်တယ်။

“ဟင် ဘောလုံးကို ဒူးနဲ့တိုက်တာ ခွင့်မပြုဘူးလား”

သူ့ဘဝ တစ်သက်တာလုံး အားကစားကို ဝေရာမဏိခဲ့တဲ့ အေးဂျင့် က မေးလိုက်တယ်။

“ဒါ မေးရမယ့်အချက် ခင်ဗျ။ အဲဒီမှာပဲ လာဘ်စားမှုနဲ့ အင်မတန် ကျော်စောသတင်းကြီးတဲ့ ဖီဖာဟာ ဒိုင်လူကြီး လာဘ်စားတယ်လို့ ဆုံးဖြတ် သတဲ့၊ ခု အဲဒီပွဲကို ပြန်ကစားရမတဲ့လေ”

ဆိုဖာပေါ်မယ် မျက်နှာအိုကြီးနဲ့ ထိုင်နေတဲ့ မိတ်ဆွေကြီး ဂျူးလီးယပ်စ် တက်တက်ကြွကြွဖြစ်စေဖို့ နောက်ဆုံးတစ်နည်းပဲ ကြိုးစားဖို့ ရှိတော့တယ်။ အားကစားစကားနဲ့ ပြောရရင်တော့ သူ့ကို အလှည့်ပေး လိုက်မယ်။ ကြည့်ကြသေးတာပေါ့။

“ခင်ဗျား ကညွတ်နဲ့ပတ်သက်လို့ ဘာသိသလဲ မဒမ်အေးဂျင့်”

ဟင် ဘာလဲ။ ဒီလိုမေးခွန်းမျိုး မေးလိမ့်မယ်လို့ အေးဂျင့်ဟာ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူး။

“ကညွတ်၊ ဟုတ်လား၊ ကျွန်မက ကညွတ်နဲ့ပတ်သက်လို့ အင်မတန် အကျွမ်းတဝင် ရှိခဲ့တာပေါ့၊ ကျွန်မအဘိုးက ဂျာမန် ကညွတ် အကြီးအကျယ် စိုက်တဲ့ ရှဝစ်ဇင်ဂန်မှာမွေး၊ ရှဝစ်ဇင်ဂန်မှာကြီးတဲ့ ကညွတ်တောင်သူကြီးလေ”

အယ်လန်ကတော့ ရှဝစ်ဇင်ဂန် ဆိုတဲ့ နာမည်ကို အရက်လို့ ထင်နေတယ်။ အေးဂျင့်လန်ဂါက ရှဝစ်ဇင်ဂန်ဟာ အရက်နဲ့ ဘာမှမဆိုင်ဘူး၊ ကညွတ် နဲ့တွဲပြီးသာ လူသိများတာလို့ ပြန်ပြောတယ်။

မျက်နှာအိုကြီးနဲ့ ဂျူးလီးယပ်စ်ဟာ ဆတ်ခနဲ ထထိုင်လိုက်တယ်။ “ဟုတ်လား၊ ထပ်ပြောပါဦး”

"အား . . ဂျူလီ ပြန်လည်ကြိုဆိုပါတယ်”

အယ်လန်ရဲ့ အကွက်ရွှေ့မှုက အောင်မြင်တယ်ပေါ့။

ဒီမှာပဲ ဖရက်ဒရင်ကာ လန်ဂါဟာ ကညွတ်ချစ်သူမှန်း သိလိုက်ကြ ရတယ်။ ဒါပေမဲ့ ဂျူးလီးယပ်စ်သိတဲ့ ကညွတ်စိမ်း မဟုတ်ဘူး။ သူ ချစ်တာက ကညွတ်ဖြူ။ လန်ဂါ့အဘိုး ဂန်သာဟာ ရှဝစ်ဇင်ဂန်ရဲ့ စွန့်ဦးတီထွင် ကညွတ်လုပ်ငန်းရှင်တွေထဲက တစ်ယောက်ပေါ့။ စိုက်ခင်းထဲတွားသွားရင်း ကညွတ်တစ်ပင်ချင်းစီကို အချိန်ပေးပြီး

ကြည့်၊ ပြုစု၊ စကားစမြည်ပြောသတဲ့။ အိမ်ရောက်တော့ လန်ဂါ့အဘွား သူ့မယား မာတဲလ်ဒါနဲ့အတူ ကညွတ်ဖြူ ဟင်းအမျိုးမျိုးကို စမ်းသပ် ချက်ပြုတ်သတဲ့။

"ဘယ်လို ကညွတ်ဖြူ ဟုတ်လား၊ တကယ့်ကညွတ်က အစိမ်း ပါဗျ"

ဒီကိစ္စဟာ ဘာလီမှာတုန်းက ဂျူးလီးယပ်စ်နဲ့ ဂူစတေ့ဗ်တို့ အငြင်းပွားရတဲ့ကိစ္စပေါ့။ ဂူစတေ့ဗ်က သူတို့စိုက်ခင်းမှာ ၂၀% လောက်ကို ကညွတ်ဖြူစိုက်ကြမလားလို့ အကြံပေးတယ်လေ။ ကညွတ်ဆိုတာ အစိမ်းပဲ ရှိတာကို။

အေးဂျင့်လန်ဂါဟာ ဒီနှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ပြုံးလိုက်တယ်။

"မစ္စတာဂျွန်ဆင်၊ ရှင်ပြောနေတဲ့အကြောင်းအရာကို ရှင် သေချာ သိတယ်လို့ ကျွန်မတော့ မထင်ဘူးရှင့်"

※

မိတ်ကီနီရဲ့ ဆာဖာရီ ခရီးသွားဧည့်သည် အုပ်စုဟာ စီစဉ်ထားတဲ့အတိုင်း အချိန်မှန် ရောက်လာကြတယ်။ မစီစဉ်ဘဲ ရောက်လာကြတဲ့ ဆွီဒင်နဲ့ ဂျာမန်ဧည့်သည်တွေကတော့ သုံး - လေးရက်လောက် ကိုယ့်အစီအစဉ် နဲ့ကိုယ် စခန်းမှာ နေရစ်ကြ။

အယ်လန်ကတော့ ပင်မဆောင် ဝရန်တာကြီးမှာ ထိုင်ရင်း တောင်ကြားနဲ့ ရေကန်ကြီးကို ငေးနေတတ်တယ်။ မြင်နေရတဲ့ မြင်ကွင်းဟာ ရိုးမသွားဘူး။ ရေကန်ကို ရေသောက်ဆင်းတဲ့ ဒရယ်လေးတွေ၊ ပြီးရင် ဆင်အုပ်ကြီး၊ ပြီးရင် ခြသေ့်တွေ၊ ပြီးရင် တစ်ကောင်တည်း ဒါပေမဲ့ ကြွဲဆိုတဲ့ မိုက်တီးတွေ။ သစ်ကုလားအုတ်တွေကတော့ ရေသောက်ဖို့အရေး အတော် ကြိုးစားရရှာတယ်။

၁၀၁ နှစ်သားအဘိုးကြီးဟာ ပစ္စက္ခအခြေအနေရဲ့ အရာရာက ကျေနပ်နှစ်သက်နေခဲ့တယ်။ ဘားတာဝန်ခံ ကောင်ကလေး ဂျွန်ကလည်း သိပ်တော်တာ။ လူတစ်ယောက် ဘာကြိုက်တတ်သလဲဆိုတာ တန်းသိတယ်။ စပ်ပေးတဲ့ အရက်ကလည်း သိပ်ကောင်းတာ။

ဆဗင်းကတော့ အထဲမှာပဲ ထိုင်ချင်တယ်။ ဒါမှ ကောင်းကောင်း အာရုံစိုက်နိုင်မယ်။ အယ်လန် နှောင့်ယှက်တဲ့ဒုက္ခ ကင်းမယ်။ သူဟာ ခုထိ အိုလီကိုရင်ကိုရဲ့ နည်းလမ်းတွေကို အားကျတုန်းပဲ။ တစ်ယောက် ဒေါ်လာသုံးရာနဲ့ တစ်နေ့ တစ်ယောက် နှစ်ယောက်ပဲလာတဲ့ အလုပ်ကို လုပ်မယ့်အစား တစ်ယောက် သုံး လေး ဒေါ်လာနဲ့ တစ်ရက် အယောက် တစ်သောင်းလောက်လာတဲ့ အလုပ်က အများကြီးပိုကောင်းတာပေါ့။ ဒါပေမဲ့ သူ့အလုပ်မှာ ဘုရားသခင် ဆိုတာကြီးတော့ မပါစေချင်ဘူး။

ပရိသတ်ဖိုလ်ပါများစွာနဲ့ မဟာဝိညာဉ်ခေါ်ပွဲကြီး၊ ဗုဒ္ဓဟူးနေ့ ဆယ့်တစ်နာရီမှာ အဲလ်ဗစ်ရဲ့ ဝိညာဉ်နဲ့ ဆုံဆည်းရန် ကြွကြပါ။ ဝင်ကြေး ဆယ်ဒေါ်လာ။ ပုဂ္ဂိုလ်ရေးမေးခွန်းများအတွက် ဒေါ်လာနှစ်ဆယ်။

ဟင်-မကောင်းသေးပါဘူး။ ရွှေ့ပွဲလာဧည့်ပရိသတ်ရဲ့ စိတ်ဝိညာဉ်ကို

ဟင်းလင်းပွင့်စေဖို့ လက်ဖက်ရည်နဲ့ တည်ခင်းဧည့်ခံရမလား။ နတ်ဩသ၀ ၁က်ဖက်ရည်ပေါ့။ အထဲမှာ အယ်လ်အက်စ်ဒီလေး နည်းနည်းထည့် - - ။

"ဆဗင်း ဘယ်နှယ့်လဲ

အယ်လန်က ဝရန်တာကနေ လှမ်းမေးတယ်။

"မနှောင့်ယှက်စမ်းနဲ့ အယ်လန်"

ဆဗင်းက ပြန်ပြောလိုက်တယ်။

ဒါလည်း မကောင်းသေးပါဘူး လို့ သူ ဆက်တွေးနေမိတယ်။

※

ဂျူးလီးယပ်စ်နဲ့ အေးဂျင့် လန်ဂါ ကတော့ ဆာဖာရီစခန်းရဲ့ အော်ဂဲနစ် စိုက်ခင်းကိုမြင်ရတဲ့ဘက်မှာ အနေများတယ်။ ဒီလို ရာသီဥတု၊ ဒီလို အမြင့်ပေမျိုးနဲ့ ဒေသဟာ ကညွတ်အတွက် အထူးသင့်တော်တယ် ဆိုတာကိုတော့ သူတို့နှစ်ယောက်လုံး သဘောတူကြပြီ။ ဒါပေမဲ့ သံခာတ်များတဲ့ ဒီမြေနီတွေနဲ့ တော့ မဖြစ်သေးဘူး။ ဂျူးလီးယပ်စ်ကတော့ လန်ဂါ ညွှန်းနေတဲ့ ကညွတ်ဖြူ ဆိုတာတွေက ဘယ်နေရာမှာဖြစ်ဖြစ် ပေါက်ချင်ပေါက်မယ် သူ့ ကညွတ်စိမ်း ကတော့ သဲမြေမှ ရမှာတဲ့။ လန်ဂါကလည်း ကညွတ်ဖြူဟာ ဂရုတစိုက် စိုက်ရတဲ့အမျိုး၊ သဲမြေမှာ အင်မတန် ကြီးထွားနှုန်းကောင်းတယ်။ ကညွတ်စိမ်း ဆိုတာကတော့ ဘယ်မှာပဲစိုက်စိုက် စားလို့ရမယ်ကို မထင်တာတဲ့။ ကညွတ်ချစ်သူနှစ်ယောက်ဟာ အစိမ်းနဲ့ အဖြူ အားပြိုင်ရင်း စကားစစ်ထိုးပွဲ ဆက်လက် ကျင်းပကြတယ်။

အဲဒီအချိန်မှာ သူ့ကိုယ်သူ သိပ်အထင်ကြီးတဲ့ အေးဂျင့်(က) က ဖုန်းခေါ်ခြင်းအားဖြင့် တန်ဖိုးရှိတဲ့ စကားဝိုင်းကို နှောင့်ယှက်ဖျက်ဆီးတယ်။ ဘီအန်ဒီ အထောက်အပံ့ကိုရယူထားတဲ့ နယ်ခြားစောင့်ရဲမှူးရဲ့ ပူးပေါင်း ဆောင်ရွက်မှုနဲ့ ခုဆို တန်ဇန်းနီးယားနဲ့ မိုဇမ်ဘစ်ကြား မမြင်ရတဲ့ နယ်ခြား တံတိုင်းကြီးသဖွယ် သူ့လူ ရှစ်ဆယ်ဟာ အသင့်နေရာယူထားပြီးပြီတဲ့။ မှောင်ခိုကောင်တွေ ရောက်လာတာနဲ့ ကွိခနဲ ဖမ်းထည့်လိုက်ရုံပဲတဲ့။

"မင်း ဒီမှာမရှိတာ သနားမိတယ်။ ငါကတော့ ဂုဏ်ဆောင်နိုင် ရချေသေးရဲ့ အဟက် အဟက်"

အရင်တုန်းက ခပ်အေးအေး ခပ်ထုံထုံ နေတတ်တဲ့ အေးဂျင့်(ခ) ဟာ ခုတော့ ကညွတ်တန်ခိုးနဲ့ အားအင် ပြည့်ဖြိုးနေတယ်လေ။ ဘောစ်ဆိုတဲ့ အကောင်အပေါ် ကံဆိုးမိုးမှောင်မှုအားလုံး ကျစေသောဝ်။

"ကောင်းပါတယ်။ တကယ်လို့ ထင်တိုင်းမဖြစ်ခဲ့ရင် အားလုံးဟာ ကျွန်မအပြစ်ကြောင့်လို့ ပြောပေါ့၊ ရှင် ဘယ်လိုထင်တုံး"

ခေါင်းဆောင် အေးဂျင့်(က) ဟာ အံ့ဩသွားတယ်။ နောက်လိုက် အေးဂျင့်(ခ) ဟာ သူ့ကို နှုတ်လှန်မထိုးဖူးပါဘူး။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွာ၊ ဒီလိုပဲပေါ့၊ ဒါနဲ့ ကားလ်ဆန် အခြေအနေဘယ်လိုလဲ၊ သူ့ကို တွေ့ပြီလား"

"မတွေ့ဘူး"

အေးဂျင့်(ခ) ဟာ ပြောင်လိမ်လိုက်တယ်။

"ငှားလာတဲ့ကားက ပျက်သွားတယ်။ ရေထဲ ကျနေတယ်၊ အကူအညီယူပြီး ဆွဲထုတ်ရမယ်၊ ဒီမှာ နည်းနည်းတော့ ကြာလိမ့်ဦးမယ်"

အေးဂျင့်(က) က အူမြူးသွားတယ်။

"ဟား ဟား ဟား ရယ်ရသကွာ၊ ကြားရသမျှထဲ အရယ်ရဆုံးပဲ။ အေးပါ နေနေ အေးအေးဆေးဆေးနေ"

သူက ဆက်ပြောတယ်။ မြောက်ကိုရီးယားသဘော် ဂုဏ်သိက္ခာနဲ့ ခွန်အားဟာ ဂွတ်ဟုတ်အငူဆီ ဦးတည်ပြီး လာနေတယ်။ ထင်ထားတဲ့အတိုင်း မဒါဂါစတာ တောင်ဘက်အစွန်းကို ရောက်လာလိမ့်မယ်။ ဒါကြောင့် ယူရေနီယံ မှောင်ခိုကိစ္စဟာ အချိန်မရွေး ဖြစ်လာတော့မယ်။

"အေးလေ ငါ့မှာ ရွေးစရာမရှိဘူး၊ မဒမ် အမိပတိကြီးဆီ ငါကိုယ်တိုင်ပဲ ဖုန်းခေါ်ပြီး အစီရင်ခံရတော့မှာပဲ"

ဘီအန်ဒီ ညွှန်ကြားရေးမှူးဆီ အစီရင်ခံမယ်ဆိုရင် သူ့ ရာထူး တက်လမ်းက သိပ်မက်လောက်စရာ မရှိဘူးလေ။ ဒါကြောင့် အမိပတိဆီ တိုက်ရိုက် အစီရင်ခံမယ်လို့ သူ့တွက်ကိန်းနဲ့သူ ကျေနပ်နေတယ်။

အေးဂျင့် လန်ဂါဟာ ဖုန်းချလိုက်ပြီး ဂျူးလီးယပ်စ်ထိုင်နေတဲ့နေရာကို ပြန်လာခဲ့တယ်။ ဒီလူနဲ့ တူတူရှိနေရင် ဘဝအားမာန်တွေ တိုးလာသလိုမျိုး သူ ခံစားနေရတယ်။

"ဟယ်လို အယောင်ဆောင် ကညွတ်သမားကြီး ကျွန်မ ထိုင်မယ်"

လန်ဂါဟာ အပြုံးပန်းတဝေဝေနဲ့ ပြောလိုက်တယ်။ ကညွတ်စိမ်းနဲ့ ကညွတ်ဖြူတိုက်ပွဲ ပြန်စမဟေ့။

"ဟယ်လို အရောင်ကန်းသမားလေး ထိုင်ပါ ထိုင်ပါ"

ဂျူးလီးယပ်စ်က ကြက်ခေါင်းဆိတ်မခံ တုံ့ပြန်လိုက်သလေ။

※※※

(၇၂) ကင်ညာ

ဆာဖာရီ ခရီးသည်တွေဟာ အင်မတန် ကျေနပ် နှစ်သက်ပြီး ပြန်သွားကြပြီ။ ဒီခရီးဟာ ရှစ်ခုမြောက် ကမ္ဘာ့အံ့ဖွယ် ဖြစ်ထိုက်တယ်လို့ ချီးကျူးဂုဏ်ပြုသွားကြတယ်။ ဒါကြောင့်မို့ မိတ်ကီနီဟာ အယ်လန်-ဂျူးလီးယပ်စ်-ဆဗင်းနဲ့ ဂျာမန်အေးဂျင့်မတို့အတွက် အချိန်ရပြီ။ ဂျာမန် အေးဂျင့်မရဲ့ ရေအိုင်ထဲ ခေါင်းစိုက်နေတဲ့ကားကို ဆွဲထုတ် ပေးရမယ်။ ဆဗင်းကတော့ ဒီစခန်းမှာ အေးအေး ဆေးဆေး နေကြဦးစို့လို့ အကြံပြုတယ်။ စခန်းဟာ သာယာလှတဲ့အတွက် အတွေးအခေါ်ကို ကောင်းစေတယ်။ အနာဂတ် စီးပွားရေးလုပ်ငန်းအတွက် သူ ခုထိစဉ်းစားလို့ မရသေးဘူးလေ။

မိတ်ကီနီကလည်း ကျေနပ်တယ်။ ဒီ ဆွီဒင်ကြီး တွေနဲ့ အတူရှိနေရတာ သူပျော်တယ်။ ခုလောလောဆယ် အလုပ်ကလည်း သိပ်မရှိလှဘူး။ ဂျာမန်မရဲ့ ကားကိစ္စက လွဲလို့ပေါ့ ။

ဂျာမန်မတဲ့၊ မဒမ် အေးဂျင့်တဲ့ ခေါ်နေလိုက်ကြတာများ လူကို နာမည်မဲ့ဟာမ ကျနေတာပဲ။

"ကျွန်မနာမည် ဖရက်ဒရင်ကာပါ တွေ့ရတာ ဝမ်းသာပါတယ်" မိတ်ကီနီဟာ သူ့စကားအတွက် ရှက်မိသွားတယ်။

အဲဒီအချိန်မှာ ဖရက်ဒရင်ကာ လန်ဂါ့ရဲ့ ဖုန်းဟာ မြည်လာတယ်။ ကေနွတော့ ဘောစ်များ - --------။

ဟင့်အင်း၊ သူ မအောင်မြင်သေးပါဘူး။ ဘော့စ်ဟာ ဆယ့်ငါးကြိမ်မြောက်အဖြစ် ဖုန်းခေါ်ရတဲ့အကြောင်းအရင်းက သူ ပြန်လာနေပြီလား သတိချင်တာတဲ့။ ဖရက်ဒရင်ကာက လာဖို့ ပြင်ဆင်နေပါပြီ။ ကားကို ရေအိုင်ထဲက ဆွဲထုတ်ပြီးရင် အင်ဂျင် ကောင်းတယ်ဆိုရင် တန်းပြန်လာမယ်။ နက်ဖြန်မနက် မူဆိုးမားကနေ လေယာဉ်စီးလာခဲ့မယ်။ အားလုံး အဆင်ပြေ မယ် ဆိုရင်ပေါ့။ ပြီးရင် မဒါဂါစကာကို လေယာဉ်စီးလာခဲ့၊ အဲဒီမှာ တွေ့မယ်၊ ဒီခွေးမသားတွေ တစ်ခုခုတော့ ကြံနေပြီ၊ ငါတို့ထင်သလို မဟုတ်ဘူးဟ"

ဖုန်းခေါ်ဆိုမှု အဆုံးသတ်သွားတယ်။ မိတ်ကီနီဟာ ပြောလက်စ စကားကို ဆက်ပြောတယ်။ "ခု ကား ရေအိုင်ထဲကျနေတဲ့ နေရာကို ကျွန်တော်တို့အားလုံး သွားကြမယ်လေ၊ ပြီးလို့ အဆင်ပြေရင် ဖရက်ဒရင်ကာက ပြန်ပေါ့၊ ကျွန်တော်တို့ကတော့ မမျှော်ခင် တကယ့် ဆာဖာရီခရီးစဉ် သွားကြမယ် လေ"

ရေအိုင်ကိုငေးကြည့်ရင်း မြင်ရတဲ့ မြင်ကွင်းတွေကို အနီးကပ် မြင်ရတော့မယ်ဆိုလို့ အယ်လန်က တက်ကြွနေတယ်။ တက်ပလက်ထဲမှာ သစ်ကုလားအုတ်တွေ၊ ကျားသစ်ပုံတွေ မြင်ဖူးပေမယ့် မတူဘူးလေ။ ကျန်တဲ့လူတွေကလည်း ဒါကို သဘောတူကြတယ်။ ဂျူးလီးယပ်စ် ကတော့

ဖရက်ဒရင်ကာ သွားတော့မယ်ဆိုလို့ စိတ်မကောင်းဘူး။ ဒါပေမဲ့ တာဝန်က တာဝန်ပဲ ဆိုတာ သူ သဘောပေါက် နားလည်ပါတယ်။

သွားချင်တဲ့နေရာကို ရောက်ဖို့ တစ်နာရီခွဲလောက် မောင်းလိုက်ရတယ်။ သဲချောင်းရော၊ ရေအိုင်ရော နဂိုအတိုင်းရှိပေမဲ့ ကားကတော့ နဂိုအတိုင်း မရှိဘူး၊ ရှိကိုမရှိဘူး၊ ကားမရှိတော့ဘူး။

"အို တစ်ယောက်ယောက်က ကားကို ကူညီ ဆွဲထုတ်သွားပြီ ထင်တယ်"

မိတ်ကီနီက ဒီလိုပြောလိုက်တော့ အယ်လန်က...

"ဟုတ်ပ .. ပြီးတော့ ကူညီခအနေနဲ့ ကားကို ယူသွားတယ် ထင်တယ်" လို့ ဖြည့်ပြောလိုက်တယ်။

ဖရက်ဒရင်ကာ လန်ဂါဟာ မျက်နှာကို လက်နဲ့ အုပ်ထားလိုက်တယ်။ ကားက အခိုးခံလိုက်ရပြီ။ သူ့ကို တန်ဇန်းနီးယား ပြန်ပို့မယ့်ကား မရှိတော့ဘူး။ ခု ဘာဆက်လုပ်ရမလဲ။

မိတ်ကီနီဟာ ဖရက်ဒရင်ကာကို သနားသွားတယ်။ သူက အားလုံး ကို အကြံတစ်ခုပေးတယ်။ ခု ဆာဖာရီခရီးစဉ် သွားမယ်။ ပြီးရင် စခန်းကို ပြန်မယ်။ ဆီဗွင်တွေကို စခန်းမှာချခဲ့ပြီး ညတွင်းချင်း မူဆိုးမားကို ပြန်ပို့ပေး မယ်။

"အဲဒီရောက်ရင် ကားအခိုးခံရတယ်လို့ သတင်းပို့၊ ပြီးရင် လေယာဉ်နဲ့ ပြန်ရုံပါပဲ ဘယ်လိုလဲ ဖရက်ဒရင်ကာ"

ဘယ်လိုမှ မလဲဘူး။ အဲလိုပဲ လုပ်ရမှာပေါ့။ အိုကေလေ ဒီလိုပဲ စီစဉ်ကြတာပေါ့။

ဒါပေမဲ့ မအိုကေဘူး။ စီစဉ်ထားတဲ့အတိုင်းမှ မဖြစ်တာကိုး။

※

ဆာဖာရီ ခရီးစဉ်ဟာ သိပ်မိုက်တာပဲ။ ဘယ်တုန်းကမှ ဘယ်အရာ ကိုမှ အထင်မကြီးခဲ့တဲ့ အယ်လန်တောင် မြင်ရတဲ့ မြင်ကွင်းကြောင့် အထင် မကြီးစဖူး ကြီးနေတယ်။ မိတ်ကီနီဟာ ဘယ်တိရစ္ဆာန်တွေ ဘယ်မှာနေတယ်၊ ဘယ်လိုရှာရမယ် ဆိုတာကို ကျွမ်းကျင်လှတဲ့အပြင် လူမှန် နေရာမှန် ကားမှန် ဖြစ်တဲ့အတွက် ခရီးစဉ်ဟာ လုံခြုံစိတ်ချရပြီး ကြည်နူးစရာအတိ ဖြစ်နေတယ်။

သူတို့ဟာ အမေက ခြသေ့်ရန်ကို စောင့်ကြည့်နေတုန်း တစ်ကောင်နဲ့ တစ်ကောင် ကုတ်ခြစ် ရန်ဖြစ်နေကြတဲ့၊ ကျားသစ်ပေါက်စလေးတွေ၊ မြင်းကျား အုပ်စုကြီးတွေ၊ ဂဇဲလ် ဆိတ်သမင်တွေ၊ ဆတ်ကျွဲတွေကို အနီးကပ် တွေ့ကြ ရတယ်။ ဆင်ပေါက်စကလေးကို နောက်ခြေထောက်ကြားမှာ ထည့်ထားတဲ့ မိခင် ဆင်မကြီး။ ရေကန်ထဲမှာ မျက်လုံးလေးဖော်ပြီး အစာရှာဖို့ ညအချိန်ကို စောင့်နေတဲ့ ရေမြင်းကြီး လေးကောင်။ အို မြင်ကွင်းတွေက အံ့မခန်းပဲ။

အဲသလို ဆာဖာရီအလှမှာ နစ်မျောနေကြတဲ့အတွက် မကြာခင် မှောင်တော့မယ်ဆိုတာကို အားလုံး သတိမထားမိခဲ့ကြဘူး။

"အိုး- လမ်းပေါ်ပြန်တက်ကြမယ်၊ ပြန်ကြစို့"

မိတ်ကီနီက လောဆော်လိုက်တယ်။ မိတ်ကီနီဟာ ကျွမ်းကျင်လှတဲ့ လမ်းပြတစ်ယောက်မို့ အပြန်လမ်းကို အလွယ်တကူပဲ ရှာနိုင်ခဲ့တယ်။

အီကွေတာနားက ဒေသတွေမှာ မှောင်ရီပျိုးချိန်ကနေ မှောင်ကြီး မည်းကြီးဘဝကို ကူးပြောင်းချိန်က သိပ်မြန်တယ်။ လမ်း တစ်ဖက်တစ်ချက် မှာ သားရဲတိရစ္ဆာန်တွေရဲ့ မီးဝင်းဝင်းတောက်နေတဲ့ မျက်လုံးတွေ အစီအရီ တွေ့နေရပြီ။ အများစုက အမဲလိုက်တဲ့အလုပ်ကို စနှင့်နေခဲ့ကြပြီ။

တစ်နာရီခွဲလောက် မောင်းပြီးတဲ့အခါ ရှေ့မှာ ရဲရဲနီနေတဲ့ မီးရောင်ကို သူတို့မြင်လိုက်ကြတယ်။ ကားနောက်မီးများလား။ ဟုတ်ပ။

"အလို လမ်းပိတ်နေပါ့လား၊ ကားအသွားအလာများတယ် ထင်တယ်"

အယ်လန်က ဒီလို မှတ်ချက်ချတယ်။

သူတို့ အဲဒီနားနီးလာတော့ ကားက ရပ်ထားတာကို တွေ့လိုက်ကြရတယ်။ ကြည့်ရတာ ပြဿနာတစ်ခုခု တက်နေပုံပဲ။ မိတ်ကီနီက အားလုံးကို သတိပေးတယ်။

"ကားထဲမှာပဲနေနော် အပြင်မထွက်နဲ့နော် အယ်လန် ခင်ဗျားလည်း ပါတယ်နော်"

"စိတ်မပူပါနဲ့ မိတ်ကီနီ၊ ကျုပ်က မလိုအပ်ဘဲ မလှုပ်ရှားတတ်ဘူးဗျ"

ရှေ့ကားက ဘယ်ဘက်နောက်ဘီး ပေါက်နေတာပဲ။ ဟိုင်းလက်ကား အပြာရောင်။ နောက်ခန်းမှာ ရောမ သစ်သားသေတ္တာကြီး တင်ထားတယ်။ ရှေ့ခန်းမှာတော့ လူတစ်ယောက် ထိုင်နေတယ်။ မှန်ပြတင်းပေါက်ဖွင့်ပြီး နောက်ကို လှမ်းကြည့်နေတယ်။ မိတ်ကီနီဟာ လန်ခရူဇာကို ဘီးပေါက်နေတဲ့ ဟိုင်းလက်နဲ့ ယှဉ်ရပ်လိုက်တယ်။ အယ်လန်က ဟိုင်းလက်ထဲကို ငုံ့ကြည့်တယ်။ မိတ်သစ်ဆွေသစ်တွေနဲ့ တွေ့ရတာ စိတ်လှုပ်ရှားစရာပဲ။

"ကောင်းသောနေ့ပါ ဆရာသမား၊ ကျုပ်နာမည်က ကားလ်ဆန် ဗျား၊ အယ်လန်ကားလ်ဆန်ပါ၊ ခင်ဗျားမှာလည်း နာမည် ရှိမယ်နဲ့ တူတယ် နော"

ဟိုင်းလက်ပေါ်ကလူဟာ လူလတ်ပိုင်းအရွယ် မည်းမည်း၊ ဝဝ၊ ပုပု ငနဲပဲ။ သူက အယ်လန့်ကို သက်ာမကင်းကြည့်ရင်း. . .

စမစ်၊ စတန် စမစ် ပါ" လို့ ပြောလိုက်တယ်။

"အိုး ခင်ဗျား တင်းနစ်ကစားသလား"

"ဟင့်အင်း ကျွန်တော်က ကားဘီးပေါက်နေတာပါ"

သူ့ကိုယ်သူ စတန်စမစ်လို့ပြောတဲ့လူဟာ သူ့နာမည်က အရပ် နှစ်မီတာမြင့်တဲ့ လူဖြူ၊ ဝင်ဘယ်ဒန် တင်းနစ်ချန်ပီယံဟောင်း စတန်လေ ရော်ဂျာစမစ်နဲ့ တူနေတာကို မသိဘူး။ တကယ်တော့လည်း သူနဲ့ ဟိုဟာနဲ့က ပုံသဏ္ဍာန်ခြင်း တခြားစီ မဟုတ်လား။

ပေါက်နေတဲ့ဘီးနားမှာ ကားဘီးမူလီဖြုတ်တဲ့ ခွတစ်ချောင်း ကျနေတာကို မိတ်ကီနီက တွေ့တယ်။ မစ္စတာစမစ်အနေနဲ့ ခုလိုအချိန်မှာ အရဲစွန့်ပြီး ကားဘီး မလဲသင့်ဘူး။ သိပ်အန္တရာယ်များလွန်းတယ်။

စတန်စမစ်ဟာ ခဏလေး ချီတုံချတုံ ဖြစ်နေပြီးမှ ပြန်ပြောတယ်။

"ကျွန်တော် ကားဘီးမလဲဘူးဗျ၊ ကားပေါ်ကကို မဆင်းဘူး၊ ကျွန်တော်နဲ့အတူပါလာတဲ့လူဆင်းတာ၊ လွန်ခဲ့တဲ့ မိနစ် နှစ်ဆယ်လောက်က သူ့ကို ခြသေ့်တွေ ဆွဲသွားကြတယ်"

အို ကြောက်စရာပဲ။ မစ္စတာစမစ်ဟာ ဒါကို မတုန်မလှုပ် ရင်ဆိုင် တာပဲ။ မိတ်ကီနီက မစ္စတာစမစ်ကို ပြောလိုက်တယ်။

"ကြားရတာ စိတ်မကောင်းပါဘူး၊ ခင်ဗျား ကျွန်တော်တို့ကားနဲ့ လိုက်ခဲ့ပြီး စခန်းမှာ ဒီည နေလိုက်လေ၊ မနက်ဖြန်ကျမှ တစ်ယောက်ယောက် ကို အကူအညီတောင်း ကားဘီးလဲပြီး လိုရာသွားပေါ့"

စတန်စမစ်က ခေါင်းယမ်းလိုက်တယ်။

"ကျေးဇူးတင်ပါတယ်၊ လိုက်လို့မဖြစ်ဘူးဗျ၊ ကျွန်တော့်ပစ္စည်းတွေ ကို ထားခဲ့လို့မရဘူး"

နောက်ခန်းက ရောမ သစ်သားသေတ္တာကြီးကို အယ်လန်က ကြည့်နေတယ်။

"အထဲမှာ ဘာပစ္စည်းတွေပါလို့လဲ မေးခွင့်များရှိမလား ခင်ဗျ"

စတန်စမစ်ဟာ တုံ့ဆိုင်းသွားပြန်တယ်။ ပြီးမှ ....

"အိမ်သုံးပစ္စည်းတွေပါဗျာ" လို့ ပြန်ဖြေတယ်။

"အိမ်သုံးပစ္စည်းတွေတဲ့လား၊ အင်း ကောင်းတာပေါ့၊ ဘယ်လို အိမ်သုံးပစ္စည်းမျိုးတွေလဲ"

စတန်စမစ်ဟာ တွေသွားပြန်တယ်။ အယ်လန်ဟာ အဲသလို ငနဲမျိုး တွေနဲ့တွေ့ရင် သိပ်တော်တာ။ အလိုလိုကို တော်လာတာ။

"ဆင်းရဲသားတွေကိုလှူဖို့ ပစ္စည်းတွေပါဗျာ၊ ကဲ သွားကြပါ၊ ကျွန်တော် အဆင်ပြေမယ် ထင်ပါတယ်"

မိတ်ကီနီက ပခုံးတွန့်ပြလိုက်ပြီး သွားကြဖို့ ပြင်ဆင်တယ်။ တကယ် လို့သာ စတန်စမစ်ဟာ အရုဏ်တက်ချိန်ထိ ကားရှေ့ခန်းမှာ ငြိမ်ငြိမ်နေမယ် ဆိုရင် သူ အသက်ရှင်မှာ သေချာတယ်။ အင်း အကူအညီမလိုရင်လည်း မပေးရုံပဲ။

တကယ်လို့သာ အယ်လန့်ရဲ့စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေတဲ့ ကိစ္စလေးတစ်ခု မရှိခဲ့ဘူးဆိုရင် အားလုံးဟာ ဒီအတိုင်းပြီးသွားခဲ့မှာပဲ။ ခုတော့ မဟုတ်ဘူး။

"ဒါနဲ့ မစ္စတာစမစ်ရဲ့ လက်ဆွဲအိတ်ကလေးက အကောင်းသားပဲ" မစ္စတာစမစ်ဟာ ကြောင်သွားတယ်။ ဒီအဘိုးကြီး ဘာတွေပြောနေ ပါလိမ့်။ အယ်လန်က ဆက်ပြောတယ်။

"အရင်က ဒါမျိုးတစ်လုံး ကျွန်တော်လည်း ကိုင်ဖူးတယ်ဗျ၊ မြောက်ကိုရီးယားလုပ်လေ။ မြောက်ကိုရီးယားလုပ် လက်ဆွဲအိတ်အကြောင်း ကျုပ် ကောင်းကောင်းသိတယ်၊ ကြည့်တာနဲ့ သိတယ်၊ ဒါမျိုး ဘယ်မှာမှ မရှိဘူး"

အဲသလို ပြောလိုက်တဲ့အတွက် အခြေအနေတွေဟာ လမ်းကြောင်းသစ် တစ်ခုကို ဦးတည်သွား တော့တယ်။ စတန်စမစ် သို့မဟုတ် ဂွတ်လပ် ဝီလ်ဆင်ဟာ မြောက်ကိုရီးယား လက်ဆွဲအိတ်ကို ဖွင့်ပြီး ခြောက်လုံးပြူးကို ဆွဲထုတ်၊ ဟိုင်းလက်ခေါင်မိုးက မှန်ကိုဖွင့်၊ ထိုင်ရာက ထလိုက်ပြီး တစ်ဖက် ကားပေါ်က အယ်လန်ရယ်၊ မိတ်ကီနီရယ် နောက်ခန်းကလူတွေရယ်ကို ခြောက်လုံးပြူးနဲ့ ထချိန်တော့တယ်။

“ငြိမ်ငြိမ်နေကြစမ်း မလှုပ်နဲ့” သူက အော်လိုက်တယ်။

ဘယ်သူမှ မလှုပ်ဘူး။ ငြိမ်နေကြတယ်။ ဒါကြောင့် ဂွတ်လပ် ဝီလ်ဆင်ဟာ သူ့အခြေအနေကို သုံးသပ်ခွင့် ရသွားတယ်။

ကမ္ဘာပေါ်မှာ ခြသေ့်ရိုင်းအများဆုံးဒေသဖြစ်တဲ့ ကင်ညာဆဗားနား အလယ်တည့်တည့်မှာ မှောင်ကြီးမည်းကြီးအချိန် သူ ရောက်နေခဲ့တယ်။ နောက်ခန်းမှာ သေတ္တာနဲ့ထည့်လာတဲ့ ယူရေနီယံ ကီလိုဂရမ်လေးရာကို ဒီညဒါမှမဟုတ် မနက်ဖြန်ည နောက်ဆုံးထားပြီး တင်ပေးရမယ့် လေယာဉ်ကွင်းကလေးကိုရောက်ဖို့ အနည်းဆုံး ခုနစ် ကီလိုမီတာလောက် လိုသေးတယ်။ ကားဘီးက ပေါက်နေတယ်။ ဟော-ခု အစားထိုးလို့ရတဲ့ ကားက အဆင်သင့် ရှိနေတယ်။ လက်ထဲက ခြောက်လုံးပြူးရဲ့ အကူအညီနဲ့ ဒီကားကို သူ ယူလို့ရတယ်။ ခြောက်လုံးပြူးတွေဟာ ပိုင်ရှင်ခိုင်းတဲ့အတိုင်း လုပ်ပေးဖို့ တခြားလူတွေကို ဒိုင်းခနဲ ဒိုင်းခနဲ အသံထွက်ပြီး ပြောလေ့ရှိတယ်။ ဟိုကားပေါ်က လူငါးယောက်ကိုလည်း ဒီလိုပဲ ပြောရမှာပဲ။

ဒါပေမဲ့ ယူရေနီယံသေတ္တာကို ဘယ်လိုလုပ်မလဲ။ ဒါကို မထားခဲ့ နိုင်ဘူး။ သေတ္တာကြီးထဲမှာရှိတဲ့ တစ်လုံးကို ဆယ်ကီလိုဂရမ်စီ ထည့်ထားတဲ့ သေတ္တာလေး အလုံးလေးဆယ်ကို လန်ခရူဇာပေါ် တင်ခိုင်းရမလား။ ဒါဆို လမ်းပေါ် ဆင်းရမယ်။ ခြောက်လုံးပြူးနဲ့ ခြောက်နိုင်တယ်ထား၊ အချိန်မရွေး လာဆွဲမယ့် ခြသေ့်ရန်က သူ့ကိုပါ အန္တရာယ်ရှိစေမယ်။ ဒီအခြေအနေကို ဘယ်လိုဖြေရှင်းမလဲ။

ပြီးတော့ ဒီလူတွေက ဘာလဲ။ ရှေ့ခန်းက အိုရွဲ့နေတဲ့ လူဖြူအဘိုး ကြီးဟာ ဒီလက်ဆွဲအိတ်က မြောက်ကိုရီးယားလုပ်မှန်း ဘယ်လိုလုပ် တန်းသိတာလဲ။ ဒါမဟုတ်သေးဘူး။ မဖြစ်နိုင်ဘူး။

ကြည့်စမ်း၊ အချိန်ဟာ ရပ်သလို ဖြစ်နေတဲ့အခါမှာ လူ့ဦးနှောက် ဟာ ဘယ်လောက်များ အတွေးတွေကို ဆန့်ထုတ်နိုင်လိုက်သလဲဆိုတာ။ ဂွတ်လပ်ဝီလ်ဆင်ဟာ ဆက်တွေးနေတယ်။ နောက်ထပ် နည်းလမ်းတစ်ခုက သူ့ရဲ့ ဒေါ်လာ သန်းပေါင်းများစွာတန်တဲ့ လုပ်ငန်းကြီးကို အချိန်ကိုက် လာနှောင့်ယှက်တဲ့ ဒီမအေဘေးတွေအားလုံးကို ပစ်သတ်လိုက်။ အဲဒီလို ပစ်သတ်ပြီးတဲ့တိုင်အောင် သူ ဆက်မသွားနိုင်သေးဘူး။ အကူအညီမပါဘဲ ကားချင်းလဲ ယူရေနီယံတွေ ဟိုဘက်ကားပေါ် တင်လို့မရသလို မနက် မိုးသောက် အလင်းမရောက်မချင်း စောက်ကားတာယာကိုလည်း မလဲနိုင်ဘူး။ အဲဒီအချိန်အတွင်း ဒီလမ်းပေါ်

ဆာဖာရီကား ဘယ်နှစီးလောက်များ ရောက်လာမလဲ။ ဖြတ်သွားမလဲ။

အချိန်နှင့် ဒီရေသည် လူကို မစောင့်တဲ့။

ဂွတ်လပ်ဝီလ်ဆင်ကို အချိန်က ရပ်စောင့်မနေဘူး။

ဘယ်လောက်ပဲ ယဉ်ကျေးပြီး အမဲမလိုက်တော့ဘူးပြောပြော မာဆာအီဟာ မာဆာအီပဲမို့ မိတ်ကီနီရဲ့ ခါးမှာ လွယ်ပစ်လို့ရတဲ့ ခေါင်းကြီး တင်းပုတ်လက်နက်ကို အမြဲချိတ်ထားတယ်။ အဲဒီတင်းပုတ်နဲ့ဆို မိတ်ကီနီဟာ မီတာလေးဆယ်လောက်က ပြေးနေတဲ့ သားရဲ တိရစ္ဆာန်ခေါင်းကို ခွပ်ခနဲ မှန်ပြီး တုံးခနဲ လဲအောင် ပစ်နိုင်တယ်။ တင်းပုတ်မှန်သွားတဲ့ တိရစ္ဆာန်ဟာ အနားမကပ်ဝံ့တော့ဘဲ ချာခနဲ လှည့်ပြေးသွားမှာ။

တိရစ္ဆာန်ဖြစ်ဖြစ်၊ လူဖြစ်ဖြစ် ခေါင်းကြီးတင်းပုတ်အနေနဲ့ကတော့ တူတူပဲ။ ခွဲခြားမဆက်ဆံဘူး။ သုံးမီတာအကွာက ရပ်နေတဲ့ စတန်စမစ် နဖူးကို တည့်တည့်မှန်တဲ့အခါ တင်းပုတ်က သာတောင် အစွမ်းပြသေးတယ်။ ကျွဲရိုင်းကို နာရုံနာစေနိုင်ပေမယ့် သုံးပေအကွာကလူရဲ့ နဖူးကို ခွပ်ခနဲ မှန်တဲ့အခါမတော့ တင်းပုတ်ဟာ အသက်နုတ်သွားတတ်သလေ။

မိတ်ကီနီရဲ့ လှုပ်ရှားမှုကလည်း လျှပ်ပြက်သလို လျှင်မြန်လွန်း လှတယ်။

“ဟာ ပစ်ချက်ကောင်းတယ် မိတ်ကီနီ”

အယ်လန်က အားတက်သရော ချီးကျူးလိုက်တယ်။

“ကျေးဇူးတင်တယ် အယ်လန်”

မိတ်ကီနီက ချီးကျူးမှုကို လက်ခံလိုက်တယ်။

ဂျူးလီးယပ်စ်နဲ့ ဆဗင်းကတော့ ဘာမှမပြောနိုင်ဘူး။ ဖြစ်ပျက်တာ တွေက သူတို့အတွက် သိပ်မြန်လွန်းတယ်လေ။ ဖရက်ဒရင်ကာ လန်ဂါလည်း ထိုနည်းလည်းကောင်းပဲ။ ဒါပေမဲ့ သူက တစ်ခွန်းတော့ ပြောနိုင်တယ်။

“ဘာတွေဖြစ်နေတာတုံးဟင်” အယ်လန်က သူမေးတာကို ပြန်ဖြေတယ်။

“ဘာတွေဖြစ်နေတုန်းဆိုတော့ အတိအကျပြောရရင် မဒမ်အေးဂျင့် ဖရက်ဒရင်ကာအနေနဲ့ သူ အင်မတန် ရှာချင်နေတယ့် ယူရေနီယံ ကီလိုဂရမ် ငါးရာကို ရှာတွေ့ပြီလို့ ကျုပ်ကတော့ ထင်တာပဲ၊ အင်း ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးပါ ကလား”

※※※

(၇၃) ကွန်ဂို

လွန်ခဲ့တဲ့ လအနည်းငယ်တုန်းက မဒါဂါစကာ ကတစ်ဆင့် မြောက်ကိုရီးယားသင်္ဘောပေါ် ယူရေနီယံ နမူနာ ပစ္စည်းလေး တင်ပေးရတဲ့ခရီးဟာ သဲထိပ်ရင်ဖိုပဲ။ အဲဒီကနေ ပြုံယမ်းအထိခရီးစဉ်ကတော့ ချောမွေ့ပါတယ်။ ဂွတ်လပ်ဝီလ်ဆင်တစ်ယောက် ကံဆိုးမှုအပေါင်း သရဖူ ဆောင်းပြီး အယ်လန်တို့အဖွဲ့နဲ့ မတွေ့ခင် ရက်အနည်းငယ် အလိုမှာ ဝီလ်ဆင်ဟာ ဒီဆုကြီးမဟာအော်ပရေးရှင်းကို စတင်ခဲ့တယ်။ ဟိုးအဝေးတစ်နေရာက မဟာခေါင်းဆောင် ကြီးဆိုတဲ့အကောင် အင်မတန်လိုချင်လှတဲ့ ယူရေနီယံဟာ ကီလိုဂရမ်ငါးရာ ဖြစ်ပေမယ့် ခု ကီလိုဂရမ် လေးရာပဲ ပို့နိုင်မယ်။ အဲဒါတွေကို ဒီအတိုင်း ရွာပျက်က တဲလွတ်ထဲ ထည့်ထားလို့မရဘူး။ နှစ်ပေါင်း လေးဘီလီယံကြာတိုင်း သက်တမ်းဝက် လျော့သွားလိမ့်မယ်။ လိုချင်တဲ့လူဆီ ပို့မှဖြစ်မယ်။

လေးကီလိုဂရမ် ပို့တာကတစ်မျိုး၊ ကီလိုဂရမ် လေးရာ ပို့ရတာက တော့ နောက်တစ်မျိုးပေါ့။ ကွန်ဂိုကနေ ဘူရွန်ဒီကို ဖြတ်ပြီး တန်ဇန်းနီးယားထဲ ဝင်ဖို့က လာဘ်ထိုးလိုက်ရင် ရတယ်။ မခက်ဘူး။ ဒါပေမဲ့ တန်ဇန်းနီးယား-မိုဇမ်းဘစ် နယ်စပ်ကိုဖြတ်ဖို့ကတော့ မလွယ်ကြောဘဲ။ အစောင့်အကြပ် သိပ်ထူထပ်တယ်။ နယ်ခြားစောင့်တပ်ကလည်း တကယ်အလုပ်လုပ်တယ်။ မုန်းစရာအကောင်မျိုးတွေ။

ပထမတစ်ခေါက်က လမ်းကြောင်း သဲလွန်စတွေဟာ အနည်းနဲ့ အများ ကျန်ရစ်မှာပဲ။ နာမည်ကသာ ဂွတ်လပ်ဝီလ်ဆင် ဖြစ်နေပေမယ့် ကံကို သူမယုံဘူး၊ လိမ္မာပါးနပ်စွာ စီမံနိုင်မှု အကွက်ကျကျ လှုပ်ရှားနိုင်မှုကိုပဲ သူယုံတယ်။ ဒုတိယအကြိမ်မှာ ပထမလမ်းကြောင်းအတိုင်း လိုက်မယ်ဆိုရင် သူ့လောက်ညံ့တဲ့လူ ရှိတော့မှာမဟုတ်ဘူး။

ဒါကြောင့် ယူရေနီယံ စောင့်ကြည့်ရေးအဖွဲ့ ခေါင်းဆောင်ဟာ အစီအစဉ်အသစ်တစ်ခုကို စဉ်းစားတယ်။ ရလာခဲ့တယ်။

လူတိုင်းက ယူရေနီယံတွေဟာ ကမ်းခြေနဲ့အနီးဆုံးဖြစ်တဲ့ တန်ဇန်း နီးယား ဒါမှမဟုတ် မိုဇမ်းဘစ်ကို သယ်လာမှာပဲလို့ ယူဆကြလိမ့်မယ်။ ဒါကြောင့် သူတို့ထင်မထားတဲ့ လမ်းကြောင်းသစ်တစ်ခုကို ပုံဖော်မယ်။ ယူရေနီယံကို မြောက်ဘက်ကနေ သယ်မယ်။ မာဆာအီနယ်မြေဖြစ်တဲ့ ဆီရန်ဂီတီကိုပေါ့။ နွားမွေး၊ ဆိတ်မွေးတဲ့ မာဆာအီတွေဟာ ပြင်ပကမ္ဘာနဲ့ ဘာမှမပတ်သက်တဲ့ ပကတိ အရိုင်းအစိုင်းတွေ။ မာဆာအီနယ်မြေဟာ တန်ဇန်းနီးယားနဲ့ ကင်ညာနှစ်နိုင်ငံလုံးမှာ ရှိပြီး ဘေးမဲ့ပေးထားတဲ့ တောရိုင်း တိရစ္ဆာန်တွေဟာ ထင်သလို ကူးလူးနေတာမို့ နယ်ခြားမှာ ဘာအစောင့်တပ်ဖွဲ့ မှ မထားဘူး။ ခင်ဗျား နွားအကောင်နှစ်ရာကို ကျွန်တော်တို့နိုင်ငံထဲ ပေးအဝင် မခံနိုင်ဘူးဗျာလို့ မာဆာအီတစ်ယောက်ကို

ပြောကြည့်လေ။ ရမယ် ထင်သလား။

ဒါကြောင့် ကွန်ဂိုကနေ ယူရေနီယံတွေကို ဟိုင်းလက်နဲ့တင်ပြီး ဘူရွန်ဒီကို ဖြတ်မယ်။ ဗစ်တိုးရီးယား ကန်ကြီးမဟာ တောင်ဘက်ခြမ်းကနေ ဆီရန်ဂီတီ နယ်မြေထဲဝင်မယ်။ ပြီးရင် နယ်စပ်ကိုဖြတ် ကင်ညာ မာဆာအီ နယ်ထဲဝင်၊ ပြီးရင် မထင်မရှား ကီးကိုရာ့ခ် လေဆိပ်ကလေးဆီ ဦးတည်။

ကီးကိုရာ့ခ်ဆိုတာ မြေနီနဲ့လုပ်ထားတဲ့ တစ်လမ်းသွား လေယာဉ်ပြေးလမ်း ကလေးရယ်၊ သတင်းစာအရောင်းဆိုင်လောက်ပဲရှိတဲ့ လေဆိပ်ကလေးရယ်ပဲ ရှိတယ်။ နိုင်ရိုဘီလေဆိပ်ကနေ ဆာဖာရီရှူး ရှူးနေတဲ့ ခရီးသည်တွေကို ကင်ညာလေကြောင်းက လေယာဉ်ပေါက်စနကလေး ဆွဲပေးတယ်။ ဒီ ကီးကိုရာ့ခ်မှာ ဆင်းတာပေါ့။ နေဝင်တာနဲ့ ကီးကိုရာ့ခ်လေဆိပ်ဟာ လူ တစ်ယောက်မှ မရှိတော့ဘူး။ နောက်တစ်နေ့မနက်ရောက်တဲ့အထိ ခွေး တစ်ကောင် ကြောင်တစ်မြီးတောင် မရှိဘူး။

လေယာဉ်ဆင်းမီးတွေ အားကောင်းရင်၊ လမ်းကြောင်းပြမြေပုံ ကောင်းရင် ဒီကွင်းကို ဘယ်လေယာဉ်ဖြစ်ဖြစ် ဆင်းလို့ရတယ်။ ညဘက်မှာ ဆင်း၊ ပစ္စည်းတွေတင်၊ ပြန်ထွက် ဘယ်သူမှ မသိဘူး၊ အဲ တစ်ခါတလေ အနားရောက်လာတတ်တဲ့ သစ်ကုလားအုတ်တို့ မြင်းကျားတို့တော့ သိချင် သိမှာပေါ့။ သူတို့ကတော့ သိပါစေ။ ဒါကြောင့် ဂွတ်လပ်ဝီလ်ဆင်ဟာ လေယာဉ်နဲ့ ပိုင်းလော့ ရှာထားဖို့ ရုရှားတွေကို ပြောရတယ်။ ရုရှားကိုပြောရတဲ့ အကြောင်းကတော့ မြောက်ကိုရီးယားတွေကို သူ လက်လှမ်းမမီလို့ပဲ။ မြောက်ကိုရီးယားတွေဟာ ညဘက်ဆို ကိုယ်ပျောက်တစ္ဆေတွေလိုပဲ မဟုတ် လား။

ပစ္စည်းတင်ပြီးတာနဲ့ လေယာဉ်ဟာ ကမ်းရိုးတန်းတစ်လျှောက်ပျံ၊ ပြီးရင် မီတာလေးဆယ်လောက် အမြင့်ပေကနေ ပင်လယ်ကို နိမ့်နိမ့်ဖြတ်ပျံပြီး မဒါဂါစကာ တောင်ဘက်စွန်းက ညီညာပြန့်ပြူးတဲ့ မြေပြင်မှာဆင်း၊ အဲဒီမှာ မြောက်ကိုရီးယားတွေ စောင့်နေ၊ ယူရေနီယံနဲ့ ဒေါ်လာသန်းရှစ်ဆယ်ကို အလဲအလှယ်လုပ်၊ ပြီးပြီ။

နောက်ဆုံးကိစ္စကိုတော့ ဂွတ်လပ်ဝီလ်ဆင်ဟာ နည်းနည်းစိတ်ပူသွားပဲ။ ပထမအကြိမ် လေးကီလိုဂရမ်အတွက် ပေးထားတဲ့ ဒေါ်လာ တစ်သိန်းက ကုန်တာကြာလှပြီ။ ဒီတစ်ခါတော့ ကြိုတင်ငွေ နည်းနည်းလိုချင်တယ်။ တစ်ရက်မှာတော့ ဆိုင်းမဆင့် ဗုံမပါဘဲ အာရှသားတစ်ယောက် ဂွတ်လပ်ဝီလ်ဆင်ရဲ့ ရုံးခန်းရှေ့မှာ ဘွားခနဲ ပေါ်လာတယ်။ လက်နှစ်ဖက်လုံး မှာ လက်ဆွဲအိတ် တစ်အိတ်စီ ဆွဲထားတယ်။ နာမည်ပြောလို့ အဲဒီလူက သူကို တစ်ခွန်းတည်း ပြောတယ်။

"ဂွတ်လပ်ဝီလ်ဆင်"

သူဟာ အကြောင်းသိတဲ့အတွက် မေးတာကို ဖြေတယ်။ တခြား ဘာမှ ပြန်မမေးဘူး။

အာရှသားက ခေါင်းညိတ်လိုက်တယ်။ လက်ဆွဲအိတ်တစ်အိတ်ထဲ မှာ သဘောတူထားတဲ့ ကြိုတင်ငွေပါတယ်။ နောက်တစ်အိတ်ထဲမှာ ပစ္စည်းကို ဘယ်လိုထုတ်ပိုးပြီး ပို့ရမယ်ဆိုတဲ့ လမ်းညွှန်ချက်ပါတယ်။

အိုကေလေ၊ ဒါပဲပေါ့၊ အာရှသားဟာ မြေလျှိုးသွားသလို ရုတ်တရက် ပျောက်ကွယ်သွားတယ်။ ဂွတ်လပ်ဝီလ်ဆင်ဟာ သူ ဘယ်သူလဲဆိုတာကို မသိချင်ပါဘူး။ ကမ်ပါလာ မြောက်ကိုရီးယား သံရုံးကလားဆိုတာတော့ သံသယဖြစ်မိတယ်။ ယူဂန္ဒာကနေ ကွန်ဂိုကို လာရတယ်ဆိုတာ တယ်လွယ်တာကိုး။ အင်း ကဲ ပို့ရတော့မယ်။ ထုံးစံအတိုင်း အားလုံးဟာ တိတ်ဆိတ်ငြိမ်သက်ပြီး အားလုံးကောင်းပါသည် ခင်ဗျားပေါ့လေ။

※※※

(၇၄) ကင်ညာ

အာဖရိကန် ဆဗာနားနားမှာ ဆာဖာရီ ခရီးစဉ်သွားဖို့ အထူးရည်ရွယ်ထားတဲ့၊ ခရီးသွားများတဲ့ လန်ခရူဇာကား ဆိုရင် ပုံမှန်အားဖြင့် တစ်ပတ်ကို တစ်ခါလောက်တော့ ဘီးပေါက်လေ့ရှိတယ်။ ဆာဖာရီအတွက် ရည်ရွယ် ထုတ်လုပ်တာမဟုတ်တဲ့ ဟိုင်းလက်ကတော့ ပိုပြီး ဘီးပေါက်လွယ်တာပေါ့။ အမြဲသတိရှိပြီး ဘီးသစ်လဲခဲ့ပေ မယ့်လို့ အင်မတန်ကြမ်းပြီး ကျောက်ချွန်လေးတွေ ပြည့် နေတဲ့လမ်းမှာ ဘာခံနိုင်မလဲ။ ညဘက်ရောက်လာတဲ့အခါ အန္တရာယ်က ပြည့်နှက်လာတယ်။ ခြင်္သေ့တွေ အမဲ လိုက်ကြပြီ။ ကျားသစ်က ငါလည်း ပါမယ်တဲ့။ ကျားသစ်ကို မာဆာအီတွေက အမဲလိုက်စက်လို့ ခေါ်ကြ တယ်မဟုတ်လား။ ခွေးအတွေကလည်း မသတီစရာပဲ။ အဲဒီထဲမှာ အမြဲဒေါ်ပွပြီး သိပ်အန္တရာယ်ကြီးတဲ့အကောင် ကတော့ အာဖရိကန် ကျွဲရိုင်းပဲ။

တိုတိုပြောရရင် ဒီလိုအခြေအနေမျိုးမှာ ညဘက် ကားဘီးပေါက်ပြီ ဆိုရင် အလင်းရောင်မလာမချင်း ကားပေါ်က တစ်ဖဝါးမှ မခွာလေနဲ့။

ဒါပေမဲ့ အချိန်မရှိရင် ဘယ်နှယ့်လုပ်မတုံး။ နောက်ခန်းမှာ ယူရေနီယံ ကီလိုဂရမ် လေးရာပါမယ်။ မိနစ်လေးဆယ်လောက် မောင်းရမယ့် လေဆိပ် ကလေးမှာ လေယာဉ်က မှောင်မှောင်မည်းမည်းထဲမှာ စိတ်မရှည်စွာ စောင့်နေ မယ်။ ဒေါ်လာသန်းရှစ်ဆယ်ကလည်း စောင့်နေမယ်ဆိုရင်လေ။

ဘယ်သူမှမလုပ်မယ့် အလုပ်ကို ဂွတ်လပ်ဝီလ်ဆင်ဟာ ဒီတစ်ခါ တော့ ကံကိုယုံပြီး လုပ်လိုက်တယ်။ ဒါပေမဲ့ သူကိုယ်တိုင်လုပ်တာ မဟုတ် ဘူး။ သူ့အချစ်ဆုံး ညီဝမ်းကွဲ ဆင်မြူရယ်ကို လုပ်ခိုင်းတာ။ ဓာတ်မီးတစ်လက် ပေးပြီး ကားတာယာလဲဖို့ ကားပြင် ထွက်ခိုင်းလိုက်တယ်။ ဆင်မြူရယ်ဟာ ကားဘီးမူလီတွေကို ဖြုတ်နေတုန်း ခြင်္သေ့မနှစ်ယောက်ဟာ ဘယ်ကမှန်းမသိဘွားခနဲ ပေါ်လာတယ်။

ခြင်္သေ့တွေဟာ သူ့နည်းသူ့ဟန်နဲ့ ဓမ္မဓိဋ္ဌာန်ကျကျ တွေးခေါ်နိုင်စွမ်း ရှိကြတာပေါ့ ။ အဲဒီ အတွေးအခေါ်ကို သွားနေတဲ့ ကားပေါ်မှာ ထိုင်နေတဲ့ လူဆိုတဲ့ သက်ရှိသတ္တဝါတွေကို ပြောပြနိုင်စွမ်းတော့ မရှိဘူး။ လူအပြည့်တင် ထားတဲ့ ဆာဖာရီကားကြီးတွေကို မြင်တဲ့အခါ သူတို့ သုံးမျိုးစဉ်းစားလေ့ ရှိတယ်။

(၁) ဒီအကောင်ကို ငါစားလို့ရမလား။ (ဟင့်အင်း သူက ကြီးလွန်း တယ်)

(၂) ဒီအကောင်က ငါ့ကို စားမှာလား (ဟင့်အင်း ငါ့ အတွေ့အကြုံ အရ ဒီ စက်တပ်သတ္တဝါတွေဟာ ငါတို့ကို တိုက်ခိုက်လေ့ မရှိဘူး)

(၃) ငါ ဒီအကောင်နဲ့ မိတ်လိုက်လို့ရမလား (ဟင့်အင်း ငါ ဒီလောက်မထန်သေးဘူး)

ဒါပေမဲ့ တစ်စုံတစ်ယောက်ဟာ အဲဒီ ဆင်လောက်ကြီးတဲ့ ယာဉ်ကြီး

တွေထဲကနေ ထွက်လာပြီဆိုရင်တော့ ဒီမေးခွန်းတွေရဲ့ အဖြေက တစ်မျိုး ဖြစ်တော့တာပေါ့။

(၁) ဒီ အကောင်ကို ငါစားလို့ရမလား။ (အင်း ရတယ်၊ အရသာ ရှိမှာပဲ)

(၂) ဒီအကောင်က ငါ့ကို စားမှာလား (ဟင့်အင်း သူက သေးသေးလေးပဲ ငါ့ ကို ဘယ်လိုစားမတုန်း)

(၃) ငါ ဒီအကောင်နဲ့ မိတ်လိုက်လို့ရမလား (ဟင့်အင်း ငါ ဒီလောက်မထန်သေးဘူး)

ခြင်္သေ့ရဲ့ အထူးစွမ်းဆောင်ရည်တစ်ခုကတော့ သားကောင်ရဲ့ နှာခေါင်းနဲ့ ပါးစပ်ကို ကိုက်ပစ်တတ်တာပဲ။ ဒါကြောင့်မို့ ဂွတ်လပ်ဝီလ်ဆင် ဟာ စစခြင်းမှာ ဘာသံမှ မကြားဘူး။ ဒါပေမဲ့ သူ့ညီဝမ်းကွဲရဲ့ တဆတ်ဆတ် တုန်နေတဲ့လက်ဟာ မြေကြီးကို တဖတ်ဖတ်ရိုက်တဲ့အခါ အသံကြားလာတယ်။ သူကြည့်လိုက်တော့ တဂျွတ်ဂျွတ် ဝါးနေတဲ့အသံတွေနဲ့အတူ မှောင်ထဲမှာ ဝင်းနေတဲ့ မျက်လုံးနှစ်စုံကို တွေ့လိုက်တယ်။

ခုတော့ သူ သဘောပေါက်ပါပြီ။

သူတစ်ယောက်တည်း ကျန်တော့တယ်ဆိုတာကို သဘောပေါက်ပြီ။ သူ့ရဲ့ပထမဆုံးအတွေးဟာ ဆင်မြူရယ်နဲ့ ဆင်မြူရယ့်မိသားစုအတွက် မဟုတ်ဘူး။ ဆင်မြူရယ်မရှိတော့တဲ့အတွက် ဆင်မြူရယ့်ကို ခွဲပေးရမယ့် ဒေါ်လာလေးသန်း သူပိုင်ဖြစ်ပြီလို့ တွေးတာ။ ကဲ တစ်ယောက်တည်း ချမယ်။

ဆင်မြူရယ်ရဲ့ ကြွင်းကျန်တဲ့ အပိုင်းအစတွေကို ခြင်္သေ့တွေ ဆွဲသွား ပြီးတဲ့အခါမှာတော့ နောက်ကနေလာနေတဲ့ ကားတစ်စီးရဲ့ စက်သံကို ကြားလိုက်ရတယ်။ ဟင်- ညသန်းခေါင်ကြီးကို ဒီကားက ဘယ်ကနေ ပေါ်လာတာတုန်းကွာ။ လရှီးတဲ့မှပဲ။

※※※

(၇၅) ကင်ညာ

မိတ်ကီနီဟာ အသက်သုံးနှစ်သားမှာ လှံရယ်၊ ဓားရယ်၊ တင်းပုတ်ရယ်ကို ဘယ်လိုကိုင်တွယ် ရမယ်ဆိုတဲ့ ပညာရပ်တွေကို စတင် သင်ကြားခံခဲ့ရတယ်။ အသက် လေးနှစ်သားမှာတော့ ကံမကောင်းစွာနဲ့ နွားကျောင်း နေရင်း ကျွဲရိုင်းတစ်ကောင်နဲ့ မျက်နှာချင်းဆိုင် ဆုံခဲ့တယ်။ ဒါပေမဲ့ လေးနှစ်သားရဲ့လှံဟာ လိုရာနေရာကို ရောက်ပြီး လေးနှစ်သားဟာ ကျွဲရိုင်းရဲ့ အသက် ခန္ဓာကိုယ်ထဲက တဖြည်းဖြည်းထွက်နေတုန်း ချုံပုတ်ထဲ လုံနေအောင် ပုန်းနိုင်တဲ့အတွက် ကံမကောင်းမှုဟာ ကျွဲရိုင်းအတွက် ဖြစ်သွားခဲ့တယ်။ နောင် ဆယ့်တစ်နှစ်အကြာ၊ ဆယ့်ငါး နှစ်သား မိတ်ကီနီဟာ လှံရယ်၊ ဓားရယ်၊ တင်းပုတ်ရယ်၊ ကျောပေါ်က အဝတ်ထုပ်ကလေးရယ်နဲ့အတူ ဆဗားနား မြက်ခင်းကန္တာရထဲကို တစ်ယောက်တည်း စေလွှတ်ခြင်း ခံရတယ်။ နောက်တစ်နှစ်အကြာ သူ ရွာကို ပြန်ရောက် လာတဲ့အခါမတော့ စစ်မှန်တဲ့ အရွယ်ရောက်ပြီး မာဆာအီ စစ်သည်တော်အဖြစ် ကြိုဆိုခြင်းခံရတယ်။ ပြန်ရောက်မလာရင်တော့ စောက်ရေးလုပ်ပြီး ဘယ်သူမှ မေးမနေဘူး။

မိတ်ကီနီဟာ သူ့သူငယ်ချင်းတွေနည်းတူပဲ ပြန်လာနိုင်ခဲ့တယ်။ အသက်သုံးနှစ်ကတည်းက သန်စွမ်းသူသာ ရှင်သန်ရာဆိုတဲ့ သင်ခန်းစာကို ကောင်းစွာ သင်ကြားခြင်းခံခဲ့ရတဲ့ မိတ်ကီနီဟာ ခု အသက် ၃၂ နှစ်မှာ သူ့ကားထဲပါလာတဲ့ ခရီးသည်တွေကို ကားထဲပါလာတဲ့ အဝတ်နဲ့ စောင် မှန်သမျှ ပစ်ချဖို့ ညွှန်ကြားလိုက်တယ်။ သူကတော့ ကားနောက်ခန်းက ဓာတ်ဆီပုံးကြီးကို သွားယူတယ်။

ကားနှစ်စီးကို အဝတ်တွေ စောင်တွေနဲ့ ပတ်လည်ဝိုင်းပြီး အဝတ်နဲ့ စောင်တွေပေါ် ဓာတ်ဆီ ဖြန်းတယ်။ အဲလိုလုပ်နေတုန်း ရှိသမျှ ဓာတ်မီးတွေ အကုန်ထိုးထားဖို့ ညွှန်ကြားတယ်။ ပြီးတော့ မီးခြစ်ဆံကို ရှို့ပြီး ပစ်ချလိုက် တဲ့အခါ ကားနှစ်စီးကို ပတ်လည်ဝိုင်းပြီး ဝုန်းခနဲ မီးစက်ဝိုင်းကြီး တောက်လာတယ်။

"ကဲ ကျွန်တော် အောက်ဆင်းမယ်၊ ဟိုကားနောက်သေတ္တာကြီး ထဲက ဗူးလေးတွေ မပြီး ထုတ်ခဲ့မယ်၊ ခင်ဗျားတို့က ကားထဲမှာ နေရာတကျ စီကြ"

မိတ်ကီနီက ဓာတ်ဆီပုံးနားမှာတွေ့တဲ့ သံတူရွင်းကြီးကို ဖရက်ဒရင်ကာကို လက်လှမ်းပေးလိုက်တယ်။

"တစ်ခုခုအနားကပ်လာရင် အဲဒါနဲ့သာ ပေါက်ထည့်လိုက်"

ဖရက်ဒရင်ကာက ခေါင်းကို အတင်းညိတ်နေတယ်။ ကဲ ကွင်းဆင်း အေးဂျင့် ပြန်ဖြစ်ပြီလို့ သူ ခံစားနေရတယ်။

ဆယ်မိနစ်လောက်ကြာတော့ ပစ္စည်းသယ်ထုတ်လို့ ပြီးသွားတယ်။ မီးတွေက လောင်နေတုန်း၊ ဖရက်ဒရင်ကာကလည်း သံတူရွင်းကြီးကို အသင့်

အနေအထားနဲ့ ကိုင်ထားတုန်း။ မိတ်ကီနီ နောက်ဆုံးလုပ်တဲ့အလုပ်ကတော့ စင်းစင်းသေနေတဲ့ စတန်စမစ်ကို ကားထဲက ထုတ်ပြီး မြေပေါ် ချထားလိုက် တာပဲ။

"ခြသင်္ချိုင်းကျွေးဖို့လား"

ဆဗင်းက မေးလိုက်တဲ့အခါ အနီးနားက ချုံပုတ်တွေထဲက လေးစုံ ထက်မနည်းတဲ့ မျက်လုံးတွေကို ကြည့်ရင်း...

"မဟုတ်ဘူး၊ ခွေးအတွေ ကျွေးဖို့" လို့ မိတ်ကီနီက ပြောလိုက်တယ်။

※

စခန်းပြန်ရောက်တော့ အခြေအနေတွေက ပြောင်းလဲသွားတယ်။ ဖရက်ဒရင်ကာ လန်ဂါဟာ မိတ်ကီနီကို အသေးစိတ် မပြောပေမယ့် ခုလောလောဆယ် မူဆိုးမားသွားဖို့ မလိုသေးဘူးလို့ပြောလိုက်တယ်။

"ကောင်းတာပေါ့၊ ကဲ ညလယ်စာမစားခင် သောက်ဖို့ တစ်ခုခု လုပ်ပေးဖို့ ဂျွန့်ကို ပြောလိုက်ရမလား"

မိတ်ကီနီက အားလုံးကို မေးလိုက်တယ်။

"ကောင်းတယ် ကောင်းတယ်"

အယ်လန်က ဖြေလိုက်တယ်။

ကျန်သူတွေက ခေါင်းညိတ်ပြကြတယ်။

※

ဖရက်ဒရင်ကာလန်ဂါ အဖို့တော့ အလွန်အင်မတန်ကို ကျေနပ် နှစ်သက်ဖွယ်ကောင်းတာပဲ။ အယ်လန်ကားလ်ဆန်ကြောင့်မို့ ခု သူ ယူရေနီယံ ကီလိုဂရမ် လေးရာကို ဖင်ခုထိုင်နေရပြီလေ။ အယ်လန်က အဓိပတိမာကယ်လ်ကိုပေးထက် ပမာဏထက် အဆတစ်ရာများတယ်။

အေးဂျင့်လန်ဂါ ရဲ့ ဘောစိဆိုတဲ့ အကောင်ဟာ မတ်တတ်ရပ်ရင်း ကီလိုမီတာ ခြောက်ရာရှည်တဲ့ တန်ဇန်းနီးယားနဲ့ မိုဇမ်းဘစ် နယ်ခြားကို ခု သူ့ဆီရောက်နေတဲ့ ယူရေနီယံတွေကို တွေ့လိုတွေ့ငြား လှမ်းမျှော်ကြည့်နေ ခဲ့တယ်။ ခုလည်း မဒါဂါစကာမှာ မျှော်နေတုန်းနေမှာပေါ့။ ဘော့စ်ဆီ ဖုန်းမခေါ်ခင် သူ စဉ်းစားဖို့လိုသေးတယ်။

နေစမ်းပါဦး၊ ဘာကိစ္စ ဘော့စ်ဆီ အစီရင်ခံရမှာလဲ။ သူ ဘယ်လောက်ပင်ပန်းနေတယ်ဆိုတာကို ခုမှ သူ သတိပြုမိလာတယ်။

"ခင်ဗျားကြည့်ရတာ ပင်ပန်းနေပုံပဲ မဒမ်အေးဂျင့်၊ အဲ အဲ ဖရက်ဒရင်ကာ၊ ဘာပဲပြောပြော ရစရာရှိတာ ရတာပဲဗျ"

ဟုတ်ပ ကားလ်ဆန်ရေ၊ မှန်လိုက်တာ။

※

ဝရန်တာ စားပွဲမှာ ထိုင်ရင်း ဟင်းပွဲသုံးပွဲနဲ့ ညလယ်စာကို စောင့်နေ ကြတုန်း

အဝေးက ကားမီးရောင်ကို မြင်လိုက်ကြတယ်။ အလို တစ်ယောက် ယောက် ဒါမှမဟုတ် တစ်ဖွဲ့ဖွဲ့ကတော့ စခန်းဆီ လာနေကြပြီ။

ဂျူးလီးယပ်စ်ဟာ စိတ်ပူစ ပြုလာတယ်။

ဆဗင်းဟာ စိတ်ပူစပြုလာတယ်။

ဖရက်ဒရင်ကာလန်ဂါဟာ စိတ်ပူစပြုလာတယ်။

မိတ်ကီနီဟာ သူ့တင်းပုတ် နေသားတကျ ရှိ၊ မရှိ ကြည့်တယ်။

အို ညွှေ့သည်လား စိတ်လှုပ်ရှားစရာပဲလို့ အယ်လန်က ပြောလိုက်တယ်။

ပထမဟင်းပွဲ ရောက်လာတယ်။ ဘယ်သူမှ မထိသေးဘူး။ ကားဟာ နီးသထက် နီးလာတယ်။ အလို-ဘုရားရေ၊ ရိုးရိုး တက္ကစီတစ်စီး ပါလား။ ဒီအချိန်ကြီး ဒီနေရာထိ ဘယ်လိုများ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါလိမ့်။

“စတန်စမစ်ကို သတိရနေမယ့် လူတစ်ယောက်ယောက်များလား”

ခုချိန်ထိ သံတူရွှင်း လက်ကမချသေးတဲ့ ဖရက်ဒရင်ကာ,က ပြောလိုက်တယ်။

“ဟင် ဘယ်သူက သိမှာမို့လို့လဲ” မိတ်ကီနီက ပြောလိုက်တယ်။

တက္ကစီဟာ ပင်မဆောင် ဝရန်တာအောက်မှာ ရပ်လိုက်တယ်။

အထဲက လူတစ်ယောက် ထွက်လာတယ်။ ဒရိုင်ဘာကို ကျေးဇူးတင်စကား ပြောနေတယ်။ ပိုက်ဆံပေးနေတယ်။ သူ အပေါ်မော့ကြည့်တယ်။ သူ့ကို တန်းစီပြီး ကြည့်နေကြတဲ့လူတွေထဲက ဘယ်ဘက် ဒုတိယမြောက်နေရာမှာ ရပ်နေတဲ့ ဂျူးလီးယပ်စ်ကို တွေ့သွားတယ်။

“ဟယ်လို မိတ်ဆွေကြီး တွေ့ရတာ ဝမ်းသာလိုက်တာဗျာ”

ဂူစတေ့ဗ် ဆဗန်ဆန် တစ်ဖြစ်လဲ ဆင်မရမ်အာယာဘတ် ချက်ကရာ ပါတီ ဂိုလ်ပါဒက်စ် ဟာ ဝမ်းသာအားရ နှုတ်ဆက်လိုက်တယ်။

※※※

(၇၆) အင်ဒိုနီးရှား

ဘာလီမှာ အထီးကျန်စွာနေရတာ ခက်ခဲလှတယ် လို့ ဂူစတေ့ဗ် ဆဗန်ဆန် ခဏခဏ တွေးမိတယ်။ ဒါပေမဲ့ လို့ ဆင်မရမ်အာယာဘတ် ချက်ကရာပါတီ ဂိုလ်ပါဒက်စ် အဖြစ် ပြန်ပြောင်းလိုက်လို့လည်း ဘဝက လွယ်ကူသွား မယ် မဟုတ်ဘူးလေ။

ခု ဘာမှန်းမသိတဲ့ ဟင်းသီးဟင်းရွက်တွေကို ပို့ကုန်အဖြစ် တင်သွင်းဖို့ စီမံအကြံပေးတဲ့ အာစရိလည်း ပျောက်ကွယ်သွားခဲ့ပြီ။ ဆွီဒင်ဘက်က ဖြန့်ချိရေးသမား လည်း ဖမ်းခံရတယ်ကြားတယ်။ ဒါကြောင့် ကညွတ် တွေ လှိုင်လှိုင်ထွက်ပေမယ့် ဘယ်ကိုမှ ပို့စရာမရှိဘူး။ သူ့မှာ ကညွတ်နဲ့ ကုန်ကျစရိတ်တွေ ရှိတယ်။ ဒါကြောင့်မို့ သူ ဂျူးလီးယပ်စ်နဲ့ ငွေကို လိုတယ်။

ငွေကတော့ နည်းနည်းရှိသေးတယ်။ ဂူစတေ့ဗ် ဟာ ခေါင်းတွေ မီးထတောက်မတတ် စဉ်းစားတယ်။

နောက်ဆုံးတော့ သူ့ လုပ်ဖော်ကိုင်ဖက်ကို မရရအောင်လိုက်ရှာတဲ့ နေရာမှာ ငွေကို ရင်းနှီးမြှုပ်နှံမယ်လို့ ဆုံးဖြတ်လိုက်တယ်။

ဒါပေမဲ့ သူက ဘယ်မလဲ။ နောက်ဆုံး အဆက်အသွယ်ရတာ အမေရိကန်ကနေတဲ့။ အဲဒီရှေ့တုန်းက ပြုံယမ်းကတဲ့။ ခု အာဂျင်တီးနားမှာလား၊ နယူးဇီလန်မှာလား၊ အဲဒီ နှစ်ခုကြား တစ်နေရာရာမှာလား။

သူ့လုပ်ဖော်ကိုင်ဖက်ကို ဖုန်းခေါ်ချင်လိုက်တာ။ ဒါပေမဲ့ ဘယ်လို လုပ် ဖုန်းခေါ်မလဲ။ ခု ဂူစတေ့ဗ်ကို ပေးခဲ့တာက သူ့ဖုန်းလေ။

ဒါဆို မက်ဆေ့ချ်ပို့လို့ရမလား၊ အီးမေးလ်ရော။

တော်ပါ ကွာ။ ဂျူးလီးယပ်စ်က ဒါတွေမသုံးဘူး။ နို့ ဂူစတေ့ဗ်ကရော သုံးလို့လား။ မသုံးဘူးလေ။

အဲ- ဂျူးလီးယပ်စ်ရဲ့မိတ်ဆွေ၊ အဘိုးကြီး အယ်လန်မှာ တက်ပလက် တစ်လုံးရှိတယ်။ ဘာလီမှာတုန်းက နေ့နေ့ညည အယ်လန်ဟာ အဲဒီ တက်ပလက်ကို ကြည့်နေတာပဲ။ ခုရော သူ့မှာ တက်ပလက်ရှိသေးလား။

ဒါဆို-----------။

အင်း ဂူစတေ့ဗ်ရဲ့ ဖုန်းကို ဂျူးလီးယပ်စ်ပေးထားတာ။ အဲဒီဖုန်းကို အယ်လန်က ဂျူးလီးယပ်စ်ကို ပေးထားတာ။ အဲဒီဖုန်းရော တက်ပလက် ရောကို ဟိုတယ်မန်နေဂျာက အယ်လန့်ကို ပေးခဲ့တာ။ ဆိုတော့ ဟိုတယ် မန်နေဂျာဟာ ဖုန်းရော၊ တက်ပလက်ရောကို တစ်ခုခုများ စီမံထားလေ သလား။

ဂျူးလီးယပ်စ်ဖုန်းခေါ်တုန်း ဖုန်းမဖွင့်ထားမိတဲ့အတွက် ဂူစတေ့ဗ်ဟာ သူ့ကိုသူ ကျိန်ဆဲလို့မဆုံးဘူး။ ဒါကြောင့် အပြစ်ပေးတဲ့အနေနဲ့ မိုဘိုင်း နည်းပညာသစ်တွေကို သူလေ့လာတယ်။ ပထမဆုံး သူ တွေ့ရှိရတာကတော့ ဖုန်းတို့

တက်လက်တို့ဆိုတာ ဘက်ထရီအားကုန်သွားရင် မပြည့်မချင်း အားပြန်သွင်းရတယ်ဆိုတာပဲ။

ဒုတိယမြောက်တွေ့ရှိချက်ကတော့ ဘလူးတု နည်းပညာပဲ။ ပြီးတော့ ရွှမ်းမင်း လုပ်တယ်ဆိုတာ၊ တီးသားရင်း လုပ်တယ်ဆိုတာ၊ အဲ-ငါ့ အိုင်ဖုန်းကို ရှာပါ လုပ်ငန်းဆောင်ရွက်ချက်တဲ့။ ဒါ အတော်ဆန်းကျယ်တဲ့ နည်းပညာပဲ။

နေဦး ဒီနည်းပညာနဲ့ အယ်လန်ရဲ့ တက်ပလက်ကို ဒီကနေ လှမ်းရှာလို့ ရမလား။

တကယ်လို့ ရခဲ့ရင်-------။

ဒါပေမဲ့ ဒီလောက်မလွယ်သင့်ဘူး မဟုတ်လား။

ဟင် လွယ်ချင်လည်း လွယ်မှာပေါ့၊ တစ်ခါတလေတော့ ကံဆိုတာ ကောင်းတတ်စမြဲလေ။ ဟုတ်တယ်မဟုတ်လား။

※※※

(၇၇) ကင်ညာ၊ ဂျာမနီ

ငါ့အိုင်ပက်ကို ရှာပါနည်းပညာကို သုံးပြီး ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာတဲ့ ဂူစတေ့ဗ်ဆဗန်ဆန် ကို အားလုံးက အူလှိုက် သည်းလှိုက် ကြိုဆိုကြတယ်။ ခုတော့ ယူရေနီယံကိစ္စကို ဖြေရှင်းဖို့ပဲ ကျန်တယ်။ အယ်လန်ဟာ ပင်မစခန်းက လုပ်ငန်းသုံးဖုန်းကို နံပါတ် နှိပ်လိုက်တယ်။ လေးကြိမ် ဖုန်းမြည်ပြီးတဲ့အခါ တစ်ဖက် က ကိုင်လိုက်တယ်။

"ဟယ်လို"

သူ့ရဲ့ ပုဂ္ဂလိကဖုန်း မြည်လာတိုင်း အဓိပတိအိန်ဂျယ်လာ မာကယ်လ်ဟာ ဒီလိုပဲ ထူးလေ့ရှိတယ်။ ဘယ်တော့မှ သူ့နာမည်ကို စမပြောဘူး။

"ဟယ်လိုချင်လို မလိုချင်နေ"

အယ်လန်က ဖုန်းထဲက လှမ်းပြောလိုက်တယ်။

"အဓိပတိကြီးနဲ့ စကားပြောချင်တာဗျ၊ ကျွန်တော့် အင်္ဂလိပ်စကား ကို နားလည်ရဲ့လား၊ ဒါမှမဟုတ် ရုရှားလိုပြောရမလား၊ သို့တည်းမဟုတ် မန်ဒရင်းလို ပြောကြမလား""

"ခုပြောနေတာဘယ်သူပါလဲ"

အိန်ဂျယ်လာမာကယ်လ်ဟာ ရုရှားလို မေးလိုက်တယ်။

"ကျွန်တော်မပြောရသေးဘူးလား၊ အဲ- အယ်လန်ကားလ်ဆန်ပါ ခင်ဗျ၊ အဓိပတိကြီးမှတ်တယ်။ ကျွန်တော် အဓိပတိကြီးအတွက် နောက်ထပ် ယူရေနီယံတွေ အများကြီး ရှာတွေ့ထားတယ်ခင်ဗျ၊ ပထမ တစ်ခေါက်ပေး လိုက်တာတွေ ရရဲ့မဟုတ်လား"

အိန်ဂျယ်လာ မာကယ်လ်ဟာ ခုထိ မနက်စာ မစားရသေးဘူး။ အိပ်ရာဝင်ဝတ်စုံလည်း မလဲရသေးဘူး။ အိပ်ခန်းအပြင်က စားပွဲလေးမှာ ဒီနေ့လုပ်ရမယ့်ကိစ္စတွေနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ လှေ့လာနေတုန်း ဖုန်းဝင်လာတာ။ ဒီဖုန်းပေါ့၊ ထိပ်တန်းပုဂ္ဂိုလ်ဆယ်ယောက်မှာ တစ်ယောက် လောက်ပဲသိတဲ့ သူ့ရဲ့ပုဂ္ဂလိကဖုန်း။

"ခုစကားပြောနေရတာကို ကျွန်မအနေနဲ့ သက်သောင့် သက်သာ မဖြစ်လှဘူး၊ ရှင် ဒီနံပါတ်ကို ဘယ်လိုရတာလဲ"

"ခုလိုဆက်ရင် မဒမ်အဓိပတိကြီး အံ့သြမယ်ဆိုတာကို နားလည်ပါတယ်၊ သံသယလည်း ဖြစ်ထိုက်တာပေါ့လေ၊ နော်"

"ကျေးဇူးတင်ပါတယ်။ ကျွန်မ မေးတဲ့မေးခွန်းကို ရှင်မဖြေရသေး ဘူး"

"အော် မဖြေရသေးဘူးလား။ အင်း မေ့တတ်တာ အနှစ် လေးဆယ် လောက် ရှိပြီဗျ၊ ဒါပေမဲ့လို့ ကျုပ် ခင်ဗျားဆီကို စာတစ်စောင် ရေးဖူးတယ်လေ၊ တစ်ရှူးစက္ကူပေါ်မှာလေ၊ အချိန်က မရဘဲကိုးဗျ၊ အင်္ဂလိပ်လို ရေးလိုက်တယ်

မှတ်တာပဲ”

အဓိပတိကြီးဟာ စိတ်ပူနေတာဟာ တစ်မီလီမီတာလောက် လျော့သွားတယ်။

“ဆက်ပြောပါဦးရှင့်”

“အင်း အဓိပတိကြီးရဲ့ ကုလသမဂ္ဂ ဆိုင်ရာ ဂျာမနီ သံအမတ်ကြီးနဲ့ စားရတဲ့ ညစာက သိပ်ကောင်းတယ်ဗျ၊ သူ့နာမည် ဘယ်သူပါလိမ့်-ဩော်ဩော်- ကွန်းရက်ဒ်၊ ဟုတ်တယ်၊ သူက လူကောင်းသူကောင်းပါ၊ ကျသမျှ သူ ရှင်းတာပဲ၊ အနည်းဆုံးတော့ ကပ်စေးနဲ့ ကော်တရာ မဟုတ်ဘူး၊ ဒါပေမဲ့ ဂျာမန်တွေဟာ ဘာဖြစ်လို့များ ဖော်ဒကာကို ပန်းသီးအနံ့နဲ့ ထုတ်လုပ်တာလည်း မသိဘူး”

အဓိပတိကြီးဟာ စိတ်ပူနေတာဟာ တစ်မီလီမီတာလောက် ထပ်လျော့သွားတယ်။

“ဖော်ဒကာထဲ ပန်းသီးနံ့မထည့်ရဘူးလို့ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာမှ မရှိပဲရှင့်၊ ဒါပေမဲ့ မစ္စတာကားလ်ဆန်ရယ် ရှင် ကျွန်မကို ရေးခဲ့တဲ့ တစ်ရှူးစက္ကူပေါ်က စာအကြောင်းလေး ပြောပြစမ်းပါ”

အော်- မလုံလောက်သေးဘူးလား။ အင်းလေ။ ပြောရတာပ။

“အိုး ဟုတ်ပြီလေ၊ တကယ်တော့ ကွန်းရက်ဒ်က အိမ်သာသွား တုန်း၊ ရတဲ့အချိန်လေးမှာ ကောက်ရေးလိုက်ရတာပါ”

“တစ်ရှူးစက္ကူပေါ်ကစာ”

“အင်း တစ်ရှူးစက္ကူတွေက စားပွဲပေါ် ရှိနေတာလေ။ ဒါနဲ့ ကျုပ်လည်း တစ်ရွက် ကောက်ယူပြီး ရေးတာပေါ့၊ ဟော နောက်တစ်ရွက် နောက်တစ်ရွက်၊ ဒါနဲ့ စာပါအကြောင်းအရာက ခင်ဗျား ဖတ်ပြီးသား မဟုတ် လားဗျ၊ ဘာလို့ ပြန်ပြောခိုင်းနေတာလဲ၊ ရေးတာက ကျွန်တော်လေ”

အင်း ဒီလူကြီးဟာ တကယ်ပါပဲ။ ဒါပေမဲ့ သူဟာ အသက် တစ်ရာတောင် ကျော်ပြီဆိုပဲ။ နောက်တစ်ခါ အခွင့်အရေး ထပ်ပေးရမှာပေါ့။ အဓိပတိကြီးဟာ သူ သတိမထားမိဘဲ စိုးရိမ်တာ နောက်ထပ် တစ်မီလီမီတာ လောက် ထပ်လျော့သွားတယ်။

“စကား ဆက်ပြောချင်တယ်ဆိုရင် မစ္စတာကားလ်ဆန်ဟာ အစစ် အမှန် ဖြစ်ကြောင်း ကျွန်မ သိဖို့လိုတယ်လေ၊ ဒါကြောင့် ရေးတာကရှင်၊ ဖတ်ရတာက ကျွန်မဖြစ်သည့်တိုင် စာပါအကြောင်းအရာတွေကို ပြောခိုင်းနေရ တာပါ"

“သဘောပေါက်ပါပြီခင်ဗျ၊ ခင်ဗျားဟာ ခင်ဗျားဖြစ်ခဲ့မယ်ဆိုရင် ခင်ဗျားချက်ခြင်းသိမှာပါ၊ ကျုပ်နဲ့ ကျုပ်မိတ်ဆွေ ကညွတ် တောင်သူ ဂျူးလီးယပ်စ်တို့ဟာ မြောက်ကိုရီးယားလုပ် လက်ဆွဲသေတ္တာနဲ့ ထည့်ထားတဲ့ ယူရေနီယံ လေးကီလိုဂရမ်နဲ့အတူ နယူးယောက်ကို ရောက်လာတယ်လေ၊ အဲ မြောက်ကိုရီးယား လက်ဆွဲသေတ္တာတွေအားလုံးဟာ တစ်ပုံစံတည်းဆိုတာ အဓိပတိကြီးသိလားခင်ဗျ”

"ဆက်ပြောပါ"

"အင်း..အင်း- ပထမတော့ ကျုပ်တို့ဟာ ဒီသေတ္တာကို ဟိုအကောင်-သူ့နာမည်ဘယ်သူ၊ ထရမ့် - အမေရိကန် သမ္မတထရမ့်ကို ပေးပစ်ခဲ့ဖို့ စဉ်းစားတယ်။ ဒါပေမဲ့လို့ ဒါဟာ မမှန်ဘူးဆိုတာကို သိလာတယ်။ သူဟာ ကမ္ဘာ့ခေါင်းဆောင်တွေထဲမှာ တစ်မျိုးတစ်ဘာသာပေကိုး"

"ဆက်ပြောပါ"

"ဒါနဲ့ပဲ ကလေးတွေပြောတဲ့စကားနဲ့ဆိုရင် သူ့ကိုခေါက်ထားလိုက်တယ်။ ဒါပေမဲ့ မဒမ်အဓိပတိ ဆိုရင်တော့။ အင်း ဒီနေရာမှာ ကျုပ်ရဲ့တက်ပလက်အမည်းလေးကို ကျေးဇူးတင်ရမှာဗျို့၊ ခင်ဗျားသာဆိုရင် ဒီလေးကီလိုကို ကိုင်တွယ်နိုင်မယ်လို့ ထင်တယ်လေ၊ နောက်ထပ် လေးရာ ကီလိုဂရမ်လောက်လည်း ထားဖို့နေရာ ရှိမှာပဲပေါ့လေ"

အင်း ဒီကားလ်ဆန်ဟာ တကယ့်ကားလ်ဆန်ပဲ ဖြစ်ရမယ်။ စာပါအကြောင်းအရာကို သူ အတိအကျမပြောပေမယ့် စာထဲက လေသံဟာ ဒီလေသံပဲ။ အဓိပတိဟာ စိတ်ဒုံးဒုံး ချလိုက်တယ်။

"ကီလိုဂရမ် လေးရာ လား၊ ငါးရာဖြစ်ရမှာဆို"

အင်း သူပြောတာ ဟုတ်သားပဲလို့ အယ်လန်က တွေးလိုက်တယ်။ သူနဲ့ ဂျူးလီးယပ်စ်နှစ်ယောက်သား သေချာ ချိန်တွယ်ခဲ့ပြီးပြီ။ ကီလိုဂရမ် တစ်ရာ ပျောက်နေတယ်။ ဒါပေမဲ့လို့ ကီလိုဂရမ်လေးရာကို ဒီလမ်းကပို့၊ ကျန်တဲ့တစ်ရာကို ဟိုလမ်းက ပို့လို့တော့ မလုပ်လောက်ဘူး။ တကယ်လို့ အဲသလိုလုပ်မယ်ဆို နှစ်ရာ့ငါးဆယ်စီ အညီအမျှ ခွဲပို့မှာပေါ့။

"မှန်ပါတယ် မဒမ်အဓိပတိ၊ ကြည့်ရတာ ကျုပ်ရဲ့ သတင်းရင်းမြစ် တွေက မတိကျတာလား၊ မှောင်ခိုပို့တဲ့ကိစ္စမှာ ပြဿနာရှိတာလား နှစ်မျိုးလုံး လားမသိဘူးခင်ဗျ"

အယ်လန်ဟာ အတွေးနက်နေလို့ စကား ဆက်မပြောဖြစ်ဘူး။ "ဟယ်လို ရှင်ရှိနေသေးလား"

တစ်ဖက်က ဘာသံမှ မကြားတဲ့အတွက် အဓိပတိက မေးလိုက်တယ်။

"ရှိပါတယ်၊ ခုပဲ သုံးသပ်လို့ ပြီးပါပြီ။ မှောင်ခိုပို့တဲ့လမ်းကြောင်း ပြဿနာလို့ ကျုပ်ပြောချင်ပါတယ်"

ကဲ- ရွေးကောက်ပွဲက သုံးရက်ပဲ လိုတော့တယ်။ ခု ယူရေနီယံ ကီလိုဂရမ်လေးရာတဲ့ တော်တို့ရေ။ အိန်ဂျယ်လာ မာကယ်လ် ဟာ သူ့ရဲ့ ရှေ့တိုးလည်း ထမ်းပိုး၊ နောက်ဆုတ်လည်း လှည်းတုတ်အခြေအနေကို ကောင်းကောင်းရိပ်မိတယ်။ ဒါကြောင့် သူ ငိုင်နေတယ်။ စကားမပြောဖြစ်ဘူး။

"ဟယ်လို ခင်ဗျားရှိသေးလား"

အင်း- ရှိပါတယ်။

"အရင်တစ်ခါ ပေးတုန်းကတော့ လက်ဆွဲသေတ္တာနဲ့ ဆန့်တဲ့အတွက်

လွယ်တယ်ဗျ။ ခု ကီလိုဂရမ်လေးရာကတော့ အဲသလောက် မလွယ်ဘူး၊ ပို့ဖို့ဆိုရင် လေယာဉ်ပျံလိုတယ်။ အာဖရိကကို လာရမှာ၊ ခု ကျုပ်ရှိနေတဲ့ နေရာပေါ့။ ဂျာမနီကနေ ဘယ်သူမှမသိဘဲ လေယာဉ်ပျံထွက်လာဖို့ကိစ္စက တော့ မဒမ်အဓိပတိ ကြည့်လုပ်ပါ၊ အဲဒီလိုမဟုတ်ရင် ဂျာမနီရောက်တာနဲ့ ပစ်ချခံရမှာ၊ ဘာလင်ကောင်းကင်ကနေ ယူရေနီယံ လေးရာကီလိုဂရမ် မိုးရွာ သလို ပြုတ်ကျလာခဲ့ရင် ဘယ်လိုများနေမလဲ”

အဓိပတိဟာ နဖူးကို လက်နဲ့ဖိထားရတယ်။ ရွေးကောက်ပွဲမတိုင်ခင် တစ်ရက်မှာ ဘာလင်ကောင်းကင်ကနေ ယူရေနီယံမိုး ရွာချတဲ့ မြင်ကွင်းကြီးကို မြင်ယောင်နေလို့လေ။

သူ အယ်လန့်ကို နောက်ထပ်မေးခွန်းတွေ မေးတယ်။ မစ္စတာ ကားလ်ဆန်နဲ့ ယူရေနီယံဟာ ဘယ်နေရာမှာ အတူတကွ ယှဉ်တွဲတည်ရှိနေလဲဆိုတာ အတိအကျ သိဖို့လိုတယ်။ ပြီးတော့ ဂျာမနီ ဖက်ဒရယ်သမ္မတနိုင်ငံ ကိုယ်စားပြုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုနဲ့ အတူတူ အလုပ်လုပ်နေ သလားလဲ သိချင်တယ်။

အယ်လန်က သူ့ကို ပြန်ဖြေတာက သူဟာ ကင်ညာမှာဖြစ်ကြောင်း၊ စစချင်းတော့ ကင်ညာအစိုးရကို ဆက်သွယ်မယ် စိတ် ကူးကြောင်း၊ ဒါပေမဲ့ ကင်ညာမှာ ရွေးကောက်ပွဲက ဂျာမနီထက် စောကျင်းပနေကြောင်း။ ရွေးကောက်ပွဲ အနိုင်ရသူလို့ တရားရုံးချုပ်က ကြေညာပေးလိုက်တဲ့ ပုဂ္ဂိုလ်ဟာ အနိုင်ရပြီးပြီးချင်း ချက်ချင်း ပြန်ရှုံးသွားလို့ ပြဿနာတွေတက်ပြီး ရွေးကောက်ပွဲ ကို ပြန်ကျင်းပရမယ်လို့ဆိုကြောင်း၊ ကြည့်ရတာ အတိုက်အခံ ပုဂ္ဂိုလ် လက်ချက်လား၊ တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် လုပ်နေကြတာလား မသိကြောင်း၊ ဒါကြောင့် ယူရေနီယံဟာ မဒမ်အဓိပတိရဲ့ လက်ဝယ်မှာသာ အလုံခြုံဆုံးဖြစ်မှာဖြစ်ကြောင်း။

အော် လက်ဝယ်မှာလား၊ ပခုံးပေါ်မှာလား ရှင်ကြီးရယ်၊ နှစ်မျိုးလုံး ဘယ်ဟာမှ မကောင်းဘူး၊ ဒါပေမဲ့ အယ်လန်ကားလ်ဆန်ရဲ့ အမြော်အမြင်ကို သူသဘောပေါက်ပါတယ်။ အဲဒီယူရေနီယံကိစ္စကို ဖြေရှင်းမပေးရင် ဘယ်တော့မှ အဆုံးသတ်ကောင်းမှာမဟုတ်ဘူး။

“ဒီကိစ္စမှာ ဂျာမန် ကိုယ်စားလှယ်တွေပါသေးလား”

“ကောင်းတယ် ကောင်းတယ် ကျေးဇူးတင်ပါတယ်ခင်ဗျ”

ဒီအဘိုးကြီးဟာ မေးတဲ့မေးခွန်းကို ပြန်မဖြေတဲ့နေရာမှာ ပါရမီရှင်ပဲ ဆိုတာကို အိန်ဂျယ်လာ မာကယ်လ် တွေ့လာတယ်။

“အင်း ဆိုတော့ ဂျာမန် ဖက်ဒရယ် သမ္မတနိုင်ငံက ဒီပစ္စည်းကို လာသယ်တာ အကောင်းဆုံးလို့ ကျွန်မ ထင်တယ်၊ ပထဝီ မြေမျက်နှာသွင်ပြင် ဆိုင်ရာ အချက်အလက် အတိအကျကို ပို့ပေးပါ၊ ကျွန်မ ဘာလုပ်နိုင်မလဲ ကြည့်ပါ့မယ်”

ပထဝီမြေမျက်နှာသွင်ပြင် ဆိုင်ရာ အချက်အလက်တဲ့၊ ဘယ်လို

လုပ်ပေးမလဲ၊ မနက်စာက စားရတော့မယ့်ဟာကို။

"ပေးပါ့မယ် မဒမ်အဓိပတိ၊ ဒါပေမဲ့ အဲဒါက ကျုပ်မကျွမ်းကျင်ဘူး ဗျ၊ မနက်ဖြန်မနက် ဒီအချိန် ပြန်ဆက်မယ်၊ အဲဒီကျတော့ အသေးစိတ်အချက် တွေကို ဆွေးနွေးကြတာပေါ့"

အဓိပတိက ပြန်ဖြေမယ်အလုပ် ဂွပ်ခနဲ ဖုန်းချသံကို ကြားလိုက်ရတယ်။

"အယ်လန် မနက်စာ အဆင်သင့်ဖြစ်နေပြီ" ဂျူးလီးယပ်စ်က လှမ်းခေါ်လိုက်တယ်။

"လာပြီ လာပြီ လာနေပြီ"

※※※

(၇၈) ကင်ညာ

သူတို့မှာ ရှိတဲ့ငွေဟာ မကြာခင် ကုန်တော့မယ်။ ဂူစတေ့ဗ်ဆဗန်ဆန် ထပ်ရောက်လာတယ်ဆိုတာ ကျွေးရ မယ့် ပါးစပ်တစ်ပေါက် ထပ်တိုးလာတယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။ ဆွီဒင်မှာ စီးပွားရေးလုပ်နေကတည်းက အတွက် အချက်မှာ သူတော်တယ်ဆိုတာကို ဆဗင်းက သိတယ်။ ပထမရှုံး၊ နောက်တော့မြတ်၊ ပြီးတော့ ခေါင်းလုပ်ငန်း လက်စသပ်၊ ခုပြန်ရှုံးတဲ့ဘဝ ရောက်ကြပြန်ပြီလေ။

တခြားတစ်ဖက်က ထိုလောက လုပ်ငန်းကလည်း တည်ထောင်ဖို့ မလွယ်တော့ပါဘူး။ အယ်လ်အက်စ်ဒီ ဆေးပြားရောင်းရ ကောင်းမလားတွေးပေမယ့် မာဆာအီ မာယာ နယ်မြေမှာ ဆေးပြားဈေးကွက်သည် နတ္ထိမရှိ။ အင်း ဒါပေမဲ့ အဲဒီလမ်းတော့ ဘယ်တော့မှ မလိုက်ဘူး။ အမေဟာ ဆေးပြားအသုံးကောင်းလို့ မရှိတဲ့သူရဲ့နောက် လိုက်ရင်း ရထားတိုက်ခံရလို့ သေရှာတယ်။

သူလည်း ဒီမှာ ခြသေ့်ကိုက်ခံရလို့ သေစရာအကြောင်း ရှိတယ်။

ခုတော့ ကညွှတ်စကားဝိုင်းမှာ ဂူစတေ့ဗ် ဆဗန်ဆန်ပါ ပါလာပြီ။

တကယ်တော့ ကညွှတ်စကားဝိုင်းဆိုတဲ့ စကားဟာ သိမ်ငယ်စရာ၊ သူတို့ဟာ ကညွှတ်မှတစ်ပါး အခြားမရှိ၊ ကညွှတ်ကိုးကွယ်ခြင်းဆိုင်ရာ စကားဝိုင်းပဲ။

ကဲ ပင်လယ်ရေမျက်နှာပြင်အထက် မီတာနှစ်ထောင်၊ အီကွေတာ နားမှာ ကညွှတ်စိုက်လို့ရတာကို အားလုံး သဘောတူကြပြီ။ ကညွှတ်စိမ်းလား၊ အင်း၊ ကညွှတ်ဖြူရော၊ ဒါလည်း အင်း၊ နှစ်ခုလုံးစိုက်မယ်။

ဒါ ပေမဲ့ ဆေးရိုးသည် ကန့်လန့်လုပ်နေတာက မြေ။ သံခာတ်အပြည့် နဲ့ ဒီမြေနီဟာ လွန်ခဲ့တဲ့ နှစ် နှစ်သန်းလောက်ကတည်းက ဒီဒေသမှာရှိနေတာ။ ခု အဲဒီမြေနီဟာ ကျိန်စာဆိုးလို ကညွှတ်ချစ်သူတွေကို ဒုက္ခပေးနေပြီ။

“ဒါဆိုလည်း မြေဝယ်ပေါ့ဗျ၊ အဲနေဦး မဝယ်နဲ့၊ ကျုပ် ခင်ဗျားတို့ အတွက် ဝယ်ပေးမယ်”

တက်ပလက်ထဲ နှာခေါင်းစိုက်ထားတဲ့ အယ်လန်က ကညွှတ်သမား တွေကို မြွက်ကြားလိုက်တယ်။

ဟင် ဘာလဲ။ ဘာပြောတာလဲ။

“ရှင်ကြီးက မြေဝယ်မယ် ဟုတ်လား၊ ဒီမှာလေ၊ ဘယ်က ပိုက်ဆံနဲ့ ဝယ်မှာလဲ”

ဆဗင်းက အမြင်ကတ်ကတ်နဲ့ မေးလိုက်တယ်။

“ဘယ်လိုမြေကို ဝယ်မှာလဲ” ဂျူးလီးယပ်စ်

“ဘယ်လိုမြေကို ဝယ်မှာလဲ” ဂူစတေ့ဗ်

“ဘယ်လိုမြေကို ဝယ်မှာလဲ” ဖရက်ဒရင်ကာ လန်ဂါ

အယ်လန်ဟာ သူတို့ ညည်းညူ ပြောဆိုနေတာကို ငြီးငွေ့လာတဲ့ အတွက်

တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်တာ။ နိုင်ရိုဘီမှာ သဲမြေပွတွေ အများ ကြီး၊ တက်ပလက်ထဲကနေ ကလစ် နှစ်ချက်လောက်ခေါက်လိုက်ရင် ဝယ်ပြီး သားပဲ။ သဲမြေ တန်လေးရာလောက် ဝယ်ပေးရင် လောက်မလား။

"နေစမ်းပါဦး၊ အဲဒီ မြေ တန်ချိန်လေးရာကို တော်က ဘယ်က ပိုက်ဆံနဲ့ ဝယ်မှာတုံး"

ဆဗင်းက ထပ်ကာထပ်ကာ မေးနေတယ်။ ဟုတ်တယ်လေ ဒီဟာ ကြီးက ယုံရတာမဟုတ်ဘူးကို။

"ဘယ်ကပိုက်ဆံနဲ့မှ မဝယ်ဘူး၊ အာဖရိကမှာက ဒီလောက် အဆင့် မမြင့်လှဘူးလေ၊ တက်ပလက်ကနေပေးလို့ မရဘူး၊ သူတို့ ပြေစာပို့ပေး လိမ့်မယ်"

အေးလေ... အဲဒီပြေစာအတွက် ဘယ်သူ ငွေရှင်းမတုံး""

"အော် ဒါကို မေးနေတာလား၊ အခေါင်းလုပ်ငန်းက ငွေကျန်သေး တယ်မဟုတ်လား"

"မကျန်ပါဘူး ကုန်ပြီ"

"ဩော် ... ဒါဆို စဉ်းစားဦးမယ်"

ဖရက်ဒရင်ကာ လန်ဂါကတော့ အလွန်အင်မတန် တက်ကြွနေတယ်။

"မြေတန်ချိန်လေးရာရရင် ဒီစခန်းက အော်ဂဲနစ် ဥယျာဉ်ထက် တောင် ပိုစိုက်လို့ရသေးတယ်၊ ညဘက်တော့ အစောင့်ချရမယ် ဒါမှ ဘာဘွန်း မျောက်တွေ စိုက်ခင်းကို မဖျက်ဆီးမှာ"

ဂူစတေ့ဗ် ဆဗန်ဆန်ကလည်း မျက်နှာကြီး ဝင်းသွားတယ်။

"တန်ချိန် လေးရာတဲ့လား" လို့ ဝင်ပြောတယ်။ တန်ချိန်လေးရာက ဘယ်လောက်ရှိမှန်းတော့ သူ မသိဘူးလေ။

ဂျူးလီးယပ်စ်ကတော့ နောက်တစ်ဆင့်ကိုတောင် တင်ကြိုစဉ်းစား နေခဲ့ပြီ။

"ကဲ ကြည့်ရအောင်၊ အော်ဂဲနစ် ဥယျာဉ် ဟိုဘက်၊ အမှတ်တရ ပစ္စည်းအရောင်းဆိုင်နဲ့ ရုံးခန်းကြားဆို အလုပ်ဖြစ်မယ်၊ ဘယ်နှယ့်ထင်ကြတုံး" ဆဗင်းကလွဲလို့ မြေဖိုးပေးစရာမရှိဘူးဆိုတာကို ဘယ်သူမှ မတွေးကြဘူး။ ဖရက်ဒရင်ကာ လန်ဂါအတွက်တော့ ဘဝဟာ အသစ်ပြန်စရသလိုပဲ။

ပျော်ချက်ဆိုတာ ပြောမနေနဲ့။

ဆဗင်းက အတွေးကိုယ်စီနဲ့ ဝမ်းမြောက်နေကြတဲ့ ကညွတ်အုပ်စုကို ထားခဲ့ပြီး ဝရန်တာက အဘိုးကြီးဆီ လျှောက်လာတယ်။

"နေစမ်းပါဦး.. တော်ကြီးဟာ ဘာတွေ မွှေဦးမလို့လဲ"

"မွှေတယ်တဲ့လား... သူတို့ပျော်နေကြတာ မမြင်ဘူးလား"

"ဒါပေမဲ့ ပိုက်ဆံမှမရှိတာဆိုနေ"

"အို အရင်ကရော ရှိလို့လား၊ စိတ်အေးအေးထားစမ်းပါ ဆဗင်းရာ၊

ကျုပ်တို့ဟာ ဘဝမှ တစ်ကြိမ်သာ နေရတာပါ၊ ဘဝမှာ သေချာတာဆိုလို့ အဲဒါတစ်ခုပဲရှိသဗျ၊ ဘယ်လောက်ကြာကြာနေရသလဲဆိုတာတော့ ကွဲပြား

တာပေါ့လေ”

※※※

(၇၉) ကင်ညာ၊ မဒါဂါစါ

ဖရက်ဒရင်ကာ လန်ကာဟာ အောင်ပွဲရနေတယ်။ ယူရေနီယံကိစ္စမှာပေါ့၊ သူ့မှာ အင်မတန် အရေးပေါ်မှ ဆက်သွယ်ရမယ်လို့ ညွှန်ကြားထားတဲ့ အမိပတိရဲ့ သီးသန့်ဖုန်းနံပါတ် ရှိနေတယ်။

"ဘာအရေးပေါ်တာတုံး၊ ကျုပ်ကိုပေး၊ ဖုန်းခေါ် တာ ကျုပ်လုပ်မယ်"

အယ်လန်က ဖရက်ဒရင်ကာကို အဲသလိုပြောပြီး အမိပတိဆီ ဖုန်းခေါ်ခဲ့တာပဲ။

နောက်တစ်နေ့မနက်ကျရင် သူ ထပ်ခေါ်လိမ့်ဦး မယ်။ အိပ်မက်ဆန်လိုက်တာနော်။

သူ့ဘောစိဆိုတဲ့အကောင်ဟာ သူ တကယ်ရှိရမယ့် နေရာနဲ့ မိုင်ရာချီဝေးတဲ့ ဆဗားနား လွင်ပြင်ထဲကို အကျင့်ပုပ်ပြီး လွှတ်ခဲ့တယ်။ သူကိုယ်တိုင်ကတော့ နေရာကောင်းမှာ အရယူပြီးနေတယ်။

ဒါပေမဲ့ အားလုံးဟာ ကပြောင်းကပြန် ဖြစ်ကုန်တဲ့အခါ ဘောစိကောင်ဟာ မဒါဂါစကာကနေ သူ့ကို ချက်ချင်းပြန်လာဖို့ ဖုန်းခဏခဏ ဆက်နေတယ်။ အဲဒါ ချစ်လွန်းလို့မဟုတ်ဘူး။ ခုကိစ္စတွေ အဆင်မပြေတဲ့အခါ သူ့ကို ထိုးချဖို့အတွက် မဒါဂါစကာမှာ သူရှိနေမှ ဖြစ်မယ်လေ။

ဖရက်ဒရင်ကာဟာ ဘားတာဝန်ခံ ဂျွန့်ကို ရေသန့်တစ်ခွက် မှာတယ်။ ပထမတစ်ငုံသောက်ရုံရှိသေး ဖုန်းက မြည်လာတယ်။ စောက်ဘောစိကောင်ပဲ တွေ့ကြသေးတာပေါ့။

"ဟယ်လို ဖရက်ဒရင်ကာ လန်ဂါ ပါရှင်၊ ဘာများ ကူညီရမလဲ"

"ငါဟ စောက်တုံးမရဲ့၊ နင် မူဆိုးမားတောင် မရောက်သေးဘူးလား။ နင်ဟာ---------။

"ကျွန်မ မူဆိုးမားသွားစရာမလိုဘူးလေ၊ ကျွန်မ မှာ ယူရေနီယံတွေ ရှိနေပြီကိုး ဟင်း ဟင်း ဟင်း"

အေးဂျင့်(က) ဟာ ပါးစပ်ကြီး ပြဲသွားတယ်။ သူ နားကြားများ မှားသလား။ လန်ဂါစောက်ထုံမက ယူရေနီယံကို ရှာတွေ့သွားပတဲ့။ ဘယ်လိုများ ဖြစ်ရတာလဲ။

"အင်း ဒီလိုပဲလေ ရှင်သိပါတယ်"

"ဟေ့ အဲဒါတွေကို မထိနဲ့၊ ငါ ခုချက်ချင်းလာမယ် မင်း ဘယ်မှာလဲ"

"ကင်ညာမှာ"

"အာ-ကင်ညာ ဘယ်နေရာလဲ မေးတာဟ"

လန်ဂါက ဘေးပတ်ဝန်းကျင်ကို မျက်လုံးလေး ဝေ့ကြည့်လိုက်တယ်။

"ဆဗားနားထဲမှာ ထင်တာပဲ"

"ဟေ့ လန်ဂါ သေချာပြောစမ်း၊ ငါ နားရင်းအုပ်လိုက်မယ်"

"အို အရင်ဆုံး တွေ့အောင်ပဲ ရှာစမ်းပါဦး ဟိဟိ"

ဘာ- ဘာတွေဖြစ်နေတာလဲ။ ဒီကောင်မဟာ သူ့ဘော့စ်ရဲ့ တက်လမ်းကို ပိတ်ဝံ့သလား။

"ပေ့ နင် အလုပ်ဖြုတ်မခံချင်ရင် ခုချက်ချင်း တည်နေရာပေးစမ်း" ဟင် ဒါလည်း အရာမထင်ပြန်ဘူးလား။

"အလုပ်ဖြုတ်မယ်ဟုတ်လား၊ အဓိပတိမာကယ်လ်ကတော့ မနေ့က ဖုန်းပြောတော့ ရာထူးတိုးပေးမယ် ပြောတာပဲ၊ အဓိပတိက ရာထူးတိုးမယ် ပြောတာကို ရှင်က ဖြုတ်မယ်ပြောရအောင် ရှင်က ဧကရာဇ်လား"

အေးဂျင့်(က) ဟာ အသက်ရှူမရဘဲ ဖြစ်သွားတယ်။ ဘယ်လို လန်ဂါဟာ သူမသိဘဲ အဓိပတိဆီ ဖုန်းခေါ်တယ်လား၊ သူ ဖုန်းနံပါတ် ဘယ်ကရလဲ။

"အင်း ခေါ်တယ်လေ၊ ဟုတ်တာပေါ့ ဖုန်းက ရှင်ခေါ်သင့်တာ၊ ရှင်က ဘော့စ်လေ၊ ဒါပေမဲ့ ဘော့စ်က ကျွန်မကို ဖိုင်တွဲကြီး ပေးခဲ့တာကိုး၊ ဂရမ်တစ်ရာလောက်တော့ လေးတယ်ရှင့်"

ဟာ တကယ့်ကို ကမ္ဘာပျက်တာပဲ။

"အဲဒါ ငါ့ကို ခုချက်ချင်းပေး ဒါအမိန့်ပဲ"

"မပေးနိုင်ပါဘူး၊ ဒီဖုန်းလိုင်းက မလုံခြုံဘူး၊ ရှင် ကျွန်မကို လမ်းလွှဲပြီးပို့ခဲ့တာ ရက်စရာနော်၊ ရှင့်အတွက် အဓိပတိကြီးဆီ ပြောပေးရမလား၊ အို ဘယ်ဖြစ်ပါ့မလဲ ကျွန်မက အဓိပတိကြီးဆီ ဖုန်းခေါ်ပြီးပြီလေ ယူရေနီယံ ကလည်း ဒီမှာလေ ဟိဟိ"

သူ့ဘော့စ်ဟာ တရှူးရှူးနဲ့ အသက်ရှူနေတယ်။

"အဓိပတိက ဂုဏ်ပြုဆုတံဆိပ်လည်းပေးမတဲ့၊ ကျွန်မကိုနော် ရှင့်ကို မဟုတ်ဘူး"

"ဒီမယ် နားထောင်စမ်း"

ဘောစ်ဟာ ရလိုရငြား ကြိုးစားလိုက်တယ်။

"ဆုတံဆိပ်က ဘာလုပ်ရမှာလဲနော်၊ ကျွန်မ အနားယူမယ်၊ အလုပ်က ထွက်မယ်၊ ရှေ့ဆက် လုပ်စရာအများကြီး ရှိသေးတယ်၊ ခုကို လုပ်ငန်းစမှဖြစ်မှာ၊ ဆိုတော့ ရှင် ကျွန်မကို ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ဘူး၊ ကျွန်မကလည်း ရှင့်စောက်ခွက်ကို မမြင်ချင်ပါဘူးလေ"

တကယ်တော့ ဖရက်ဒရင်ကာလန်ဂါ ပြောတာတွေဟာ အမှန် မဟုတ်ဘူး။ ဘာလင်ကို ဖုန်းခေါ်တာက အယ်လန်လေ၊ သို့သော် အေးဂျင့် (က) ကို စိတ်ဒုက္ခပေးရ နည်းသလား။ အလုပ်ထွက်မယ်လို့ ပြောလိုက်ရတာ ကောင်းလိုက်တာ။ ဒါကလည်း မကြာခင် တကယ်ဖြစ်မှာလေ။

"ဒီမယ် လန်ဂါ လန်ဂါ ကျေး ဇူး ပြု ပြီး ဘယ် မှာ ရှိ တယ် ဆို တာ ပြော-------------ပြော"

အေးဂျင့်(က) ဟာ အမောဆို့ပြီး စကားတောင် တစ်လုံးချင်း ပြောနေရပြီ။

"ဩော် .. ကင်ညာမှာပါဆို၊ ခု အလုပ်ရှုပ်နေတယ်၊ မအားသေး ဘူး၊ ဟော

အိန်ဂျယ်လာ ဖုန်းခေါ်နေပြီ။ သူက တကယ်ကောင်းတဲ့ မိတ်ဆွေပဲ၊ အခိပတိကြီးလေ သိတယ်မဟုတ်လား၊ ဘိုင်”

လန်ဂါဟာ ဖုန်းချလိုက်တယ်။ ဖုန်းကို စမ်းချောင်းလေးထဲ ပစ်ချလိုက်တယ်။ စမ်းချောင်းလေးက ရေအိုင်ကြီးထဲကို စီးဝင်သွားမှာလေ။

“အားလုံးအဆင်ပြေရဲ့လား”

သူလုပ်သမျှကို မြင်နေရတဲ့ အယ်လန်က မေးလိုက်တယ်။

အား အရမ်းအဆင်ပြေတယ်၊ ကျေးဇူးပါ အယ်လန်” လို့ အေးဂျင့်ဟောင်း လန်ဂါက ပြန်ဖြေလိုက်တယ်။

※※※

(၈၀) ကင်ညာ၊ ဂျာမနီ

ပထမအကြိမ်ဖုန်းခေါ်ပြီး နှစ်ဆယ့်လေးနာရီတိတိကြာချိန်မှာ အယ်လန်က မာကယ်လ်ဆီ ဖုန်းထပ်ခေါ်တယ်။ ဒီတစ်ခါတော့ ပထမဆုံးအကြိမ် ဖုန်းမြည်တာနဲ့ မာကယ်လ်က တန်းကိုင်တယ်။

"မင်္ဂလာမနက်ပါ အဓိပတိ၊ အဓိပတိကို အဓိပတိလို့ပဲ တတ်နိုင်သမျှ ခေါ်တာကောင်းတယ်လို့ ကျုပ် ယူဆမိသဗျ၊ ခေါ်လို့ရတုန်းလေးနော်၊ ရွေးကောက်ပွဲပြီးတဲ့ တနင်္ဂနွေနေ့ကျ ဘာဖြစ်မလဲဆိုတာ ဘယ်သူမှမှ မသိဘဲနော်"

"မင်္ဂလာမနက်ပါ မစ္စတာ ကားလ်ဆန်"

"မဒမ် အဓိပတိရဲ့လူတွေ ပစ္စည်း ဘယ်မှာယူလို့ ရမလဲဆိုတာ ပြောချင်လို့ပါ၊ အထုပ်ဆိုတာ သေတ္တာ လေး အလုံး လေးဆယ်ဗျ၊ တစ်လုံးကို ဆယ်ကီလိုဂရမ် စီပါတဲ့ ယူရေနီယံတွေလေ၊ ခဲနဲ့ ပတ်ထားတာပေါ့ဗျ"

"ကောင်းတယ်ရှင့် ဒီတစ်ခါတော့ ဂွပ်ခနဲ ဖုန်းဆောင့်မချခင် ပြီးအောင်ပြောနော်"

မာကယ်လ်ဟာ စာရွက်နဲ့ ဘောပင်ကို အသင့်ကိုင်ထားတယ်။ မနေ့ကလိုပဲ ညဝတ်အင်္ကျီနဲ့ မနေ့က စားပွဲမှာပဲ ထိုင်နေတယ်။

အယ်လန်ကားလ်ဆန်ဟာ ဂျာမနီ ဖက်ဒရယ် သမ္မတနိုင်ငံအနေနဲ့ ညဘက်မှာ မာဆာအီ မာယာက ကီးကိုရာ့ခ်လေယာဉ်ကွင်းကလေးကို တိတ်တိတ်ဆိတ်ဆိတ် ဆင်းလာဖို့ အကြံပြုတယ်။

"ဘာလင်ကနေတက်လာပြီး ကမ်ပါလာရောက်ရင် ဘယ်ဘက်ကို ပျံလာခဲ့၊ ဗစ်တိုးရီးယား ရေကန်ကျော်ပြီးတာနဲ့ ကီးကိုရာ့ခ် ရောက်တာပဲ။ ကင်ညာ မာဆာအီ မာယာ ဆဗားနားလွင်ပြင်ထဲမှာလေ၊ တခြားတစ်ဖက်က ပျံလာရင်လည်းရပါတယ်၊ တခြားတစ်ဖက်ကလာရင်တော့ ကင်ညာကမ်းရိုး တန်းတစ်လျှောက် လာမူးအထိလာပြီး ညာဘက်ကို လာရမယ်၊ တစ်နာရီ လောက် ပျံပြီးရင် ကီးကိုရာ့ခ် ရောက်တာပဲ"

အလို ကားလ်ဆန်ဟာ ရူးမျှားသွားပြီလား။

"တရားဝင်ချင်ရင်တော့ နိုင်ရိုဘီက ကင်ညာအစိုးရကို နည်းနည်း ပါးပါး လက်သိပ်ထိုး အကြောင်းကြားထားပေါ့၊ ဒါပေမဲ့ သိပ်လိုမယ် မထင်ဘူးဗျ"

ရွေးကောက်ပွဲနေ့ရောက်ဖို့ နှစ်ရက်လိုတော့တဲ့အချိန်မှာ သူများ တိုင်းပြည်ထဲကို ခိုးဝင်တဲ့ကိစ္စ တယ်လီဖုန်းထဲကနေ အတည်မပြုချင်ပါဘူး၊ ဒါပေမဲ့ သူ ပြန်ပြောလိုက်တယ်။

"အင်း သိပြီ ရပ်ညွှန်းတွေပေး"

ရပ်ညွှန်းတွေ ဟုတ်လား။ ဒါတော့ အယ်လန်မသိဘူး။ ဒါပေမဲ့ မိတ်ကီနီက သူ့နောက်ကနေ နားထောင်နေတဲ့အတွက် အဓိပတိပြောတဲ့ ရပ်ညွှန်းတွေကို

ရေးပေးလိုက်ပြီး အယ်လန့်လက်ထဲ ထည့်လိုက်တယ်။ ခဏလေး.. ခုပဲ မှတ်စုတစ်ခု ရတယ်၊ ဩ ရပ်ညွှန်းဆိုတာ ဒါကိုး၊ ရုတ်တရက်ကြည့်တော့ အက်တမ် ကွဲပွားခြင်းဆိုင်ရာ ဖော်မြူလာ ကိုတောင် အမှတ်ရမိသေးတယ်”

ပစ္စည်းက ဘယ်တော့လောက် အဆင်သင့်ဖြစ်မလဲ မစ္စတာ ကားလ်ဆန်”

ဒီည ဒါမှမဟုတ် မနက်ဖြန်ည လို့ မာကယ်လ်က သူ့ဘာသာသူ ဆုံးဖြတ်ထားပြီးသား။ ဒါကြောင့် ဘယ်လိုလုပ်မယ်ဆိုတာကို အတည်မပြုဘဲ မနက်ဖြန်ည ၁ နာရီ ဆိုရင် အဆင်ပြေလောက်မယ်လို့ မာကယ်လ်က ပြောလိုက်တယ်။

“ကျွန်မတို့ ဘာများ ဆက်ဆွေးနွေးစရာရှိဦးမလဲ”

ရုတ်တရက် ချက်ချင်း အယ်လန့်ခေါင်းထဲ အတွေးတစ်ခုဝင်လာတယ်။

“အဓိပတိကြီးကို တစ်ခုတော့ ပြောချင်ပါတယ်”

“ပြောပါ”

“မြောက်ကိုရီးယားကို ယူရေနီယံတွေမရောက်ဖို့ ကြိုးပမ်းရ တဲ့အတွက် ကျုပ်တို့မှာ ကုန်ကျစရိတ် တချို့ရှိတယ်ဗျ”

အဓိပတိမာကယ်လ်ဟာ ကြွက်နံ့ရလာတယ်။ ကြည့်စမ်း ကြည့်စမ်း ကားလ်ဆန်ဟာ ဒီလိုလား။

“ကုန်ကျစရိတ် ဟုတ်လား”

“အင်း... ပြီးတော့ ကျုပ်တို့ သဲမြေ တန်လေးရာလောက်လည်း ဝယ်စရာရှိနေတယ်”

မြေ-ဟုတ်လား၊ ဒါနဲ့ ယူရေနီယံနဲ့ ဘာဆိုင်လဲ။ ထားပါ မသိချင် ပါဘူး။

“မြေ တန်ချိန်လေးရာရဲ့ လက်ရှိ ဈေးကွက်ပေါက်ဈေးက ဘယ်လောက်များလဲ”

မာကယ်လ်ဟာ အသံတုန်တုန်နဲ့ မေးလိုက်တယ်။

အင်း- မြေက အကောင်းစား သဲမြေဖြစ်ရမယ်၊ ပြီးတော့ နိုင်ရိုဘီက နေ သယ်ယူပို့ဆောင်စရိတ်လည်း ရှိသေးတယ်ဆိုတော့-

“ဆယ်သန်းလောက်ပေါ့ ပိုပိုလိုလို”

အယ်လန်က ပြောလိုက်တယ်။

ဘုရား၊ ဘုရား။

“မြေတန်ချိန်လေးရာကို ယူရို ဆယ်သန်း ဟုတ်လား”

ဒါဆိုရင်တော့ ကားလ်ဆန်ဟာ ဒုစရိုက်ဂိုဏ်းခေါင်းဆောင်ကြီးပဲ ဖြစ်မယ်။ အလိုလေး။

“အာ ဘယ်နဲ့ ယူရိုဆယ်သန်းရမှာလဲ၊ ကင်ညာရှီလင် ဆယ်သန်းဗျ”

အိန်ဂျယ်လာမာကယ်လ်ဟာ သူ့လက်ပ်တော့ထဲကနေ ငွေလဲနှုန်းကို ကြည့်လိုက်တယ်။ အမလေး - တော်ပါသေးရဲ့၊ ကင်ညာ တစ်ရှီလင်ကို ယူရို ၀.၀၀၈ တဲ့။ အင်း-ဟုတ်တာပေါ့လေ၊ ပေးရမှာပေါ့။

"ဒါပေါ့ မစ္စတာ ကားလ်ဆန်၊ ရှင့်မြေဖိုး ရသင့်တာပေါ့၊ ကျွန်မကို အကောင့်နံပါတ်ပေးပါ၊ ခုချက်ချင်း ဆောင်ရွက်ပေးပါ့မယ်"

"ခဏလေးပါ မဒမ် အဓိပတိ"

မိတ်ကီနီကို အယ်လန်က အကူအညီတောင်းလိုက်တယ်။ နိုင်ငံခြား ကနေ ငွေလွှဲတယ်ဆိုတာ ဆာဖာရီစခန်းမှာ နိစ္စဓူဝအလုပ်ပဲ။ ဒါကြောင့် မိတ်ကီနီဟာ ကဏန်းတွေ နံပါတ်တွေ ချက်ချင်းရေးပေးလိုက်တယ်။

"ကျေးဇူးပါပဲ၊ ကဲ ဖုန်းချတော့မယ်နော်၊ ကျွန်မ လုပ်စရာလေးတွေ ရှိသေးလို့ပါ"

တကယ်ပဲ လုပ်စရာတွေက သိပ်များတယ်၊ ဘာမှမလုပ်ရ၊ ဘာမှမပြောရ ကာလမတိုင်ခင် ကီးကိုရာ့ခ်ကို ပစ္စည်းသွားသယ်ဖို့ကိစ္စ လုပ်ရမယ်၊ နောက်လေးဆယ့်ရှစ်နာရီအတွင်း မဲရုံတွေ ဖွင့်တော့မှာ မဟုတ်လား။

※※※

(၈၁) ဂျာမနီ

အာဖရိက မစ်ရှင်ပြီးမြောက်လို့ ထရန့်စ်အော စီ ၁၆၀ လေယာဉ်ဟာ လန်းခရီး- ကိုချမ်- ဇဲလ် က ဂျာမန်ရေတပ်ဌာနချုပ် လေယာဉ်ကွင်းကို ဆင်းသက်လာ ချိန်မှာတော့ ဂျာမနီ ပါလီမန်ရွေးကောက်ပွဲတွေ စနေတာ နာရီပေါင်းများစွာ ကြာသွားခဲ့ပြီ။

ဘာတွေပါမှန်းမသိတဲ့ သေတ္တာလေး အလုံး လေးဆယ်ကို လေဆိပ်သယ်ယူပို့ဆောင်ရေးယာဉ်နဲ့ သယ်ပြီး မီတာသုံးရာ အဝေးမှာ အသင့်စောင့်နေတဲ့ သံချပ်ကာ ဘတ်စ်ကားပေါ် တင်ပေးလိုက်တယ်။ သံချပ်ကာ ဘတ်စ်ကားက ကိုးကီလိုမီတာ အဝေးက ဘန်ကာမြေအောက်ခန်းတစ်ခုထဲကို ပစ္စည်းတွေကို သယ်သွားရမယ်။ မြေအောက်ခန်းထဲမှာတော့ တခြား ပစ္စည်းတွေနဲ့အတူ ယူရေနီယံ လေးကီလိုဂရမ် ရှိတယ်။ ခုလာတဲ့ပစ္စည်းတွေက ရှိပြီးသား ယူရေနီယံကို အားဖြည့်မှာလေ။

ဘတ်စ်ကားဟာ စစ်တပ်လေယာဉ်ကွင်း အရှေ့ခြမ်း ဂိတ်ပေါက်ဝ က ဧရာမ ရွေးကောက်ပွဲ ပိုစတာကြီး နှစ်ခုကြားမှာ ဗျူဟာကျကျ ရပ်ထားတယ်။ ဒါမှ အမိပတိဟာ ယူရေနီယံ သယ်ယူပို့ဆောင်ရေးကို ကိုယ်တိုင် ကိုယ်ကျ ကြည့်လို့ရမှာပေါ့၊ ပိုစတာထဲမှာ မိုနာလီဇာအပြုံးမျိုးနဲ့ ပြုံးနေတဲ့ အမိပတိဟာ စစ်သားလေးတွေ ယူရေနီယံသယ်နေတာကို ပြုံးပြုံးကြီးကြည့် နေတယ်။ ကျွန်မတို့အားလုံး ကောင်းမွန် ပျော်ရွှင်စွာ နေထိုင်ကြရတဲ့ ဂျာမနီ နိုင်ငံအတွက်လို့ ပိုစတာက ပြောနေတယ်။

မာကယ်လ်ပြုံးဖို့ အကြောင်းပြချက်ကလည်း ကောင်းကောင်း ရှိသလေ။ ရွေးကောက်ပွဲ အကြိုစစ်တမ်းတွေက သူ နိုင်မယ်လို့ ပြောကြတယ်။ အစိုးရဖွဲ့ဖို့ကိစ္စကတော့ ထုံးစံအတိုင်း ရှုပ်ထွေးဦးမှာပေါ့။ ပြီးတော့ ကင်ညာက ပစ္စည်းသွားသယ်တဲ့ကိစ္စကလည်း အင်မတန် အဆင်ပြေချောမွေ့နေလေ။ ကင်ညာသူ ကင်ညာသားတွေကလည်း သူတို့ကိစ္စနဲ့သူတို့ ပျော်ပျော်ကြီး ရှုပ်နေကြတာကိုး။

နောက်တစ်နာရီအကြာမှာ ဘန်ကာမြေအောက်ခန်းကို ပိတ်လိုက်တယ်။ အမိပတိရဲ့ သူ့ချစ်ချစ် ပါမောက္ခကြီးတို့လည်း မဲပေးပြီးသွားပြီ။ ဒါကြောင့်မို့ အိမ်ထဲမှာ နှစ်ယောက်တည်း ညစာစားနေကြတယ်။

ပါမောက္ခကြီးက ညစာစားရင်း ပြောလိုက်တယ်။

"ကြည့်ရတာ မစ္စတာကားလ်ဆန်ဟာ ဂျာမန်ဒီမိုကရေစီ ဖြစ်စဉ်အပေါ် ဒီထက်ပိုပြီး အကျိုးသက်ရောက်မှု မရှိတော့ဘူး ထင်ပါရဲ့"

အမိပတိက သူ့ရဲ့ ချစ်လှစွာသော ပါမောက္ခကြီးကို ပြန်ပြော လိုက်တယ်။

"မဲရုံတွေပိတ်ဖို့ တစ်နာရီလောက်လိုသေးတယ်လေ၊ သူ့မှာ အချိန်

ရှိသေးတာပေါ့နော်”

※※※

(၈၂) ကင်ညာ

"လောကမှာ ဘယ်သူမှ မပြည့်စုံဘူးလေ၊ ကျုပ်က သာတောင် မပြည့်စုံသေးတယ်"

အယ်လန်က တောင်းပန်လိုက်တယ်။

မိတ်ကီနီနဲ့ ဆဗင်းဟာ စခန်းက ဘဏ်အကောင့် ထဲကို ဂျာမနီကနေ ယူရိုရှစ်သောင်း ဘာကိစ္စကြောင့် လွှဲရတာလဲလို့ အယ်လန့်ကို ဝိုင်းမေးကြတဲ့အခါ အယ်လန် က မြေဝယ်ဖို့အတွက် အဓိပတိကြီး အိန်ဂျယ်လာ မာကယ်လ်ကို အကူအညီပေးဖို့ တောင်းဆိုခဲ့ကြောင်း ပြောပြလိုက်တယ်။ အဓိပတိကလည်း ပေးမယ်လို့ ကတိပေးပြီး ဒီငွေတွေ ရောက်လာတာပဲ။

"ဒါပေမဲ့ ယူရိုရှစ်သောင်းဆိုတာ မြေဖိုးထက် ဆယ်ဆလောက် များနေတယ်လေ"

ဆဗင်းက စောဒက တက်လိုက်တယ်။

"အင်းလေ ကင်ညာငွေက နောက်က သုညတွေ များလွန်းတော့ ကျုပ်လည်း မှားသွားတာပေါ့"

"အယ်လန် တော် မှန်မှန်ပြောစမ်းပါရှင်၊ ဂျာမန် အဓိပတိကို ငွေညှစ်ခဲ့တာလား၊ ငွေပေးအောင် ပလီခဲ့တာလား"

အဲဒီအချိန်မှာ ဂျူးလီးယပ်စ်က အခန်းထဲ ဝင်လာတယ်။ သူက နောက်ဆုံးစကားကို ကြားသွားတယ်။

"အို ပလီသင့်ရင် ပလီရမှာပဲ၊ ဒါနဲ့ ဘာဖြစ်နေကြတာလဲဟင်" လို့ ပြောမေး မေးလိုက်တယ်။

※※※

(၈၃) ဆွီဒင်

မားရ်ဂေါ့ ဗော့စတွန်းဟာ အလုပ်မပြုတ်သေးပါ ဘူး။ ပြုတ်မယ့် အလားအလာလည်း မရှိသေးဘူး။ ဒါပေမဲ့ သူ့စိတ်ထဲက အပြစ်မကင်းဖြစ်နေတဲ့စိတ်ကတော့ ရပ်မသွားဘူး။

ရော့ဆင်ဂေါ့ မှာတုန်းက မသတ်ပါဘူးလို့ အယ်လန်ကားလ်ဆန် ကတိပေးခဲ့တဲ့ နာဇီဟာ နောက် နာရီအနည်းငယ်အကြာမှာ ကိုပင်ဟေဂင် အပြည်ပြည် ဆိုင်ရာ လေဆိပ်နားမှာ ရဲတွေနဲ့ ထိပ်တိုက်တွေ့ပြီး ပစ်သတ်ခံခဲ့ရတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ကားလ်ဆန်ကို အပြစ်တင်လို့တော့ မရဘူးပေါ့၊ အင်း- တင်လို့များရမလား မသိ။ ထွက်ခွာဆောင် တာမီနယ်ရှေ့မှာ သူ အသုဘကြီး (ဘယ်သူမောင်းမောင်းပေါ့) ရပ်ပစ်ခဲ့လို့ ကိုပင်ဟေဂင် လေဆိပ်ကိစ္စက ပြောင်းဆန်အောင် ဖြစ်ကုန်တာမဟုတ် လား။ ဒီလိုအခြေအနေမှာ ဒီလိုလုပ်ရင် ဘာတွေဆက်ဖြစ် မယ်ဆိုတာကို ဘယ်သူမဆို သိသင့်ပါတယ်ဟယ်။

စုံစမ်းစစ်ဆေးမှုတွေပြီးသွားတဲ့အခါ ပြဿနာရဲ့ ဇာစ်မြစ်က အသုဘကား ကို မတော်ရာရပ်သွားတဲ့ ဆဗင်းဂျွန်ဆင်ဆိုတာ သိကြပြီတဲ့။ ကားလ်ဆန်နဲ့ ဂျွန်ဆင်ကတော့ ကြဲရာပါ ဖြစ်နိုင်သတဲ့။ ဒါပေမဲ့လို့ အပျင်းကြီးတဲ့ ဆွဲချ ရှေ့နေကတော့ ကားမရပ်ရမယ့်နေရာမှာ ကားရပ်မှုနဲ့ပဲ တရားစွဲသတဲ့။ ဆိုတော့ ဟိုသေနာကြီးနှစ်ကောင်မှာ အပြစ်မရှိဘူး။ ဆဗင်းဂျွန်ဆင်ကတော့ ဒိန်းမတ်ကရိုနာ ခုနစ်ထောင် ဒဏ်ငွေဆောင်ရမယ်။

အင်းလေ ဘာပဲပြောပြော ကောင်းတဲ့အချက်ကတော့ အဲဒီ လူမွေကြီး သုံးယောက် တိုင်းပြည်က ထွက်သွားတာပဲ။ အဲ- လူမွေကြီးနှစ်ယောက်နဲ့ လူမွေမကြီး တစ်ယောက်ပေါ့။ မြေကမ္ဘာပေါ်ကနေ နာဇီပျောက်ကွယ်သွားတဲ့ ကိစ္စကတော့ နိုင်ငံခြားရေးဝန်ကြီး မစဉ်းစားဖို့ ကြိုးစားနေရတဲ့ကိစ္စပဲ။ သူ့ အဆင့်အတန်း သူ့ရာထူးနဲ့ဆိုရင် သူများကို သေစေချင်တဲ့ဆန္ဒရှိဖို့ မဖြစ်နိုင်ဘူး မဟုတ်လား။

မနေ့က ဂျာမနီ ပါလီမန် ရွေးကောက်ပွဲကိစ္စ စစ်တမ်း အနှစ်ချုပ်ကို ဝန်ကြီးချုပ်ကိုတင်ပြဖို့ သူ ခု သွားနေရတယ်။ ဒါက ဘာကိုဆိုလိုသလဲဆိုရင် နောက် သုံးလေးနာရီလောက်တော့ ကားလ်ဆန်ဟာ သူ့ကို လာခြောက်လို့ မရဘူး။ ဒါ ကောင်းတဲ့အချက်ပဲ။

"ဟိုင်း မားရ်ဂေါ့ ထိုင်ပါ"

ဝန်ကြီးချုပ် လော့ဗ်ဗန် က သူ့ကို နှုတ်ဆက်လိုက်တယ်။

ဂျာမန်ရွေးကောက်ပွဲဟာ ထင်ထားသလောက်တော့ အပေါင်း လက္ခဏာ မဆောင်ခဲ့ဘူးဆိုတာကို ဆွီဒင်ဝန်ကြီးချုပ်ရော နိုင်ငံခြားရေးဝန်ကြီးရော သဘောတူကြတယ်။

နောက်ဆုံးစက္ကန့်မှာ ဆိုရှယ်ဒီမိုကရက်က သိပ်မဟုတ်ပေမယ့်

လက်ယာအစွန်းရောက်တွေ မဲအတော်ရသွားတယ်။ ဒါ စိတ်ပူစရာကိစ္စပဲ။

မားရ်ဂေါ့ ဗော့စတွန်းရဲ့ ဂျာမန်ရွေးကောက်ပွဲစစ်တမ်း ရလဒ် ဆန်းစစ်မှုဟာ စိတ်ခေတ်ကျစရာပဲ။ ကြည့်ရတာ လောလောလတ်လတ် ပွာတိုရီကိုနဲ့ ဖလော်ရီဒါကို မွှေသွားတဲ့ ဟာရီကိန်း အာမာဟာ ဂျာမန် ရွေးကောက်ပွဲကိုပါ ဝင်မွှေသွားသလား မသိဘူး။ အာမာ သောင်းကျန်းနေ တုန်းမှာ ထရမ့်တောင် ငြိမ်ကုတ်နေရတယ်။ စောက်ရူးစကားတွေ တစ်ခွန်းမှ သူ့စောက်ပါးစပ်က ထွက်မလာဘူး။ အင်း-မာကယ့်လ်ပါတီဟာ အတော် များများ ဆုံးရှုံးခဲ့ပေမယ့် အနည်းဆုံး မာကယ်လ်ကတော့ နိုင်တယ်လေ။ အစိုးရ ဘယ်လိုဖွဲ့မလဲလို့ စောင့်ကြည့်ကြတာပေါ့။

ဝန်ကြီးချုပ်ဟာ သူ့ နိုင်ငံ ခြားရေးဝန်ကြီးရဲ့ ဆန်းစစ်နိုင်စွမ်းကို အံ့အားသင့်နေတယ်။ သူ့စစ်တမ်းဟာ ပုံမှန်မဟုတ်ပေမယ့် အတော်လေး သဘာဝကျတယ်။

ကဲ-ခုတော့ ဘာပဲဖြစ်ဖြစ် အနိုင်ရတဲ့ အဓိပတိ မာကယ်လ်ဆီ ဖုန်းဆက်ပြီး ဂုဏ်ပြုစကား ပြောရမယ်။

"မားရ်ဂေါ့ ဒီမှာပဲနေ၊ ကျွန်တော်ရယ် အဓိပတိရယ်ဟာ ခင်ဗျား အပေါ် ဘာမှ လျှို့ဝှက်ထားစရာ မရှိဘူး"

ဆယ်မိနစ်အကြာမှာ ဖုန်းဝင်သွားတယ်။ ဆွီဒင်ဝန်ကြီးချုပ် လော့ဗ်ဗန်ဟာ အဓိပတိနဲ့ ဥရောပအတွက် ဂုဏ်ယူကြောင်း ပြောလိုက်တယ်။ တကယ်လည်း မဒမ်အဓိပတိဟာ ဥရောပရဲ့ ကျောက်တိုင်ကြီးပါပဲ။ သူ့ရဲ့ တည်ငြိမ်မှုကလည်း အံ့မခန်းပါပဲ။

ဂျာမန်အဓိပတိကြီးက ဆွီဒင်ဝန်ကြီးချုပ်ကို ကျေးဇူးတင်စကား ပြောလိုက်တယ်။ သူဟာ ကမ္ဘာ့ခေါင်းဆောင် တစ်ဒါဇင်လောက်ဆီက ဖုန်းတွေ လက်ခံပြောပြီးပါပြီ။ ဒါပေမဲ့လို့ အခုတလော သူ့ကို အကြီးအကျယ် လွှမ်းမိုးထားတဲ့ ဆွီဒင်သားတစ်ယောက်ဖြစ်တဲ့ အယ်လန်ကားလ်ဆန်ဆီက တော့ ဖုန်းမလာသေးဘူး။

ဆွီဒင်ဝန်ကြီးချုပ်က စပီကာဖွင့်ထားတဲ့အတွက် နိုင်ငံခြားရေးဝန်ကြီး ဟာ ဂျာမန်အဓိပတိရဲ့ အသံကို ကြားနေရတယ်။

"ကျေးဇူးတင်ပါတယ် ဝန်ကြီးချုပ်ရှင့်၊ ကြုံတုန်းလေး ဆွီဒင် နိုင်ငံသားကြီး အယ်လန်ကားလ်ဆန်ကို ကျွန်မက နှုတ်ဆက်လိုက်ပါရစေ၊ သူဟာ မကူညီသင့်တဲ့ ကင်ဂျုံအန်ကို ကူညီဖို့ ငြင်းဆန်ခြင်းအားဖြင့် အံ့မခန်းတဲ့ ကိစ္စကြီးကို စွမ်းဆောင်ခဲ့တာပါ"

ဒီစကားသံကိုကြားလိုက်ရတော့ ဆွီဒင်ဝန်ကြီးချုပ်ဟာ အံ့သြသွားတယ်။

ဒါပေမဲ့လည်း အံ့သြတာထက်တော့ မပိုပါဘူး၊ သူမှ အယ်လန် ကားလ်ဆန်ကို မသိတာ။ မဒမ်ဗော့စတွန်းအနေနဲ့ အယ်လန်ကားလ်ဆန်နဲ့ သူရဲ့ စွန့်စားခန်းတွေအကြောင်းကို ဝန်ကြီးချုပ်ဆီ အစီရင်ခံဖို့ အချိန်မရ သေးဘူးလေ။

“ကျွန်တော် ပြောလိုက်ပါ့မယ်၊ ကျွန်တော်ကတစ်ဆင့် ပြောချင်တဲ့ စကားလေးများ ရှိပါသေးလားခင်ဗျ”

အိန်ဂျယ်လာမာကယ်လ်ဟာ အောင်ပွဲကြောင့် မုဒ်တွေ သိပ်ကောင်းနေတယ်။ အစိုးရဖွဲ့ဖို့ကိစ္စဟာ သူ တင်ကြိုမှန်းဆခဲ့သလောက် မခက်ခဲဘူး ဆိုတာ သူ သေချာသိနေပြီ။

“အို ဒါဆိုလည်း ပြောပေးပါရှင့်၊ ဘာလင်ရောက်ရင် ကျွန်မဆီ ဆက်ဆက်ဝင်ပါလို့၊ ကျွန်မ သူ့ကို ဂေါ်ဖီထုပ် စွပ်ပြုတ်နဲ့ ဧည့်ခံချင်ပါသေးတယ်”

နိုင်ငံခြားရေးဝန်ကြီးဟာ သူ့နားသူ မယုံနိုင်အောင် ဖြစ်နေတယ်။ ဒီဟာကြီး ဘာတွေ လုပ်လိုက်ပြန်ပြီလဲ။ အယ်လန်ကားလ်ဆန်က ဂျာမန် အဓိပတိကြီးရဲ့ မိတ်ဆွေတဲ့လား။

ဖုန်းခေါ်ဆိုမှုအပြီးမှာတော့ မဒမ်ဇော့စတွန်းဟာ ဝန်ကြီးချုပ်ကို ပြောလိုက်တော့တယ်။

“ကျွန်မ အိမ်ပြန်ဦးမှ ဖြစ်မယ်ရှင့်၊ ဒီနေ့ ကျွန်မအတွက် အတော်ကို နေ့တာရှည်တယ်ရှင်၊ ခွင့်ပြုပါဦး ဝန်ကြီးချုပ်ရှင့်”

※※※

(၈၄) မဒါဂါစကာ၊ မြောက်ကိုရီးယား၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စု၊ ရုရှ

မြောက်ကိုရီးယား ကိုယ်စားလှယ်ဟာ မဒါဂါစကာမှာ ဒေါ်လာသန်းရှစ်ဆယ်နဲ့အတူ စောင့်နေပေမယ့် မျှော်လင့်နေတဲ့ ယူရေနီယံတွေကတော့ ဘယ်တော့မှ ရောက်မလာခဲ့ဘူး။ အမေရိကန် ဂြိုဟ်တုတွေကို ကြောက်ရတဲ့အတွက် ဂုဏ်သိက္ခာနဲ့ ခွန်အားသဘော်ဟာ ဒီထက် ပိုမစောင့်နိုင်တော့ဘူး။ မြောက်ကိုရီးယား ကိုယ်စားလှယ်ကတော့ အပြစ်တွေအားလုံး သူ့ပေါ် ပုံကျလာမယ်ဆိုတာ သေချာသိတယ်။ ဒါကြောင့် ဖြစ်သမျှဒဏ်ကို ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးရင်း ခံယူတော့ မယ်လို့ ဆုံးဖြတ်ရင်း ဒေါ်လာသန်းရှစ်ဆယ်နဲ့အတူ အငွေ့ပျံသလို ပျောက်ကွယ်သွားခဲ့တယ်။

ကင်ဂျုံအန်တစ်ယောက် ဒေါသဖြစ်လိုက်တာမှ ဖျတ်ဖျတ်ကို လူးနေတာပဲ။

ယူရေနီယံကိစ္စက ဒီလောက်မဟုတ်ဘူး။ စောက်ရုရှားတွေ မွှေစက် ပေးလို့ ခု ပလူတိုနီယံ ရနေပြီ။ ဒါပေမဲ့ ပိုက်ဆံ။ ပိုက်ဆံကိစ္စကတော့ စောက်ရမ်းတင်းတယ်ကွာ။ အေး ဂုဏ်သိက္ခာနဲ့ ခွန်အား သဘော်ကပ္ပတိန်ဟာ ဒီကိစ္စမှာ ကျိန်းသေပေါက် ပါကို ပါရမယ်။ ပြန်လာရင်တော့ သူနဲ့တန်တဲ့ ကြိုဆိုမှု ရကိုရစေရမယ်။

ကပ္ပတိန်ကလည်း ဒါကို ကြိုသိတာပေါ့။ ဒါကြောင့် ဩစတြေးလျ အနောက်ဘက် ကမ်းရိုးတန်းမှာ သူ့သဘော်ကို ကယ်ဆယ်ရေး အရေးပေါ် အချက်ပြစေပြီး ပတ်သ်က လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်တွေဆီ နိုင်ငံရေး ခိုလှုံခွင့်တောင်းလိုက်တယ်။ စစ်ဆေးမေးမြန်းမှုတွေလုပ်ကြတဲ့အခါ ကပ္ပတိန် ဟာ သူသိသမျှ အကုန်ဖွင့်ချတော့တယ်။ အိန္ဒိယသမုဒ္ဒယာ အလယ်မှာ ခြင်းတောင်းတစ်လုံးနဲ့မျောနေတဲ့ အသက် ၁၀၁ နှစ်အရွယ် ဆွစ်လူမျိုး အဘိုးကြီးနဲ့ ဆုံတွေ့ခြင်းကိစ္စ အပါအဝင်ပေါ့။ ဩစတြေးလျက ဒီ သတင်းကို စီအိုင်အေကို ပေးတယ်။ အဲဒီကတစ်ဆင့် သမ္မတထရမ့်နားထဲ ရောက်တယ်။

တကယ်တော့ အိန္ဒိယသမုဒ္ဒရာထဲမှာ အယ်လန်ကားလ်ဆန် ဘာတွေ လုပ်ခဲ့တယ်ဆိုတာ မားရ်ဂေါ့ ဗော့စတွန်းရဲ့ ၇၂ မျက်နှာထူတဲ့ ကုလသမဂ္ဂ အစီရင်ခံစာထဲမှာ ပြည့်ပြည့်စုံစုံ ပါပြီးသားပါ။ ဒါပေမဲ့ အစီရင်ခံစာ ၇၂ မျက်နှာဆိုတာ ဒေါ်နယ်ထရမ့်အဖို့ သိပ်ရှည်လွန်းတယ်မဟုတ်လား။ ဒါကြောင့် သမ္မတထရမ့်ဟာ သူ့ဘာသာသူ ကောက်ချက်ချလိုက်တယ်။

"လူတွေများ မိုက်မဲလိုက်တာ၊ ဆွီဒင်ကွန်မြူနစ် သေနာကြီး တစ်ကောင် ပင်လယ်ထဲ ခြင်းတောင်းနဲ့မျောနေတာကို မြောက်ကိုရီးယားက စောက်ရူးတွေက ကယ်သွားသတဲ့လား၊ တိုက်ဆိုင်ချက်ကလဲ၊ လဖွတ်ပဲ"

သမ္မတထရမ့်ဟာ ကားလ်ဆန်ကို ခုံရုံးတင်ဖို့ စီအိုင်အေကို အမိန့်

ပေးလိုက်တယ်။

စီအိုင်အေ ညွှန်ကြားရေးမှူးအသစ်ဟာ အံ့သြသွားတယ်။ (ညွှန်ကြားရေးမှူးအသစ် ဟုတ်တယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညွှန်ကြားရေးမှူး အဟောင်းက သမ္မတ အလုပ်ဖြုတ်တာ ခံလိုက်ရပြီ)

"ဟင် ဘာအမှုနဲ့လဲ သမ္မတကြီး"

"ဘာအမှုဖြစ်ဖြစ် ကျုပ်က သိစရာလိုလို့လား"

သမ္မတက စီအိုင်အေ ညွှန်မှူးအသစ်ကို ပိတ်ငေါက်လိုက်တယ်။ စီအိုင်အေညွှန်မှူးလည်း ပြန်ခွင့်တောင်းပြီး ပြန်လာခဲ့လိုက်တယ်။ ဘာမှလုပ်စရာ မလိုပါဘူးလေ။ နောက်နှစ်ပတ်လောက်ဆို ဒီကိစ္စအားလုံး စောက်သမ္မတက မေ့သွားမှာပဲ မဟုတ်လား။

※

ဂျီနာဟာ ဒေါသထွက်ရလွန်းအားကြီးလို့ ဒီတစ်ခါတော့ ဒေါသ ထွက်တာထက် စိတ်ရှုပ်တာက ပိုများနေတယ်။

"ဘာဖြစ်ပြန်ပြီလဲ ဂျီနာ"

သမ္မတပူတင်က သူ့သူငယ်ချင်းကို မေးလိုက်တယ်။

"အေး ... ငါဘယ်ကနေ စပြောရမှန်းတောင်မသိဘူး"

"မင်းပြောချင်တဲ့နေရာကနေသာ စပြောကွာ"

ဆိုတော့ သူစပြောတာပေါ့ ။

ကွန်ဂိုက သူ့လူ ဂွတ်လပ်ဝီလ်ဆင်ဟာ ယူရေနီယံမစ်ရှင် မအောင်မြင်ခဲ့ဘူး။ ကင်ညာ မာဆာအီမာယာ,က လေယာဉ်ကွင်းပေါက်စကလေးမှာ ပုန်းပြီးစောင့်နေတဲ့ ရုရှားသစ္စာခံ ပိုင်းလေ့က သတင်းပို့တယ်။ ဝီလ်ဆင်နဲ့ ယူရေနီယံဟာ ဘယ်တုန်းကမှ ပေါ်မလာခဲ့ဘူးတဲ့။ ချိန်းထားတဲ့ညကလည်း ရောက်မလာ၊ နောက်တစ်နေ့ညမှာလည်း ရောက်မလာခဲ့ဘူး။

"ဘာဖြစ်လို့တဲ့လဲ၊ လုပ်ဖို့ကြောက်ပြီး ခြေဖျားလက်ဖျား အေးသွားလို့ တဲ့လား"

ခြေဖျားလက်ဖျားတင်မကဘူး၊ ဂွတ်လပ်ဝီလ်ဆင်ရဲ့ တစ်ကိုယ်လုံး ကို ခွေးအတွေ စားသွားခဲ့သတဲ့။ လေယာဉ်ကွင်းရောက်ဖို့ ခုနစ်ကီလိုမီတာ အလိုမှာတဲ့။ ဘီးပေါက်နေတဲ့ကားက လမ်းဘေးမှာ ရပ်ထားတာတွေ့ရပေမယ့် ပစ္စည်းတွေကတော့ တစ်ခုမှ မရှိတော့ဘူး။ သေတ္တာလွတ်ကြီးပဲ ကျန်ခဲ့တယ် တဲ့လေ။

"ကံဆိုးတာပဲ၊ ဒါဆို ယူရေနီယံတွေက ခုဘယ်မှာတဲ့လဲ" အရှမ်း ခံပြင်းစရာကြောင်းတာက အရာရာသိတဲ့ ဂျီနာဟာ အဲဒီ အပိုင်းကို လုံးဝမသိရဘူး ဖြစ်နေတယ်။ မြေပြင်အဆက်အသွယ်တွေအရတော့ နောက်နှစ်ည သုံးညလောက်အကြာမှာ အမျိုးအမည်မသိ လေယာဉ်တစ်စင်း ကီးကိုရာ့ခ် လေဆိပ်ကို ဆင်းလာပြီး ခဏနေတော့ ပျံတက်သွားသတဲ့။ ဒါကြောင့် ယူရေနီယံကို

ကင်ညာမှာ ရှာလို့တွေ့မယ် မထင်တော့ဘူး။ အာဖရိကတိုက်မှာကို မရှိလောက်တော့ဘူး။

"ဒါပေမဲ့ ကိစ္စမရှိဘူးမဟုတ်လား၊ ပြုံယမ်းက ဝက်ပေါ်ဟာ သူလိုချင်တာ ရသွားပြီပဲ၊ လိုချင်တာထက်ကို ပိုရနေပြီထင်တာပဲ"

ဂျီနာက ဒါကို သဘောတူပေမယ့် ဇာတ်လမ်းက မပြီးသေးဘူး။

"ဟင် မပြီးသေးဘူးလား"

မပြီးသေးဘူး၊ အယ်လန်ကားလ်ဆန်အကြောင်း ကျန်သေးတယ်။

"အော မင်းမွေးထားတဲ့ နာဇီမျောက်လောင်းတွေကို ဆွီဒင်မှာ သတ်သွားတဲ့ အဘိုးကြီးလား"

"ဆွီဒင်မှာရော.. ဒိန်းမတ်မှာရောကွ"

"ခု သူဘာလုပ်နေသတဲ့လဲ"

"ကညွတ်စိုက်နေသတဲ့"

အား- သမ္မတပူတင်ဟာ ကညွတ်ဆို သိပ်ကြိုက်တယ်။

"ကောင်းတာပေါ့ကွ၊ ဘယ်မှာတဲ့လဲ"

"ကင်ညာ မာဆာအီ မာယာ ဒေသက တောင်ကြားစခန်းတစ်ခုမှာ တဲ့၊ အဲဒီစခန်းက လေဆိပ်နဲ့ ဝီလ်ဆင်ကို ခွေးအတွေ စားသွားတဲ့ ချုံပုတ်တွေ ကြားထဲမှာ ရှိတာ"

သမ္မတပူတင်ဟာ သူ့သူငယ်ချင်းရဲ့ မထွေးနိုင်မအန်နိုင် မျက်ခွက်ကြီးကို ကြည့်ရင်း ရယ်ချင်လာတာနဲ့ ရယ်ချလိုက်တယ်။ ဗုံလုံတစ်လှည့် ငါးပျံတစ်လှည့်ပေါ့ ဂျီနာရယ်၊ မင်းပဲ အမြဲနိုင်ချင်လို့ ဘယ်ရမလဲ။

"ဒါနဲ့နေစမ်းပါဦး သူ့အကြောင်း မင်းက ဘယ်လိုသိလဲ"

ဂျီနာက ပိုဒေါသထွက်လာတယ်။

"ဒီမအေဘေးကြီးက တွစ်တာမှာ တင်နေတာကိုးကွ"

ဟား - - ဟားဟားဟား - - ဟား။

ပူတင်ဟာ တက်မတတ် ချက်မတတ် ရယ်တယ်။

"သူကို သတ်ခိုင်းဖို့ တစ်ယောက်ယောက် လွှတ်လိုက်ရမလား"

ဂျီနာက စိတ်ဆိုးမာန်ဆိုးနဲ့ သမ္မတဆီ အမိန့်ခံလိုက်တယ်။

ဒါပေမဲ့ သမ္မတပူတင်ဟာ အဲသလောက် မယုတ်မာဘူး၊ ပြီးတော့ သူ သဘောကျနေတာလေ။

"ငါတို့ကို ၁၀၁ နှစ်သားကြီးက ပညာပေးသွားတယ်လို့ သဘော ထားပေါ့ သူငယ်ချင်းရာ၊ အဘိုးကြီး သူ့ဟာနဲ့သူ နေပါစေ၊ ငါတို့မှာ ပူစရာ ကမ္ဘာ့ဖလား ရှိသေးတယ်ကွ၊ တားမြစ်ဆေးအသုံးဆုံးအသင်း နိုင်ပါစေ ကွာ"

※※※

(၈၅) ဆီဒင်၊ အမေရိကန် ပြည်ထောင်စု၊ ရုရှား

ကုလသမဂ္ဂ လုံခြုံရေး ကောင်စီမှာ ဆီဒင်ရဲ့ ပထမနှစ်သက်တမ်းကတော့ စိတ္တဒုက္ခ ကာယဒုက္ခ နှစ်ဖြာနဲ့အတူ ပြီးမြောက်ခဲ့ပြီ။ ဒုက္ခဆိုတာဟာ အမှန်ပဲလို့ မားရ်ဂေါ့ ဗော့စတွန်း ဟာ တွေးနေမိတယ်။

သူ စွမ်းဆောင်နိုင်ခဲ့တဲ့ ကိစ္စတချို့ ရှိခဲ့ပါတယ်။ ဒါ ပေမဲ့ အမေရိကန်ပြည်ထောင်စုနဲ့ မြောက်ကိုရီးယား ကြားက ဖြန်ဖြေရေးသမားအဖြစ်တော့ မအောင်မြင်ခဲ့ဘူး။ ပိစိဖိတ်သမုဒ္ဒရာ ဟိုဘက်နဲ့ ဒီဘက်အခြမ်းက လူနှစ်ယောက် ဟာ အတ္တပုံဆောင်ခဲ နှစ်တုံးကိုး။

လအနည်းငယ်အတွင်း ကမ္ဘာပေါ်က တိုက်ကြီး လေးခုမှာ မွှေနှောက်ချောက်ချားစေနိုင်ခဲ့တဲ့ အယ်လန် ကားလ်ဆန်နဲ့ပတ်သက်ရင်တော့ သူ့ကျရှုံးမှုတွေကို သူ အလွန်အပြစ်တင်ချင်စိတ်တွေ ဖြစ်မိတယ်။

ခုတော့ ဒင်းကြီး ငြိမ်နေတယ်။ ပဥ္စမမြောက်တိုက်မှာ မွှေဖို့များ အလုပ်များနေသလားမသိ။

ဒါပေမဲ့လို့ ကားလ်ဆန်ကို ဘာအကြောင်းနဲ့မှ အပြစ်ပုံချလို့ မရဘူး ဆိုတာ သူ့အတွင်းစိတ်ထဲက သိနေတယ်။ သူဟာ တစ်ခုခု ဖြစ်အောင် စွမ်းဆောင်နိုင်တဲ့ မွေးရာပါ စွမ်းရည်ရှိသူပဲ။ အချိန်မှား၊ နေရာမှားပြီး စွမ်းဆောင်တာသာ ပြောစရာရှိတာ။

အင်းလေ အဲသလို စွမ်းဆောင်ခဲ့တာဟာ နှစ်ပေါင်း ၁၀၁ နှစ် ရှိနေပြီပဲကိုနော်။

※

မှောင်မိုက်မှာ တိတ်တဆိတ် သေဆုံးရတဲ့ ဒီမိုကရေစီ

ဝါရှင်တန်ပို့စ်က အဲသလို ခေါင်းစဉ်တပ်ပြီး အိမ်ဖြူတော်သက်တမ်း တစ်နှစ်အတွင်း သမ္မတထရမ့်ပြောခဲ့တဲ့ မုသားတွေနဲ့ အမှားတွေကို တန်းစီပြီး ချရေးတယ်။ အမှန်တရားဟာ အချိန်တန်ရင် အောင်ပွဲခံပါစေလို့ တိတ်တခိုး မျှော်လင့်ပြီးရေးခဲ့တယ်လို့များ ပြောရမလား။

ဒါပေမဲ့ အောင်ပွဲမခံပါဘူး။ ပထမနှစ်ကုန်ဆုံးဖို့ နီးလာချိန်မှာ သမ္မတဟာ တစ်ရက်ကို မှားယွင်းတဲ့ ထုတ်ပြန်ချက် ၅.၅ ခု လောက် မှန်မှန်ကြီး ထုတ်လုပ်နေတယ်။ သူက သူ့ကိုယ်သူ ဘယ်လိုကာကွယ်သလဲ ဆိုတော့ သူဟာ အဲသလောက်မမှားပါဘူးတဲ့။ အမှားတစ်ခုကို ထပ်ကာ ထပ်ကာ ထုတ်ပြန်တာပဲရှိတာပါတဲ့။ ဝါရှင်တန်ပို့စ်က အဲဒီအမှားတွေအကုန် လိုက်ရေတွက်ထားတာဟာ ရိုင်းစိုင်းပြီး လူမဆန်တဲ့သဘော ရှိသတဲ့။ တကယ်ဆို ထပ်နေတာတွေကို ဖယ်ထုတ်ပစ်ရမှာ မဟုတ်လား။

အဲသလို ရေတွက်ထားတဲ့အထဲမှာ သမ္မတထရမ့်ဟာ အရင်သမ္မတရဲ့ ကျန်းမာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုနဲ့ပတ်သက်ပြီး ပြောတဲ့အမှားက အကြိမ် ခြောက်ဆယ်လောက် ရှိတယ်။ အခွန်နဲ့ပတ်သက်တဲ့အမှားက အကြိမ် ၁၄၀၊ အင်း ဒါတွေအားလုံးဟာ အမှားတွေကို ထုတ်လွှင့်တတ်တဲ့ မီဒီယာ အတု အယောင်၊ မိစ္ဆာတွေစနက်ပဲ မဟုတ်လား။

ဂျီနာနဲ့ ဗိုလိုဒယျာဟာ ခါတိုင်းလိုပဲ နှစ်သစ်ကို နှစ်ယောက်သား ကြိုဆိုနေခဲ့ကြတယ်။ နှစ်သစ်မကူးခင် သန်းခေါင်ယံအချိန်မှာ လက်ဖက်ရည် တစ်ခွက်စီနဲ့ တို့စ်လုပ်ကြရင်းပေါ့။ သူတို့နှစ်ယောက်ရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ ရုရှားကို ကမ္ဘာရဲ့ ရှိသင့်ရှိထိုက်တဲ့ နေရာအဆင့်အတန်းကို ပို့ဆောင်ရေးကိစ္စ ကြီးဟာ အရေးကြီးလွန်းတဲ့အတွက် သူတို့ဟာ မူးနေလို့မဖြစ်ဘူးလေ။

လွန်ခဲ့တဲ့ တစ်နှစ်၊ တစ်နည်းအားဖြင့် ဆယ့်နှစ်လတိတိ အချိန် တုန်းကလည်း သူတို့ဒီလိုပဲ အမေရိကန်ပြည်ထောင်စုမှာ ဖြစ်ပေါ် တိုးတက်မှု အတွက် တို့စ်လုပ်ပြီး အချင်းချင်း ဂုဏ်ပြုခဲ့ကြဖူးတယ်။ သမ္မတသစ် ဒေါ်နယ် ဂျေ ထရမ့်ရဲ့ ပထမဆုံး သမ္မတမိန့်ခွန်း မတိုင်ခင်လေးမှာပေါ့။ ရွေးကောက်ပွဲ ည ပြီးကတည်းက ဂျီနာရဲ့ အင်တာနက်တပ်ဟာ သူတို့ရဲ့လမ်းကြောင်းတွေကို အစဖျောက်ရင်း အလွန်အင်မတန် အလုပ်တွေ များခဲ့ကြတယ်။

အဲဒီမတိုင်ခင် တစ်နှစ်တုန်းကတော့ နှစ်ယောက်သား အီးယူကနေ ဗြိတိန် ထွက်ခွာရေး လူထုဆန္ဒခံယူပွဲ အောင်ပွဲအထိမ်းအမှတ် နှစ်ယောက်သား တို့စ်လုပ်ခဲ့ကြတယ်။ နှစ်ပေါင်းများစွာအတွင်း ရောမအောင်ပွဲကြီး နှစ်ခုပေါ့။

အဲ-၂၀၁၇ ကတော့ အောင်ပွဲမရှိတဲ့နှစ်ပဲ။ အမေရိကန်ပြည်ထောင်စု ရဲ့ ဗရုတ်သုတ်ခ အဖြစ်အပျက်တွေဟာ ကြည့်လို့ကောင်းပေမယ့် ကြောက်စရာ လည်း ကောင်းလှတယ်။ အနာဂတ် လူသားမျိုးနွယ်အတွက် စိုးရိမ်စရာပဲ။ ဒီထရမ့်နဲ့

ဒီကင်ဂျုံအန်ကို တစ်ခုခုတော့လုပ်မှဖြစ်မယ်။ ဗိုလိုဒယျာနဲ့ ဂျီနာ နှစ်ယောက်ပေါင်းပြီးပေါ့။

ဥရောပ စုပ်စုပ်မြုပ်ရေး စီမံချက်ကလည်း မအောင်မြင်ဘူး။ ပြင်သစ်ကိစ္စက သူတို့ကို ဒုက္ခအပေးဆုံးပဲ။ ဖရန်ကွိုက်စ် ဖယ်လွန်နဲ့ မာရင်း လီပန်း နှစ်ယောက်အတွက် ခင်းထားတဲ့လမ်းဟာ အတော်ရုပ်ပျက်ဆင်းပျက် ဖြစ်ပြီး ဇာတ်သိမ်းသွားခဲ့တယ်။ စောက်သူတောင်းစား ဖယ်လွန်ဟာ သူ့မိန်းမ ကို ဘလိုင်းကြီး ယူရှိ ငါးသိန်းပေးသတဲ့။ အဲဒါကလည်း အခွန်ထမ်းပြည်သူ တွေရဲ့ငွေတဲ့၊ ဒါကို သတင်းစာက သိပြီး ရေးချလိုက်သတဲ့ကွာ။

ဘာလင်မှာတော့ အခြေအနေကောင်းတန်ကောင်းရဲ့လို့ မျှော်လင့်ခဲ့ပေမယ့် သေနိုင်ခဲတဲ့ အသက်ကိုးချောင်းပိုင်ရှင် မသာမကြီး မာကယ်လ်က ဒီလောက် လုပ်ထားတဲ့ကြားက နောက်ဆုံးမှာ ညွန့်ပေါင်းအစိုးရဖွဲ့ နိုင်သွားပြန်တယ်။

အင်းလေ - အားလုံး ရချင်လို့တော့ ဘယ်ဖြစ်ပါ့မလဲ။ အရှေ့အလယ် ပိုင်းက တည်ငြိမ်နေလို့ တော်သေးတယ်။ အီးယူနဲ့ နေတိုးက စောက်ရူးတွေက ဆီးရီးယားသမ္မတ အာဆတ်ကို စနစ်တကျ ဖယ်ရှားရမယ်လို့ စောက်သံကောင်း လွှင့်နေတယ်။ သူ့ ကို ဖယ်လိုက်လို့ ဆီးရီးယားမှာ စောက်ကျိုးနည်းကုန်ရင် သူတို့တာဝန်ယူမှာကျလို့၊ ရှရှားပဲ တာဝန်ယူရမှာ၊ ဒါပေမဲ့ ဒုက္ခသည်တွေ ရောက်လာတာတော့ ကောင်းတယ်။ ဥရောပက စောက်ထုံတိုင်းပြည်တွေက ဒုက္ခသည်တွေကို လက်ခံ၊ ဒုက္ခသည်တွေက သူတို့ကို ဒုက္ခပေး၊ ဒီလိုနဲ့ အဲဒီ စောက်ထုံတိုင်းပြည်တွေမှာ အမျိုးသားရေးဝါဒီ တွေ အားကောင်း၊ နိုင်ငံခြားသားကြောက် ရောဂါတွေထ၊ အကူအညီပေးလိုစိတ်တွေ ခေါင်းပါး။ လူသားရဲ့ အလိုမကျမှုဆိုတာ ဒီလိုအလုပ်လုပ်တာမဟုတ်လား။

"ချီးယားစ် သူငယ်ချင်း"

ဗလာဒီမာ ပူတင်က လက်ဖက်ရည်ခွက်ကို မြှောက်ရင်း ပြောလိုက်တယ်။

"နှစ်သစ်မှာပျော်ပါစေ သူငယ်ချင်း သမ္မတကြီး"

ဂျီနာဒီ အိုက်ဆာကော့ဗ်က ပြန်ပြောလိုက်တယ်။

အဲဒီနောက် သူတို့ဟာ နှစ်သစ်ကူးလက်ဆောင်တွေ ဖလှယ်လိုက်ကြတယ်။ အနာဂတ်ကို မျှော်ကြည့်ရင်းပေါ့။

"နောက်ပရောဂျက်ကို ဘယ်မှာစကြမလဲ၊ အီတလီဆို ဘယ်နှယ့်လဲ"

ဂျီနာက ဗိုလိုဒယျာကို သွေးတိုးစမ်းလိုက်တယ်။

"နေပါစေ.. သူတို့ဘာသာသူတို့ အဆင်ပြေနေတာပဲလေ"

နှစ်သစ်ကြိုဆိုပွဲမှာ လက်ဖက်ရည်နဲ့ တို့စ်လုပ်ခြင်းရဲ့ အကျိုးကျေးဇူးကတော့ နောက်တစ်နေ့မနက်မှာ ဖျတ်လတ် တက်ကြွပြီး ကြည်ကြည်လင်လင် ရှိခြင်းပဲ။ ကမ္ဘာ့ခေါင်းဆောင်ခြင်းသာပြောဖို့ သီးသန့်ထားတဲ့ သမ္မတရဲ့ ဖုန်းကို မ,လိုက်တဲ့အချိန်မှာ ပူတင်ဟာ ကင်ဂျုံအန် ဘယ်လိုတုံ့ပြန်မယ်ဆိုတာကို မသိဘူး။ သိစရာလည်း မလိုဘူး။ သူခေါ်ရတဲ့

အကြောင်းရင်းက ပြုံ့ယမ်းနဲ့ ဝါရှင်တန် အရှူးချင်း အားပြိုင်နေတာကို ရပ်ဖို့ပဲ။ တော်ပြီ၊ ဒီလောက်ဆို၊ ရုရှားရဲ့ ညွှန်ကြားချက်အတိုင်း ကမ္ဘာကို လေတိုက်ပွဲဆင်နွှဲနေချိန်မှာ ဗလာဒီဗိုစတော့စ် နယ်စပ်ကနေ လျှို့ဝှက်ထောက်ပံ့ထားတဲ့ စားနပ်ရိက္ခာတွေကြောင့် လူကြီးလူလေးတို့ တိုင်းပြည်မှာ အငတ်ဘေးမဆိုက်ခဲ့တာ။ ခုတော့ တော်ပြီ။ အဆုံးသတ်မှ။

ဖုန်းနှစ်ချက်မြည်ပြီးတဲ့အခါ ကင်ဂျုံအန်ဟာ ဖုန်းကောက်ကိုင်တယ်။

“မင်္ဂလာမနက်ပါ၊ ဒါမှမဟုတ် မင်္ဂလာနေ့လယ်ခင်းပေါ့”

“မင်္ဂလာနေ့လယ်ခင်းပါ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ခင်ဗျား၊ ကျွန်တော့်အနေနဲ့ ကြည်နူးစွာ အံ့အားသင့်----- သင့်”

“တိတ် စမ်း”

ပူတင်ဟာ လူကြီးလူလေးကို ငေါက်လိုက်တယ်။

“ခုချိန်ကစပြီး ငါပြောသလို အတိအကျလုပ်၊ ပထမဆုံးအနေနဲ့ မင်းလုပ်ရမှာက ပြုံ့ချမ်း (တောင်ကိုရီးယား) မှာ ကျင်းပမယ့် ဆောင်းရာသီ အိုလံပစ် အားကစားပွဲမှာ မင်းရဲ့ ချီးထုပ်တိုင်းပြည် ပါဝင်ဆင်နွှဲပါ့မယ်လို့ ကြေညာ၊ ပြီးရင် --------။”

အမေရိကန်နဲ့ ထပ်ရန်မဖြစ်ဖို့ တည့်အောင်နေဖို့ တတ်နိုင်ရန် ဆွေးနွေးချင်ကြောင်း ပြောဖို့ရန် စကားမစရသေးခင် ကင်ဂျုံအန်က ဖြတ်ပြောတယ်။

“လေးစားရတဲ့ ဗလာဒီမာ ဗလာဒီမီရိုဗစ်ချ် ခင်ဗျား- အဲသလို ပြောလို့မဖြစ်-----”

“သိပ်ဖြစ်တာပေါ့၊ ခုချိန်ကစပြီး ဒီလိုပဲ ပြောမယ် မှတ်ထား”

※ ※ ※

(၈၆) ကင်ညာ

အလယ်မှာ အနက်၊ အနီနဲ့ အဝါ (ဂျာမနီအလံ အရောင်) ဖဲကြိုးလေးတွေ စည်းထားတဲ့ ဖရက်ဒရင်ကာ လန်ဂါရဲ့ ခြံထွက်ကညွတ် ချစ်စရာအစည်းလေးတွေဟာ ဂျာမနီနိုင်ငံအဝန်း အင်မတန် ရောင်းကောင်းနေတယ်။ ဈေးနှုန်းကလည်း ပြိုင်ဘက်တွေထက် ၂၀ ရာခိုင်နှုန်း လောက် သက်သာတာကိုး။ ပြိုင်ဘက်တွေက ဂျာမန် ကညွတ်ကို ဂျာမနီမှာ စိုက်ကြတာကိုး။ ဖရက်ဒရင်ကာ လန်ဂါရဲ့ ခြံထွက်ကညွတ်ကတော့ ခြံထွက်လို့ပဲ ပြောတာလေ၊ ဘယ်ခြံကထွက်လည်း မပြောဘူး။ ကင်ညာက ထွက်တာပေါ့၊ အင်ဒိုနီးရှားကလည်း ထွက်ရကောင်း မလား စဉ်းစားနေတုန်း၊ ဘာပဲဖြစ်ဖြစ် ဂျာမန်ကညွတ် လေကွယ်။

ဂူစတေ့ဗ် ဆဗန်ဆန်ဆိုတာ ဆွီဒင်မှာ ရောင်းခွင့် မရှိတဲ့ အမှတ်တံဆိပ်ဖြစ်သွားပြီ။ ဒါပေမဲ့ ကိစ္စမရှိဘူး။

ဂူစတေ့ဗ်ဟာ ကင်ညာ ကညွတ်စိုက်ခင်းအတွက် အရေးပါတယ်။ ကညွတ်စိုက်ခင်းမှာ အတန်းလိုက်စိုက်ဖို့ တစ်ပင်နဲ့တစ်ပင် ဘယ်လောက်ဝေး၊ တစ်တန်းနဲ့တစ်တန်း ဘယ်လောက်ခွာဆိုတဲ့ အသေးစိတ်ကိစ္စတွေကို သူက အရမ်းသိတယ်။ ပြီးတော့ ကညွတ်ပင် တစ်ပင်ချင်း စီကို သူက ဟင်နရီလို တယုတယ နှုတ်ဆက်တတ်သေးတာ။ သဘာဝ မြေသြဇာအတွက်လည်း သူ့မှာ ဖော်မြူလာကောင်း ရှိတယ်။ ကညွတ်ဖြူအတွက် ဆင်ချေးနှစ်ပုံ ကျွဲချေးတစ်ပုံ။ ကညွတ်စိမ်းအတွက် ကျွဲချေးနှစ်ပုံ ဆတ်ကျွဲချေးကတစ်ပုံ ထည့်ရမတဲ့။

ဆဗင်းက ပင်မစခန်းနားမှာ ဖွင့်ထားတဲ့ ရုံးခန်းထဲမှာ အမြဲရှိတယ်။ သူက စွန့်ဦးတီထွင်လုပ်ငန်းရှင် ဘယ်တော့မှ မဖြစ်နိုင်ပေမယ့် အတွက်အချက် နဲ့ ဘဏ္ဍာရေးတာဝန်ခံအဖြစ်တော့ အလွန်ကျော်ကြားတဲ့ စူပါစတား တစ်ယောက်ပဲ။ သူဟာ ဝင်ငွေရဲ့ ရှစ်ဆယ်ရာခိုင်နှုန်းကို သဲမြေသစ်တွေဝယ်ဖို့ ရင်းနှီးမြှုပ်နှံတယ်။ နှစ်ဆယ်ရာခိုင်နှုန်းကိုတော့ ဒီ ဆာဖာရီစခန်းကို သူ့အဖေဆီ က အတွေ့ရခဲ့ပြီး ကင်ဆာရှာမှာ ဝိုင်ရယ်၊ မိန်းမရယ်၊ ကွန်ဂို သီချင်းသစ်တွေ အတွက် ငွေအမြဲလိုနေတဲ့ ပိုင်ရှင်ဆီကနေ ဝယ်တဲ့နေရာမှာ ရင်းနှီးမြှုပ်နှံ လိုက်လယ်။

မိတ်ကိနီဟာ နေ့စဉ်နေ့တိုင်း ဖရက်ဒရင်ကာကို ကင်ညာ နှင်းဆီပွင့် သုံးပွင့် မှန်မှန်ပေးရင်း သုံးလအကြာမှာ ဖရက်ဒရင်ကာရဲ့ နှလုံးသားဟာ အရည်ပျော်လာခဲ့တယ်။ နောက်ငါးလအကြာမှာ သူ ကိုယ်ဝန်ရှိလာတယ်။ မွေးလာမယ့် ကလေးက ယောကျ်ားလေးဖြစ်ခဲ့ရင် မာဆာအီ စစ်သည်တော် ကောင်း တစ်ယောက်ဖြစ်စေရေးကို ရှေးရှုပြီး နာမည်ကို ယူဗီဗီဗီဗီဗီဗီဗီလို့ ပေးဖို့ မိတ်ကိနီက အားခဲထားတယ်။ ဖရက်ဒရင်ကာကတော့ မွေးလာတဲ့ ကလေးကို မိန်းကလေး ဖြစ်ဖို့မျှော်လင့်နေသတဲ့။

အဲဒီအဖြစ်အပျက်တွေ ဖြစ်ပျက်နေချိန်မှာ အယ်လန်ကားလ်ဆန် ကတော့ ရေအိုင်ကြီးကို လှမ်းမြင်နေရတဲ့ ပင်မစခန်း ဝရန်တာမှာ ထိုင်နေ တတ်တယ်။ ခု သူ့ရဲ့ ဝါသနာသစ်ကတော့ တွစ်တာပဲ။ တွစ်တာမှာ အကောင့် ဖွင့်ပြီးကတည်းက သူလုပ်သမျှကိစ္စတွေ တွစ်တာမှာ တွိရင်း ကျေနပ်နေတတ်တယ်။ အဲသလိုလုပ်ခြင်းအားဖြင့် တစ်ကမ္ဘာလုံးကို သူ ဘယ်မှာ ဘာလုပ်နေတယ်ဆိုတာကို ပြောပြနေမှန်း သူမသိဘူး။

ဘာပဲပြောပြော ကလေးတွေ ဘဝအတည်တကျဖြစ်ပြီး ကျေနပ်နေ တာကို မြင်ရတော့ သူဝမ်းမြောက်ပါတယ်။ ဒါပေမဲ့ သူ့ကို တစ်ခုခုက စိတ်အနှောင့်အယှက် ပေးနေတယ်။ သူ့တက်ပလက်ထဲမှာ အချိန်နဲ့အမျှ တက်လာတဲ့ သတင်း စီးဆင်းမှုပုံစံကို သူ မြင်စပြုလာတယ်။

ခြုံငုံပြီးပြောရရင် ကမ္ဘာဟာ လွန်ခဲ့တဲ့ နှစ်တစ်ရာတုန်းကထက်စာရင် ပိုကောင်းတဲ့နေရာတစ်ခု ဖြစ်လာပါတယ်။ တိုးတက်အောင်မြင်မှုက မျဉ်းဖြောင့် လို တစ်သမတ်တည်းတော့ မရှိဘူးပေါ့။ ရေစီးတစ်ခါ ရေသာတစ်လှည့် ဆိုသလို တက်လိုက်ကျလိုက်နဲ့ပေါ့ ။

အယ်လန် ပြောနိုင်တာကတော့ ခုချိန်မှာ ကမ္ဘာဟာ အကျဘက် ရောက်နေတယ်ဆိုတာပါပဲ။ လူတွေဟာ အချိန်အတိုင်းအတာ တစ်ခုအထိတစ်ယောက်နဲ့တစ်ယောက် တစ်အုပ်စုနဲ့ တစ်အုပ်စု လှည့်ပတ်ဒုက္ခပေးလို့ မပြီးမချင်း အတက်ဘက် ပြန်ရောက်ဦးမှာ မဟုတ်ဘူး။ အဲသလိုလုပ်လို့ ဝသွားပြီဆိုရင်တော့ လူတွေဟာ ပြန်စဉ်းစားလာကြလိမ့်မယ်။

အမြဲတမ်း ဒီပုံစံနဲ့ပဲ ဖြစ်လာခဲ့တာ။ ခုလည်း ဒီပုံစံပဲ ဆက်ဖြစ်ဦးမှာ လား။ မကြာသေးခင်ကပဲ သုတေသနပညာရှင်တွေရဲ့ ဖော်ထုတ်မှုအရ လူတွေရဲ့ ပျမ်းမျှအသိဉာဏ်ပညာအဆင့်အတန်းဟာ ကျဆင်းလာသတဲ့။ တက်ပလက်အမည်းနဲ့ အချိန်တွေ မတရားဖြုန်းတတ်တဲ့လူတွေဟာ တခြား လူတွေနဲ့ထိုင်ပြီး စကားစမြည်ပြောတတ်တဲ့ အစွမ်းအစ ပျောက်ဆုံးသွား တတ်တဲ့ အကြောင်းကို အယ်လန်ဟာ တက်ပလက်ထဲမှာ ဖတ်လိုက်ရတယ်။ အင်း တက်ပလက်ဟာ သူ့ပိုင်ရှင်ကို စကားပြောတာ၊ တက်ပလက်နဲ့ ပိုင်ရှင် ဟာ အပြန်အလှန် စကားလက်ဆုံကျတာမျိုး မဟုတ်ဘူးကိုး။ အကျိုးဆက် အနေနဲ့ လူတွေဟာ တစ်ချိန်လုံး အင်တာနက်ပေါ်တက်ပြီး တခြားလူတွေကို သူတို့အတွက် စဉ်းစားပေးခိုင်းတာ များလွန်းတဲ့အတွက် ကိုယ့်ဟာကိုယ် မစဉ်းစားတတ်တော့ဘဲ တုံးလာ ဖျင်းလာ ညံ့လာ ပိန်းလာကြသတဲ့။

အင်း အမှန်တရားဟာ စဉ်းစားဆင်ခြင်တုံတရားနဲ့အတူ မှိန်ဖျော့လာ ပြီဆိုတာကို အယ်လန် သတိထားမိလာတယ်။ အရင်ကတော့ ဘယ်ဟာက အမှန်တရား၊ ဘယ်ဟာက အမှန်တရားမဟုတ်ဘူး ဆိုတာကို ခွဲခြားဖို့ အလွန် လွယ်ခဲ့ဖူးတယ်။

ဥပမာ ဗေဒကာဟာ ကောင်းတယ်။ နှစ်နဲ့ နှစ်ပေါင်း ငါးမဟုတ် ဘူး

ဆိုတာမျိုးပေါ့။

ဒါပေမဲ့ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် စကားသိပ်မပြော ဖြစ်ကြတော့ကတည်းက ကိစ္စတစ်ခုကို များများနဲ့ ကျယ်ကျယ် ပြောနိုင်သူတွေ နိုင်တဲ့ခေတ်ကို ရောက်လာခဲ့တယ်။ တချို့ဆို စက္ကန့်ပိုင်းအတွင်း ထပ်ကာ ထပ်ကာ ထပ်ကာ ပြောတတ်ကြတာ။

ဒါတွေက အယ်လန့်ကို သိပ်မထိခိုက်စေပါဘူး။ သူ့ကို ထိခိုက်စေတာက ဒီဖြစ်ရပ်မှာ သူလည်း ပါနေတယ်ဆိုတာကို သိလိုက်ရလို့ပဲ။ အင်း အားလုံးဟာ ဖြစ်စရာရှိတဲ့အတိုင်း ဖြစ်နေတာပါပဲ။ ပြီးစရာရှိတဲ့အတိုင်းရော ပြီးပါ့မလား။ ဆဗင်း ဝရန်တာကို ရောက်လာတဲ့အခါ အယ်လန်ဟာ သူတစ်ချိန်လုံး ကိုင်ထားတဲ့ တက်ပလက်အမည်းကို ချထားတာကို သတိပြုမိလိုက်တယ်။ အယ်လန်ဟာ လက်ပိုက်ထိုင်ပြီး ဆဗားနားလွင်ပြင်ကို ငေးနေတယ်။ သူ့မျက်နှာပေါ်မှာတော့ ဘာခံစားချက်ကိုမှ မတွေ့ရပါဘူး။ ထူးတော့ ထူးဆန်းသား။

"အယ်လန် ဘာတွေစဉ်းစားနေတာလဲ"

ဆဗင်းရဲ့အမေးကို အယ်လန်က လှည့်မကြည့်ဘဲ ခပ်တိုးတိုး ဖြေလိုက်တယ်။

"အများကြီးပါပဲ၊ စဉ်းစားစရာက သိပ်ကိုများလွန်းတယ်လေ"

※※※

Whisper Of Words

https://t.me/TheBookR

www.mm-lib.com